www.burmeseclassic.com

လာဘ်မိုးရွာ စာပေ  မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရွှေအမြုတေ


မဂ္ဂဇင်း



ဘေးကင်းစေရာ မနုသီဟ ဆောင်ကြပါ



နေကြာပန်း ထိုးကြစို့



ဆရာကြီးမင်းသိန်း၏
(၇၉)နှစ်မြောက် မွေးနေ့နှင့်
ကော်သဂိုဏ်း (စာ-၁၈၄)

- မနုသီဟ (စာ-၈၃)
- ပန်းခင်းလမ်းယတြာ (စာ-၉၁)
- ကျန်းမာရေးအတွက် (စာ-၉၅)
- ကြည့်မှန်များ (စာ-၉၇)

Graphic; Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၈၃)

## မာတိကာ


### ရောင်ပြန် ကဗျာ

မောင်မိုးလှိုင်(သစ္စာမြေ)၊ မောင်လွမ်းရည်(ရွှေတောင်)၊ ချစ်မုန်းငြိမ်း၊ နွေသင်နိုင်၊ မင်းတည်တံ့၊ အောင်နိုင်လတ်၊ နန္ဒာမိုးကြယ်၊ အောင်ရာဇာ(ဥက္ကလာ)၊ ရန်ကုန်ဘုန်းလွင်

### ရောင်ပြန် အခန်းဆက်ရသ


တစ်နဲ့ကိုး(၆)
ရဲစိုး ---------- ၁၁၂
နေနတ်မင်း၏ သမီးတော်(၅)
မနုဿကျော်ဝင်း ---------- ၁၂၂
မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရှုပ်တော်ပုံ(၁၁)
မောင်ယဉ်မွန်(မောင်နေခြည်) ---------- ၁၄၄
ရာဇဂြိုဟ်ရဲ့ ငွေလမင်း(၅)
နန္ဒာမိုးကြယ် ---------- ၁၆၈
ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့(၅)
ကျော်မြသန်း ---------- ၂၀၆


စာ-၁၈၄







စာ-၁၆၈

စာ-၈၄




www.burmeseclassic.com

www.burmeseclassic.com

## ကူမဲမြို့မှ နှစ်သက်တမ်းရှည် ရွှေရောင်တောက်ပရစ် စေတီတော်

မြမဉ္ဇူဝေ(ကျုံမငေး)




စာ - ၁၇

## ရောင်ပြန် ရသ


[illegible]မှ ဖေဖေ
[illegible] ---------------------------------------- ၁၀၄
[illegible]နှင်းမောင်နှင့် ဧကံသဂိုဏ်း
[illegible] ---------------------------------------- ၁၈၄
[illegible] မကုန်သရွေ့
[illegible] ---------------------------------------- ၁၉၈
[illegible] အဆိပ်ပြင်း
[illegible] ---------------------------------------- ၂၂၂
[illegible]အောင်ဘနှင့် မြောက်ကျွန်းမယ်
[illegible] ---------------------------------------- ၂၃၂
[illegible]
[illegible] ---------------------------------------- ၂၃၆
[illegible]နှင့် ကိုအုံးမောင်
[illegible] ---------------------------------------- ၂၄၆



[illegible]တာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
[illegible](အောက်)၊ ပုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၀၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


## မြန်မာ့ရေးရာ


ကူမဲမြို့မှ နှစ်သက်တမ်းရှည် ရွှေရောင်တောက်ပရစ် စေတီတော်
မြမဉ္ဇူဝေ(ကျုံမငေး) ---------------------------------------- ၁၇
ဓမ္မရက္ခိတကုန်းတော်ပေါ်မှ မဟာဝိဇယစေတီတော်
မင်းတလွန်း ---------------------------------------- ၂၀
ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများနှင့်
ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ
မင်းတိုင်ပင်(မြရောင်မြေ) ---------------------------------------- ၂၈
ဘိုးကျား(ခေါ်)ဘိုးသီဟ
ကျော်စံလင်း ---------------------------------------- ၃၀
ရှင်စောပုနှင့် ဓမ္မစေတီတို့ရဲ့ ရှေးအကြောင်းကောင်းမှုကုသိုလ်
ဆရာမကြီးယောဂီနန္ဒမာလာ ---------------------------------------- ၂၅၃









www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ



သစ်တွပရိယောဒါပန်
လေးသူစံ ---------- ၃၅
နေ့မှာ ပဌာန်း ညမှာ ဓမ္မစကြာ
တင်ဝင်း(အိမ်မဲ) ---------- ၃၈
ကိုယ့်အကျိုး၊ သူ့အကျိုး နှစ်မျိုးပြည့်စုံစေရန်
တက္ကသိုလ်သဉ် ---------- ၄၁
ပရိယတ္တိဂုဏ်ကို ဆောင်ပါ
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---------- ၄၃
နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၈)
မဟာထွန်း ---------- ၄၅
ပိဋကတ်ထဲမှ ဂမ္ဘီရ(၄)
သကျဝံသ ---------- ၅၁
အင်္ဂလိပ်၏ ဗိဇပုံရိပ်
ဂုရုအောင် ---------- ၅၃
စေတနာမှန်၍ ကံကောင်းခဲ့သည့် ရွှေဆွဲကြိုးပျောက်ဆုံးမှု
ကျော်ဝင်း(အုတ်ဖို) ---------- ၅၇
စွဲပြုကျိုးနည်း
သောင်းညာဏ်(ပန်းထော်ကျွန်း) ---------- ၆၁
ပုံပြင်လက်ဆောင်
အောင်ကျော်ညို(ဆင်ချဲဆိပ်) ---------- ၆၃
အကာလိကဂုဏ်တော်အားဖြင့် ထင်ရှားတော်မူသော
မောင်မောင်မိုးအောင် ---------- ၆၅
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်၏
၂၀၁၇ ကြက်နှစ် တစ်လချင်းဟောစာတမ်း ဇူလိုင်လ
ဦးတိုး(တက္ကသိုလ) ---------- ၆၈
ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၇၁
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ---------- ၇၂
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၇၃
ဩဂုတ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၇၅
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် ---------- ၇၆
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၇၇
ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၇၈






www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇ ခုနှစ် ဩဂုတ်လ
တရုတ်နှစ် မွေးသူများအတွက် ဆောင်ရန်၊ ရှောင်ရန်နှင့်
ဘောတီအောင်သိန်း ---------------------------- ၁၀၀
လူပခေတ်မီ မြို့တော်ဆီသို့(၅)
မောင်အေးသန့် ---------------------------- ၁၂၉
မိတ်ဆွေကောင်းဆိုသည်မှာ
ခင်မောင်အေး(မန္တလေး) ---------------------------- ၁၃၃
အုံညြွှယ်ရာထွက်ရပ်လမ်းနှင့် သိဒ္ဓိပေါက်ပုံ နည်းမျိုးစုံ(၁)
ကြာမင်းအောင် ---------------------------- ၁၃၅
ဗေဒသစ္စာတည်သောခါလျှင် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏
ဗေဒဆရာကြီး ဦးအောင်သူ ---------------------------- ၁၃၉
ဇာတ်တော်ဝါစဉ် ပုတီးစိပ်နည်း
(B.A) ---------------------------- ၁၄၁
ဆေးပေးပုံ နည်းလမ်း
သင်္ဘာမြင့်(B.A, B.Ed) ---------------------------- ၁၅၅
လောက်ဆီပြန်
မင်းသိမ် ---------------------------- ၁၅၉
မင်းသိမ်ခဲ့တာပည့်
မင်းသုကို(အုန်းတော) ---------------------------- ၁၆၃
ဒီအဆောင်လေး ဆောင်ထားပါ
သစ္စာဝါဒီဆရာမြတ်စောလင်း ---------------------------- ၂၀၄
ကိုယ်ရံတော်မိန်းကလေးနှင့် ဝမ်းတွင်းပါယောက်ျားစုန်း
ကျော်သန်း(တိုင်းရင်းဆေး) ---------------------------- ၂၁၈
ပါသုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာကိုရှောင်ကြဉ်ပါ
ဆရာဝေယံဦး ---------------------------- ၂၂၈
အိမ်သာယဉ်ကျေးမှုနှင့် လူနေမှုဘဝ
မောင်ကောင်းမြင့် ---------------------------- ၂၄၃
သေနတ်ကိုရှင်တဲ့ နတ်စစ်သည်
ချစ်ဆိုင် ---------------------------- ၂၅၆
သူခိုးဓားပြ ကာကွယ်သည့်ယတြာ
ဝင်းဇော်(သုံးဆယ်) ---------------------------- ၂၇၃
နားလည်အဆင်ပြေစေမည်
ဂမ္ဘီရဆရာပွင့် ---------------------------- ၂၇၅
ကျွန်ုပ်နှင့် ပုတီးတစ်ကုံး၊ ကြေးဖလားတစ်လုံး
အံပွား(စလေ) ---------------------------- ၂၇၇




www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


အဘယ်ကြောင့် ကျွန်တော်တို့ ဘာသာရေးနယ်ပယ်၌
မနုသီဟရုပ်တုများ ပေါ်ပေါက်လာရသနည်း
မေတ္တာရှင်မောင်မဲခေါင် ---------------------------------------- ၈၁

မနုသီဟ(မနုသီဟ)
နန်းကြေ့သျှင် ---------------------------------------- ၈၃

ဘေးကင်းစေရာ မနုသီဟ ဆောင်ကြပါ
အောင်မြတ်ဦး ---------------------------------------- ၈၅

အနေကြာစေဖို့ နေကြာပန်းထိုးကြစို့
ထိပ်တင်ထွေး ---------------------------------------- ၈၇


ဖန်ဆင်းခြင်းမှတည်ရှိနေသော မနုသီဟကိုယ်နှစ်ခု
ဆရာသီဟစကြာ ---------------------------------------- ၉၀

သောကကင်းကွာ ပန်းခင်းလမ်းယကြာ
ဝသုန်ဟိန်းထက် ---------------------------------------- ၉၁

ချင်းတက်ပေါ်မှ ဖယောင်းတိုင်
ဆရာဇီဝအောင်ထွန့် ---------------------------------------- ၉၃

ကျန်းမာရေးအတွက်
ဖြိုးဟန်ကျော်(ဧကံသ) ---------------------------------------- ၉၅

ကြည့်မှန်များ
မေတ္တာရှင်မောင်မဲခေါင် ---------------------------------------- ၉၇








လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို


နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ

ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။

စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com




## ရောင်ပြန် တိုင်းရင်းဆေး


အုံဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ ၁၇၈

မျိုးသန်းထွန်းကို(ရေစကြို) ———— ၁၇၈

ဆေးဖက်မျိုးစုံ အသုံးဝင်သည့်ဆား

ကျော်ဇောဟိန်း(နံ့သာ) ———— ၂၆၅

ခေါင်းကိုက်နာ

ဝင်းဇော်(သုံးဆယ်) ———— ၂၆၈









အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

- လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ———— ၂၇၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် ———— ၂၉၄



## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———— ၂၉၆


www.burmeseclassic.com

www.burmeseclassic.com

# မနုဿီဟ



www.burmeseclassic.com

www.burmeseclassic.com

# သစ်ပင်ဆိုတာ သူရဲကောင်း

ပေါင်မိုးလှိုင် (သစ္စာငြိမ်)

● "သစ်ခုတ်သမား"နဲ့ "သစ်ပင်"
သင်ဖြစ်ချင်တာ တစ်ခုရွေး
မေးလာတယ် ဆိုပါစို့။

● သစ်ပင်မြင် အသေသတ်
ခုတ်ဖြတ်ကြသူတို့။

● လောကမြေ
ဒေါသတွေ ရှေ့တန်းပို့
"သစ်သတ်"သူတို့ မဖြစ်ချင်
သတ်ချင်ရင် ခုတ်ပိုင်းဖြတ်
စိတ်ဓာတ်မကျ။

● တကယ်ဆိုရင်
လူ့လောက အသုံးဝင်
သူ့ဂုဏ်အင် သတ္တိခဲ
ငါဖြစ်ချင် ငါ့ရင်ထဲ
သစ်ပင်ပါပဲ။ ။






www.burmeseclassic.com

www.burmeseclassic.com

# မပြည့်တဲ့ ဆုတောင်း

တောင်လွှမ်းရည်(ငွေတောင်)

● "နှင့်အသက် တစ်ခါလွှတ်
ငါ့အသက် ဆယ်ခါလွှတ်"
ငယ်ငယ်တုန်းက ပြောခဲ့တဲ့စကား
ပြန်ကြားယောင်မိတယ်။

● ခုတော့လေ
ပလူပျံနေတဲ့ ကျည်ဆန်တွေကြားမှာ
တို့အသက်တွေ
တစ်ခါလောက်တောင် လွှတ်နိုင်ပါဦးမလား
ချိုးကလေးရယ်။ ■




www.burmeseclassic.com

www.burmeseclassic.com

# မိုးဦးဆက်တင်

ချစ်မှန်းငြိမ်း

● မိုးတစ်ခါက ကျလျှင်ဖြင့်
တိုးဖောက်ကာ မြေကိုခွဲလို့
ရဲရဲကြီး ထွက်ခဲ့သည်။

● မြေပေါ်ရောက်လေတော့
ကွင်းတစ်လျှောက် မြက်ပင်ရိုင်းတွေက
လှိုင်းခတ်လျောင်ရှိ။

● ရာသီပေါ် သူ့အသက်က
သုံးရက်ထက် ပိုမရှည်
ဦးလည်ကာ သူ မမော့။

● ရုက်အားတွေ တလွင်လွင်နဲ့
အလှဆင် မာန်မဝင့်သာဘ
ဟန်မတင့် ရတက်ပွားတယ်
မြက်ကြားမှုပေါ့။ ။






www.burmeseclassic.com

www.burmeseclassic.com

# ညနေတစ်ခုရဲ့ ဗဟိုချက်မ

ငွေသင်နိုင်

- ညနေခင်းသည်
  အလင်းတွေ တပ်ရုပ်
  နေ့ဇာတ်ရုပ် လက်စသတ်
  ညကို လက်ယပ်ခေါ်…။
- လောကကြီးသည်
  ညီးညီးထိန်ထိန် အလင်းတုတွေနဲ့
  အထုအထည် အမှောင်ပိုက်ပွေ့
  နေ့သစ်မွေးဖွားရေးကို ပြင်ဆင်…။
- ငါသည်
  ရာသီမသိပေမဲ့ ပန်းနဲ့လည်း မညှိတတ်
  မြေမညီပေမဲ့ ရေနဲ့လည်း မညှိတတ်
  ကာလဓာတ်ခံတွေ အငွေ့ပျံ
  တုံးရာကနေ ချွန်မလာ
  လှုပုံယွဲ့ယွဲ့လေးနဲ့ပဲ လှုမည်
  ညထဲနေခဲ ကြာကြာပြီ
  နေ့ထဲ နေခဲ့ကာလရှည်…။
- အတွေ့က
  ညနေတစ်ခုရဲ့ ဗဟိုချက်မဆီ…။






www.burmeseclassic.com

www.burmeseclassic.com

# ဂါစ်မြစ်

နန္ဒာစိုးကြွယ်

- အရွက်,အကိုင်း
  ဘယ်လိုပင် ပိုင်းဖြတ်,ပိုင်းဖြတ်။

- အပွင့်,အဖူး
  ဘယ်လိုပင် ခူးခြွေ,ခူးခြွေ။

- စနစ်ဟန်မကျ
  အမြစ်မလှန်သမျှ
  အမြစ်ချန်က
  ပြန်လည်ရှင်သန်နေဦးမည်။ ။



www.burmeseclassic.com

www.burmeseclassic.com

## မထူးကြတ်

ငအောင်ဖုဏ(ဥတ္တမ)

- ရှေ့မတိုးချင်
  နောက်ဆုတ်ချင်လည်း
  နောက်တွင်ဆူးချုံ
  တောင်လိုပုံ၍
  တိုးရုံရှိတော့ပြီတကား။ ။




www.burmeseclassic.com

www.burmeseclassic.com

# ကူမဲမြို့မှ နှစ်သက်တမ်းရှည် ရွှေရောင်တောက်ပရစ် စေတီတော်


မြမဥ္ဇူဝေ (ကျုံမငေး)

ခရီးစဉ်အရ မန္တလေးသို့ဖြစ်သော်လည်း မိတ်ဆွေတစ်ဦး၏ အလုပ်ကိစ္စနှင့် ကူမဲမြို့သို့ တစ်ညအိပ်ဝင်ခဲ့ရပါသည်။ မိတ်ဆွေက အလုပ်ကိစ္စနှင့် သွားလာနေရ၍ အချိန်အားနေတာကြောင့် ဒေသခံတစ်ဦး၏ လမ်းညွှန်မှုဖြင့် ဘုရားတစ်ဆူသို့ သွားဖြစ်ခဲ့ပါသည်။

နံနက်ဦး နေခြည်နုနုအချိန်တွင် ကူမဲမြို့လယ်က ထောက်ပရစ်စေတီသို့ ရောက်ခဲ့ပါသည်။ မြို့ခံလူများက တောက်ပရစ်စေတီဟု ခေါ်ကြသော်လည်း ရင်ပြင်တော်မုခ်ဦးတွင် "ရွှေရောင်တောက်ပရစ်စေတီ" ဟု ကမ္ပည်းစာတင်ထားသည်ကို တွေ့ရသောကြောင့် အမှတ်တရ ဓာတ်ပုံအဖြစ် စာရေးသူနှင့် ကမ္ပည်းမုခ်ဦးအတူ [illegible] ဓာတ်ပုံရိုက်ခဲ့ပါသည်။

မိုးလုံလေလုံ ကျယ်ပြန့်သော သာသနဗိမာန်တော်ကြီးထဲတွင် ရုပ်ပွားဆင်းတုများနှင့် သာသနိက ရုပ်လုံးရုပ်ကြွများကို စနစ်တကျ [illegible]ထားသည်မို့ ဘုရားဖူးများအတွက် သဒ္ဓါ[illegible]ရာမြင်ကွင်းဖြစ်နေပါသည်။ ပို၍ထူးခြား[illegible] ရွှေရောင်တောက်ပရစ်စေတီတော် [illegible] ထိုဗိမာန်တော်ကြီးအတွင်း၌ တည်ရှိ[illegible]ခြင်းပင် ဖြစ်ပါသည်။

စေတီတည်ရှိရာဖြစ်၍ ကန့်ကာငှက်တိုက် [illegible] သုံးအဆင့်ဆင့်ဖြင့် တည်ထားသည်မှာ



ရွှေရောင်တောက်ပရစ်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်တောက်ပရစ် ရုပ်ပွားတော်မြတ်


ရှားရှားပါးပါး တည်ရှိကိန်းဝပ်နေမှုဟု ထင်မိပါသည်။ ဘွဲ့အမည်ကလည်း ဆန်းဆန်း။ တည်ရှိကိန်းဝပ်မှုကလည်း ခပ်ဆန်းဆန်းနှင့် ကူမဲမြို့ရောက် ဘုရားဖူးခရီးသွား စာရေးသူအတွက် ထူးဆန်းသော မှတ်တမ်းအဖြစ် မှတ်သားထားမိမှာ ဖြစ်ပါသည်။

အလှူခံဗျာနတွင် ဝတ္ထုငွေ လှူဒါန်းပြီး ဘုရားတည်သမိုင်းမှတ်တမ်းစာများ ရှိမရှိ မေးမြန်းမိသောအခါ လက်ကမ်းကြော်ငြာစာရွက်ကလေးတစ်ရွက်ကို ပေးလိုက်ပါသည်။ ထိုစာရွက်ကလေးတွင် ဘုရားတည်သမိုင်းလေး အကျဉ်းမျှပါရှိနေသောကြောင့် ဘုရားကြီး၏ သမိုင်းစဉ်ကို ပြန်လည်ရေးသားပူဇော်နိုင်ပြီ ဖြစ်ပါသည်။ သို့ပါ၍ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ရန် ဘုရားဝင်းအတွင်း လှည့်လည်ခဲ့ပါသည်။

သမိုင်းစဉ်တွင် သက္ကရာဇ် ၄၁၃ ခုနှစ်အခါ လွန်ခဲ့ပြီးသော နှစ်ပေါင်းတစ်ထောင်ခန့်အချိန်က ပေါက္ကံပြည့်ရှင် အနော်ရထာမင်းသည် လယ်တွင်း ကျက်သရေပြကွန်ရွှေတောင်တန်းခြေရင်းမှ ကင်းတားဆည် ကင်းတားမြေသို့ ခရီးစဉ်အဖြစ် တိုင်းခန်းလှည့်လည်တော်မူရာ ဂူမြို့ ဂူမဲဟူသော ရွာကြီးများမှ ဂူမဲ(ယခုအခါ ကူမဲ)ဟူသော ရွာကြီးအရောက်တွင် ခေတ္တယာယီ နန်းစံ၍ နားတော်မူခဲ့ပါသည်။

ညဉ့်အချိန် အရှင်မင်းမြတ် စက်တော်ခေါ်နေတော်မူစဉ် သလွန်တော်ညောင်စောင်းအောက် မြေပြင်ထဲမှ ဆူဆူညံညံအသံများ ကြားရသဖြင့် နံနက်မိုးသောက် အလင်းရောက်သောအခါ မြေပြင်ကို တူးဖော်ကြည့်လေရာ ရွှေရောင်အဆင်းရှိသော တောက်ပသည့် ပုရစ်ကြီးတစ်ကောင် ထွက်ပေါ်လာခဲ့၏။


ထိုအခါ ပညာရှိအမတ်ကြီးများကို မေးမြန်းစုံစမ်းရာ



ရွှေရောင်တောက်ပရစ်စေတီတော် ကိန်းဝပ်နေသော ဗိမာန်တော်ကြီးနှင့် မှန်စီရွှေချ ရွှေရောင်တံခွန်တိုင်

www.burmeseclassic.com

www.burmeseclassic.com



• သုမေဓာရှင်ရသေ့
ဗျာဒိတ်တော်ယူနေဟန်

အမတ်ကြီးများလည်း ဖြေကြားရန် မတတ်စွမ်းသဖြင့် ရှင်အရဟံထံ မေးမြန်းလျှောက်ထားခြင်းများ ပြုလိုက်ပါသည်။ ရှင်အရဟံမထေရ်မြတ်ကလည်း မေးမြန်းလာမှုများကို မင်းကြီးအား မိန့်ကြားသည်မှာ -

"အသင်မင်းကြီး ဘုန်းတန်ခိုးများ တောက်ပစေရန် ထိုနေရာတွင် ရွှေရောင်တောက်ပုရစ်ဘုရားဟု ဘွဲ့မည်တော်ဆက်ကပ်တော်မူပြီး ဘုရားတစ်ဆူ တည်ထားကိုးကွယ်တော်မူပါ။ နောင်အနှစ်တစ်ထောင်ခန့်အကြာ ထိုနေရာတွင် သာသနာတော် နေနှယ်၊ လနှယ် ထွန်းကားတောက်ပလာမှာ အနှံ့ ဖြစ်ကြောင်းနှင့် ထိုစေတီမြတ်သည် ရွှေစင်ရွှေပြားမွေးသားအတိနှင့် စေတီမြတ်အဖြစ် ပေါ်လာမှာဖြစ်၏"

ဟူသော ဗျာဒိတ်စကားတော်မြတ်ကို မိန့်ဆိုခဲ့ပါသည်။ မင်းကြီးနှင့် မှူးမတ်များလည်း ရှင်အရဟံမထေရ်မြတ်၏ ဗျာဒိတ်စကားအတိုင်း စေတီတစ်ဆူကို တည်တော်မူချက် "ရွှေရောင်တောက်ပုရစ်ဘုရား" ဟု ဘွဲ့မည်ကပ်လှူကာ ကိုးကွယ်ခဲ့ကြပါသည်။

သက္ကရာဇ် ၉၉၈ ခုနှစ် အင်းဝသာလွန်မင်းတရားကြီးလက်ထက်တွင် တောင်ဖီလာဆရာတော် အမှူးပြုလျက် သံဃာတော် ၆၇ ပါးနှင့် သာသနာပြုခဲ့ရာ ရွှေရောင်တောက်ပုရစ်စေတီကြီးကိုပါ ပြန်လည်ပြုပြင် မွမ်းမံခဲ့ပါသည်။



ရွှေရောင်တောက်ပရစ်စေတီ သာသနိကနယ်မြေမှ
နဂါးရုံဘုရား




www.burmeseclassic.com

www.burmeseclassic.com


သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ဘိုးတော်ဘုရား (ပဒုံမင်း)လက်ထက်၌ တိုင်းခန်းလှည့်လည်တော်မူစဉ် ကူမဲဆိုသော ရွာကြီး၌ ခေတ္တစခန်းချတော်မူပြီး ဘုရားကြီး၏ တန်ခိုးတော် ပိုမိုတောက်ပလာစေရန် တောက်ပုရစ်မှ တစ်ချောင်းငင်ကိုဖြုတ်၍ ရွှေရောင်တောက်ပရစ်စေတီဟု ဘွဲ့တော်ကပ်လှူတော်မူခဲ့ပါသည်။

ဘိုးတော်ဘုရား လက်ထက်မှ နောင်နှစ်ပေါင်းများစွာ ကြာသောအခါ ရွှေရောင်ဟူသော စကားလုံးပျောက်၍ တောက်ပရစ်စေတီဟု ဖြစ်ခဲ့ရပြန်ပါသည်။ သို့သော် ယနေ့ ယခုအခါတွင် ရွှေရောင်တောက်ပရစ်စေတီဟုပင် ခေါ်နေကြပါသည်။

စေတီတော်မြတ်ကြီး၏ ဘုံခုနစ်ဆင့်မိုး တန်ဆောင်းဘုရားကျောင်းကြီးကို မြို့တွင်းမှ အလှူရှင်များ၏ စေတနာ



ရင်ပြင်တော်အတွင်းပိုင်းမှ တစ်ကောင်တည်းရှိသော ရွှေခြင်္သေ့



ရွှေရောင်တောက်ပရစ်ဗိမာန်ရှေ့တွင် စာရေးသူ အမှတ်တရ

အားဖြင့် ငွေကျပ် သိန်းပေါင်းနှစ်ထောင့်ငါးရာကျပ်ကို အလှူရှင်တစ်ဦးတည်း မတည်လှူဒါန်းခဲ့ပါသည်။

စေတီတော်ကြီးတွင် ထီးတော်မှ ဖိနပ်တော်သို့တိုင် ရွှေပြားများ ကပ်လှူဒါန်းထားသောကြောင့် လုံးတော်ပြည့် ရွှေစင်ရွှေပြားများဖြင့် ဝင်းလျှံနေပါသည်။

စေတီတော်ကြီး သာသနာအရှည် တည်တံ့ပါစေရန် သဒ္ဓါပွားလှူဒါန်းမှုများနှင့် ဒေသခံများမှ ပြုပြင်မွမ်းမံ စောင့်ရှောက်နေသည်ကိုလည်း တွေ့ခဲ့ရပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဤကဲ့သို့ သမိုင်းဝင်ထင်ရှားသော ဘုရားစေတီများစွာ ရှိနေမှာ မုန်သော်လည်း ရွှေရောင်တောက်ပရစ်စေတီတော်ကဲ့သို့ နှစ်သက်တမ်း ထောင်ချီ၍ ရှည်ကြာသော ဘုရားစေတီမှာမူ ရှားပါးနေမည်ဟု ထင်မိပါသည်။

စာရေးသူအနေဖြင့်လည်း ခရီးလမ်းကြုံ၍ ဆုံခဲ့သော တန်ခိုးကြီးဘုရားကို ဖူးမြော်ခဲ့ရသည်ကို များစွာ ဂုဏ်ယူနေမိပါသည်။ ကူမဲမြို့နှင့် ရွှေရောင်တောက်ပရစ်စေတီတော်သည် အတူမကွာ ယှဉ်တွဲကာ သာသနာတည်သမျှ မက တည်ရှိနေနိုင်မည်ဟုလည်း ယုံကြည်မိပါသည်။

**မြမဥ္ဇူဝေ(ကျုံမငေး)**



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မရက္ခိတကုန်းတော်ပေါ်မှ

# မဟာဝိဇယစေတီတော်

## မင်းတလွန်း

ရွှေတိဂုံစေတီတော်ကြီးကို အပတ်စဉ် ဖူးမြော်ပူဇော်နေတိုင်း တက်ရောက်ကြည်ညိုရန် တောင်ဘက်မုဒ်မှ ဓာတ်လှေကားဖြင့် တက်ရောက်တိုင်း ပြန်ဆင်းတိုင်း ဓာတ်လှေကားအတွင်းမှ မဟာဝိဇယစေတီတော်ကြီးအား လက်အုပ်ချီ ကြည်ညိုမိပါသည်။ ဆရာသမားမှလည်း မဟာဝိဇယစေတီတော်ဘက်လှည့်ပြီး တစ်ထောင်ကျပ်တန်လေးမှာ ဘောပင်နှင့်ရေးပြီး ဓာတ်လှေကားအတွက် အလှူခံပုံးမှာ လှူနေကျဖြစ်သည်။ ဆယ်စုနှစ်တစ်စုကျော်ပေမယ့်လည်း ဘာရေးသည်ကို ယနေ့အထိ မမေးမိပါ။ ကျွန်တော်လည်း မဟာဝိဇယစေတီသို့ မရောက်ပါ။

တစ်နေ့ မိတ်ဆွေတစ်ဦးနှင့် စပ်မိစပ်ရာပြောမိရာ မဟာဝိဇယစေတီတော်သို့ သွားရောက်ပြီး ဖူးမျှော်လေ့လာပါဟု ပြောသဖြင့် မဟာဝိဇယစေတီတော်သို့ သွားရောက်ဖူးမျှော်မိသည်။

မုဒ်လေးမုဒ်ရှိပြီး မုခ်လေးမုဒ်စလုံးအဝင်တွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက၊ ကုဝေရ(ဝေဿဝဏ်) ရုပ်တုများ တွေ့ရသည်။ စတုမဟာရာဇ်နတ်ပြည်၏ နတ်မင်းကြီးလေးပါး၊ နတ်မင်းကြီးလေးပါးပင်ဖြစ်သည်။ အရှေ့မုခ်တွင် ဓတရဋ္ဌနတ်မင်းကြီး၊ တောင်ဘက်မုဒ်တွင် ဝိရူဠှကနတ်မင်းကြီး၊ အနောက်ဘက်မုခ်တွင် ဝိရူပကနတ်မင်းကြီး၊ မြောက်ဘက်မုခ်တွင် ကုဝေရ(ဝေဿဝဏ်)နတ်မင်းကြီးကို တွေ့ရသည်။

မြန်မာရာဇဝင်တွင် တစ်ပါးတည်းဖြစ်သော ဘုရင်မကြီး ရှင်စောပုသည် ရွှေတိဂုံစေတီတော်ကြီးကို အလွန်မြတ်နိုးသည့်အတွက် ဤဓမ္မရက္ခိတကုန်းမြေမှ ရွှေတိဂုံစေတီကြီးကို အာရုံပြုအဓိဋ္ဌာန်ဝင် သီတင်းသီလဆောက်တည်မှုပြုသည်။ ဘုရင်မကြီးရှင်စောပု သီတင်းသီလဆောက်တည်၊ ဥပုသ်သီတင်းသုံးသည့် နေရာလည်းဖြစ်သောကြောင့် ဤကုန်းမြေသည် တရားရှာဖွေရာကုန်းမြေ၊ အဓိဋ္ဌာန်ဝင်သူတိုင်း ကုန်းမြေ၊ အောင်မြေဟူ၍လည်း ထင်ရှားသည်။

မြန်မာနိုင်ငံ၏ သာသနာဝင်သမိုင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှု၊ ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီး ထမြောက်အောင်မြင်မှု အထိမ်းအမှတ်အဖြစ် မဟာဝိဇယစေတီတော်ကြီးကို တည်ထားကိုးကွယ်သည်။ ဉာဏ်တော်အမြင့်မှာ ၁၆၉ ပေမြင့်ပါသည်။ ဤနေရာသည် သံဃာအပေါင်းတို့၏ ကြီးမြတ်သော အောင်မြင်မှုနေရာဖြစ်သည်။


ဓမ္မရက္ခိတဆိုသည်မှာ လူတို့သည် တရားကိုစောင့်ရန်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ တရားက လူကိုစောင့်သည်။ ရွှေတိဂုံတောင် သွေးဆေးကန်၏အရှေ့ဘက် ဓမ္မရက္ခိတကုန်းမြေပင်ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်ကြီး တည်ချိန်တွင် လူတို့မှုးဝေကာ သွေးယိုစီးသောရောဂါရသဖြင့် သိကြားမင်းက စေတီတော်ကြီး၏ လေးဘက်သော မုခ်အဆင်းတို့၌ ကန်လေးကန် ဖန်ဆင်း၍ နတ်ဆေးကိုခတ်သည်။ လူတို့ ကန်လေးကန်မှ ရေတို့ကို သောက်ရှူ၊ ချိုး၊ ခပ်ကြသဖြင့် ရောဂါအပေါင်း ပျောက်ကင်းကြသည်။ ကန်လေးကန်မှရေသည် သွေးယိုစီးမှုကို ပျောက်ကင်းစေသဖြင့် သွေးဆေးကန်ဟုခေါ်သည်။ အရှေ့ဘက်၊ တောင်ဘက်မုခ်နှင့် မြောက်ဘက်မုခ်တို့တွင် သွေးဆေးကန်များကိုတွေ့မြင်ရသော်လည်း အနောက်ဘက်မုခ် သွေးဆေးကန်သည် မြေပို့သွားခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



မဟာဝိဇယစေတီတော် အရှေ့ဘက်မုခ်ဦး



မဟာဝိဇယစေတီတော်

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီးသည် ၂၇-၅-၁၉၈၀ တွင် အောင်မြင်စွာ ကျင်းပခဲ့ခြင်းနှင့် ဂိုဏ်းပေါင်းစုံသံဃာတော်များ ညီညွတ်မှုအထိမ်းအမှတ်အဖြစ် ရဟန်းရှင်လူအများ ကြည်ညိုကိုးကွယ်ပူဇော်နိုင်ရန် နီပေါလ်ဘုရင်၏ ဓမ္မလက်ဆောင်ပဏ္ဏာတော်များဖြစ်သည့်

(၁) နဂစီဝရပဋ္ဋပဋိမာရုပ်ပွားတော်

(၂) ပဋ္ဌာတုဝါဟနတီဘက်စေတီတော်

(၃) ဓာတ်တော်ကြုတ်များကို ဓမ္မရက္ခိတကုန်းတော်ပေါ်ရှိ မဟာဝိဇယစေတီတော်တွင် ထည့်သွင်းပူဇော်ခဲ့သည်။ စေတီတော်ကြီး၏ ပုံတော်မှာ မွန်၊ မြန်မာယဉ်ကျေးမှု နှစ်ရပ်ကိုပေါင်းစပ်၍ ခေတ်သစ်ဗိသုကာပညာဖြင့် မွမ်းမံထားပါသည်။ အောင်ခြင်းရှစ်ပါး အထိမ်းအမှတ်အဖြစ် မုခ်ဦးရှစ်ခု ထားရှိ၍ အတွင်းလိုဏ်နှစ်ထပ် ပါရှိသည်။ အလယ်ဗဟိုလှိုဏ်ကြီးသည် အာရုံခံ(ဂန္ဓကုဋီ)တိုက် ဖြစ်သည်။ ဂန္ဓကုဋီ၏ အလယ်ဗဟိုတွင် ၄၅ တန် စကျင်ကျောက်ဖြင့် ထုလုပ်သည့် အပရာဇိတပလ္လင်တော်မှာ ရှစ်မြှောင့်ပုံ ရှစ်မျက်နှာရှိသည်။ တစ်မျက်နှာစီတွင် မုဒြာတစ်မျိုးစီကို ဖော်ဆောင်သည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ထုလုပ်ပူဇော်ထားသည်။

ယင်းအပရာဇိတပလ္လင်တော်၏ အထက်ပိုင်းတွင် ဓာတ်တော်ကြုတ်ပုံ ပြုလုပ်ထားသည်။ ဓာတ်တော်ကြု[illegible] လေးမျက်နှာတွင် မုဒ်ဝလေးခု ထွင်းထုထားသည်။ အပရာဇိ[illegible] ပလ္လင်ဘေးပတ်ပတ်လည်တွင် အရုပ်ရှစ်မျက်နှာအလို[illegible] စကျင်ကျောက်ဖြူတစ်တုံးတည်း တွဲထုထားသော ပလ္လင်[illegible] ခန်းကို အောက်ပါအတိုင်း ထားရှိပါသည်။

(၁) တနင်္ဂနွေထောင့် - ကဿဖမြတ်စွာဘု[illegible] ဒေါင်းခံသော မယူရာသနပလ္လင်၊ ဒါနမ[illegible]



www.burmeseclassic.com

www.burmeseclassic.com

(အလှူပေးဟန်၊ ကောင်းချီးပေးဟန်၊ ဆုပေးဟန်)
(၂) တနင်္လာထောင့် - ဂေါတမမြတ်စွာဘုရား
(၃) အင်္ဂါထောင့် - ဒီပင်္ကရာမြတ်စွာဘုရား
ခြသေ့်ခံသော သီဟာသနပလ္လင်၊ ဓရဒမုဒြာ (လိုအပ်သောဆုရကြပါစေဟု ဆုပေးနေဟန်)
(၄) ဗုဒ္ဓဟူးထောင့် - ဝိပဿီမြတ်စွာဘုရား
ဆင်ခံသောဂဇာသနပလ္လင်၊ မဟာဂရုဏာမုဒြာ (မဟာဂရုဏာရှင်ဖြစ်ကြောင်း ပြသောဟန်)
(၅) စနေထောင့် - သိခီမြတ်စွာဘုရား
ဟင်္သာခံသောဟင်္သာသနပလ္လင်၊ အဘယမုဒြာ (၃၁ ဘုံသားတို့အား လွတ်မြောက်လမ်းရှိ၍ မကြောက်ကြနှင့်ဟု ညွှန်ပြဟန်)
(၆) ကြာသပတေးထောင့် - ဝေဿဘူမြတ်စွာဘုရား
ကြာခံသောပဒုမာသနပလ္လင်၊ ဓမ္မစက္ကမုဒြာ (တရားဦးကို ဟောကြားနေသည့်ဟန်)
(၇) ရာဟုထောင့် - ကကုသန္ဓမြတ်စွာဘုရား
ဝိတုန်းခံသော ဘမရာသနပလ္လင်၊ သမာဟိတမုဒြာ (စိတ်တည်ငြိမ်၍ သမာဓိရနေဟန်)
(၈) သောကြာထောင့် - ကောဏာဂမနမြတ်စွာဘုရား
ခရသင်းခံသော သင်္ခါသနပလ္လင်၊ ပါဠိဟာရိယမုဒြာ (ကျွတ်ထိုက်သောသတ္တဝါများကို တန်ခိုးဖန်ဆင်း၍ တရားဟောချုတ်တော်မူပုံ)

## ပွင့်တော်မူရာသစ်ပင်များ

(၁) ဒီပင်္ကရာမြတ်စွာဘုရား တည်မို့ပွင့်တော်မူရာ ကပိဌာနရုက္ခညောင်ကြတ်ပင် (အင်္ဂါထောင့်)
(၂) ဝိပဿီမြတ်စွာဘုရား တည်မို့ပွင့်တော်မူရာ ပါဋလိရုက္ခသခွတ်ပင် (ဗုဒ္ဓဟူးထောင့်)
(၃) သိခီမြတ်စွာဘုရားတည်မို့ပွင့်ရာ ပုဏ္ဍရီကရုက္ခ သရက်ဖြူပင် (စနေထောင့်)
(၄) ဝေဿဘူမြတ်စွာဘုရားတည်မို့ပွင့်ရာ သာလရုက္ခအင်ကြင်းပင် (ကြာသပတေးထောင့်)
(၅) ကကုသန္ဓမြတ်စွာဘုရားတည်မို့ရာ သိရိသရုက္ခ ကုက္ကိုပင် (ရာဟုထောင့်)
(၆) ကောဏာဂမနမြတ်စွာဘုရား တည်မို့ပွင့်တော်မူရာ ဥဒုမ္ဗရရုက္ခရေသဖန်းပင် (သောကြာထောင့်)
(၇) ကဿပမြတ်စွာဘုရားတည်မို့ပွင့်ရာ နိဂြောဓရုက္ခပညောင်ပင် (တနင်္ဂနွေထောင့်)
(၈) ဂေါတမမြတ်စွာဘုရားတည်မို့ပွင့်ရာ အဿတ္ထရုက္ခညောင်ဗုဒ္ဓေပင် (တနင်္လာထောင့်)

## နာဂစိဝရပဋ္ဌပဋိမာ ရုပ်ပွားဆင်းတုတော်

ဆင်းတုတော်မှာ ဓာတ်သားငါးမျိုး (ရွှေ ငွေ ကြေး သံ၊ သလွဲ)တို့ဖြင့် သွန်းပြုထားသော ပဉ္စလောဟာ ဆင်းတုတော်ဖြစ်ပြီး ရွှေဆင်းတုတော်ဟု ထင်မှတ်ရအောင် ရွှေရောင်ခြည်တော်တို့မှာ တောက်ပြောင်တင့်တယ်တော်မူသဖြင့် သပ္ပာယ်တော်မူလှပါသည်။ လက်ရာမှာ နီပေါလ်နိုင်ငံကတ္တမန္ဒူမြို့တော် နရဒေဝီတိုလေဗုလုခါဒေဝါလဒေသမှာ အနုပညာရှင်ကြီး မိုးထိကာဂျ်သျှကျာ၏ အနုပညာလက်ရာမှန်ဖြစ်သည်။ ဆင်းတုတော်မှာ မုဥ္စလိန္ဒနဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်မြတ်ကြီးအား အသွယ်သွယ်ရစ်ပတ်ကာ မိမိတို့၏ ခန္ဓာကိုယ်များကို ရွှေသင်္ကန်းအဖြစ် ကပ်လှူပူဇော်ထားကြပါသည်။ နဂါးကိုးကောင်တို့က သင်္ကန်းအဖြစ် ကပ်လှူပူဇော်ထားသည်ကို အကြောင်းပြု၍ နာဂစိဝရပဋ္ဌပဋိမာရုပ်ပွား ဆင်းတုတော်ဟူ၍ ပညတ်မှည့်ခေါ် ဘွဲ့တော်သရပေသည်။ ဆင်းတုတော်၏ပုံတော်သည် မဟာပထဝီမြေကြီးကို သက်သေညွှန်းသည့် ဘူမိဖဿမုဒြာဘုရားပုံ သဏ္ဌာန်က သက်သေညွှန်းသည်။ ဆင်းတုတော်၏ လက်ဝဲလက်ဖဝါးသည် လှန်၍ထားလျက် လက်ယာလက်တော်သည် ဒူးပေါ်မှ မြေကြီးသို့ ညွှန်ပြချထားသည်မှာ ဝသုန္ဓရေမြေကြီးကို သက်သေညွှန်းဟန်ဖြစ်သည်။ မြန်မာဗုဒ္ဓဆင်းတုတော်တို့ရှိ လက်ငါးချောင်းနှင့်မတူဘဲ ပကတိအတိုင်း တိုရှည်နိမ့်မြင့်ဖြစ်ပြီး နားရွက်တော်မှာလည်း ပကတိအတိုင်း တွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဥဏှာလုံတော်မြတ်သည် တစ်မူထူးခြားစွာဖြင့် "ရ" ကောက်သဏ္ဍာန် ဖူးတွေ့ရသည်။

ဆင်းတုတော်မြတ် သီတင်းသုံးတော်မူရာ အပရာဇိတ ပလ္လင်တော်အရှေ့ဘက်မျက်နှာစာတွင် ကြာမှောက်ကြာလန် နှစ်ထပ်ခံသော ဝိသွပဒ္မါသနပလ္လင်တော်မျိုးဖြစ်၍ နောက်ကျောဘက်တွင် မူမန္ဒာရဝနတ်ပန်းများဖြင့် တန်ဆာဆင်အပ်သော ပိတုန်းရုပ်ခံ ဘမရာသနပလ္လင်တော်မျိုးဖြစ်သည်။ ဤပုံတော်မျိုးသည် လူပြည်တွင်သာမက နတ်ပြည်၊ နဂါးပြည်တို့၌ မြတ်စွာသီတင်းသုံးတော်မူပာန်ကို ပြဆိုလေ့ဖြစ်ရကား ထူးခြားအံ့ဖွယ်ရာ ပလ္လင်မြတ်ပင်ဖြစ်သည်။

## ဥုံမဏိပဒ္မေဟုံမန္တန်

ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီး၏ ပလ္လင်တော်ဓမ္မခဏ်တွင် "ဥုံ ဣတိပိ ပဋ္ဌကတ္တယံ အနိစ္စ ဒုက္ခံ"စသော ဂါထာများ ရေးထိုးထားသကဲ့သို့ နာဂစိဝရပဋ္ဌပဋိမာဆင်းတုတော်၏ ပလ္လင်နောက်ကျော၏ ထိပ်ဘက်တွင်လည်း "ဥုံ မဏိပဒ္မေဟုံ"ဟူသော မန္တန်တစ်ခုကို ဖောင်းကြွရေးထိုးထားပါသည်။ ရေးထိုးထားသည့် အက္ခရာသည် ခုနစ်ရာစုခေတ်သုံး ရှဋ္ဌအက္ခရာ ဖြစ်ပါသည်။

ထိုမန္တန်သည် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာ ပေးစွမ်းနိုင်သော သတ္တိရှိသောကြောင့် တိဗက်၊ နီပေါလ်နိုင်ငံ အနှံ့အပြားတို့တွင် အိမ်၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်၊ တံခွန်၊ အလံစသည်တို့တွင် အမွန်အမြတ်ရေးထိုးထားသည်ကို တွေ့ရပါသည်။

## မန္တန်အဓိပ္ပာယ်ဖွင့်ဆိုချက် သုံးမျိုး

ဥုံ-သည် အဥ-မဟူသော အသံသုံးခုကို ပေါင်းစပ်ထားသော အက္ခရာဖြစ်သည်။ ယင်းအနက်သည် (နတ် သိကြားဗြဟ္မာတို့ လာကြပါကုန်လော့)ဟု ဖိတ်ခေါ်ခြင်း အနက်ကိုဆောင်သည်ဟု မဟာယာနဗုဒ္ဓဘာသာက ဖွင့်ဆိုသည်။ ဟိန္ဒူဗြဟ္မဏတို့၏ အယူဝါဒတွင် နိဂ္ဂုဏဗြဟ္မာ၏ ဗိသုဏသျှိဝ ဗြဟ္မာဟူသော တိဂုဏ၏သင်္ကေတဟု ဖွင့်ဆိုကြသည်။

နိဂ္ဂုဏ - ဂုဏ်မဲ့သော၊ ဗြဟ္မာ - ဗြဟ္မာသဘောတရား

အ - သည် ဗိဿဏု အမည်

ဥ - သည် သျှိဝ၏ အမည်

မ - သည် ဗြဟ္မာ၏ အမည်

ဥုံ(ဥုမ်)ဟူသော အက္ခရာသည် နတ်ကောင်း၊ နတ်မြတ်၊ သိကြား၊ ဗြဟ္မာ စသော နတ်အပေါင်းတို့လာရောက်ကြပါစေသတည်းဟု ပင့်ခေါ်သော အနက်အဓိပ္ပာယ်။

မဏိဟူသော အက္ခရပုဒ်သည် ပတ္တမြားရတနာဟူ၍လည်းကောင်း၊ ပတ္တမြားအသွင် ဘုရားသခင်ဟူ၍ လည်းကောင်း။

ပဒ္မဟူသော အက္ခရာသည် ပဒုမာကြာပွင့်ထဲ၌ဟူ၍လည်းကောင်း၊ မယ်တော်၏ ဝမ်းတိုက်ထဲ၌ ဟူ၍လည်းကောင်း လောကုတ္တရာဘုံဟူ၍လည်းကောင်း။

ဟုမ်(ဟုံ)ဟူသော အက္ခရာသည် ရှိခိုးခြင်း၊ ဆုတောင်းခြင်း အနက်အဓိပ္ပာယ်။

သို့ဖြစ်ပါ၍ ပဒုမာကြာပွင့်၌ စံပယ်လျက်ရှိတော်မူသော ပတ္တမြားအသွင် ဘုရားရှင်အား ရှိခိုးပါ၏။ နတ်မြတ်၊ နတ်ကောင်း၊ သိကြား၊ ဗြဟ္မာအပေါင်းတို့ လာကြပါကုန်လော့၊ စောင့်ရှောက်မှုမကြပါကုန်လော့ဟူ၍ အနက်ဖွင့်သည်။

ဥုံ မဏိ ပဒ္မေဟုမ် ဟူသော ဂါထာမန္တန်သည် ပဒုမာကြာပန်းထဲ၌ သီတင်းသုံးလျက်ရှိသော ပဒုမာကြာပန်းကို ကိုင်ထားသော ပဒုမ ပါဏိခေါ် ဗောဓိသတ္တဘုရားလောင်းအား ရှိခိုးသောဂါထာဟု ဆိုသည်။

ပဒုမ-ပဒုမာကြာ၊ ပါဏိ-လက်၊ ထို့ကြောင့် ပဒုမပါဏိ-ပဒုမာကြာကို လက်ထဲ၌ ကိုင်ထားသော ဘုရားလောင်းဟု ဖွင့်ဆိုသည်။

## တိဗက်တို့၏ မာဏိကာဘုမ်ကျမ်း၌

ဥုမ် - နတ်အဖြစ်မှ လွတ်မြောက်ပါစေသတည်း

မ - အသူရာအဖြစ်မှ လွတ်မြောက်ပါစေသတည်း



www.burmeseclassic.com

www.burmeseclassic.com

ဏီ - လူ့ဘဝမှ လွတ်မြောက်ပါစေသတည်း
ပဒ် - တိရစ္ဆာန်ဘဝမှ လွတ်မြောက်ပါစေသတည်း
မေ - ပြိတ္တာဘဝမှ လွတ်မြောက်ပါစေသတည်း
ဟုမ် - ငရဲမှ လွတ်မြောက်ပါစေသတည်း

ဥုမ်-မ-ဏီ-ပဒ်-မေ-ဟုမ် - နတ်၊ အသုရာ၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲဟူသော ဘဝသံသရာခြောက်ပါးစလုံးမှ လွတ်မြောက်သော နိဗ္ဗာန်သို့ ရောက်ပါစေသတည်းဟု ဖွင့်ဆိုထားပါသည်။

### အက္ခရာအရောင်များ

ဥုမ် အက္ခရာကို - အဖြူရောင်
မ အက္ခရာကို - အပြာရောင်
ဏီ အက္ခရာကို - အဝါရောင်
ပဒ် အက္ခရာကို - အစိမ်းရောင်
မေ အက္ခရာကို - အနီရောင်
ဟုမ် အက္ခရာကို - အနက်ရောင်

ဆေးမင်တို့ဖြင့် ခွဲခြားရေးခြယ်ရမည်ဟုလည်း မိန့်မှာထားသည်။ ဘုရားဆင်းတုတော်များတွင်ဖြစ်စေ၊ စေတီပုထိုးများတွင်ဖြစ်စေ ဤအက္ခရာကို ရွှေရောင်ဖြင့် တစ်ပြေးညီ ရေးခြယ်ရမည်ဟု မိန့်ဆိုသည်။

ဤဆင်းတုတော်ကြီးအကြောင်းကို မြန်မာပညာရှင်တို့က အမျိုးအမည် အနက်အဓိပ္ပာယ်များနှင့်တကွ သုတေသန ပြုစုတင်ပြခဲ့ပြီးနောက် ၂၁·၅·၇၀၊ ဗုဒ္ဓဟူးနေ့တွင် အထိမ ဗမဟာရဋ္ဌဂုရုဆရာတော်ကြီးများနှင့် ဝန်ဆောင်ဆရာတော်ကြီးကိုးပါးတို့က ရန်ကုန်မြို့ ကမ္ဘာအေးဇမ္ဗူဒီပကျောင်းဆောင် ဘုရားခန်းမဋ္ဌ အနေကဇာတင် ပူဇော်ခဲ့ကြသည်။

ဤ ဥုမဏီပဒ်မေဟုမ်စာတမ်းပါရှိသော နာဂရီဝရချောင်းမှာ ရုပ်ပွားဆင်းတုတော် ကြွရောက်သီတင်းသုံးတော်မူသည့် ဒေသရပ်ရွာမြို့တကာနှင့် မဟာရဌ၊ တိုင်းနိုင်ငံဟူသမျှသည် ပြည့်ဝစည်ပင်စေလျက် ရွှေ၊ ငွေ၊ ကျောက်သံ၊ ကုန်စည်အမှုန်တို့သည် အလျှံပယ်စွာ ချမ်းသာကြ၍ လယ်ယာကိုင်းကျွန်း ခြံလုပ်ငန်းတို့ ဖြစ်ထွန်းအောင်မြင် ဘေးကင်းစေ၍ သစ်ပင်နှယ်မြက်ပေါ်ဆီတက်သဖြင့် ဆေးဘက်ဩဇာရသလည်းစုံ ကုံလုံကြွယ်ဝ၊ သူတော်ကောင်းတို့လိုလျှင် ခဏတောင်းတိုင်းရသည်ကြောင့် လောကသံသရာ နှစ်ဖြာအကျိုးဆိုက်လိုကြသည့် မြတ်နိဗ္ဗာန်ကို အမြန်မုချကေန်ပင် ရနိုင်သည်ဟူ၍ ကျမ်းဂန်ပါဌ်ရှိကြောင်း ပညာရှင်တို့ အဆိုရှိပါသည်။

### ပဉ္စဓာတုဝါဟာနဂဗ္ဘဓာတ်တော်ကြုတ်

ပဉ္စ-ငါးပါးသော၊ ဓာတု-မဟာဓာတ်ကြီးများကို၊ ဝါဟန-စီးနင်းသော၊ ဂဗ္ဘ-ဓာတ်တော်ကြုတ်စေတီတော်ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။ ဓာတ်ကြီးငါးပါးဟူသည်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဓာတ်ဟူ၍ ကပ္ပဋ္ဌိတိဓာတ်ကြီးငါးပါးတို့ပင် ဖြစ်သည်။

### ဓာတ်ကြီးငါးပါးသင်္ကေတ

ပထဝီဓာတ်ကို - လေးထောင့်အံ့စာတုံးပုံ
အာပေါဓာတ်ကို - ရေစက်ရေပေါက်သဏ္ဌာန် လုံးဝန်းသောပုံ
တေဇောဓာတ်ကို - မီးလျှံသဏ္ဌာန်သုံးထောင့်အချွန်ပုံ
ဝါယောဓာတ်ကို - အဟုန်အရှိန်ပါသော လခြမ်းသဏ္ဌာန် အထက်လုန်ထားသောပုံ
အာကာသဓာတ်ကို - ကောင်းကင်ယံတွင် မြူးကွန့်နေသော စိန်ဖူးကြာဖူးပုံ

လေးထောင့်၊ အလုံး၊ သုံးထောင့်၊ လခြမ်း၊ စိန်ဖူးသဏ္ဌာန်များကို အစဉ်အတိုင်း တစ်ခုပေါ်တစခု ဆင့်ထားခြင်းအားဖြင့် ဓာတုဂဗ္ဘစေတီတော်ပုံ ပေါ်လာသည်။

စေတီတော်၏ လေးနက်သော သဘောတရား (ဂမ္ဘီရသဘာဝ)နှင့် သင်္ကေတအဓိပ္ပာယ် ဖွင့်ဆိုချက်မှာ -

(၁) လေးထောင့်သဏ္ဌာန် အံ့စာတုံးပုံဟန်သည် ကာမလောက၏ ရုပ်တရား၊ စေတီတော်အောက်ဆုံးအခြေခံ ပထဝီဓာတ်ဖြစ်ပြီး အရောင်မှာ အဝါရောင်၊ ဂါထာမန္တန်တွင် (အံ)ဟူ၍ အက္ခရာသင်္ကေတပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂) လုံးဝန်းသဏ္ဍာန်သည် ကာမလောက၏ နာမ်တရားဖြစ်သည်။ စေတီ၏ ဒုတိယအဆင့်တွင်ရှိ၍ အာပေါဓာတ် အရောင်အားဖြင့် အဖြူရောင်အဆင်းရှိ၍ ဂါထာမန္တန်တွင် (တိ)ဟူ၍ အက္ခရာဗီဇသင်္ကေတပြုသည်။

(၃) သုံးမြှောင့်ပုံသဏ္ဍာန်သည် ရူပလောက၏ ရုပ်တရား စေတီတော်၏ တတိယဘုံအဆင့်တွင်ရှိ၍ တေဇောဓာတ် အရောင်အားဖြင့် အနီရောင်ဂါထာမန္တန်တွင် (ဂုံ)ဟူ၍ အက္ခရာသင်္ကေတပြုသည်။

(၄) ကြာခွက်သပိတ်လှန် လခြမ်းပုံသဏ္ဍာန်သည် အရူပလောက၏ နာမ်တရားဖြစ်သည်။ စေတီတော်၏ စတုတ္ထဘုံအဆင့်တွင်ရှိ၍ ဝါယောဓာတ်ဖြစ်ပါသည်။ အရောင်အားဖြင့် အပြာရောင်အဆင်းရှိ၍ ဂါထာမန္တန်တွင် (ဟံ)ဟူ၍ အက္ခရာဗီဇသင်္ကေတ ဖြစ်သည်။

(၅) မိုးကြိုးသွား၊ စိန်ဖူး၊ ကြာဖူးပုံသဏ္ဍာန်သည် လောကသုံးပါး၏ အထွတ်အထိပ်၊ အညွန့်အဖူး၊ ဗောဓိဉာဏ် (သဗ္ဗညုတ)ဉာဏ်ဖြစ်သည်။ ခန္ဓဝိမုတ္တိဖြစ်သည်။ စေတီတော်၏ ပဥ္စမဘုံအဆင့်၌ အမြင့်ဆုံးတွင်ရှိ၍ အာကာသဓာတ်ဖြစ်ပါသည်။

## ပဥ္စဓာတုဝါဟနဂဗ္ဘစေတီတော်သည်

(က) ပထဝီ၊ အာပေါ စသော ကပ္ပဋ္ဌိတိဓာတ်ကြီး ငါးပါးတို့ဖြင့်လည်းကောင်း

(ခ) လေးထောင့်၊ သုံးမြှောင့်စသော သဏ္ဍာန်ငါးမျိုးတို့ဖြင့်လည်းကောင်း

(ဂ) အဝါရောင်၊ အဖြူရောင် စသောအရောင်ငါးမျိုးတို့ဖြင့်လည်းကောင်း

(ဃ) အံ၊ တိ၊ ရုံ၊ ဟံ၊ ခံ ဟူသော အက္ခရာဗီဇသင်္ကေတ ငါးမျိုးတို့ဖြင့်လည်းကောင်း

(င) ပထမဘုံအဆင့်၊ ဒုတိယဘုံအဆင့် စသော ဘုံအဆင့် ငါးမျိုးတို့ဖြင့်လည်းကောင်း။ ငါးမျိုးငါးသွယ်တို့ဖြင့် မွမ်းမံခြယ်သထားပါသည်။

ကမ္ဘာတည်စက ကြာမျိုးငါးခိုင်ပေါ်လာသည်ကို မြင်သဖြင့် ဤကမ္ဘာ၌ ဘုရားငါးဆူ ပွင့်လိမ့်မည်။ ဤကမ္ဘာသည် ဘဒ္ဒကမ္ဘာတွင်ရစ်လိမ့်မည်ဟူသော ဗုဒ္ဓပိဋကတ်တော်လာ ပုဗ္ဗနိမိတ္တကထာနှင့် ညီညွတ်ကာ ထိုသို့ ညီညွတ်အောင် ပဋိဘာန်ဉာဏ်ပညာတို့ဖြင့် တီထွင်ထားသည့် နီပေါလ်နိုင်ငံ ပဋိမာသိပ္ပံပညာရှင်ကြီး၏ ပဋိဘာန်ဉာဏ်ပညာသည် အံ့ချီးဖွယ်ရာ ဖြစ်သည်။ ဤစေတီအား ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်သည့် အများပြည်သူ ရှင်လူမပင်းတို့သည် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြသည်ဟု သိရသည်။

## ပန္နက်တင်မင်္ဂလာအချိန်တွင်ရှိသည့် မြန်မာ့ရိုးရာတစ်ဆယ်နှစ်ရာသီ နက္ခတ်တာရာအမည်များ

(၁) ကင်းတာရာ၊ (၂) ဝိသာခါ၊ (၃) အဿတာရာ၊ (၄) ပြုဗ္ဗာဘရဂုဏ္ဏီ၊ (၅) ဗျိုင်းတာရာ၊ (၆) ကြေးမုံ၊ (၇) ဆင်တာရာ (တသုတ်တာရာ)၊ (၈) ပုဿတာရာ၊ (၉) ဖုသျှ၊ (၁၀) ဒါရု၊ (၁၁) ဘကပ်၊ (၁၂) ခါတာရာ၊ (၁၃) တာရ (ကလိတ)၊ (၁၄) ကျီးတာရာ၊ (၁၅) ကေဝင့တာရာ၊ (၁၆) စေတီတာရာ၊ (၁၇) အာဿဝနီ၊ (၁၈) သကတာရာ၊ (၁၉) သတ္တပိသျှ၊ (၂၀) ထီးတာရာ၊ (၂၁) သီရဒ္ဓဇတာရာ၊ (၂၂) ရေဝတီ၊ (၂၃) သခိဝိ၊ (၂၄) ဆူလတာရာ၊ (၂၅) အတိပါရုံတာရာ၊ (၂၆) အပဋ္ဌတာရာ၊ (၂၇) ဥတ္တရတာရာ၊ (၂၈) ဇာတကတာရာ၊ (၂၉) ဘရဏီ၊ (၃၀) ခနေသိဒ္ဓ၊ (၃၁) ဇေဋ္ဌ၊ (၃၂) သရဝဏ်၊ (၃၃) ဇာတက၊ (၃၄) ခရသင်းတာရာ၊ (၃၅) ကယတာရာ၊ (၃၆) ဗကတာရာ၊ (၃၇) မူလ၊ (၃၈) ချေရာတာရာ

## မြန်မာအနုပညာရပ်

မြန်မာ့အနုပညာရပ်သည် ဒုတ်ပြာသဒ်သည် အရေးပါသော အနုပညာတစ်ရပ်ဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားဘဝက စိုးစံနေထိုင်တော်မူခဲ့သော ရမ္မ၊ သုဘ၊ သုရမ္မဘုံသုံးဆောင်ကို အစွဲပြု၍

(၁) ဘုံကိုးဆင့်ရှိသော ပြာသဒ်ကို ရမ္မပြာသဒ်

(၂) ဘုံခုနစ်ဆင့်ရှိသော ပြာသဒ်ကို သုဘပြာသဒ်

(၃) ဘုံငါးဆင့်ရှိသော ပြာသဒ်ကို သုရမ္မပြာသဒ်



www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်သည်။

ထို့ပြင် ပန်းပဲ၊ ပန်းပု၊ ပန်းချီ၊ ပန်းတမော့၊ ပန်းထိမ်၊ ပန်းတဉ်း၊ စဉ့်အနုပညာ၊ ပန်းရွဲပညာရပ်၊ ပန်းယန်း၊ ပန်းပွတ်၊ ရွှေချည်ထိုး၊ ဖန်ချက်လုပ်ငန်း၊ ဒေါင်းရွှေလုပ်ငန်း၊ မှန်စီရွှေချ မျက်ပါးခတ်ပညာများလည်း ပါဝင်သည်။

### နှစ်စဉ်ကျင်းပမြဲ ပွဲတော်များ

(၁) ဗုဒ္ဓပူဇနိယပွဲတော်ကြီး
(၂) ဘာနုရာဇာနေမင်းပူဇော်ပွဲ
(၃) ကဆုန်ညောင်ရေသွန်းပွဲ
(၄) ဝါကျွတ်ဆွမ်းတော်ကြီးနှင့်ဆီမီးကပ်လှူပူဇော်ပွဲ
(၅) ဝါတွင်းကာလ ဝတ်ရွတ်ပူဇော်ပွဲ

### ဘာနုရာဇာနေမင်းပူဇော်ပွဲ

ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် အရှေ့အရပ်မှ ထွက်ပေါ်လာပြီး ရွှေတိဂုံစေတီတော်ကြီး၏ လုံးပတ်အား ပူဇော်ပြီးမှ နေရထားကို အနောက်ဂေါယာကျွန်းဆီသို့ ဦးတည်မောင်းနှင်သည်။ ရွှေတိဂုံစေတီတော်ကြီး လုံးပတ်အား ပူဇော်သည်။ နေမင်းကြီးသည် စေတီတော်များကို အလွယ်တကူ ဖူးမြော်နိုင်သော်လည်း လိုဏ်ဂူဘုရား၊ လိုဏ်ဂူတွင်းရှိစေတီတော်များအား တိုက်ရိုက်ဝင်ရောက်ပူဇော်ရန် အခက်အခဲရှိမည်စိုး၍ ပုဂံခေတ်မှစ၍ လိုဏ်ဂူဘုရားများအတွင်းသို့ နေရောင်ခြည်ဝင်ရောက်ပူဇော်နိုင်ရန် ရှေးမြန်မာများသည် အစီအမံများပြုလုပ်ဆောင်ရွက်ခဲ့သည်။

မဟာဝိဇယစေတီတော်သည် လိုဏ်ဘုရားဖြစ်သောကြောင့် နေမင်းကြီး၏ရောင်ခြည်တော်များ အတွင်းသို့ ဖူးမြော်နိုင်စေရန် ဆောင်ရွက်မှုကြောင့် မြန်မာနှစ်သစ်နေ့ ဖြစ်သော ဧပြီလတစ်ရက်နေ့ နံနက် ၈း၃၅ မိနစ်အချိန်တွင် နေရောင်ခြည်များသည် ပထမအကြိမ် အရှေ့ဘက်စေတီဖြူအောက်မှ ထွက်လာပြီး မဟာဝိဇယစေတီတော်၏ အပွရာဇိတပလ္လင်ထိပ်ပိုင်း အရှေ့ဘက်မုဒ်ပေါက်ငယ်တွင် သီတင်းသုံးစံပယ် နေတော်မူသော ဓမ္မပဏ္ဏာတော် နာဂစီဝရပဋ္ဋပဋိမာ ဗုဒ္ဓဆင်းတုတော်မြတ်အား နေမင်းကြီးက ဦးညွှတ်ဝပ်တွား ပူဇော်သည်။ အလားတူပင် နှစ်ဆန်းတစ်ရက် မွန်းလွဲ ၃း၂၅ မိနစ်တွင် နေမင်းကြီးသည် ဒုတိယအကြိမ် မဟာဝိဇယစေတီတော်ကြီး၏ လိုဏ်ဂူအတွင်းသို့ မိကျောင်းဗိုက်အောက် မှဝင်ရောက်ကာ အပွရာဇိတပလ္လင်တော်ထိပ်ပိုင်း အနောက်ဘက်မုဒ်ပေါက်ငယ်တွင် သီတင်းသုံး စံပယ်နေတော်မူသော မြတ်စွာဘုရားအား ဦးခိုက်ပူဇော်သည်။

ဗုဒ္ဓဆင်းတုတော်နှင့် ဌာပနာတော်များအား ဦးခိုက်ပူဇော်နေချိန်တွင် ဆုတောင်းပြုပါက ဆုတောင်းပြည့်သဖြင့် လာရောက်ကြည်ညိုကြသည်မှာလည်း ကြိတ်ကြိတ်တိုးစည်ကားသည်။ အာရုံခံတန်ဆောင်းများမှ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ပူဇော်ကြသည်။

သိင်္ဂုတ္တရကုန်းမြေ တည်ရှိစဉ်ကပင် တောင်သွေးဆေးကန်ကုန်းအဖြစ် ထင်ရှားသော တောင်ကုန်း၊ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှု၊ ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး ထမြောက်အောင်မြင်မှု အထိမ်းအမှတ်အဖြစ် မဟာဝိဇယစေတီတော်ကို တည်ထားကိုးကွယ်သည့်နေရာ၊ သံဃာတော်အပေါင်းတို့၏ ကြီးမားသော မြတ်သောအောင်မြင်မှုကို ရရှိသောနေရာ၊ ဘုရင်မကြီးရှင်စောပု သီတင်းသီလဆောက်တည်ရာ ဥပုသ်သီတင်း စောင့်သုံးရာနေရာလည်းဖြစ်သောကြောင့် တရားရှာဖွေရာ ကုန်းမြေ၊ အဓိဋ္ဌာန်ဝင်သူတို့၏ ကုန်းမြေအောင်မြေနေရာ ဖြစ်ပါသည်။

ဤဓမ္မရက္ခိတကုန်းမှ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အာရုံပြု ဖူးမြော်ရင်း မေတ္တာဘာဝနာ ပွားများနေမိပါတော့သည်။

**မင်းတလွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများနှင့် ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ

မင်းတိုင်ပင် (မြရောင်မြေ)

ကျွန်ုပ် မိုးကုတ်ဝိပဿနာ အလုပ်ပေးတရား စခန်းအား ၁၄ ကြိမ်မြောက်မှစ၍ မိဘကျေးဇူးဆပ် တရားစခန်း ၎င်းဖြစ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းမှာ လူပုဂ္ဂိုလ် အနေနှင့် မဟုတ်ဘဲ မြင့်မြတ်သော ရဟန်းဘဝဖြင့် ဝင်ရောက်အားထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်အား ကျွန်ုပ်တို့ရွာ အသောကရာမ ကျောင်းတိုက်အတွင်း၌ နှစ်စဉ်ကြွရောက် ချီးမြှင့်ခဲ့သဖြင့် ပြာသိုလပြည့်ကျော် ၆ ရက်နေ့တွင် စခန်းပွဲကျင်းပခြင်းဖြစ်၏။ ယခုအခါ ဆရာတော်နှင့် တွေ့ခွင့်၊ ဖူးမြော်ခွင့်ရခဲ့ပြီး အမှတ်တရအဖြစ် ထိုနေ့သည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်နေ့ လွတ်လပ်ရေးနေ့နှင့် နိုင်ငံတော်မှ မြန်အောင်ဆရာတော် ဦးဥတ္တရဝံသအား နိုင်ငံတော်မှ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသဖြင့် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွင် ဖော်ပြပူဇော်ခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

## မွေးရပ်ဌာနေ ဇာတိမြေ

ဆရာတော်လောင်းလျာကို ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှ အဖ ဦးဝေအောင်၊ အမိ ဒေါ်မေစံတို့မှ ၁၃၁၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ရက် တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သော သားထွေးရတနာဖြစ်ပါသည်။

## သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ရွှေဖောက်ကျောင်း ဆရာတော် ဦးပညာသာမိ မဟာထေရ်ကို ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ၁၃၃၀ပြည့်နှစ်၊ တန်ခူးလဆန်း ၁၁ ရက်နေ့တွင် သာမဏေဘောင်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ မူလသာယာကုန်း၊ မိုးကုတ်ဓမ္မရိပ်သာ၊ မဟာသပ္ပုရိသ သိမ်တော်ကြီး၌ ပဓာနနာယကဆရာတော် ဦးဝေပုလ္လမဟာထေရ်ကို ဥပဇ္ဈာယ်ပြုပြီး မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက် ဦးသိန်းမောင်၊ ဒေါ်အေးငွေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ပထမအကြိမ် ရောက်ရှိခဲ့ပါသည်။ ပုနော့ပသမ္ပဒါ သိက္ခာထပ် ရဟန်းဒါယကာ၊ ဒါယကာမများမှာ ကျောင်းကုန်းမြို့နယ်၊ ယိုးဒယားတက်ရွာ၊ ဆရာကြီး ဦးထွန်းဝေ+ဒေါ်မြကြည်မိသားစု၊ ဦးခင်ဦး+ဒေါ်တင်လှိုင်၊ သား မောင်ဇော်မိုး မိသားစု၊ ဒေါ်စိမ်းလှမိသားစု၊ ကွင်းခေါင်းရွာ ဦးအသန်းကြီး+ဒေါ်ကျင်ထွေး သားသမီးတစ်စု၊ ကျောင်းကုန်းမြို့နယ်၊ ရောင်ပစ်ကျေးရွာ ဦးစိုးမြင့်+ဒေါ်လှလှမြွေး မိသားစုနှင့် သံဒင်းအိုင်ရွာ ဦးတင်လှိုင်+ဒေါ်ထွေး မိသားစုတို့နှင့် ရဟန်းဒါယကာ ၄၃ ဦးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယအကြိမ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ပညာသင်ကြားခြင်း အခန်းကဏ္ဍ

ရွှေဖောက်ကျောင်းဆရာတော် ဦးပညာသာမိထံ၌ လောကုတ္တရာ အခြေခံကျမ်းစာများကို သင်ယူမှတ်သားပြီး ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်၊ အလုံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလာလင်္ကာရ (သာသနာ့ဓဇ သိရီပဝရ အစိုးရဓမ္မာစရိယ)၊ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဇာဂရိယ (အဂ္ဂမဟာပဏ္ဍိတ



www.burmeseclassic.com

www.burmeseclassic.com

နှင့် စာချဆရာတော်များ။ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇောတိပါလ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော်များထံ လောကုတ္တရာ အထက်တန်းကျမ်းစာများကို သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် သက်တော် ၁၄ နှစ်သားမှ သက်တော် ၃၀ အထိ ၁၆ နှစ်တိုင်တိုင် ပရိယတ္တိသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့အောင် စာသင်စာချလုပ်ငန်းများကို စွမ်းဆောင်ခဲ့သည်။ ပရိယတ္တိဂုဏ်တို့ကြောင့် အမြင့်မြတ်ဆုံးသော အောက်ပါဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ပါသည်။

**သာသနာတော်တွင် အမြင့်ဆုံး အောင်မြင်ခဲ့သည့် စာမေးပွဲနှင့် ဘွဲ့တံဆိပ်တော်များ**

၁။ ၁၃၃၄ ခုနှစ်တွင် သာသနဟိတဓရ ပထမကျော်၊ အစိုးရပထမကျော်ဘွဲ့။

၂။ ၁၃၃၆ ခုနှစ်တွင် သာသနဂုနာလင်္ကာရ ဓမ္မာစရိယဘွဲ့။

၃။ ၁၃၄၀ ပြည့်နှစ်တွင် သာသနဓဇ အစိုးရ ဓမ္မာစရိယဘွဲ့။

၄။ ၁၃၄၂ ခုနှစ်တွင် သာသနဓဇသိရီပဝရ အစိုးရ ဓမ္မာစရိယဘွဲ့။

၅။ ၁၃၄၃ ခုနှစ်တွင် ဝိနယကောသလ္လ ဝိနယပါဠိပါရဂူဘွဲ့။

၆။ ၁၃၅၆ ခုနှစ်တွင်ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ မြန်မာနိုင်ငံလုံးဆိုင်ရာ သာသနာပြုဓမ္မကထိကဘွဲ့ကိုလည်းကောင်း

ဆရာတော်သည် သက်တော် ၃၀ မှ သက်တော် ၆၂ နှစ်အထိ ၃၂ နှစ်တိုင်တိုင် ပြည်တွင်းပြည်ပ ဝိပဿနာ [illegible] ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည့် ပဋိပတ္တိဂုဏ်တို့ကြောင့် ဆရာတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက [illegible] ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ ([illegible] ၂၀၁၀နေ့)တွင် အမိန့်အမှတ် (၁/၂၀၁၀)ဖြင့် ၂၀၁၀ ပြည့်နှစ်အတွက် တစ်နိုင်ငံလုံးတွင် တစ်ပါးတည်းသော [illegible]လှူဒါန်းသော "နိုင်ငံတော်ကမ္မဋ္ဌာနစရိယဘွဲ့" [illegible]တော်ကို ရရှိခဲ့ပါသည်။

**အနာဂတ်သာသနာတော်အတွက် ဆောင်ရွက်ချက်များ**

နိုင်ငံတော်ကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဥတ္တရဝံသ(မြန်အောင်) ဆရာတော်၏ အနာဂတ် သာသနာတော်အတွက် ဆောင်ရွက်ချက်များမှာ မြတ်ဗုဒ္ဓသာသနာတော်ကြီး နှစ် ၅၀၀၀ မက အရှည်ခံ့၍ တည်တံ့အောင် သာသနာတော်တည်ခဲ့ခြင်း၏ အကြောင်းရင်းဖြစ်သော စာသင်စာချ ပရယတ္တိစာသင်တိုက် တည်ထောင်ပြီး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခြင်း၊ ထေရဝါဒ ပိဋကတ်တော်နှင့်အညီ အရိုး၊ အသား၊ အသွေးများမှ စာတ်တော်ကျအောင် တရားအလုပ်အားထုတ်ပြီး နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူခဲ့သော မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယ ကျင့်စဉ်အတိုင်း မိမိကိုယ်တိုင်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေကြသော မြန်မာပြည်အရပ်ရပ်က ဒကာ၊ ဒကာမများအား အရိယာစခန်းသို့ တက်လှမ်းနိုင်အောင်၊ ဝိပဿနာရှုရ ဝိပဿနာတရားများကို နေ့ညမပြား ဟောကြားပြသနေသည့်အပြင် မြတ်ဗုဒ္ဓ၏ သာသနာမဂ်၊ သစ္စာလေးပါး တရားတော်များကို မြန်မာပြည်တွင်မက ကမ္ဘာ့နိုင်ငံများအထိ တည်တံ့ပြန့်ပွားအောင် သာသနာပြု ဆောင်ရွက်လျက်ရှိပါသည်။

ဆရာတော်သည် ယနေ့အထိ ဧရာဝတီတိုင်း မြန်အောင်မြို့မှ မူလသာယာကုန်း ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်အောင်ဆရာတော် ဘဒ္ဒန္တဥတ္တရဝံသသည် ကျွန်ုပ်၏ အန္တေဝါသိက ဝိပဿနာ တရားပြဆရာတော်ဖြစ်၍ ကျွန်ုပ်နှင့် ရဟန္တာ၊ သိဒ္ဓိ၊မဟိဒ္ဓိ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ၏ ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများတွင် အပါအဝင်ဖြစ်သော ဆရာတော်ကြီးတစ်ပါးပင်ဖြစ်ပါသည်။

*သာသနာတော်မြတ် ဝိဇ္ဇာစာတ် ထွန်းလင်းကမ္ဘာ တည်ပါစေ . . .။*

**မင်းတိုင်ပင် (မြရောင်မြေ)**




www.burmeseclassic.com

www.burmeseclassic.com

# ဘိုးကျား (ခေါ်) ဘိုးသီဟ

ကျော်စံလင်း

**"ဟော့ဟော့ . . . ကျားကိုမယုံနဲ့၊ ဘုရားကိုယုံကြ။ လူမိုက်တစ်သောင်း ကဲ့ရဲ့ရှောင်လည်း ငါဖိုးကျား သာဓုခေါ်ရင်မုန်ပြီ။ ငါ့လိုသူတော်ကောင်းတစ်ယောက် ချီးမွမ်းဖို့ပဲလိုတယ်"**



အဘဘိုးကျား (ခေါ်) အဘဘိုးသီဟ

ဤစကားများသည် ရှုးသလိုပေါသလိုဖြင့် သင်္ကန်းဖိုသီဖတ်သီနှင့် ရွှံ့ဗွက်များပေနေသော ဖိနပ်ကိုစီးထားပြီး လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းလွယ်ကာ တစ်လမ်းဝင်၊ တစ်လမ်းထွက် သွားလာဟစ်အော်နေသော ဘုန်းကြီးတစ်ပါးထံမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ထိုကိုယ်တော်သည်ကား အရှုးဓာတ်ဆောင်နေသော အဘိုးကျားပင်ဖြစ်သည်။ မသိသူကျော်သွား၊ သိသူဖော်စားဟူသော စကားအတိုင်း သူ့အကြောင်းသိရှိသူ တပည့်များကလည်း သူ့နောက်တွင် လိုက်ပါလျက်ရှိကြသည်။ တပည့်များမှာလည်း မြန်မာ၊ တရုတ်၊ ကုလားစသည်ဖြင့် လူမျိုးစုံလှသည်။

စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့ရသော ဘိုးပေါက်ပွင့် (ရွှေတိဂုံ)သည် အဘိုးကျား၏ တပည့်ရင်းတစ်ယောက်ဖြစ်ခဲ့သည်။ အဘိုးပေါက်ပွင့်နှင့် အဘိုးကျားတို့ ဆုံတွေ့ကြပုံမှာလည်း ထူးခြားလှသည်။ ပဋ္ဌာန်းဆက်ခြင်းဖြစ်၍ မတွေ့တွေ့အောင် ဖန်တီးပေးလိုက်ခြင်းဟုပင် ယူဆမိလေသည်။

ဘိုးပေါက်ပွင့်(ရွှေတိဂုံ)၏ အမည်ရင်းမှာ ဦးမျိုးညွန့်ဖြစ်သည်။ အဘိုးပွင့်သည် တစ်နေ့တွင် ဘိုးဝါယမနေထိုင်သီတင်းသုံးလျက်ရှိသော တောင်သုံးလုံးတွင် သွားရောက်တရားထိုင်ခဲ့စဉ် ဦးဘိုးကျား(ခေါ်)ဘိုးသီဟနှင့် စတင်ဆုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ဘိုးပေါက်ပွင့်သည် ထူးဆန်းစွာ သူနှင့်ဘိုးကျား တွေ့ဆုံခဲ့သော ဇာတ်ကြောင်းကို စာရေးသူအား အောက်ပါအတိုင်း ပြောပြခဲ့သည်။

"တစ်နေ့ ကျုပ် အင်းတကော် တောင်ကိုးလုံးကို သွားတယ်။ အဲဒီမှာ ကျုပ်ရဲ့ဆရာတော် ဘိုးဝါယမရှိတယ်။ တောင်ကိုးလုံးကိုရောက်ရင် ဘိုးဝါယမ တရားအားထုတ်တဲ့ ဂူရှိတယ်။ အဲဒီမှာဘဲ ကျုပ်တရားထိုင်၊ တရားအားထုတ်လေ့ရှိတယ်။ အဲဒီနေ့ ကျုပ်လည်း ထုံးစံအတိုင်း ဘိုးဝါယမဂူထဲမှာ တရားထိုင်နေတုန်း အပြင်ဘက်က ဆူဆူညံညံအသံတွေ ကြားလိုက်ရတယ်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ သင်္ကန်းကို ဖရိုဖရဲဝတ်ထားပြီး အရှုးလိုလို ဘာလိုလို လွယ်အိတ်တစ်လုံးလွယ်ထားတဲ့ ဘုန်းကြီးတစ်ပါးကို တွေ့တယ်။ အရှုးဘုန်းကြီး၊ ဘုန်းကြီးအရှုးလို့တောင် ထင်လိုက်သေးတယ်။ သူ့နောက်မှာလည်း သူ့တပည့်ဖြစ်ဟန်တူတဲ့ လူလေးငါးခြောက်ယောက် ပါလာတယ်။ တရုတ်မနှစ်ယောက်လည်း တွေ့ရတယ်။ ကြည့်ရတာ အရပ်မြင့်မြင့် ကလန်ကလား၊ ပါးစပ်ထဲမှာ စီးကရက်ခဲထားလိုက်သေးတယ်။ နောက်က တပည့်တွေကတော့ သူ့ကို ငြိမ်သေသေပဲ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီဘိုးတော်ကြီးက သူ့ပုတီးကို လွယ်အိတ်ထဲထည့်လိုက်ပြီး ပါးစပ်ထဲက စီးကရက်ကို လက်ကြားထဲညှပ်လိုက်တယ်။ ကျုပ်ကိုကြည့်ပြီး အသံမာမာ ကျားဟိန်းသလို အသံမျိုးနဲ့ -

"ဟေ့ကောင် မင်းဘယ်သူလဲ၊ ဘယ်ကလာတာလဲ"

"ကျွန်တော့်နာမည် မျိုးညွန့်ပါ။ ရန်ကုန်က လာတာပါ"

"ဘာအလုပ်လုပ်သလဲ"

"စာရေးအလုပ် လုပ်ပါတယ်"

"ဒီမှာ ဘာလဲလာလုပ်နေတာလဲ"

"ပုတီးလာစိပ်နေတာပါ"

"ဒါ ဘယ်သူ့တရားထိုင်တဲ့ဂူလဲ သိလား"

"ဘိုးဝါယမ တရားထိုင်တဲ့ဂူပါ"

"မင်း ငါ့ကိုသိလား"

"မသိပါဘူး"



## ကြမ်းကြမ်းတမ်းတမ်း နေထိုင်ပြောဆိုသောဘိုးကျား

"ဟေ့ . . . ဘိုးကျားဆိုတာ ငါပဲကွ။ မင်းစိတ်ဝင်စားတယ်ဆိုရင် အင်းတကော်တာဆုံနားက သချိုင်းကိုလာခဲ့" ဟုပြောပြီး ထွက်သွားသည်။ ထိုအခါမှ သေသေချာချာကြည့်မိသည်။ ဘိုးကျားဆိုသူ စီးလာသောဖိနပ်မှာလည်း ရွှံ့အလိမ်းလိမ်းပေနေသော ဖိနပ်စုတ်ကြီးဖြစ်သည်။ တပည့်များက သူသွားရာနောက်သို့ ထက်ကြပ်မကွာလိုက်သွားကြလေသည်။ သူတော့ထူးတဲ့ ဘိုးတော်ပဲဟု တွေးထင်မိခဲ့သည်။

ထို့နောက် ဦးမျိုးညွန့်(ဘိုးပေါက်ပွင့်)သည် ဆရာတော်ဦးဝါယမနှင့် တွေ့ဆုံသောအခါ ထိုအကြောင်းကို ပြောပြရာ ဆရာတော်က -

"ဟုတ်တယ် မောင်မျိုးညွန့်၊ ဘိုးကျားဆိုတာ သူပဲ။ အားလုံးပြောတာကတော့ မာမာထန်ထန်ပြောတတ်တယ်။ ဘိုးကျားဆိုတဲ့နာမည်နဲ့လိုက်အောင် ကြမ်းကြမ်းတမ်းတမ်း နေထိုင်ပြောဆိုတာလား မသိပါဘူးကွယ်။ သည်းခံလိုက်ပါ ဒကာကြီး" ဟု မိန့်ဆိုလိုက်သည်။

ဦးမျိုးညွန့်စိတ်ထဲတွင်တော့ ထူးလည်းထူး၊ ရူးလည်းရူး ဒီ ဘိုးကျားဘဲဟု တွေးတောရင်း ဘိုးကျားကို ထပ်မံတွေ့ချင်စိတ်များသည် ဦးမျိုးညွန့်ရင်ထဲတွင် တားဆီး၍မရအောင် ဖြစ်ပေါ်လာလေတော့သည်။

ဦးမျိုးညွန့်(ဘိုးပေါက်ပွင့်)သည် တောင်ကိုးလုံးမှအပြန်တွင် ဆိုက်ကားစီး၍ အင်းတကော်တာဆုံသို့ သွားခဲ့သည်။ အဘဘိုးကျားနေသော နေရာကို စုံစမ်းမေးမြန်းခဲ့ရာ ဘုန်းတော်ကြီးတစ်ပါး၏ ညွှန်ပြမှုဖြင့် ရောက်ရှိခဲ့သည်။ အဘဘိုးကျားနေထိုင်သောကျောင်းမှာ တဲကျောင်းကလေးဖြစ်ပြီး လေးတိုင်စင်သာသာမျှသာ ရှိသည်။ ဓနိမိုးထားပြီး ဝါးထရံကာထားသည်။ အခင်းမှာ ကြမ်းခင်းဖြစ်သည်။ ညနေအချိန် မှောင်စပျိုးနေပြီဖြစ်သောကြောင့် အတွင်းရှိ လူများကို သဲသဲကွဲကွဲမမြင်ရ။ ထို့ကြောင့် ဦးမျိုးညွန့်သည် အပေါက်ဝတွင်ရပ်၍

"ဆရာတော်ဘိုးကျားကို တွေ့ချင်လို့ပါ" ဟု အတွင်းသို့ အော်၍ပြောလိုက်သောအခါ အဘိုးကျားသည် အပြင်ဘက်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး -

"ဩော် . . . မောင်ရင်ကိုး။ ငါ့ဆီရောက်အောင် လာသေးသကိုး။ မင်းက ဘယ်မှာနေတာလဲ"

"ကျွန်တော် ရန်ကုန်မှာ နေပါတယ်။ ဆရာတော်ကြီးထံမှာ တပည့်အဖြစ် ခံယူချင်ပါတယ်"

"မင်းမှာ မိဘတွေရှိသေးလား။ မင်းကို သူတို့က ခွင့်ပြုမှာလား။ နောက်ပြီး ငါတို့က သက်သတ်လွတ်စားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

မင်းစားနိုင်မလား။ ငါ့ကျောင်းအဝမှာလည်း စာရေးထားတာ မင်းဖတ်ခဲ့ရဲ့လား။ မဟာမြပဗ္ဗစိုရ်ဘိုးသီဟလို့ ရေးထားတာ။ ငါတို့က မြပဗ္ဗစိုရ်တရားကို လက်ကိုင်ထားတယ်။ သက်သတ်လွတ်စားကြရတယ်။ ရန်ကုန်မှာ ငါ့ဓာတ်နန်းတွေ အများကြီးရှိတယ်။ မင်းနဲ့ငါ တစ်နေ့ ပြန်ဆုံကြသေးတာပေါ့"ဟု မိန့်ကြားပြီး ဦးမျိုးညွန့်(ဘိုးပေါက်ပွင့်)အား ညောင်ရွက်ကလေးတစ်ခုကို ပေးလိုက်သည်။ ထိုညောင်ရွက်ကလေးတွင် (စ-မ)များ ရေးထားသည်ကို တွေ့ရသည်။

"မင်း ညစာကော စားပြီးရဲ့လား"

ဟု မေးပြီး အခန်းတွင်းသို့လှည့်၍ -

"ဒေါ်စိန်းရေ . . . ငါ့တပည့် ထမင်းမစားရသေးရင် ထမင်းဝိုင်းပြင်ပေးလိုက်ပါကွာ"

"ကျွန်တော် စားပြီးပါပြီခင်ဗျာ"

"ဒါဆိုလည်း ပြီးတာပဲ။ ရန်ကုန်ရောက်ရင် ရွှေတိဂုံဘုရားမှာ ပုတီးစိပ်ပါ။ ရန်ကုန် (၂၇)လမ်းက ဦးတိုးကြည်ဓာတ်နန်းကိုလာခဲ့။ အဲဒီမှာ ငါအနေများတယ်။ ဪ . . . ဒါပေမယ့် မင်းကို ပြောရဦးမယ်။ ငကျားကို မယုံနဲ့။ ဘုရားကိုယုံပါ။ လောကကြီးမှာ ဘုရားထက် မြင့်မြတ်တာ ဘယ်သူမှ မရှိဘူး။ သေသေချာချာမှတ်ထား"ဟု ပြောကြားလိုက်လေသည်။

## ကျားဘဝက လာခဲ့သလော

နောက်ပိုင်း ဦးမျိုးညွန့်သည် အဘဘိုးကျား၏ ဓာတ်နန်းများရှိရာသို့ မကြာခဏ ရောက်ရှိခဲ့သည်။ အဘိုးဖိုးကျားနှင့် လက်ပွန်းတတီးနေခဲ့ပြီး အဘသွားလေရာသို့ နောက်မှ တကောက်ကောက် လိုက်ပါနေခဲ့သည်။ သူ၏အမည်ကိုလည်း ဘိုးပေါက်ပွင့်ဟူ၍ အမည်တွင်လာစေခဲ့သည်။ အဘဘိုးကျား၏အကြောင်းကိုလည်း တစ်စထက်တစ်စ ပိုမိုသိရှိလာခဲ့သဖြင့် သူသိသမျှကို စာရေးသူအား ပြောပြခဲ့သည်ကို သူ၏ပြောပြချက်များအတိုင်း ဖော်ပြရေးသားလိုက်ရပေသည်။

အဘဘိုးကျားသည် ဘိုးကျား၊ ဘိုးသီဟ၊ ဘိုးကျော်ဟူ၍ သုံးမည်ရဘွဲ့ခံခဲ့သော ဘိုးတော်ဖြစ်သည်။ လူ့ဘဝနှင့်လည်းကောင်း၊ ရဟန်းဘဝနှင့်လည်းကောင်း ပဲခူးတိုင်း၊ သာယာကုန်းရွာအနီးရှိ နံ့သာတောင်တွင် အခြေချနေထိုင်ခဲ့ပြီး ကျင့်ကြံအားထုတ် ပေါက်ရောက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်သွားလာပြီး သတ္တဝါများကို ကရုဏာထား ကယ်တင်ပေးခြင်း၊ တန်ခိုးသိဒ္ဓိအမျိုးမျိုး ပြသခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရှိခဲ့ရလေသည်။

ဦးဘိုးကျားသည် တန့်ကြည်တောင် မြင်းခြံသားဖြစ်ပြီး ကျီပွေ့ခဆိုသောရွာတွင် အိမ်ထောင်ကျခဲ့သည်။ သားသမီး ခြောက်ယောက် ထွန်းကားခဲ့သည်ဆိုကြသည်။ ထိုစဉ်အခါက ဦးဘိုးကျားသည် စက်ချုပ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး ဘိုးပီယအတွက် ယောဂီရောင်အင်္ကျီ၊ ပုဆိုးတို့ကိုပင် ချုပ်ပေးခဲ့ရဖူးသည်ဟု ပြောဆိုကြသည်။ ထို့နောက်တွင် ဇနီး၊ သားသမီးများကိုထားခဲ့ပြီး ဝိဇ္ဇာအကျင့်နှင့်နေပြီး သာသာနပြုကာ ဝိဇ္ဇာတို့လျှောက်သောလမ်းကို ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ယခင်က ဦးဘိုးကျားသည် အစားအသောက်စားရာတွင် ဂျီသား၊ ဆတ်သား၊ သမင်သား စသည်တို့ကို ကြိုက်နှစ်သက်သည်ဟု သိရသည်။ အချို့သောသူများက ဂျီသား၊ ဆတ်သား စသည်တို့ကို အစိမ်းပင်စားခဲ့ဖူးသည်ဟု ဆိုကြသည်။ သို့သော် နောက်ပိုင်းတွင် အဘိုးကျားသည် ဝိဇ္ဇာလမ်းလိုက်သောအခါ သက်သတ်လွတ်သာ စားသုံးခဲ့သည်။

အဘိုးကျား တရားထိုင်သောဂူသည် "ကျားဂူ" ဖြစ်သည်။ ကျားဂူထဲသို့ဝင်သောအခါ ဝင်ပေါက်သည် ကျဉ်းလှသဖြင့် ကျားဝင်သကဲ့သို့ လေးဖက်ထောက်၍ဝင်ရသည်။ အဘိုးကျားသည် ထိုဂူထဲတွင် တရားကျင့်ခဲ့လေသည်။

ရုတ်တရက် အဘိုးပွင့်က စာရေးသူအား -

"ရွှေတိဂုံဘုရားမှာ ကျားတက်ခဲ့တာ မင်းတို့သိလား"

"သိတာပေါ့ အဘိုးပွင့်ရာ။ ၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်၊ တနင်္လာနေ့မနက်ပိုင်းမှာ ကျားကို တွေ့တာလေ။ ကျားက ကျားမလို့ သိရတယ်။ တချို့ကလည်း မော်ဘီနတ်ကြီး ဘုရားဖူးလာတာလို့တောင် ပြောကြတယ်။ ဒါးပိန်က ယိမ်းဆရာ ဦးမောင်ကြီးတို့ကလည်း ဇာတ်စာအုပ်တွေတောင် ရေးခဲ့သေးတယ်လေ။ ရွှေတောင်ဆရာလွမ်းရဲ့ 'ရွှေတိဂုံအမှူးကို ကျားအဖူးတက်သော' ပြဇာတ်စာအုပ်က လူကြိုက်များလို့ ရောင်းမလောက်တောင် ဖြစ်ခဲ့တယ်ဆိုပဲ"

ဟု စာရေးသူက ပြောလိုက်ရာ အဘိုးပွင့်က -

"ရွှေတိဂုံဘုရားမှာ ကျားတက်တာ ငါးရက်ကြာ၊ ဂေါ[illegible] တွေဝိုင်းလို့ သေနတ်နဲ့ပစ် . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . [illegible]



www.burmeseclassic.com

www.burmeseclassic.com

သေလို့သွားဆိုတာရော ကြားဖူးသလား"

"ဟာ…အဘိုးပွင့်ကလည်း ကျွန်တော်ကြားဖူးတာက အငြိမ့်တွေ၊ ဇာတ်တွေမှာ လူရွှင်တော်တွေက စည်းလွတ် ဝါးလွတ် ကာရံလွတ်စပ်ထားတဲ့သီချင်းမှာ 'ရွှေတိဂုံဘုရားမှာ ကျားတက်တာ ငါးရက်ကြာ၊ အို…ရွှေတိဂုံဘုရားမှာလ၊ ကျားတက်တာ ငါးရက်ကယ်ကြာ…ဂေါ်ရာတွေကဝိုင်း… သေနတ်နဲ့ပစ်… ကျားစင်းစင်းသေ…'လို့ဆိုကြတာပါ။ အဘိုးပွင့်ဆိုသလို ဒိုင်း…ဒိုင်း…ဒိုင်းတွေ မပါပါဘူး"ဟု ပြောလိုက်သဖြင့် အဘိုးပွင့်သည် ရယ်ရယ်မောမောဖြင့် -

"ဘာပဲဖြစ်ဖြစ်လေ ကျားသေသွားတယ်မဟုတ်လား။ အဲဒါလိုရင်းပဲ။ အဲဒီကျားသေပြီး လူ့ဘဝရောက်လာတယ်။ လူ့ဘဝမှာနာမည်က ဘိုးကျားလို့ခေါ်တယ်"ဟု ပြောဆိုလိုက်သည်။

အဘိုးကျားသည် ကျားဘဝမှ လူ့ဘဝသို့ ရောက်လာသူဟု ဆိုသည်ကို တပည့်ဖြစ်သူ အဘိုးပွင့်ကို ဆရာဖြစ်သူ အဘိုးကျားမှ ပြောကြားခဲ့၍လော၊ သို့မဟုတ် အဘိုးပွင့်၏ ထင်မြင်ယူဆချက်ပေလောဟု စာရေးသူ မသိရှိခဲ့ရပေ။

ဘိုးကျားသည် ကျားဘဝမှ လူဖြစ်လာ၍လားမသိ ပြောဆိုဆက်ဆံပုံမှာ မာန်တက်လျက်ရှိသည်။ သူ၏တပည့်ဖြစ်သူ ဘိုးပွင့်သည်လည်း သူ၏ဆရာ ဘိုးကျား၏ဓာတ် ကူးဆက်၍လားမသိ တစ်ခါတစ်ရံ ဓာတ်ပာပ်၍ ခက်ခက်ထန်ထန်ရှိလှသည်။ ဖိုသီဖတ်သီ ကိုးရိုးကားယားနှင့် ဟောင်းနွမ်းနေသော ထီးတစ်လက်ကို ကိုင်ထားပြီး သူ၏ ရွှေအိုရောင်သန်းနေသော မုတ်ဆိတ်များကို လက်ဖြင့်သပ်ကာ မည်သူ့ကိုမျှ ဂရုမစိုက်၊ ပတ်ဝန်းကျင်ကို အမှုမထားဘဲ ကျားဟိန်းသော အသံကဲ့သို့ ကျယ်ကျယ်လောင်လောင်ပြောတတ်သည်။ သို့သော် မျက်နှာက အမြဲပြုံးရွှင်နေပြီး စိတ်ညစ်နေသည်ကို ဘယ်သူမှမတွေ့ရ။ အမြဲပျော်ပျော်ရွှင်ရွှင်နေတတ်သော အဘိုးပွင့်ကြောင့် အားလုံးက ခင်မင်လေးစားကြလေသည်။

## ခြင်္သေ့နှင့်ကျား အတူထား ဆွေသားညီနောင် တန်ခိုးဆောင်

ဘိုးကျား(ခေါ်) ဘိုးသီဟသည် ကျားနှင့်ခြင်္သေ့ဓာတ်ကို ပေါင်းစပ်ထားသည်မှာ အံ့သြဖွယ်ကောင်းလှသည်။ ရွှေတိဂုံစေတီရှိ ကျားနှင့်ခြင်္သေ့ဘုရားတွင် အစိုဋ္ဌာန်ဝင် လေ့ရှိသည်။ ထိုနေရာသို့ အဘိုးပွင့်သည်လည်း လိုက်ပါအဓိဋ္ဌာန်ဝင်ရသည်ဟု သိရသည်။

"ကျားနှင့်ခြင်္သေ့၊ မိတ်ကောင်းဖွေ၊ ပျော်မွေ့တို့ဝိဇ္ဇာ၊ ခြင်္သေ့နှင့်ကျား၊ အတူထား၊ ဆွေသားညီနောင် တန်ခိုးဆောင်၊ အခေါင်သိဒ္ဓိ တုမရှိတဲ့…ဟေ့" ဟူ၍ အဘိုးပွင့်က ရွတ်ဆိုပြသည်။

အဘိုးကျား၏ သိဒ္ဓိ မဟိဒ္ဓိရှိပုံကလည်း ထူးခြားလွန်းလှသည်။ ဘိုးကျားကို ကိုးကွယ်သူများတွင် ငွေကြေးဓနဥစ္စာ ပေါကြွယ်ဝလှသူတွေက များလှသည်။ ထိုသူများထဲတွင် ပင်လုံဒေါ်နုယဉ်၊ ဒေါ်ကြည်ကြည် စသောသူများသည်လည်း အဘိုးကျား၏ တပည့်ရင်းများဖြစ်ကြောင်း သိရှိရသည်။ "ကျားနှင့်ခြင်္သေ့ မိတ်ကောင်းတွေ့"ဟု ဆိုသည့်အတိုင်း မိတ်ဆွေကောင်းများ၊ တပည့်ကောင်းများ ပေါများလှပေသည်။ အဘိုးကျားသည် တပည့်များအား အဆောင်အဖြစ် ကြေးပြား၊ သတ္တုပြားများပေါ်တွင် သံချွန်ဖြင့် "စမ"များရေး၍ ပေးလေ့ရှိသည်။ ၎င်းစမအင်းပြားများကို ဆောင်ထားသူများသည် ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းခဲ့ရဘူးကြောင်းများလည်း သိရှိခဲ့ရသလို စီးပွားဥစ္စာရှာဖွေရာတွင်လည်း အထူးအောင်မြင်မှု ရရှိကြကြောင်း သိရသည်။

## ထူးထူးခြားခြား အဘိုးကျား

"ဘိုးကျားမှာ ထူးခြားတဲ့စွမ်းရည်တွေ အများကြီးရှိတယ်။ သူ့မှာ မနောစွမ်းအင်လည်းရှိတယ်။ တပည့်တွေကို ခေါ်ချင်ရင် စိတ်နဲ့လှမ်းပြီး ခေါ်လိုက်တာပဲ။ သူ့တပည့်တွေကလည်း အဘိုးကျား စိတ်နဲ့ခေါ်တာကိုသိတယ်။ သိပ်မကြာဘူး ရောက်ချလာတာပဲ။ ဥပမာကွာ သူရန်ကုန်ရောက်နေတုန်းက ပဲခူး အင်းတကော်မှာရှိနေတဲ့ သူ့တပည့် မိုးကြည်ကို ခေါ်တုန်းကပေါ့။ စိတ်ထဲကနေ 'မိုးကြည်…ငါ့ဆီကိုလာခဲ့' လို့ ခေါ်လိုက်တာ ကိုမိုးကြည်လည်း သူ့စိတ်ထဲက အဘိုးကျား ခေါ်တာကိုသိပြီး ရန်ကုန်ရောက်လာတယ်။ အဲသလိုပဲ ရန်ကုန်မှာနေတဲ့ ဦးတိုးကိုလည်း 'မောင်တိုး ငါရှိနေတဲ့ နံ့သာတောင်ကိုလာခဲ့'စိတ်ထဲကပြောလိုက်ရင် ဦးတိုး နံ့သာတောင်ကို ရောက်လာတယ်။ ဆရာနဲ့တပည့် စိတ်ချင်းဆက်သွယ်ကြတယ်။ စိတ်စွမ်းအင်ကြီးတယ်လို့ ဆိုရမှာပေါ့"ဟု အဘိုးပွင့်က ဆရာဖြစ်သူ၏ စိတ်အင်အားကို ချီးမွမ်းပြောဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် စားသောက်ဆိုင်တစ်ခုတွင် စားသောက်ရင်း စကားပြောနေကြခြင်းဖြစ်သည်။ သူ၏ဆရာ ဘိုးကျား၏အကြောင်းကို ပြောပြနေသော ဘိုးပေါက်ပွင့်(ရွှေတိဂုံ)၏ ကျယ်လောင်လှ[illegible]သာအသံသည် ဆိုင်တစ်ခုလုံးကို ဖုံးလွှမ်းနေသဖြင့် စာရေးသူသည် ဘေးပတ်ဝန်းကျင်ကို အားနာလာမိသည်။

ပတ်ဝန်းကျင်တွင် စားသောက်နေကြသူများမှာ ဘိုးပေါက်ပွင့်ကို စိတ်ဝင်စားစွာ လှေ့လာကြည့်ရှုနေကြသည်။ ဘိုးပေါက်ပွင့်၏ ပြောပုံဆိုပုံများကိုလည်း သဘောက စူးစိုက်နားထောင်နေကြသည်။ အထူးသဖြင့် ဘိုးပေါက်ပွင့်၏ အသွင်အပြင်ပာန်အမူအရာနှင့် ထူးခြားလှသော ရွှေရောင်မုတ်ဆိတ်ရှည်ကြီးကို သဘောကျနေဟန်ရှိသည်။ ဆိုင်ရှင်အမျိုးသမီးကလည်း ကျွန်ုပ်တို့ခုံဝိုင်းနားသို့ ရစ်သီရစ်သီနှင့် မကြာခဏလာရောက်ပြီး လိုအပ်သည်များကို စေတနာပါပါဖြင့် ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

"ရှင်ပင်ပွင့်လင်း စေတီတည်တုန်းကပေ့ါ။ ဘိုးကျားက ရက်ကောင်းရက်မြတ် အချိန်နာရီရွေးပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားလုပ်တယ်။ အဲဒီတုန်းက ဘိုးကျားကလည်း ပန္နက်ရိုက်ပေးတယ်။ ပန္နက်ရိုက်နေတုန်း အချိန်မှာ ဘိုးကျားရဲ့ခြေအစုံဟာ မြေနဲ့မထိဘူး။ မြေအပေါ်ကို တစ်ပေနီးပါးလောက်မြောက်နေတာ[illegible]တွေ့ရတယ်။ အဲဒါကို သူ့တပည့် ဦးတိုးကြည်လည်းမြင်တယ်" ဟု ပြောဆိုလိုက်သည်။

အဘိုးကျားသည် ခြင်္သေ့ဓာတ်နှင့်ကျား ဓာတ်ကိုယူပြီး ဘိုးကျား၊ ဘိုးသီဟ စသည်ဖြင့် မှည့်ခေါ်ထားသောကြောင့် ပဲခူးမြို့ မဟာစေတီကြီး ထီးတော်တင်ရန် နတ်ကနားပွဲကို ပုဂံပုပ္ပားသာသနာပြု ဆရာတော်ဦးပရမဝဏ္ဏသိဒ္ဓိက ဦးစီး၍ ပြုလုပ်နေသည်။ ထိုနတ်ကနားပွဲသို့ ဆရာတော်ဘိုးကျား ရောက်ရှိလာပြီး ကျားမသန်းဌေး၏ ခြင်္သေ့သုံးကောင်ဆေးလိပ်နှင့် ထိုစဉ်က ငွေအကြွေစေ့များသုံးရာ ခြင်္သေ့ပုံပါသော မတ်စေ့များကို အိတ်ကြီးတစ်လုံးဖြင့် တပည့်တစ်ဦးကို ထည့်ယူလာစေပြီး အခမ်းအနားတွင် ကြဲဝေခဲ့သည်ဟု သိရသည်။ နှုတ်မှလည်း "ကျားနှင့်ခြင်္သေ့ မိတ်ကောင်းတွေ့ ပျော်မွေ့တို့ ဝိဇ္ဇာ၊ ခြင်္သေ့နှင့်ကျား အတူထား။ ဆွေသားညီနောင် တန်ခိုးဆောင်၊ အခေါင်သိဒ္ဓိ၊ တုမရှိတဲ့...ဟေ့" ဟုဆိုပြီး ဖြန့်ကြဲခဲ့ကြောင်း သိရှိရသည်။

## ဘိုးကျားတပည့် ဘိုးပေါက်ပွင့်

ထိုစားသောက်ဆိုင်တွင် စားသောက်ပြီးစီး၍ ငွေရှင်းမည်ပြုသောအခါ အဘိုးပေါက်ပွင့်က သူရှင်းမည်ဆို၍ မနည်းတောင်းပန်ခဲ့ရသေးသည်။ ဒါတောင်မှ သူ့အတွက် ကုန်ကျမည့် ခန့်မှန်းငွေကို အတင်းမရမက ထုတ်ပေးသွားခဲ့သေးသည်။ ဆိုင်ဝသို့ရောက်သောအခါ ကျွန်ုပ်တို့ဝိုင်းတွင် ရစ်သီရစ်သီလာလုပ်နေသော ဆိုင်ရှင်ဖြစ်ဟန်တူသော အမျိုးသမီးက ဘိုးပေါက်ပွင့်အနားသို့ကပ်လာပြီး ရှိသေကိုင်းရှိုင်းသောအမူအရာဖြင့် -

"အဘ...သမီးတို့ဆိုင် အရင်ကလောက် အရောင်းအဝယ်မကောင်းဘူးဖြစ်နေတယ်။ လုပ်ပေးပါဦး" ဟု ပြောဆိုခဲ့သည်။

ထိုအခါ ဘိုးပေါက်ပွင့်သည် အိုက်တင်ပင်မခံဘဲ ချက်ချင်းဆိုသလိုပင် သူ၏ဟောင်းနွမ်းနေသော လွယ်အိတ်ကြီးထဲမှ ရှုပ်ပွနေသော စာရွက်များ၊ ပစ္စည်းများကို မွှေနှောက်ရှာဖွေပြီး ရရှိလာသော ဓာတ်ပုံနှစ်ပုံကိုပေးကာ -

"သမီး ဒီပုံတော်တစ်ခုကို သမီးတို့ ပိုက်ဆံထည့်တဲ့ အံဆွဲထဲမှာထည့်ထား။ နောက်တစ်ခုကို ဆိုင်နာမည်ရေးထားတဲ့ ဆိုင်းဘုတ်မှာ ကပ်ထားလိုက်။ အဆင်ပြေလာစေရမယ်" ဟု ပြောဆိုလိုက်သည်။ ထိုအမျိုးသမီးသည်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံယူထားသည်။ ခဏချင်းမှာပင် အခြားသူများလည်း ရောက်ရှိလာကြပြီး သူတို့၏ အခက်အခဲများကို ပြောပြအကူအညီတောင်းကြသည့်အတွက် ဘိုးပေါက်ပွင့်ကလည်း အားလုံးကို အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးခဲ့၊ အဆောင်များပေးခဲ့သည်ကို တွေ့ရသည်။

ဤကဲ့သို့ စာရေးသူအား အဘိုးကျား၏အကြောင်းကို ပြောပြပေးသော ဖိုသီဖတ်သီ ကိုးရိုးကားယား နေထိုင်တတ်သော၊ ကျားအသံကဲ့သို့ ကျယ်လောင်သောအသံဖြင့် စကားပြောတတ်သော၊ ကိုယ်ကျိုးမငဲ့ဘဲ အခြားသူများကို အကူအညီပေးတတ်သော၊ အမြဲတမ်း ပျော်ရွှင်ပြုံးရယ်နေတတ်သော ဖော်ရွေမှုရှိလှသော ဘိုးပေါက်ပွင့်(ရွှေတိဂုံ)အား အထူး[illegible] ကျေးဇူးတင်ရှိခဲ့ရပါသည်။ ဘိုးပေါက်ပွင့်သည်လည်း ဆရာ[illegible]သူ ဘိုးကျားကဲ့သို့ပင် ပေါက်ရောက်အောင်မြင် ကျော်ကြား[illegible]စေဟု ဆုတောင်းမေတ္တာပို့သလိုက်ရပေသည်။

ကျော်စံထ[illegible]

www.burmeseclassic.com

# သစိတ္တပရိယောဒါပနံ

## လေးသုစိ

ဖေ့စ်ဘုတ်၊ ဖွဘုတ်၊ လူမှုကွန်ရက် စတဲ့ အမည်အမျိုးမျိုးနှင့် လူတိုင်းကို ဆွဲဆောင်နေပေါသော Fb ကို ကျွန်မသုံးပါသည်။ အသက်က ဗထက်ခြိုက်ရောက်နေပြီ ကလေးတွေကို တုပလို့ဆိုပြီး ကဲ့ရဲ့လည်း ခံယူပါမည်။

Fb သည် ကျွန်မတို့အရွယ်များအတွက် အတော်ကို အကျိုးရှိပါသည်။ နှစ်ပေါင်းကြာရှည် ဝေးကွာနေခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ပြန်လည်ဆုံတွေ့ခွင့် ရခဲ့ကြသည်။ ရင်းနှီးချစ်ခင်မှုတွေကို တိုးပွားခိုင်မာစေခဲ့သည်။ သတင်းဦး၊ သတင်းထူးများကိုလည်း သတင်းစာ ဂျာနယ်များထက် စောစွာသိရသည်။ ဝတ္ထု၊ ကဗျာများနှင့် သိမှတ်ဖွယ်ရာတို့ကို ရေးတင်ပေးကြသော ဆရာ/ဆရာမများ ကျေးဇူးကြောင့်လည်း ဗဟုသုတများ တိုးပွားကြရသည်။ ဗုဒ္ဓတရားတော်များကိုလည်း ဖတ်ရှုခွင့် ရရှိနေပါသောကြောင့် ကုသိုလ်များမြင့်မားပြီး ငြိမ်းချမ်းခဲ့ရသည်။ Fb ကို သုံးတတ်သူများအတွက် ကောင်းကျိုးတွေ အများကြီးရရှိပါသည်။ မသုံးတတ်သူများအတွက်ကတော့ အန္တရာယ်ကို ဖိတ်ခေါ်နေ၏။ ကျွန်မတို့အရွယ်နှင့် မသက်ဆိုင်တာတွေကို ကျော်လွှားပစ်လိုက်ပြီး သုံးပါသည်။

Fb မှာ ကျွန်မ စိတ်အညစ်ဆုံးက ဆဲဆိုပြစ်တင်နေကြခြင်းများပင်။ တစ်ဦးနှင့်တစ်ဦး မမြင်မတွေ့ မဆုံကြ[illegible] ပြဿနာတစ်ခုကို အကြောင်းပြုပြီး တစ်တစ်ခွခွ စကားလုံးများ မိုးမွှန်နေကြခြင်းပါ။ ဗုဒ္ဓဘာသာမှမဟုတ်၊ မည်သည့်ဘာသာမဆို တစ်ဦးနှင့်တစ်ဦး မေတ္တာထားရန်၊ [illegible] ကြင်နာတတ်ကြစေရန် တရားတွေဟောကြား[illegible]ပဲလေ။ ယခုတော့ အရှက်အကြောက်တရားတွေ [illegible]ကန်ခဲ့ပြီရော။

[illegible]ဘာသာစွန်း၊ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသား [illegible]ဏ်သိက္ခာတွေကို ဖျက်ဆီးနေကြခြင်းဟု ခံစားမိပါသည်။ ဤကဲ့သို့ ရေးလိုက်သည်ကြောင့် သူတစ်ပါးအပြစ်တွေကို ရှာကြံကြည့်နေတဲ့သူဆိုပြီး ပြောကြမည်ထင်ပါ၏။ အထူးသဖြင့် စာရေးဆရာ၊ ဒါရိုက်တာ၊ အဆိုတော်၊ အကယ်ဒမီရွှေစင်ရုပ်ဆု ခြောက်ဆုပိုင်ရှင် အလင်္ကာကျော်စွာဘွဲ့ရ ဆရာကြီးဘဘဦးသုခသာ သက်ရှိထင်ရှား ရှိနေပါသေးရင် "ဘဘက ဒီလောက်တောင် ဆုံးမခဲ့ပါရက်နှင့်၊ ဩဝါဒတွေ ပေးခဲ့ပါရက်နှင့် ခုထိ သူများအပြစ်ကို မြင်နေတတ်တုန်းလား။ အခုထိ သစိတ္တပရိယောဒါပနံ မဖြစ်သေးဘူးလားလို့ ပင့်သက်နှင့် မေတ္တာထားကာ ပြောနေမည်အမှန်။

၁၉၉၆ ခုနှစ်၊ ဇူလိုင် ဝါတွင်းကာလမှာ တရားရိပ်မြိုင် မဂ္ဂဇင်းအတွက် ဆရာဦးကြည်နိုင်၊ ဆရာမ သွယ်ပန်းဆန်တို့နှင့် အတူ ဘဘကို အင်တာဗျူး သွားခဲ့ကြပါသည်။ ထိုအချိန်က ဘဘ၏အသက် ၈၆ နှစ် ရှိခဲ့ပါသဖြင့် ယခုအချိန်မှာဆိုလျှင် ၁၀၇ နှစ် ဖြစ်ပါ၏။ Fb တွင် ဓာတ်မတည့်သည့်စာသားတွေ ဖတ်ရလေတိုင်း ဒေါသနှင့် အပြစ်တင်ကဲ့ရဲ့စိတ်တွေ တလိမ့်လိမ့်ထွက်ပေါ်လာသည့် အချိန်များမှာ ဘဘဆရာကြီးကို သတိရမြဲပါရှင်။

ဘာကြောင့်လဲဆိုတော့ အင်တာဗျူးခဲ့စဉ်က ဘဘပြောခဲ့သည့် စကားအချို့ကို ထုတ်နုတ်ဖော်ပြပေးပါမည်။ ဖတ်ပြီးလျှင် စာရှုသူများ နားလည်သွားကြပါလိမ့်မည်။ ဘဘနှင့် စကားဝိုင်းဖွဲ့ခဲ့သည်ကို တရားရိပ်မြိုင်မဂ္ဂဇင်းမှာ ခုနစ်လတိတိ ဖော်ပြပေးခဲ့ရပါသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်က ဘဘပြောခဲ့ ဆုံးမခဲ့သည့် စကားများမှာ နှစ်ပေါင်းမည်မျှကြာကြာ ခေတ်စံနှစ်နှင့် အံဝင်ခွင်ကျ တန်ဖိုးကြီးမားနေဆဲပင်။

❖ ❖ ❖

လေး ။ ထေရဝါဒစစ်စစ်လို့ ပြောတဲ့သူတွေရဲ့ အဓိကကျင့်ကြံယုံကြည်ရမယ့် တရားက ဘာပါလဲ၊ ဘဘ။

www.burmeseclassic.com

**သူ** ။ သမီးမေးခွန်းတွေက သိပ်ပြီးတော့ မြင့်လွန်းတယ်။ တစ်ထိုင်တည်းနဲ့ အင်တာဗျူးလေး ပြောဖူးတာနဲ့ What is your name? ဆိုတာမျိုးကို ပြောလို့ မရဘူး။

**လေး** ။ နားလည်လွယ်အောင် အတိုချုပ်လေးပေါ့ ဘဘရယ်။

**သူ** ။ ကဲ...သမီးကို အဲဒီမေးခွန်းမေးရင် ဘယ်လိုဖြေမလဲ။

**လေး** ။ သရဏဂုံတည်ပြီး ကံ ကံ၏အကျိုးတရားကို ယုံကြည်ရမယ်လို့ ထင်ပါတယ်ဘဘ။

**သူ** ။ ကောင်းပြီ၊ ရှေ့ဆက်သမီး ဘာမေးမယ်ကြံထားလဲ။

**လေး** ။ ဟုတ်ကဲ့ ဘဘ။ ထေရဝါဒသာသနာတော်ကို သန့်ရှင်းစွာထွန်းကားဖို့အတွက် ဘာအရေးကြီးဆုံးပါလဲ ဘဘ။

**သူ** ။ အဲဒါကလည်း ထေရဝါဒသာသနာဆိုတာ ဘာလဲ။ ဘယ်တုန်းက ပေါ်တုံး။ ဘယ်သူတွေက လုပ်ခဲ့တာတုံး။ ဗုဒ္ဓဘာသာမှာ ထေရဝါဒသာသနာဆိုတာ ဘယ်တုန်းက ပေါ်ခဲ့တာတုံး။ ထေရဝါဒသာသနာမဟုတ်တဲ့ သာသနာ ဘာတွေရှိသေးသတုံး သမီး။ အများကြီးပဲ၊ အများကြီးပဲ။ စာအုပ်တွေ ဆယ့်လေးငါးအုပ်ဖတ်ရဦးမယ်။ ဒါမှဖြစ်မယ်။ ဘဘက အပေါ်ယံရှုပ်ပြီး မဖြေချင်ဘူး။ လူတွေ စိတ်မဝင်စားလည်း မောရုံပဲ။

**လေး** ။ ဒီလိုပါ ဘဘရယ်။ အခုတလော အဲဒီကြွေးကြော်စာတန်းလေးကို တွေ့နေဖတ်နေရလို့ပါရှင်။

**သူ** ။ အဲဒါကိုက သမီးကိုယ်တိုင် သစိတ္တပရိယောဒါပန် မဖြစ်တော့ဘူး။ မဖြစ်တော့ဘူး။ သမီးကို ပြောပြနေတဲ့ ဘဘကိုယ်တိုင်ကရော သစိတ္တပရိယောဒါပန် ဖြစ်ချင်မှဖြစ်မယ်။ ဘာ့ကြောင့် မဖြစ်တာလဲဆိုတော့ မြတ်စွာဘုရားကိုယ်တိုင်က ဓမ္မပဒမှာ ပြောထားတယ်။ သူများအပြစ်ကို မရှုပါနဲ့။ မိမိအပြစ်ကိုသာ ရှုပါတဲ့။ သစိတ္တပရိယောဒါပန်-ဒါကို ပြောတာပဲ။ စိတ်ကို ရေလိုထားပါ။ အရသာမရှိပါစေနဲ့။ အရောင်အဆင်း မရှိပါစေနဲ့။ မြတ်စွာဘုရားဟာ သူများအပြစ်ကိုမရှုပါနဲ့ဆိုတဲ့ အကြောင်းအရာ ပြယုဂ်တွေကို အများကြီး ဟောပြောခဲ့တယ်။ ဓမ္မပဒမှာ အများကြီးပါတယ်။ အဲဒီထက် နားလည်အောင် ပြောလိုက်ဦးမယ်။ ဟိန္ဒူဘုန်းတော်ကြီး ရာမာခရစ္စနာကို သိတယ်နော်။

**လေး** ။ သိပါတယ်ရှင်။

**သူ** ။ တစ်နေ့တော့ ရာမခရစ္စနာက ဟိန္ဒူဘုန်းတော်ကြီးတစ်ပါးအကြောင်းကို ပြောပြခဲ့တယ်။ အဲဒီဘုန်းတော်ကြီးက သူ့ကျောင်းသင်္ခမ်းကို ဖြောင်းလာတဲ့ မိန်းမတစ်ယောက်ကို အကဲခတ်ကြည့်တော့... ယောက်ျားတွေတရှန်းရှန်းနဲ့ မြင်ရတယ်တဲ့။ အဲဒီတော့ ဘုန်းကြီးက သွားပြောတယ်။ ဟဲ့...ဒကာမ၊ ဒကာမအလုပ်တွေက မကောင်းဘူး။ အပြစ်ရှိတယ်။ ဘာလို့လုပ်လဲ မလုပ်နဲ့တဲ့။ အဲဒီအခါ ဒါယိကာမကလည်း ဟုတ်ပါတယ်ဘုရား။ တပည့်တော်မမှာ ပိုက်ဆံမရှိလို့ပါဘုရား။ စီးပွားရှာစားသောက်ဖို့ကလည်း အတတ်ပညာ မရှိလို့ပါဘုရား။ ဒါကြောင့် ဒီဟာပဲ လုပ်စားရပါတယ်ဘုရား။ မကောင်းတော့ မကောင်းဘူး။ မကောင်းမှန်းလည်း သိနေပါတယ်ဘုရားလို့ ပြန်လျှောက်တယ်။ အဲဒီတော့ ဘုန်းတော်ကြီးက နင် ပြောလို့မရဘူးလား။ ဒါဖြင့် ကောင်းပြီ။ နင့်ဆီကိုဝင်ထွက်နေတဲ့ အမျိုးသားတွေကို စောင့်ကြည့်ပြီး တစ်ယောက်ဝင်လာလိုက် ကျောက်ခဲတစ်လုံး ပုံထားလိုက် လုပ်မယ်လို့ ပြောခဲ့တယ်တဲ့။ ဒီနဲ့ တိုတိုပြောရရင် သူတို့ သေသွားကြတယ်ပေါ့ကွယ်။ နှစ်ယောက်စလုံး ကံအားလျော်စွာ တစ်နေ့တည်း သေသွားကြတယ်။ ယမမင်းထံ ရောက်သွားခဲ့တယ်ပေါ့။ ယမမင်းက ပြောတယ်။ အဲဒီ ဘုန်းကြီးကို ငရဲပြည်ခေါ်သွား။ ဟိုမိန်းမကို နတ်ပြည်ပို့လိုက်တဲ့။ ဒီစီရင်ချက်က ဘုန်းကြီးက မကျေနပ်ဘူး။ ငါတစ်သက်လုံး ဘုန်းကြီးလုပ်လာ တာကို ငရဲပို့တယ်၊ ဟိုမကောင်းတာလုပ်တဲ့ မိန်းမကျတော့ နတ်ပြည်ပို့တယ်၊ သူ ဘယ်လောက် မကောင်းတဲ့အမှုတွေ လုပ်လာတယ်ဆိုတာကို ငါကျောက်ခဲတွေပုံပြီး မှတ်ထားတယ်တဲ့။ အဲဒီတော့ ယမမင်းက ဘာပြောလဲသိလား။ ဘုန်းကြီးတဲ့...အရေးကြီးတာ စိတ်ပဲတဲ့။ အရှင်ဘုန်းကြီးက သင်္ကန်းဝတ်ထားတယ်၊ ကောင်းကောင်းနေတယ်ဆိုတာကိုလည်း သူများတွေက သိတယ်တဲ့။ ဒါပေမယ့် အရှင်ဘုန်းကြီးရဲ့စိတ်က ဟိုကောင်း မကောင်းဘူး၊ ဒီကောင်မ မကောင်းဘူးနဲ့ အပြစ်တွေကို ရှုနေခဲ့တယ်။ ဟိုမိန်းမကတော့ သူ့အပြစ်တွေကို ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

လာပြောသွားကတည်းက ငါ့အလုပ်က မကောင်းဘူး။ ငါ မကောင်းဘူး။ ငါမကောင်းတာလုပ်နေရတယ်နဲ့ ငိုနေတယ်တဲ့။ သူ့မကောင်းမှန်း သိနေတယ်တဲ့။ သူများအကြောင်း မပြောဘူးတဲ့။ အဲဒီတော့ ဘုန်းကြီးက ပြန်ပြောတယ်။ ငါ့ဘုန်းကြီးဆိုတာ လူတိုင်းသိနေတာပဲတဲ့။ ယမမင်းကလည်း ပြန်ရှင်းပြပါတယ်။ အရှင်ဘုန်းကြီးကို လူတိုင်းသိနေတာ ဟုတ်ပါတယ်။ အခု လူပြည်မှာလည်း ဘုန်းကြီးပျံပွဲကို ခြိမ့်ခြိမ့်သဲသဲ လုပ်နေကြပါတယ်။ ဟိုမိန်းမ မသာကိုတော့ သင်္ချိုင်းမှာ စွန့်ပစ်ထားကြပါတယ်တဲ့။ ခွေးတွေ၊ လင်းတတွေက ဝင်စားနေကြလို့တဲ့။ ကြည့်တဲ့သူကတော့ သူ့အပြစ်ကို သူဆင်ခြင်ပြီး တရားသိခဲ့လို့ နတ်ပြည်ရောက်သွားတယ်။ အရှင်ဘုန်းကြီးကတော့ ဘုန်းကြီးပျံပွဲတွေ လုပ်နေပေမယ့် စိတ်မထားတတ်လို့ ငရဲသွားရမှာပဲတဲ့။

လေး ။ စိတ်ပဲနော်ဘဘ။

သူ ။ သမီး သိပ်ခက်တယ်ကွယ်၊ မပြောချင်ဘူး။

လေး ။ သမီး မှားသွားပါတယ် ဘဘ။

သူ ။ မဟုတ်ဘူး။ သမီးတာဝန်က စာအုပ်တွေကို လေ့လာရမှာပဲ။ စပ်စုရမှာပဲ။ မစပ်စုလို့တော့ မရဘူး။

လေး ။ အပြစ်အနေနဲ့ စပ်စုတာ မဟုတ်ရပါဘူး ဘဘရယ်။

သူ ။ စပ်စုရမယ်။ စုဆောင်းရမယ်။ သူများအပြစ်ကိုတော့ မရေးလေနဲ့။

လေး ။ ဟုတ်ကဲ့။

သူ ။ မရေးနဲ့ဆိုတာ သမီးအတွက် ပြောတာပါ။ စုပါ၊ စုပါ မရေးနဲ့။

လေး ။ ဟုတ်ကဲ့ပါ။

သူ ။ သမီး ဘာဖြစ်လို့ တရားထိုင်သလဲ။

လေး ။ သံသရာအတွက် ကောင်းအောင်လို့ပါ။

သူ ။ အတ္တာဟိ အတ္တနောနာထော ကိုယ်ကောင်းဖို့ ကိုယ်တရားထိုင်တာနော်။ အခုနပြောသွားတဲ့ အထဲမှာ ဘဘတို့ဖြစ်ခဲ့ဖူးလို့ ပြောနေတာ။ သူများအကြောင်းကို ပြောခြင်းကြောင့် တစ်ခါတစ်ရံမှာ သိမ်ငယ်တဲ့ စိတ်က ဘယ်လောက်အထိ ဝင်လာတတ်သလဲဆိုရင် သူများအကြောင်းကို ဖော်ထုတ်ပြနိုင်တဲ့လူတစ်ဦးအဖြစ် သူများ က လေးစားစေချင်တဲ့ ဣဿဝင်ဇော၊ ဝင်ဇောဆိုတာ လိမ်နေတာကို ပြောတာနော်။ လိမ်မှန်းမသိဘဲ လိမ်နေကြတာ။ ဘဘပြောတာ သဘောပေါက်ရဲ့လား။

လေး ။ ဟုတ်ကဲ့။

သူ ။ သူများမှားနေတာကို ကိုယ်က ပြောပြလိုက်ခြင်းကြောင့် အများက ကိုယ့်အပေါ်မှာ အထင်ကြီးလာအောင် ဒီလိုစိတ်မျိုး ရှိတတ်တယ်။ သို့ပေမယ့် သူများအမှားကို မြင်စေချင်တဲ့ စေတနာရှိပါတယ်ဆိုတဲ့ စိတ်လိုလိုနဲ့ လိမ်တတ်တယ်။ ကောင်းပြီ၊ သူများအမှားကို ပြောတတ်တဲ့ ဗုဒ္ဓကိုရော ဘဘ ဘယ်လိုပြောမလဲလို့ သမီးမေးချင်နေလိမ့်မယ်။ ဗုဒ္ဓမှာက အကုန်လုံး တံတိုင်းကာပြီးသား ဖြစ်နေတယ်။ ဒီလိုပြောရမလားလို့ ခဲနဲ့ပေါက်လည်း ဗုဒ္ဓကို မထိတော့ဘူး။ ညည်းကို ခဲနဲ့ထုရင် ညည်းထိမှာပေါ့။ ညည်းစေတနာ ဘယ်လောက်ကြီးအထိ သွားနိုင်လို့လဲ။ ဟိုက ညည်းကို တစ်ခွန်းဆဲရင် ညည်းခံနေမလား။ ခန္တီရှိနိုင်သလား။ နှစ်ခွန်း ပြန်မဆဲချင်ဘူးလား။ နောက်တစ်ခု လွယ်လွယ်လေး ပြောဦးမယ်။ လမ်းပေါ်မှာ ခွေးတစ်ကောင်ကို ကားနဲ့တိုက်မိတယ်။ သနားတော့ သနားတယ်။ ပါးစပ်ကပဲ ပြောရုံလား။ တကယ်သနားမလား။ တကယ်သနားရင် ညည်းကားပေါ်ကဆင်း၊ ခွေးလေးကိုပွေ့၊ ဆေးခန်းခေါ်သွား၊ ဆေးကုပဲ၊ ဒါပဲ။

လေး ။ ဟုတ်ကဲ့ရှင့်။

သူ ။ သမီး···ဘဘ အပိုတွေကို ဘာလို့ ဒါလောက် ပြောနေရလဲ။ သမီးကို ရစေချင်လွန်းလို့ပဲ။ ရအောင်ယူ။ ကိုယ့်ကိုယ်ကိုပဲ ရအောင်ကယ်စမ်းပါ။

ခုနစ်ရက်ဆက်တိုက် ဖော်ပြပေးခဲ့သည့် ဘဘ၏ အင်တာဗျူးမှ ကောက်နုတ်ချက်ပဲ ဖြစ်ပါသည်။ Fb မှာသော်လည်းကောင်း၊ နေ့စဉ်ထိတွေ့နေရသည့် ပတ်ဝန်းကျင်မှာသော်လည်းကောင်း မထော်မနမ်း အမြင်မတော်၊ အကြားမတော်တွေကို မြင်ရ၊ ကြားရလေတိုင်း ဘဘဦးသုခ၏ ဆုံးမသြဝါဒများကို သတိရပြီး ဆင်ခြင်ထိန်းသိမ်း၍ ကြိုးစားနေထိုင်နေရပါကြောင်း။

ဘဘဆရာကြီးဦးသုခသို့ အမှတ်တရ···

**လေးသူစံ**

၀၉-၂၅၀၆၇၉၂၀၇



www.burmeseclassic.com

www.burmeseclassic.com

# နေ့မှာ ပဋ္ဌာန်း ညမှာ ဓမ္မစကြာ

## တင်ဝင်း(အိမ်မဲ)

ကျွန်ုပ်သည် ဗုဒ္ဓဘုရားဟောကြားတော်မူခဲ့သော တရားတော်များအနက်မှ အဘိဓမ္မာဒေသနာတော်တွင် အပါအဝင်ဖြစ်သော ပဋ္ဌာန်းဒေသနာတော်၏ နိဒ္ဒေသပါဠိတော်ကို နေ့ပိုင်းတွင်လည်းဇကောင်း၊ ဓမ္မစက္ကပဝတ္တသုတ်တော်ကို ညပိုင်းတွင်လည်းကောင်း နှစ်ပေါင်းများစွာ ရွတ်ဆိုပွားများ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အနန္တကျေးဇူးတော်ကို ပူဇော်ခဲ့ပါသည်။ ဓမ္မစကြာဒေသနာတော်ကို ညပိုင်း ဘုရားဝတ်တက်သည့်အခါ ကွယ်လွန်သူမိခင်ကြီးက သတိပေးသင်ကြားခဲ့သော်လည်း ပဋ္ဌာန်းဒေသနာတော်ကို နံနက်ပိုင်းရွတ်ဆိုရန်ကိုမူ မိမိဆန္ဒအရသာလျှင် ကြည်ညို စိတ်အရင်းခံ၍ ပြုလုပ်ခဲ့ပါကြောင်း ဝန်ခံရပါမည်။ ကျွန်ုပ်၏ စိတ်အတွင်းဝယ် လွှန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ဖြစ်ပေါ်လာသော စေတနာတရားကိုအခြေခံကာ ဤနိစ္စဓူဝ ဝတ်ကိုဖြည့်ဆည်းခဲ့ပါသည်။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပဋ္ဌာန်းဒေသနာတော်ကို လက်ယာရံ အရှင်သာရိပုတ္တရာမထေရ်မြတ်အား နေ့ပိုင်းတွင်လည်းကောင်း၊ ဓမ္မစကြာဒေသနာတော်ကို ပဉ္စဝဂ္ဂီငါးဦးတို့အား ညပိုင်းတွင်လည်းကောင်း ဟောတော်မူခဲ့သည်ဟု ဗုဒ္ဓစာပေများ၌ လေ့လာဖတ်ရှုရပါသည်။

လေ့လာရသမျှ တင်ပြရပါလျှင် မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ကဏ္ဍာအမည်ရှိသော ဥယျာဉ်စောင့် စိုက်ပျိုးသည့် သရက်ဖြူပင်ရင်းတွင် ဒိဋ္ဌိတို့အား ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ကြွတော်မူ၍ သတ္တမမြောက်ဝါဆိုတော်မူသည်။ တာဝတိံသာနတ်ပြည်တွင် ပင်လယ်ကာသစ်ပင်ရင်း၌ခင်းအပ်သော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက် ထိုင်နေတော်မူပြီး ရှေးကမယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးထားကာ နတ်ဗြဟ္မာအပေါင်းကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာရားတော်များ ဟောကြားတော်မူကာ သတ္တမမြောက်ဝါဆိုတော်မူခဲ့ပါသည်။

တာဝတိံသာနတ်ပြည်၌ သီတင်းသုံးစဉ် ဥပါဒိန္နက ဥတုဇရုပ်လူသားဖြစ်သော မြတ်စွာဘုရား၏ ခန္ဓာတော်ကို မျှတစွာပြုပြင်ရမည်ဖြစ်ရာ နေဝန်းတက်ချိန်၌ လူတို့နေရာ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူပြီး နတ်ပြည်တွင်မူ ကိုယ်တော်မြတ်၏ သွင်ပြင်ဟန်ပန် အသံရောရုပ်ပါတူမျှသည့် နိမ္မိတရုပ်ပွားတော်ဘုရားကို ဖန်ဆင်းတော်မူ၍ "ငါ၏ ကိုယ်စားဤမျှလောက်သော တရားကိုဟောကြားစေသတည်း"ဟု မိန့်တော်မူလျက် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထားရစ်တော်မူခဲ့သည်။ ထို့နောက် ဟိမဝန္တာတောရှိ အနောတက်အိုင်အနီး နံ့သာပင်ကြီးအရင်းဝယ် ခင်းအပ်သော မြင်းသီလာကျောက်ဖျာထက်၌ ရပ်တော်မူသည်။ ထိုအခါ နတ်နဂါးတိုပဆက်သော ကွမ်းရိုးဒန်ပူ(တံပူ)ကို ခံယူတော်မူ၍ အနောတက်အိုင်သို့ သက်ဆင်းကာ မျက်နှာ၊ ခံတွင်း သန့်ရှင်းတော်မူပြီးမှ ကျောက်ဖျာသို့ တစ်ဖန် ပြန်တော်မူခဲ့ပြီး ရပ်တော်မူကာ တိမ်နီလာအဆင်းနှင့်တူသော အလွန်နီးမြန်းသည့် သက်န်းအစုံကိုဝတ်တော်မူပြီးမှ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ ဆက်ကပ်သော ပတ္တမြားညိုဖြင့် ပြီးသည့် သပိတ်တော်ကိုဆောင်၍ ဥတ္တရကုရု (မြောက်ကျွန်း)သို့ ဆွမ်းခံကြွတော်မူပါသည်။ ကျွန်းသူကျွန်းသား



www.burmeseclassic.com

www.burmeseclassic.com

တို့က သူတို့ထံ မြတ်စွာဘုရားကြွလာသည်ဟု မထင်မှတ်ဘဲ မိမိတို့ကိုးကွယ်သော နတ်မင်းကြီးကြွလာသည်ဟု ထင်မှတ်ကာ နတ်သုဒ္ဓါကဲ့သို့ အရသာရှိသော ဆွမ်းများလှူဒါန်းကြသည်။ ထို့နောက် မြတ်စွာဘုရားသည် မြောက်ကျွန်းမှ ပြန်တော်မူ၍ အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူပြီး ကြီးစွာသော စန္ဒကူးနံ့သာတောသို့ ဝင်ကာ နေ့သန့်တော်မူပါသည်။

ထိုအခါ လက်ယာရံ ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားထံကြွလာပြီး ခြေတော်အစုံကို ဆုပ်နယ်ခြင်း၊ သောက်ရေသုံးရေတည်ခြင်း၊ ယပ်လေခတ်ခြင်းစသည့် ဝတ်ကြီးဝတ်ငယ်တို့ကိုပြုလျက် ဆည်းကပ်လုပ်ကျွေးသည်။ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား နတ်ပြည်၌ ဟောကြားသော အဘိဓမ္မာတရားတော်ကို အကျဉ်းအားဖြင့် ပြန်လည်ဟောကြားတော်မူသည်။ အရှင်သာရိပုတ္တရာသည် ဉာဏ်ပဋိဘာန်ဖြင့် အကျယ်ချဲ့ကာ တပည့်ရဟန်းငါးရာအား နေ့စဉ်သင်ကြားပို့ချပေးပါသည်။ တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားတရားဟော၍ ပြီးဆုံးခြင်းနှင့် အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းငါးရာအား တပ်ဆင်သင်ကြားမှု ပြီးဆုံးခြင်းတို့သည် တစ်နေ့တစ်ရက်တည်း၊ တပြိုင်နက်တည်းဖြစ်သည်ဟု ဆိုပါသည်။ ထိုရဟန်းငါးရာ၏ အတိတ်ဇာတ်ကြောင်းမှာ ကဿပ မြတ်စွာဘုရားလက်ထက် လင်းနို့ဘဝဖြစ်ခဲ့ပြီး တစ်ခုသော ဥမင်လိုဏ်ဂူအတွင်း၌ အဘိဓမ္မာဆောင်ကုန်သည့် ရဟန်းတော်ခုနစ်ပါး၏ စကြံသွားစဉ်တရားရွတ်ဆိုသံကို နာကြားရသည့် ကောင်းမှုကံကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်တွင် အဘိဓမ္မာတရားတော်ကို ဦးစွာနာကြားရသော ရဟန်းငါးရာ ဖြစ်လာပါသည်။ ပဋ္ဌာန်းဒေသနာတော်သည် အဘိဓမ္မာခုနစ်ကျမ်းတွင် အဆုံးပိုင်း၌ပါဝင်သော ဒေသနာတော်ဖြစ်ကြောင်း မှတ်သားရပါသည်။

ဓမ္မစကြာ ဒေသနာတော်ကို မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား မဟာသက္ကရာဇ် ၁၃၀ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေစောင်း အနောက်ဘက်တွင် နေလုံးကြီး တစ်ခြမ်းဝင်၍ အရှေ့ဘက်တွင် လပြည့်နေ့ည လပြည့်ဝန်းကြီးတစ်ခြမ်းထွက်စပြုစ အချိန်တွင် **"ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗ"** အစချီလျက် ဟောတော်မူပါသည်။ ဒေသနာတော်၏ အဆုံး၌ တစ်သောင်းသော လောကဓာတ်မှ တရားနာလာရောက်ကြသော တစ်ဆယ့်ရှစ်းကုဋေသော နတ်ဗြဟ္မာတို့ အကျွတ်တရားရပါသည်။ ဓမ္မစကြာဒေသနာတော်သည် ထိုနေ့ ညဉ့်၏ပဌမယံ၊ အဆုံး မဇ္ဈိမယံ (အလယ်ယံ)၌ ပြီးဆုံးသည်ဟု မှတ်သားရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်သည် နေ့တစ်နေ့၏ အဦးအစဖြစ်သော နံနက်ပိုင်းတွင် အိပ်ရာထ၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး စိတ်ကြည်လင်လန်းဆန်းချိန်၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ ဆွမ်း၊ ရေချမ်းများကပ်လှူ၊ ငါးပါးသီလခံယူကာ ဘုရားရှင် ပဋ္ဌာန်းကျမ်းကို အနုလုံ ပဋိလုံဆင်ခြင်သည့်အခါ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်ပါး ထွက်လာ၍ ဘဝဂ်တိုင် မြူးကွန့်ပုံကို စိတ်အာရုံတွင်ထင်မြင်လာအောင် ယူလျက် ပဋ္ဌာန်းဒေသနာတော်ဖြင့် နေ့စဉ် ဘုရားရှင်ကို ပူဇော်ခဲ့ပါသည်။ ထို့ပြင် ညနေပိုင်းအလုပ်ခွင်မှ မိမိအိမ်ပြန်ရောက်သည်နှင့် ခေတ္တနား၊ ညစာစားသောက်ပြီး ညနေပိုင်းလုပ်ရန်ရှိသည့် ကိစ္စများအားလုံး ပြီးဆုံးချိန် ညစဉ် ခုနစ်နာရီ ပတ်ဝန်းကျင်၌ ဒုက္ခသစ္စာ အစဖြာသည့် သစ္စာလေးပါး ဓမ္မစကြာဒေသနာတော်ကို ပဉ္စဝဂ္ဂီတို့အား ဟောတော်မူပုံအာရုံတွင် ထင်မြင်လာအောင်ယူကာ မြတ်စွာဘုရားအား ပူဇော်ပါသည်။ ပဋ္ဌာန်းနှင့် ဓမ္မစကြာဒေသနာတော်များ ရွတ်ဆိုပူဇော်ပြီးတိုင်း ပြုပြုသမျှ ကုသိုလ်အဖို့ကို သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေကာ အထူးသဖြင့် မိမိအလိုရှိရာ ဆန္ဒကို တရားသဖြင့်ဖြစ်ပေါ်လာစေရန် ရည်မှန်းဆုတောင်းပါသည်။ ဓမ္မစကြာဒေသနာတော်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်စေသော ဉာဏ်အလင်းရောင်ကို ပေးသကဲ့သို့ ကိလေသာမှ မရုန်းထွက်နိုင်သေးသော ကျွန်ုပ်အားလည်း ဘုရားဝတ်ပြုစဉ် တခဏ်ကာလတွင် စိတ်ဆင်းရဲခြင်းကင်း၍ စိတ်၏ ချမ်းသာအေးမြခြင်းကို အကြိမ်ကြိမ်ဖြစ်ပေါ်စေခဲ့သည်မှာ လက်တွေ့ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤကဲ့သို့ နေ့ ပဋ္ဌာန်း၊ ည ဓမ္မစကြာ ရွတ်ဆိုပူဇော်ခြင်းကို နှစ်ပေါင်းများစွာကပင် အလေ့အကျင့်ထုံ၍ ရွတ်ဆိုပူဇော်လာခဲ့ရာ အချို့အကျိုးကျေးဇူးတို



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းမျှ ဖော်ပြလိုပါသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျွန်ုပ်သည် အစိုးရဝန်ထမ်းဘဝဖြင့် ပဲခူးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးတစ်မြို့၌ တာဝန်ကျခဲ့ပါသည်။ ကျွန်ုပ်မတိုင်မီ တာဝန်ကျခဲ့သော အရာရှိများသည် ထိုခရိုင်ကို အုပ်ချုပ်သော အရာရှိကြီးနှင့် အဆင်မပြေသဖြင့် ကျွန်ုပ်တို့ဌာနသည် မည်သည့်အခွင့်အရေးအမျှ မည်မည်ရရ မရခဲ့ပါ။ ကျွန်ုပ်ရောက်သည့်အခါ ရုံးခန်းကျဉ်းကျဉ်းလေးတွင် နေ့ပိုင်းအလုပ်လုပ်၊ ညပိုင်းတွင် ထိုနေရာ၌ အိပ်ရပါသည်။ ဒေသခံမဟုတ်၍ စားဝတ်နေရေးအလွန် ကသိကအောက် တွေ့ကြုံခဲ့ရပါသည်။ သို့သော် တရားစာများ ရွတ်ဆိုပူဇော်ရာ၌ အချိန်များစွာ ရခဲ့ပါသည်။ ကျွန်ုပ်သည် ထိုမြို့သို့ရောက်ပြီး တစ်လ၊ နှစ်လခန့်အကြာတွင်ကျွန်ုပ်တို့ဌာနနှင့် အစေးသိပ်မကပ်သော ထိုအရာရှိကြီးသည် ကျွန်ုပ်နှင့် ရင်းရင်းနှီးနှီး ပြောဆိုခြင်း မရှိပါဘဲလျက် သူ့လက်အောက်ရှိ အရာရှိအား "ဒီလူ အလုပ်လုပ်တယ်။ သူ့ကို ဝန်ထမ်းအိမ်ရာလစ်လပ်ရင် ပေးလိုက်ပါ"ဆိုသောကြောင့် လစ်လပ်သည့် တိုက်ခန်းတစ်ခုကို ဌာနအမည်ဖြင့် ကျွန်ုပ်ရခဲ့သည်။ ကျွန်ုပ်သာမက ထိုမြို့သို့ရောက်လာသူ ကျွန်ုပ်တို့ဌာနမှ ဝန်ထမ်းများ တည်းခိုရာတွင် အဆင်ပြေခဲ့ပါသည်။ ထိုခရိုင်တွင်ပင် ကျွန်ုပ်သည် တာဝန်ထမ်းဆောင်ရင်း တစ်ခုသော တောအဆင်းတွင် ကားမှောက်ရာ၌ ပါခဲ့ပါသည်။ ဝန်ထမ်းအားလုံး ကျွန်ုပ်အပါအဝင် ဘေးလွတ်ခဲ့ပါသည်။ ကားသည် တစ်ပတ်လည်ကာ မှောက်ခြင်းဖြစ်သည်။ ကားလမ်းဘေးအဆင်းတွင် စိုက်ထားသော တိုင်တစ်ခုတွင်ငြိကာ ရပ်နေပါသည်။ အောက်တွင် သုံးထပ်ချောက်ကြီးက ဆီးကြိုနေပါသည်။ ထိုတိုင်သည် အသစ်စိုက်ထားသော တစ်ခုတည်းသောတိုင် ဖြစ်ပါသည်။ အခြားတိုင်ဟောင်းများ ကျိုးပဲ့သွားပါသည်။ ထိုတိုင်သာမရှိပါက ကျွန်ုပ်တို့အဖြစ်ကို မတွေးရဲတော့ပါ။

ကျွန်ုပ်သည် အလုပ်မှ အငြိမ်းစားယူပြီးနောက် ပင်စင်လစာကိုမှီခို၍ လောက်ငအောင်ရုန်းကန်နေရသည့်အခါ ယခင်က သူငယ်ချင်းများအနက် အစိုးရဌာနကြီးတစ်ခုတွင် အကြီးဆုံးတာဝန်ယူထားသည့် သူငယ်ချင်းတစ်ဦးက သူ့ထံလာရန် နှစ်ကြိမ်၊ သုံးကြိမ်မက ဆက်သွယ်ပြောဆိုလာသောကြောင့် ကျွန်ုပ်သွားတွေ့သည့်အခါ တစ်လတွင် ဝင်ငွေအတော်အတန်ရသည့် လုပ်ငန်းတာဝန်တစ်ခု၌ တာဝန်ပေးအပ်လိုက်သဖြင့် စားဝတ်နေရေး အတန်အသင့် ပြေလည်ခဲ့ပါသည်။ ဤဆောင်းပါးငယ်သည် ပြည့်စုံစွာ မဖော်ပြနိုင်သော အခြားသော ထူးခြားဖြစ်ရပ်များလည်း များစွာရှိပါသေးသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင်မည်သူမဆို နေ့စဉ်ကျင့်သုံးနိုင်သော **"နေ့မှာ ပဋ္ဌာန်း။ ညမှာ စကြာ"** ကျင့်ဝတ်နှစ်ဖြာကို ဝတ်မပျက် ရွတ်ဆိုပူဇော်သော သူတော်စင်အပေါင်းသည် ...

- နံနက်ပိုင်းလုပ်ငန်းမဝင်မီ စိတ်သန့်ရှင်း ကြည်လင်မှုရရှိခြင်း
- ညနေပိုင်းတွင် လုပ်ငန်းခွင်မှ ပင်ပန်းပြီး အိမ်ပြန်လာချိန်တွင် စိတ်ကြည်လင်၍ ပင်ပန်းမှုပြေပျောက်ခြင်း။
- မိမိဆန္ဒအတိုင်း မျှော်လင့်တောင့်တသော အကျိုးတရားများ အမှန်ဖြစ်ပေါ်လာခြင်း

စသည်တို့ကို လက်တွေ့ခံစားစေလိုသော ပြင်းပြသည့် စေတနာအရင်းခံဖြင့် ၎င်းဆောင်းပါးငယ်ဖြင့် ဖော်ပြရေးသားအပ်ပါသည်။

**တင်ဝင်း (အိမ်မဲ)**

**ကျမ်းကိုး**

ဗိနတ္ထပကာသနီကျမ်း (ကျိုးသဲလေးထပ် ဆရာတော်ဘုရား)





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အကျိုး၊ သူ့အကျိုး နှစ်မျိုးပြည့်စုံစေရန်

## တက္ကသိုလ်သခ်

ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့တစ်ခုတွင် လေးနှစ်တာမျှ အချိန်ပြည့်တာဝန်ယူခဲ့စဉ်က ဖြစ်သည်။ ယင်းအသင်းအဖွဲ့တွင် အမှုဆောင်လူကြီး ၃၀ ဦးခန့်ရှိသည်။ ယင်းတို့သည် လူအမျိုးမျိုးစိတ်အထွေထွေ ရှိကြသူများ ဖြစ်ကြသည်။ ကျွန်တော်အပါအဝင် အမှုဆောင်လူကြီးအားလုံးမှာ စေတနာ့ဝန်ထမ်းများ ဖြစ်ကြ၏။ တစ်နည်းဆိုရလျှင် စေတနာအရင်းခံထား၍ လုပ်ကြသူများဟု ဆိုနိုင်သည်။

သို့ရာတွင် အချို့တို့မှာ စေတနာဖြင့် လုပ်ရင်းမှ ဝေဒနာသဘောမျိုး ဖြစ်သွားသည်ကိုလည်း တွေ့ရ၏။ ဤသို့အခါမျိုးများတွင် ကျွန်တော်က မနေနိုင်၊ မထိုင်နိုင် ဝေဖန်ထောက်ပြတတ်သည်။ လူတို့သဘာဝ ဤသို့ ဝေဖန်ထောက်ပြသည်ကို လက်ခံနိုင်သည့် သဘောမရှိသည်ကိုလည်း တွေ့ရ၏။ ထိုအခါ ကျွန်တော်နှင့် လက်ပွန်းတတီး အလုပ်လုပ်နေသည့် အမှုဆောင်လူကြီးတစ်ဦးက ကျွန်တော့်အား အရာအရာကို စေတနာမထားရန်နှင့် အချို့ကိစ္စများကို ဥပေက္ခာပြုရန် အကြံပြုတိုက်တွန်းသည်။

ဤတွင် ကျွန်တော်သည် ဥပေက္ခာနှင့် ပတ်သက်၍ ဆရာ့ဆရာများ၏ ရေးသားချက်များ၊ ဖွင့်ဆိုထားချက်များကို လေ့လာကြည့်ရာ ဥပေက္ခာ၏ လိုရင်းသဘောကို ကောင်းစွာ စောကြောမိလေသည်။

**ဥပေက္ခာဆိုသည်မှာ အချို့ထင်သလို ဂရုမစိုက်ဘဲ ပစ်ထားတာမျိုး၊ တစ်နည်း လျစ်လျူရှုခြင်းမျိုး မဟုတ်ပေ။** ငြိမ်သက်အနေဖြင့် တည်ငြိမ်ခြင်း၊ အားလုံးသည် ကိုယ့်ကံနှင့်ကိုယ် လာခြင်းဖြစ်သည်ဟု သဘောထားရန် ဖြစ်သည်။ ကိုယ့်သားသမီးအပေါ်ပင် ဥပေက္ခာမထားနိုင်လျှင် ကိုယ်က မြင်နေချင်တာတစ်ခု၊ သားသမီးဖြစ်နေတာက တစ်ခုဆိုလျှင် ဥပေက္ခာမထားနိုင်၍ ရိုက်နှက်၊ ဆုံးမမျိုးစုံ လုပ်သည့်အခါ ကြာလာလျှင် ဒုက္ခရောက်လာတော့သည်။

ဥပေက္ခာကို မည်သို့သော သဘောထားရမည်ဆိုသော်၊ သြော် ... သူလည်း သူ့ကံနှင့်သူလာတာ၊ မိမိလည်း မိမိကံနှင့် မိမိကောင်းကျိုးချမ်းသာရအောင် ကိုယ်က ဦးတည်ပေးရမည်။ လုပ်ပေးရမည်။ မိမိတာဝန်အရ လုပ်ဆောင်ပေးခြင်းဟု ဆိုရမည်။ သို့ရာတွင် လုပ်ပေးတာကို မရကောင်းလားဆိုပြီး ဒေါသဖြစ်နေလျှင် ဥပေက္ခာ မဖြစ်တော့ပေ။

သို့ဖြစ်၍ ဥပေက္ခာဆိုသည်မှာ ကံတရားကို ဆင်ခြင်သုံးသပ်ပြီး စိတ်ကို တည်ငြိမ်အောင် အစွန်းမရောက်အောင် ထားနိုင်သည့် အနေအထား။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ထိုလေးခုနှင့် နေလိုက်မည်ဆိုလျှင် အားလုံး အဆင်ပြေမည် ဖြစ်သည်။

အားလုံးပေါ်တွင် ခြုံငုံပြီးမေတ္တာထား၊ ဒုက္ခရောက်နေသည့် ပုဂ္ဂိုလ်များအား ကရုဏာထား၊ အောင်မြင်ကြီးပွားနေသည့် ပုဂ္ဂိုလ်များကိုမူ မုဒိတာထား၊ အားလုံးကို တစ်ခါ ခြုံငုံပြီး သံယောဇဉ်ဖြစ်ခြင်းဆိုသော သဘောမဖြစ်စေဘဲ အားလုံးသည် သူ့ကံနှင့်သူ လာခြင်းဖြစ်သည်ဆိုသည့် အတွေးအခေါ်နှင့် ဥပေက္ခာထားရပေမည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် တရားများကို သတ္တဝါအားလုံးအပေါ် ထားနိုင်ပြီဆိုလျှင် ကိုယ့်အတွက်လည်း လုံလောက်သည်။ အားလုံးအတွက်လည်း လုံလောက်သွားပြီဟု ဆိုနိုင်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားနိုင်ပြီဆိုလျှင် အများကောင်းကျိုးအတွက် ဖြစ်စေပြီး ဘဝတွင် ကိုယ့်အကျိုး၊ သူ့အကျိုး နှစ်မျိုးပြည့်စုံသွားပြီဟု ဆိုနိုင်သည်။

ဗုဒ္ဓဘုရားရှင်က "ဒီဘဝမှာ ကောင်းအောင်လုပ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်နေ။ အများအတွက် ကိုယ်တိုင်က လောဘ၊ ဒေါသ၊ မောဟ အခြေခံသည့် အကုသိုလ်များကို စွန့်ပယ်ပြီး အလောဘ၊ အဒေါသ၊ အမောဟ



www.burmeseclassic.com

www.burmeseclassic.com

အခြေခံသည့် ကုသိုလ်တရားများ ပြီးပြည့်စုံအောင် လုပ်ရမည်''ဟူ၍ လမ်းညွှန်ဟောကြားတော်မူသည်။

ထိုသို့ ဖြူစင်သော စိတ်ရှိသည့် ပုဂ္ဂိုလ်သည် တမလွန်လောက မရှိလည်း ပူစရာမလိုပေ။ ယခုဘဝတွင် လူကောင်းတစ်ယောက်အဖို့ တမလွန်လောကရှိပြီဆိုလျှင် ထိုဘဝတွင် ချမ်းသာသောဘဝ ရောက်သွားမည်။ စိတ်သက်သာရနိုင်ပေမည်။

မည်သည့်ဘက်က ကြည့်ကြည့် သူ့အတွက်က လုံလောက်နေပေပြီ။ ယခုဘဝတွင် ကောင်းကောင်းနေသည့် အတွက်ကြောင့် တမလွန်ဘဝရှိသည်ဆိုလျှင်လည်း ပူစရာမရှိပေ။ နောင်ဘဝ ငါကောင်းသည့် ဘုံရောက်မှာပဲ။ တမလွန်လောကမရှိဘူးဆိုလျှင်လည်း အကြောင်းမဟုတ်။ ယခုဘဝတွင် ငါလူတော်လူကောင်း၊ ကိုယ့်ကိုယ်ကို ချမ်းချမ်းသာသာနှင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည် ဖြစ်သည်။

ထို့အပြင် အကုသိုလ်ဆိုတာ လုပ်၍မရဘူးဟု ပြောသည့်ပုဂ္ဂိုလ်က တစ်ဦး။ လုပ်လို့ရသည်ဟု ပြောသည့် ပုဂ္ဂိုလ်ကတစ်ဦး ထိုသို့ နှစ်မျိုးကွဲနေသည်။ လုပ်လို့မရဟုဆိုလျှင် ငါကိုယ်တိုင်ကမှ အကုသိုလ်မလုပ်တာ။ မလုပ်ရင် အကုသိုလ်အကျိုး ပေါ်လာစရာမရှိ၊ သက်သာရာရပေမည်။ နှစ်ဖက်စလုံး သူ့အတွက် သေချာပေါက်ချည်းပဲ။ မလုပ်ခြင်းကြောင့်လည်း အကုသိုလ်မရဘူး။ မလုပ်ခြင်းကြောင့်လည်း အကုသိုလ်မဖြစ်ဘူး။ လေးဘက်လေးတန်က သက်သာရာရသည်။ ထိုသေချာသော နည်းစနစ်ကို လိုက်နာကျင့်သုံးရမည်ဟု ဗုဒ္ဓဘုရားရှင်က ''ကာလာမသုတ်''တွင် တိတိပပ ဟောကြားညွှန်ပြထားသည်။

သံသယရှိသူများကို ငါပြောတာနားထောင်၊ ငါ့တရားမှ အမှန်၊ ကျန်တဲ့လူတွေ၏တရားက အမှားဟုသာ ပြောမည်ဆိုလျှင် ဟိုလူတွေ သံသယပိုဖြစ်သွားပေမည်။ ရဟန်းဂေါတမလည်း ဒီပုတ်ထဲကပဲ ဆိုပြီးတော့ သူကလည်း သူ့ဝါဒကောင်းကြောင်း ပြောသွားတာပဲဟု အပြောခံရမှာ သေချာတသည်။ ယခုမူ ဘုရားရှင်က အလွန်လိမ္မာပါးနပ်စွာ ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါ၏။

အကုသိုလ်တွေရှောင်ရန်၊ ကုသိုလ်တွေဆောင်ရန်၊ မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကို ပွားများအားထုတ်ကြရန်ဆိုသည့် အခြေခံတရားများကို ကာလာမအမျိုးသားများအား ဟောကြားခဲ့သည်။ ယင်းတို့ လွန်စွာသဘောကျပြီး နောက်ဆုံး ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူသွားကြသည်။

ဤသည်မှာ ကာလာမသုတ္တန်ကို အနှစ်ချုပ်အနေဖြင့် ရှင်းလင်းဟောကြားခဲ့ခြင်းဖြစ်လေသည်။

သို့ဖြစ်၍ ကာလာမသုတ္တန်၏ အနှစ်ချုပ်ကို ခြုံငုံကြည့်မည်ဆိုလျှင် -

(၁) မြတ်စွာဘုရားသည် အမှန်တရားကို ရှာဖွေရာတွင် တစ်ဆင့်ကြားစကားနှင့်လည်း မရှာနှင့်။ အစဉ်အလာနှင့်လည်း မရှာနှင့်။ လူပြော သူပြော ပြောသည်နှင့်လည်း မရှာနှင့်။ စာထဲတွင် ပါသည်ဆိုပြီးလည်း မရှာနှင့်။ မဆုံးဖြတ်ပါနှင့်။ အနုမာန အတွေးအခေါ်မျိုးဖြင့်လည်း မဆုံးဖြတ်ပါနှင့်။ ကြောင်းကျိုးဆင်ခြင်သည့် နည်းဖြင့်လည်း မဆုံးဖြတ်ပါနှင့်။ ငါ့အယူ ဝါဒနှင့်ကိုက်ညီတယ်ဆိုပြီးလည်း မဆုံးဖြတ်ပါနှင့်။ တို့ဆရာပြောတာဆိုပြီးတော့လည်း မဆုံးဖြတ်ပါနှင့်။ ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီးတော့မှသာ ဆုံးဖြတ်ရန်။

(၂) ဆုံးဖြတ်ပြီး လက်ခံကျင့်သုံးသည့်အခါ အပြစ်ရှိသဖြင့် လက်ခံကျင့်သုံး၍ မကောင်းကျိုးများ ပေးမည်ဆိုလျှင် ချက်ချင်းသိသည့်အချိန်တွင် စွန့်လိုက်ပါ။

(၃) လက်ခံကျင့်သုံး၍ ကောင်းကျိုးချမ်းသာကို ရမည်ဆိုလျှင် ချက်ချင်းကျင့်သုံးပါ။

(၄) ထိုသို့ မကောင်းသည်ကိုစွန့်ပယ်၊ ကောင်းသည်ကို ကျင့်သုံးရာတွင် အားလုံးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရားများ ပွားများအားထုတ်ပြီးနေပါ။

(၅) ယင်းသို့ အားထုတ်ပြီးနေလျှင် နောင်ဘဝရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကုသိုလ်ကံ၏ အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မည်သို့မျှ စိတ်ပူစရာမလိုတော့ပေ။

ဟူ၍ ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့ပါ၏။

အချုပ်ဆိုရလျှင် ကျွန်တော်တို့သည် မိမိနှင့် နေ့စဉ်နှင့်အမျှ ဆက်ဆံနေရသူ အားလုံးကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာထားနိုင်ပြီဆိုလျှင် အများကောင်းကျိုးအတွက်ဖြစ်စေပြီး ဘဝတွင် ကိုယ့်အကျိုး၊ သူ့အကျိုးနှစ်မျိုးပြည့်စုံသွားပြီဟု မှတ်ယူနိုင်မည်ဖြစ်ပါ၏။

**တက္ကသိုလ်သင်**

၀၉-၄၃၁၉၃၆၀



www.burmeseclassic.com

www.burmeseclassic.com

# ပရိယတ္တိဂုဏ်ကို ဆောင်ပါ

အောင်မြင့်မြတ်(ပြည်ရွှေဘို)

မြတ်ဗုဒ္ဓဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကို စတင်တည်ထောင်တော်မူစဉ်အချိန်က ခြောက်ကျိပ်သောရဟန်းတို့ကို "စာရိကံစရထ၊ ဗဟုဇနဟိတာယ... ဒေသေထ၊ ဗြဟ္မစရိယံ ပကာသေထ၊ မာ ဧကေန ဒွေ အဂမိတ္ထ"(ဒေသစာရီခရီး လှည့်လည်ကြ၊ တရားတော်ကို ဟောကြားကြ၊ မြတ်သောအကျင့်၏ဂုဏ်ကို ထင်ရှားပြကြ၊ တစ်လမ်းတည်းဖြင့် နှစ်ပါးမကြွကြလင့်)ဟု "ထ"လေးထဖြင့် တိုက်တွန်း၍ သာသနာပြု စေလွှတ်တော်မူခဲ့ပါသည်။

ကိုယ်တော်တိုင်ကလည်း "ငါဘုရားပဲ အိပ်နေလိုက်ဦးမယ်"ဟု ကြောင့်ကြမဲ့ နေတော်မမူဘဲ ဥရုဝေလတောအုပ်သို့ ကြွတော်မူ၍ ထိုတောအုပ်ရှိ ဥရုဝေလကဿပညီနောင်တို့အား တရားဟော ချေချွတ်တော်မူခဲ့သည်။ ဤကဲ့သို့ကြောင့်ကြမဲ့ နေတော်မမူဘဲ သတ္တဝါတို့၏ အကျိုးစီးပွားကို မေတ္တာ၊ ကရုဏာ ရှေးရှုကာ အားထုတ်ဆောင်ရွက်တော်မူပါသည်။

ဘုရားရှင်သည် ကြောင့်ကြမဲ့ နေထိုင်ခြင်းကို သဘောမကျခြင်းမှာ အလုပ်လုပ်စေလို၍ ဖြစ်ပါသည်။ သာသနာတော်အတွင်းရှိ ရဟန်းသံဃာတို့၏ အလုပ်မှာ ဂန္ထဓုရ (စာပေသင်ကြားပို့ချခြင်း)နှင့် ဝိပဿနာဓုရ (တရားအားထုတ်ခြင်း)ဟူသော လုပ်ငန်းနှစ်ရပ် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းနှစ်ရပ်သည် ပရိယတ္တိသာသနာ (သင်ယူမှုသာသနာ)၊ ပဋိပတ္တိသာသနာ (ကျင့်ကြံမှုသာသနာ)နှင့် ပဋိဝေဓသာသနာ (သိမြင်မှုသာသနာ)ဟူသော သာသနာသုံးရပ် တည်တံ့နိုင်ရေးအတွက် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ သာသနာသုံးရပ်ကို တည်တံ့စေခြင်းသည် သူတော်ကောင်းတရား ခိုင်မြဲနေခြင်းသည်။ သူတော်ကောင်းတရား ခိုင်မြဲနေခြင်းသည် ကမ္ဘာသူ ကမ္ဘာသားတို့၏ ငြိမ်းချမ်းရေးပင် ဖြစ်သည်။ ဤသို့ ဘုရားရှင်သည် လောက၏ အတ္ထ(ကောင်းကျိုး)၊ ဟိတ(စီးပွား)နှင့် သုခ(ချမ်းသာ)များ ဖြစ်ထွန်းစေရေးအတွက် သူ၏ သာဝကများကို ကြောင့်ကြစိုက်၍ အားထုတ်မှုကို ညွှန်ကြားတော်မူပါသည်။

သို့ဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ ငြိမ်းချမ်းရေး ကြီးပွားတိုးတက် ချမ်းသာရေးတို့သည် သူတော်ကောင်းတရား၌ မှီတည်ပြီး နေလေသည်။ သူတော်ကောင်းတရား ခိုင်မာရေးသည် သာသနာသုံးရပ်အပေါ် မှီတည်နေသည်။ သာသနာသုံးရပ် တည်တံ့ရေးသည် ဓုရနှစ်ဖြာပေါ်တွင် မှီတည်နေပါသည်။ ဓုရနှစ်ဖြာသည် ပရိယတ္တိဝန်ဆောင် ရဟန်းသံဃာတော်တို့၏ အဓိကလုပ်ငန်းကြီးတစ်ရပ် ဖြစ်ပါသည်။

အမိမြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာများ မပျောက်ပျက်ရအောင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေကြပါသည်။ ထိုသို့ အားထုတ်နေခြင်းသည် သာသနာတော်ကြီးအား စောင့်ရှောက်ချီးမြှောက်နေခြင်းပင် ဖြစ်သည်။ ထိုသို့ စောင့်ရှောက်ချီးမြှောက်နေသည်ကို အားလုံး မြင်တွေ့နိုင်ပါသည်။

သာသနာနှင့် ကြုံခိုက်တွင် ပရိယတ္တိသမားကလည်း ပရိယတ္တိအလျောက်၊ ပဋိပတ္တိသမားကလည်း ပဋိပတ္တိအလျောက် ကြိုးစားအားထုတ်ကြရမည်သာ ဖြစ်သည်။

ပရိယတ္တိသမားက ငါစာတတ်သည်။ ငါ့မှာ ဘွဲ့ထူးဂုဏ်ထူးရှိသည်ဟု မာန်ဝင်နေကြလျှင် သံသာရဝဋ္ဋဒုက္ခတောမောခနေတ္ထာယဟူသော ရဟန်းပြုရခြင်း၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များ ပျောက်ပြယ်၍ လမ်းချော်သွားမည်ဖြစ်ပါသည်။ မိမိသိထားသောပညာ၊ မိမိရရှိထားသောဘွဲ့ထူး၊ ဂုဏ်ထူးတို့သည် သာသနာအတွက်သာ ဖြစ်ရပါမည်။ ထိုပညာ ဘွဲ့ထူးဂုဏ်ထူးတို့ကို သာသနာအတွက်သာ အသုံးချသင့်ပါသည်။

ပဋိပတ္တိသမားများကလည်း ငါ့မှာ ဒကာ၊ ဒကာမအင်အား ကောင်းသည်။ ငါတို့ရိပ်သာက အင်အားတောင့်တင်းသည်၊ ထင်ရှားကျော်ကြားသည် စသည်ဖြင့် အတ္တဝင်နေလျှင် မိမိရဟန်းပြုလာရခြင်း၏ မူလရည်ရွယ်ချက်နှင့် ဆန့်ကျင်ရာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတော့သည်။ ဘုရား၊ တရားတော်များကို ကိုယ်ကျိုးစီးပွားအတွက် ရှာကြံသူဟု အထင်မှားခံရပေတော့မည်။

ထို့ကြောင့် ပရိယတ္တိသမားတို့ကလည်း မိမိအတိုင်းအတာဖြင့် ပရိယတ်ကို ကြိုးစားရသည်၊ အားပေးကြရသည်၊ ချီးမြှောက်ကြရသည်။ ပရိယတ်သမားတို့သည် ပရိယတ်ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး ထိုပရိယတ်ဖြင့် သာသနာတော်ကို အထူးစောင့်ရှောက်ကြရပါမည်။

ပဋိပတ္တိသမားတို့လည်း အလားတူပင် သာသနာတော်ကြီးကို စောင့်ရှောက်ရမည်သာဖြစ်သည်။ ထို့ထက် သာသနာတော်ကြီးနှင့် ကြုံနိုက်တွင် ပရိယတ်၊ ပဋိပတ် အရသာတို့ကို ခံစားနိုင်အောင် ကြိုးစားအားထုတ်ရပါမည်။ ပရိယတ်စာတွေ့မှ ပဋိပတ် လက်တွေ့အဆင့်သို့ ရောက်အောင် ကြိုးစားအားထုတ်ရပါမည်။ ထိုသို့မဟုတ်ပါက အလဂဒ္ဒူပမာ စာသင်နည်းဖြစ်သွားလျှင် မိမိတို့သာ နစ်နာဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့် အလဂဒ္ဒူပမာ စာသင်နည်းကို ရှောင်ရှားပြီး နိဿရဏတ္ထ ပရိယတ္တိ(စာသင်နည်း)ဖြစ်အောင် ကြိုးစားပါမှ ဘဝသံသရာက လွတ်မြောက်မည်ဖြစ်ပါသည်။

ထို့ကြောင့် ပရိယတ္တိကို လေ့လာရာ၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သီလ၏ ပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်ပါသည်ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုထားပါသည်။ ဝိနည်းပိဋကတ်ကို နိဿရဏတ္ထပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋကတ်မှာ လာသည့်အတိုင်း သီလကိုဖြည့်ကျင့်သော ရဟန်းသည် ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းဖြစ်သည်ဟု ဆိုလိုပါသည်။

ဝိနည်းပိဋကတ်ကို မသိမတတ် မကျွမ်းကျင်လျှင် ရှောင်ကြဉ်ရမည့်အရာ (ဝါရိတ္တသီလ)၊ ကျင့်ရမည့်အရာ (စာရိတ္တသီလ)တို့ကို မသိနိုင်ပေ။ ဝိနည်းပိဋကတ်ကို တတ်သိကျွမ်းကျင်မှသာ ရှောင်သင့်၊ ဆောင်သင့်သည်တို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ထိုသို့သိမှသာလျှင် ကျင့်သင့်သည်ကိုကျင့်၊ ရှောင်သင့်သည်များကို ရှောင်ကြဉ်ခြင်းဖြင့် သီလပြည့်စုံနိုင်ပါသည်။ ဤသို့ သီလနှင့်ပြည့်စုံခြင်းရှိပါက ဝိဇ္ဇာသုံးပါး(ဗဂ်ဉာဏ်)အား ပကာတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် ဝိနည်းပိဋကတ်ကို သီလပြည့်စုံရန်အတွက် သင်ယူရပါသည်။

သုတ္တန်ပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်နိုင်၏။ အဘိဓမ္မာပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်နိုင်၏ဟု သမန္တပါသာဒိက အဋ္ဌကထာ၌ ဖော်ပြထားပါသည်။

သုတ္တန်ပိဋကတ်ကို ကောင်းစွာသင်ယူသူသည် သုတ္တန်ပိဋကတ်၌ အကျယ်ဟောတော်မူအပ်သော ဈာန်အဘိညာဉ်တို့ကို သင်ယူလေ့လာစဉ် ထိုဈာန်အဘိညာဉ်တို့ကို ရလိုသောဆန္ဒပြင်းပြမှု ရှိလာတတ်သည်။ ထို့ကြောင့် ထိုဈာန်သမာဓိကို ကြိုးစားအားထုတ်၍ ဥပစာရ သမာဓိသို့ရောက်လျှင် ဝိပဿနာဉာဏ်တို့ အဆင့်ဆင့်တက်၍ အရဟတ္တမဂ်အထိ ရလာနိုင်ပါသည်။ ထိုမှ အထုံပါလာသော သမာဓိကြောင့် အဘိညာဉ်ခြောက်ပါးကိုလည်း ပြီးစီးရပါသည်။

အဘိဓမ္မာပိဋကတ်ကို ကောင်းစွာသင်ယူသူသည် နာမ်၊ ရုပ် နှစ်ပါးကို ခွဲခြားနိုင်သော ပညာနှင့် ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကို ရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါးတည်း ရနိုင်ပါသည်။ မှန်ပါသည်။ အဘိဓမ္မာပိဋကတ်ကို လေ့လာသင်ယူ၍ ရရှိသော ပညာ၏ပြည့်စုံခြင်း(ပညာသမ္ပဒါ)ကို ဥပနိဿယ ပစ္စည်းပြု၍ ဝိပဿနာ အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဋ္ဌာဘယအားသော်စွာ ပဋိသမ္ဘိဒါ လေးပါးတို့လည်း ပြီးစီးရပါသည်။

ထို့ကြောင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တော်များကို ကျနသေချာလေ့လာသင်ယူခြင်းဖြင့် လျှို့ဝှက်ခက်ခဲသော အနက်အဓိပ္ပာယ်တို့ကို ပိုင်းခြားသိမြင်နိုင်ကြပါလျှင် နိဿရဏတ္ထ ပရိယတ္တိ(စာသင်နည်း)ဖြစ်ပါသည်။

ထိုသို့ သီလကို ဟောသောအရာ၊ သမာဓိကို ဟောသောအရာ၊ ပညာကိုဟောသောအရာတို့၌ လာသော သိက္ခာသုံးပါး အကျင့်များသည် ငါ့သန္တာန်၌ ကေန်ဖြစ်ပါစေမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်ပါလျှင် သာသနာကျက်သရေ ပရိယတ္တိဂုဏ်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်။

သို့ဖြစ်ပါ၍ တစ်ဘဝ တစ်ခန္ဓာတွက်တာလောက်ကို မကြည့်ပါဘဲ တစ်သံသရာလုံးကိုကြည့်ပြီး မြတ်စွာဘုရား၏ သာသနာတော်အတွက် အသက်ခန္ဓာကို ပရိယတ္တိလုပ်ငန်းဖြင့် စတေးနိုင်သော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူးဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေဟု မေတ္တာစေတနာ ဆန္ဒပြု လိုက်ရပါတော့သည်။

အောင်မြင့်မြတ်(ပြည်မြို့)



www.burmeseclassic.com

www.burmeseclassic.com



# နိဗ္ဗာန်လမ်းပြ ဝိပဿနာ တရားတော် (၈)

## (ရုပ်ဓာတ်ရှစ်ပါး)

## ဝါယောဓာတ်

■ မဟာထွန်း

ပုံသေချမှတ်ထားသော တရားတော်ကို ထိုင်ပြီး [illegible]ရာတွင် မဖြစ်မနေ ပါဝင်ရမည့် အကြောင်းခြင်းရာ [illegible]ကို ဤ၌လည်း ထည့်သွင်းဦးမည်။ နောက်သော လ [illegible]လည်း နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဆိုဘိသို့ [illegible]သွားရန် အစီအစဉ် ရှိသည်။ လိုအပ်မည်ဟု ထင်လျှင် လစဉ်လည်း ထည့်သင့်က ထည့်ပေးသွားရန် အစီအစဉ် ရှိသည်။

သို့ပါမှလည်း ဤဓမ္မစဉ်မှစ၍ မည်သည့်တရား တော်ကို လိုက်စားကြသော ဓမ္မယောဂီဖြစ်စေ ဤစာရေး သူ၏ နည်းပေါင်းမြောက်မြားစွာတို့အထဲမှ ကြိုက်နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com

ရာ နည်းကို ရှုမှတ်ရာ၌ နိဒါန်းမှသည် နိဂုံးတိုင်အောင် ဆူရာဆူရာ ထုတ်သုံး၍ အဆင်ပြေပေလိမ့်မည်။

ထို့ကြောင့် ယောဂီဟောင်းများ ရကောင်း ရထားမည့် ဖြစ်သလို ယောဂီသစ်များလည်း ကြိုက်နှစ်သက်ပါက ဤ၌ ဖတ်ရှုကြရမည့် နည်းလေးကို ကျက်မှတ်ထားကြရန် အလို့ငှာ လိုသလို ကျင့်ကြံနိုင်ကြရန်အတွက် ထည့်သွင်းပေးလိုက်သည်။

**၁။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မ တရား နာ၊ ကြား၊ လေ့လာ အားထုတ်ပါက**

သေရာညောင်စောင်း လဲလျောင်းပြီးကာ ရောဂါ ဆူသည်း ပူသည်းဆူပွက် သတိလစ်မှဲ့ သေခဲ့ရငြား မလားအပါယ် ထက်ဝယ်နတ်ပြည် ရောက်ကြောင်းကေန် စင်စစ်မှန်၏။ တစ်ဖန်ထို့ပြင် မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန် ရောက်ဟု ဘုရားမိန့်မှာ ဟောသည်သာတည်း။

**သောတာနုဂသုတ်၊ အံ၊ ၁။**

**၂။ နား၊ နှုတ်၊ စိတ်၊ ဉာဏ်၊ ဤလေးတန်ဖြင့် ဓမ္မ တရား နာကြားလေ့လာ အားထုတ်ပါက –**

(၁) ကျန်းမာနေစဉ် မသေခင်ဝယ် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့် (၃) သက်ငင်ပူပြီး သေခါနီးမှာ မဂ်ရလာ၏။ (၄) မရပါက နတ်ဘဝမှာ 'သေချာကိန်းသေ မဂ်ရလေ၏။(၅) တစ်ထွေထိုမှ ဓမ္မရာဂ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ်မြတ်လှ ပစ္စေကဟု ဗုဒ္ဓအငယ် ဖြစ်ရဖွယ်သည် ငါးသွယ်အားထုတ် ရကျိုးတည်း။

**ဝေဠုကောပဒေသ ပါဠိတော်၊ ၁၈၄။**

အထက်ပါ ကဗျာနှစ်ပုဒ်သည် ပျံလွန်တော်မူ ကျေးဇူးရှင် အမြိုက်ဆရာတော်ဘုရားကြီးနှင့် တူတပည့် ဖြစ်တော်မူသော ဦးပဥ္စင်းလေးခေါ် အရှင်ဝိစိတ္တသာရာဘိဝံသ (အဂ္ဂမဟာအကျော် မအူပင်၊ လေးအိမ်စု)တို့၏ မူပိုင် ရင်တွင်းဖြစ်များ ဖြစ်ပေသည်။ ဤစာရေးသူ အမြိုက်တရားစခန်း သွားဝင်ရ၍၊ ဖြန့်ဝေစွန့်ကြဲကြ၍ ရလာခဲ့သည်။

အင်မတန်မှ ကောင်းမွန် သိပ်သည်းပြီး ဖွဲ့နွဲ့ရေးသားပုံ သေသပ်သောကြောင့် တန်းခနဲ ရှင်းခနဲ၊ လင်းခနဲ မြင်သာထင်သာ ရှိသောကြောင့် ဤစာရေးသူတို့လို ဉာဏ်ပညာထူပြိန်းသူများသည်ပင် နားလည်နိုင်၍ အထူးပင် ကျေးဇူးတင်ရပေသည်။

သာသနာတော်နှင့် တွေ့ကြုံရကျိုး၊ တရားဘာဝနာများ ပွားများအားထုတ်ရကျိုးကို များစွာအားတက်စေပြီး ကြီးမားသော အထောက်အမ တစ်ခုဟူ၍လည်း ဆိုနိုင်လေသည်။ ဤကဲ့သို့ ကဗျာကောင်း၊ စာကောင်းများကို အုပ်တစ်ရာဖတ်၍ တစ်ပုဒ်ရရှိရန်ပင် ခဲယဉ်းလေသည်။

တရားဓမ္မကို နာကြားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တိုင်း အာဂုံဆောင်ထားသင့်သည်။ အခြားသော ဓမ္မယောဂီအပေါင်းတို့အားလည်း မျှဝေပေးကမ်းသင့်သည်။

* * *

ဝါယောဓာတ်သည်လည်း အခြားသောဓာတ်များကဲ့သို့ပင် သဘောဆိုက်အောင် ဖတ်မှတ်ကျင့်ပွားရလေသည်။ ယံခုသည် တရားစာပေဖြစ်သောကြောင့် ပိုမို အားစိုက်ပြီး၊ သမာဓိစိုက်ပြီး ဖတ်မှတ်ရန် လိုပေသည်။ တစ်လုံးချင်း နားလည်နိုင်စေရန်အတွက်လည်း အာရုံစိုက်ပြီး ရေးသားထားသည်။

ဝါယော၏ အဓိပ္ပာယ်မှာ တွန်းခြင်း၊ တိုးခြင်း၊ သက်ရှိ၊ သက်မဲ့အားလုံးတို့၏ လှုပ်ရှားခြင်း၊ ရွေ့လျောခြင်း စသည်တို့ပင် ဖြစ်သည်။ စာဖြင့်ရေးလျှင် ရေးသလောက် ကျယ်ပေလိမ့်မည်။ စာဟူသည်မှာ မည်သည့်ဘာသာရပ်ပင် ဖြစ်စေကာမူ အကျဉ်းမျှသာ ရေးသားရသည်။

စာဖတ်သူကသာ ဉာဏ်ကိုစိုက်၍ လေ့လာဖတ်ရှုရသည်။ ဤဝိပဿနာတရားတော်မှာ သာ၍ပင် နက်နဲ၍ သမာဓိဖြင့် ဉာဏ်စိုက်ရသည်။ ဆောင်းပါး/ဝတ္ထုတစ်ပုဒ်လို လွယ်လွယ်ဖတ်၍ မရပေ။ အာရုံကို စူးစိုက်ပြီး ဉာဏ်ကို နှစ်၍၊ နှစ်၍၊ စိုက်၍ ဖတ်ရသည်။ နားမလည်လျှင်လည်း မဂ္ဂဇင်းမှတစ်ဆင့် ဖုန်းဖြင့် ဤစာရေးသူအား မေးလျှင်လည်း ရနိုင်သည်။

ဝါယောဓာတ်သည် လှုပ်ရှားခြင်းသဘောဟု ဆိုသည်ကို အာရုံစိုက်ကြည့်ပါ။

ငါတို့၏ ခန္ဓာကိုယ်လက် လှုပ်ရှားနေသည်မှာ ဝါယောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်၊ ဝါးပင်များကို (လေတိုက်၍) လှုပ်ရှားနေသည်မှာလည်း ဝါယောဓာတ်ကြောင့် ဖြစ်သည်။

ရေထဲ၌ လှိုင်းပုတ်ခြင်း၊ ရေအောက်က ရေမှုန်ရေမွှားလေးများ လှုပ်ရှား/ရွေ့လျားနေသည်မှာ ဝါယောဓာတ်ကြောင့် ဖြစ်သည်။

မြေလျှင်လှုပ်ရှားခြင်းမှာလည်း ဝါယောဓာတ်ကြောင့် ဖြစ်သည်။

ဝါယောမှာ စိတ္တဇဝါယော၊ ဥတုဇဝါယောဟာ နှစ်မျိုးကွဲပြားသေးသည်။ စိတ္တဇဝါယောဟူသည်မှာ စိတ်ကြောင့် လှုပ်ရှားလိုက်ခြင်းဖြစ်ပြီး ဥတုဇဝါယော ဟူသည်မှာ လေခတ်၍ လှုပ်ရှားခြင်းကိုပင် ဆိုရသည်။

တရားအဖြစ် တင်ရှု၍ မှတ်သောအခါလည်း စိတ္တဇဝါယောကိုပင် ရှုမှတ်ရမည်။

ဝါယောသည် ရုပ်ဓာတ်ဖြစ်သည်။

နာသီးဝမှာ လေတိုးသည်ကို ရှုမှတ်လျှင်လည်း လေ၊ နာသီးဝ၊ တိုး၊ ဤသုံးမျိုးမှ စရသည်။

ဗိုက်၏ ဖောင်းပိန်ကို ရှုမှတ်လျှင်လည်း လေကို ရှိုက်ရာမှ ဗိုက်၏ ဖောင်းပိန်ကို ရှုမှတ်ရသည်။ (ရှေ့မှာ ရှုမှတ်နည်း၏ အသေးစိတ်ကို ပြမည်။)

လက်၊ ခြေ ကွေးခြင်း၊ ဆန့်ခြင်း၊ ခေါင်းလှုပ်၊ ကိုယ်လှုပ်ခြင်း စသည်များမှာလည်း ဝါယောဓာတ်မှ ဖြစ်ပေါ်လာသော သဘောတရားများချည်းသာ ဖြစ်ကြောင်း သိနိုင်လေသည်။ ဤသည်များကိုလည်း သူ့အခန်းနှင့်သူ သက်ဆိုင်ရာ အခန်းကဏ္ဍများကို ရောက်မှ အသေးစိတ်ကို ပြမည်။

ဝါယောဓာတ်ကို ရှုတရားအနေဖြင့် ရှုမှတ်လိုသော ယောဂီပုဂ္ဂိုလ်များသည် မိမိတို့၏ ခန္ဓာကိုယ် လှုပ်ရှားခြင်းနှင့် ရွေ့လျားခြင်း စသည်ဖြင့် ရွေ့လျား၊ လှုပ်ရှားတိုင်း ရှုမှတ်နိုင်သည်။

ဤမျှလောက် အကျဉ်းသိထားလျှင် ဝါယောဓာတ်နှင့် ပတ်သက်၍ အထိုက်အလျောက် လုံလောက်ပေလိမ့်မည်။ ထို့ကြောင့် သည်လအတွက် တရားရှုမှတ်ပုံ အစီအစဉ်ကို စတင်တော့မည်။ အခြားလများတွင်လည်း တရားရှုမှတ်ပုံ ထည့်သွင်းပေးသွားရန်ကို စိတ်ကူးထားသည်။

## တရားရှုမှတ်ပုံ အစီအစဉ်

ဦးစွာ သီလဆောက်တည်ပါ။ ငါးပါး၊ ရှစ်ပါး စသော သီလအကျဉ်းမျှသော်လည်း ဆောက်တည်ပါ။

အကျဉ်းဆောက်တည်ပုံ – မြတ်စွာဘုရား ... တပည့်တော်သည် သံသရာမှ လွတ်ကြောင်းဖြစ်သော သရဏဂုံသုံးပါးနှင့်တကွ ငါးပါး(ရှစ်ပါး/ကိုးပါး) သီလတော်မြတ်တို့ကို ဆောက်တည်ပါ၏ ဘုရား။

ထို့နောက် ဘုရားရှိခိုးပါ။ အခြား ဘုရားရှိခိုးချိန်တွင် မိမိတို့ ကျက်မှတ်ကြည်ညို၍ ရှိသမျှကို ရှိခိုးလေ့ရှိကြသော်လည်း သည်အချိန်၌ တရားပွားများရန် အတွက်မျှသာဖြစ်၍ အကျဉ်းမျှသာ ဘုရားရှိခိုးရသောကြောင့် ဤ၌ နမောတဿသည် အသင့်လျော်ဆုံးပင် ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြု ကြည်ညိုပြီး နမောတဿကို သုံးခေါက် ရွတ်ဆိုပူဇော်လိုက်ပါ။

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (သုံးကြိမ်)**

ထို့နောက် မေတ္တာပို့ပါ။ မေတ္တာသည် အအေးဓာတ်ဖြစ်သောကြောင့် အရာတိုင်းတွင် အရေးတကြီး လိုအပ်ပေသည်။ တရားဘာဝနာ ဟူသည်မှာ စိတ်အလုပ်၊ ဉာဏ်အလုပ်ဖြစ်သောကြောင့် ပို၍ သာ၍ပင် လိုအပ်လေသည်။

## မေတ္တာပို့

၁။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

၂။ ဤကျောင်း (ဤ = ဓမ္မာရုံ၊ အိမ်၊ ဇရပ်၊ လှေ၊ သင်္ဘော၊ မော်တော်၊ ကား၊ ရထား၊ လေယာဉ်၊ မိမိတည်နေရာ အရပ်ကို ထည့်ဆိုရန်) ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ ဤရပ်ကွက် (မိမိနေသည့် ရပ်ကွက်၊ ရွာ၊ တောတောင် စသည်ကို ထည့်ဆိုရန်)၌ ရှိကြကုန်သော အားလုံးသောသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ ( )



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၄။ ဤမြို့နယ်အတွင်း၌ (ရောက်နေသည့် မြို့နယ်ကို ထည့်ဆိုရန်)ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ( ) မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၅။ ဤတိုင်း (မိမိရောက်နေသော တိုင်း/ပြည်နယ်များကို ထည့်ဆိုရန်)ရှိကြကုန်သော ( ) ရွက်ဆောင် နိုင်ကြပါစေ။

၆။ ဤနိုင်ငံ (မိမိရောက်/နေသော နိုင်ငံကို ထည့်ဆိုရန်)အတွင်း၌ ရှိကြကုန်သော ( )ရွက်ဆောင်နိုင်ကြပါစေ။

၇။ ကမ္ဘာအတွင်း၌ ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၈။ သုံးဆယ့်တစ်ဘုံအတွင်း၌ ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၉။ စကြဝဠာအတွင်း၌ ရှိကြကုန်သော ( ) ရွက်ဆောင်နိုင်ကြပါစေ။

၁၀။ စကြဝဠာအနန္တ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ် ရွက်ဆောင်နိုင်ကြပါစေ။

* * *

## စနစ်တကျ ထိုင်ပုံ

မိမိတို့ ကြိုက်နှစ်သက်သလို ထိုင်နိုင်သည်။ ဤစာရေးသူ၏ နည်းကား တင်ပျဉ်ခွေထိုင်ခြင်းပင် ဖြစ်သည်။

ဘယ်ခြေအောက်၊ ညာခြေအပေါ်၊ ဘယ်ဘက်ခြေဖဝါးအလယ်မှာ ညာဘက်ခြေဖဝါးကိုထား၊ ဘယ်ဘက်ပေါင်နှင့် ခြေသလုံးကြားမှာ ညာဘက်ခြေဖဝါးကိုထား။

ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မထိပ်ချင်း ထိထပ်ထား၊ ခါးကိုဆန့်ထုတ်ထား၊ ခေါင်း/မျက်နှာကို ကိုယ်နှင့် တစ်ဖြောင့်တည်းထား။

အကြောအားလုံးကို လျှော့ချလိုက် (ခါးကိုချခိုင်းခြင်း မဟုတ်၊ ခါး၊ ကိုယ်၊ လက်များကို တောင့်ထားမိမည်စိုး၍ အကြောများကို လျှော့ချစေခြင်းသာ ဖြစ်သည်။)

မျက်စိမှိတ်လိုက်၊ မျက်စိကျိန်းစပ်နေလျှင် မှိတ်ထားရင် လည်ပစ်လိုက်၊ ထို့နောက် ပြန်ငြိမ်ကြည့်၊ ကျိန်းသေးလျှင် လက်နှင့် ဖွဖွတို့ ပွတ်ပစ်လိုက်၊ ပြန်ငြိမ်ကြည့်၊ ထိုမှဖြင့်လည်း ကျိန်းနေသေးလျှင် ပြန်ဖွင့်ပစ်လိုက်။

မျက်တောင်များကို ခတ်ပြီး လေ့ကျင့်ပါ။ အဝေးအနီးများကိုကြည့်ပါ။ လိုအပ်လျှင် ဖွဖွတို့ပွတ်ပါ။ အလျင်တလို မလုပ်ပါနဲ့။ မှန်မှန်ဖြည်းဖြည်းလုပ်ပါ။ အလျင်စလိုလုပ်လျှင် သမာဓိပျက်တတ်သလို မျက်စိလည်း ပို၍ သာ၍ပင် ကျိန်းစပ်သွားတတ်သည်။

ထိုအခါ သာ၍ပင် အနှောင့်အယှက်ဖြစ်သွားတတ်သည်။ ထို့ကြောင့်သာလျှင် မလိုဘဲ ဖြည်းဖြည်း မှန်မှန်သာ ပြုလုပ်ရသည်။

ဤသည်မှာလည်း မလိုလျှင် မလုပ်။ လိုမှသာ ပြုလုပ်ရသည်။ မလိုလျှင် စနစ်တကျ ထိုင်ပြီးသည်နှင့် တရားတန်းပြီး ရှုမှတ်ရုံသာရှိသည်။

ကြိမ်ဖန်များစွာ အလေ့အကျင့်ပြုလုပ်လိုက်လျှင် မျက်စိလည်း မကြိမ်းတော့ပေ။ သို့ပါမှလည်း ချမ်းသာစွာဖြင့် တရားရှုမှတ်နိုင်မည် ဖြစ်သည်။

## စိတ်ကို ထိန်းချုပ်ပုံ

စိတ်ကို နှာသီးဝသို့ ပို့ပါ။ စိတ်သည် လျင်မြန်စွာ ပြန့်လွင့်နေသောကြောင့် နှာသီးဝသို့ ပို့လျှင်လည်း ပြန်၍ပင် ပြန့်လွင့်နေပေလိမ့်မည်။ လွင့်လျှင် ပြန်ပို့/လွင့်လျှင်ပြန်ပို့ ကြိမ်ဖန်များစွာ ပို့လေလျှင် စိတ်သည် တတ်စွမ်းသမျှဖြင့် နှာသီးဝမှာ ငြိမ်သက်လာပေလိမ့်မည်။

## ရှုမှတ်ပုံ

စိတ်,အတတ်နိုင်ဆုံး နှာဝသီးဝမှာ ငြိမ်သက်လာပြီးမှ လေတိုးသည်ကို စောင့်ကြည့်ပြီး သညာခွဲရမည်။

**“လေ–နှာသီးဝ–တိုး”**ဟု ဤသုံး မျိုးကို အဓိကအာရုံစိုက်ရမည်။

ဤသုံးမျိုးကို လိုသလောက် ရှုမှတ်ပြီးနောက် လေကိုလည်း အာရုံမစိုက်၊ နှာသီးဝကိုလည်း အာရုံမစိုက်တော့ဘဲ တိုးကိုသာ အဓိကထား အာရုံစိုက်ပြီး ရှုမှတ်ရမည်။

လေနှင့် နှာသီးဝသည် ပညတ်၊ တိုးသည် ပရမတ်၊ တရားရှုမှတ်ရာ၌ ပညတ်မပါရပေ။ ပညတ်ပါနေလျှ



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာ မစစ်၊ ဝိပဿနာ မစစ်လျှင် မဂ်ကိုလည်း မရနိုင်ပေ။

ဤ၌ ပရမတ် သတ်သတ် ရှုမှတ်နည်းကို ဤမျှသာ မှာထားဦး။ ဓာတ်ခန်းကို ရောက်မှ အကျယ်ကို ရှင်းပြမည်။

ဤစာရေးသူ တရားပြတိုင်းလည်း ဓာတ်ခန်း၊ ဓာတ်၏သဘောကိုသာ အဓိကကိုင်သည်။ ဓာတ်သဘောကို လူတိုင်းနီးပါး နားလည်လွယ်သောကြောင့် ဖြစ်သည်။

သထမမှတစ်ဆင့် သွားခြင်းလည်း မဟုတ်။ ဝိပဿနာကို ဒါရိုက်သွားပြီး ရှုမှတ်ခြင်းဖြစ်သည်။ "ခဏိကသမာဓိဝိနာ ဝိပဿနာသမ္ဘဝန္တိ"ဟု ဟောတော်မူသည်။

လယ်တီ၊ မဟာစည် စသော ဆရာတော်ဘုရားကြီးများကလည်း သမထမှာ အချိန်မကုန်ကြရန်၊ ဝိပဿနာကိုသာ တန်းပြီးရှုမှတ်ကြရန် ဆုံးမတော်မူခဲ့ကြသည်။

ညောင်လွန့်တောရ ဆရာတော်ဘုရားကြီးလည်း အာဟာရဓာတ် ဆုတ်ယုတ်လာသည့် ဤခေတ်၌ ဈာန်၊ အဘိညာဉ်ကို မရနိုင်တော့ဘူးဟု မိန့်တော်မူခဲ့ဖူးသည်။

အဘိညာဉ်သည် ဈာန်မှလာသည်။ ဈာန်သည် သမထမှ လာသည်။ သမထသည် သမာဓိနှင့် လာသည်။

ဤ၌ အကျဉ်းအားဖြင့် သမာဓိကို ဈာန်သမာဓိ၊ ဝိပဿနာသမာဓိဟု နှစ်မျိုးမျှ ခွဲကြည့်လိုသည်။

ဈာန်သမာဓိသည် အဆင့်မြင့်သည်။ စိတ်အပြင်သို့ မထွက်ဘဲ ကြာကြာစွဲ၍ တည်သည်။ တစ်နာရီ၊ တစ်ရက်၊ ထိုထက် ကြာကြာစွဲ၍တည်သည်။ ထို့ကြောင့် ဈာန်အဘိညာဉ်တိုင်အောင် ရရှိ၍ မြေလျှိုး မိုးပျံသည်အထိ အကျိုးတွေ့ရှုများသည်။

သို့သော်လည်း အာဟာရဓာတ် လျော့ကျလာသည့် ဤခေတ်၌ ဉာဏ်ပညာသည်လည်း ထုံထိုင်းလာသောကြောင့် (ပါရမီထူးသည့် ပုဂ္ဂိုလ်များကို ထား၍) ညောင်လွန့်တောရ ဆရာတော် မိန့်မှာတော်မူခဲ့သည့်အတိုင်း ဈာန်၊ အဘိညာဉ်ခေတ် မဟုတ်တော့။ ဈာန်၊ အဘိညာဉ် ရရန်လည်း မလွယ်ကူတော့ဘူးဟု ဆိုရမည်။

ထိုသို့သဘောရှိ၍ ဈာန်၊ အဘိညာဉ်ရရန် မလွယ်ကူတော့ဘူးဟု ဆိုရမည်ဖြစ်သည့်တိုင်အောင် ဝိပဿနာခေတ် ဟုတ်သေးသည်။ သာသနာတော်ကြီး မကုန်မချင်း ဝိပဿနာခေတ် ဟုတ်သေးသည်ဟု နားလည်နိုင်သည်။

(အထက်ပါ သမာဓိမှသည် ဈာန်၊ အဘိညာဉ်တိုင်အောင် အဆိုအမိန့် အားလုံးတို့သည်လည်း သာသနာတော်၌ နေတစ်ဆူ လတစ်ဆူန်း ဆိုဘိသို့ ထွန်းတောက်တော်မူကြကုန်သော ပရိယတ်၊ ပဋိပတ် သာသနာတော်ကြီးနှစ်ရပ်လုံး၌ ကျေးဇူးတော်ရှင်ကြီးများသာ ဖြစ်တော်မူကြသည်။)

ခဏိကသမာဓိသည် ဝိပဿနာသမာဓိသာ ဖြစ်သည်။ ဝိပဿနာသမာဓိသည် မဂ်သမာဓိဖြစ်သည်ဟုသာ နားလည်ရသည်။

အာနာပါန စသော သမာဓိကို အခြေခံသည့် ကျင့်စဉ်သည် ပါရမီရှင်ကြီးတို့၏ အလုပ်သာဖြစ်ကြောင်းကို လူပြန်တော် ပညာရှိ ဓမ္မစရိယ ဦးဌေးလှိုင်လည်း ဆိုခဲ့ဖူးသည်။ မြတ်စွာဘုရားရှင် စသော အမြင့်အမြတ် တုနှိုင်းရန် ကြီးမြတ်တော်မူကြသည့် ပုဂ္ဂိုလ်မြတ်တို့သည် သမာဓိ ဈာန်၊ အဘိညာဉ်လမ်းမှ နိဗ္ဗာန်ကို ကူးမြောက်တော်မူကြသည်။ ထိုလမ်း၊ ထိုကျင့်စဉ်ကိုလည်း ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ ကျင့်ကြံတော်မူသွားကြသည်ဟူ၏။

ငါတို့လို ခပ်ထူထူ အနိမ့်စားများမှာ အနိမ့်လမ်းမှသာ သွားသင့်လှသည်။ ကိုယ့်အဆင့်နှင့် ကိုယ့်လမ်းကို နားလည်ရသည်။ နားမလည်လျှင် အမြတ်နည်းတတ်သည်။

ထို့ကြောင့် ဆိုခဲ့သည့် စိတ်သည် တစ်ခဏမျှသာ တည်သည့် ခဏိကသမာဓိ၊ ဝိပဿနာသမာဓိ လမ်းစဉ်အတိုင်း လေ၊ နှာသီးဝ၊ တိုး ဤသုံးမျိုးကို စိုက်ကြည့်ပါ။ ထို့နောက် တစ်ခုပြီးတစ်ခု လေနှင့် နှာသီးဝတို့ကို ဖြည်းဖြည်းချင်း ပယ်သတ်၍ 'တိုး'တစ်မျိုးတည်းကို အချိန်ရနိုင်သမျှ ရှုမှတ်ကြရသည်။

***

ဤတွင် အထက်ပါအခန်းကို တရားရှုမှတ်၍ ပြီးပြီဟု မှတ်ယူရမည်။ တစ်ကြိမ်အနားပေးပြီဟုလည်း ဆိုနိုင်သည်။ သို့တည်းမဟုတ် တစ်ရက်တာ ရှုမှတ်ပြီးဟုလည်း မှတ်ယူနိုင်သည်။

ဤစာရေးသူ မိမိ၏ကျောင်းမှာ တရားပြသည် ဖြစ်စေ၊ အခြားရိပ်သာ စသည် တစ်နေရာရာမှ လာပင့်ကြ၍ဖြစ်စေ၊ ဤနည်းကိုသာ အခြေခံမှစ၍ ကိုင်သည်။

ဤစာရေးသူ ငယ်စဉ်ကပင် တရားလိုက်လာခဲ့ ရာ



www.burmeseclassic.com

www.burmeseclassic.com

ဤနည်းသည် တရားရလွယ်ဆုံးဟု နားလည်ထားသည်။ တရားနှင့် ပတ်သက်လျှင် မည်သည့်နေရာမှ လာပင့်ကြသည်ဖြစ်စေ လိုက်ပြီး ပြသပေးသည်။

ယခုလို ခြောက်သွေ့သော ရာသီ၌ တရားရှုမှတ်၍ အလွန်ကောင်းသည်။ တရားအပေါ်တွင် သာ၍ပင် အာရုံကျကာ ရှုမှတ်ရသည်မှာ သမာဓိပိုရလွယ်ပြီး ရှုရမှတ်ရ သက်သာလွယ်ကူသည်။

တရားရှုမှတ်ရာ၌ သက်သာလွယ်ကူသော နည်းကို ရှာရသည်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ စိတ်ထဲ၌ မွန်းကျပ်သော အဖြစ်မျိုးသည် တရားရှုမှတ်သော ယောဂီအား အနှောင့်အယှက်ကိုသာ ဖြစ်စေသည်။ ရပြီးသား သမာဓိ ပျက်ကာ ရှုမှတ်နေကျဖြစ်သော တရားသို့လည်း အာရုံကျရန် ခဲယဉ်းလေသည်။

တချို့ယောဂီများမှာ မှားမှားယွင်းယွင်း ဆင်းရဲစွာဖြင့် ကျင့်ကြံပွားများ ရှုမှတ်ရသည်ကို ကြိုက်နှစ်သက်နေတတ်သည်။ ဆင်းရဲစွာ ကျင့်ကြံပွားများရှုမှတ်ပါက တရားရမည်ဟုလည်း မှတ်ယူနေတတ်သည်။ ထိုကဲ့သို့ မှားယွင်းခြင်း မဖြစ်စေရန် အထူးပင် ဆင်ခြင်သင့်လှသည်။

## နိဂုံးမေတ္တာပို့

တရားရှုမှတ်ပြီးလျှင် မေတ္တာပို့ရဦးမည်။ ဤ၌ကား မေတ္တာပို့ကို ကျုံ့လိုက်ပြီ။

၁။ မြေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ ရေ၌ရှိကြကုန်သော -----

၃။ လေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဤမေတ္တာပို့သည်လည်း တိုကျဉ်းသည့်တိုင်အောင် ထိမိလှသည်။ သုံးဆယ့်တစ်ဘုံ ခြုံမိ၊ ငုံမိသည်။

ပြည့်စုံစွာဖြင့် ဖြည့်စွက်၍ ထည့်ဆိုလိုပါမူကား

၁။ မြေ၌ ရှိကြကုန်သော/မြေဓာတ်ရှိကြကုန်သော ...

၂။ ရေ၌ ရှိကြကုန်သော/ရေဓာတ်ရှိကြကုန်သော ...

၃။ လေ၌ရှိကြကုန်သော/လေဓာတ်ရှိကြကုန်သော ...ဟူ၍လည်း ဆိုနိုင်သည်။

သတ္တဝါမှန်လျှင် မြေမှာနေသည်ဖြစ်စေ၊ ရေမှာနေသည်ဖြစ်စေ၊ လေမှာ (ပြန့်ဝဲ)နေသည်ဖြစ်စေ၊ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ် သတ္တဝါတိုင်းမှာပင် ရှိကြမြဲ ဖြစ်သည်။ ထို့ကြောင့် ဤမေတ္တာပို့နည်းသည်လည်း သုံးဆယ့်တစ်ဘုံ သတ္တဝါအားလုံးကိုပင် ခြုံမိ၊ ငုံမိလေသည်။

ဤစာရေးသူ တရားပြတိုင်း၊ တရားတစ်ကြိမ် ထိုင်တိုင်း ဤကဲ့သို့ မေတ္တာပို့ကို ရှေ့နောက် နှစ်ကြိမ် ပို့ပေးလေ့ရှိသည်။

တရားကို ထိုင်ပြီး ရှုမှတ်ရာ၌ မေတ္တာကို နှစ်ကြိမ်တိုင်တိုင် ပို့ပေးနေလျှင် တရားထိုင်ခြင်းကို မထိခိုက်ဘူးလား။ အချိန် ပိုပြီး မကုန်ဘူးလားဟု မေးဖွယ်ရှိသည်။

ထိုအမေးသည် မှန်သော်လည်း အအေးဓာတ်ဖြစ်သော မေတ္တာကို သာ၍ ဦးစားပေးလိုသောကြောင့်ဟု ဆိုလိုက်ရသည်။

ဤမေတ္တာဓာတ်ကိုပင် ဝိပဿနာသို့ တင်ရှု၍ရသည်ကိုလည်း နောင်အလျဉ်းသင့်လျှင် ရေးဦးမည်။

## နိဂုံး

ယနေ့တိုင်အောင် ပြုလုပ်ရသော အားထုတ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ အမျှ အမျှ ပေးဝေပေပါကုန်၏။ အမျှရ၍ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

*(ဆက်ရန် ...)*

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ပိဋကတ်ထဲမှ ဂမ္ဘီရ (၄)

■ သကျဝံသ

## လူတို့၏အနံ့

မိမိတို့ လူသားများ၏ အနံ့အသက်သည် အင်မတန်မှပင် နံလှသည်။ အချို့သူများ၏ ကိုယ်နံ့သည် မခံနိုင်လောက်အောင် နံလွန်းလှသကဲ့သို့ အချို့သည်လည်း လက်ပတ်စော်နံလွန်းလှ၏။ ရုံးဆင်းချိန် ကားတိုးစီးရသည့် အခါများတွင် ချွေးနံ့နံလွန်းသည်ကလည်း အသက်ရှုကျပ်မတတ်ပင် အခံရဆိုးလွန်းလှ၏။ ဤမျှ အနံ့ဆိုးလှသည့် လူတို့၏ အနံ့ကို နတ်တို့မခံနိုင်ဟု ဆိုကြ၏။

လူတို့၏ မကောင်းသော အနံ့သည် နတ်တို့အား ယူဇနာတစ်ရာခန့်ကပင် နံစော်ကြောင်း ကျမ်းဂန်တို့ ပြဆိုထားကြသည်။ တစ်ယူဇနာကို ရှစ်မိုင်နှုန်းဖြင့် တွက်ကြည့်ပါက မိုင် ၈၀၀ ခန့်ကပင် လူစော်နံ၏။ အဋ္ဌကထာ၌ ယူဇနာတစ်ရာအဝေးက လူနံ့သည် နတ်တို့အတွက် လည်ပင်းတွင် အကောင်ပုပ် ဆွဲထားသကဲ့သို့ ပုပ်စော်နံသည့်အကြောင်း ဖွင့်ဆိုထားသည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ-၁၇၅)

## ဇေတမင်းသား၏ ကုသိုလ်စာရင်း

ဇေတမင်းသားသည် ဇေတဝန်ကျောင်းတော် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရာ၌ သူပိုင်ဆိုင်သည့် ဇေတဝန်ဥယျာဉ်တော် ရောင်းရငွေ ၁၈ ကုဋေနှင့် ကုဋေများစွာ တန်ဖိုးရှိသစ်ပင်တို့ကို ကုသိုလ်တော် ပါဝင်လှူဒါန်းခဲ့သည်။ မုခ်ဦးပြာသာဒ်ဆောက်ရာ၌ ငွေ ၁၈ ကုဋေကုန်သည်ဟု ဆိုသဖြင့် မုခ်ဦးပြာသာဒ် လေးမျက်နှာ လေးဆောင်နှင့်တကွ မုခ်ဦးဆောင်တန်းများ စကြံ့န်များနှင့်တကွ သမံတလင်းပါ ခင်းလှူခြင်းဖြစ်သည်ဟု မှတ်ယူရမည့်အကြောင်း ကျမ်းတတ်အကျော်ဆရာတော်တို့ မိန့်တော်မူကြလေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ဋ္ဌ၊ ပ၊ သမ္မာသဝသုတ်၊ နှာ-၆၃)

## ဘုရားရှင်အား ဇေတဝန်ကျောင်းတော်သို့ ပင့်ဆောင်ပုံ

အနာထပိဏ် ဂုဏ်သိန်ပျံ့မွှေး သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးသည့်အခါ ကျောင်း လှူတ်သဘင် ဆင်ယင်ကျင်းပရန် စီမံလျက် ရာဇဂြိုဟ်မြို့မှ မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတော်သို့ ပင့်ဆောင်တော်မူလေသည်။ ကျောင်းတော်သို့ပင့်သည့် အခမ်းအနားသည်ကား -

၁။ သူဌေးကြီး၏သားကြီးသည် လုလင်ပျိုငါးရာ ခြံရံလျက် အဝတ်အစားအသစ်တို့ကို ဝတ်ဆင်၏။ အပြာ၊ အဝါ၊ အနီ၊ အစိမ်း၊ အဖြူ အရောင်ငါးမျိုးရှိသည့် အလံတံခွန်တို့ကို ကိုင်ဆောင်ပြီး ရှေ့ဆုံးမှ သွားရသည်။

၂။ ထိုလူပျို ငါးရာတို့နောက်မှ သူဌေးကြီး၏သမီးအကြီးဆုံး မဟာသုဘဒ္ဒါ၊ သမီးလတ် စူဠသုဘဒ္ဒါ၊ သမီးငယ် သုမနာ ဦးဆောင်သည့် အပျိုစင်ငါးရာတို့သည် လှပစွာ တန်ဆာဆင်၍ ကြာပန်းများစိုက်ထားသည့် ရေမြူတာအိုးတို့ ကိုင်ဆောင်၍ စီတန်းကာ လိုက်ကြရသည်။

၃။ အပျိုတော်ငါးရာတို့နောက်မှ ဆက်၍ ခံ့ညားစွာ ဝတ်စားဆင်ယင်ထားကြသော သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီ ဦးဆောင်သည့် သူဌေးကတော်၊ မင်းကတော်၊ ပွဲစားကတော် ငါးရာတို့သည် ပန်းအပြည့် စိုက်ထားသည့် ရွှေခွက်တို့ကို ကိုင်ဆောင်လိုက်ပါကြကုန်သည်။

၄။ သူဌေးကတော်တို့ နောက်မှဆက်၍ အနာထပိဏ် သူဌေးကြီး အမှူးရှိသော မင်းသူဌေး သူကြွယ် ကုန်သည်ပွဲစားကြီး ငါးရာတို့သည် အဝတ်သစ်တို့ကို ဝတ်ဆင်လျက် ခံ့ညားငြိမ်သက်စွာ သွားကြသည်။

ထိုသူဌေးကြီးတို့နောက်မှ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ကို ကွန့်မြူးထွက်ကြွစေလျက် သံဃာတော်အပေါင်း ခြံရံကာ ကြွတော်မူလေသည်။ လာရောက်



www.burmeseclassic.com

ကြည့်ရှု ပူဇော်ကြကုန်သော သာဝတ္ထိမြို့နှင့်တကွ ပတ်ဝန်းကျင်မြို့ ရွာများမှ လူအပေါင်းကား တိုးမပေါက်နိုင်အောင်ပင် စည်ကားလှချေ၏။ ဤသို့လျှင် သာဝတ္ထိမြို့တော် တောင်တံခါးမှ ဇေတဝန်ကျောင်းတော်အထိ အလွန်စည်ကားခမ်းနားစွာ ကျောင်းတော်သို့ ဘုရားရှင်နှင့်တကွ သံဃာတော်တို့ကို ပင့်ဆောင်တော်မူခဲ့ကြလေသည်။

ဤအကြောင်းအရာကို ဖတ်ရှုကြရကုန်သော ဓမ္မစာပေဖတ် ပရိသတ်တို့သည် မိမိတို့၏ ဟဒယဝတ္ထုတည်းဟူသော နှလုံးသားစ်အိမ်အတွင်းဝယ် သဒ္ဓါပီတိ၊ သောမနဿ၊ စေတနာ ဆေးရောင်စုံကိုဖြင့် ကုသိုလ်ပန်းချီကားကို ရေးဆွဲကာ အမြဲတမ်း ချိတ်ထားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါ၏။ ဤသည်မှာ ဇေတဝန်ကျောင်းဒါယကာ သူဌေးကြီး မြတ်စွာဘုရားအား ကျောင်းတော်သို့ ပင့်ဆောင်ပုံ အခမ်းအနားပင် ဖြစ်တော့သည်။ (ဇာတက၊ ဋ္ဌ၊ ပ၊ နှာ-၁၀၁)

**ကွမ်းစားသည့် ဓလေ့ထုံးစံအကြောင်း**

မိမိတို့ မြန်မာလူမျိုးများတွင် ရှေးပဝေသဏီ ပုဂံခေတ်ကတည်းကပင် ကွမ်းစားခြင်း(ကွမ်းဓလေ့)ထုံးတမ်းစဉ်လာ ရှိခဲ့ကြ၏။ ဤသို့ဆိုလျှင် ဘုရားရှင်လက်ထက်တော်၌ လည်း ဧည့်သည်တို့အား ကွမ်းဖြင့် ဧည့်ဝတ်ပြုခြင်း၊ ကွမ်းစားခြင်း ဓလေ့ ရှိပါသလော။

ဘုရားရှင်သည် ခြောက်ဝါအရ မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့အား နှိမ်နင်းရန် အလို့ငှာ ယမိုက်ပြာဋိဟာ တန်ခိုးတော်ကို ပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်တွင် သတ္တမဝါဆိုတော်မူ၍ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။

ရေမီးအစုံ ယမိုက်ပြာဋိဟာ တန်ခိုးတော်ကို ဖူးမြော်ခွင့်ရကြသည့် ပရိသတ်တို့သည် ဘုရားရှင်အား မဖူးရဘဲ မပြန်တော့ဟု ဆုံးဖြတ်လျက် ထိုနေရာမှာပင် ယာယီတဲများဆောက်၍ နေကြသည်။ အနာထပိဏ်သူဌေးသည် ထိုပရိသတ်တို့အား ဝါတွင်းသုံးလပတ်လုံး အစားအသောက်ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က တရားဟောပြ၏။ စူဠအနာထပိဏ်သူဌေးသည် အစစအရာရာ လိုသည်ဟု မရှိရစေရန် ယာဂု၊ ထမင်း၊ မုန့်၊ ခဲဖွယ်၊ ကွမ်း၊ ဆီ၊ နံ့သာ၊ ပန်းနံ့သာကို ဝေငှပေးလေသည်။

ကွမ်းပေးသည်ဟု ပါသောကြောင့် ဘုရားရှင်လက်ထက်တော်ကတည်းကပင် ကွမ်းစားခြင်း ကွမ်းဓလေ့ရှိကြောင်း မှတ်သားသင့်၏။ မဟောသဓာဇာတ်တော်၌ အလောင်းတော် မဟာသဓာသည် အမရာအတွက် ငွေတစ်ထောင်နှင့်အတူ ဝတ်စုံကို ကွမ်းအစ်ထဲထည့်ယူလာကြောင်း ဆို၏။ ထို့ပြင် မဟာသီလဝဇာတ်၌လည်းကောင်း၊ ဗကရာဇဝင်၌လည်းကောင်း နံ့သာငါးမျိုးပါဝင်သည့် ကွမ်းဆက်သသည့်အကြောင်းတို့ကို ထောက်ဆ၍ ရှေးကျသော ကာလကပင် ကွမ်းဓလေ့ရှိကြောင်း သိရှိမှတ်သားရ၏။

ထို့ပြင် ကမ္ဘာဦး အခါကာလမှစ၍ လူ့ယဉ်ကျေးမှုအဆက်ဆက်ထိပင် သူငယ်တို့အား ကွမ်းခွံ့ခြင်းမင်္ဂလာ အပါအဝင် မင်္ဂလာ ၁၂ ပါးတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရှိမှတ်သားသင့်တော့သည်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ-၁၄၂) (ဇာ၊ ဋ္ဌ၊ နှာ-၂၀၇) (ဇာ၊ ဋ္ဌ၊ ပ၊ ၂၇၃) (ဇာ၊ ဋ္ဌ၊ တ၊ နှာ-၃၄၁)

ဘာသာရေးဗဟုသုတ ကြွယ်ဝကြပါစေ။

**သကျဝံသ**



www.burmeseclassic.com


# အင်္ဂါဂြိုဟ်၏ ဗီဇပုံရိပ်


■ ဂုရုအောင်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသို့ နိုင်ငံတော်အစိုးရက လာမည့် ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းပေးမည်ဟူသော သတင်းထူးကို ကြားသိလိုက်ရသည်။ ကျွန်ုပ်သည် ၎င်းသတင်းထူးနှင့်ပတ်သက်သည့် ကိစ္စကို နက္ခတ်ဗေဒင်ပညာ နှစ်ပတ်လည်ဇာတာ တွက်ယူ၍ သုံးသပ်ကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။ သို့ရာတွင် ရေးလက်စ စာများကို ဆက်၍ ရေးနေပါသဖြင့် မတွက်ဖြစ်ခဲ့ပါပေ။

ဤတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ တိုက်ပွဲများ မထင်မှတ်ဘဲ ဖြစ်ပေါ်ခဲ့ပေရာ ထိုတိုက်ပွဲများကို အကြောင်းပြု၍ ၎င်းနိုဝင်ဘာလထဲမှာပင် မတွက်ဖြစ်ခဲ့သည့် နှစ်ပတ်လည်ဇာတာကို တွက်ယူဖြစ်ခဲ့ပါသည်။ ၎င်းဇာတာ တွက်ယူပုံကိုလည်း မူလလွတ်လပ်ဇာတာနှင့် ယှဉ်တွဲပြီး ဖော်ပြပေးလိုက်ပါသည်။

တွက်ယူပုံမှာ ခရစ်သက္ကရာဇ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ တနင်္ဂနွေနေ့၊ နံနက်စက် ၄ နာရီ ၂၀ မိနစ်တို့အရ၊ လွတ်လပ်ရေးဇာတာ တနင်္ဂနွေဂြိုဟ် ဓနုရာသီ ၁၉ အံသာ၊ ၁၈ လိတ္တာပေါ်သို့ ကောဇာတနင်္ဂနွေဂြိုဟ်သည် ရာသီ-အံသာ-လိတ္တာတို့နှင့် ထပ်တူစီးနင်းရပ်တည်ခိုက် ကြုံစဉ်ဖြစ်သော ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ တနင်္လာနေ့၊ မွန်းလွဲစက် ၂ နာရီ ၂၅ မိနစ်တို့အရ တွက်ယူရရှိအပ်သော(SOLAR RETURN) (ခေါ်) နှစ်ပတ်လည်ဇာတာ






www.burmeseclassic.com

www.burmeseclassic.com

တွင်အခါ လက်သည် ပြိဿရာသီ ၃ အံသာ၊ ၁၄ လိတ္တာ၌ ကြတ္တိကာနက္ခတ် ဒုတိယပါဒ်ကို စီးလျက် ထွက်ပေါ်ရပ်တည်၍နေပါသည်။

ထို့နောက် ကျွန်ုပ်သည် နှစ်ပတ်လည်ဇာတာနှင့် လွှတ်လပ်ရေးဇာတာတို့ကို ယှဉ်တွဲ၍ လေ့လာသုံးသပ်နေစဉ်မှာပင် ကျွန်ုပ်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေကြီး ရောက်လာပါသဖြင့် "လာဗျို့ ဦးသိန်းထိုက်၊ ထိုင်လေဗျာ"ဟု နှုတ်ဆက်ကြိုဆိုခါ နေရာပေးလိုက်ပါသည်။ ၎င်းကလည်း "နေကောင်းပါတယ်ဗျာ။ ဆရာလည်း နေကောင်းတယ်နော်။ ဘာတွေများ လုပ်နေပါသလဲဗျ"ဟု ပြန်လည်နှုတ်ဆက်မေမြန်းကာ အလုပ်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်ုပ်ကလည်း နေကောင်းပါတယ်ဗျာ။ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာ ဖြစ်နေကြတဲ့ တိုက်ပွဲတွေအကြောင်းကို သိချင်တာနဲ့ နှစ်ပတ်လည်ဇာတာနဲ့ လွှတ်လပ်ရေးဇာတာတွေကို ယှဉ်တွဲပြီး လေ့လာသုံးသပ်ကြည့်နေတာပါ"ဟု ပြောပြလိုက်ရာ ၎င်းက "အတော်ပဲဆရာ၊ ကျွန်တော်လည်း အဲဒီအကြောင်းတွေကို သိချင်လို့ လာခဲ့တာပါ။ တိုက်ဆိုင်လိုက်တာဗျာ။ အဲဒီတော့ ဆရာ့ရဲ့လေ့လာသုံးသပ်ချက်နဲ့ တွေ့ရှိချက်တွေကို ကျွန်တော့်ကိုလည်း ရှင်းပြပေးပါလားဗျာ။ သိသွားချင်လို့ပါ"ဟု တောင်းဆိုလေတော့ရာ ကျွန်ုပ်ကလည်း ကောင်းပါပြီဗျာဟု ကတိပေးပြီး နှစ်ပတ်လည်ဇာတာနှင့် လွှတ်လပ်ရေးဇာတာတို့ကို သင်ပုန်းကြီး(Blackboard)တွင် ကူးရေးခါ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းပြပေးလိုက်ပါသည်။

ဒီမှာကြည့်ဗျာ။ ကောဇာနှစ်ပတ်လည်ဇာတာရဲ့ လက်နဲ့ မူလလွှတ်လပ်ရေးဇာတာရဲ့ လက်တို့ဟာ အချင်းချင်း သမသတ်(ကိန်းယှက်)အားဖြင့် ဆက်သွယ်ပြီး ရပ်တည်နေကြပါတယ်။ နိုင်ငံရေးဗေဒင်အရ လက်ရဲ့သဘာဝက ပြည်တွင်းရေးကိစ္စများနဲ့ နိုင်ငံတော်ရဲ့ အခြေအနေများကို သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ ထူးခြားတဲ့ အပြောင်းအလဲမျိုးကြီး ဖြစ်ပေါ်လာနိုင်ကြောင်းကို ညွှန်ပြနေပါတယ်။ ဂြိုဟ်ပြင်များအနေနဲ့ကတော့ နှစ်ပတ်လည်ဇာတာမှာ ပြိဿရာသီလက်ကို ထိုလက်ရဲ့ အိမ်ရှင်ဂြိုဟ်သောကြာနဲ့အတူ စနေဂြိုဟ်ကပါ သမသတ်မြင်ရှိ၍ နေကြသလို အင်္ဂါဂြိုဟ်ကလည်း (ဂ တန့်အထူးအမြင်)နဲ့ မြင်နေပါသေးတယ်။ အဲဒီဂြိုဟ်မြင်တွေရဲ့ အကျိုးပေးသက်ရောက်ပုံများကိုလည်း ဂြိုဟ်တစ်ခွင်ချင်းစီ အစီရင်ခံသည့် ရာသီဘာဝအခြေအနေများနှင့် ပေါင်းစပ်ပြီး ရှင်းပြပေးသွားပါဦးမယ်။

× × ×

နှစ်ပတ်လည်ဇာတာမှာ ပြိဿရာသီလက်ရဲ့ အိမ်ရှင်ဂြိုဟ် သောကြာက လွှတ်လပ်ရေးဇာတာ ဗြိစ္ဆာရာသီလက်ပေါ်စီးပြီး ကောဇာလဂ်သို့ သမသတ်မြင်ရှိနေတာက နိုင်ငံသူနိုင်ငံသားတို့သည် ရွှင်လန်းသာယာနေခြင်းနှင့်အတူ အိပ်ပျော်စားဝင် ရှိနေကြလိမ့်မည်ဖြစ်သည်ကိုလည်းကောင်း၊ အဲဒီသောကြာဂြိုဟ်နှင့် ပူးနေသည့် စနေဂြိုဟ်ကတော့ မြင်းပြေးခွေးကန့်လန့်လုပ်သလိုမျိုး အနှောင့်အယှက်ပေးလိမ့်ဦးမှာဖြစ်ပြီး အများအားဖြင့် အလုပ်သွားပြဿနာများ။ သတ္တုတွင်းနှင့် သစ်တောပစ္စည်း ထုတ်လုပ်မှုပြဿနာများ။ မြေယာပိုင်ဆိုင်မှုများနှင့် သက်ဆိုင်သည့် ပြဿနာများ။ စသည်တို့ကို တွေ့ကြုံစေနိုင်သေးသည်ကိုလည်းကောင်း၊ တစ်ဖန် အင်္ဂါဂြိုဟ်ကလည်း ပြည်သူပြည်သားများနှင့် နိုင်ငံရေးအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် တနင်္လာဂြိုဟ်နှင့် ပူးယှဉ်နေသေးသဖြင့် စစ်ရေးရာဇဝတ်မှုများ၊ စစ်မက်ဆိုင်ရာ သူလျှိုများနှင့် စစ်လက်နက်ကိုင် အဖွဲ့အစည်းများ၏ အနှောင့်အယှက်ပေးမှုများကိုလည်း တွေ့ကြုံစေနိုင်သည်ကိုလည်းကောင်း၊ ထို့ပြင် ၎င်းအင်္ဂါဂြိုဟ်သည် ကမ္ဘာ့ကိတ်စွဲရာသီ နိုင်ငံများအရ တူရာသီ မြန်မာနိုင်ငံပေါ်သို့စီးပြီး မြင့်နေသေးတာကတော့ "စစ်ပွဲတစ်မျိုးမျိုး"ပင် ဖြစ်ပေါ်လာနိုင်သေးသည်ကိုလည်းကောင်း။ သို့ရာတွင် ယင်းအင်္ဂါဂြိုဟ်သည် အာရီဘာဝတွင် ရပ်တည်၍နေသလို တနင်္လာဂြိုဟ်နှင့်ပူးပြီး စန္ဒမင်္ဂလယုဂ်အထူးကိုလည်း ရရှိနေပြန်သေးသဖြင့် စစ်ရေးအရ တိုက်ခိုက်မှုတစ်မျိုးမျိုးကို တွေ့ကြုံရသည့်တိုင်အောင် စစ်ရေးစစ်ရာပညာတွင် ကျွမ်းကျင်လိမ္မာမှု အရည်အချင်းများဖြင့် အသာစီးရပြီး အောင်မြင်မှုများကိုပင် ရရှိနေလိမ့်ဦးမည်ဖြစ်သည်ကိုလည်းကောင်း အသီးသီး ညွှန်ပြလျက်ရှိနေကြပါသည်။

× × ×

ထို့ပြင်လည်း ဖော်ပြထားသည့် အနှောင့်အယှက်ပေးနိုင်မှုတို့ကို အောင်မြင်စေနိုင်သည့် ကျောထောက်နောက်ခံဂြိုဟ်ပြင်နက္ခတ်များလည်း ပါရှိနေပါသေးတယ်။ အဲဒါတွေသိ



www.burmeseclassic.com

www.burmeseclassic.com

တော့ ကောဇာ ပြိဿရာသီလက်သည် ကြတ္တိကာနက္ခတ်ကိုစီး၍ ထွက်ပေါ်နေပါတယ်။ ၎င်းနက္ခတ်ကို တနင်္ဂနွေဂြိုဟ်က စိုးပိုင်ထားပါတယ်။ ၎င်းတနင်္ဂနွေသည်လည်း မူလ လွတ်လပ်ရေးဇာတာမှာရှိသည့် ဓနုရာသီ တနင်္ဂနွေဂြိုဟ်ပေါ်တွင် စီးနင်းရပ်တည်၍ နေပါတယ်။ အထူးသဖြင့်ကတော့ အဲဒီ တနင်္ဂနွေဂြိုဟ်ကို သောမဂြိုဟ်ကြီး ကြာသပတေးက သိဟ်ရာသီမှ ၅ တန့် တြိကောဏအမြင်နှင့် ဆက်သွယ်မြင်ရှိ၍ နေပါတယ်။ ၎င်းပြင် ယင်းဂြိုဟ် ၂ လုံး (တနင်္ဂနွေနှင့် ကြာသပတေး)တို့သည် ရာသီစက်ဇာတာမှာရော၊ ဘာဝစက်ဇာတာမှာပါ အချင်းချင်း တြိကောဏများအားဖြင့် ဆက်သွယ်ရပ်တည်၍နေကြပါသေးတယ်။ အဖြေကတော့ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ရသည့် နိုင်ငံအကြီးအကဲတို့သည် မည်ကဲ့သို့သော စိန်ခေါ်မှု အနှောင့်အယှက်မျိုးကိုမဆို ဉာဏ်ပညာကို အသုံးပြုရသည့် အကြံကောင်းဉာဏ်ကောင်းများဖြင့် ကျော်လွှားအောင်မြင်နိုင်လိမ့်မည်ဖြစ်ကိုလည်း ညွှန်ပြလျက် ရှိနေပြန်ပါသေးသည်။

× × ×

အခု ဖော်ပြပေးခဲ့တာတွေကတော့ ၂၀၁၆ ခုနှစ်ထဲမှာ နိုင်ငံတော်အနေနဲ့ ယေဘုယျအားဖြင့် ကြုံတွေ့ရတတ်သည့် ဂြိုဟ်စီးဂြိုဟ်မြင်ဟောကိန်းများ ဖြစ်ကြပါတယ်ဗျာ။ အဲဒီ ဟောကိန်းတွေကိုလည်း မူလ လွတ်လပ်ရေးဇာတာ၏ ဒသာ စံနစ်နှင့် ပေါင်းစပ်ပြီး ညှိနှိုင်းသုံးသပ်ရဦးမှာဖြစ်သည့် အတွက် ဒသာကာလကို တွက်ကြည့်သည့်အခါ ဗုဒ္ဓဟူး ဂြိုဟ်ထူလဒသာ စားနေတာကို တွေ့ရပါတယ်။ ကာလအားဖြင့် ခရစ်သက္ကရာဇ် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ် ဧပြီလ ၁ ရက်ကစပြီး လာမည့် ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ၁၇ နှစ် ကြာပါတယ်။ အဲဒီကာလပိုင်းကြီးထဲမှာ နိုင်ငံတော်အနေနှင့် ရောင်းမှုဝယ်မှု ကိစ္စမျိုးတွေမှာဖြစ်စေ ငွေကြေးအခွန်ဘဏ္ဍာကိစ္စမျိုးတွေမှာဖြစ်စေ အားလုံးကောင်းပါသည်လို့ မှတ်ချက်မပြုနိုင်သေးဘူးဗျ။ ဘာ့ကြောင့်မည်ဆိုတော့ ယင်းကိစ္စများနှင့် သက်ဆိုင်သော အာဏာပိုင်ပုဂ္ဂိုလ်တွေရဲ့ အရိန္ဒြိဇာအသုံးပြုမှုတွေက သံတမန်ကဲ့သို့သော သတင်းပေး သတင်းယူ အခြေအနေမျိုးတွေမှာ အားနည်းချက်များ ရှိနေသေးတာကြောင့်လို့ ကောက်ချက်ချနိုင်ပါ

တယ်ဗျာ။

အထူးသဖြင့် အဲဒီ ထူလဒသာဗုဒ္ဓဟူးဂြိုဟ်သည် ယခု ကောဇာဖြစ်သည့် နှစ်ပတ်လည်ဇာတာမှာ ပြိဿရာသီလက်မှ သုဘာဘာဝကျသည့် မကာရရာသီတွင် ရပ်တည်၍ နေသည်ကို ပါပဂြိုဟ်များဖြစ်ကြသည့် အင်္ဂါနှင့် စနေတို့က အထူးအမြင်များနှင့် အသီးသီး ဆက်သွယ်မြင်ရှိနေကြတာတွေကိုလည်း မှတ်သားထားရပါဦးမည်။ အနီးကပ်ဖြစ်သည့် အန္တရဒသာအင်္ဂါဂြိုဟ်၏ ဒသာကာလကတော့ (၁-၁၀-၂၀၁၅ မှ ၂၇-၉-၂၀၁၆ ထ ၁ နှစ်ခန့်)ဖြစ်ပါတယ်။ ၎င်းအင်္ဂါဂြိုဟ်သည် မူလ လွတ်လပ်ရေးဇာတာမှာရော၊ ကောဇာ နှစ်ပတ်လည်ဇာတာမှာပါ တနုဘာဝဖြစ်သည့် လဂ်တွေနှင့် အသီးသီး ဆက်သွယ်ရပ်တည်လျက် ရှိနေကြပါသေးတယ်။ အဖြေကတော့ ထူးခြားသည့် စစ်ပွဲတစ်မျိုးမျိုးသည် အခု ၂၀၁၆ ခုနှစ်ထဲမှာ ဖြစ်ပေါ်လာနိုင်သည်ဟု ကောက်ချက်ချလို့ ရပါတယ်ခင်ဗျာ။

× × ×

ဒါပေမယ့် အဲဒီစစ်ပွဲတွေက အင်္ဂါဂြိုဟ်၏ အန္တရဒသာ ကာလထဲမှာမဟုတ်ဘဲ ရာဟုဂြိုဟ်၏ အန္တရဒသာ ကာလထဲ ဝင်ဦးစဖြစ်သည့် အောက်တိုဘာလ၊ ၉ ရက်နေ့နှင့် နိုဝင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်နေ့တို့မှာ ရခိုင်ပြည်နယ် မောင်တောခရိုင်မှာလည်းကောင်း၊ တစ်ဖန် အဲဒီနိုဝင်ဘာလ ၂၀ ရက်နေ့မှာဘဲ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့တို့မှာလည်းကောင်း သူပုန်အဖွဲ့တွေက အလစ်အငိုက်ယူပြီး အမှတ်မထင် ဝင်ရောက်တိုက်ခိုက်ကြတာတွေကို တွေ့ရပါတယ်။ အဲဒီရာဟုဂြိုဟ်သည်လည်း မူလ လွတ်လပ်ရေးဇာတာမှာ အင်္ဂါဂြိုဟ်က စိုးပိုင်သည့် မိဿရာသီမှာ ရပ်တည်နေတာကြောင့်လည်း အန္တရဒသာ အင်္ဂါဂြိုဟ်ရဲ့ကိုယ်စား အကျိုးပေးသွားတာလို့ မှတ်ယူနိုင်ပါသေးတယ်ဗျာ။ အဲဒီဟောကိန်းတွေကို ဝေဒဥပဒေသအရ နိုင်ငံတော်အစိုးရအဖွဲ့ ပဲ့ကိုင်ပုဂ္ဂိုလ်ကြီးရဲ့ ဇာတာနှင့်ပါ ပေါင်းစပ်ပြီး သုံးသပ်ပြပါဦးမယ်။

× × ×

၎င်းပုဂ္ဂိုလ်ကြီးရဲ့ ဖွားဇာတာ ရာသီစက်မှာ ဇာတာရှင်ရဲ့ ကိုယ်ပွားအမှတ် လဂ်က ဓနုရာသီမှာ ပြုပွဲသင့်နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com

ပထမပါဒ်ကိုစီး၍ ထွက်ပေါက်ရပ်တည်နေပါတယ်။ ၎င်းလက်၏ အိမ်ရှင်ဂြိုဟ် "ကြာသပတေး"ကလည်း သုဘဘာဝဖြစ်သည့် သိဟ်ရာသီတွင် ပြုပ္ပါဘရဂုဏ္ဏီနက္ခတ်ကိုစီး၍ ရပ်တည်ကာ အဲဒီ တနဘာဝဖြစ်သည့် လဂ်ကို ၅ တန့် အထူးမြင်နှင့် ပြန်လည်မြင်ရှိလျက် ရှိနေပါသေးတယ်။ ဤအချက်ကတော့ လဂ်ရဲ့ အားဗလကောင်းနေတာကို ဖော်ပြနေပါတယ်။ တစ်ဖန် ၎င်းကြာသပတေးဂြိုဟ်ကြီးက မိဿရာသီ=ပုတြဘာဝမှာ ရှိနေကြသည့် စစ်လက်နက် ဂြိုဟ်အင်္ဂါနှင့် အနပညာဂြိုဟ်သောကြာတို့ကိုလည်း ၉ တန့် အထူးမြင်နှင့် ဆက်သွယ်မြင်ရှိ၍ နေပါသေးတယ်။ ၎င်းလက်နှင့် ဂြိုဟ်သုံးလုံးတို့သည် အချင်းချင်း တြိကောလာများအားဖြင့် ဆက်သွယ်ရပ်တည်လျက်ရှိနေကြသေးသောကြောင့် အကျိုးပေးသက်ရောက်မှုအားဖြင့် ဇာတာရှင်ကို ကံကောင်းစေလျက်ကောင်းချီးမင်္ဂလာတွေနှင့် ပြည့်စုံစေနိုင်ကြောင်းကို ဖော်ပြနေပါတယ်။

× × ×

အထူးသဖြင့် ဝိသောတ္တရီဒသာစံနစ်အရ ခရစ်သက္ကရာဇ်အားဖြင့် ၂၅-၁-၂၀၁၆ မှ ၃၀-၄-၂၀၁၇ ထိ နှစ်နှစ်နှင့် သုံးလကျော်ကြာ ကာလပိုင်းသည် အခြေခံဇာတာတွင် ဗုဒ္ဓဟူးဂြိုဟ်ထုလဒသာအတွင်း ကြာသပတေးဂြိုဟ်အန္တရဒသာကာလ ဖြစ်ပါတယ်။ ထုလဒသာဂြိုဟ်ဗုဒ္ဓဟူးက မိမိပိုင် မေထုန်ရာသီမှာ အခြားဂြိုဟ်များနှင့် ယှဉ်တွဲရပ်တည်နေပါသောကြောင့် အကျိုးပေးသက်ရောက်ပုံမှာ ကောင်းကျိုးခပ်များများကို အဆန်းတကြယ် ပေးနေလိမ့်မှာဖြစ်ပါတယ်။ အန္တရဒသာကြာသပတေးကတော့ လဂ်အိမ်ရှင်ဂြိုဟ် ဖြစ်နေသလို ထုလဒသာဂြိုဟ်ဗုဒ္ဓဟူးနှင့်လည်း အချင်းချင်း သဟဇ-လာဘ=ဥပစယများအားဖြင့် ဆက်သွယ်ရပ်တည်လျက် ရှိနေကြပြန်သေးတာကြောင့် ဇာတာရှင်သည် မိမိနှင့်အတူတကွ ပူးပေါင်း၍ လုပ်ကိုင်နေသူများ၊ သတင်းအချက်အလက်ပေးသူများနှင့်တကွ မိမိကိုယ်တိုင်လည်း ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြီး အကင်းပါးနေမှု၏ အထောက်အပံ့ကြောင့် အရာရာတိုင်းတွင် ကံကောင်းပြီး ကောင်းကျိုးမင်္ဂလာများကိုပင် ရရှိနေလိမ့်ဦးမည်ဖြစ်ပါတယ်။

အခုဖော်ပြထားသည့် အချက်တွေကို စုပေါင်းပြီး "အနှစ်ချုပ်ဟောကိန်း"ကို ထုတ်ယူကြည့်မည်ဆိုလျှင် နိုင်ငံတော်အစိုးရသည် ယခု ၂၀၁၆ ခုနှစ်ထဲမှာ စစ်ပွဲတစ်မျိုးမျိုးနှင့် တွေ့ကြုံရမှာဖြစ်သလို အစိုးရအဖွဲ့ ပဲ့ကိုင်ပုဂ္ဂိုလ်ကြီးကြောင့်လည်း တိုက်ပွဲတစ်ရာ-အောင်ပွဲတစ်ရာလိုမျိုး အကျိုးပေးသက်ရောက်မှုမျိုးကို တွေ့နေရလိမ့်ဦးမည်သာဖြစ်ကြောင်း ပါဗျား ဟူ၍ ပြောပြီး ၎င်းပြချက်ကို အဆုံးသပ်လိုက်ပါတော့သည်။

× × ×

ဤတွင် ၎င်းက ဆရာ့သီလာရကျိုးနပ်ပါတယ်ဗျာ။ ဒါပေမယ့် ဆရာက "အင်္ဂါဂြိုဟ်၏ ဖန်တီးချက်ကြောင့် စစ်ပွဲတွေ ဖြစ်လာရတယ်"ဆိုတော့ အခြားကိစ္စတွေကိုရော ၎င်းအင်္ဂါက မဖန်တီးဘူးလားဗျဟု "အမေးစာဒက"တက်လေပြန်ရာ ကျွန်ုပ်ကလည်း ဖန်တီးပေးတာပေါ့ဗျာ။ ခင်ဗျားလည်း သိသွားရအောင် ဆရာကြီး၏ "ဝိသောတ္တရီဒသာကျမ်း" စာအုပ်ထဲမှာပါသည့်အတိုင်း ဖြည့်စွက်ဖော်ပြပေးပါဦးမယ်ဟု ပြောပြီး ဆက်လက်ဖော်ပြကာ အင်္ဂါဂြိုဟ်၏ ဇီဇပုံရိပ်ဆောင်းပါးကို ဤတွင် အဆုံးသတ်လိုက်ပါသည်။

**အင်္ဂါဂြိုဟ်ဆိုင်ရာ နိုင်ငံရေးသဘော လွှမ်းမိုးအုပ်စိုးပုံ**

ပြည်သူပြည်သား အချင်းချင်းတွင် အတိုက်အခံအငြင်းအခုံဖြစ်ပွားရခြင်း။ အထင်အမြင်လွဲမှားကာ အယူအဆကွဲပြားရခြင်း။ စစ်ဖြစ်ရခြင်း သို့မဟုတ် စစ်ဖြစ်ရန်စကားမျိုးပြောရခြင်း။ အကြမ်းဖက်မှုများကိုအကြောင်းပြု၍ တိုင်းပြည်အတွင်း မငြိမ်မသက် ဖြစ်ပွားရခြင်း၊ သွေးထွက်သံယိုသတ်ဖြတ်မှု လုယက်မှု မီးရှို့မှုတို့မှစ၍ ဆိုးယုတ်သော အပြုအမူမျိုးများ ဖြစ်ပွားရစေတတ်ခြင်း၊ သေကျေပျက်စီးမှုကို ဖန်တီးစေတတ်သော ဗုံးများ မီးပေါက်မီးပန်းများ ရေမိုင်းများ သံချပ်ကာကားများ လက်နက်ပစ္စည်းထုတ်ဝေခြင်းသဘောများနှင့် သက်ဆိုင်ပေသည် ဟူ၍ဖြစ်ပါသတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ . . .။

**ဂုဏ်ရှုအောင်**

၀၉-၃၁၅၇၁၄၄၅

www.burmeseclassic.com

www.burmeseclassic.com

# စေတနာမှန်၍ ကံကောင်းခဲ့သည့် ရွှေဆွဲကြိုးပျောက်ဆုံးမှု

❖ ကျော်ဝင်း (အုတ်ဖို)

လွန်ခဲ့သော ၂၀၀၀ ခုနှစ်က ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ ကျွန်တော်သည် ဌာနတစ်ခုမှ ဝန်ထမ်းဖြစ်သည့်အားလျော်စွာ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ရခြင်းများ ရှိခဲ့ပါသည်။

၎င်းခရိုင်ရုံးသည် မြို့နယ်ရုံးနှင့် တွဲထားသည်ဖြစ်၍ ရုံး၏ တစ်ခြမ်းစီ နေကြရပါသည်။ ကျွန်တော် ခရိုင်ရုံးသို့ ရောက်သွားချိန်တွင် အသက် ၄၀ နှစ်ခန့်လူရွယ် တစ်ယောက် ရုံးဝန်းကျင်ရှိ သီဟိုဠ်သရက်ရွက်များအား အမှိုက်သိမ်းနေပါသည်။ နံနက် ၇ နာရီခွဲခန့်ဖြစ်သဖြင့် ရုံးမဖွင့်သေးပါ။ ၎င်းလူရွယ်မှ အမှိုက်သိမ်းရင်း ကျွန်တော့်ကို မြင်သဖြင့် ဧည့်သည်ကျွန်တော်အား ခရီးဦးကြိုဆို၍ နှုတ်ဆက်ပါသည်။ ကျွန်တော်လည်း ဒီခရိုင်ရုံးသို့ ရာထူးတိုးဖြင့် ရောက်ရှိလာကြောင်း ခရိုင်အရာရှိနေသည့် နေရာအား မေးပါသည်။

အထက်ပါလူရွယ်မှ သူသည် မြို့နယ်ရုံးမှ အထက်တန်း စာရေးတစ်ဦးဖြစ်ပါကြောင်း မိတ်ဆက်ပြီး ခရိုင်ရုံး၏ နောက်တွင်ရှိသော ခရိုင်အရာရှိ၏ အိမ်သို့ လိုက်ပို့ပါသည်။ ခရိုင်အရာရှိလည်း ကျွန်တော့်အား ခရိုင်ရုံးခန်း၏နောက်ဘက် ဧည့်သည်များလာလျှင် ဟည်းခိုနေထိုင်ရန် အိပ်ခုတင် နှစ်လုံးထည့်ထားသော အခန်းတွင်ပင် နေရာပေးပါသည်။ ၎င်း၏နောက်ဘက်ကပ်လျက် မီးဖိုဆောင်နှင့် ရေချိုးခန်း ရှိသည်။ အားလုံးအဆင်ပြေပါသည်။ ကျွန်တော့်အထက်တွင် ခရိုင်အရာရှိတစ်ဦးနှင့် ကျွန်တော့်အောက်တွင် စာရေးမတစ်ဦးနှင့် အမျိုးသားဝန်ထမ်း သုံးဦး ရှိသည်။

မြို့နယ်ရုံးမှ စာရေးကြီးသည် ၎င်းမြို့ရှိ လူကုန်ထံမိသားစုမှ သမီးနှင့်အိမ်ထောင်ကျကာ ဈေးကြီးအတွင်း သံမျိုးစုံ ဆိုင်ဖွင့်ရောင်းချပါသည်။ စာရေးကြီးသည် နေ့စဉ်ဈေးအတွင်းဖွင့်လှစ်ရောင်းချနေသော သံဆိုင်အား သူ့အမျိုးသမီးနှင့် ကူညီဆိုင်ဖွင့်ဆိုင်ခင်းရမည့်အစား ရုံးတွင် ရုံးစောင့်များ ဆောင်ရွက်ရမည့် အမှိုက်သစ်ရွက်များ ရှင်းလင်းရမည့် အလုပ်ကို နံနက်စောစော ရုံးမဖွင့်မီ လာရောက်သိမ်းဆည်းနေခြင်းကပင် ၎င်း၏စိတ်ဓာတ်အရ မခိုမကပ် တာဝန်မခွဲခြားဘဲ ဆောင်ရွက်နေသည့် စိတ်ကောင်းရှိသူဟု ခန့်မှန်းနိုင်ပါသည်။

(မှတ်ချက် ။ ခရိုင်ရုံးနှင့် မြို့နယ်ရုံးပေါင်းလျှင် ဝန်ထမ်းပေါင်း ၃၅ ယောက်ခန့်ရှိသည့်အနက် ၎င်းစာရေးကြီး၏ အကြောင်းအရာ အချက်အလက်များအား စာဖတ်သူများသိအောင် ဖော်ပြနေရခြင်းမှာ ဆက်လက်ရေးသားမည့် အကြောင်းအရာများသည် ၎င်းစာရေးကြီးနှင့် အဓိကပတ်သက်နေသောကြောင့် ဖြစ်ပါသည်။)

ကျွန်တော်သည်လည်း ၎င်းခရိုင်ရုံးတွင် တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၉ ခုနှစ်ကုန် ၂၀၀၀ ခုနှစ်စမှာပင် ၎င်းခရိုင်အတွင်း မြို့နယ်တစ်မြို့နယ်မှ မြို့နယ်ဦးစီးအရာရှိ အသည်းခြောက်ရောဂါဖြင့် ကွယ်လွန်သွားသဖြင့် ရုံးချုပ်မှ ကျွန်တော့်အား ၎င်းမြို့နယ်သို့ မြို့နယ်တာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန်ပေးခံရပါသည်။ ၎င်းမြို့နယ်တွင် မြို့နယ် ဒု–ဦးစီးမှူးတစ်ဦးအပါအဝင် ဝန်ထမ်း ၂၀ ဦးခန့်ရှိရာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး လေးဦး ရှိပါသည်။ စာရေးမတစ်ဦး၊ နေ့စားမိန်းကလေး သုံးဦး ဖြစ်ပါသည်။

www.burmeseclassic.com

စာရေးမတွင် အိမ်ထောင်ရှိသော်လည်း ကျန်နေ့စား မိန်းကလေး သုံးဦးမှာ အိမ်ထောင်မရှိကြသေးပါ။

ကျွန်တော်လည်း မြို့နယ်တာဝန်များအား ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ ၎င်း ၂၀၀၀ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဌာနဆိုင်များအားလုံး ကိုယ့်ရုံးဝန်းကျင်နှင့် ရုံးဝင်လမ်းဘေးများတွင် သစ်ပင်စိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ပြီး သစ်ပင်များ စိုက်ပျိုးခိုင်းသဖြင့် ဝန်ထမ်းအားလုံး ၎င်းနေ့တွင် သစ်ပင်များ စိုက်ပျိုးကြပါသည်။ သစ်ပင်များစိုက်ပျိုးပြီးလျှင် ဝန်ထမ်းများအား ကျွန်တော်မှ မုန့်ဟင်းခါး ဒါနပြုပေးမည်ဖြစ်ပါသည်။ သို့ရာတွင် အချို့ဝန်ထမ်း ငါးယောက်၊ ခြောက်ယောက်ခန့်မှ တောင်းဆိုပါသည်။ ၎င်းတို့ မိုးထဲရေထဲတွင် သစ်ပင်များစိုက်ပျိုးနေသဖြင့် အအေးပြေ အရက်နည်းနည်းပါးပါး သောက်သုံးပါရစေဟု တောင်းဆိုပါသည်။ ကျွန်တော်တို့ မြို့နယ်အကြီးအကဲများသည် ဝန်ထမ်းများအား အုပ်ချုပ်ရာတွင် မလျော့လွန်း၊ မတင်းလွန်း အုပ်ချုပ်ရပါသည်။ မူးရူးပျော်ပါး အော်ဟစ်သောက်စားခြင်း မဖြစ်ရန်နှင့် ပြဿနာကြီးငယ်မဖြစ်စေရန် ရည်ရွယ်ထိန်းချုပ်၍ အလိုက်အထိုက် သင့်သလောက် ခွင့်ပြုရပါသည်။

၎င်းယမကာအဖွဲ့အား ကျွန်တော်၏ နေအိမ်ညှိခန်းတွင် ကျွန်တော်နှင့် အနီးကပ်နေ သောက်စားခိုင်း၍ ကျန်အရက်မသောက်သူများနှင့် မိန်းကလေး လေးဦးအား ရုံးခန်းမတွင် မုန့်ဟင်းခါး စားသောက်ပြီး ကျန်သူများစားရန် သေချာသိမ်းဆည်းဖုံးအုပ်၍ အိမ်ပြန်ခိုင်းပါသည်။ ကျွန်တော် ရုံးခန်းသည် အနံပေ ၃၀၊ အလျားပေ ၆၀ ခန့်ရှိပါသည်။ ခေါင်းရင်းဘက် ၁၀ ပေခန့်အား မြို့နယ်အကြီးအကဲ အရာရှိစားပွဲနှင့် ၎င်းရှေ့ဘက်တွင် ခရိုင်ရုံးမှာကဲ့သို့ ညှိသည်များလာလျှင် အိပ်စက်နားနေရန် အိပ်ခုတင်နှစ်လုံး ရှိပါသည်။ ၎င်းနောက်ဘက်တစ်ဆက်တည်း သန့်စင်ခန်းရှိပါသည်။ ရုံးခန်းမနှင့် ကျွန်တော့်အခန်း ဝင်၊ ထွက်ရန် ရုံးရှေ့ဘက်တွင် တံခါးပေါက်တစ်ပေါက် ရှိပါသည်။

ပြဿနာစပါပြီ။ ကျွန်တော်နှင့် ဝန်ထမ်းများအားလုံး နံနက် ၁၀း၃၀ နာရီခန့်တွင် အလုပ်သိမ်း ခြေရေ လက်ရေ သန့်စင်ကြပြီး မုန့်ဟင်းခါးစားရန် ပြင်သူများပြင်၍ ကျွန်တော့်အိမ် ညှိခန်းတွင် ယမကာဝိုင်းထိုင်သူများကလည်း ယမကာသောက်ရန် ပြင်ဆင်နေကြပါသည်။ ထိုအခိုက်တွင် မမျှော်လင့်ဘဲ အထက်ဖော်ပြခဲ့သည့် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ရာ မြို့နယ်မှ စာရေးကြီးနှင့် ဝန်ထမ်း သုံးဦး ပေါင်းလေးဦး ဘွားခနဲ ရောက်ရှိလာပါသည်။ ၎င်းတို့ လေးဦးမှာ အခြားမြို့နယ်တစ်မြို့သို့ တာဝန်နှင့်သွားရင်း အပြန်တွင် ကျွန်တော့်ထံ ဝင်နားခြင်းဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်မှာ ညှိခံရမည့်တာဝန်ရှိသဖြင့် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေသည့် အခြေအနေအား ပြောပြလိုက်ပါသည်။ ကျွန်တော်တို့မှာ မုန့်ဟင်းခါးကတော့ အဆင်သင့်ရှိပြီး ထမင်းစီစဉ်ပေးရမလား၊ သို့မဟုတ် ဝိုင်းထိုင်ချင်သေးသလားဟု မေးတော့ ထမင်းမစီစဉ်ပါနှင့် ဒီကဝန်ထမ်းတွေလိုပဲ စိတ်ပြေလက်ပြောက် ဝိုင်းထိုင်၍ မုန့်ဟင်းခါးပဲ စားမည်ဟု ပြောပါသည်။

သို့ပါ၍ ရုံးစောင့်အား ယမကာတစ်လုံး ထပ်ဝယ်ခိုင်း၍ ကျွန်တော်အိမ် ညှိခန်းမှာပင် မိမိမြို့နယ် ဝန်ထမ်းများနှင့်ပေါင်း၍ ဝိုင်းဖွဲ့သောက်ကြပါသည်။ ၎င်းတို့ဝိုင်းအား ကျွန်တော်အကဲခတ်နေရာ ညှိသည်စာရေးကြီးနှင့် အဖွဲ့မှ များများသောက်စားခြင်း မရှိပါ။ ကျွန်တော့်ဝန်ထမ်းများကသာ ကျွန်တော် သတ်မှတ်ပေးထားသော အရက်ကုန်အောင် သောက်ကြပါသည်။ ၎င်းတို့ ဝိုင်းသိမ်းချိန်မှာ နေ့လယ် ၁ နာရီခန့်ရှိပြီဖြစ်၍ ညှိသည်များရော ကျွန်တော့်ဝန်ထမ်းများပါ ရုံးခန်းမသို့ မုန့်ဟင်းခါးစားရန် ပြန်သွားကြပါသည်။ ကျွန်တော်လည်း ၎င်းတို့နှင့် မုန့်ဟင်းခါး လိုက်မစားတော့ဘဲ ကျွန်တော်စောစောထချက်ထားသည့် ထမင်းကိုသာ ဆာဆာနှင့် အမြိန်စားပါတော့သည်။ အားလုံးကိစ္စပြီးပြီဖြစ်၍ ထမင်းစားပြီး ခဏအကြာ ကျွန်တော် အိပ်ခုတင်ပေါ်တက်၍ ခဏချင်းအိပ်ပျော်သွားပါသည်။

ကျွန်တော် အိပ်မောကျနေစဉ် နေ့လယ် ၂ နာရီခွဲခန့်တွင် ကျွန်တော့်အား ရုံးစောင့်နှင့် ဝန်ထမ်းတစ်ဦးမှ အတင်းနှိုးပါတော့သည်။ ကျွန်တော် အိပ်ရာမှနိုးပြီး အရေးတကြီး ရောက်နေသော ဝန်ထမ်းနှစ်ဦးအား ဘာအရေးကြီးကိစ္စရှိလဲဟုမေးရာ ရုံးစောင့်နှင့်လိုက်ပါလာသော ဝန်ထမ်းမှ

"ဆရာ ... ကျွန်တော့်ဆွဲကြိုး ကျွန်တော်အိပ်ပျော်နေတုန်း ဘယ်သူဖြုတ်ခိုးသွားမှန်း မသိဘူး။ ကျွန်တော်က ဆရာ့အခန်းထဲက ခုတင်ပေါ်မှာ အိပ်ပြီး မြို့ခံဝန်ထမ်းအချို့နဲ့ ညှိသည်ဝန်ထမ်းလေးဦးမှာ အစည်းအဝေးခန်းမှာ စားပွဲများပေါ်တွင် အိပ်ကြကြောင်း၊ ၎င်း နေ့လယ် ၂ နာရီခန့်တွင် အိပ်ရာမှနိုးလာရာ ၎င်းဆွဲကြိုးမရှိတော့ကြောင်း၊

www.burmeseclassic.com

အားလုံးအား မေးသော်လည်း တစ်ယောက်မှ မယူကြကြောင်း” ပြောကြပါသည်။ နောက်ပြီး ဆက်ပြောပါသည်။

“ဆရာ . . . ဆွဲကြိုးက ကျွန်တော်ကိုယ်ပိုင်ဆွဲကြိုး မဟုတ်ပါဘူး။ အစ်မဝမ်းကွဲရဲ့ ဆွဲကြိုးပါ။ ဒီနေ့မှ ကျွန်တော် ငှားဆွဲလာတာ။ အစ်မတွေက ကျွန်တော့်ကို ဆွဲကြိုးဖိုး လျော်ခိုင်းနေပြီ။ ရဲစခန်းကိုလည်း အမှုဖွင့်ထားပါတယ်”

ဟု ပြောတော့သည်။ ၎င်းဝန်ထမ်းသည် ယနေ့ မိန်းကလေးများနှင့်အတူ အလုပ်လုပ်ရသဖြင့် ရှိုးလုပ်ရန် ဖြစ်နိုင်ပါသည်။

ကျွန်တော် ၎င်းတို့အိပ်စက်ရာ ရုံးခန်းသို့လိုက်သွားပြီး အားလုံးကို စုံစမ်းမေးမြန်းရာ မည်သူမျှ မသိကြကြောင်း၊ သူက မြို့နယ်ဦးစီးအခန်းထဲမှ ခုတင်မှာအိပ်ကြောင်း၊ ၎င်းတို့က ရုံးခန်းမ စားပွဲများပေါ်မှာသာ အိပ်ကြောင်း ထွက်ဆိုကြပါသည်။ သတင်းမှာ မြို့ထဲသို့ပြန့်သွားပြီး မြို့ခံဝန်ထမ်းများရော၊ အခြားသူများပါ ရောက်ရှိလာကြပါသည်။ ဆွဲကြိုးအား ဝှက်ထားနိုင်မည့် ကျွန်တော့်အခန်းထဲရှိ အရာရှိစားပွဲ၊ အံဆွဲများ၊ အိပ်ခုတင်များ၊ ရုံးခန်းမအတွင်းရှိ ဆွဲကြိုးဝှက်နိုင်သည့်နေရာအားလုံး ရှာကြပါသည်။ နောက်ဆုံး ရုံးအပြင်ဘက် မြက်တောများအထိ နေရာအနှံ့ ဝိုင်းရှာကြပါသည်။ လုံးဝ အစအနပင် မတွေ့ရပါ။

နောက်ဆုံး ဆွဲကြိုးမည်ကဲ့သို့မှ ရှာမတွေ့သည့်အဆုံးတွင် ဆွဲကြိုးပျောက်သူ ဝန်ထမ်းမှ ဆွဲကြိုးခိုးသူဟု ယူဆသော ညှို့ဝန်ထမ်းလေးဦးထဲမှ တစ်ဦးအား တိုက်ရိုက် စွပ်စွဲပါတော့သည်။ ထိုသူမှာ အခြားမဟုတ်၊ အဖွဲ့ခေါင်းဆောင်။ အထက်တွင်ဖော်ပြခဲ့သည့် စာရေးကြီးပင် ဖြစ်ပါတော့သည်။ ကျွန်တော်မှ ဆွဲကြိုးပျောက်သူအားမင်းက ဘာကြောင့် ဒီစာရေးကြီးကို စွပ်စွဲရတာလဲဟုမေးရာ သူတို့အဖွဲ့ ကျွန်တော့်အိမ်မှ ရုံးခန်းမသို့ မုန့်ဟင်းခါး စားပြန်ကြရာ ဆွဲကြိုးပျောက်သူမှ အရက်အမူးလွန်သွားသဖြင့် ပြန်နိုင်ဘဲရှိသဖြင့် အခြား မည်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်မှ တွဲမခေါ်ဘဲ ထုံးစံအတိုင်း စိတ်ကောင်းရှိသူ၊ အများအားကူညီချင်သူ စာရေးကြီးမှသာ တွဲခေါ်ပြီး အိပ်ခုတင်ပေါ်အရောက် တင်ပေးသူဖြစ်ပါ၍ ၎င်းစာရေးကြီးသည်သာ ဆွဲကြိုးအား ဖြုတ်ခိုးသွားသူဟု တိုက်ရိုက်စွပ်စွဲခြင်း ဖြစ်ပါတော့သည်။

စာရေးကြီး သူခိုးအစွပ်အစွဲခံရသဖြင့် ရှက်လွန်းပြီး ငိုရှိုက်ငိုပါတော့သည်။ ကျွန်တော်မှ စာရေးကြီးလို ငွေကြေးပြည့်စုံသူ လူကောင်းတစ်ယောက်က ဆွဲကြိုးအား ဖြုတ်ခိုးမည့်သူမဟုတ်ကြောင်း လုံးဝ ယုံကြည်ပါသည်။ သို့ရာတွင် ဆွဲကြိုး တကယ်ပျောက်ဆုံးနေသဖြင့် ဘာမျှမပြောနိုင် ဖြစ်နေပါသည်။ စာရေးကြီး ဆွမ်းခံရင်း ငှက်သင့်ရလေပြီ။ ဆွဲကြိုးပျောက်သူမှ စာရေးကြီးအား အတင်းသာသူခိုးစွပ်စွဲနေပြီး သူ့ဆွဲကြိုးအား ပြန်ပေးရန် တောင်းဆိုနေပါသည်။ စာရေးကြီးမှလည်း ၎င်းအား သူတစ်ယောက်တည်းသာ တွဲခေါ်သွားပြီး ကျွန်တော့်အခန်းထဲရှိ အိပ်ခုတင်ပေါ်အရောက် တင်ပေးတာမှန်ကြောင်း၊ ပြီးလျှင် ရုံးခန်းမဘက်သို့ ပြန်လာပြီး အားလုံး မုန့်ဟင်းခါးစားကြကြောင်း၊ ပြီးတာနှင့် သူတို့အဖွဲ့အားလုံး စားပွဲများပေါ်တက်၍ အိပ်ကြကြောင်း အခြားဘာမျှမသိကြောင်း အမှန်အတိုင်း ထွက်ဆိုပါသည်။

ယခုအခြေအနေတွင် ကျွန်တော်သည်သာ ရာထူးအကြီးဆုံး၊ တာဝန်အရှိဆုံးဖြစ်နေသဖြင့် အားကိုးရမည့်သူ တိုင်ပင်ရမည့်သူမရှိဘဲ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို အတွေးပေါင်းစုံ နည်းလမ်းပေါင်းစုံ တွေဝေစဉ်းစားနေချိန်တွင် မြို့ထဲမှ အရပ်သားများ ရုံးပြည့်လျှံရောက်ရှိလာကြပါသည်။ ထို့အပြင် ဒုရဲအုပ်တစ်ယောက်နှင့် ရဲသားနှစ်ဦးပါရောက်ရှိလာပြီး သူတို့လည်း ထုံးစံအတိုင်း တစ်ဦးချင်းစီမေးမြန်းရာ နောက်ဆုံးအမူးသမားအား ဖက်လှဲတကင်း ခေါ်ယူလာသူ စာရေးကြီးမှာပင် တာဝန်ရှိကြောင်း ပြော၍ ယခုဆွဲကြိုးအား ပြန်မရလျှင် စာရေးကြီးအား ရဲစခန်းသို့ မသက်ာမှုဖြင့် ခေါ်သွားရမည်ဖြစ်ကြောင်း၊ အဲဒါ မန်နေဂျာကြီး အဆုံးအဖြတ်ပေးပါဟု ရဲများက ကျွန်တော့်အား အကျပ်ကိုင်ပါတော့သည်။ စာရေးကြီးလည်း ယူကျုံးမရ ဝမ်းနည်းပက်လက်ဖြင့် အော်၍ငိုနေပါတော့သည်။

မှတ်ချက် ။ တကယ့်အဖြစ်အပျက်ဖြစ်ပါ၍ စာရှုသူများမှ ကျွန်တော့်နေရာတွင်ရှိလျှင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ဆုံးဖြတ်ကြမည်နည်းဟု မေးမြန်းလိုပါသည်။ ရောက်ရှိလာကြသူ ပရိသတ်များမှလည်း အသက်ရှူသံတောင် မကြားရဘဲ ကျွန်တော့်ဆုံးဖြတ်ချက်အား နားစွင့်နေကြပါသည်။

ဤအမှုအား ကျွန်တော့်ဦးနှောက်မှ ဆုံးဖြတ်ပြီးဖြစ်ပါသည်။ ကျွန်တော် နှစ်မိနစ်ခန့် ငြိမ်သက်နေလိုက်ပြီး ကျွန်တော် အသံထွက်လာပါသည်။ ကျွန်တော်မှာ စိတ်ထဲက ဆုံးဖြတ်လိုက်ပြီးကတည်းက ကျွန်တော့်စိတ်က အေး



www.burmeseclassic.com

www.burmeseclassic.com

ချမ်းပေါ့ပါးသွားပါသည်။ ကဲ . . . ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ။ ကျွန်တော် ပြောပါမည်။ ဒီမှာဆွဲကြိုးပိုင်ရှင် အမျိုးသမီးပါလားဟုမေးရာ အမျိုးသမီးငယ်တစ်ယောက်က ကျွန်မပါဟု ပြောပါသည်။ ကဲ . . . ခင်ဗျား ဆွဲကြိုး ဘယ်လောက်တန်လဲဟု မေးမြန်းရာ (၃၄၀၀၀) သုံးသောင်းလေးထောင် ကျပ်တန်သည်ဟု ပြောပါသည်။ ကျွန်တော်လည်း မှတ်ချက်ချလိုက်ပါသည်။ ရွှေဆွဲကြိုးသည် သိပ်မကြီးလွန်းဘဲ ယခုရွှေပေါက်ဈေးနှင့်တွက်လျှင် ငါးမူးသား၊ ခြောက်မူးသားခန့်ပင် ရှိမည်ထင်ပါသည်။ ကဲ . . . စာရေးကြီး၊ ကျွန်တော့်စကားကို နားထောင်ပါ။ စာရေးကြီးနှင့် ကျွန်တော် ခရိုင်ရုံးမှာ တစ်နှစ်ခန့်အတူနေခဲ့သဖြင့် ခင်ဗျားရဲ့စာရိတ္တကို ကျွန်တော်သိတယ်။ ခင်ဗျားအဆင့်နှင့် ဒီရွှေဆွဲကြိုးကို လုံးဝဖြုတ်ခိုးသူမဟုတ်ဘူးဆိုတာ ကျွန်တော်အကြွင်းမဲ့ ယုံကြည်တယ်။ ဒါပေမယ့် 'မပြေးသော်လည်း ကန်ရာရှိ၊ မပစ်သော်လည်း မြားကရောက်'နေသဖြင့် ဒီမှာ တာဝန်အရှိဆုံး မြို့နယ်အကြီးအကဲဖြစ်တဲ့ ကျွန်တော်နှင့် စွပ်စွဲခံရသူ စာရေးကြီးမှာသာ တာဝန်ရှိတယ်။ နောက်ပြီး စာရေးကြီးကိုလည်း ဘယ်လိုနည်းနှင့်မှ ရဲစခန်းသို့ မထည့်နိုင်ပါ။ ဒါကြောင့် ဒီဆွဲကြိုးတန်ဖိုးကို ခင်ဗျားတစ်ဝက်၊ ကျွန်တော် တစ်ဝက် လျော်မည်ဟု ပြောလိုက်ရာ ပရိသတ်မှာ ဝေါခနဲ အသံကြီးထွက်လာပါသည်။ ဘာတွေပြောမှန်းတော့ မသိပါ။ စာရေးကြီးလည်း ငြိမ်နားထောင်နေရာမှ ထပ်မံချုံးပွဲချ ငိုပြန်ပါတော့သည်။ ဘာမှတော့ ပြန်မပြောပါ။ ကျွန်တော် ဆုံးဖြတ်ချက်အား လက်ခံသည့်သဘော ရှိပါသည်။ ရွှေဆွဲကြိုးက ၃၄၀၀၀ ဆိုတော့ ကျွန်တော်တို့နှစ်ယောက် ၁၇၀၀၀ စီပေါ့။ ဆွဲကြိုးပျောက်သည့် ဝန်ထမ်းနှင့် ပိုင်ရှင်အမျိုးသမီးမှလည်း လက်ခံပါတယ်။ ဆွဲကြိုးတန်ဖိုး ပြန်ရရင် ကျေနပ်ပါတယ်ဟု ပြောပါသည်။

ကျွန်တော်တို့ ဆွဲကြိုးတန်ဖိုးကို သုံးလေးရက်အတွင်း ပေးမည်။ အကယ်၍ စာရေးကြီးမှ မပေးလျှင်လည်း ကျွန်တော် အားလုံးစိုက်လျော်ပေးမည်ဟု ပြောလိုက်ပါသည်။ အားလုံး ကျေနပ်သွားကြပြီး ရဲများ၊ ပရိသတ်များ၊ ဆွဲကြိုးပျောက်သူ ဝန်ထမ်းနှင့် သူ့အစ်မများပါ ပြန်သွားကြပါသည်။ သို့ရာတွင် မြို့ခံဝန်ထမ်းများမှာ မပြန်ဘဲ စဉ်းစားတွေးတောနေကြပုံရပါသည်။ ထူးခြားမှုတစ်ခုမှာ စာရေးကြီးသည် အငယ်တန်းစာရေးဘဝတွင် ဒီရုံးမှာ ထမ်းဆောင်ခဲ့ပြီး အကြီးတန်းစာရေးရာထူးတိုး၍ ခရိုင်မြို့နယ်ရုံးသို့ သွားရောက်တာဝန်ထမ်းဆောင်ရင်း ၎င်းမြို့မှ အမျိုးသမီးနှင့် အိမ်ထောင်ကျခြင်း ဖြစ်ပါသည်။ ကျွန်တော်လည်း ရင်ထဲပေါ့ပါးသွားပြီး ကျွန်တော်အိမ်သို့ ပြန်ခဲ့ကာ ခုတင်ပေါ်တက်၍ လဲလျောင်းရင်း အိပ်ပျော်သွားပြန်ပါသည်။

ကျွန်တော် အိပ်ပျော်နေရာ ညနေ ၄ နာရီခွဲ၊ ၅ နာရီခန့်တွင် မြို့ခံဝန်ထမ်းနှစ်ဦး ကျွန်တော့်ထံ ပြေးလာပြီး ကျွန်တော့်အား ခေါ်နှိုး နှိုးပါသည်။ ဆရာ . . . ဆရာ ဆွဲကြိုး ပြန်တွေ့ပြီဟု ဝမ်းသာအားရ အော်ပြောကြပါသည်။ ကျွန်တော်လည်း လူးလဲထကာ အိမ်ပေါ်က အမြန်ဆင်းသွားပြီး ဆွဲကြိုးဘယ်မှာလဲ၊ ဘယ်ကရတာလဲ၊ ဘယ်သူတွေ့တာလဲဟု ဆက်တိုက်မေးရာ ဆွဲကြိုးကို ညှော်သည့် ဝန်ထမ်းတစ်ဦးတွေ့ကြောင်း၊ ဆွဲကြိုးဝှက်ထားသည့် နေရာမှာပင် ဒီအတိုင်းရှိကြောင်း။ ဘယ်နေရာလဲဟုမေးရာ ရုံးခန်းမ၏ခေါင်းရင်း ကျွန်တော့်အခန်းဝင်ပေါက် အတွင်းဘက်တံခါးဝတွင် စိုက်ပျိုးရေးသုံး တင်လဲရည် ငါးဂါလံနှစ်ပုံးထားရာ ၎င်းပုံးတစ်ပုံးအောက်မှာရှိပါတယ်ဟုပြော၍ ကျွန်တော် အလျင်အမြန် ပုံးကိုဖယ်လိုက်ရာ MC ကြိုး ခပ်သေးသေးအား အပြန့်လိုက်ကလေး တွေ့ရပါတော့သည်။ ဆွဲကြိုးမှာ ပြတ်နေပြီး ချိတ်ဆက်ကွင်းနေရာမှ ဖြုတ်ထားဟန်ရှိသည်။

ကျွန်တော်မှအစ ဝန်ထမ်းအားလုံး ဒီတင်လဲရည်နှစ်ပုံးအား ဘယ်သူမျှ မကြည့်ကြပါ။ နောက်မှ သွားထားတာလား၊ စကတည်းက ထားတာလားဆိုတာကိုတော့ မသိပါ။ ညှော်သည့်ဝန်ထမ်းတစ်ဦးမှ တင်လဲရည်ပုံးများအောက်တွင် ရှိလိုရှိငြား လှန်ကြည့်ရာ တွေ့ရခြင်းဖြစ်ကြောင်း သိရပါသည်။ ဆွဲကြိုးပျောက်သူ ဝန်ထမ်းကတော့ ပြန်မလာပါ။ ကျွန်တော့်စေတနာမှန်သည့် ဆုံးဖြတ်ချက်ကြောင့် ကံကောင်းခြင်းဖြစ်သည်ဟုသာ ယုံကြည်လိုက်ပါသည်။ တစ်ရက်အတွင်းမှာပင် ဆွဲကြိုးပျောက်မှု အေးချမ်းသွားပြီဖြစ်ပါသည်။ ဤဖြစ်ရပ်သည် အစအဆုံး အမှန်ဖြစ်ပါ၍ အကြောင်းအရာပါ တိုင်းနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ၏ အမည်နာမများအား ဖော်ပြခြင်းမရှိတာကို ခွင့်လွှတ်သည်းခံကြပါဟု တောင်းပန်ရင်း . . .

**စေတနာမှန်သူတိုင်း ကံကောင်းကြပါစေ . . .**

**ကျော်ဝင်း (အုတ်ဖို)**

၀၉-၃-၁၉၉၆



www.burmeseclassic.com

www.burmeseclassic.com

# စွဲပြုကျိုးနည်း

သောင်းညက်(ပန်းတော်ကျွန်း)

"သည်းခံကင်းကွာ၊ ကြံကာကြောက်မှု၊ စွဲပြုကျိုးနည်း။ လွန်လွဲတွေးသိ၊ သတိမေ့လျော့၊ ပေါ့ဆထင်တွေး၊ မှိုင်ငေးတွေဝေ၊ ပျင်းရိချေ၊ ရှစ်ထွေစိတ်ရောဂါ" ဟူသော လူတို့တွင် ဖြစ်ပေါ်တတ်သည့် စိတ်ရောဂါရှစ်မျိုးကို ဆရာကြီးဦးသုခက စိတ်ဆိုသောစိတ်စာအုပ်တွင် ပညာပေးရေးသားထားသည်ကို ဖတ်မှတ်ဖူးခဲ့သည်။

ထိုစာအုပ်ကို ဖတ်ပြီးသည့်အချိန်မှစ၍ ကျွန်မသည် မိမိကိုယ်တိုင် ပြုမူပြောဆိုလုပ်ကိုင်တိုင်း တတ်နိုင်သမျှ သတိထား လေ့လာမိပါတော့သည်။ ကျွန်မ၏ နေ့စဉ် ကာယကံ၊ ဝစီကံ၊ မနောကံ စသည့် ကံသုံးပါးဖြင့် ပြုကျင့်မိသမျှသည် မည်သည့်စိတ်ရောဂါမျိုး ဖြစ်နိုင်သနည်းဟု ဉာဏ်မီသလောက် တွေးစားလေ့ရှိပါသည်။ အချိန်ပြည့်တော့ မရနိုင်ချေ။ ဖြည်းဖြည်းသတိထားကာ ကျင့်ပါသည်။ ပထမတွင် လွတ်သွားသည်က များပါသည်။ သုံးလေးနှစ်လောက် အချိန်ကြာလပြီဖြစ်သဖြင့် ယခုအခါ အတော်အတန် အလေ့အကျင့်ဖြစ်လာပြီဟု ထင်မြင်မိပါသည်။ ဤစိတ်ရောဂါရှစ်မျိုးစလုံးနှင့် လုံးဝပျောက်ကင်းမှုမရနိုင်ပါ။ လွတ်ကင်းနိုင်ရန်နည်း ဆက်လက်ကြိုးစားနေမိပါသည်။

ထို့နောက် ကျွန်မ အလေ့အကျင့်က မိမိကိုယ်ကိုလောက်သာမဟုတ်ဘဲ နယ်ချဲ့လာပြန်သည်။ မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ကြားသိနေရသော ဆက်နွယ်ပတ်သက်သူများ၏ ပြုမူပြောဆိုလုပ်ကိုင်မှုများကိုလည်း လေ့လာမိပြန်သည်။ ကြီးသူငယ်သူ ရွယ်တူအားလုံးအပေါ် တိုက်ဆိုင်လေတိုင်း တွေ့မြင်ကြားသိရသမျှကို ဉာဏ်မီသလောက် လေ့လာမိပြန်သည်။ ထိုအခါ "စွဲပြုကျိုးနည်း"ဟူသော စိတ်ရောဂါရှင် အများအပြားကို တွေ့ရသည်ဟု ယူဆမိပါသည်။ ထို "စွဲပြုကျိုးနည်း"ရောဂါသည် ကူးစက်တတ်သော ရောဂါဖြစ်သဖြင့် ကျွန်မသည် ထိုရောဂါမကူးစက်စေရန် ရှောင်ရှားကာကွယ်သောကြောင့် ကျွန်မတွင် ထိုရောဂါ လုံးဝကင်းရှင်းသည်ကို အမှန်သိပါသည်။

ရောဂါဆိုသည်မှာ ရောဂါဖြစ်ရခြင်းအကြောင်းရင်း အခြေခံရှိပါသည်။ ထိုအခါ ထိုရောဂါများ ဖြစ်ရခြင်းအကြောင်းရင်းကို ကျွန်မ ဉာဏ်မီသမျှ အတွေးကွန့်မြူးကြည့်ပြန်သည်။ အဓိက အရင်းခံကား လောဘဟူသည့်မီးလောင်မြိုက်မှုကြောင့်ပင် ဖြစ်သည်ဟု အဖြေထွက်လာပါသည်။ လူဆိုသည်ကား လောဘနှင့် မကင်းနိုင်ချေ။ သို့သော် လောဘဇောကို မီးပြင်းတိုက်ပါက ယခုကျွန်မသိထားသော "စွဲပြုကျိုးနည်း" ရောဂါ စွဲကပ်ခံရနိုင်ကြောင်းကို သိမြင်မိလာပါသည်။ မတော်လောဘဇော မပြင်းထန်ရန် သတိပြုရမည်။

တစ်ချိန်က ကြားဖူးနားဝရှိခဲ့သော စကားစုတစ်ခုနှင့်လည်း ဆက်နွယ်ကာ ဤ"စွဲပြုကျိုးနည်း"ရောဂါရှင်များပြားလာသည်ဟု ယူဆမိပါသည်။ ထိုစကားစုမှာ···

"နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် တိုင်းပြည်တစ်ပြည်၊ သို့မဟုတ် ဒေသတစ်ခု သို့မဟုတ် အိမ်ထောင်စုတစ်စု စသည်တို့တွင် စီးပွားရေးယိုယွင်းကျဆင်းလာပါက လူတို့သည် တိကျစွာ မသိမမြင်မကြားနိုင်သော ကုသိုလ်ကံကို စမ်းသပ်မှုပြုကာ အလောင်းအစားဖြင့် စီးပွားကို မျှော်ကိုးလာတတ်သည်"

ဟူ၍ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဖြစ်သော သီပေါမင်းလက်ထက်က နိုင်ငံကျဆင်းချိန်တွင် မင်း၊ မိဖုရားနှင့်တကွ တိုင်းသူပြည်သားများသည် ထိုကဲ့သို့ ကံကိုစမ်းသပ်အားကိုးသည့် အလောင်းအစားကို အားထားခဲ့ကြကြောင်း သီပေါမင်း၏ မဟေသီစာအုပ်တွင် ဖတ်ခဲ့ဖူးပါသည်။ သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့ မင်းမိဖုရားနှစ်ပါးစလုံးပင် စိတ်တူကိုယ်တူဖြင့် ကံစမ်းထီကို ပျော်ပျော်ပါးပါးလောင်းကစားခဲ့ကြသည်။ ဘုန်းတန်ခိုးရှိ



www.burmeseclassic.com

www.burmeseclassic.com

သော နိုင်ငံဦးသျှောင်များကိုယ်တိုင် ကံကိုစမ်းသပ်ကာ အလောင်းအစားကို အားပေးခဲ့သော သာမန်ပြည်သူပြည်သားများကား ပို၍ပင် တက်ကြွနေမည်ကား အမှန်ဖြစ်ပါသည်ဟု ယူဆမိပါသည်။

နံနက်လင်းသည်နှင့် ထီဖွင့်မည်ကိုသာ အာရုံထား မျှော်ကိုးနေသည့် ပြည်သူပြည်သားများကား တခြားစားဝတ်နေရေးအတွက် ကိုယ်အား၊ ဉာဏ်အား၊ ဝီရိယအားထားရမည့် အလုပ်အတွက် အားစိုက်မှု လျော့လာကြပေမည်။ ထီဖွင့်လျှင် မဟာကံထူးရှင်ကတော့ ပေါက်မှာအမှန်ပင်။ ကံနည်းသူများကလည်း ဦးရေများပါသည်။ ကံနည်းသူများကလည်း မဟာကံထူးရှင် ဖြစ်အံ့နီးနီးနှင့် ထီကိုပင် စိတ်ဝင်စားနေကြပါတော့သည်။ သောက်လေသောက်လေ ငတ်မပြေသည့် ဆားငန်ရည်ကဲ့သို့ ကံမထူးသော်လည်း ထူးနီးနီးနှင့် စိတ်ဓာတ်မကျနိုင်ဘဲ ဇွဲနပဲနှင့် လောဘဇောတိုက်ကာ ထပ်အောကြပြန်သည်။ ဖျာပေါ်မှာပျောက်၊ ဖျာအောက်ရှာဆိုသည့် စကားပုံအတိုင်း ထီကံစမ်းသပ်သည့်ငွေကို ထီပြန်ထိုးကာ ရှာရင်း စီးပွားရေးကျဆင်းကာ အလောင်းအစားဖက်ပြီး တိုင်းပြည်ဆုတ်ယုတ်ခဲ့ရသည့် သမိုင်းရှိခဲ့ကြောင်းကိုလည်း ပြန်ပြောင်း၍ တွေးမိပါသည်။ သြော်…"စွဲပြုကျိုးနည်း"ရောဂါများပင်တကား။

ထိုခေတ် ထိုအချိန်ကကဲ့သို့ပင် ယခုအချိန်တွင်လည်း နှစ်လုံးထီ၊ သုံးလုံးထီ စသည့် တရားမဝင် ကံစမ်းပွဲများ ခေတ်စားနေသည်ကို ကြားမြင်ရပါသည်။ အရွယ်မျိုးစုံ အလွှာအသီးသီးရှိ ကျားမမဟူ၊ ရဟန်းအချို့ပင် ပါဝင်ဆင်နွှဲနေကြပုံကို ပတ်ဝန်းကျင်တွင် မြင်တွေ့ကြားသိနေရပါသည်။ "နိမ့်တုံမြင့်တုံ၊ သိကြားဘုံ၊ မယုံလျှင်စမ်း၊ ပြာကျလမ်း"ဟူသော ဆုံးမသြဝါဒကို ရှေးဆရာတော်ကြီးတစ်ပါးက အလောင်းအစားမဖက်စေရန် ဆိုဆုံးမခဲ့ကြောင်းကိုလည်း ကြားဖူးနားဝရှိခဲ့ပါသည်။ အလောင်းအစား ကံစမ်းပွဲတိုင်းတွင် တစ်ပါးသူထံမှ မရမီကပင် မိမိက ပေးဆပ်လိုက်ရမြဲ ဖြစ်ပါသည်။ ငါးကြီးကြီးလိုချင်လောဘနှင့် ငါးသေးများစွာအား ငါးမျှားချိတ်၌ တပ်ပေးရသကဲ့သို့ပင် ဖြစ်ပေသည်။ မိုက်မိုက်မဲမဲ လောဘဇောဖြင့် အစာကို လာဟပ်သည့်ငါးနှင့်ကြုံမှ တစ်ကြိမ်မိနိုင်သလို အကွက်ပေါင်းများစွာ အစာကျွေးသော်လည်း တစ်ကွက်မသေချာသည့် သည်းထိတ်ရင်ဖိုကစားနည်းပင် ဖြစ်ချေသည်။ ကံထူးရှင် ဆုတစ်ကြိမ်ရဖို့ မသေချာပေမယ့် အကြိမ်များစွာပင် မိမိလက်မှာ ပိုက်မိထားသော ကိုယ်ပိုင်စုဆောင်းငွေများပေးကာ အစာကျွေးရခြင်းပင် မဟုတ်ပါလား။ သို့သော်လည်း ကံထမ်းလာသည်ကို မမြင်နိုင်၊ လုံထမ်းလာသည်ကိုသာ မြင်နိုင်သည်။ ထို့ကြောင့် မိမိကံကို ထမ်းလာမလာစမ်းကြည့်မှ သိနိုင်မည်ဟု ယူဆကာ စွဲစွဲမြဲမြဲ ကံစမ်းနေကြသူများကား "စွဲပြုကျိုးနည်း"ရောဂါ စွဲကပ်နေသူများပင် ဖြစ်ပါသည်။

ဤသို့ တရားမဝင် ကံစမ်းကာ စီးပွားရှာသူတိုင်း စီးပွားဥစ္စာတက်နေသည်ကို မတွေ့မြင်မကြားရပေ။ မဟာကံထူးရှင်ကား အလွန်နည်းပါသည်။ တဖြည်းဖြည်းချင်း စီးပွားဆုတ်ယုတ်သူအများ ရှိနေသည်ကိုသာ ကြားသိမိပါသည်။ အလောင်းအစားကို စွဲမြဲစွာ ကစားသူတိုင်း စီးပွားတက်မည်ဖြစ်ပါက ယခုခေတ်တွင် ချမ်းသာသောလူဦးရေများနေမည်အမှန် ဖြစ်ပေသည်။ တချို့ကံစမ်းထီ ဆက်တိုက် ကြေးများများ ပေါက်သည်။ ထို့ကြောင့် အဖိုးတန်ပစ္စည်းများ ဝယ်ယူကာ ချမ်းသာသူဖြစ်နေပြီဖြစ်ကြောင်း ကြားသိရပါသည်။ ထိုကံထူးရှင်များ၏ တက်နေသော စီးပွားရေးသည် ကံကောင်း၍ပင်လေလား။ ရိုးသားစွာ ကံထူးမှုများ အကျိုးပေးပင်လေလား။ တခြား အမည်မဖော်လိုသည့် စီးပွားရေးရပိုင်ခွင့်များကိုပင် အလောင်းအစားကံထူးသည့်အမည်ဖြင့် တိုးတက်နေသည်လားဟု ယူဆရမည်လား မသိနိုင်ပေ။ မည်သို့မှ တိကျစွာ မပြောနိုင်ပါ။ ယခုခေတ်တွင် ကံရိုးကံဆန်းကို မည်သူ အတိအကျ ခန့်မှန်းနိုင်မည်နည်း။ ကျွန်မအတွေးကတော့ ဝိုးတဝါးပင် ဖြစ်ပေသည်။

သို့သော် မိမိသည် ကံစမ်းပွဲကို စွဲမြဲစွာ ဆင်နွှဲသော်လည်း အကျိုးမများဘဲ အကျိုးနည်းနေပြီဖြစ်ကြောင်း မသိနိုင်၊ မဆင်ခြင်နိုင်လောက်အောင် လောဘဇောဖြင့် ဆက်လက်ကံစမ်းနေသူများသည်ပင် "စွဲပြုကျိုးနည်း"ရောဂါ စွဲကပ်နေခြင်း ဖြစ်ပေသည်။

ဤရောဂါသည် လိုချင်လောဘဇောကို မထိန်းသိမ်း၊ မဆင်ခြင်နိုင်ပါက ကူးစက်လွယ်သော ရောဂါဆန်း၊ ရောဂါဆိုးတစ်မျိုး ဖြစ်ပေသည်ဟု ယူဆမိပါသည်။ ထို့ကြောင့်ပင် ကျွန်မသည် ဤရောဂါကို သတိထားကာ ရှောင်ရှားနေမိသည်ကား အမှန်ပင် ဖြစ်ပါတော့သည်။ ကူးစက်ရောဂါမှ လူတိုင်းရှောင်ရှားနိုင်ကြပါစေ။ ကင်းလွတ်နိုင်ကြပါစေဟုလည်း ဆုမွန်တောင်းမိပါသည်။

သောင်းဉာဏ်(ပန်းတောင်းကျွန်း)



www.burmeseclassic.com

www.burmeseclassic.com




# ပုံပြင်လက်ဆောင်

အောင်ကျော်ညို(ဆင်ချဆိပ်)

ငယ်ငယ်တုံးက အဖေနှင့် အမေ ပြောပြခဲ့သည့် အိပ်ရာဝင်ပုံပြင်လေးတစ်ပုဒ်။ လူတစ်စုသို့ လက်ဆင့်ကမ်းပါသည်။

"ဟိုးရှေးရှေးတုန်းက တောတစ်တောမှာ ကျားမကြီးတစ်ကောင်နှင့် နွားမကြီးတစ်ကောင် ရှိသတဲ့။ သူတို့မှာ သားငယ်ကျားလေးနဲ့ သားငယ်နွားလေးတို့လည်း အတူတကွ ရှိနေကြသတဲ့။ ကျားတို့ရဲ့သဘာဝ အသားစားချင်တာနဲ့ နွားမကြီးရှိရာ ချဉ်းကပ်ပြီး မိတ်ဆွေဖွဲ့သတဲ့။ နွားမကြီးက လက်မခံ။ သင်တို့က အသားစားတွေမို့ မယုံပါဟု ငြင်းလွှတ်လိုက်သတဲ့။ အကြံသမား ကျားမကြီးက လက်မလျှော့။ အလီလီ အခါခါ ချဉ်းကပ်ပြောတော့ နွားမကြီးက လက်ခံမိတ်ဆွေဖြစ်သွားကြသတဲ့။

ဤသို့ဖြင့် အဆွေခင်ပွန်းဖြစ်ပြီဆိုသည်နှင့် အယုံသွင်းပြီး အခြေအနေပေးသည့်တစ်နေ့ ကျားမကြီးက နွားမကြီးကို ကိုက်သတ်စားလိုက်ပါလေရော။ ညနေစောင်း ပုံမှန်ပြန်လာတတ်သည့် မိခင်နွားမကြီး ပြန်မလာ၍ သားငယ်



www.burmeseclassic.com

www.burmeseclassic.com

နွားလေး လိုက်သွားချိန် မိခင်နွားမကြီးက သေနေပြီ။ မိတ်ဆွေ ကျားငယ်လေးရဲ့ မိခင်ကျားမကြီးက ခွစီးလျက် မြိန်ရေယှက်ရေ စားနေသည့်မြင်ကွင်း။ ပူဆွေးသောကရောက်ကာ တမှိုင်မှိုင်ဖြစ်နေသော နွားငယ်ကို ဘာမှမသိရှာသော သူငယ်ချင်း ကျားငယ်က ကျိုးကြောင်းမေးပါလေရော။ နွားငယ်ပြောပြ၍ ကျားငယ်သိလိုက်ရချိန် ဘာမပြောညာမပြော သူ့အမေရှိရာသို့ ပြေးသွားကာ အတင်းနို့စို့မည်ပူဆာ နို့စို့ခွင့်ရသည်နှင့် ကျားမကြီး နို့အုံတစ်ခုလုံး ပြတ်သွားအောင်ထိကိုက်ဖြတ်။ ကျားမကြီးသေသွား။ သူ့သူငယ်ချင်း နွားငယ်ဆီပြန်လာပြီး ကျားငယ်နှင့် နွားငယ် သူငယ်ချင်းနှစ်ဦး အတူတကွ နေဖြစ်သွားကြသည်။ ထိုအချိန်မှစ၍ ကျားမများသည် သူ့ရင်သွေးများကို နို့မတိုက်ဘဲ နို့ရည်စက်များကို သစ်ရွက်များပေါ်မှာ တစ်စက်ချင်းစီချပေး၊ နောက်က ထက်ကြပ်မကွာလိုက်လာသည့် ကျားငယ်က လျှာနှင့်လျက်ကာ မိခင်နို့ကို ရယူကြသည်ဟု ပုံပြောသူ အဖေ၏ စကားညှပ်။

သူငယ်ချင်းနှစ်ကောင် အတူနေသည်ဆိုလည်း စားသည့်အစာမတူ၍ အစာရှာထွက်ချိန်မှာ တကွဲတပြား။ စိုးရိမ်တတ်သော ကျားငယ်ကမူ သူငယ်ချင်းနွားငယ်ကို ချူလေးတစ်လုံးဆွဲပေးရင်း ရန်သူနှင့်ကြုံတွေ့က ထိုချူလေးကို လှုပ်ကာ အသံပေးပါ။ သူအပြေးလာကူမည်ဟု ကတိပေးထားသည်။ တစ်နေ့တွင် နွားငယ်က ချူလေးကိုလှုပ်ကာ အသံပေးပါလေရော။ ကျားငယ်ကြားသည်နှင့် အပြေးအလွှားရောက်သွားသည်။ နွားငယ်အနားမှာ မည်သည့်ရန်သူမှမရှိ။

ဘာကြောင့် ချူသံပေးရသနည်း။ ပေးထားသည့်ကတိ တည်မတည် သိချင်၍ စမ်းကြည့်ခြင်းဟု သိလိုက်ရချိန် ကျားငယ်ခမျာ စိတ်မကောင်းဖြစ်ရပြီး နောက်နောင်ဤကဲ့သို့ မနောက်ပါနှင့်ပြောပြီး လှည့်ပြန်ခဲ့ရသည်။

အမှန်တကယ် အန္တရာယ်နှင့် ကြုံတွေ့ချိန်မှာ ချူသံပေးလည်း ကျားငယ် မယုံတော့ပြီ။ ဒီကောင် နောက်ပြန်ပြီ။ ညနေတွေ့မှ ပြောရဦးမည်။ ညနေစောင်းမှာ နွားငယ်ပြန်မရောက်လာတော့ပြီ။ ကျားငယ်လိုက်သွားချိန် လူတစ်စုက နွားငယ်ကိုသတ်ကာ စားနေကြသည်။ လူများအားလုံးကို ကိုက်သတ်ပြီးမှ သူကိုင်တိုင်လည်း မီးပုံထဲဆင်းကာ သေပွဲဝင်သွားရှာသည်။

လွမ်းမောစဖွယ် အိပ်ရာဝင်ပုံပြင်လေးတစ်ပုဒ်ပါ။ ကြားဖူးသူများလည်း ရှိကြပါလိမ့်မည်။ ခေတ်အဆက်ဆက်မှာ မရိုးနိုင်သော ပုံပြင်လေးမို့ ရေးပြလိုက်ပါသည်။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးရဲ့ တပ်ဖွဲ့မှူးရုံး၏ ၁၉၉ ဖုန်းသို့ နောက်ပြောင်ခေါ်ဆိုမှု နေ့စဉ် အကြိမ်တစ်ရာကျော်ရှိ သတင်းတစ်ပုဒ်ကြောင့် ထိုထိုသော နောက်ပြောင်သူများအား ရည်ရွယ်ပြီး ဤပုံပြင်လေးကို ရေးပါသည်။ မှတ်သားစရာ လက်ဆောင်ကောင်းအဖြစ် ခံယူကာ လက်ခံကျင့်သုံး လမ်းကြောင်းမှန်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဗဟိုထိန်းချုပ်မှုဌာန(PCC)၏ စက်တင်ဘာ ၁၈ ရက် တစ်နေ့တာ ဖုန်းမှတ်တမ်းအရ သိရသည်မှာ 199 Hot Line သို့ ဖုန်းခေါ်ဆိုပြီး ပြန်ချသွားခြင်း၊ စကားပြန်မပြောခြင်း ၃၄၆ ကြိမ်၊ ဖုန်းလိုင်းပူးခြင်း ၁၀ ကြိမ်၊ အကူအညီတောင်းခံခြင်း လေးကြိမ်၊ ဆဲဆိုတာ ဖုန်းချသွားခြင်း တစ်ကြိမ်၊ သတင်းပေးခြင်း ခုနစ်ကြိမ်နှင့် အခြားကိစ္စ သုံးကြိမ်ရှိကြောင်း သိရသည်။

PCC အနေဖြင့် ပြည်သူများကို ၂၄ နာရီ ဝန်ဆောင်မှုပေးနေခြင်းဖြစ်၍ နောက်ပြောင်ဖုန်းခေါ်ဆိုမှုများကို အရေးယူမည်မဟုတ်ဟု ဆိုငြားလည်း ခေါ်ဆိုလာသည့်ဖုန်းအားလုံးကို မှတ်တမ်းတင်ထား၊ သိရှိထားပြီးဖြစ်ရာ အမှန်တကယ်ဖြစ်ပျက်ချိန် အကူအညီလိုအပ်ပြီး ဖုန်းဆက်လိုက်ချိန်မှာ ပုံပြင်ထဲမှ နွားငယ်နှင့် ကျားငယ်လို အဖြစ်မျိုး ဖြစ်သွားမည်လား စိုးရိမ်မိသည်။ တစ်ဖက်မှာလည်း မနောက်ပြောင်သင့်သည့်အရာကို နောက်ပြောင်ခြင်းက မိမိဘဝ အဆင့်အတန်းကို နိမ့်ကျစေပါသည်။ ဆင်ခြင်နိုင်ကြပါစေ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

၀၉-၇၈၅၀၉၂၁၃၉



www.burmeseclassic.com

www.burmeseclassic.com



# အကာလိကဂုဏ်တော်အားဖြင့် ထင်ရှားတော်မူသော

**မောင်မောင်မိုးအောင်(စာပေပိမာန်စာမူဆုရ)**

ဂေါတမ မြတ်စွာဘုရားရှင်၏ တရားတော်သည် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်လောက်အောင် ထင်ရှားသော ဂုဏ်တော်ရှိ၏။ တရားတော်အတိုင်းကျင့်လျှင် လောကီစျာန် အဘိညာဉ်တန်ခိုး အမျိုးမျိုးတို့အပြင် လောကီမှ လွန်မြောက်၍ လောကုတ္တရာ မဂ်ဖိုလ်အထိ ရနိုင်ရောက်နိုင်၏။ အခြားသော ဘာသာတို့၌ရှိသော တရားများကား ယင်းသို့မဟုတ်။ စျာန်အဘိညာဉ်တန်ခိုးမျှ ရနိုင်လောက်သော အခါအခွင့်ကား ရှိ၏။ ယင်းသို့ရှိသော်လည်း လောကီမှ လွန်မြောက်၍ လောကုတ္တရာမဂ်၊ ဖိုလ်အထိပါ ရနိုင်ရောက်နိုင်ခြင်းကား လုံးဝ မရှိပါ။ ယင်းတို့တရားများသည် လက်တွေ့နည်းမကျ။ တကယ်လုပ်၍ အဟုတ်မဖြစ်။ အပြောဖြင့်မော၍ ကျေနပ်နေကြရသည်။

ဘာသာခြားတို့သည် တရားကိုသာ လက်တွေ့မပြနိုင်ကြသည် မဟုတ်။ တရားကို ပညတ်ပေးပြအဆုံးအမပေးခဲ့သော ဘုရားကိုလည်း အထင်အရှားပြနိုင်သော အစွမ်းမရှိ ကြပါ။ ကောင်းကင်ဘုံမှာလိုလို၊ ဟိုမှာလိုလို၊



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာလိုလိုနှင့် ယီးတီးယားတားဖြင့်သာ ကျေနပ်ကြရသည်။ ၎င်းတို့၏ဘုရား၌ ဘုရားဖြစ်ဖို့ရာ မည်သည့်ကောင်းမှုပါရမီကို ဆည်းပူးဖြည့်ကျင့်လျက် မည်သည့်အမျိုးအနွယ်တွင် ဖွားမြင်ပြီးလျှင် မည်ကဲ့သို့သော တရားအားထုတ်၍ မည်သည့်အရပ်၌ ဘုရားဖြစ်ပြီးနောက် မည်မျှလောက်ကြာအောင် တရားဟော၍ မည်မျှသတ္တဝါများကို အကျွတ်တရားရစေသည်ဟု ကျကျနန တိတိကျကျခိုင်ခိုင်မာမာ ပြစရာမရှိပါ။

ဗုဒ္ဓအယူဝါဒရှိသူတို့၏ ဘုရားရှင်သည်ကား ထိုကဲ့သို့ မဟုတ်။ ဖော်ပြပါ အချက်အားလုံးကို ကွက်ကွက်ကွင်းကွင်း စေ့စေ့ငုံငုံရှင်းလင်းပြနိုင်၏။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က အိန္ဒိယပြည်၌ ပွင့်ထွန်းတော်မူခဲ့ပြောင်းကို ဘုရားရှင်၏ သီတင်းသုံးတော်မူရာ အရပ်နှင့် အဆောက်အအုံအစိတ်အပိုင်းများ ယခုတိုင် မျက်မြင်ထင်ရှားရှိသေးသဖြင့် မည်သူမျှ ငြင်းဆန်ဖွယ်မရှိပါ။ သို့ဖြစ်၍ ဗုဒ္ဓအယူဝါဒရှိသူတို့၏ ဘုရားသည် လေဖမ်းဒန်းစီးကောင်းကင်တွင် တိုက်ကြီးတည်သလို ယီးတီးယားတား ဟိုလိုလိုသည်လိုလိုနှင့် လှည့်ပတ်၍ ထားအပ်သော စိတ်ကူး၌ရှိသော ဘုရားမဟုတ်ပါ။ တကယ်ပင် ထင်ရှားဖြစ်ခဲ့သော ဘုရားဖြစ်ပါသည်။

ယင်းကဲ့သို့ ဘုရားရှင်ထင်ရှားဖြစ်ဘိသကဲ့သို့ ဘုရားရှင်၏ တရားတော်များလည်း ယခုတိုင်ထင်ရှားရှိနေကြဆဲ ဖြစ်၏။ ထိုတရားတော်က ဟောပြောညွှန်ပြသည့်အတိုင်း ကျင့်ကြံအားထုတ်မိလျှင် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်၏။

မိမိသန္တာန်တွင် မဂ်စာရေးဖိုလ်တရားများ ဖြစ်ပေါ်နေသည်ကို (သူပြော လူပြောမဟုတ်) ကိုယ်တိုင်သိနိုင်၏။ ထိုမဂ်၊ ဖိုလ်ကိုရသောအခါ နိဗ္ဗာန်ကို ကိုယ်တိုင်မြင်နိုင်၏။ မီးကိုကိုင်ကြည့်၍ ကိုယ်တိုင်ပူမှန်းသိသကဲ့သို့လည်းကောင်း၊ ဆားကိုစားကြည့်၍ ကိုယ်တိုင် ငန်မှန်းသိသကဲ့သို့လည်းကောင်း၊ သကြားကိုမြည်းကြည့်၍ ချိုမှန်းကိုယ်တိုင်သိသကဲ့သို့လည်းကောင်း ဖြစ်၏။ ဤသို့ကိုယ်တိုင်သိမြင်နိုင်သော တရားဖြစ်၍ ကိုယ်တိုင်လည်းသိမြင်ကြသောကြောင့် အခြားဘာသာတို့က လောကီဂုဏ်ကိုပြ၍ မည်မျှပင်သွေးဆောင်ကြသော်လည်း တစ်ဦးအရှိန်အဝါပြ၍ မည်မျှပင် ခြိမ်းခြောက်ကြသော်လည်း ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု၍ မကြောက်မရွံ့ မတွန့်မဆုတ်ရင်ဆိုင်ဝံ့ကြသည်။ မယိုင်မလဲ ခိုင်မြဲစွာ ခုခံကာကွယ်နိုင်ကြသည်။

တရားကို ကိုယ်တိုင် မသိမမြင်မီက မိမိကိုးကွယ်အားထားလျက်ရှိသော တရားအပေါ်၌ပင် "ဟုတ်မှဟုတ်ပါ့မလား၊ မှန်မှမှန်ပါ့မလား"ဟု ယုံမှားသံသယ စိတ်များရှိတတ်ကြ၏။ တရားအပေါ်၌ ယုံမှားသံသယစိတ်များရှိလျှင် တရားရှင် ဘုရားအပေါ်၌လည်းကောင်း၊ တရားတော်ကို အစဉ်အဆက်မပျောက်မပျက်အောင် စောင့်ရှောက်လျက်ရှိသော သံဃာတော်တို့အပေါ်၌လည်းကောင်း ယုံမှားသံသယစိတ်များ တိုးပွားနေမည်သာ ဖြစ်၏။ ကိုယ်တွေ့မျက်မြင်တရား မဟုတ်၍ (ဝါ) တရားကို ကိုယ်တိုင်ကိုယ်က မတွေ့မမြင်၍ တရားမခိုင်သည်နှင့်အမျှ ဘုရားမခိုင်ဖြစ်ကာ မူလကိုးကွယ် အားထားနေသည့်ဘုရားအပေါ် မယုံကြည်တော့ဘဲ ဘုရားပြောင်း ဘုရားလွှဲပင် ဖြစ်တတ်၏။ ထိုသူတို့သည် ယုံကြည်မှု မခိုင်မြဲသည်နှင့်အမျှ အကျင့်ထူး ကျင့်သူကိုမြင်လျှင် အဆင်ခြင်ကင်းမဲ့စွာ တရားထူးရှိနေသည်ဟု အထင်ကြီး တတ်ကြ၏။ ဆည်းကပ်ကိုးကွယ်တတ်ကြ၏။ ဤ၌ ပါထိကကျမ်းလာ သုနက္ခတ္တ ရဟန်း၏ ဖြစ်ရပ်မှာ လွန်စွာ သင်ခန်းစာယူဖွယ် ကောင်းလှပါသည်။

သုနက္ခတ္တမည်သော ရဟန်းမှာ ဘုရားရှင်၏ တပည့် အလုပ်အကျွေးရဟန်းတစ်ပါးဖြစ်၏။ ဘုရားရှင်၏ ကျက်သရေနှင့် အကျင့်အမျိုးမျိုး၊ တန်ခိုးဇော်ဉာဏ်တော်အမျိုးမျိုးကို မြင်နေရ၊ သိနေရသူလည်းဖြစ်၏။ ထိုသို့ ကျက်သရေရှင်၊ ဘုန်းရှင်၊ ဉာဏ်ရှင်၊ တန်ခိုးရှင်နောက်က သပိတ်ပိုက်လိုက်နေရသူ ဖြစ်ပါလျက် ဖိုခနောက်များ၏ အကြား ပြာပုံထဲမှ အိပ်လျက် ခွေးလို လေးဖက်ထောက်စား၊ ခွေးများ၏ အကျင့်ကိုကျင့်နေသော ကျက်သရေမဲ့လှသည့် "ကောရခတ္တိယ"ခေါ် တက္ကတွန်းကြီးကို တွေ့မြင်ရသောအခါ လောဘကင်းသော ရဟန္တာဟု အထင်ကြီးလေသည်။

ဘုရားရှင်ကသိ၍ အပြစ်တင်သောအခါ မြတ်စွာဘုရား သူတစ်ပါး၏ အရဟတ္တဖိုလ်ကို ဝန်မတိုပါနှင့်ဟု၍ ဘုရားကိုပင် ပြန်ငေါ့လိုက်သေးသည်။ ဤသို့ဖြစ်ရသည်မှာ တရားတော် (မဂ်၊ ဖိုလ်၊ နိဗ္ဗာန်)ကို ကိုယ်တိုင်ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com

မသိမြင်၍ ပုထုဇဉ်အနေ (ကြားသိ၊ ကြံသိအမြင်မျှသာ) ရှိသောကြောင့် စိတ်ပျက်ဖွယ်အဖြစ်မျိုးနှင့် ကြုံရခြင်းဖြစ်၏။ မသိမမြင်မှု၏ အပြစ်ကား လွန်စွာ ကြောက်ရွံ့ဖွယ်ကောင်းလှသည်။

တရားတော်ကို ကိုယ်တွေ့မြင်ရသောအခါ၌ကား ဤတရားထက်ကောင်းသော တရားမရှိ၊ ဤတရားသည် အကောင်းဆုံးတရားဖြစ်သည်ဟု အတည်ပြုဆုံးဖြတ်ပြီး တရားတော်အပေါ်၌ "ဟုတ်မှဟုတ်ပါ့မလား၊ မှန်မှမှန်ပါ့မလား" ဟူသော ယုံမှားသံသယစိတ်များ လုံးဝကင်းရှင်းသွားပါသည်။ တရားတော်အပေါ်၌ ယုံမှားသံသယကင်းလျှင် တရားရှင်အပေါ်၌ တကယ့်ဘုရားအစစ်ဖြစ်ကြောင်းကိုလည်းကောင်း၊ တရားတော်ကို အစဉ်အဆက်မပျောက်မပျက်အောင် စောင့်ရှောက်လျက်ရှိသော သံဃာတော်အပေါ်၌ တကယ့် သံဃာအစစ်ဖြစ်ကြောင်းကိုလည်းကောင်း၊ ပိုင်ပိုင်နိုင်နိုင် အတည်ပြုဆုံးဖြတ်၍ အကြွင်းမဲ့ယုံကြည်လေးစားမှု ပြုနိုင်ပါတော့သည်။ ဘုရားရှင် လက်ထက်တော်အခါက ကောသလမင်း၏ လျှောက်တင်ချက်စကားတစ်ခုမှာ တရားကိုမြင်၍ တရားရှင် ဘုရားသခင်အပေါ် အကြွင်းမဲ့ယုံကြည် လေးစားခြင်းရှိခဲ့ပုံ သာဓကကို အထူးပေါ်လွင်စေပါသည်။

"မြတ်စွာဘုရား 'ဣသိဒတ္တ' နှင့် 'ပုရာဏ' မည်သော လက်သမားဗိသုကာကြီး နှစ်ယောက်သည် တပည့်တော် အမှုထမ်းများဖြစ်၍ ၎င်းတို့၏ အသက်မွေးမှု ရိက္ခာအစုကို တပည့်တော်ကပင် ပေးရပါသည်။ ၎င်းတို့ သွားလာစီးရာ ယာဉ်ရထားများလည်း တပည့်တော်၏ ပစ္စည်းပင်ဖြစ်ပါ၏။ သို့ပါလျက် ၎င်းတို့သည် ဘုရားရှင်အပေါ် လေးစားသလောက် တပည့်တော်အပေါ် မလေးစားကြပါ။ ရှေးတုန်းက ကိစ္စတစ်ခု ကြုံဖူးသည်မှာ တပည့်တော်သည် စစ်ထွက်ရသည့်အခါ ၎င်းတို့ကို စုံစမ်းလို၍ ကျဉ်းမြောင်းသော နေရာတစ်ခု၌ ၎င်းတို့နှင့်အတူ အိပ်ပါသည်။ ၎င်းတို့နှစ်ယောက်သည် ညဉ့်နက်အောင် တရားဆွေးနွေးစဉ် တပည့်တော် အိပ်ချင်ယောင်ဆောင်နေပါသည်။ ၎င်းတို့နှစ်ယောက် အိပ်ခါနီးသော် "ဘယ်အရပ်ဆီမှာ ဘုရားရှင် သီတင်းသုံးနေသလဲ"ဟု ၎င်းတို့အချင်းချင်း မေးကြ၍ ဘုရားရှင်သီတင်းသုံးရာဘက်နှင့် တပည့်တော်နေရာဘက်

တစ်ဖက်စီဖြစ်နေကြောင်းကို သိကြသဖြင့် တပည့်တော် ဘက်ကို ခြေပြု၍ ဘုရားရှိရာဘက်သို့ ဦးခေါင်းပြုပြီး အိပ်ကြပါသည်။

ထိုအခါ အံ့ဖွယ်ရှိပေစွ။ ဤ 'ဣသိဒတ္တ' နှင့် 'ပုရာဏ'တို့သည် ယာဉ်ရထား၊ ရိက္ခာ၊ အခြွေအရံ၊ အသက်မွေးမှုမှန်သမျှ ငါ့ထံမှ ရနေသူများဖြစ်ပါလျက် ဘုရားရှင်ကို ရှိသေလေးစားသလောက် ငါ့ကိုမရှိသေမလေးစားကြ။ ကေန်ပင် သူတို့သန္တာန်မှာ တရားထူးတွေ အဆင့်ဆင့် မြင့်ထက်မြင့်ကာ သိလာသောကြောင့်သာပဲဟု တအံ့တသြ တွေးတောအားရမိခဲ့ပါသည်။

ယင်းသို့အားရဖွယ်၊ ရှိသေလေးစားပုံကို မြင်ရသောကြောင့် ဘုရားရှင်၏ အစစ်အမှန်ဘုရားဖြစ်ကြောင်း၊ တရားတော်၏ ကောင်းသောတရားဖြစ်ကြောင်းနှင့် သံဃာတော်၏ အစစ်အမှန်သံဃာဖြစ်ကြောင်း မှန်းဆကြည်ညိုခဲ့ပါသည်"ဟု ဘုရားရှင်အား ကောသလမင်းကြီး လျှောက်ထားလေသည်။

ဘုရားရှင်ဟောတော်မူအပ်သော တရားတော်တို့တွင် မဂ်တရားဟူသည် ကုသိုလ်တရားဖြစ်၍ ဖိုလ်တရားကား ထိုကုသိုလ်၏ အကျိုးတရားဖြစ်၏။ ကုသိုလ်တရားချင်း တူသော်လည်း အခြား ဒါန၊ သီလစသော ကုသိုလ်တရားတို့ကား များသောအားဖြင့် နောက်ဘဝရောက်မှ အကျိုးပေးကြ၏။ ဤဘဝမှာပင် အကျိုးပေးနိုင်စေကာမူ မဂ်ကုသိုလ်ကဲ့သို့ ခဏမခြားဘဲ တစ်ဆက်တည်း အကျိုးမပေးနိုင်ကြ။ ရက်၊ လ၊ နာရီခြားပြီးမှသာ အကျိုးပေးလေ့ရှိကြ၏။ မဂ်ကုသိုလ်တရားကား ထိုကဲ့သို့ မဟုတ်။ အချိန်ကာလ ကြာအောင်ဆွဲ၍ ဖင့်နွဲ့ငံ့လင့်နေရခြင်းမရှိဘဲ မဂ်တရားဖြစ်ပြီး၍ ချုပ်သည်နှင့် တစ်ပြိုင်နက် ဖိုလ်တရားအကျိုးကို ပေးနိုင်ပါသည်။ ထို့ကြောင့် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူသော မဂ်လေးပါးတရားတော်သည် အကာလိက ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

**မောင်မောင်မိုးအောင်(စာပေဗိမာန်စာမူဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီးခါသာချင်နာဘန်ချောင်း၏

# ၂၀၁၇ ခုနှစ် တစ်လချင်းဟောစာတမ်း

## (ဇူလိုင်လ)

• ဦးတိုး(တက္ကသိုလ်)

---

၁၂ လရာသီခွင် သတ်မှတ်ချက်မှာ အနောက်တိုင်းနှင့် မတူသဖြင့် မိမိ၏ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောကို ဖတ်ရှုနိုင်ပါသည်။

---

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်


ယခုလတွင် ငွေရေးကြေးရေးသည်သာ ပြဿနာမဟုတ်ပေ။ ဇူလိုင်လလယ်လောက်မှ စ၍ အကုန်အကျတစ်ပုံကြီးရှိနေကာ အဖိုးတန်ပစ္စည်းများလည်း ဆုံးရှုံးရပေလိမ့်မည်။ သင့်သူဌေးဘော့စ်အနေဖြင့် တအား ဒေါသပေါက်ကွဲထွက်လျက် သင့်အပေါ် အရူးအမူးဒေါသပုန်ထကာ အဆုံးသတ်သွားပေလိမ့်မည်။ သို့ရာတွင် လကုန်ဆုံးချိန်၌ ငြိမ်သက်သွားမည်။ တစ်ကိုယ်တည်းသမားများသည် ရုတ်တရက် ချစ်သူနှင့် တွေ့ဆုံမိမည်။ အိမ်ထောင်ရှင်များ အနေဖြင့်မူ တစ်ဦးနှင့်တစ်ဦး လက်တွဲ၍ အချိန်ကုန်ဆုံးခွင့် ရရှိမည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

သင့်ထံသို့ ကံကောင်းမှုများ ရောက်လာပါလိမ့်မည်။ အထူးသဖြင့် သင့်၏ စီနီယာများထံသို့ ချဉ်းကပ်ရန် အကောင်းဆုံးအချိန်ဖြစ်ပြီး အကူအညီ၊ အကြံဉာဏ်များကို တောင်းခံလိုက်ပါ။ ကံကြမ္မာစက်ဝန်းသည် သင့်ထံသို့ ပြန်လှည့်လာနေပါပြီ။ ရင်းနှီးမြှုပ်နှံထားမှုများမှနေ၍ အကျိုးရလဒ်ပေါ်မည်။ တစ်ကိုယ်တည်းသမားများ ချစ်သူတွေ့မည်။ အိမ်ထောင်ရှင်များအနေဖြင့် အတူတကွ စီးပွားရေးကို ပူးတွဲဆောင်ရွက်နိုင်မည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၃ ရက်

ဆုံးဖြတ်ချက်များ ချမှတ်ရန် အများအပြားရှိနေ၍ တည်တည်ငြိမ်ငြိမ်ရှိပါစေ။ အရာရာသည် အားလုံးကောင်းသွားပါလိမ့်မည်။ ရန်သူဟောင်းများကို သတိထားပါ။ တစ်





www.burmeseclassic.com

www.burmeseclassic.com

ချိန်တုန်းက သင်ယုံကြည်ကိုးစားခဲ့ရသူများသည် ဘက်ပြောင်းသွားကြလိမ့်မည်။ အထူးသဖြင့် ကျန်းမာရေးအတွက် ကုန်ကျစားရိတ် ထောင်းနေသဖြင့် သင့်အတွက် ခေါင်းကိုက်စရာဖြစ်လာမည်။ အချစ်ရေး၌ သစ္စာဖောက်ခြင်းခံရမည်။ တစ်ကိုယ်တည်းသမားများ အသည်းကွဲရတတ်သည်။

## မိဿရာသီဖွား (သိုးထီးရုပ်)
## ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

အရာရာကို ဟုတ်ကဲ့ပါဟု ပြောရင်း တစ်စိတ်တစ်ပိုင်းအနေဖြင့် တစ်ချိန်တည်းမှာပင် ကိုင်တွယ်ဆောင်ရွက်ရန် အများအပြားရှိနေမည်။ လုပ်ငန်းအတွက် ဆုံးဖြတ်ချက်ချရန်ကိစ္စ အများအပြားရှိနေသည်။ သင်၏ သူငယ်ချင်းများနှင့် အသိအကျွမ်းများမှ သင့်အား ကျောထောက်နောက်ခံပြုပေးလိမ့်မည်။ ငွေရေးကြေးရေးတွင် စိတ်ပူစရာကင်းလွတ်နေမည်။ အချိန်ပြည့်နှင့် အချိန်ပိုင်း အလုပ်များမှ သိသိသာသာ ဝင်ငွေများ ရှိနေမည်။

## ပြိဿရာသီဖွား (နွားလားဥဿဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

ယခုလတွင် မျှော်လင့်ထားမှုများမှာ စိတ်အနှောင့်အယှက်ဖြစ်စရာများဖြင့် အဆုံးသတ်သွားပေလိမ့်မည်။ လုပ်ဖော်ကိုင်ဖက်များမှ ပဋိပက္ခမှုများကို ယူဆောင်လာကြမည်ဖြစ်၍ ရှောင်ရှားသင့်သည်။ အခြားသူများအား ငွေချေးခြင်းမပြုသင့်။ သို့မဟုတ်ပါက သင်သည် မြောင်းထဲသို့ရောက်၍နောင်တရသွားရမည်ဖြစ်သည်။ အချစ်ရေး၌ သစ္စာဖောက်ခံရမှုဖြင့် ကြုံတွေ့တတ်သဖြင့် သတိပြုပါ။ ယခုလတွင် တစ်ကိုယ်တည်းသမားများ ပျော်ရွှင်မှု ရရှိနိုင်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

မိမိအရည်အသွေး တိုးတက်အောင်လုပ်ဆောင်ရင်းအချိန်ခွင်တွင် ရာထူးတက်မည်။ ဤသည်မှာလည်း ရာသက်ပန် အားလုံးကောင်းရန် ဖြစ်လာမည်။ အလွန်အမင်း သုံးစွဲမှုကို သတိထားပါ။ သင်ယုံကြည်ရသူတစ်ဦးဦးမှ သင့်ထံသို့ ပြဿနာများကို ယူဆောင်လာပါလိမ့်မည်။ ဒေါသကြီးသူများနှင့် မျက်မည်းကဆ မဖြစ်ရလေအောင် တစ်ကိုယ်တည်းသမားများ ရှောင်ရှားသင့်သည်။ အိမ်ထောင်ရှင်များအနေဖြင့်လည်း စကားအပြောအဆို သတိထားရန် လိုအပ်သည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

ရပ်ဝေးမှ ဧည့်သည်တစ်ဦး ရောက်ရှိလာပြီး သတင်းစကားများ ကြားရမည်။ အမှားကလေးများ လုပ်ထားမိသဖြင့် လေ့လေ့ရင်း နစ်နေသော်ငြားလည်း ယခုလကုန်ဆုံးချိန်တွင် ရှေ့သို့ တက်လှမ်းမည့် အခွင့်ကောင်း ရရှိမည်။ အသက်ကြီးသူများမှ သင့်အား ငွေကြေးကိစ္စ ထောက်ပံ့ကူညီပေးပါမည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ချမ်းသာကြွယ်ဝမှုကို ရွေးချယ်နေရသောကြောင့် ဆုံးဖြတ်ချက်မချနိုင်ဘဲ ဖြစ်နေမည်။ အိမ်ထောင်ရှင်များမှာလည်း ပြင်ပပီသာယာမှုကို သတိပြုဆင်ခြင်သင့်သည်။

## သိဟ်ရာသီဖွား (ခြသေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

ယခုလသည် သင့်အတွက် ရွှေရောင်လွှမ်းသည့်ကာလဖြစ်သည်။ ချစ်မေတ္တာရေးရာ ဘဝမှာပါ ကံကောင်းနေ





www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ အလုပ်အကိုင်တွင်း သင့်အထက်အရာရှိများမှ သင့်အား အခွင့်အရေးများ ကမ်းလှမ်းပေးမည်။ သင်၏ ရင်းနှီးမြှုပ်နှံထားမှုများမှတစ်ဆင့် သည့်ထံသို့ ငွေများဝင်လာလိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် face book အဆင့်ကို ပြောင်းလဲပစ်ရန် အသင့်ပြင်ဆင်ထားပါ။ အိမ်ထောင်ရှင်များအနေဖြင့် အထူး ချစ်မေတ္တာရေးတွင် ပျော်ရွှင်ချမ်းမြေ့မှု ရရှိပါမည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

အိမ်ပြောင်းရွှေ့ရန်သော်လည်းကောင်း၊ လုပ်ငန်းခွင်ပြောင်းရွှေ့ရန်သော်လည်းကောင်း ရှိလာနိုင်သည်။ ကောင်းမွန်သော ဆက်သွယ်ရေးကြောင့် လုပ်ငန်း လျင်မြန်စွာ ပြီးမြောက်သွားမည်။ ငွေကို မည်သို့ သုံးစွဲရမည်ကို သင်နားလည်လာလိမ့်မည်။ ချစ်မေတ္တာရေးတွင် သင်ရရှိသည်ထက် ကျော်လွန်မပေးမိအောင် သတိပြု ဆင်ခြင်ပါ။ တစ်ကိုယ်တည်းသမားများအနေဖြင့် ပုဂ္ဂိုလ်မှန်ကို ရွေးချယ်မှုမှန်ကန်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

တာဝန်ခံယူရမည့် ကိစ္စများ သင့်ထံသို့ လိမ့်ဝင်လာလိမ့်မည်။ ပရမ်းပတာမဖြစ်ရလေအောင် စီးပွားရေးလုပ်ငန်းအစည်းအဝေးအတွက် အကောင်းဆုံးဖြစ်ရန် ပြင်ဆင်ထားပါ။ ယခုကာလတွင် အိမ်ခြံမြေရင်းနှီးမြှုပ်နှံထားမှုများမှ ကောင်းမွန် အကျိုးအမြတ်များ ရရှိပါလိမ့်မည်။ သင့်အနေဖြင့် အားကစားကိစ္စရပ်မျိုးတွင် ကံကောင်းနေမည် ဖြစ်သော်လည်း အမှန် တကယ် အချစ်ရေးတွင် ကံခေနေပါလိမ့်မည်။



## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

သင့်လုပ်ငန်းခွင်အား မျက်စိဒေါက်ထောက် ကြံဖန်အပြစ်ရှာခြင်းခံနေရသောကြောင့် စိတ်လက်မချမ်းမသာ ဖြစ်နေမည်။ လုပ်ငန်းပိနေသော်လည်း စိတ်ရှည်ရှည်ထားပြီး သည်းညည်းခံနေပါ။ သင်သည်တစ်နေရာတည်းမှာပင် ကြာရှည်စွာ နေနေရမည် မဟုတ်ချေ။ ခါတိုင်းထက် သင့်ပိုက်ဆံအိတ် ပောင်းလောင်းဖြစ်လုနီးပါး ပိန်ချုပ်သွားမည်။ အချစ်မေတ္တာရေးတွင် ခိုက်ရန်ဖြစ်ပွားမည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

သင့်အလုပ်အတူတူ လုပ်ဖက်များမှ သင့်အပေါ် အခွင့်ကောင်းယူနေကြ၍ အလုပ်လုပ်ရသည်မှာ မပျော်ပိုက်ဘဲ ဝန်ထုပ်ဝန်ပိုးပမာ ဖြစ်နေမည်။ သင့်အထက်အရာရှိများအား သတိထားပြောဆိုပါ။ သို့တည်းမဟုတ်ပါက သင်ရာထူးတိုးတက်ရေးတွင် ထိခိုက်ခံရပေလိမ့်မည်။ သင်တတ်နိုင်သည်ထက် ငွေကြေး ပိုမိုကုန်ကျနေတတ်သည်။ ချစ်မေတ္တာရေးမှာလည်း ခက်ခဲနေပေလိမ့်မည်။

**ဦးတိုး(တက္ကသိလ)**

***Reference:***

23017 : A year to crow about? by Khatha Chinnabanchorn.



www.burmeseclassic.com


www.burmeseclassic.com

# ရှောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၉-ခုနှစ်၊ ဝါခေါင်လ - တော်သလင်းလ

## 2017 AUGUST

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 | |
| ဗုဒ္ဓဟူး Wednesday | 2 ၁၀ ရက်ရာဇာ | |
| ကြာသပတေး Thursday | 3 ၁၁ | |
| သောကြာ Friday | 4 ၁၂ ရက်ရာဇာ | 18 ၁၁ ရက်ရာဇာ |
| စနေ Saturday | 5 ၁၃ | 19 ၁၂ |
| တနင်္ဂနွေ Sunday | 6 ၁၄ | 20 ၁၃ |
| တနင်္လာ Monday | 7 (၁၅) ဝါခေါင်လပြည့် | 21 ● ဝါခေါင်လကွယ် |
| အင်္ဂါ Tuesday | 8 ၁ မဟာရက်ကြမ်း | 22 ၁ |
| ဗုဒ္ဓဟူး Wednesday | 9 ၂ အမြိတ္တစုတ်ရက် ရက်ရာဇာ | 23 ၂ အမြိတ္တစုတ်ရက် မဟာရက်ကြမ်း |
| ကြာသပတေး Thursday | 10 ၃ | 24 ၃ ရက်ရာဇာ |
| သောကြာ Friday | 11 ၄ ရက်ရာဇာ | 25 ၄ |
| စနေ Saturday | 12 ၅ အမြိတ္တစုတ်ရက် | 26 ၅ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 13 ၆ | 27 ၆ |
| တနင်္လာ Monday | 14 ၇ | 28 ၇ |
| အင်္ဂါ Tuesday | 15 ၈ | 29 ၈ |
| ဗုဒ္ဓဟူး Wednesday | 16 ၉ ရက်ရာဇာ | 30 ၉ |
| ကြာသပတေး Thursday | 17 ၁၀ | 31 ၁၀ ရက်ရာဇာ |



၁. ၈. ၂၀၁၇    စန်းပြောင်းရက်စွဲ    ၁၇. ၈. ၂၀၁၇

### ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၈. ၂၀၁၇ ကြာသပတေးနေ့ နံနက် ၁ နာရီ ၃၄ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၇. ၈. ၂၀၁၇ တနင်္ဂနွေနေ့ နံနက် ၉ နာရီ ၂၇ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၁. ၈. ၂၀၁၇ တနင်္လာနေ့ နံနက် ၁၁ နာရီ ၃၆ မိနစ်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

ရာဟုသည် - ၁၈. ၈. ၂၀၁၇ သောကြာနေ့ နံနက် ၈ နာရီ ၅၁ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

### ၂၀၁၇ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၈. ၈. ၂၀၁၇)အင်္ဂါနေ့ နံနက် ၄ နာရီ ၃၁ မိနစ် ၅ စက္ကန့်။ (၉. ၈. ၂၀၁၇)၊ (၁၂. ၈. ၂၀၁၇)နှင့် (၂၃. ၈. ၂၀၁၇) ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။
*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ တစ်လတာ

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်လေသည်။ မိမိတို့ နိုင်ငံသားများမှာလည်း မြေသားကို ချစ်ခင်သူများပီပီ မြေသားကိုတွေ့လျှင် တူးဆွစိုက်ပျိုးလိုကြပေသည်။ "စားပါ၊ စိုက်ပါ...စိုက်ပါပျိုးပါ တို့များမြေပဒေသာ"ဆိုသော စကားနှင့်အညီ အာဟာရလည်းဖြစ်၊ ဗီတာမင်ဓာတ်လည်းကြွယ်ဝသည့် သစ်ပင်သီးနှံများကိုလည်း စိုက်ပျိုးကြကုန်၏။ ဝေဆာလှပသည့် ပန်းမာလာများကိုလည်း စိုက်ပျိုးကြကုန်၏။ ထိုအခါဝယ် စိုက်ပျိုးရေးရာအတွက် အကျိုးဖြစ်ထွန်းဖို့ရာ အလို့ငှာ လောကီရေးရာများကို တင်ပြလိုက်ရပါသည်။

၁။ **သီးနှံမျိုးစေ့များ ကြဲရန်အတွက်**

ဩဂုတ်လ (၂)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသော ရက်များသည် သီးနှံများမျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **အပွင့်၊ အသီး၊ အနံ့၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်**

ဩဂုတ်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသော ရက်များသည် အပွင့်၊ အသီးအနံ့၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက်**

ဩဂုတ်လ (၈)၊ (၁၁)၊ (၁၉) စသော ရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်တို့အတွက်**

ဩဂုတ်လ (၂)၊ (၆)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၃၁) စသော ရက်များသည် ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ တောကကိုရင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

**နွယ်သာကီအောင်**

ချောင်းရေတွေလျှံ၍ ကန်ရေတွေ တိုးကြပြီ။

နွေတုန်းကလည်း နွေအလျောက် သဘာဝနေမင်းကြီးက မိမိတို့လူသားများအား ၎င်း၏ အပူဖြင့် ကျောပြင်အား ဖြောတင်၍ နက်ခဲ့သည်။ ဟော…အခု မိုးကာလရောက်ပြန်တော့ သဘာဝမိုးနတ်မင်းကြီးက မိမိတို့ လူသားတွေအပေါ် ရွှဲရွှဲစိုပေရော့။ ချမ်းခိုက်ခိုက်တုန်ပေရော့။ ရေတွေ ဖောင်းလန်ရော့ဟူ၍ မာန်တွေတင်းကာ မိုးတိမ်ထုအား ညှစ်ချလိုက်ခဲ့ပြီ။ သို့ရာတွင် နေရာဒေသအလိုက်တော့ မဟုတ်။ "ဝါခေါင် မိုးမသည်း"ဆိုတာမျိုးလည်း ရှိပေသည်။ မည်သို့ဆိုစေ…နွေအပူကို စိုးရွံ့ထိတ်လန့်ခဲ့သော မိမိတို့အဖို့ရာမတော့ အေးမြသောမိုး၊ သဘာဝလျှပ်စစ်စွမ်းအားတွေကို ပင့်နိူးပေးမည့်မိုးအား လှိုက်လှဲစွာ ကြိုဆိုရင်း…

**၁။ အိုးအိမ်တိုက်တာဝယ်ဖို့ရာ**

ဩဂုတ်လ (၂)၊ (၁၃)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသော ရက်ရှားသည်. နေအိမ်တိုက်တာများဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၂။ ကား/ယာဥ်စုံစွာ ဝယ်ဖို့ရာ**

ဩဂုတ်လ (၇)၊ (၉)၊ (၂၁) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဥ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်း ဆုံးရက်များ ဖြစ်ကြပါသည်။

**၃။ ရွှေတွင်း/ကျောက်တွင်း တူးဖို့ရာ**

ဩဂုတ်လ (၂)၊ (၁၃)၊ (၂၁)၊ (၂၆)၊ (၃၁) စသော ရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ထုတ် လုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၄။ အမည့်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဩဂုတ်လ (၂)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၄)၊ (၂၆) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ် တင်ခြင်း ကိစ္စရပ်များအတွက် အကောင်းဆုံးရက်များ ဖြစ် ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ **ခရီးလမ်းပန်း သွားဖို့ရာ**

ဩဂုတ်လ (၂) (၆)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၁၆)၊ (၂၄)၊ (၂၆) စသော ရက်များသည် ရပ်ဝေးရပ်နီး ခရီးထွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **လယ်ထွန်မင်္ဂလာ ကျင်းပရာ**

ဩဂုတ်လ (၂) (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသော ရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ယုဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ**

ဩဂုတ်လ (၂)၊ (၆)၊ (၇)၊ (၁၃)၊ (၂၁)၊ (၂၆)၊ (၂၈) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

ဩဂုတ်လ (၂)၊ (၇)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၃၁) စသောရက်များသည် ကျောင်း/အိမ် ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **အရောင်းအဝယ် လုပ်ကိုင်ဖို့ရာ**

ဩဂုတ်လ (၂)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဩဂုတ်လ (၂)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ရေတွင်းရေကန် တူးဖို့ရာ**

ဩဂုတ်လ (၂)၊ (၆)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈) စသော ရက်များသည် ရေတွင်းရေကန်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ပညာကောင်းစွာသင်ဖို့ရာ**

ဩဂုတ်လ (၂)၊ (၁၁)၊ (၁၃)၊ (၂၄)၊ (၂၆)၊ (၂၈) စသောရက်များသည် ပညာသင်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **ရေနေသတ္တဝါ ဖမ်းဖို့ရာ**

ဩဂုတ်လ (၁၁)၊ (၂၈) စသောရက်များသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်တွင်းရှိ ရေနေသတ္တဝါတို့အား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **ရှင်ပြုမင်္ဂလာ ကျင်းပရာ**

ဩဂုတ်လ (၂)၊ (၃)၊ (၉)၊ (၁၃)၊ (၁၅)၊ (၁၈)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၃၁) စသော ရက်များသည် ရှင်ပြုနားသမင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

ဩဂုတ်လ (၂)၊ (၇)၊ (၁၃)၊ (၁၆)၊ (၂၄)၊ (၂၈)၊ (၃၁) စသော ရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **မင်္ဂလာအခါ ပေးသင့်သည့်နေ့များ**

ဩဂုတ်လ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးသင့်သည့် အကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

■ နွယ်သာကီ[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ဩဂုတ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဩဂုတ်လ (၂)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၆) စသော ရက်များသည် "နန္ဒာတိထီ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရား၊ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ [illegible]တားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း မြေတူးဆွခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ ဩဂုတ်လ (၃)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၇)၊ (၂၈) စသောရက်များသည် "ဘဒြာတိထီ"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဩဂုတ်လ (၄)၊ (၁၀)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၉) စသောရက်များသည် "ဇယာတိထီ"တွင် ကျရောက်၍ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်း[illegible]ခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဩဂုတ်လ (၅)၊ (၁၁)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၃၀) စသောရက်များသည် "ရိတ္တာတိထီ"တွင် ကျရောက် လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ [illegible]ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဩဂုတ်လ (၁)၊ (၆)၊ (၇)၊ (၁၆)၊ (၂၁)၊ (၂၅)၊ (၃၁) စသောရက်များသည် "ပုဏ္ဏာတိထီ"တွင် ကျရောက်၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဩဂုတ်လ (၉)၊ (၁၂)၊ (၂၃) စသည့် ရက်များသည် "အမြိတ္တရိတ်"တွင် ကျရောက်၍ ထိုရက်များ၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

၇။ ဩဂုတ်လ (၂)၊ (၄)၊ (၉)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၍ ထိုရက်များ၌ လူမှုရေး ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

မဟာဒိဗ္ဗကျော်ခေါင်

**တနင်္ဂနွေနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၂)၊ (၃)၊ (၅)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၂)၊ (၄)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၉)၊ (၂၈) စသော ရက်များသည် အလုပ်အကိုင် အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၃)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၅)၊ (၂၁)၊ (၂၇)၊ (၂၈)၊ (၂၉) စသော ရက်များသည် အလုပ်အကိုင် အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၆)၊ (၇)၊ (၉)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၆) စသော ရက်များသည် အလုပ်အကိုင် အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၅)၊ (၆)၊ (၁၂)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၃၁) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၄)၊ (၅)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၀)၊ (၃၁) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၃)၊ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၄)၊ (၂၇)၊ (၃၀)၊ (၃၃) စသော ရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုနေ့တွင် မွေးဖွားသူများအဖို့**

ဩဂုတ်လ (၆)၊ (၇)၊ (၁၄)၊ (၂၀)၊ (၂၁)၊ (၂၅) စသောရက်များသည် အလုပ်အကိုင်အောင်မြင်ရန် ရက်ကောင်းများ ဖြစ်ကြ၏။

■ မဟာဒိဗ္ဗကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လပွားအတွက် ကံဇာတာ

## ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

မမျှော်လင့်ဘဲ ကမ်းရိုးတန်းဒေသခရီးသို့ သွားရတတ်သည်။ အလုပ်ကိစ္စများတွင် အမျိုးသမီးများကြောင့် နှောင့်နှေးတတ်ပါသည်။ မိမိ၏ ကြံစည်မှုတို့မှာ တစ်ပါးသူဦးနေတာမျိုး ကြုံရတတ်သည်။ လယ်ယာသားငါး ထွက်ကုန်မှ အကျိုးခံစားရမည်။ ရွှေ၊ အိမ် ဝင်မည်။ ကျန်းမာရေး ကောင်းမွန်ပါမည်။ အမှုများနှင့် ကြုံတွေ့၍ တရားအပေါင် ဖြစ်တတ်ပါသည်။

ဘာပဲလုပ်လုပ် အဆင်နှေပြမည့် အခြေအနေမျိုး ဖြစ်နေတတ်ပါသည်။ ကျောက်မျက်ရတနာများ၊ ယာဉ်များ ဝင်လာတတ်သည်။ မိသားစုထဲမှ တစ်ဦးဦး ရပ်ဝေးခရီးသို့ သွားရတတ်သည်။ ပျို့ရွယ်သူများ အချစ်သစ်နှင့် ဆုံစည်းတွေ့ကြုံရတတ်သည်။ စိန်၊ ပုလဲတို့လည်း ဝင်လာတတ်ပါသေးသည်။ အိမ်ထောင်ဖက်ကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်တတ်သည်။

စက်မှုလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ သားသမီးများ၏ ပညာရေး ကောင်းမွန်ပါသည်။ ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ အိမ်မြေကိစ္စအတွက် ငွေကြေးများ ဝင်လာမည်။ အိမ်နေရာထိုင်ခင်း အသစ်ရမည်။ မိဘများ၏ ကူညီမှုများ ရရှိမည်။ ဘုရားဖူးခရီး သွားရတတ်သည်။ ကျန်းမာရေးအတွက် ပူပင်ကြောင့်ကြစရာ မလိုပါ။ ကလေးများ အမြင့်မှ ပြုတ်ကျတတ်သည်။ အလုပ်ကိစ္စများ၌ အပြောင်းအလဲများ ဖြစ်ပေါ်တတ်သည်။

ရပ်ဝေးဒေသမှ ဆွေမျိုးညော်သည်များ ရောက်ရှိလာတတ်သည်။ စီးပွားရေးအဆင်ပြေမည်။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ဝင်ငွေကောင်းမည်။ မျက်နှာဖုံး သမီးရှိက်ပိုင်တို့၌ ဝေဒနာများ ခံစားရတတ်သည်။ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ အိမ်၊ ခြံ၊ မြေ (သို့မဟုတ်) ငွေကြေးရတနာပစ္စည်းများ ဝင်မည်။ နိုင်ငံရပ်ခြားမှ သတင်းကောင်းကြားရတတ်သည်။ သွေးတိုး၊ နှလုံးရောဂါများ ခံစားရတတ်သည်။ အစားမှားခြင်း၊ ဆေးသောက်မှားခြင်းတို့လည်း ကြုံရတတ်ပါသေးသည်။

စီးပွားရေးတိုးတက်မှု ရှိလာမည်။ အနုပညာလုပ်ငန်း၊ စာပေလုပ်ငန်း၊ ပညာရေးလုပ်ငန်းများတွင် အကျိုးခံစားမှုရရှိမည်။ ချစ်သူ၏ အထင်လွဲမှန်းတီးခြင်းကို ခံရတတ်သည်။ ရပ်ဝေးမှ ငွေကြေးများ ရောက်လာတတ်သည်။ အလှူဒါနပြုရတတ်သည်။ အလုပ်၊ ရာထူး၊ လစာ တိုးတက်မှုရှိမည်။ ကောင်းသတင်းကြားရတတ်သည်။ ရှေးဟောင်းပစ္စည်းများ ရရှိမည်။ အချစ်ရေးကိစ္စများတွင် စိုးရိမ်ပူပန်မှုများ ကြုံရတတ်သည်။

အိမ်အပြောင်းအရွှေ့ရှိမည်။ ရေထွက်ပစ္စည်းနှင့် အလုကုန်ပစ္စည်းများမှ ငွေများရရှိမည်။ သူကောင်းပြုခြင်းကို ခံရမည်။ မိတ်ဆွေသူငယ်ချင်းများ မိမိထံရောက်လာတတ်သည်။ မိဘများ၏ ကျန်းမာရေးညံ့နေတတ်ပါသည်။ အလုပ်ကိစ္စများ၌ ဘာပဲလုပ်လုပ် အဆင်ပြေနေမည်။ မိသားစုအတွက် စိတ်ချမ်းသာရပါမည်။ သံဃာတော်များအား အလှူဒါနပြုတတ်သည်။ မောင်နှမသားချင်းများကြောင့် လုပ်ငန်းအစီအစဉ်များ နှောင့်နှေးခြင်း၊ ပျက်ယွင်းခြင်းများ ကြုံလာတတ်ပါသည်။ ဘာပဲလုပ်လုပ် စဉ်းစားချင့်ချိန်ပြီးမှ လုပ်ကိုင်သင့်ပါသည်။

"*ယတြာပြုလုပ်လိုပါက - သံဃာတော်တစ်ပါးအား ဆွမ်းကပ်၍ ၃၁ ဘုံသားများကို မေတ္တာပို့ပါ။*

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com



# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျွမ်းပြု)

ဗုဒ္ဓဘာသာဝင်များအဖို့ နှစ်စဉ် ဝါခေါင်လပြည့်နေ့သို့ ကျရောက်လေတိုင်း 'မေတ္တာအခါတော်နေ့'ကို ကျင်းပလေ့ရှိကြပါသည်။ ထိုသို့ ကျင်းပရခြင်း၏ သမိုင်းနောက်ခံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်ငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ်ပြုတော်မူခဲ့ကြသည်။ ဤတွင် ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နတ်အပေါင်းတို့သည် တောအုပ်၌ မနေဝံ့တော့ဘဲ နေရာဖယ်ပေးကြရလေသည်။ ထိုအခါ ရဟန်းတော်များ မနေနိုင်ကြစေရန် နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်ကြတော့သည်။ ထိုအခါ ရဟန်းတော်တို့လည်း စိတ်ဓာတ်များ ချောက်ချားလာခဲ့ကြပြီး ဝါတွင်းကာလမှာပင် ဘုရားရှင်ရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းခဲ့လေတော့သည်။

ထိုအခါ ဂေါတမဘုရားရှင်က "ချစ်သားတို့ ... မေတ္တာလက်နက်ကို ယူဆောင်ပြီး တောအုပ်တွင်း ပြန်သွားကြပါကုန်လော့"ဟု တိုက်တွန်းလျက် မေတ္တသုတ်ဒေသနာတော်ကို ဟောကြားပေးရုံမက မေတ္တာဘာဝနာများ ပွားများအားထုတ်ကြရန်ကိုပါ သင်ကြားပေးလိုက်လေသည်။ ရဟန်းတော်တို့လည်း မူလသီတင်းသုံးခဲ့ရာ တောအုပ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြပြီး မေတ္တာဘာဝနာများ စီးဖြန်းအားထုတ်ကြလေသည်။ ခြောက်လှန့်တတ်ကြသော နတ်များလည်း ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့် ချစ်ခင်လာခဲ့ကြပြီး ခြောက်လှန့်ခြင်းမပြုကြတော့။ ရဟန်းတော်တို့သည် အဆိုပါ တောအုပ်အတွင်း၌ပင် ဝါခေါင်လအတွင်း ဒုတိယဝါကို ကပ်တော်မူခဲ့ကြပြီး မေတ္တာတရားကို ပွားများ၍ ဝိပဿနာတရားကို ဆက်လက်အား

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ခဲ့ကြရာ ဝါမကျွတ်မီမှာပင် အာသဝေါတရားများ ကုန်ခန်းပြီး ရဟန္တာများ ဖြစ်တော်မူခဲ့ကြလေသည်။

သို့ဖြစ်၍ ဝါခေါင်လပြည့်နေ့ကား –

(၁) ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တသုတ်အား ဘုရားရှင်မှ ဝါတွင်းကာလ၌ ဟောတော်မူခြင်း။

(၂) ရဟန်းငတ်ငါးရာတို့ တောအုပ်သို့ ပြန်ကြ၍ ဝါခေါင်လ၌ ပစ္ဆိမဝါ ကပ်တော်မူခြင်း။

စသည်တို့ကို ထောက်ရှု၍ ဝါခေါင်လပြည့်နေ့အား 'မေတ္တာအခါတော်နေ့'အဖြစ် သတ်မှတ်ကျင်းပခြင်း ဖြစ်လေသည်။

## မေတ္တာ၏ သဘောသဘာဝ

မေတ္တာဟူသည် ပါဠိဝေါဟာရ ဖြစ်၍ မြန်မာဘာသာဖြင့် 'ချစ်ခြင်း'ဟူသော အနက်အဓိပ္ပာယ်ရရှိပါသည်။

မေတ္တာစာတ်သည် ကြည်လင်အေးမြလျက် ငြိမ်းချမ်းသော သဘောကို ဆောင်ပါသည်။ (တဏှာကဲ့သို့သော နှောက်ကျူပူလောင်ခြင်းမျိုး မဟုတ်ချေ။)

- ❖ မေတ္တာသည် ဗြဟ္မဝိဟာရတရား လေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါသည်။
- ❖ မေတ္တာသည် အတိုင်းမသိသော သတ္တဝါတို့အပေါ် အာရုံရောက် အပ္ပမညာတရားဟု တွင်သည်။
- ❖ မေတ္တာသည် ဈာန်ကိုရစေနိုင်သော ဗြဟ္မဝိဟာရ တရားထူးဖြစ်၏။
- ❖ မေတ္တာဗြဟ္မစိုရ်ကို ပွားများနေပါက ကမ္ဘာလောကကြီးသည် ထာဝရအေးချမ်းမှု ရရှိနိုင်ပါလိမ့်မည်။
- ❖ မေတ္တာအကျိုး ၁၁ မျိုးကို အင်္ဂုတ္တရပါဠိတော်တွင် မြတ်စွာဘုရား ဟောကြားထားပါသည်။
- ❖ မေတ္တာပွားနည်း ၁၁ နည်းကို မေတ္တသုတ်၌ မြတ်စွာဘုရားဟောကြားထားပါသည်။
- ❖ မေတ္တသုတ်၌ ခုဒ္ဒကပါဌနှင့် သုတ္တနိပါတပါဠိတွင် လာရှိပါသည်။
- ❖ ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာပွားနည်းများကို ပဋိသမ္ဘိဒါမဂ်တွင် ပြည့်စုံစွာ ဟောကြားထားပါသည်။
- ❖ မေတ္တာကို အဒေါသ၏ ပရိယာယ်အဖြစ် ပိဋကတ်ကျမ်းဂန်တို့၌ ဟောကြားထားပါသည်။
- ❖ မေတ္တာ၏ အဝေးရှိ ရန်သူမှာ 'ဒေါသ'ဖြစ်၏။ အနီးကပ်ရန်သူမှာမူ 'တဏှာလောဘ'ဖြစ်၏။
- ❖ တဏှာရာဂသည် မေတ္တာအယောင်ဆောင်၍ သတ္တဝါကို လှည့်စားတတ်လေသည်။
- ❖ မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖက်သူမှာ ကြမ်းတမ်းသလောက် မေတ္တာဖက်သူမှာ ယဉ်ကျေးသိမ်မွေ့လေသည်။
- ❖ မေတ္တာစာတ်သည် သီတာရေစင်အလား ရောင်ခြည် လရောင်ခြည်အလား အေးမြပြီး ဒေါသမှာမူ နေနှင့် မီးပမာ အပူစာတ်ကို ပေးစွမ်းလေသည်။
- ❖ ရေခြားမြေခြား အဘယ်မျှပင် ဝေးကွာနေစေကာမူ မေတ္တာစာတ်ဖြင့် ဆက်သွယ်ပါက အနီးဆုံးပင် ဖြစ်ချေ၏။
- ❖ မေတ္တာသည် အလျားအနံ မရှိသော်လည်း အသွားအပြန်သဘောကို ဆောင်လေသည်။
- ❖ စောင်တွေ အဘယ်မျှပင် ခြုံစေကာမူ လုံခြုံမှု မရှိနိုင်။ မေတ္တာခြုံပါမှ လုံနိုင်ပေသည်။
- ❖ ငွေဖြင့် ဆက်ဆံခြင်းသည် မြဲသည်ဟု တစ်ထစ်ချ မဆိုနိုင်ရာ။ မေတ္တာဖြင့် အရင်းတည်၍ ဆက်ဆံမှသာလျှင် သေတစ်ပန် သက်တစ်ဆုံး မြဲမြဲတတ်လေသည်။
- ❖ စက်၊ ပုံး အမြောက်မက ထက်မြက်ပြီး ထိရောက်မှုရှိပြီး တစ်သက်လုံး အောက်ကျနိုင်သော လက်နက်မှာ 'သည်းခံခြင်း'ဆိုသည့် မေတ္တာလက်နက် ဖြစ်လေသည်။
- ❖ မေတ္တာစာတ်၏ စွမ်းအားအဟုန်ကြောင့် ဆန့်ကျင်ဘက်ပြုသူတို့အပေါ် အနိုင်ရခဲ့သော အဖြစ်တို့အား သာမာဝတီမိဖုရား၊ ဥတ္တရာ



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးနှင့် မာဃလုလင်တို့ဖြင့် ကြည့်ရှုနိုင်ကုန်၏။

- ❖ အိုးလုံးပေါင်း တစ်ရာဖြင့် တစ်နေ့လျှင် သုံးကြိမ်ချက်၍ လှူဒါန်းသော ဒါနထက် နို့တစ်ညှစ်စာ တစ်ခဏတာမျှ ပွားများသော မေတ္တာဘာဝနာက ပို၍ အကျိုးကြီးမားကြောင်း ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။

## မေတ္တာ၏ အကျိုးအာနိသင်များ

မေတ္တာစာတ်ဖြင့် အမြဲမပြတ် ထုံမွမ်းနေသူတို့အဖို့ အကျိုးအာနိသင် ၁၁ ပါးကို ခံစားရရှိနိုင်ကြပါသည်။ ထိုအကျိုးအာနိသင်တို့မှာ ...

(၁) ချမ်းသာစွာ အိပ်စက်ကြရကုန်၏။
(၂) ချမ်းသာစွာ နိုးထကြရကုန်၏။
(၃) အိပ်မက်ဆိုးတို့ မမြင်မက်ရာ။
(၄) လူအပေါင်းတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရကုန်၏။
(၅) သားရဲဘီလူးတို့၏ ချစ်ခင်ခြင်းကိုပင် ခံယူရရှိတတ်ကုန်၏။
(၆) နတ်အပေါင်းတို့၏ စောင့်ရှောက်ခြင်းကို ခံယူရရှိတတ်ကုန်၏။
(၇) မေတ္တာတရားပွားများသူတို့အား မီး၊ အဆိပ်၊ လက်နက်တို့ မစွဲမကျ မဖျက်ဆီးနိုင်။
(၈) လျင်မြန်စွာပင် စိတ်တည်ကြည်ကြကုန်၏။
(၉) မျက်နှာအဆင်း အထူးကြည်လင်ကုန်၏။
(၁၀) မတွေဝေဘဲ ငြိမ်းချမ်းစွာ ဘဝကူးကြကုန်၏။
(၁၁) အလွန်မြတ်သော 'အရဟတ္တဖိုလ်' တရားကို ထိုးထွင်း၍ မသိနိုင်သော်မှ ဗြဟ္မာ့ပြည်သို့ လားကြရကုန်၏။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်များအဖို့ မေတ္တာ၏ သဘောသဘာဝကို နားလည်သဘောပေါက်ကာ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းကြချေသည်။ မေတ္တာသုတ်လာ မေတ္တာပွားနည်း ၁၁ နည်းအား တိပိဋကဓရ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသမှ ရေးသာဖွဲ့ဆိုတော်မူခဲ့ရာ ရွတ်ဆိုပွားများ၍ လက်တွေ့ကျင့်သုံးခြင်းအားဖြင့် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ကို အခြေတည်လျက် လူဖြစ်ရကျိုးနပ်စေချင်ပါသတည်း။

(၁) လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၂) ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၃) မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၄) ဝေးနေ၊ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၅) ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၆) ရှည်၊ တို၊ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၇) ကြီး၊ ငယ်၊ အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၈) ဆူဖြိုးအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၉) လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
(၁၀) အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
(၁၁) ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

## တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

ကျမ်းကိုး

မာဃဝီသာစည်၏ အခါတော်နေ့များ။



www.burmeseclassic.com

www.burmeseclassic.com

# အဘယ်ကြောင့် ကျွန်ုပ်တို့ ဘာသာရေးနယ်ပယ်၌ မနုဿသီဟရုပ်တုများ ပေါ်ပေါက်လာရသနည်း

## မေတ္တာရှင်မောင်မဲခေါင်

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ရောက်ဖူးကြသူတိုင်း တန်ဂံနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု အစရှိသော ထောင့်လေးထောင့်၌ ဦးခေါင်းတစ်လုံး၊ ကိုယ်နှစ်ခုနှင့် ရုပ်တုကြီးများကို တွေ့မြင်မိကြပေလိမ့်မည်။ ထိုရုပ်တုကြီးများကို မနုဿသီဟဟု၍ ခေါ်ကြကြောင်းလည်း သိကြပေလိမ့်မည်။ ထို့ထက်ပို၍ မနုဿသီဟအကြောင်းကို ဗဟုသုတအလို့ငှာ သိကြလိုသူများအတွက် ယခုဆောင်းပါးကို ကျွန်တော် ရေးသားရခြင်းဖြစ်သည်။

### မနုဿသီဟမှုကွဲ

ပညတ်အဆိုအရမူ မနုဿသီဟပုံသဏ္ဌာန်သည် မနုဿ(လူ) + သီဟ(ခြင်္သေ့)ကို ပေါင်းစပ်ထားခြင်းဖြစ်၍ လူခြင်္သေ့ (ဝါ) လူတစ်ပိုင်း၊ ခြင်္သေ့တစ်ပိုင်း သတ္တဝါအဖြစ် ...ရမည်သာ ဖြစ်ပေသည်။ များသောအားဖြင့် ကျွန်တော် ...မြင်ဖူးသည်မှာလည်း ထိုအတိုင်းပင်ဖြစ်၏။ သို့သော်လည်း ...သော အရပ်ဒေသ၌ ကျွန်တော်တို့ တွေ့မြင်ရသည့် ...သီဟသည် လူ၏လက်နှင့် ကိုယ်နှစ်ခုဖြစ်နေသော်လည်း ...ခေါင်းမှာ လူဦးခေါင်းမဟုတ်ဘဲ ခြင်္သေ့ဦးခေါင်းသာ ဖြစ်...သည်။ အဘယ်ကြောင့် ထိုသို့ကွဲပြားနေသည်ကိုမူ ဖော်...ရှင်းလင်းချက်မျိုး ကျွန်တော် မတွေ့မိသေး။ တတ်သိ...သူ ပညာရှင်တို့က ရှင်းလင်းပြသလျှင်မူ ဗဟုသုတ...သူများအတွက် ဝမ်းမြောက်စရာပါပေ။

### မနုဿသီဟ ဘယ်ကစ

မနုဿသီဟရုပ်တုများသည် ထိခြင်းသုံးပါးနှင့် ညီညွတ်ကြောင်း။ ထိုသုံးပါးမှာ -

(၁) ရှေ့တွင်ထောက်ထားသော လူ၏သဏ္ဌာန် လက်နှစ်ဖက် ထိသည်။

(၂) ရင်အုပ်နှင့် လက် ထိသည်။

(၃) ပေါင်နှင့် ကိုယ်ထည် ထိသည်။

သို့အတွက် **မနုဿသီဟ ရုပထင်ရှား ထိသုံးပါးနှင့် ကြွားကြွားတင်ပြ၊ ပောက်သကဲ့သို့ ဟူ၍** ရှေးပညာရှိများ စပ်ဆိုခဲ့သည်ကိုလည်း ဖတ်မှတ်ရဖူးပါသည်။

စေတီပုထိုးများအနီး၌ မနုဿသီဟရုပ်တုများ ထုလုပ်ထားခြင်းဖြင့် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးရကြောင်းလည်း ပညာရှိတို့ စပ်ဆိုခဲ့သော အောက်ပါတေးထပ်အရ သိရှိရပါသည်။ မြန်မာလူမျိုးတို့ မနုဿသီဟရုပ်တုကို အဘယ်ကြောင့် အမြတ်တနိုး ထုလုပ်တန်ဆာဆင်ထားခဲ့ကြသည်ကို လည်း အဆိုပါတေးထပ်က ဖော်ပြနေပါသည်။ တစ်နည်းအားဖြင့် မနုဿသီဟ၏အစသည်လည်း ထိုတေးထပ်တွင် ပါဝင်နေ၏။

**သုဝဏ္ဏဘုံ၊ သထုံနာဂရ၌**
**တစ်ဖုံမြ ရှေး...သမယအခါ**
**ကြုံသမျှ အေးပအလာကို**
**ရေးပြသေချာ ညွှန်ဆောင်ကြား။**



www.burmeseclassic.com

www.burmeseclassic.com

ဖွားမြင်ဦး၏၊ နသက်လျှာကို
ဘီလူး၊ ယက္ခာကိုက်ဖမ်းယူလို့စား။
ရှင်သောဏာဥတ္တရ
ထေရ်မြတ်မဟာငယ်
ပြည်ရပ် နာဂရာ လှည့်ကြဲပြား
ကြည်မြင်သန္ဓါ ရှိငုံတွားလို့
ပြည့်စုံပန်ကြားကြောင်း လျှောက်တင်။
ညမှောင်ချိန်ခါ ငါးရာဘီလူးတို့
စားရှာမြူးမို့ ဝင်ရောက်စုံစွာပင်။
နှစ်ပါးထေရ် မြတ်တန်ခိုးရှင်ငယ်
တစ်မျိုးသွင်ပြင် ရုပ်ပလီပြလို့
မနုသီဟတွေး ရုပ်ခြောက်လှန့်ကာ
ပြေးဆုတ်ကြောက်လန့်စွာ။
ဘီလူးရန်မှ ဘေးပကွာသည်၊
အေးမြသာယာ ခုထိတိုင်ပလေး•••။
ထန်းပေစာရွက် အရုပ်စီဖြာသည်
မနုသီဟအိမ်တိုင်းကပ်ကြလေ။
ကျောင်းဘုရားအနီး တည်ကြပါသည်
သီဟ မနုဿ၊ ဘေးကင်းရန်ပလေး•••။

အထက်ပါတေးထပ်၏ အဆိုအရ ဂေါတမမြတ်စွာဘုရားသည် သုဝဏ္ဏဘူမိတိုင်း သထုံပြည်၌ သာသနာပြုရန်အတွက် အရှင်သောဏာနှင့် အရှင်ဥတ္တရမထေရ်တို့အား စေလွှတ်တော်မူပါသည်။ ထိုအချိန် သထုံပြည်တွင် သီရိမာသောကမင်းကြီး အုပ်စိုးနေသည်။ သမုဒ္ဒရာနှင့်နီးသောကြောင့် ရေပြင်စောင့် ဘီလူးမသည် မင်းနေပြည်၌ သားဖွားသူတိုင်းအား ဖမ်းယူစားသောက်နေခဲ့သည်။

တစ်နေ့ သားတစ်ပါးဖွားသဖြင့် ဘီလူးမက အခြံအရံငါးရာနှင့် သားကိုစားရန် လာသည့်အခါ လူတို့ ကြောက်လန့်၍ ပြေးကြသဖြင့် သာသနာပြုရန် ရောက်ရှိနေကြသော အရှင်မြတ်နှစ်ပါးက တန်ခိုးတော်ဖြင့် ခြသေ့်နှင့်တူသော ခေါင်းတစ်လုံးကိုယ်နှစ်ခုနှင့် မနုသီဟသဏ္ဍာန် ဖန်ဆင်းလျက် ဘီလူးတို့ကို တားဆီးခြောက်လှန့်စေခဲ့ပါသည်။ ဘီလူးငါးရာတို့လည်း ကြောက်လန့်ထွက်ပြေးကြရပါသည်။ ထိုကာလမှစတင်ကာ ထိုနေ့ဖွားမြင်သော သူငယ်မင်းသားတို့အား သောဏုတ္တရဟု အမည်မှည့်ခေါ်ကြကြောင်း။ ကလေးသူငယ်ခပ်သိမ်းတို့အား ဘီလူးတို့ဘေးရန်မှ ကင်းစေခြင်းငှာ ထန်းရွက်၊ ပေရွက်၊ စက္ကူရွက်တို့၌ မထေရ်မြတ်နှစ်ပါးက ဖန်ဆင်းတော်မူသော မနုသီဟရုပ်ကို ရေးချယ်လျက် ဦးခေါင်းထက်တင်ထားကြသည်ဆိုပါ၏။ ထိုအခါ အန္တရာယ်အပေါင်းမှ ကင်းဝေးရသည်ဟုလည်း ဆိုပါ၏။

ယခုတိုင် သထုံမြို့အရှေ့ဘက်ရှိ တောင်ထိပ်တစ်နေရာတွင် မနုသီဟပုံသဏ္ဍာန်ရုပ်တုကို ကျောက်သားဖြင့် ထွင်းထုထားကြောင်းလည်း သိရပေသည်။ ဤအစဉ်အလာအရ ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းဝေးလိုသူတို့သည် မိမိနေအိမ် လေးဘက်လေးတန်၌ မနုသီဟရုပ်ပုံများကို ကပ်ထားတတ်ကြပါသည်။

အမှန်တကယ် ကင်းဝေးစေကြောင်းလည်း ယုံကြည်ကြပါသည်။ သို့ဖြင့် ကျွန်တော်တို့ မြန်မာလူမျိုးများ ဘာသာရေးနယ်ပယ်နှင့် ဆက်နွယ်လျက် စေတီ၊ ဘုရား၊ ကျောင်းကန်များ၌ မနုသီဟရုပ်တုများ စတင်ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။

မနုသီဟ၊ ကိုယ်နှစ်မြွာနှင့်
အာကာတစ်ခွင်၊ ထက်ကောင်းကင်၌
သင်းတို့မြင်လျှင်၊ ထိုစဉ်ဖန်ဆင်း
ကြောက်လန့်ခြင်းကြောင့်၊
ထန်ပြင်း ထွေတူ။ ရေဘီလူးတို့
ခြေဦးတည့်ရာ၊ ပြေးထွက်ခွာ၍
များစွာ သားငယ်၊ ဘေးပကွယ်သည်
အေးဖွယ်သုခ၊ မှတ်ပါကြ။

မေတ္တာရှင် မောင်မဲခေါ

ဝန်ခံချက် ။ ။ ဆရာမကြီး စောမုံညင်း၏ မနုသီ[illegible] ဆောင်းပါးကို မှီငြမ်းကိုးကားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# မနုသီဟ ( မနုဿီဟ )

နန်းကြောချုပ်

မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် [illegible]စေတီများ တည်ထားကိုးကွယ်ခဲ့ရာ အများအားဖြင့် [illegible]ဘုရားအား စံနမူနာတင်၍ တည်ထားလေ့ရှိပါ [illegible] ဒီသုကာလက်ရာအနေနှင့် အလွန်အချိုးစားကျနသော [illegible]သည်။ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများနှင့် [illegible]က်၍ စဉ့်ကွင်း၊ သစ်သား၊ ပန်းပု၊ ကြေးသွန်း၊ ကြေး [illegible] အင်္ဂတေရုပ်၊ အင်္ဂတေပန်း၊ နံရံဆေးရေး၊ ကျောက် ဆစ်လက်ရာများမှာလည်း လေ့လာ၍မကုန်နိုင်အောင် လက် ရာမြောက်စွာ တည်ရှိနေကြသည်။

ပစ္စယံများတွင် စဉ့်စိမ်းရောင်သုတ်ထားသော ငါးရှု ငါးဆယ်ဇာတ်ကွက်များနှင့် တန်ဆာဆင်ထားသည်။ ဒုတိယ ပစ္စယံ မြောက်ဘက်မျက်နှာ လှေကားအရှေ့ဘက်ခြမ်းတွင် အကွက်အမှတ် ၄၀၁၊ စဉ့်ကွင်းစာ သုမနေဇာတ်စာပါ အကြောင်းအရာမှာ အပေါ်ပိုင်းခြသေ့ ၂၊ လူကိုယ်ခြသေ့ဟု

www.burmeseclassic.com

ဖော်ပြထားသည်။ မနုသီဟဖြစ်သည်။ ထို့အတူ စေတုတ္တဘုံဆင့်ထောင့်တွင် မနုသီဖင်နှစ်ခွပုံကို တွေ့ရသည်။ တချို့အရပ်ဒေသများရှိ လိုဏ်ဂူပေါ်ပစ္စယံ အရပ်လေးမျက်နှာထောင့်တွင် မနုသီဟရုပ်တုများ တည်ထားလေ့ရှိကြပါသည်။ မြန်မာအဘိဓာန်တွင် "လူမျက်နှာတစ်ခုနှင့် ခြသေ့ကိုယ် နှစ်ခုပါသော ရုပ်သဏ္ဌာန် (ပါ-မနုဿ+သီဟ)ဟု အနက်ပေးထားသည်။

ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် "မနုသီဟ ခေါင်းတစ်လုံးနှင့် ကိုယ်နှစ်ခုရှိသော သတ္တဝါတစ်မျိုး"ဟု ဆိုထားသည်။ ကုန်းဘောင်ခေတ်မဟာသကြီး၏ "သာသနာလင်္ကာရစာတမ်း"နှင့် မုံတိုင်ပင်ဆရာတော်၏ သုံးပုံအိမ်ထောင့်ကျမ်းများတွင် မနုသီဟ ဖြစ်ပေါ်လာပုံကို ရေးသာထားသည်။

မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်တွင် အာသောကမင်းနန်းစံ ၁၈ နှစ်တွင် တတိယသင်္ဂါယနာ တင်ခဲ့သည်။ သာသနာတော်တည်တံ့ပြန့်ပွားနိုင်စေရေးအတွက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့သည်။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေတို့သည် သုဝဏ္ဏဘုံမိ သထုံပြည်သို့ ကြွရောက်လာကြသည်။ ထိုအချိန်ကာလကို သထုံတွင် သမုဒ္ဒရာ၌နေသော ရေစောင့်ဘီလူးမသည် လူအသွင်ဆောင်ပြီး မင်းအိမ်၌ သားဖွားတိုင်း သတ်စားလေသည်။

အရှင်နှစ်ပါး ကြွရောက်လာချိန်ဝယ် မင်းအိမ်၌ သားဖွားသည့်အချိန်နှင့် ကြုံကြိုက်နေသည်။ မင်းချင်းယောကျ်ားတို့သည်လည်း လက်နက်များစွာကိုင်ကာ လှည့်လည်စောင့်ရှောက်နေကြသည်။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့အား မြင်တွေ့သောအခါ ရေစောင့်ဘီလူးမ၏ အပေါင်းအဖော်များ ထင်မှတ်၍ သတ်ဖြတ်ရန် ဝိုင်းရံလာကြသည်။ အရှင်နှစ်ပါးကလည်း -

"ငါတို့သည် ဘီလူးမ၏အဖော် ပရိသတ်မဟုတ်၊ သီလနှင့်ပြည့်စုံသော ရဟန်းမြတ်တို့တည်း။ ငါတို့ကား လူတို့၏အသက်ကို ညှဉ်းဆဲခြင်း စသော မကောင်းမှုကို ရှောင်ကြဉ်ကြသူများ ဖြစ်ကုန်၏"

ထိုသို့ ပြောပြနေစဉ်မှာပင် ရေစောင့်ဘီလူးမသည် အခြွေအရံငါးရာနှင့် ရေမှတက်လာသည်ကို လူတို့မြင်တွေ့ကြရလျှင် ဆူညံစွာ ကြွေးကြော်အော်ဟစ်ကြသည်။မထေရ်နှစ်ပါးက ခြသေ့နှင့်တူသော ခေါင်းတစ်လုံး ကိုယ်နှစ်ခုရှိသော မနုသီဟသဏ္ဌာန် ဘီလူးမထက်နှစ်ဆကြီးသော ကိုယ်ကိုဖန်ဆင်းပြီး ဘီလူးမနောက်သို့ လိုက်လေသည်။


ဘီလူးမသည်လည်း ငါတို့ထက်တန်ခိုးကြီးသော ဘီးလူးတို့ ဤအရပ်သို့ ရောက်လာပြီဟု ထင်မှတ်ပြီး ထွက်ပြေးကုန်ကြသည်။ မြို့သားတို့သည်လည်း အရှင်မြတ်တို့ တန်ခိုးကြီးသည်ကို မြင်ရ၍ ရွှင်လန်းဝမ်းမြောက်စွာ အပါးသို့ကပ်ကာ ဝန်းရံနေကြကုန်သည်။ အရှင်နှစ်ပါးလည်း စည်းဝေးစုရုံးလာသော ပရိသတ်တို့အား ဗြဟ္မဇလသုတ်ကို ဟောသဖြင့် သရဏဂုံသီလ၌ တည်စေကုန်၏။

ခြောက်သောင်းသော သတ္တဝါတို့သည် ဓမ္မာဘိသယမကို ရကြကုန်၏။ လေးသောင်းငါးထောင်သော ယောကျ်ား၊ တစ်သောင်းနှစ်ထောင်ကုန်သော မိန်းမတို့သည် ရဟန်းပြုကြလေကုန်သည်။ လူငယ်လူရွယ်တို့သည်လည်း ဘီလူးမဘေးကို တားစီးရနိုင်အောင် မထေရ်တို့ဖန်ဆင်းသော မနုသီဟရုပ်ကို ထန်းရွက်၊ သလူရွက်များတွင် ရေး၍ ခေါင်းထက်တင်ထားကြလေသည်။ မနုသီဟရုပ်ကို ကျောက်ရုပ်ထု၍ သထုံမြို့ အရှေ့မြောက်ထောင့်တောင်ထိပ်တွင် တင်ထားကြလေသည်။ ထိုအခါမှစ၍ မင်းအိမ်၌ဖွားမြင်သော သူငယ်တို့ကို "သောဏုတ္တရသတို့သား"ဟူသော အမည်မှည့်ကုန်၏။

ရက္ခိုက်(ဘီလူး)ဘေးမှ လွတ်ကင်းအောင် ကြောက်မက်ဖွယ်ရာ သတ္တဝါတစ်ခုကို မထေရ်တို့က ဖန်ဆင်းပြခဲ့သောကြောင့် မနုသီဟဖြစ်လာပေသည်။ ဘုရားပုထိုးစေတီများတွင် မနုသီဟရုပ်တုများ ထုလုပ်ထားကြသည်မှာ ဘီလူးတို့ဘေးမှ ကင်းဝေးရန် အစောင့်အရှောက်အဖြစ် တည်ထားခြင်းသာ ဖြစ်သည်။ "လူ့မျက်နှာ၊ လူ့လက်၊ ခြသေ့ကိုယ်နှစ်မြွာ၊ ခြသေ့ခြေနှစ်ဖက် ဖြစ်သည်။ လက်နှစ်ဖက်ထိသည်၊ ရင်အုပ်နှင့်လက် ထိသည်၊ ပေါင်နှင့်ကိုယ် ထိသည်ဖြစ်၍ ထိသုံးပါးဟု "ရွှေဘုံနိဒါန်း"တွင် ဆိုထားပါသည်။

နန်းကြေးချွင်

www.burmeseclassic.com



# ဘုရားကင်းစေရာ မနုဿဗိဟ ဆောင်ကြပါ

အောင်မြတ်ဦး

(၁)

တစ်နေ့သ၌ ရာဟုထောင့် ပန္နွယ်အနီး ညောင်ပင်ကြီးအောက်တွင် "ဘဖိုးငို"ဆိုသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် ဆုံ ညေးရသည်။ ဗုဒ္ဓဟူးနေ့ ရာဟုချိန် ကောလီအဓိဌာန်ယတြာ ပူဇော်စိုပြီး၍ ကျွန်တော်တို့ ဇနီးမောင်နှံ ထမင်းစားရန် ပြင်နေ နိုက် ဖြစ်သည်။

"မောင်ရင်လေးတို့…ဘကို ထမင်းတစ်နပ် ဒါနပြုနိုင်မလား"

အဘိုးအိုက ရုတ်တရက် ရောက်လာပြီး ပြောသည်။ အဘိုးအိုက အရပ်ပုပြီး အသားဖြူသည်။ သျှောင်နှင့်ဖြစ်သည်။ ယောဂီဝတ်စုံနှင့် ပခုံးတွင် ကြီးမားသော အညာ ဘွယ်အိတ်တစ်လုံး လွယ်ထားသည်။ ကျွန်တော်က "စားပါ အဘ ကျွေးပါ့မယ်"ဟု ပြောလိုက်သည်။ ဇနီးက ထမင်းပန်းကန်တစ်ချပ်ကို ထမင်းမောက်မောက်ထည့်ပြီး ပေးလိုက်သည်။ ဟင်းက သက်သတ်လွတ်ဟင်း။

"မောင်ရင်လေးကော"

"ကျွန်တော်တို့က အတူစားမယ်လေ အဘရယ်။ အရေးကြီးတာက အဘပါ။ ကျွန်တော်တို့က အိမ်ကျမှ ထပ်စားလည်း ရတာပဲ"

အဘိုးအိုက ပြုံးသည်။ "အတူတူစားတာပေါ့ သဒ္ဓါဖြည့်ရင် ပြည့်ပါတယ်"ဟု ပြောသည်။ ထိုနေ့က နှစ်ယောက်စာ ထမင်းကို သုံးယောက်စားရသော်လည်း ဝကြသည်။ ထမင်းစားပြီးတော့ -

"အဘနာမည်က ဖိုးငိုတဲ့။ သုဝဏ္ဏဘူမိက ဘုရားဖူးလာတာလေ။ ဒါထက် မောင်ရင်လေးကကော ဘာလုပ်လဲ"

"ကျွန်တော်က စာရေးပါတယ် အဘ"

အဘငိုက…

"ဒီအလုပ်က အင်မတန် မွန်မြတ်တာပဲ။ သဒ္ဓါရှိ သလောက် အကျိုးဖြစ်ထွန်းတာကွ"

ဟု ပြောသည်။ ထို့နောက် အဘဖိုးငိုက…

www.burmeseclassic.com

www.burmeseclassic.com

"မင်း မနသိဟာအကြောင်းနှင့် အစွမ်းသတ္တိကို သိလား"

ဟု မေးသည်။

ကျွန်တော်က သိသလောက် ပြောလိုက်သည်။ အဘဖိုးငိုက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး "ဟုတ်တယ် ဟုတ်တယ်"ဟု ပြောသည်။

ပြီးမှ "မောင်ရင်လေးတို့ ဆောင်သလား"ဟု မေးသည်။

"ကျွန်တော် မဆောင်ဖြစ်သေးပါဘူး"

"ဒါဆို အဘက ဆောင်ပါလို့ တိုက်တွန်းချင်တယ်။ ဒီလိုဆောင်ထားရင် ဘေးကင်းတယ်။ အန္တရာယ်ကင်းတယ်။ ဒီလို မနသိဟာရုပ်ဆောင်ပြီး နေ့စဉ် ပြဟ္မာလေဘုတ်ကို ရွတ်နိုင်ရင် ပိုကောင်းတယ်။ အဘလည်း အသက်ထက်ဆုံး ဆောင်ထားတာ"

ဟုပြောပြီး သူ၏ အညိုရောင်အကျႌအိတ်ကပ်တွင်းမှ အဖြူရောင် လက်ကိုင်ပုဝါအခေါက်လေးကို ထုတ်၍ ဖြန့်ပြသည်။ လက်ကိုင်ပုဝါတွင် ပြဟ္မာဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုပါ မနသိဟာရုပ်ပါရှိသည်။

"အဘ ဆောင်ထားတာ ကြာပြီလား"

သူက ခေါင်းညိတ်ပြီး -

"အဘ အသက်နှစ်ဆယ်လောက်ကတည်းက ဆောင်ထားတာဆိုတော့ အခု နှစ်ကိုးဆယ်ရှိပြီလေ"

ဟု ပြောသည်။ ကျွန်တော်က -

"အဘ အသက်ဘယ်လောက်ရှိပြီလဲ"

ဟု မေးလိုက်သည်။

"တစ်ရာ့တစ်ဆယ် ရှိပြီလေ"ဟု ပြောသည်။

"အဘ ကျန်းမာတာပဲ" ဟုပြောလျှင် -

"စရဏာပေါ့ကွယ်။ မောင်ရင်လေးတို့လည်း အသက်ရှည်မှာပါ"ဟု ပြောသည်။

## (၂)

ညက "သုဝဏ္ဏဘုမ္မိဆံတော်ရှင်သာသနာ"အတိတ်သမိုင်းပြစုရင်း ရဟန္တာအရှင်မြတ်များဖြစ်သည့် ရှင်သောဏာနှင့် ရှင်ဥတ္တရမထေရ်တို့ သုဝဏ္ဏဘုမ္မိရောက်ခန်း အဖြစ်အပျက်ကလေးကို ပြန်ဖတ်မိသည်။

ထိုစာပါအကြောင်းကား . . .။

"ရဟန်းတော်များမှာ ပြည်သူအများကို ဟောပြောပြနေစဉ် ဘီလူးမနှင့် အပေါင်းပါ ငါးရာတို့သည် သမုဒ္ဒရာမှ တက်လာကြသည်။ လူတို့သည် ရေစောင့်ဘီလူးကိုမြင်လျှင် "အရှင်ဘုရားတို့ ရေစောင့်ဘီလူးတို့ လာပါပြီ"ကြောက်လန့်တကြား အော်ကြကုန်၏။

ထိုအခါ မထေရ်မြတ်နှစ်ပါး ဖြစ်သည့် အရှင်သောဏာ၊ အရှင်ဥတ္တရမထေရ်မြတ်နှစ်ပါးသည် ရေစောင့်ဘီလူးတို့ထက် ခန္ဓာကိုယ်နှစ်ဆကြီးသော "မနသိဟာ"(ပြဟ္မာဦးခေါင်းနှင့် ခြင်္သေ့ကိုယ်နှစ်ခုပါသော မနသိဟာ)ရုပ်ကို တန်ခိုးနှင့် ဖန်ဆင်း၍ ဘီလူးတို့အား ပိုင်းလိုက်စေရာ ဘီလူးတို့သည် ပြေးကြကုန်၏။ မထေရ်မြတ်နှစ်ပါးသည် ဘီလူးတို့အား မမြင်ဝေးရာသို့ ပြေးစေရန် ဖန်တီးပြီး ထက်ဝန်းကျင်အရပ်မှ ပရိတ်ဒေသနာကို အရံအတားပြု၏။ စုဝေးရောက်လာသော လူအများအား "ပြဟ္မာဇာလသုတ်"တော်ကို ဟောတော်မူရာ သရဏဂုံသီလတည်ကြပြီး ခြောက်သောင်းသောလူတို့ တရားထူးရကြ၏။ အမျိုးသား သုံးထောင့်ငါးရာ၊ အမျိုးသမီး တစ်ထောင့်ငါးရာ ရဟန်းပြုကြ၏။

နိုင်ငံတော်အတွင်းရှိ လူများကိုလည်း ဘီလူးရန်နှင့် ဘေးကင်းဝေးစေရန် "မနသိဟာ"ပြဟ္မာဦးခေါင်း၊ ခြင်္သေ့ကိုယ်နှစ်ခု ရုပ်အား ထန်းရွက်၊ ပေရွက်၊ သလွန်ရွက်တို့တွင် ရေးစေလျက် ဆောင်ထားကြကုန်သည်။

မထေရ်မြတ်တို့ ဖန်ဆင်းသည့် "မနသိဟာ"ကျောက်ရုပ်ကိုလည်း သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်၌ တည်ထားကုန်၏။ ယခုတိုင် အထင်အရှားရှိသည်။

စေတီပုထိုးများရှေ့၌ မနသိဟာရုပ် တွေ့ရသည်မှာ ထိုစဉ်က စတင်ခဲ့ခြင်းဖြစ်သည်။

**အောင်မြတ်ဦး**

ကိုးကား

ဦးသာသနဝိသုဒ္ဓိ(ဗိုလ်သိမ်းဆွေ)၊ မြန်မာနိုင်ငံ ရဟန္တာအရိယာများ၏ ထေရုပ္ပတ္တိ၊ စာမျက်နှာ (၃၉)။



www.burmeseclassic.com

www.burmeseclassic.com

# အနေကြာစေဖို့ နေကြာပန်း ထိုးကြစို့

ထိပ်တွင်ထွေး

ဆောင်းလယ် တစ်ညနေတွင် ကျွန်ုပ်သည် ခြေခင်းလက်ခင်းသာသည်မို့ ဗီးကုန်းကျေးရွာဘက်ဆီသို့ လမ်းလျှောက်ထွက်လာခဲ့မိသည်။ ကျွန်ုပ်နေထိုင်သော နေရာမှာ ရွှေပြည်သာမြို့နယ်အဝင် ဗွီအိုင်ပီရပ်ကွက်ဟု အများအခေါ်ရှိသော အရပ်တွင် နေထိုင်၏။ ထိုရပ်ကွက်တွင် ကျွန်ုပ်၏ အစ်မရင်းမှမွေးသော ကျွန်ုပ်၏တူမအင့်မာလာနှင့် ခင်ပွန်းသည် မောင်အောင်သိန်းတို့ ရှိပေရာ ကျွန်ုပ်လို တစ်ကိုယ်တည်း လူပျိုကြီးတစ်ယောက်အနေနှင့် တူမ၏ သားသမီးများကို ကျောင်းကျောင်းပို့ပြင်ဆုံးမရင်း ကပ်ရပ်နေခြင်းအတွက် မည်သို့မျှ အခက်အခဲမရှိလှပေ။

ကျွန်ုပ်၏ တူမအိမ်တွင် လိုလေသေးမရှိ နေထိုင်ရသော်လည်း ကျွန်ုပ်အနေဖြင့် ဝါသနာပါသော စာပေကျမ်းဂန် ဖတ်ရှုခြင်း၊ စိတ်ထဲတွင်ရေးချင်စိတ် ပေါ်လာလျှင် စာတိုပေစကလေးများ ရေးသားခြင်းဖြင့် ရရှိလာသော စာမူခဝင်ငွေများကို ကျွန်ုပ်တူမထံအပ်နှံကာ စိတ်အေးလက်အေး နေထိုင်ခဲ့သည်မှာ သုံးနှစ်ကျော်ကျော်ကြာမြင့်ခဲ့ပြီဖြစ်၏။

မိသားစု အေးချမ်းသာယာမှုရှိသလို ကျွန်ုပ်အတွက်လည်း စိတ်ချမ်းမြေ့သာယာမှုရှိသည့်အတွက် အိမ်တွင်းအောင်းနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၏။ ထိုနေ့တွင်မှ ကျွန်ုပ်၏ စိတ်အာရုံရော ကိုယ်ခန္ဓာ အကြောအခြင်ပါ ညောင်းညာနေပြီဖြစ်၍ ပတ်ဝန်းကျင်အမြင် ပြောင်းလဲခြင်းနှင့် ကိုယ်လက်မအီမသာပြေပျောက်စေခြင်းငှာ လမ်းလျှောက်ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ဗီးကုန်းကျေးရွာ ကန်သာယာသို့ မရောက်ခင် စစ်အကျဉ်း ထောင်လမ်းအနီးသို့ရောက်လျှင် ကျွန်ုပ်၏ စိတ်ထဲတွင် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရလိုက်မိသည်။ ကျွန်ုပ် ကျောင်းဆရာလုပ်စဉ်က ကျွန်ုပ်၏ ဆိုဆုံးမမှုကို အမြဲမပြတ်နာခံတတ်သော တပည့်ကလေး မောင်တင်ကိုကိုငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ တင်ကိုကိုဝင်းမှာ ဆယ်တန်းစာမေးပွဲကို (ခ)စာရင်းဖြင့် အောင်မြင်ပြီးနောက် ဆက်လက်ဖြေဆိုခြင်းမပြုဘဲ စီးပွားရေးလောကထဲသို့ ဝင်ရောက်ခဲ့၏။ ဘဝမျိုးစုံကို ကျင်လည်ရင်း ယခုနောက်ဆုံးတွင် အမှတ်(၂) စစ်အကျဉ်းထောင် ဝန်ထမ်းသက်သာချောင်ချိရေး စားသောက်ဆိုင်ကို တာဝန်ယူလုပ်ကိုင်ရောင်းချနေပေသည်။ တင်ကို့သတင်းကို ကြားရသော်လည်း သူ့ထံသို့ ကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ မရောက်ဖြစ်ခဲ့။ အနေနီးသော်လည်း ခရီးဝေးနေခဲ့ရပေသည်။

ထိုနေ့ကမူ ကျွန်ုပ်အတွက် လမ်းလည်းကြုံနေသဖြင့် သူ့ဆိုင်သို့ ဝင်ရောက်မိခဲ့သည်။ ကျွန်ုပ်ရောက်သည့်အချိန်မှာ ညနေစောင်း ၅ နာရီ ပတ်ဝန်းကျင်ဖြစ်သည်မို့ ဆိုင်အတွင်း၌ သောက်စားနေကြသူများနှင့် စည်ကားနေပေပြီ။ ကျွန်ုပ်တွေ့လျှင် ... မောင်တင်ကိုသည် ကောင်တာတွင် ထိုင်နေရာမှ ပျာပျာသလဲ ဆီးကြိုသမှု ပြုလေတော့သည်။

"ဟာ ... ဆရာကြီးပါလား။ ကြွပါဆရာကြီး ကြွပါ။ ဒီမှာ ထိုင်ပါခင်ဗျ"

ကျွန်ုပ် လက်မောင်းတစ်ဖက်ကို ညင်သာစွာ တွဲခေါ်လျက် ဆိုင်ထောင့်တစ်နေရာရှိ ပက်လက်ကုလားထိုင်တွင် နေရာချထားပေးလေသည်။

"ဆရာကြီး ဘယ်ကလှည့် လာတာလဲခင်ဗျ"

"အိမ်း ... လမ်းလျှောက်ထွက်ရင်း မင်းဒီမှာ ဆိုင်ဖွင့်ထားတယ်ကြားလို့ ဝင်လာတာပဲကွယ့်။ ဘယ့်နှယ့် လုပ်ငန်းကိုင်ငန်းတွေကော အဆင်ပြေရဲ့လား"

"ပြေပါတယ်ဆရာကြီး၊ ရောက်စကတော့ ဒီလောက်မဟုတ်လှပါဘူး။ အခု ခြောက်လလောက်မှာ ဆရာကြီးမြင်တဲ့အတိုင်းပဲ ရောင်းပန်းဝယ်ပန်း ကောင်းလာတယ်။ ဒီဆိုင်လေးက မရွှေ့ချင်လောက်အောင်ကို ကျွန်တော့်စိတ်ထဲ ဖြစ်မိပါတယ်"

"အေး ... အေး၊ အဆင်ပြေရင် ဆရာကြီးဝမ်းသာသကွယ်"

မောင်တင်ကိုလည်း ကျွန်ုပ်အား နေရာထိုင်ခင်းပေးပြီးသည်နှင့် အအေးပုလင်းတစ်လုံး ဖောက်တိုက်သည်။ ဆိုင်ကောင်တာတွင် သူ့ဇနီးသည်ကို အထိုင်ခိုင်းပြီး ကျွန်ုပ်ရှေ့တွင် ယို့ယို့ကလေးထိုင်ကာ အာလာပ သလ္လာပ စကားစမြည်ပြောဆိုနေ၏။ ကျွန်ုပ်လည်း သူ့ဆိုင်ခန်းအတွင်း အသေအချာပင် လေ့လာအကဲခတ်ကြည့်မိသည်။ စားသောက်သူများမှာ တဖွဲဖွဲ ဝင်ရောက်လာကြပြီး စားပွဲထိုးကလေးများမှာ မနားရအောင် အလုပ်ရှုပ်နေကြ၏။ ကျွန်ုပ်လေ့လာအကဲခတ်နေရင်းမှ မောင်တင်ကို၏ ငွေရှင်းကောင်တာရှိ အလှထိုးပန်းစိုက်အိုးနှင့် ဘုရားစင်ရှိ ဘုရားပန်းအိုးမှ ပန်းပွင့်များကို သတိထားလိုက်မိသည်။

အလှစိုက်ပန်းအိုး ဘုရားပန်းအိုးများတွင် အများအားဖြင့် သပြေပန်း၊ စိန်ခြယ်ပန်း၊ ဂန္ဓမာပန်း၊ မေမြို့ပန်း၊ သစ္စာပန်း၊ နှင်းဆီပန်း အစရှိသည့် အများသုံးပန်းများကိုသာ ကပ်လှူထိုးစိုက်တတ်ကြ၏။ မောင်တင်ကို၏ ပန်းအိုးများတွင် ကျွန်ုပ်တွေ့ရှိရသည်မှာ ကျွန်ုပ် တစ်ကြိမ်မျှမတွေ့ဖူးသော နေကြာပန်းများကို ထိုးစိုက်ထားသဖြင့် စိတ်ထဲတွင် တအံ့တသြ ဖြစ်သွားမိ၏။ သိလိုစိတ်ကို မအောင့်နိုင်တော့သဖြင့်

"မောင်တင်ကို မင်းဘုရားပန်းနဲ့ အလှစိုက်ပန်းက တစ်မျိုးပါလား"

"ဆရာကြီးစိတ်ထဲ ဘယ်လိုထင်လို့လဲ"

"နေကြာပန်းဆိုတာ အလှစိုက်အိုးမှာ ထိုးချင်ထိုးမယ်။ ဘုရားပန်းအိုးမှာထိုးပြီး ပူဇော်တာကတော့ တစ်ခါမှ မတွေ့ဖူးဘူးကွယ့်"

"ဟုတ်ကဲ့ ကျွန်တော်လည်း အရင်က တစ်ခါမှ နေကြာပန်းကို ဘုရားမကပ်လှူဖူးပါဘူး။ ဒါပေမယ့် ကျွန်တော့်ဆရာသမား တစ်ယောက်က ယတြာသဘောပေးထားလို့ ကျွန်တော် ပန်းအိုးမှာ အမြဲမညှိုးရအောင် နေကြာကို ရှာကြံထိုးနေရတာပဲ ဆရာကြီး"

"ဘာကွယ့် ... ယတြာဟုတ်လား။ မင်းတို့မိသားစု ဘယ်လိုအခက်အခဲ ပြဿနာတွေနဲ့ ကြုံနေလို့လဲ"

"ဘာမှမကြုံပါဘူး ဆရာကြီး။ ဒီလိုပါ။ ဆရာကြီးနားရှင်းအောင် ကျွန်တော် ရှင်းပြပါ့မယ်။ ကျွန်တော့် ဒီစားသောက်ဆိုင်လေးက ကျွန်တော်နဲ့ အကျိုးပေးတယ်။ ကျွန်တော် ဆိုင်ဖွင့်ပြီးတဲ့အချိန်မှ ဒီနေရာဒေသတစ်ဝိုက်မှာ စည်ကားလာတယ်။ အရင်တုန်းက ဖျောက်သောက်ဖျောက်သောက်လောက်ရောင်းရတဲ့ ဆိုင်ကလေးကလည်း တဖြည်းဖြည်း ရောင်းအားကောင်းလာတယ်။ ကျွန်တော် စီးပွားဖြစ်လာတယ်ပေါ့ ဆရာကြီးရယ်။ ကျွန်တော့်အပေါ် မယုံမကြည်ဖြစ်ခဲ့တဲ့ ကျွန်တော့်ချစ်သူ ချိုချိုကလည်း ကျွန်တော့်အပေါ် အမြင် ကြည်လင်လာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူနဲ့ကျွန်တော် လက်ထပ်လိုက်ဖြစ်ကြတယ် ဆိုပါတော့။ ကျွန်တော့်မိဘ ညီအစ်ကိုမောင်နှမတွေကလည်း ကျွန်တော့်ကို အားပေးကူညီသလို အရင်ကလို အပြစ်မမြင်ကြတော့ဘူး။ အိမ်ထောင်ရေးလည်း အဆင်ပြေသာယာတာပေါ့ ဆရာကြီးရယ်။ ပြီးခဲ့တဲ့ နှစ်လလောက်က ကျွန်တော် စိတ်ညစ်ညူးစရာ ကိစ္စတစ်ခု ပေါ်လာခဲ့တယ်။ အဲဒါကတော့ ကျွန်တော့်လုပ်ငန်း အဆင်ပြေလာတာကို မနာလိုမရှုဆိတ်တဲ့ လူတစ်ယောက်က ဒီဆိုင်ကလေးကို ကျွန်တော့်လက်ထဲကလုယူဖို့ ကြိုးစားလာတယ်။ ကျွန်တော်ကလည်း ဒီနေရာလေးကို မပေးချင်ဘူး။ ဒါနဲ့ ကျွန်တော့်မိဘတွေ အားကိုးယုံကြည်တဲ့ ဆရာဦးသောင်းဟန်ကို သွားမေးတယ်။ ဆရာက ဘာမှမပူနဲ့။ မင်းဆိုင်မှာ နေကြာပန်းကိုသာ မညှိုးမနွမ်းအောင် အမြဲထိုးစိုက်ထား။ မင်းဆိုင်နဲ့ပတ်သက်တဲ့ ဆရာတွေကိုလည်း ပြေပြေလည်လည်ဆက်ဆံလို့ မှာလိုက်တယ်။ အဲဒီနောက် ကျွန်တော်လည်း ဆိုင်မှာ နေကြာပန်းကို မညှိုးနွမ်းရအောင် အမြဲ ရှာကြံထိုးထားရတာပဲ"

"အဲဒီတော့ မင်းမှာ ဘယ်လို အကျိုးထူး ခံစားရသလဲ"

"ပြောရရင်တော့ ဆရာကြီးရယ်နေကြာဆိုတော့ ဒီအိမ်၊ ဒီနေရာ၊ ဒီဆိုင်၊ ဒီအရပ်ဒေသမှာ ကြာကြာနေရမယ်ဆိုတဲ့ ဓာတ်သဘောနဲ့ ပန်းအိုးထိုးခိုင်းတာပါပဲ။ ကျွန်တော့်အပေါ် ထူးခြားတဲ့ အကျိုးဆက်ကတော့ ကျွန်တော့်ဆိုင်ကို အတင်းဝင်လုဖို့ ကြိုးစားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုမှ ကြံစည်ကြိုးစားလို့မရဘဲ လက်လျှော့ နောက်ဆုတ်သွားခဲ့ပါတယ်။ ဆိုင်နဲ့ပတ်သက်တဲ့ ဆရာကြီးတွေကလည်း ကျွန်တော့်ကိုပဲ ဆက်လုပ်ဖို့ နောက်ထပ် စာချုပ်အသစ် ထပ်ချုပ်ပေးပါတယ်။ နောက်နောင်ကိုလည်း ကျွန်တော်ကလွဲလို့ ဘယ်သူ့ကိုမှ မငှားဘူး။ ကျွန်တော် မလုပ်ချင်တော့မှ တခြားလူကို အငှားချမယ်လို့ ကတိပေးလာပါတယ်။ ဒါကြောင့် ကျွန်တော်လည်း စိတ်ချမ်းသာ သွားရတယ်ပေါ့ ဆရာကြီးရယ်"

"အိမ်း . . . မင်းကို အခုလို စီးပွားဖြစ်ပြီး စိတ်ချမ်းချမ်းသာသာနေရတာတွေ့လို့ ဆရာကြီး ဝမ်းသာသကွယ်။ ကဲ . . . ကဲ ဆရာကြီးလည်း လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာကြီး။ နောက်လည်း လာလည်ပါဦး"

ထိုနေ့က မောင်တင်ကိုကိုဝင်းသည် ကျွန်ုပ်အား ငွေငါးရာလှူဒါန်းပြီး ရှိခိုးကန်တော့ခဲ့သည်။ ကျွန်ုပ်လည်း အချိန်မရတော့သဖြင့် ရှေ့သို့ လမ်းဆက်မလျှောက်တော့ဘဲ တူမအိမ်သို့သာ ပြန်ခဲ့တော့၏။ လမ်းတစ်လျှောက်တွင်မူ သာယာစိုပြေနေသော ကျွန်တော်နှင့် တူမလေး ဤအိုးဤအိမ်တွင် ကြာရှည်မြဲမြဲစွာ နေထိုင်နိုင်အောင် အလုပ်ပန်းအိုးနှင့် ဘုရားပန်းအိုးတို့တွင် နေကြာပန်းထိုးစိုက်လှူဒါန်းရန် တိုက်တွန်းနှိုးဆော်ရဦးမည်ဟူသော အထပ်ထပ်တွေးကာ ဆုံးဖြတ်နေမိပါတော့သည်။

**ထိပ်တင်ထွေး**


# ပဗ္ဗာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုက်

ပဗ္ဗာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဗ္ဗာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဗ္ဗာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၂၅၀၀၂၂၃၁




www.burmeseclassic.com

www.burmeseclassic.com

# ဖန်ဆင်းခြင်းမှ တည်ရှိနေသော

# မနုဿသီဟ ကိုယ်နှစ်ခွ

## ဆရာသီဟစကြာ

ကာလကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး သက္ကရာဇ် ၂၃၅ နှစ်ဖြစ်၏။ မြတ်စွာဘုရားသခင် ပွင့်တော်မူရာ မဇ္ဈိမ ဒေသမှ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည် အရှင် သောဏနှင့် အရှင်ဥတ္တရမထေရ် နှစ်ပါးတို့အား သုဝဏ္ဏဘုမ္မိ တိုင်း သထုံပြည်သို့ သာသနာပြုရန် စေလွှတ်တော်မူလေ သည်။ သထုံကား ထီးနန်းမင်းစိုက်ရ မင်းနေပြည် ဖြစ်သည်။ တည်ရာဒေသမှာ သမုဒ္ဒရာနှင့်နီးကပ်သည်။ ထို့ကြောင့် ရေ စောင့်ဘီလူးသည် နန်းတွင်းမင်းအိမ်၌ သားဖွားတိုင်း တက် ရောက်စားလေ့ရှိသည်။

သာသနာပြုမထေရ်နှစ်ပါး ရောက်ရှိလာစဉ် နန်းတွင်း ၌ သားဖွားခိုက်နှင့် ကြုံကြိုက်နေသည်။ ထိုအချိန်တွင် ရေ စောင့်ဘီလူးမသည် အဖော်များနှင့်အတူ မွေးဖွားလာသော မင်းသားကလေးကိုစားရန် လာမြဲတိုင်း လာရောက်ကြပြန် လေသည်။ ယင်းတို့ကြောင့် နန်းတွင် နန်းပြင် ကြောက်လန့် တကြား ပြေးလွှားအော်ဟစ်သံများကို မထေရ်တို့ ကြားလေ သော် အကြောင်းရင်းကို သိပြီးလျှင် ၎င်းအန္တရာယ်ကို ကာ ကွယ်ရန် ကြောက်မက်ဖွယ်ဖြစ်သော လူ၏ဦးခေါင်း၊ ခြင်္သေ့ ကိုယ်နှစ်ခွဖြင့် မနုဿသီဟသဏ္ဍာန် ဖန်ဆင်းပြီး ရေဘီလူးမ တို့အား လိုက်၍ ခြောက်လှန့်လေသည်။ ရေဘီလူးမတို့လည်း ကြောက်အားကြီးစွာ သမုဒ္ဒရာသို့ ပြေးဆင်းသွားကြပြီး နောက် ထပ် မလာဝံ့ကြတော့ပေ။

ထိုကာလမှစ၍ လူအပေါင်းတို့သည် မနုဿသီဟရုပ် များကို ထန်းရွက်၊ စလူရွက်များဖြင့်လည်းကောင်း၊ အုတ် အင်္ဂတေတို့ဖြင့်လည်းကောင်း ထုလုပ်တည်ဆောက်ကြပြီး အန္တရာယ်ကင်းအဖြစ် အစဉ်အဆက် သုံးဆောင်ခဲ့ကြလေ သည်ဟု မွန်ရာဇဝင်တွင် တွေ့ရသည်။

လူမျက်နှာ၊ လူ့လက်၊ ခြင်္သေ့ကိုယ်နှစ်မွှာ၊ ခြင်္သေ့ခြေ ရှိသော မနုဿသီဟ ရုပ်ပုံစံကို ထုလုပ်ရာတွင် စည်းစနစ်ရှိ ပါသည်။ ယင်းစနစ်မှာ လက်နှစ်ဖက်ထိရသည်။ ရင်အုပ်နှင့် လက် ထိရသည်။ ကိုယ်နှင့်ပေါင် ထိရသည်။ ရှေးဟောင်း စာတစ်ခုတွင် "မနုဿသီဟ ရုပထင်ရှား၊ ထိသုံးပါးဖြင့် ကြွား ကြွားထင်ပြ၊ ဟောက်သကဲ့သို့" စသည်ဖြင့် တင်စားရေးဖွဲ့ ထား၏။

မနုဿသီဟရုပ်နှင့် ပတ်သက်၍ သတဒီကကျမ်းတွင် ပါရှိသော ဆရာတော်ကြီးနှစ်ပါး အမေးအဖြေကို ပြုတော်မူ ကြသည့်ပုံကို နိဂုံးချုပ် ဖော်ပြပါဦးမည်။

သတဒီက ကျမ်းတွင် ပါရှိသော အမေး၊ အဖြေဒွေး ချိုးမှာ -

မေး ။ ရုပ်ပလီ မနုဿီ ခေါ်ဆိုကြ၊ ကိုယ်ကနှစ်တွဲ၊ သည် အကောင် ဘယ်ကျမ်းဘယ်စာစောင်၌ မဟာနေ္တာင် ကိုယ်တော်တွေ့လျှင် ညွှန်းဖော်၍ခဲ့…။

ဖြေ ။ ရုပ်ပလီ မနုဿီ ဟန်ပန်ယူလို့၊ ရန်သူကို ပယ်နိုင် ကြောင်းငယ်နှင့် ကျမ်းဟောင်းစာစောင်မြတ်မှာ ကျမ်း တတ် စကား…။

ဆရာ သီဟစကြာ


**ကျမ်းကိုး**

မြန်မာနှစ် ၁၂၉၀ ပြည့်နှစ်က ထုတ်ဝေသော ကဝိ မျက်မှန်မဂ္ဂဇင်းမှ ဆရာဦးဘစိန်၏ ပန်းချီပညာဆောင်းပါးကို မှီငြမ်းပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# သောကကင်းကွာ ပန်းခင်းလမ်းယတြာ

ဝသုန်ပဟိန်းထက်

တာမွေမြို့နယ်ရှိ သမထဆရာကြီးတစ်ဦးထံမှ ဤအစီရင်ယတြာကို ...ခြင်း ဖြစ်ပါသည်။ ခက်ခဲရှုပ်ထွေး ...သည်း မရှိ၊ သူ့အဓိပ္ပာယ်နှင့်သူ ...နှီးမိတ်ယူ၍ ဓာတ်ဆင်ထားခြင်း ...၍သည်း သဘောကျမိပါသည်။ ...ကိုလည်း ယုံကြည်စွာ လုပ်ခဲ့ ...သည်။ နီးစပ်ရာ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ထပ်ဆင့်ဝေငှခဲ့ပါသည်။

“ထင်တောင် မထင်ဘူးဗျ။ ရိုးရိုးရှင်းရှင်းလေးနဲ့ ဒီလိုစွမ်းမယ်မှန်း”

ဟု လုပ်ဖူးသူ မိတ်ဆွေတချို့ဆီက ပြန်ကြားခဲ့ရသည်။ တကယ်တော့ လူ့လောကီကိစ္စတွေဆိုတာ မီးသုံးပါးလောင်မြိုက်နေလို့ ပူပန်ခေါင်းရှုပ်စရာချည်းပင် မဟုတ်ပါလား။

ဒီ • • “ပန်းခင်းလမ်းယတြာ”က မိသားစုအတွင်း မကြာခဏဖြစ်ရတဲ့က တောက်ကဆတွေ၊ ထွက်ပေါက်တွေပိတ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတဲ့သူတွေ၊ အကြွေးအစည်တွေပျက်၊ ရည်ရွယ်ချက်တွေမဲ့နေရသူတွေ၊ သောကတွေ တစ်ခုပြီးတစ်ခု တိုးလာလို့



www.burmeseclassic.com

www.burmeseclassic.com

# အစီအရင်ကို မွေးနေ့သုံးကြိမ်မျှ ပြုလုပ်ထားပေးက ထိုကာလအတွင်း ထူးခြားအောင်မြင်မှု ရသည်သာများ၏။

စိတ်သောကရောက်နေရသူတွေ၊ ဘာလုပ်လုပ် အထစ်အငေါ့တွေပဲ ကြုံနေရသူတွေအတွက် သင့်လျော်လှပါတယ်။

ဆူးခင်းတဲ့လမ်းကနေ ပန်းခင်းတဲ့လမ်း ဖြစ်လာစေဖို့ ဒီအစီအရင်က ကူညီပါလိမ့်မယ်။

ကမာရွတ်၊ ဘူတာရုံလမ်းမှ ဆိုက်ကားသမားတစ်ဦးသည်လည်းကောင်း၊ ကွမ်းယာဆိုင်တစ်ဆိုင်နှင့် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်သည်လည်းကောင်း ဤအစီအရင်ကြောင့် အဆင်ပြေတိုးတက်ခဲ့ပါသည်။

ထို့ကြောင့် ဤပန်းခင်းလမ်းယတြာလေးကို စာဖတ်ပရိသတ်များ အကျိုးငှာ ဖော်ပြလိုက်ပါသည်။

ဦးစွာ စက္ကူအဖြူတစ်ရွက်ယူပါ။ မျဉ်းမပါသော A4 စက္ကူဆို ပိုကောင်းပါသည်။ ထိုစက္ကူပေါ်တွင် ပန်းများကို တင်ရမည်။ မည်သည့်ပန်းကိုမဆို မိမိနှစ်သက်ရာတစ်မျိုး၊ သို့မဟုတ် တစ်မျိုးထက်မက ပန်းများထည့်နိုင်သည်။ နှင်းဆီ၊ စံပယ်၊ ခရေ စသည်ဖြင့် မိမိနှစ်သက်ရာကို ထည့်ပါ။ အရေအတွက် ကန့်သတ်ချက်လည်းမရှိ။ မိမိသဒ္ဓါရှိသလောက် ထည့်ပါ။

သို့သော် အရွက်၊ အခက်၊ ဆူးများ မပါစေရ။ ပန်းချည်းသက်သက် ဖြစ်ရမည်။ ထိုပန်းတွေ ဖြန့်ကြဲထားသော စက္ကူကို ဘုရားကျောင်းဆောင်ပေါ်တင်၍ ဘုရားအားကပ်လှူရန်ဖြစ်သည်။ ကပ်လှူရမည့်အချိန်က မိမိမွေးနေ့ နံနက် ၉း၄၅ နာရီတွင် တင်လှူပါ။

ထို့ပြင် ရေနွေးကြမ်းသောက်သော အကြမ်းပန်းကန်တစ်လုံးတွင် ကြံရည် (သို့မဟုတ်) ကြံသကာနှင့်ရေကို ထည့်၍ ဘုရားကပ်ရန်ဖြစ်၏။ လိုရာဆု တစ်ဆုကိုတောင်းပါ။

အစီအရင်ကို မွေးနေ့သုံးကြိမ်မျှ ပြုလုပ်ထားပေးက ထိုကာလအတွင်း ထူးခြားအောင်မြင်မှု ရသည်သာများ၏။ ပန်းများကို ညှိုးနွမ်းက အသစ်ထပ်မံလဲလှယ်ပေးနိုင်ပါသည်။ မွေးနေ့သုံးကြိမ်မျှမဟုတ် အမြဲလိုလို မကြာခဏ ပြုလုပ်ထားပေးသင့်သည်။

ယခုဖော်ပြသည့် အစီအရင်ကို မင်္ဂလာနိမိတ်ယူထားပုံကို လေ့လာကြည့်ပါက ဆူးခင်းလမ်းထက် ချောမွေ့သော ပန်းခင်းလမ်းကိုလိုချင်၍ ပန်းခင်းလမ်းနိမိတ်ယူ၍ ဘုရားအား ဆက်ကပ်ခြင်းဖြစ်သည်။

သို့သော် • •ပန်းခင်းလမ်းကို ဒီအတိုင်းလျှောက်ရန်ဆိုတော့ ကြာပေလိမ့်မည်။ ဒီတော့ စက်ရဲ့အကူအညီကို ယူတဲ့သဘောနဲ့ "စက္ကူ"ကို သုံးခြင်းဖြစ်၏။

လောကခံရှစ်ပါး၏ အကြမ်းဒဏ်များခံနိုင်ရန် "အကြမ်းပန်းကန်"ကို သုံး၏။ ရေနွေးကြမ်းမထည့်ဘဲ ကြံရည်ထည့်တာကတော့ အခက်အခဲကြားက ရုန်းထွက်နိုင်တဲ့ "ကြံရည်ဖန်ရည်"ရှိရန်အတွက်ဖြစ်သည်။ "မွေးနေ့ဆောင်အောင်တယ်"လို့ ဆိုထားတဲ့အတိုင်း မွေးနေ့မှာ စတင်ပြုလုပ်ပြီး ၉း၄၅ နာရီကတော့ "ကိုးနဝင်းဓာတ်"ကို အမှီပြုလိုက်တာပါ။ သုံးကြိမ်ဆိုတော့ "တြင်းကြေ နဝင်းကြေ"ပေါ့။

ဤပန်းခင်း အစီအရင်ကား ကရိကထလည်းမများလှ။ ခဲရာခဲဆစ်ပြုလုပ်ရသည်လည်းမဟုတ်။ ကုန်ကျစရိတ်လည်း မများ။

ဒါပေမည့် စွမ်းလည်း စွမ်းတယ်၊ ထူးလည်း ထူးတယ်၊ အောင်လည်း အောင်တယ်ဆိုတော့ ဒီယတြာလေးကို "ပန်းခင်းလမ်းယတြာ"လို့ အမည်ပေးလိုက်ရခြင်း ဖြစ်ပေသည်။

ထိုသို့ဆိုလျှင် ခုနစ်ရက်သားသမီးတို့၏ ဘဝအမောပြေ၊ အလုပ်နဲ့တွေဝေလို့ ပန်းခင်းလမ်းမှာ အေးအေးမြမြ၊ သာသာယာယာ လျှောက်လှမ်းနိုင်စေဖို့ ဒီအစီအရင်လေးကို စေတနာရှေ့ထား၊ မေတ္တာပွားလို့ တင်ဆက်ပေးလိုက်ရပါတော့သည်။

ဝသုန်ဟိန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

# ချင်းတက်ပေါ်မှ ဗယောင်းတိုင်

## ဆရာဇီဝအောင်ထွင့်

တစ်ခါတစ်ရံ၌ အချို့ အချို့သော ဂမ္ဘီရဆန်ဆန် ကိစ္စရပ်များသည် ထူးဆန်းအံ့ဩဖွယ် ကောင်းလှချေ၏။ ယုံရက်စရာပင် မရှိ။ သို့သော် ယုံရက်စရာ မရှိသော်လည်း လုံးဝဥဿုံ ယုံကြည်လိုက်ရသည့် အဖြစ်တွေမှာ အများကြီး။

ထိုအများကြီးထဲမှ တစ်ခုသော ဖြစ်ရပ်ကလေးကို တင်ပြချင်ပါသည်။

"ကျွန်တော်တော့ ရှုးချင်ပြီဗျာ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး"

ဆန်ကုန်သည်၊ စပါးပွဲစားကလေး မောင်ပေါက်ဖော်၏ ညည်းတွားသံက စိတ်မသက်သာဖွယ်ရာ။ သူ ညည်းမည်ဆိုလည်း ညည်းစရာ။

အနယ်နယ် အရပ်ရပ် လှည့်လည်၍ စပါးကို ကိုယ်တိုင် ဆင်းဝယ်သည်။ ဝယ်ပြီးစပါးကို ကိုယ်တိုင်ကြိတ်ခွဲသည်။ ပြီးလျှင် ထိုဆန်ကို ညောင်ပင်လေးဈေးသို့လည်းကောင်း၊ ဘုရင့်နောင်ပွဲရုံသို့လည်းကောင်း ဆန်နမူနာပြ စပ်ကာ အရောင်းအဝယ်လုပ်ကိုင်ရင်း မိသားစုဘဝကို ရပ်တည်နေရရှာသူ ဖြစ်၏။ ဘမြန်နှစ်က အလျှုအတန်းပြုထား၍ သည်တစ်နှစ်၌ အရင်းအနှီးငွေကြေးမှာ သိပ်တောင့်တောင့်တင်းတင်း မရှိရှာ။ ကိုယ်ပိုင်ရှိစုမဲ့စုငွေနှင့် အတိုးဖြင့် ဆွဲလွဲရယူထားသော ငွေများတို့ကိုပေါင်းစပ်ကာ သူနားလည်တတ်ကျွမ်းသော လုပ်ငန်းကို လုပ်ကိုင်ခြင်းပဲ ဖြစ်၏။ ခါတိုင်းတုန်းက ရောင်းမှု၊ ဝယ်မှု၊ သွားမှု၊ လာမှုတွေမှာ အဆင်ပြေ ချောမွေ့ခဲ့သလောက် ခုတစ်ခေါက်ကျတော့ မည်သို့သော ကြမ္မာဆိုးတွေ ဝင်လေပြီမသိ။ အားလုံးကြိတ်ခွဲပြီး ဆန်များကို သမ္ဗာန်နှစ်စင်း ငှားရမ်းကာ ရန်ကုန်ဘက်ချက်ခဲ့သည်။ ခါတိုင်းတုန်းက သမ္ဗာန်ဖြင့် ကိုယ်တိုင်လိုက်သော်လည်း ခုတစ်ခေါက်က ငွေပေးငွေယူ ကိစ္စတစ်ခုဖြင့် ရန်ကုန်ကမ်းနားသို့ သူက ကြိုတွက်ကာ သူ့သမ္ဗာန်နှစ်စင်း အလာကို စောင့်မျှော်နေခဲ့သည်။

ထိုသို့ စောင့်မျှော်နေရင်းမှ သတင်းဆိုးတစ်ခုကို ကြားလာရ၏။

"တကယ်ပြောနေတာလား ကိုကြီးမောင်"

"ဟာ…ဒါ နောက်စရာကိစ္စမှ မဟုတ်ဘဲ ပေါက်ဖော်ရယ်"

"ဒါဆို သွားပါပြီဗျာ"

မောင်ပေါက်ဖော်၏ ရင်ထဲ၌ ဝမ်းနည်းပူဆွေးရိပ်တွေက လိုက်တက်လာ၏။ လူတစ်ကိုယ်လုံးလည်း အရုပ်ကြိုးပြတ်သည့်အလား မလှုပ်ချင်၊ မရှုးချင်တော့။ အပေါင်းအဖော်တွေကလည်း စိတ်မကောင်း။

"ဖြစ်ရလေတယ်ကွာ၊ သမ္ဗာန်နှစ်စင်းလုံး မှောက်သွားတယ် ဆိုတော့"

"ဆန်အိတ်တွေ အကုန်လုံး စုံးစုံးကိုမြုပ်သွားတာ"

"သမ္ဗာန်သမားတွေတောင် မှောက်တဲ့သမ္ဗာန်ကို အရအမိ ဖက်ထားနိုင်လို့ အသက်ရှင်တာ"

"အဲဒီဝဲက ဆိုးကို ဆိုးလွန်းပါတယ်ကွာ"

"ဆိုးတာကို သိလျက်သားနဲ့ ကွေ့ရှောင်မသွားဘဲ တည့်တည့်ကြီး ဖြတ်မောင်းလာတာကိုက ဦးနှောက်မရှိတာပဲ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသည့် စကားများက မောင်ပေါက်ဖော်၏ ခေါင်းထဲသို့ ဝင်မလာကြတော့။ ကံကြမ္မာကမူ မောင်ပေါက်ဖော်အပေါ်၌ မည်သည့်အငြိုးအတေးနှင့်မသိ။ ထုခဲ့၊ ထောင်းခဲ့ပါချေပြီ။

"ကောင်းတယ်ထင်ရင် လုပ်မယ် ဆရာ၊ ပြောသာပြောပါ။ ကျွန်တော် ဘာလုပ်ရမယ် ဆိုတာကို"



www.burmeseclassic.com

www.burmeseclassic.com

ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးအားထားရာဟု ဆိုရလေမည်လား။ မိတ်ဆွေတစ်ဦး၏ လမ်းညွှန်မှုဖြင့် ဆရာတစ်ဦးထံ ရောက်သွား၏။ (ထိုဆရာကား ထင်ပေါ်ကျော်ကြားလိုသူ မဟုတ်လေရကား သူ၏နာမည်ကို မဖော်ပြတော့ပါ)

"အင်း…မင်း ဆရာ့ဆီရောက်လာတာ အချိန်ကောင်းပါပဲ၊ ပြီးတော့ ဒီနေ့က ကြာသပတေးနေ့၊ နောက် မင်းရဲ့မွေးနေ့ကလည်း ဒီကနေ့"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ မင်း အိမ်ကို ပြန်မနေနဲ့တော့၊ ဆရာ့အိမ်က ဘုရားခန်းမှာပဲ လုပ်မယ်၊ ကဲ…ဒီတော့ ဘုရားခန်းထဲသွားပြီး ဘုရားရှိခိုးပါ၊ ငါးပါးသီလ ခံယူပါ၊ တစ်ဆက်တည်းဆိုသလို ဟောဒီ ချင်းတက်ပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ဘုရားမီးပူဇော်ပေတော့"

"ဒါထက် ရွတ်ရဖတ်ရမှာတွေကော ရှိသေးလား ဆရာ"

"ရှိတယ် မောင်ပေါက်ဖော်၊ ဆရာ အဆင်သင့်ရေးထားတာပါ၊ သိပ်ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး။ မင်း ဘုရားပူဇော်ပြီးတာနဲ့ စိတ်အာရုံကို ငြိမ်ငြိမ်ထားပြီး စီးပွားလာဘ်လာဘတွေ ပြန်ဖွင့်ပေးဖို့ ဆုတောင်း၊ ဆုတောင်းပြီးတဲ့နောက် ဆရာ ချပေးလိုက်တဲ့ ဂါထာကို (၉)ကြိမ်တိတိ ရွတ်ဖတ်ပေတော့၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

သည်အချိန်မှာတော့ မောင်ပေါက်ဖော်သည် အရာအားလုံးကို မေ့လိုက်ကာ ဆရာ ညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဖို့ရာ အဆင်သင့်၊ ဦးစွာ ကိုယ်လက်သန့်စင်လိုက်ပြီး ဘုရားခန်းထဲသို့ ဝင်လိုက်သည်။ ဆရာ၏ ဘုရားခန်းကား ကြည်နူးစရာအတိ။ ဘုရားပန်းတွေက လန်းလန်းဆန်းဆန်း။ သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် အပူသည်တစ်ဦး၏ ဒုက္ခကို ကင်းငြိမ်း ပပျောက်စေရန် မေတ္တာဓာတ်ဖြင့် ကြည့်နေတော်မူသည့်အလား။

မောင်ပေါက်ဖော်လည်း ဆရာမှာသည့်အတိုင်း တစ်နေ့ပြီး တစ်နေ့ လုပ်လေ၏။ ချင်းတက်ပေါ်တွင် ဖယောင်းတိုင်ထွန်းကာ မီးပူဇော်၏။ ဘုရားရှိခိုး၏။ ငါးပါးသီလ ခံယူ၏။ ဂါထာကိုလည်း ဥာဏ်ကရိုဏ်းကျစွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၏။

ထိုသို့ ပြုမူနေစဉ်အတွင်း ဆရာဖြစ်သူမှာလည်း မောင်ပေါက်ဖော်အနီးတွင် ရှိနေလေ၏။

လူများ မှားနေရော့သလားဟု သေသေချာချာ ကြည့်ရသေးသည်။

မမှားချေ။ မောင်ပေါက်ဖော်မှ မောင်ပေါက်ဖော်အစစ်။ အရင်တစ်ခါတွေ့တုန်းကလို ဆပ်ပြာသည် လင်ပျောက် ပုံစံမျိုး မဟုတ်။ ရှင်းရှင်းသန့်သန့်။ ဝင်းဝင်းဖန့်ဖန့်။

"ပြောရင် ယုံမလားတော့ မသိဘူး၊ ကျွန်တော် ဆရာ ပြောတဲ့အတိုင်း ချင်းတက်ကလေးပေါ် ဖယောင်းတိုင်စိုက်ပြီး မီးပူဇော်တဲ့အကျိုး၊ ဂါထာတော်ကို ရွတ်ဖတ်တဲ့အကျိုးကြောင့် ဖြစ်မှာပါပဲ၊ ဆရာ့အိမ်ကပြန်ပြီး နောက်တစ်ရက်မှာတဲ့ အောင်ဘာလေထီမှာ ကျွန်တော် သိန်းငါးဆယ်ဆုကြီး ပေါက်ခဲ့ပါတယ် ခင်ဗျာ"

ဝမ်းသာပီတိဖြစ်စရာ၊ မုဒိတာပွားစရာ ကောင်းလိုက်ပါဘိတော့။ မိမိအနေဖြင့် ဤရွေ့ ဤမျှ ဝမ်းသာပီတိ ဖြစ်သည်ဆိုလျှင် ကာယကံရှင်အဖို့ဥကား အဘယ်မှာလျှင် ပြောဆိုဖွယ်ရှိနိုင်ပါအံ့နည်း။

မိမိလည်း ထိုနေ့က မောင်ပေါက်ဖော် ညှော်ခံကျွေးမွေးသော လက်ဖက်ရည်နှင့် မုန့်တို့ကို သုံးဆောင်လိုက်ရ၏။ ထို့မျှသာမကသေး၊ ငွေကြေးအခက်အခဲ ဖြစ်သူတို့အတွက် စိမ်ပြုလုပ်စရာ ချင်းတက်ပေါ် ဖယောင်းတိုင်ထွန်းသည့်ကိစ္စကို သိလိုက်ရသည့်အပြင် ရွတ်ဖတ်ရသည့် ဂါထာကိုပါ ရလိုက်၏။

**ဂါမေ ဝနေ စ သဗ္ဗတ္ထ**

**ဒေဝေဟိ မနုဿေဟိ စ။**

**အာဘတာ နန္ဒလာဘော မေ၊**

**သဒါ ဟောတု ဘဝါဘဝေ။**

ဤဂါထာကား စီးပွားလာဘ်လာဘ ပိတ်ဆို့နေသူတို့အတွက် များစွာအထောက်အကူပြုနိုင်သော စီးပွားလာဘ်ဖွင့် လာဘ်မိုးရွာဂါထာ ဖြစ်ပါ၏။

---

**ဆရာဇီဝအောင်ထွန်း**

---



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေးအတွက်

ဖြိုးဟန်ကျော်(ကေသ)

ကျွန်ုပ်၏ ဗေဒင်ဟောခန်းသည် အပတ်စဉ် အင်္ဂါနေ့ ပိုင်း ပိတ်၏။ အင်္ဂါနေ့ ပိတ်ရက်တိုင်းမှာလည်း ကျွန်ုပ်၏ ဆရာကြီးသည် အမြဲတမ်းသွားလေ့ရှိ၏။ ဆရာကြီး၏ သွန်သင်ဆုံးမမှုနှင့် ပညာရပ်ဆိုင်ရာများကိုလည်း မပြတ်တမ်း နာခံလေ့ရှိ၏။ တစ်ပတ်အတွင်း ဗေဒင်ဟောခဲ့ရသော အတွေ့အကြုံများ၊ အခက်အခဲများကိုလည်း ပြောပြရ၏။ ခက်ခဲသော အကြောင်းအရာ၊ ခေတ်ရိုက်ခေတ်ဆင် အခက်အခဲများကိုလည်း ကျွန်ုပ်၏ဆရာကြီးက ပြန်လည်သင်ပြ၏။

တစ်ခုသောပိတ်ရက်တွင် ကျွန်ုပ်သည် ကိုယ်ရေးကိုယ်တာ ကိစ္စများကြောင့် ဆရာကြီးထံသို့ မသွားဖြစ်။ ညနေပိုင်း ညနေ ချိန်၌ ကျွန်ုပ်၏တပည့်လေးဖြစ်သူ ဆရာမင်းသိမ်းနိုင် (အောင်နိုင်) ဗေဒင်ဆိုင်ခန်းဖွင့်ထားသော တောင်ဥက္ကလာပ မြို့ ရှိရာသို့ အညောင်းပြေ လမ်းလျှောက်ထွက်လာခဲ့၏။

"ဆရာ…ဘယ်ကလှည့်လာတာလဲ၊ အဘဆီကို ရှာသလား"

ဟု မေး၏။ ကျွန်ုပ်က…

"အေးကွာ၊ ငါလည်း ဒီနေ့ ကိစ္စလေးနည်းနည်းရှိတာနဲ့ မသွားဖြစ်ဘူး၊ အားတာနဲ့ မင်းဆီလာခဲ့တာပါ။ မင်းရော အဆင်ပြေရဲ့လား"

ဟု မေးရာ…

"အဆင်ပြေပါတယ် ဆရာ၊ ဒီတစ်လအတွင်းမှာ ကျန်းမာရေးအတွက် လာကြည့်သူတွေက များတယ်"

ဟု ပြောပြ၏။ ကျွန်ုပ်က…

"ဗေဒင်ဆရာ လုပ်ပြီဆိုရင်တော့ လူအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးနဲ့ပေါ့ကွာ၊ မင်းပြောတဲ့ ကျန်းမာရေးအတွက်လည်း လာကြမှာပေါ့ကွာ၊ မင်းလည်း တတ်သင့်တာတွေ တတ်ထားတာပဲ၊ လုပ်ပေးသင့်တဲ့ ယတြာတွေ လုပ်ပေးပေါ့ကွာ၊ ဘာများ အခက်အခဲ ရှိနေလို့လဲ"

ဟု မေးလိုက်ရာ တပည့်ဖြစ်သူ မင်းသိမ်းနိုင်က…

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် တတ်ထားသမျှတော့ ယတြာတွေကို လုပ်ပေးပါတယ်၊ တချို့လူတွေက တစ်ပတ်ခြား တစ်ခါလောက်လာပြီး ကျန်းမာရေးအတွက် ယတြာ



www.burmeseclassic.com

www.burmeseclassic.com

လာတောင်းနေကြတယ်"

ကျွန်ုပ်က…

"မင်းပြောတဲ့ အဓိပ္ပာယ်ကို ငါ သဘောပေါက်ပါတယ်၊ ကျန်းမာရေး မကောင်းတဲ့သူဟာ ဆေးခန်းလည်း ပြရမယ်၊ ဆရာဝန် ညွှန်ကြားတဲ့ဆေးလည်း စားရမယ်၊ ဗေဒင်ဆရာက ယတြာပေးတာနဲ့ ဆေးလိုက်အောင် ရောဂါနဲ့ဆေးတွေ့ပြီး ရောဂါ သက်သာပျောက်ကင်းလွယ်အောင် လုပ်ပေးတဲ့သဘောပါ။ တချို့ ကျန်းမာရေး ညံ့သူဟာ ယတြာချေရုံသာလုပ်ပြီး ဆေးခန်း၊ ဆေးရုံ မပြကြဘူး၊ အဲဒီလိုလူတွေ မင်းဆီကိုလာတာ ဖြစ်မှာပေါ့ကွာ၊ ငါ့ရဲ့ အတွေ့အကြုံလေးတစ်ခု ပြောပြမယ်၊ အဲဒါကတော့ လက်တွေ့ ပွဲတွေ့ပါပဲ၊ မင်းလည်း မှတ်မိမှာပေါ့ကွာ၊ ငါ့ဆရာကြီး ဂန္ဓာရီခရီးထွက်တော့ ငါနဲ့ ကိုဖြူဝင်း ခရီးဖော်အဖြစ်နဲ့ ပါသွားတာ"

ဟု ပြောလိုက်ရာ တပည့်လေးက…

"ကျွန်တော် မှတ်မိပါတယ် ဆရာ၊ ၁၉၉၇ ခုနှစ်၊ မတ်လမှာ ဆရာအဘနဲ့ လိုက်သွားတာ"

ဟု ပြော၏။

"ဟုတ်တယ်၊ အဲဒီတုန်းက ငါ့ဆရာကြီး သွားလိုရာကို နောက်က တကောက်ကောက်လိုက်ပြီး အနီးကပ်နေခဲ့ရတယ်၊ ပြုစုခဲ့ရတယ်၊ အနယ်နယ် အရပ်ရပ်ကိုရောက်ပြီး ကျွဲပွဲ အနီးက စည်ကြီးတင်စေတီမှာ နေတုန်းက ငါ မှတ်မိသေးတယ်"

"ဘာများလဲ ဆရာ၊ ကျွန်တော့်ကို ပြောပြပါ၊ ကျွန်တော်လည်း ပညာဗဟုသုတ တိုးချင်လို့ပါ"

ဟု တပည့်လေးက မေး၏။

ကျွန်ုပ်က…

"အဲဒီ စည်ကြီးတင်စေတီမှာ နေတုန်းမှာ တစ်နေ့တော့ ငါ့ဆရာကြီး တံတွေးထွေးလိုက်တိုင်း သွေးတွေပါလာတယ်၊ ဒါကြောင့် တောင်ငူတက်ပြီး ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးထံ ပြရပါတယ်၊ ငါမှတ်မိတာက တောင်ငူက ဆရာဝန်ကြီး ဦးသိန်းလွင်ထံမှာ ပြကြည့်တော့ အဆုတ်နဲ့ ပတ်သက်တယ်လို့ ပြောတယ်၊ ငါတို့လည်း စိတ်မကောင်းကြဘူးကွာ"

ထိုစဉ် ကျွန်ုပ်တို့အားလုံး ဆရာကြီးကို စိုးရိမ်စိတ်ဖြင့် မကြာခဏ ဂရုစိုက် စောင့်ကြည့်ခဲ့ရ၏။ ကျွန်ုပ်တို့ ဆရာကြီးသည် ဘာမျှမဖြစ်သကဲ့သို့ နေ့စဉ် လုပ်နေကျ ကျင့်စဉ်များကို ဆက်လုပ်နေ၏။

ကျွန်ုပ်တို့၏ ဆရာကြီးသည် နေ့စဉ် နံနက် ၃ နာရီမှာ တရားထိုင်လေ့ ရှိ၏။ တစ်နေ့သောနံနက် အရုဏ်တက်ချိန်မှာ ကျွန်ုပ်အား ခေါ်ပြီး သင်္ဘောသီးစိမ်းလုလုတစ်လုံးနဲ့ ကြက်လျှာရောင်စုံ (၉)ချောင်း ရချင်တယ်၊ အဲဒါ မင်းဖြစ်တဲ့နည်းနဲ့ ရှာပေတော့ဟု ပြော၏။ နံနက်မိုးလင်းလင်းချင်း ကိုဖြူဝင်းနှင့်အတူ ဆရာတော် ဦးဂန္ဓမာကျောင်းက သင်္ဘောသီးတစ်လုံးကို ခွင့်တောင်း ခူးယူပြီး ကျွန်ုပ်ကိုယ်တိုင် စက္ကူရောင်စုံ ရှာပြီး ကြက်လျှာလုပ်ခဲ့ရ၏။ ကြက်လျှာများ၌ "တနင်္ဂနွေသား အဆုတ်ရောဂါ ပျောက်ပါစေ၊ ချောင်းဆိုးသွေးပါရောဂါ ပျောက်ပါစေ၊ ကျန်းမာပါစေ" ဟု ရေးရ၏။ ထိုကြက်လျှာရောင်စုံ (၉)ချောင်းကိုလည်း သင်္ဘောသီး ပတ်လည်မှာ စိုက်ပေးရ၏။ ပြီးလျှင် သင်္ဘောသီးကို ဘုရားစင်မှာ ငြိမ်အောင်ထားပြီး သင်္ဘောသီးထိပ်တွင် နံနက်တစ်တိုင်၊ ညတစ်တိုင် ဖယောင်းတိုင် ထွန်းပေးရ၏။ (၃)ရက်မြောက်ပြီး နောက်တစ်နေ့မှာ ၎င်းသင်္ဘောသီးနှင့် ကြက်လျှာများကို ရေ၌မျှောလိုက်၏။ ကျွန်ုပ်က ထိုသို့ အသေးစိတ်ပြောပြပြီးသည့်အခါ ၎င်းမင်းသိမ်းခိုင်က…

"ကျန်းမာရေးအတွက် လိုအပ်တဲ့ ဒီယတြာလေးကို အားကိုးရမှာပေါ့နော် ဆရာ"

ဟု မေးလေ၏။

"အားကိုးထိုက်တယ်၊ မထိုက်ဘူး ဆိုတာကတော့ တို့ဆရာကြီးရဲ့ ကျန်းမာရေးဟာ ဘယ်လောက်အထိ ကောင်းသွားတယ်ဆိုတာ မင်းအမြင်ပဲလေကွာ၊ ငါလည်း ကျန်းမာရေး အသည်းအသန် ဖြစ်နေတဲ့ လူတွေကို အဲဒီယတြာ ပေးဖူးတယ်၊ သိသိသာသာကိုပဲ အစွမ်းထက်ပါတယ်ကွာ၊ တချို့ဆိုရင် ခွဲစိတ်ကုသရမယ့် အခြေအနေကနေ မခွဲမစိတ်ရဘဲ သက်သာပျောက်ကင်းသွားကြတယ်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မင်းသိမ်းခိုင်လည်း မှတ်စုစာအုပ်ထုတ်၍ ရေးမှတ်နေလေတော့သည်။

---

ဖြိုးဟန်ကျော်(ကံသ)

---



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်မှန်များ

မေတ္တာရှင် မောင်မဲခေါင်

ကြည့်မှန်ကို ရှေးက "ကြေးမုံ" ဟူ၍လည်း ခေါ်ကြသည်။ မှန်တစ်ဖက်ကို ပြဒါးသုတ်ထားပြီး သက်ရှိသက်မဲ့ အရာဝတ္ထုများအားလုံး၏ ပုံရိပ်ကို ထင်ဟပ်ပေါ်လွင်နိုင်စေသည့်အရာဖြစ်သည်။ ထိုမျှဆိုလျှင်ပင် ကြည့်မှန်နှင့် ပတ်သက်၍ ထပ်မံရှင်းလင်းစရာ မလိုအောင် ပြည့်စုံသွားပြီဟု ယူဆစရာရှိ၏။ သို့ရာတွင် ကြည့်မှန်နှင့် ပတ်သက်၍ လူအတော်များများ သတိထားမိသော အချက်များ ရှိပါသေးသည်။ ထိုအချက်များကို ဤဆောင်းပါးတွင် ကျွန်တော်က ကြိုးစားဖော်ထုတ် တင်ပြမည်ဖြစ်သည်။

## ကြည့်မှန်တစ်ချပ်၏ လျှို့ဝှက်ချက်

ကြည့်မှန်တစ်ချပ်၏ အစွမ်းအာနိသင်များကို သေသေချာချာ မသိခင်ကတည်းက ကျွန်တော် ကြည့်မှန်တွေကို စိတ်ဝင်စားခဲ့ပါသည်။ မှန်တွေမှာ ထူးခြားသော လျှို့ဝှက်မှုတစ်စုံတစ်ရာ ရှိနေသည်ဟူ၍ ထိုကတည်းက ကျွန်တော် အတွေးနက်ခဲ့ဖူးပါသည်။

ကြည့်မှန်တွေ အပြည့်ကာထားသော (သို့မဟုတ်) ကြည့်မှန်တွေ ခံ့ခံ့ညားညား ချိတ်ဆွဲထားသော အခန်းများရှေ့မှ ကျွန်တော်တို့ တစ်ခါတစ်ရံ ဖြတ်လျှောက်ဖူးကြပါလိမ့်မည်။ ထိုမှန်ရှေ့ရောက်လျှင် မည်သူသည် လှည့်မကြည့်ဘဲ နေနိုင်ပါသနည်း။ လူဆယ်ယောက် ဖြတ်လျှင် အနည်းဆုံး ၉ ယောက်က အားနာ ဆွဲ့မသေ့ လှည့်ကြည့်ရမည်ဟု ကျွန်တော် လောင်းရဲသည်။ ကြည့်မှန်တွေ အပြည့်တပ်ထားသော ဆံသဆိုင်သည်လည်းကောင်း၊ စားသောက်ဆိုင်သည်လည်းကောင်း၊ စတိုးဆိုင်သည်လည်းကောင်း၊ အခြားသောဆိုင်များထက်ပို၍ လူစည်ကားသည်ကို ကျွန်တော် အကြိမ်ကြိမ် သတိထားမိဖူးပါသည်။

သို့ဆိုလျှင် ကြည့်မှန်တို့၌ ကြီးမားသော စွမ်းဆောင်နိုင်မှု အာနိသင် Atsction Power ရှိနေသည် ဆိုသည့်အချက်ကို ကျွန်တော်တို့ လက်ခံရပေမည်။

## ကြည့်မှန်နှင့် အမှန်တရား

မှန်ဆိုသည့် ပညတ်တရားနှင့်အညီ အမှန်တရားတစ်ခုသည် ကြည့်မှန်၏ နောက်ကွယ်တွင် အတူတွဲဆက် ပတ်သက်နေပါသည်။ သင်က ပြုံးပြကြည့်လိုက်ပါ။ မှန်ထဲက သင့်ကို ပြန်ပြုံးပြလိမ့်မည်။ သင်က မဲ့ပြလျှင်လည်း ထိုနည်းလည်းကောင်း မှန်ထဲက သင့်ကို ပြန်လှန်မဲ့ပြမည်သာဖြစ်၏။ ထိုအချက်သည် လူတစ်ယောက်၏ ကောင်းကျိုး ဆိုးကျိုးနှင့် ပတ်သက်၍ ထိုသူပြုသည့်ကံအတိုင်း ပြန်လည်ခံစားရမည်သာဆိုသည့် ကျမ်းဂန်လာ တရားတော်နှင့်လည်း ကိုက်ညီနေ၏။

ထိုနေရာတွင် ကြည့်မှန်တစ်ချက်၏ လှည့်စားတတ်သော သဘောတစ်ခုကိုလည်း နားလည်ထားရန် လိုပါသည်။ ကြည့်မှန်သည် သင့်ကို ပြောင်းပြန်ပုံရိပ်သာ ဆောင်ပြလိမ့်မည်ဖြစ်၏။ ဆိုလိုသည်မှာ သင်က ညာလက်မြှောက်ပြသော်လည်း ကြည့်မှန်က သင့်ကို ဘယ်ဘက်လက် မြှောက်ပြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းတူ သင်က ညာမျက်စိဆိုလျှင် ကြည့်မှန်က ဘယ်မျက်စိ။ ပို၍အံ့ဩစရာကောင်းသည့်အချက်မှာ ကြည့်မှန်တစ်ချပ်၏ ထုထည်သည် မည်မျှ[illegible]လျှစေကာမူ အရာဝတ္ထုများကို အလွန်နက်ရှိုင်းစွာ ပုံရိပ်ဖော်ပေးနိုင်ခြင်းပင် ဖြစ်၏။

အထက်ပါ အချက်များသည် သေချာစဉ်းစားကြည့်လျှင် ကြည့်မှန်တစ်ချပ်၏ လျှို့ဝှက်နက်နဲမှုများပင်ဖြစ်၏။ ထိုလျှို့ဝှက်နက်နဲမှုများကို သိရှိနားလည်ခဲ့ကြသော ရှေးလောကီပညာရှင်တို့သည် ဝါစတု ဗိသုကာ သျှူတွာရခေါ် လောကီသျှူတွာရပညာရပ်များဖြင့် "ကြည့်မှန်" ကို လူသားတို့ ကောင်းကျိုးအတွက် မည်သို့အသုံးပြုရမည်ဆိုသည့် အချက်များကို ရှာဖွေခဲ့ကြလေသည်။ ရှေးခေတ်တရုတ်တို့၏ သင်္ချိုင်းဂူများကို သုတေသနပညာရှင်များ ရှာဖွေတူးဖော်သည့်အခါ မှန်ပေါင်း ရာနှင့်ချီ၍ ထွက်လာသည်ဟူသော မှတ်တမ်းများအရလည်း ကြည့်မှန်သည် လူသားတို့အကြား မည်မျှစိမ့်ဝင်ပျံ့နှံ့ခဲ့သည် ဆိုသည့်အချက်ကို ပေါ်လွင်စေပါသည်။

## ကောင်းကျိုးဆောင်သည့် ကြည့်မှန်
## ဆိုးကျိုးဆောင်သည့် ကြည့်မှန်

"ကြည့်မှန်တစ်ချပ်ကွဲလျှင် ၇ နှစ် ကံမကောင်းတတ်" ဟူသော ရှေးသူပောင်းတို့စကားကို ကြားဖူးကောင်း ကြားဖူးကြပေလိမ့်မည်။ ထို့ပြင် မကောင်းသော အိမ်နီးချင်း ဆိုးယုတ်သော ပတ်ဝန်းကျင်၊ အခန်းအင်္ဂါရပ်နှင့် မညီသော အခန်းဖွဲ့စည်းပုံစသည်တို့တွင် မလွှဲမရှောင်သာ နေထိုင်ရတော့မည်ဆိုလျှင်ဖြစ်စေ၊ အိမ်ခန်းအတွင်း ဖျိုးခနဲ၊ ဖျတ်ခနဲ အသည်းအေးသလို တစ္ဆေခြောက်သလို သွေးလေချောက်ချား ခံစားနေရလျှင်ဖြစ်စေ၊ ကြည့်မှန်တစ်ချပ်ကို နေရာတကျ တပ်ဆင်လိုက်ရုံဖြင့် စိတ်မကောင်းမှုများအားလုံး ကင်းစင်လွှင့်ပြယ်စေလိမ့်မည် စသည်ဖြင့် လောကီရေးရာ ကျမ်းတစ်စောင်တွင် အတိအလင်း ဖော်ပြထားသည်ကို မှတ်သားခဲ့ရဖူးပါသည်။

ထို့ပြင် သင်သည် လုပ်သမျှလုပ်ငန်းတိုင်း အဆင်မပြေဖြစ်နေသည်။ ကုန်ရောင်းတော့ ကုန်ရှုံးသည်။ မော်တော်ကားထောင်ပြန်တော့လည်း ယာဉ်တိုက်မှုဖြစ်ပြီး လူပါထောင်ကျလုခမန်း ဖြစ်ရသည်။ ထိုသို့ သင်ကံဆိုးနေခြင်းကို လေ့လာအဖြေရှာကြည့်သည့်အခါ သင်နှင့် မျက်နှာချင်းဆိုင်မှာ ဆေးအဖြူသုတ်ထားသော နေအိမ်တစ်လုံးကို သတိထားလိုက်မိသည်။ ထိုအိမ်မှာ အညိုရောင်မှန်တွေ တပ်ဆင်ထား၏။ ထိုအချက်သည် သင့်ကို ကံဆိုးစေခြင်းပင် ဖြစ်သည်။ လောကီကျမ်းအလိုအရ အဆိုပါအနေအထားသည် ပါးစပ်ဖြထားသော မကောင်းဆိုးဝါးနှင့်တူ၍ အလွန်ကံဆိုးစေကြောင်း ဆိုပါသည်။ သို့သော်လည်း မပူပါနှင့်။

သင့်အိမ်တွင် ကြည့်မှန်တစ်ချပ်ကို ချိတ်ဆွဲလိုက်ခြင်းဖြင့် မကောင်းသောဓာတ်ကို တန်ပြန်လိုက်နိုင်ပါသည်။ ထိုအခါမှစ၍ သင်သည် မကောင်းကျိုးများ ပပျောက်ကာ စီးပွားရေးလည်း ဒီရေအလား တစ်စစ တိုးတက်လာပါလိမ့်မည်။

အချို့သော တရုတ်နေအိမ်တို့တွင် "ပါ့ကွ" ဟု ခေါ်သည့် အမှတ်အသားပါသော မှန်ကို အိမ်တံခါးဝတွင် တပ်ဆင်ထားတတ်သည်ကို တွေ့ရ၏။ ထိုသို့ပြုလုပ်ထားခြင်းဖြင့် မကောင်းဆိုးဝါးများ ဘေးအန္တရာယ်ဆိုးများ မကပ်ရောက်နိုင်ဟု သူတို့ယုံကြည်ကြသည်။

## ကြည့်မှန်ထားရမည့် နေရာများ

သင့်အတွက် ကြည့်မှန်တစ်ချပ်ကို သင့်အရပ်အမြင့်ဖြင့် ချိန်ဆ၍ သင့်တော်မည့်နေရာတွင် တပ်ဆင်အပ်သည်။ မြင့်လွန်းသော နိမ့်လွန်းသော နေရာမျိုးတွင် တပ်ဆင်မိသဖြင့် ဦးခေါင်းပိုင်း အောက်ပိုင်း မပေါ်သော နေရာမျိုးတွင် မချိတ်ဆွဲအပ်။

သင့်နေအိမ်ခန်း၏ မျက်နှာချင်းဆိုင်မှာသော်လည်း[illegible]ကောင်း၊ ဘေးဘက်မှာသော်လည်းကောင်း၊ သင့်ကို လွှမ်းမိုး[illegible] ချောက်နေသည်ဟု ယူဆရမည့် စက်ရုံ၊ အလုပ်ရုံ၊ မီးပုံ[illegible] တစ်ခုခု ရှိနေသည်ဆိုပါက သင့်အိမ်၏ ပြတင်းပေါက်တွင် ကြည့်မှန်တစ်ချပ်ကို တပ်ဆင်ထားရမည်။ သို့မှသာ သင်လုပ်ကိုင်[illegible] သမျှ အကြံအစည်များ အောင်မြင်ထမြောက်နိုင်သည်[illegible]

(သတိပြုရန် ။ ။ ထိုမှန်ကို အခြေခြင်း[illegible] ကြောင့် မကွဲစေရန် ဂရုပြုပါ။ အကယ်၍ မ[illegible]တာဆ [illegible]

www.burmeseclassic.com

www.burmeseclassic.com

မိခြင်းကြောင့် ကွဲသွားခဲ့သည်ရှိသော အသစ်တစ်ချပ်ကို ချက်ချင်း အစားထိုးလိုက်ပါ။)

သင့်အိမ်ခန်းသည် ကျဉ်းမြောင်း၍ မှုန်ကုပ်ကုပ် အခန်းလေးတစ်ခန်း ဖြစ်သည်ဆိုပါစို့။ ထိုသို့ဆိုလျှင် အခန်း၏ အဝင်တံခါးကို တတ်နိုင်သမျှ ပြုပြင်၍ ကျယ်အောင်ချဲ့သင့်သည်။ ထို့နောက် ဝင်ပေါက်မှနေ၍ တန်းပြီးမြင်နိုင်မည့်နေရာတွင် ကြည့်မှန် ကြီးကြီးတစ်ချပ်ကို တပ်ဆင်လိုက်ပါ။ ထို့အပြင် တံခါးနှင့်ပြိုင်နေသော နံရံပေါ်တွင်လည်း ကြည့်မှန်တစ်ချပ်ကို တပ်ဆင်ပေးခြင်းဖြင့် အခန်းဧရိယာသည် ပိုမိုကျယ်ပြန့် လွတ်လပ်သည့်သဘောကို ဆောင်လာစေသည်။

ထိုသို့ပြုခြင်းဖြင့် မကြာခဏ ဖျားနာတတ်သော သင့်ကလေးသည်လည်းကောင်း၊ ပျက်စီးစပြုနေသော သင့်စီးပွားရေးသည်လည်းကောင်း၊ ဓာတ်အားပြည့်သော မီးပုံးပျံဖောင်းတစ်လုံးပမာ ပြန်လည်ခေါင်းထောင်ထလာပါလိမ့်မည်။

သင့်အိပ်ရာ၊ ခုတင်၊ ထမင်းစားစားပွဲတို့ပေါ်တွင် မျက်နှာကြက်၌ ထုပ်တန်းတစ်ခု ကန့်လန့်ဖြတ် ရှိနေသည်ဆိုပါစို့၊ ထိုအနေအထားသည် သင့်အတွက် မကောင်း၊ အစာအိမ်ရောဂါသော်လည်းကောင်း၊ ခါးနာရောဂါသော်လည်းကောင်း၊ ခံစားရစေနိုင်သည်။ သို့ဆိုလျှင် မျက်နှာကြက် ထုပ်တန်း၌ ကြည့်မှန်တစ်ချပ်ကိုသာ အမြန်ဆုံး ချိတ်ဆွဲထားလိုက်ပါ။ ထိုရောဂါအန္တရာယ်များမှ လွတ်ကင်းသွားပါလိမ့်မည်။

သင်၏ ထမင်းစားစားပွဲဘေးတွင်လည်း မှန်ချပ်ကြီးများ တပ်ဆင်ထားသင့်ပါသည်။ ထိုသို့ပြုခြင်းဖြင့် အစားအသောက်တို့ ကို ပေါများစေနိုင်ပါသည်။ နှစ်ဆပွားစေနိုင်ပါသည်။ အချို့သော အသောက်ဆိုင်များတွင် မှန်များ တပ်ဆင်ထားခြင်းသည် ဤသဘောပင် ဖြစ်၏။ ပရိသတ်ကို နှစ်ဆပွားစေနိုင်သည်။ ထိုသဘောအတိုင်း ငွေသိမ်းကောင်တာတွင်လည်း ကြည့်မှန်များ တပ်ဆင်ထားခြင်းဖြင့် ဝင်ငွေကို နှစ်ဆပွားစေနိုင်သည်။

ဤနေရာတွင် တတ်နိုင်သမျှ ကြိုးစားလျက် မှန်ထားသင့်သော နေရာတစ်နေရာကို ဖော်ပြလိုပါသေးသည်။ ထိုနေရာမှာ သင့်နေအိမ် ပြင်ပတွင် ရှိနေသော ရေကန်၊ ရေတွင်း၊ ရေစည်တို့၏ ပုံရိပ်များ ညချမ်းချိန်ခါ ပြည့်ပြည့်ဝဝ သာနေသည့် ဖိုးလမင်းကြီး၏ ပုံရိပ်သည်လည်းကောင်း သင့်အိမ်အတွင်းရှိ ကြည့်မှန်ပေါ်တွင် လာရောက်ထင်ဟပ်စေနိုင်မည့် နေရာမျိုးဖြစ်၏။ ထိုသို့သော နေရာမျိုးကို ရွေးချယ်ရန်မှာ သိပ်ပြီးလွယ်ကူလှမည် မဟုတ်သော်လည်း အကယ်၍ သင်ရွေးချယ်နိုင်ခဲ့ပြီဆိုလျှင်မူ သင့်ဘဝတစ်လျှောက် သာယာချမ်းမြေ့စေမည့် အတိတ်နိမိတ်တို့ကို သယ်ဆောင်လာတော့မည်ဟု ယုံကြည်နိုင်ပါသည်။

ထို့နည်းတူ အိမ်၏ပြင်ပရှိ အမှိုက်ပုံ အရှုပ်အထွေးများ အိမ်သာလေ့ကား ခြေနင်းခုံ စသော ယုတ်နိမ့်သည့် မြင်ကွင်းများ လာရောက်ထင်ဟပ်စေနိုင်မည့် နေရာမျိုး၌ ကြည့်မှန်ကို ချိတ်ဆွဲခြင်း မပြုမိအောင်တော့ အထူးဂရုပြုဖို့ လိုပါသည်။

သင့်အိမ်သည် လှည်းဦးတိုက်၊ လှေဦးတိုက် ခေါ် အင်္ဂလိပ်အက္ခရာ (T)ပုံသဏ္ဌာန်ထိပ်တည့်တည့်တွင် ရောက်ရှိနေခဲ့သည် ဆိုပါက ကြည့်မှန်တစ်ချပ်ကို အဝင်ပေါက်တံခါးမကြီးပေါ်၌ တပ်ဆင်ထားဖို့ လို၏။ သို့မှသာ "နိုက်" သည်ဆိုသော ဘေးဆိုး၊ အန္တရာယ်ဆိုး၊ အတိတ်နိမိတ်ဆိုးတို့မှ ကင်းလွတ်နိုင်မည် ဖြစ်သည်။

ထို့အတူ မသာခြေကန်ဟုခေါ်သည့် (Y)ပုံသဏ္ဌာန် လမ်းဆုံတွင် သင့်နေအိမ်ရောက်နေခဲ့လျှင်လည်း အထက်ပါနည်းအတိုင်းသာ အသုံးပြုရမည်။

သို့ဖြင့် ကြည့်မှန်တို့၏ လောကီရေးရာကိစ္စများပေါ် ပတ်သက်လွှမ်းမိုးမှုရှိနေပုံကို လေ့လာမှတ်သား၍ မကုန်အောင် တွေ့ရပါသည်။ လူမှန်လျှင် ကြည့်မှန်နှင့် မကင်းနိုင်ဟူသော စကားကို လက်ခံကြမည်ဆိုပါလျှင် ကြည့်မှန်တို့၏ ကောင်းကျိုးဆိုးပြစ်တို့ကိုလည်း သိထားကြဖို့ လိုအပ်မည်သာ ဖြစ်ပါသည်။ ထိုအချက်ကို တတ်စွမ်းသမျှ ဖြည့်စွက်သည့်အနေဖြင့် ကျွန်တော် ဖတ်မှတ်လေ့လာမိသော ရှေးသူဟောင်းတို့ ပြုစုသည့် လောကီကျမ်းလာ ကြေးမုံ(ခေါ်)ကြည့်မှန်တို့၏ စိတ်ဝင်စားဖွယ် လိုက်နာကျင့်ဆောင်ဖွယ် ဖယ်ကြဉ်ရှောင်ရှားဖွယ် ကိစ္စတို့ကို တတ်နိုင်သမျှ ကြိုးစားတင်ပြရခြင်း ဖြစ်ပါသတည်း။

---

**မေတ္တာရှင် မောင်မဲခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ**

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ဇောတိ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မူလစီးပွားရေးလုပ်ငန်းကိုသာ မပျောက်မပျက်ရလေအောင် ထိန်းသိမ်းထားပါသည်။ အိမ်ရာသစ် မပြောင်းရွှေ့သင့်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖို့ မူလအလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ပါ။ လုပ်ငန်းပြောင်းရွှေ့ခြင်း မပြုသင့်ပါ။ အကျိုးထူးလာမည် မဟုတ်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်းမပြုသင့်။ အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ကျန်းမာရေးညံ့နေတတ်၏။ ကျန်းမာရေးဂရုစိုက်။ စားသောက်နေထိုင်မှုအထူးဆင်ခြင်ပါ။ နှာခေါင်းရောဂါ၊ အဆုတ်ရောဂါ၊ အရိုးပွရောဂါ ဖြစ်တတ်ပါသည်။ ခရီးဝေးမသွားရ။ မတော်တဆထိခိုက်နာကျင်မှု ဖြစ်တတ်၏။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွင် သည်းခံခွင့်လွှတ်စိတ်ရှည်ပါ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆွေကောင်း၊ သူတော်ကောင်း မစမည်။ စီးပွားရေးလုပ်ငန်း အကြံအစည် စိတ်တိုင်းကျအောင်မြင်ပါလိမ့်မည်။ မမျှော်လင့်သော အရပ်မှ ငွေများ လိုမ့်၍ ဝင်လာပါလိမ့်မည်။ ငွေရတုန်း စုဆောင်းထားပါ။ မိုးရွာတုန်း ရေခံပါ။ နောင်အခါ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါလေ။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေ ချောမောလိမ့်မည်။ အပျိုလူပျို အိမ်ထောင်ကျကိန်း ရှိပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

မိတ်ဆွေ အပေါင်းအသင်းကြား၌ ဝါကြွားထုတ်ဖော်ခြင်း၊ ကိုယ်ရည်သွေးခြင်း သိပ်မပြုနှင့်။ လူမုန်းများလိမ့်မည်။ ပြောဆိုဆက်ဆံခြင်း ဆင်ခြင်ပါ။ ခိုက်ရန်ဖြစ်ပွားမှုကို အထူးရှောင်ကြဉ်ပါလေ။ လက်အောက်ငယ်သားများနှင့် အဆင်ပြေအောင် ပေါင်းပါ။ လက်အောက်ငယ်သားများ မကျေမနပ်ဖြစ်ကာ တော်လှန်ပုန်ကန်တတ်၏။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင့်၏ကံကြမ္မာ စန်းပွင့်နေသဖြင့် စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံလျှင် အကျိုးရှိမည်။ လုပ်ငန်းသစ်၊ ကုမ္ပဏီသစ် ထူထောင်လုပ်ကိုင်နိုင်ပါသည်။ ငွေဖြူလိမ့်၍ဝင်လာပါလိမ့်မည်။ စေ့စပ်နိုင်၏။ တောအမဲလိုက်နိုင်၏။ သားကောင်များ ရမည်။ ခရီးဝေး သွားနိုင်၏။ ခရီးထွက်လျှင် အကျိုးထူးမည်။



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို ရှောင်ကြဉ်ပါလေ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်း လက်မထပ်ပါနှင့်ဦး။ ခဏစောင့်ကြည့်ပါဦး။ ဖွတ်မလုပ်ရ။ ဖွတ်လုပ်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ အိုးအိမ်မရွှေ့ရ။ အဆင်မပြေ ဖြစ်တတ်ပါသည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာညံ့နေ၏။ စီးပွားရေး တိုးချဲ့လုပ်ကိုင်ဖို့ ခဏရပ်ထားပါ။ ကျန်းမာရေးလည်း ညံ့နေတတ်၏။ စားသောက်နေထိုင်မှု အထူးဂရုစိုက်ပါ။ ကားမောင်းလျှင် သတိထားပါ။ ညအခါ ကာားမောင်းရ။

## ရှောင်ကြဉ်ရန်အချက်များ

ယာဉ်တိုက်မှု ဖြစ်တတ်သည်။ ကားကို အထူးသတိထားပြီး ဆင်ဆင်ခြင်ခြင် မောင်းနှင်ပါလေ။ အထူးသဖြင့် ကားပြိုင်မောင်းခြင်း၊ ရှေ့ကားကို ကျော်တက်မောင်းခြင်းတို့ကို ရှောင်ကြဉ်ကြရမည်။ အမှုဖြစ်တတ်ပါသည်။ ရဲဌာနရောက် တရားရုံးရောက်တတ်၏။ ယခုရက်ပိုင်းအတွင်း၌ အိမ်တွင်းပုန်းလုပ်လျှင် စိတ်အချရဆုံးဖြစ်ပါသည်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင့်ကံကြမ္မာ စန်းပွင့်နေ၍ လုပ်ငန်းအကြံအစည် ချောမောအဆင်ပြေပြီး အစစအရာရာ ထမြောက်အောင်မြင်ရပါလိမ့်မည်။ ငွေဝင်ကိန်းရှိသဖြင့် လုပ်ငန်းကို စိတ်ထားမှန်ကန်စွာ လုပ်ပါ။ တိုးတက်ကြီးပွားမည်။ ရုံးဝန်ထမ်း အမှုထမ်းဝန်ထမ်းများအဖို့ ရာထူးတိုး လစာတိုးဖွယ်ရှိ၏။ စိတ်ကောင်းထားပါ။ ဘုရား၊ တရား၊ သံဃာ မမေ့ပါနှင့်။

## ရှောင်ကြဉ်ရန်အချက်များ

ညအခါ ကားမမောင်းနှင့်။ လမ်းစည်းကမ်း၊ ကားစည်းကမ်း မလိုက်နာမိ၍ ယာဉ်တိုက်မှု ဖြစ်မည်။ ကားကျော်တက်မောင်းခြင်းကို အထူးရှောင်ကြဉ်ပါလေ။ ကုသိုလ်ကောင်းမှု များများလုပ်ပါ။ ပိုမိုကံကောင်းလာပါလိမ့်မည်။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာထူးခြားသည်။ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်၏။ စီးပွားရေးလုပ်ငန်း အခက်အခဲ အတားအဆီးများ ရှိပါသော်ငြားလည်း ကျော်လွှားနိုင်ပါလိမ့်မည်။ ဝင်ငွေများသလောက် ကုန်ကျမှုများမည်။ ငွေသုံးစွဲမှု ခြိုးခြံချွေတာပါလေ။

## ရှောင်ကြဉ်ရန်အချက်များ

မိတ်ဆွေအပေါင်းအသင်းအား ငွေမချေးရ၊ ပြန်ရမည်မဟုတ်ပါ။ အထူးသဖြင့် ဆန့်ကျင်ဘက်လိင်ကို သတိထားပါ။ ဆန့်ကျင်ဘက်လိင် ကျားအမျိုးသားကြောင့်သော်လည်းကောင်း၊ မ,အမျိုးသမီးကြောင့်သော်လည်းကောင်း ငွေကြေးအမြောက်အမြား ဆုံးရှုံးမှုဖြစ်ပွားမည်။ ဖြစ်ပွားတတ်သည်။ သတိထားပါ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ညှိုးနွမ်းနေသဖြင့် လုပ်ငန်းတိုးချဲ့ခြင်း မပြုကြရ။ မိမိ မူလရှိရင်းစွဲအလုပ် မပျောက်မပျက်ရလေအောင် သေသေချာချာ စေ့စေ့စပ်စပ် လုပ်ကိုင်ပါ။ ယိုဖိတ်ခြင်းမရှိပါစေနှင့်။ စေ့စပ်နိုင်၏။ ခရီးသွားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကားမောင်းလျှင် အရက်သေစာရှောင်ပါ။ ငွေကြေးဆုံးရှုံးတတ်သဖြင့် ငွေကြေးကို စနစ်တကျ ကိုင်တွယ်သုံးစွဲပါ။ အိမ်တံခါး လုံခြုံစွာ ပိတ်ထားပါ။ သူခိုးဝင်တတ်၏။ ဖောက်ထွင်းတတ်၏။ သတိထားအိပ်ပါလေ။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လူပျိုအဖို့ ချစ်သူဟောင်းနှင့် လမ်းခွဲရပြီး အချစ်သစ်တွေ့မည်။ အဆင်ပြေချောမောမည်။ အပျိုအဖို့၌ [illegible]စိတ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းကျ ချစ်သူနှင့်တွေ့မည်။ အိမ်ထောင်ရှင်များအဖို့ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ သဘောကွဲ အထင်လွဲတတ်ပါသည်။ လူမှုဆက်ဆံရေးတွင် စကားတစ်ခွန်းကြောင့် ပြဿနာဖြစ်နိုင်ပါသည်။ ဆင်ခြင်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

ပြင်ပလူမှုဆက်ဆံရေး လျှော့ပါ။ သို့မဟုတ်ပါက မလိုအပ်သော ပြဿနာကြုံရတတ်ပါသည်။ ဆေးလိပ်၊ အရက်သေစာရှောင်ပါ။ ဖဲလောင်းကစားလည်း ရှောင်ပါ။ ငွေဆုံးရှုံးတတ်၏။ သတိထားပါ။

### မြောက်နစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငွေကြေးပုံမှန်ဝင်ပါလိမ့်မည်။ ငွေရတုန်း စုဆောင်းထားပါ။ မိုးရွာတုန်း ရေခံပါ။ နောင်အခါ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားပါ။ စီးပွားရေးပြိုင်ဘက်နှင့်သော်လည်းကောင်း၊ လက်အောက်ငယ်သားများနှင့်သော်လည်းကောင်း အဆင်ပြေအောင် ပေါင်းပါ။

### ရှောင်ကြဉ်ရန်အချက်များ

ပြင်ပထွက်လျှင် သတိနှင့်ဆင်ခြင်ပါ။ မတော်တဆ ထိခိုက်မှုဖြစ်နိုင်ပါသည်။ ငွေမည်းများစွာဝင်ကိန်းရှိ၏။ လောဘ မထွက်နှင့်။ လက်မခံနှင့်။ အမှုပြဿနာတက်တတ်၏။

### ကြက်နစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ထူးခြားမှုရှိ၏။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် တူထောင်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ နိုင်ငံခြား(ပြည်ပ) ကုန်သွယ်ရေးလုပ်လျှင် အကျိုးထူးမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေချောမောမည်။ ကျန်းမာရေးကောင်း၏။ ဖဲလောင်းကစားလျှင် အမြတ်ရမည်။ အနည်းငယ် လုပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဖဲလောင်းကစားလျှင် လောဘမကြီးနှင့်။ နိုင်ပြီးလျှင် ပြန်ရှုံးတတ်၏။ သတိနှင့် ဆင်ခြင်ပါ။ ကျန်းမာရေးကောင်းသော်လည်း စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ဆေးလိပ်နှင့် အရက်သေစာ ရှောင်ပါလေ။

### ခွေးနစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း ခဏရပ်နားပြီး ဘာသာရေးလုပ်ငန်းလုပ်ပါ။ ကုသိုလ်ကောင်းမှု၊ အလှူအတန်း များများလုပ်ပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ ကျန်းမာရေး ဂရုစိုက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

ဆေးလိပ်နှင့် အရက်သေစာ ကျပ်ကျပ်ရှောင်ပါ။ ရှောင်နိုင်လေ ကောင်းလေ ဖြစ်သည်။ သက်ကြီးပိုင်းအဖို့ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ခရီးမထွက်ရ။ ဘေးအန္တရာယ် ရှိ၏။ ရေကြောင်းခရီး ရှောင်ပါလေ။

### ဝက်နစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငွေကြေး မြောက်မြားစွာ ဝင်ကိန်းရှိ၏။ ကံစမ်းပါ။ ထီပေါက်နိုင်ပါသည်။ သူတော်ကောင်းမစမည်။ စီးပွားရေးပြိုင်ဘက်ကို သတိထားပါ။ စီးပွားရေးလုပ်ငန်း အဆင်ပြေမှုရှိမည်။ ငွေကြေးသုံးစွဲမှု ဆင်ခြင်ပါ။ ငွေပြတ်လပ်တတ်၏။ ဆင်ခြင်ပါ။ ခရီးသွားနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ချစ်သူဝိုင်းဝိုင်းလည်မည်။ သေချာစေ့စပ်စွာ ချစ်သူစစ်၊ ချစ်သူမှန်ကို ရွေးချယ်တတ်ပါစေ။ ချစ်သူအရွေးမမှားပါနှင့်။ ပြန်နုတ်မရဘဲ ဖြစ်တတ်ပါသည်။ ကျန်းမာရေးဂရုစိုက်ပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ရေကြောင်းခရီးရှောင်ပါ။ လေယာဉ်ဘေးမစီးကြရ။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:-*

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇ ခုနှစ်၊ Malasia.



www.burmeseclassic.com

www.burmeseclassic.com

# လောကချမ်းသာ ထာဝရ အလှူတော်ငွေပဒေသာပင် သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်

အသက်အရွယ် အို၊ နာ၊ သေ ဘေးမှ မလွတ်ကင်းနိုင်သော လူသားများဖြစ်၍ ရောက်လေရာရာ အရပ်ရှိဘုရားများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုမျိုးသည် ဗုဒ္ဓဘာသာဝင်များအတွက် ဒါန မျိုးစေ့ အပင်စိုက်ပျိုးခြင်းဖြစ်ပါသည်။ ထိုအလှူသည် သားစဉ်မြေးဆက် ဆက်လက် ရှင်သန်နေမည့် အလှူတော်ဖြစ်၍ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ ငွေပဒေသာပင် စိုက်ထူခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အဓွန့် ရှည်အောင်ဆောင်ရွက်နိုင်ပြီး၊ ငွေပဒေသာပင်မှရရှိသော အသီးအပွင့်တို့သည် စေတီဘုရားများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ပူပန်မှုများ ကင်းဝေးသကဲ့သို့ လှူဒါန်းသူများအတွက်လည်း တူညီသောအကျိုးတရား ခံစားရရှိနိုင်ပါသည်။ ဘုရားဖူးလာရောက်သူများအတွက်လည်း လှူရိုးလှူစဉ် အလှူဒါနမျိုးများအနက် ထူးကဲသော ဒါနတစ်မျိုးဖြစ်ပြီး နောက်တစ်ကြိမ်ဘုရားဖူးလာရောက်ပါက မိမိတို့လှူဒါန်းမှုကိုအမှတ်ရစေ၍ ကုသိုလ်တရား အကျိုးကျေးဇူးများလည်းရနိုင်သဖြင့် ၎င်းအကျိုးကို ရည်ရွယ်ကာ• • •မင်းဓမ္မကုန်းတော်ပေါ်တွင် ဘုဉ်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့မှလည်း ထို ငွေပဒေသာပင်များကို တစ်ပင်လျှင် ကျပ်တစ်သောင်းဖြင့် စိုက်ထူလှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသဖြင့် ဘုရားဖူးလာ သူတော်စင်အပေါင်းလည်း မိမိတို့၏ အလှူဒါနကို သားစဉ်မြေးဆက် ဆက်လက်ရှင်သန်နေမည့် အလှူတော်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ဝင်များဖြစ်သည့် • • •

ဦးညွန့်မောင် + ဒေါ်လှမြိုင်မိသားစု၊ ဦးကြည်လှမိသားစု၊ ဦးစိန်လှိုင် + ဒေါ်အေးမြင့်မိသားစု၊ ဦးသိန်းဝင်း + ဒေါ်အေးအေးမြင့်မိသားစု၊ ဦးမောင်မောင်မြင့်အေး + ဒေါက်တာစောယုနွယ် မိသားစု၊ ဦးခင်မောင်ဆက် မိသားစုတို့မှလည်း တစ်ဦးလျှင် ငွေပဒေသာပင် (၁၀)ပင်အတွက် လှူဒါန်းငွေကျပ် တစ်သိန်းစီဖြင့် စတင်လှူဒါန်းခဲ့ပါသည်။

၎င်းငွေများကို မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် စာရင်းအမှတ် (SP 044561)ဖြင့် စာရင်း ဖွင့်လှစ်အပ်နှံထားပြီး၊ ငွေပဒေသာပင်များမှရရှိသော အသီးအပွင့်များဖြင့်သာ ဘုရားကြီးကိုပြုပြင် ထိန်းသိမ်း စောင့်ရှောက်မည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း - ၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇

ဂေါပကအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

# ပီတာမြဦး

## စည်းအပြင်မှ မေမေ




www.burmeseclassic.com

www.burmeseclassic.com

# စည်းအပြင်မှ ဖေဖေ

## ပီတာမြဦး

မြန်မာ့လူ့အဖွဲ့အစည်းတွင် အိမ်ထောင်ဦးစီးဆိုသော ပုဂ္ဂိုလ်၏ ဩဇာတိက္ကမသည် ကြီးမားလွန်းလှသည်။ မိသားစုဝင်များ၏ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသော အိမ်တွင်းရေးကိစ္စများတွင် ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီး၏ သဘောဆန္ဒအတိုင်းသာ လိုက်နာဆောင်ရွက်ကြရသည်။ အထွန့်တက်၍မရ။ စောဒကတက်ရိုးထုံးစံမရှိ။

အိမ်ထောင်ဦးစီး လင်ယောက်ျားဖြစ်သူကို ဇနီးဖြစ်သူက ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးနှုယ် ရိုသေလေးစားမှု ရှိရသည်။ အိမ်ဦးနတ်ဖြစ်သည့် အားကျော်စွာ မယားဝတ္တရားငါးပါးနှင့်အညီ မိခင်ဖြစ်သူ၏နောက်မှ အိပ်ရာဝင်ကာ မိခင်ဖြစ်သူထက် စောစောထ၍ အိမ်မှုကိစ္စများကို စီးတဲ့ရေ ဆယ်တဲ့ကန်သင်းဆိုသကဲ့သို့ စနစ်တကျသိမ်းဆည်း၍ စိစစ်သုံးစွဲရသူလည်း ဖြစ်၏။

သားသမီးတို့အနေနှင့်လည်း ဖခင်ဖြစ်သူ အိုမင်းမစွမ်းဖြစ်လာကာ ရှာဖွေမကျွေးမွေးနိုင်တော့သောအခါ သားသမီးတို့က တစ်လှည့်ပြန်၍ ကျွေးမွေးပြုစုကြရသည်မှာလည်း ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက အစဉ်အလာမပျက် ကျင့်သုံးလာကြသော မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာတစ်ရပ်ပါပေ။

ဤသည်မှာ ယနေ့မြန်မာ့လူ့ဘောင်တိုင်အောင် ခေတ်အဆက်ဆက် လိုက်နာဆောင်ရွက်လျက်ရှိကြသည့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ မင်္ဂလာတရားတော်နှင့် ညီညွတ်လှသော လက်ဆင့်ကမ်းအမွေကောင်းတစ်ခုပင် ဖြစ်ပါလေသည်။

ထိုမွန်မြတ်လှသည့် အစဉ်အလာကောင်းများမှာ မြန်မာတို့၏ နှလုံးသားဝယ် နက်ရှိုင်းစွာ စွဲဝင်နေပြီဖြစ်လေရာ ယင်းဓလေ့ထုံးတမ်းများကို မည်သူတစ်ဦးတစ်ယောက်ကမှ ပျက်စီးယိုယွင်းစေလိုသော စိတ်ဆန္ဒများ စိုးစဉ်းငယ်မျှ မရှိနိုင်စကောင်းပါပေ။

သို့တစေ ... အကယ်၍သာ။

ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီး အပေါ် ရိုသေလေးစားမှု ယိုယွင်းလျော့ပါးလာသည်သာမက အိမ်တွင်းရေးကိစ္စများမှာပါ အရေးတယူ မရှိတော့ဘဲ ဘေးဖယ်လျစ်လျူရှုထားသော မိသားစုမျိုး ရှိခဲ့သည်ဆိုလျှင် ယုံကြည်နိုင်ကြပါမည်လား။

ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ အဆိုပါမိသားစုတစ်စု အမှန်တကယ်ပင် ရှိနေခဲ့ပါသည်။

ဤထူးခြားဖြစ်စဉ်ကို အငြိမ်းစားကျောင်းအုပ်ဆရာကြီး တစ်ဖြစ်လဲ အကျဉ်းသား ဦးတိုးမောင်မှ စတင်နိဒါန်းပျိုးရမည် ဖြစ်ပါသည်။

✣ ✣ ✣

"ကဲ ... နောက်တစ်ယောက် ခေါ်"

တစ်ခုသော နံနက်ပိုင်းတွင် ဖြစ်လေသည်။ ကျွန်ုပ်သည် အကျဉ်းထောင်တာဝန်ခံအရာရှိ (ထောင်ပိုင်) တစ်ဦးအနေနှင့် အသစ်ရောက်လာသော အကျဉ်းသားလူသစ်များကို ထောင်လက်စွဲဥပဒေနှင့်အညီ တစ်ယောက်ချင်း စစ်ဆေးကြည့်ရှုနေရသည်ဖြစ်ရာ ရှေ့ကတစ်ယောက်ပြီးသွားသည်။ နောက်တစ်ယောက်ခေါ်ရန် ထောင်မှူးအား ပြောလိုက်သည်။

"ဆရာ .. အဲဒါက ဟိုလေ"

ထောင်မှူးက နောက်ထပ်တစ်ယောက်ကို ချက်ချင်းမခေါ်သေးဘဲ တစ်စုံတစ်ရာ သတင်းပို့လိုဟန် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

"ကဲ ... ဘာသတင်းပို့စရာ ရှိလို့လဲ" ထောင်မှူးက တံတွေးတစ်ချက် မျိုချလိုက်ကာ –

"ဒီလိုပါ ဆရာ။ ဒီအကျဉ်းသားက အသက်လည်းအတော်ကြီးနေတဲ့အပြင် ကျန်းမာရေးလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းတော့ လမ်းလည်း ကောင်းကောင်း မလျှောက်နိုင်ဘူးဆရာ။ ပြီးတော့ ...”

“ပြီးတော့ ဘာဖြစ်လဲ”

“ပြီးတော့ နားကလည်း နည်းနည်း လေးနေတော့လေ ... အဲဒါ ဒီထောင်ကျ ရုံးခန်းအထိ ခေါ်လာဖို့က သိပ်အဆင်မပြေဘူးဖြစ်နေတယ်။ အဲဒါ ...”

“ဩော် ... ဒါနဲ့ အဲဒီအကျဉ်းသားက ဘယ်သူတဲ့လဲ”

“ဒီမှာပါ ဆရာ”

ထောင်မှူးက ကျွန်ုပ်ရှေ့ စားပွဲပေါ်ရှိ ထောင်ပုံစံ(၂၁) ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီး၏ တစ်နေရာကို လက်ထောက်ပြ၏။ ကျွန်ုပ် ဖတ်ကြည့်လိုက်ရာ –

ထောင်နံပါတ် ၈၅၅၄/စီ၊

အမည် – တိုးမောင်၊

အဘအမည် – ဦးလှမောင်၊

အသက် – ၆၈ နှစ်၊

ကျူးလွန်သောပြစ်မှု – ပုဒ်မ ၃၈၀ (ခိုးမှု)၊

ပြစ်ဒဏ် – သုံးလ၊

တရားရုံး – ကျောက်တံတားမြို့နယ်တရားရုံး၊

အလုပ်အကိုင် – မရှိ၊

နေရပ်လိပ်စာ – အမှတ်( )၊ လမ်း(၄၀)၊ ရန်ကုန်မြို့။

“ဟင် ...”

ကျွန်ုပ်က အကျဉ်းသားအမည်၊ အသက်အရွယ်၊ နေရပ်လိပ်စာတို့ကို ဖတ်မိသောအခါ ကျွန်ုပ်သိဖူးသော ကျောင်းအုပ်ဆရာကြီးဦးတိုးမောင်များ ဖြစ်နေမလားဟု သံသယဝင်လာမိ၏။ ထို့ကြောင့် နေရပ်လိပ်စာကို ထပ်မံဖတ်ကြည့်လိုက်သောအခါမှာကား တွေဝေနေစရာ အကြောင်းမရှိတော့ပါပေ။

“ကဲ .. ထောင်ကျဆောင်ထဲ သွားရအောင်”

ကျွန်ုပ်က နေရာမှ ရုတ်တရက် ထကာ ဦးဆောင်ထွက်လာမိသည်။ ထောင်မှူးမှာ မျှော်လင့်မထားသဖြင့် ထောင်ပုံစံ(၂၁) စာအုပ်ကြီးကို မနိုင်တနိုင် မယူကာ ကျွန်ုပ်နောက်မှ ကတိုက်ကရိုက် လိုက်ပါလာလေသည်။

ကျွန်ုပ်တို့ ထောင်ကျဆောင်ရုံးခန်းထဲ ရောက်လျှင် ဦးတိုးမောင်အား ခေါ်ခိုင်းလိုက်သည်။ မကြာမီ ပုံစံအကျႌ၊ လုံချည်ဖြူ ဝတ်ထားသော အသက်ခြောက်ဆယ်ကျော် အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ရုံးခန်းထဲဝင်လာသော အကျဉ်းသားမှာ ကျွန်ုပ်တွက်ဆထားသည်နှင့် ကွက်တိဖြစ်နေလေသည်။

“ဒါ .. ဆရာကြီးဦးတိုးမောင် ဟုတ်ပါတယ်နော်”

ကျွန်ုပ်၏ ရင်းနှီးစွာ မေးသံကြောင့် ထိုသူ၏ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသေးသည်။ ပြီးမှ အနီးသို့ လျှောက်လာကာ –

“ဒီကဆရာ လူမှားနေပြီနဲ့ တူတယ်”

ကျွန်ုပ်က ပြုံးပြလိုက်ပြီး –

“ဆရာကြီးနယ် ... ကျွန်တော့်ကိုလည်း သေချာကြည့်စမ်းပါဦးဗျာ”

သူက ကျွန်ုပ်ရှေ့ရှိ ခုံတစ်လုံးတွင် အသာအယာ ဝင်ထိုင်ပြီးမှ သူ၏ ပါဝါမျက်မှန်ကို ပင့်တင်အားယူ၍ ကျွန်ုပ်အား သေချာစွာ စိုက်ကြည့်လေသည်။ ခဏနေမှ ခေါင်းပြုပြုကာ –

“ဟင့်အင်း ... ကျုပ်မသိဘူး”

ကျွန်ုပ်က ရှေ့အနည်းငယ်တိုးလိုက်ပြီး –

“ကျွန်တော် ဆရာကြီးရဲ့သား သော်တာနဲ့ ကျောင်းနေဘက် သူငယ်ချင်း မောင်မောင်လေဗျာ။ ဆရာကြီးတို့ လမ်း(၄၀)က အိမ်ကို ဟိုတုန်းက ခဏခဏ ရောက်ဖူးတယ်လေ”

“ဟော ...”

ဆရာကြီးမှာ မျက်လုံးကြီးများ ပြူးဝိုင်းကာ ပါးစပ်အဟောင်းသားပွင့်သွား၏။ သူ၏မျက်နှာပြင်ဝယ် တဒင်္ဂအားဖြင့် အံ့သြဝမ်းသာသွားဟန် တွေ့လိုက်ရသော်လည်း တစ်ခဏချင်းမှာပင် ခပ်မှိုင်းမှိုင်းဖြစ်သွားသည်ကို တွေ့လိုက်ရ၏။

“သော်တာတစ်ယောက်ကော ခုလောက်ဆို ဦးစီးအရာရှိ ဖြစ်နေ လောက်ရောပေါ့ ဆရာကြီး”

“အင်း ...”

ဆရာကြီးက ဤမျှသာ တုံ့ပြန်၏။

“သော်တာရဲ့ အစ်မကြီး သီ တစ်ယောက်လည်း ကျောင်းအုပ်ကြ ဘာတွေ ဖြစ်နေလောက်ပြီနော်”

“အင်း ...”

ဆရာကြီးက မဖြေချင့်ဖြေချင်

“ပြီးတော့ သော်တာ့ညီမလေး အေးမာလည်း ဘွဲ့တွေဘာတွေ ရနေ ပေါ့နော်”

“ ... ... ”

ဆရာကြီးထံမှ



www.burmeseclassic.com

www.burmeseclassic.com

မလာ။ ခဏနေမှ သက်ပြင်းတစ်ချက်ကို ရှူထုတ်လိုက်ကာ –

"ဒီမှာ မောင်မောင်၊ ဖြစ်နိုင်ရင် ဒီမေးခွန်းတွေ မမေးပါနဲ့လား"

ကျွန်ုပ်ကို ယခင်က ရှေ့နေကျ အတိုင်း ခေါ်လိုက်၍ စိတ်ထဲ၌ ဘဝင်ကျသွားသော်လည်း သူ့သားသမီးများ အကြောင်း မေးမြန်းသည်ကို မကြိုက် ဖြစ်နေ၍ လမ်းကြောင်းပြောင်းကာ –

"ဒါနဲ့ အနိတ်ဦးမှာတစ်ယောက်ကော ကျန်းကျန်းမာမာပဲ မဟုတ်လား ဆရာကြီး"

ဆရာကြီးက မကျေနပ်ဟန်ဖြင့်

"အခု ကျုပ်ကိုခေါ်လိုက်တာ အကျဉ်းသားလူသစ် ကြည့်မလို့မဟုတ်လား"

ကျွန်ုပ် အတော်လေး အံ့အားသင့်သွားမိ၏။ ကိုယ့်မိသားစုအကြောင်း မေးမြန်းသည်ကို မနှစ်သက်သော ခင်ဖြစ်သူအား ယခုတစ်ကြိမ်သာ ကြုံဖူးသေး၏။

ကျွန်ုပ် ခေါင်းညိတ်ပြကာ –

"ကောင်းပြီလေ။ ဒါဆိုလည်း လူသစ်ကြည့်ကြတာပေါ့"

ကျွန်ုပ်စကားကြောင့် ထောင်မှူး က အကျဉ်းသားမှတ်ပုံတင်စာအုပ် ကြီးကိုဖွင့်၍ ဆရာကြီး ကိုယ်ခန္ဓာပေါ် ၌ ထင်ရှားသည့်အမှတ်အသား သုံးခု ကို စစ်ဆေးရေးသွင်းလိုက်သည်။ ပြီး ၍ သုံးခုအတိုင်း အမည်၊ အဘအမည်၊ နေရပ် စသည်တို့ကို မေး၍ ဆရာ ကြီးအား ဖြေစေသည်။

"ဆရာကြီးက ခုဆို ကျောင်းက ဆက်ပြည့်ပင်စင် ယူထားပြီးပြီမဟုတ် လား"

"အင်း ... ဆိုပါတော့"

"ဒါဆို အလုပ်အကိုင် နေရာမှာ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးလို့ ပြောရမှာပေါ့။ ခုတော့ ဘာလို့ အလုပ် မရှိလို့ ဖြေရတာလဲ"

ဆရာကြီးက သက်ပြင်းချကာ

"ဒါက ရှင်းပါတယ် မောင် မောင်၊ လက်ရှိမှာ ကျုပ်မှာ ဘာ အလုပ်မှ ရှိတာမှ မဟုတ်ဘဲဟာ"

ဆရာကြီး၏ လေသံက မာ သယောင်ယောင် ထင်မိ၍ ကျွန်ုပ်က မော့ကြည့်လိုက်သည်။ သူက မျက်လုံး ချင်းမဆိုင်ဘဲ အဝေးတစ်နေရာဆီသို့ ငေးကြည့်နေသည်။ ကျွန်ုပ်စိတ်ထဲ၌ ဆရာကြီး၏ အတွင်းသဘောကို နား မလည်နိုင်သေး။

"ပြီးတော့ ကျူးလွန်တဲ့ ပြစ်မှု နေရာမှာ ပုဒ်မ ၃၈၀ ခိုးမှုလို့ မှတ် တမ်းတင်ထားတာတွေ့ရတယ်။ ဆရာ ကြီးက တကယ်ကော ခိုးခဲ့လို့လား ဟင်"

"အင်း ... ကျုပ် တကယ်ခိုးခဲ့ တာပေါ့"

"ဗျာ ..."

ကျွန်ုပ် ကိုယ့်နားကိုယ် မယုံနိုင် အောင် ဖြစ်မိသည်။ ကျွန်ုပ်မေးခွန်းကို ဆရာကြီးက မဟုတ်ဟု ဖြေလိမ့်မည် အထင်နှင့် မေးခဲ့ခြင်းဖြစ်၏။ ခုတော့ ဆရာကြီးဖြေပုံက တအံ့တဩ ဖြစ် ရ၏။

"ဟုတ်လား ... ဒါ .. ဒါဆို ဘာပစ္စည်းကိုများ ..."

ကျွန်ုပ် ဆက်မေးရန်ပင် အား အင်ကုန်ခန်းသွားသလို ခံစားရမိ သည်။ ဆရာကြီးက ခဏတော့ တွေ

**ဆရာကြီးက အဝေးဆီသို့ တွေဝေငေးငိုင်လျက် ကြည့်နေပြီးမှ ရှည်လျားသော သက်ပြင်းတစ်လုံးကို မောဝန်းစွာ ရှိုက်ထုတ်လိုက်လေသည်။ "အင်း ...မောင်မောင် မို့လို့သာ ပြောရမှာနော်။ ကျူးအပြစ်က အမှန်တော့ လူကြားရင် ရှက်စရာတွယ်။ ပြီးတော့ ကိုယ်ပေါင်ကိုယ် လှန်ထောင်းသလိုလည်း ဖြစ်နေတယ်လေ"**

ဝေနေသေးသည်။ ပြီးမှ –

"အင်း ... ပစ္စည်းက တန်ဖိုး တော့ သိပ်မရှိပါဘူး။ စတိုးဆိုင်က မိန်းမဆောင်း ထီးလေးတစ်ချောင်းပါ"

ကျွန်ုပ်မှာ အံ့သြပြီးရင်း အံ့သြ နေရသည်။ ဘယ့်နှယ်ဗျာ၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ယောက် က ဘာမဟုတ်တဲ့ မိန်းမဆောင်းထီး လေးတစ်ချောင်း ခိုးရတယ်လို့။ လုပ် ရပ်က ဘယ်လိုတွေးတွေး အဓိပ္ပာယ် လုံးဝ မရှိ။ သာမန်အသိဉာဏ်ရှိသူ တစ်ယောက်ပင် မကျူးလွန်နိုင်သော ပြစ်မှုမျိုး။ ဒါဆို ဒီဆရာကြီးက ပုံမှန် စိတ်ကော ဟုတ်ပါသေးလေစ။

ကျွန်ုပ်က ဆရာကြီးအား အကဲ ခတ်ကာ –



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး ဆရာကြီး။ ဒါက သာမန်လူကောင်းတစ်ယောက်ရဲ့ လုပ်ရပ်မှ မဟုတ်ဘဲဟာ"

ဆရာကြီး၏မျက်နှာဝန်းများ ကျဉ်းမြောင်းသွားကာ –

"ဘာလဲ၊ မောင်မောင်က ကျုပ်ကို ရူးနေပြီလို့ထင်နေတာလားကွယ့်"

ကျွန်ုပ်က ပျာပျာသလဲနှင့် –

"မ ... မဟုတ်ပါဘူး ဆရာကြီး။ ကျွန်တော် အဲလိုသဘောမျိုး ပြောတာမဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက ..."

ဆရာကြီးက လက်ကာပြကာ

"ဟုတ်ပါတယ်။ အမှန်တော့ ကျုပ်ရူးနေတာပါ။ ကျုပ်ကို ဒီလို ရူးအောင်လုပ်တာ တခြားသူတွေမဟုတ်ဘူး။ ကျုပ်မိသားစုပဲ မောင်မောင်"

"ခင်ဗျာ"

ကျွန်ုပ် စကားဆက်မပြောနိုင်လောက်အောင် ဆွံ့အသွားသလိုခံစားလိုက်ရ၏။ ကျွန်ုပ်ရင်ထဲ၌လည်း အမည်ဖော်ပြရန် ခက်ခဲလှသော ဝေဒနာတစ်ခုက တနုံ့နုံ့ နာကျင်နေစေလေသည်။ ဆရာကြီးကသာ ဘာမှမဖြစ်သလို ဆက်ပြောသည်။

"ဟုတ်တယ် မောင်မောင်။ သူတို့ကြောင့်လည်း ကျုပ် ဒီဘာမဟုတ်တဲ့အလုပ်ကို လုပ်မိတာပေါ့ကွယ်"

ကျွန်ုပ်က –

"ဆရာကြီးပြောနေတာ ကျွန်တော် ဘယ်လိုမှ သဘောမပေါက်နိုင်ဘူး။ ဘယ့်နှယ်ဗျာ၊ ဆရာကြီး စတိုးဆိုင်က ထီးတစ်ချောင်းခိုးတဲ့ကိစ္စက မဆီမဆိုင် ဘာကြောင့် မိသားစုကြောင့် ဖြစ်ရမှာလဲဗျ"

ဆရာကြီးက မချိတရိ ပြုံးပြလိုက်ကာ –

"အင်း ... ကျုပ်အဖြစ်က ကျုပ်တောင် မယုံနိုင်လောက်အောင် ဆန်းကြယ်လွန်းနေတာဆိုတော့ ... မောင်မောင်တို့လို အပြင်လူတစ်ယောက်အနေနဲ့ ဘယ်လိုမှ နားလည်သဘောပေါက်နိုင်မှာမဟုတ်ဘူးကွယ့်"

"ဩော် ... ဒါဆို ဆရာကြီးရဲ့ အဖြစ်ကို ကျွန်တော် နားလည်သဘောပေါက်အောင် ရှင်းပြပေးပါလားခင်ဗျာ"

ဆရာကြီးက အဝေးဆီသို့ တွေဝေငေးငိုင်လျက် ကြည့်နေပြီးမှ ရှည်လျားသော သက်ပြင်းတစ်လုံးကို မောပန်းစွာ ရှိုက်ထုတ်လိုက်လေသည်။

"အင်း ... မောင်မောင်မို့လို့သာ ပြောရမှာနော်။ ကျုပ်အဖြစ်က အမှန်တော့ လူကြားရင် ရှက်စရာကွယ့်။ ပြီးတော့ ကိုယ်ပေါင် ကိုယ်လှန်ထောင်းသလိုလည်း ဖြစ်နေတယ်လေ"

"ဟုတ်ကဲ့"

"မောင်မောင်လည်း သိတဲ့အတိုင်းပဲ။ ကျုပ်က တစ်သက်လုံး ကျောင်းဆရာဘဝနဲ့ ရုန်းကန်ပြီး သားသမီးတွေကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် လုပ်ကျွေးခဲ့တဲ့ လူဆိုတော့လည်း မိသားစုအပေါ်မှာ အင်မတန်ကို ဩဇာညောင်းခဲ့တာပေါ့လေ။ အိမ်မှာ ဘာအငြင်းအခုံပဲ ဖြစ်နေပါစေ ကျုပ်တစ်ခွန်းပြောလိုက်ရင် အားလုံး မီးကို ရေနဲ့ဖျန်းလိုက်သလို ငြိမ်ပဲ။ ဘာကိစ္စပဲဖြစ်ဖြစ် ကျုပ်အဆုံးအဖြတ်က အတည်ပဲ။ အထွန့်တက်တာတို့၊ စောဒကာတက်တာတို့ဆိုတာ အိပ်မက်တောင် မက်ရဲကြတာ မဟုတ်ဘူး။ အင်း ... ခုတခေါ့လည်း ဒါတွေဟာ ဟိုး ... မိုးကောင်းကင်က တိမ်တိုက်တစ်ခုကိုလို လွင့်စဉ်ပျောက်ကွယ်သွားပြီပေါ့ မောင်မောင်ရာ။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ ဆရာကြီး"

"ကျုပ် သက်ပြည့်ပင်စင်ယူပြီး နှစ်နှစ်ကျော်လောက်ကြာတော့ ကျုပ်စိတ်ထဲ တစ်မျိုးခံစားလာရတယ်။ ပထမဆုံး သတိထားမိတာက ကျုပ်သားသမီးတွေပဲ။ အရင်ကဆို သူတို့အလုပ်က၊ ကျောင်းက ပြန်လာကြရင် ကျုပ်ဆီလာပြီး တစ်ယောက်တစ်ပေါက်နဲ့ သူတို့အတွေ့အကြုံတွေ ပြန်ပြောနေလိုက်ကြတာများ နားကိုငြီးရောပဲ။ အဲ့ဩစရာကောင်းတာက အဲဒီနောက်ပိုင်း သားသမီးတွေ ပြန်ရောက်ရင် ဘယ်သူမှ ကျုပ်ဆီ သတင်းလာမပို့ကြတော့ဘူး။ အားလုံး သူ့အမေရှေ့ ရောက်သွားပြီး စီကာပတ်ကုံး ပြောနေလိုက်ကြတာများ လက်ပံ ဆက်ရက်ကျသလား အောက်မေ့ရတယ်။ အဲ .. ကျုပ်ခေါ်မေးရင်တော့ ဖြေကြပါတယ်။ ဒါပေမဲ့ မေးတစ်ခွန်း ဖြေတစ်ခွန်းလောက်ပါပဲ။ ခါတိုင်းလို သိပ်စိတ်ပါလက်ပါ မရှိကြတော့ဘူး။ အင်း ... ဘယ်လိုခေါ်မလဲ။ တစ်အိမ်တည်းနေပြီး သူစိမ်းတစ်ရံဆံတွေလို ဖြစ်နေတာပေါ့။ ပြီးတော့ အိမ်မှာ ကိစ္စ တစ်ခုခုဖြစ်လို့ ကျုပ်ဆုံးဖြတ်ချက်ချ ပေးရင် ရှေ့မှာတော့ ဟုတ်ကဲ့ ခေါင်းညိတ်ပြခဲ့ပြီး ကွယ်ရာကျ လုပ်ချင်သလို လုပ်ကြတာ ... ပြော



www.burmeseclassic.com

www.burmeseclassic.com

ရင် အိမ်မှာ အရင်တုန်းကလို ကျုပ် သြဇာ မညှောင်းတော့ဘူးပေါ့။ ပထမ တော့ ဘာလို့ ဒီလိုဖြစ်ရလဲဆိုတာ စဉ်းစားမရခဲ့ဘူး။ နောက်မှ ကျုပ်ရဲ့ အဓိက အားနည်းချက်နှစ်ချက်ကြောင့် ဆိုတာ နားလည်လာခဲ့တယ်။

"ဘယ်လို အားနည်းချက်တွေလဲ ဆရာကြီး"

"ပထမအချက်က ကျုပ် နားနည်းနည်းလေးလာတဲ့ ကိစ္စပဲ။ သိပ်တော့လည်း ဆိုးဆိုးဝါးဝါး မဟုတ်ပါဘဲ။ အခု မောင်မောင်နဲ့ ပြောနေတာတွေ ကြားနေရတာပဲ မဟုတ်လား။ ခက်တာက ခုခေတ်ကာလ သားသမီးတွေရဲ့ ပြောစကားကို ကျုပ်ကောင်းကောင်း နားမလည်ချင်ဘူး။ အဲဒါကို ကျုပ်က မကြားဘူးထင်ပြီး ထပ်ထပ်ပြောနေရတာကို စိတ်မရှည်ချင်ကြဘူးလေ။ အဲလို ထပ်ပြောနေရတာကို သည်းမခံနိုင်ကြဘူး။ ပြောလိုက်ရင်လည်း ဆောင့်ကြီးအောင့်ကြီးနဲ့။ ဒါနဲ့ပဲ ကျုပ်လည်း သူတို့နဲ့ သိပ်အမေးအဖြေ မလုပ်တော့ဘဲ တုံဏှိဘာဝေ အေးအေးပဲ နေလိုက်တော့တယ်လေ"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒုတိယအချက်က ကျုပ်ရဲ့ လစဉ်ဝင်ငွေကြောင့်ပဲ။ ကျုပ်ရတဲ့ ပင်စင်လစာက တစ်လ တစ်လ ကျုပ် ဆေးဖိုးအတွက်တောင် မလောက်ချင်ဘူး။ ကျုပ်ကျောင်းအုပ်ကြီးဘဝမှာတော့ အိမ်စရိတ်ရော၊ ကလေးတွေ ကျောင်းစရိတ်ကော အလျှင်မီအောင် ထောက်ပံ့နိုင်ခဲ့တာပဲဟာ။ ပြီးတော့ ခဏခဏ ဆိုသလို ကျုပ်တပည့်တွေ လာကန်တော့ထားတဲ့ လက်ဆောင်ပစ္စည်းတွေ၊ ကိတ်မုန့်တွေဆိုတာလည်း အိမ်မှာ အမြဲလိုလို အလျှံပယ် ပြည့်စုံနေခဲ့တာ မဟုတ်လား။ အဲ .. ခု ပင်စင်သွားပြီဆိုတော့ ဝန်ထမ်းလောကရဲ့ သဘာဝအတိုင်း လစာဝင်ငွေလည်း လျော့နည်းသွားပြီး ကန်တော့ခံရတာတို့လည်း တဖြည်းဖြည်း ဆိတ်သုဉ်းကုန်လာတာကလား။ ကျုပ်က တစ်သက်လုံး ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခဲ့တာဆိုတော့ ပင်စင်ယူတဲ့အခါ ကျုပ်မှာ ပိုင်ဆိုင်တာဆိုလို့ ဘာမှ မည်မည်ရရ မရှိဘူးကွယ့်။ ဆိုလိုတာက သားသမီးတွေ ကျုပ်ဆီက ဘာအမွေပစ္စည်းမှ ရနိုင်စရာမရှိတော့ဘူးလေ။ အဲဒီတော့ ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့ အဘိုးကြီးနား ဘယ်ကပ်ချင်ကြပါတော့မလဲနော်။ အဲဒါကြောင့်လည်း ကျုပ်ပြောတာဆိုရင် အရင်လို အလေးအနက် မထားချင်ကြတော့ဘူးပေါ့ မောင်မောင်ရယ်"

ဆရာကြီး၏ အသံမှာ ပြောနေရင်း ကွဲအက်အက် ဆို့နင့်နင့် ဖြစ်လာသည်။ ကြားရသည်များမှာ ကျွန်ုပ်ရင်ကိုပါ ထိရှလာလေသည်။

"ဒါနဲ့ အန်တီဥမ္မာကတော့ ဆရာကြီးနဲ့ တစ်သဘောတည်းပဲ မဟုတ်လား"

ကျွန်ုပ်က ဆရာကြီးကတော်အား မေးလိုက်ခြင်းဖြစ်၏။ ဆရာကြီးက နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးလျက် –

"ဟဲဟဲ ... သူက ကျုပ်ဘက် ပါတော့မလိုလိုနဲ့ ပိုတောင်ဆိုးနေသေးဗျ။ ကျုပ်ပြောသမျှ တစ်ခွန်းမခံဘဲ သားသမီးဘက်က အမြဲကာကွယ်ပေးနေတာလေ။ သူ့ကို ကျုပ်နဲ့ သားသမီး တစ်ယောက် ပြိုင်တူစကားပြောမိရင် သူက သားသမီးစကားကိုပဲ ဦးစားပေးပြီး နားထောင်တတ်တာကလား။ ဒီလိုနဲ့ ကျုပ်တောင် သူနဲ့ စကားမပြောဖြစ်တာ ကြာခဲ့ပါပကော"

"ဟာဗျာ ... အန်တီဥမ္မာတို့က

**ပစ္စည်းက တန်ဖိုးသိပ်မရှိရင် ထောင်နည်းနည်းပဲ ကျမှာလေ။ ဆွေမျိုးတွေအိမ်မှာ သွားနေပြန်ရင်လည်း သူတို့လက်ထဲပဲ ပြန်ရောက်သွားမှာ မဟုတ်လား။ ထောင်ဆိုတော့ ကျုပ်အတွက် အလုံခြုံဆုံး နေရာပဲကွယ့်။**



www.burmeseclassic.com

www.burmeseclassic.com

လည်း လုပ်ရက်လိုက်တာ''

"အို ... မောင်ရင်၊ မင်းအန်တီကိုတော့ အဲလိုမျိုး အထင်မလွဲပါနဲ့ကွယ်။ တကယ်တော့ သူ့မှာ အပြစ်မရှိပါဘူး။ သူလည်း အသက်အရွယ်ရလာပြီဆိုတော့ သူ့ဘဝ နေဝင်ချိန်အထိ အားကိုးရမယ့် သားသမီးဘက်လိုက်ရမှာပေါ့ကွယ်။ ဒါ သဘာဝလည်း ကျပါတယ်။ ကျုပ်တို့ကတော့ ရှေ့လျှောက် ဘာမှသုံးလို့ရတော့မှာမှ မဟုတ်တာ''

"အို ... ဆရာကြီးရယ်''

"အဲဒီနောက်ပိုင်း ကျုပ်အိမ်မှာနေရတာ အလွန်အထီးကျန်လာပြီး နေ့စဉ်နဲ့အမျှ ငရဲကျသလို ခံစားလာရတယ်။ ကြာလေလေ နေချင်စိတ်မရှိတော့လေလေပဲ။ ဒါကြောင့် အိမ်ကအသာထွက်လာပြီး စတိုးဆိုင်ထဲကထီးတစ်ချောင်းကို လုံခြုံရေးအစောင့်မြင်အောင် ခိုးခဲ့တယ်။ ပစ္စည်းကတန်ဖိုးသိပ်မရှိရင် ထောင်နည်းနည်းပဲကျမှာလေ။ ဆွေမျိုးတွေအိမ်မှာ သွားနေပြန်ရင်လည်း သူတို့လက်ထဲပဲ ပြန်ရောက်သွားမှာ မဟုတ်လား။ ထောင်ဆိုတော့ ကျုပ်အတွက် အလုံခြုံဆုံးနေရာပဲကွယ့်။ ကဲ ... ဒီလောက်ဆိုကျုပ်ပစ္စည်းခိုးရတဲ့အကြောင်းရင်း မောင်မောင် နားလည်ရောပေါ့''

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး''

"အဲ ... ကျုပ်အနေနဲ့ မောင်မောင့်ကို တစ်ခုတော့ တောင်းဆိုပါရစေ။ တခြားတော့ မဟုတ်ဘူး။ ကျုပ်ဒီထဲရောက်နေတာကို ကျုပ်မိသားစုဆီ အသိမပေးဖို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဒီတစ်သက် သူတို့နဲ့ ပြန်မနေနိုင်တော့လို့ပါပဲ''

"ဟုတ် ... ဟုတ်ကဲ့၊ ကောင်းပါပြီ''

မည်သို့ဆိုစေ ကျွန်ုပ်မှာ ထိုမိသားစုနှင့် ရင်းနှီးကျွမ်းဝင်နေသူဖြစ်နေလေရာ လူမှုရေးအရ တာဝန်ရှိသည့်အလျောက် အန်တီဥမ္မာထံ သွားရောက်၍ အကျိုးအကြောင်းရှင်းပြရပါတော့သည်။

တစ်အိမ်သားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြပြီးမှ အန်တီဥမ္မာက –

"အားလုံး အန်တီ့အပြစ်တွေပါပဲကွယ်။ မင်းအန်ကယ် အိမ်ကထွက်သွားကတည်းက ဆွေမျိုးတွေဆီလိုက်စုံစမ်းနေတာကြာပြီကွယ့်။ ဘယ်မှာမှ စုံစမ်းလို့မရလို့ တစ်ခုခုများဖြစ်နေသလားလို့ စိတ်ပူနေကြတာလေ။ တော်သေးတာပေါ့။ မောင်မောင်က အဲဒီမှာ ထောင်ပိုင်ကြီးဖြစ်နေပေလို့။ ဒါနဲ့ အန်တီတို့ ထောင်ဝင်စာတော့ လာတွေ့လို့ ရတယ်မဟုတ်လား''

"ရတော့ရပါတယ်။ ဒါပေမဲ့ .. ဆရာကြီးက ထွက်အတွေ့ခံမယ် မထင်ဘူး အန်တီ''

အန်တီဥမ္မာ မျက်နှာ မသာမယာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ဒါဆို မင်းအန်ကယ်က ဘယ်နေ့လောက် လွတ်နိုင်မလဲကွယ့်။ အဲဒီနေ့ အန်တီတို့ လာကြိုရမှာပေါ့''

အန်တီဥမ္မာ၏ လေသံက တိုးညင်းလှသလို အမူအရာကလည်း အားအင်ယုတ်လျော့နေလေသည်။ သားသမီးသုံးယောက်၏ မျက်နှာများတွင်မူ နောင်တရသော အရိပ်လက္ခဏာများ တွေ့ရ၏။

"အဲဒါတော့ ကျွန်တော်ထောင်ကျဝရမ်း ပြန်ကြည့်လိုက်ပြီး လွတ်မယ့်နေ့ကို ဖုန်းကြိုဆက်လိုက်ပါ့မယ်''

"အေးကွယ်၊ ကျေးဇူးကြီးပါဘိ''

အန်တီဥမ္မာထံက ပြန်လာပြီးနောက် ကျွန်ုပ်ဆရာကြီး၏ ထောင်ကျဝရမ်းကို စစ်ဆေးကြည့်သည်။ ဆရာကြီးအား အချင်းဖြစ် ဇူလိုင်လ ၁ ရက်နေ့မှာပင် တရားရုံးသို့ တင်ပို့၍ ပြစ်ဒဏ်ချမှတ်ခဲ့ကာ နောက်တစ်နေ့တွင် အကျဉ်းထောင်သို့ ရောက်လာခြင်းဖြစ်၏။

ဆရာကြီးမှာ ထောင်ဒဏ်သုံးလချမှတ်ခံရသဖြင့် သူ၏ သာမန်လွတ်ရက်မှာ စက်တင်ဘာလ ၃၀ ရက်နေ့ဖြစ်သည်။ အကျဉ်းထောင်လက်စွဲဥပဒေအရ ထောင်ဒဏ် ခြောက်လအောက်ဖြစ်နေ၍သာ လျှော့ရက်များ မရနိုင်ပေ။ သို့သော် ထောင်ပိုင်အနေနှင့် အထူးလျှော့ရက်ကို ပြစ်ဒဏ်၏ သုံးပုံတစ်ပုံထိ ပေးပိုင်ခွင့် ရှိလေသည်။

ထို့ကြောင့် အထူးလျှော့ရက် သုံးပုံတစ်ပုံ အတိအကျ တစ်လပေးလိုက်မည်ဆိုပါက ဆရာကြီးမှာ လာမည့် ဩဂုတ်လ ၃၁ ရက်နေ့တွင် လွတ်နိုင်ပေသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ဆရာ့ဆရာ ထောင်ပိုင်ကြီးများက ယင်းသို့ လုပ်ပိုင်ခွင့်ကို အပြည့်မသုံးကြရန် မှာကြားချက်များ ရှိခဲ့သဖြင့် ကျွန်ုပ်က လျှော့လျှော့ပေါ့ပေါ့ ၂၅ ရက်သာ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဆရာကြီး၏ လွတ်ရက်မှာ စက်တင်ဘာလ ၅ ရက် ဖြစ်သွားလေသည်။ သို့ရာတွင် ယင်းစက်တင်ဘာလ ၅ ရက်နေ့မှာ တိုက်တိုက်ဆိုင်ဆိုင် တနင်္ဂနွေနေ့ ဖြစ်နေလေရာ ထောင်လက်စွဲဥပဒေအရ ရုံးပိတ်ရက်များတွင် မလွှတ်ရသဖြင့် ဆရာကြီး၏ နောက်ဆုံးလွှတ်ရက်မှာ စက်တင်ဘာလ ၃ ရက်၊ သောကြာနေ့ ဖြစ်သွားသည်။

"အန်တီ ... ဆရာကြီး လာမယ့် စက်တင်ဘာလ ၃ ရက်နေ့ လွှတ်လိမ့်မယ်"

အန်တီဥမ္မာထံ ကြိုတင်ဖုန်းဆက်ကာ အသိပေးထားလိုက်၏။ ဆရာကြီးကိုကား လွှတ်ရက် သုံးရက်ခန့်အလိုကျမှ အသိပေးလိုက်၏။

"ဟုတ်လား၊ ဒါဆို စက်တင်ဘာလ ၂ ရက်နေ့ လွှတ်ပေးလို့ မရဘူးလားကွယ့်"

ဆရာကြီးက မေးသည်။

"ရတော့ ရပါတယ်။ ဒါနဲ့ အဲဒီနေ့က ဘာဖြစ်လို့လဲ ဆရာကြီး"

"အာ ... ဒီနှစ် စက်တင်ဘာလ ၂ ရက်နေ့ ကျုပ်ရဲ့ ၆၈ နှစ်မြောက် မွေးနေ့လေကွယ်။ ဒီလို မွေးနေ့မှာ လွှတ်ပေးတာက မောင်မောင်တို့အတွက် ပိုပြီး ကုသိုလ်မရဘူးလားကွယ့်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ ဆရာကြီး။ အဲဒီ ဆရာကြီးမွေးနေ့မှာ လွှတ်ပေးပါ့မယ်"

"သာဓုကွယ် ... သာဓု။ အဲ ... တစ်ခုတောင်းဆိုချင်တာက ကျုပ်လွှတ်မယ့်နေ့ကို ကျုပ်မိသားစု မသိပါစေနဲ့နော်"

ကျွန်ုပ် ခဏမျှ တွေဝေနေမိသည်။ ဆရာကြီးက –

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ် မောင်မောင့်ကို ပြောထားပြီးသားပဲလေ။ ကျုပ် ဒီတစ်သက် သူတို့ဆီ ပြန်မသွားတော့ဘူးဆိုတာ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒါဆို ကျုပ်ကို တစ်ခုလောက် ကူညီပေးပါလား မောင်မောင်"

"ဘာများလဲ ဆရာကြီး"

"ဦးသီလဆိုတဲ့ လူဆီ ကျုပ်လွှတ်မယ့်ရက်ကို အကြောင်းကြားပေးပါလား။ ရော့ ... ဟောဒီမှာ ဖုန်းနံပါတ်"

ဆရာကြီးပေးသော ဖုန်းနံပါတ်မှာ ပဲခူးမြို့တစ်နေရာ ဖြစ်နေသည်။ ကျွန်ုပ် ထိုနံပါတ်ကို ဆက်ကြည့်တော့ ဦးသီလကိုယ်တိုင် ဖုန်းကိုင်ပါလေသည်။ ကျွန်ုပ်က အကျိုးအကြောင်းရှင်းပြကာ ဆရာကြီးလွှတ်မည့်နေ့ကို အသိပေးလိုက်သည်။ သူက "ဟုတ်ကဲ့၊ သိပါပြီ" ပြောကာ ဖုန်းချသွားသည်။

❖ ❖ ❖

စက်တင်ဘာ ၂ ရက်နေ့ ထောင်မှလွှတ်မည့် အကျဉ်းသားများအနက် ဆရာကြီးအား ဦးစွာလွှတ်ပေးလိုက်သည်။ ဆရာကြီး ထောင်ဘူးဝ တံခါးငယ်မှ ငုံ့၍ထွက်လိုက်သည်။ ထိုအခါ ထောင်ဘူးဝရှေ့တွင် အသင့်စောင့်နေကြသော ဦးပဥ္စင်းတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးအား တွေ့လိုက်ရသည်။

ဆရာကြီးက –

"အဲဒါ ပဲခူး ဆယ်မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာက ဦးသီလနဲ့ စာချတရားပြဆရာတော်လေ။ ကျုပ်ကို လာကြိုကြတာပေါ့ကွယ်။ ကျုပ်အနေအထားက ကျန်တဲ့ဘဝနေဝင်ချိန်ကို သာသနာ့ဘောင်ထဲကနေ တရားဓမ္မကျင့်ရင်း စောင့်ဆိုင်းနေတာက အသင့်တော်ဆုံးပဲမဟုတ်လားကွယ်။ ကဲ .. မောင်မောင် သွားပြီနော်"

ဆရာကြီးက ကျွန်ုပ်ကို နှုတ်ဆက်ကာ လာကြိုသော ဦးပဥ္စင်း ဦးသီလတို့နှင့်အတူ ထောင်ဘူးဝအလွန်တွင် အသင့်ရပ်စောင့်နေသော ကားဖြူလေးတစ်စီးပေါ် တက်ကာ အကျဉ်းထောင် အဓိပတိလမ်းမကြီးအတိုင်း တရွေ့ရွေ့ ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်က ဆရာကြီးတို့အား မျက်စိတစ်ဆုံး ငေးမျှော်ကြည့်ရင်း ကျွန်ုပ်၏ ဦးနှောက်ထဲသို့ အတွေးတစ်ခု စီးဝင်လာလေသည်။

ကျွန်ုပ်တို့ မြန်မာအိမ်ထောင်စုများအတွင်း ဆရာကြီးကဲ့သို့ မိသားစုများ၏ ဘေးဖယ် လျစ်လျူရှုခြင်းခံရကာ စည်းအပြင်သို့ ရောက်ရှိနေသော အိမ်ထောင်ဦးစီးများ မည်မျှရှိနေပါလေဦးမည်နည်း ဟူ၍သာ ...။

ပီတာမြင့်ဦး



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ

အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။ အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

မောင်မောင်မြင့်အေး




ယခင်လမှအဆက်

စံကင်းမောင်၏ ပြောစကားကြောင့် အံ့အားသင့်သည်မဟုတ်ကြ၊ စံကင်းမောင်ပြောလိုက်သည့် လေသံကြောင့် ဖြစ်ပေသည်။ စံကင်းမောင်ကို တွေ့စက စကားပြောလျှင် မာမာဆတ်ဆတ် ကျယ်လောင်စွာ ပြောသည်ကိုသာ ကြားသွားကြသည်။ ယခု စံကင်းမောင်သည် နွမ်းချိချိ လူမမာတစ်ယောက် အသံမျိုးဖြင့် လိုက်ပြောသောကြောင့် ဖြစ်ပေသည်။

"ဗိုလ်မှူးကို နှောင့်ယှက်လိုတဲ့ ဆန္ဒနဲ့လာတာ မဟုတ်ပါဘူးခင်ဗျာ လူသတ်သမားဟာ ဒီကျွန်းပေါ် တနေရာရာမှာ ပုန်းနေနိုင်တယ်လို့ ယုံကြည်လို့ ကျွန်တော်တို့သုံးယောက် တိုင်ပင်ပြီး ကျွန်းပေါ်မှာ လှည့်ပတ်ရှာနေကြတာပါ။ တောင်းပန်ပါတယ် ခင်ဗျာ"

ဖိုးသာအေးကကျန်နှစ်ယောက် ကိုယ်စား တောင်းပန်စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ ဘာမှနားမလည်ပါဘူးဗျာ၊ နားမလည်ပါဘူး၊ သွားကြစမ်းဗျာ"

စံကင်းမောင်က စိတ်ပျက်သည့်အမူအရာနှင့် ပြောလိုက်သည်။ မပြောချင် ပြောချင်နှင့် ပြောရသဖြင့် စကားသံမမှန်ဘဲ အသံမှာ ကြောင်တောင်တောင်ဖြစ်နေသည်။

ဒေါက်တာလူဇော်မင်းက ဖိုးသာအေးနှင့် ကုသတို့ကို မျက်ရိပ်ပြကာ ထိုနေရာမှ ထွက်ခွာသွားလျှင် ကုသတို့က နောက်မှလိုက်သွားကြသည်။

လူတစ်ယောက် နှစ်ယောက် ပုန်းအောင်းနေနိုင်မည့် နေရာကို တွေ့တိုင်း သူတို့သုံးယောက်သည် ဂရုတစိုက်ကြည့်ကြသည်။

ကျောက်တုံးကြီးကြီး တွေ့လျှင် ကျောက်တုံးကို လက်ဝဲလကျာ် လူခွဲ၍ ပတ်ကြသည်။

ပုန်းအောင်းနေသူ ရှိပါက ပတ်ချာလှည့်၍ ပုန်းကွယ်မနေနိုင်ရန်အလို့ငှာ လူခွဲ၍ ဝိုင်းကြခြင်း ဖြစ်သည်။

"ဒီနေရာက လှေမြင်ရဘို့ဖယ်ထား သစ်တုံး သစ်စကလေးတွေ များပါတာတောင်မှ မတွေ့ရပါလား"

ကုသက ပြောသည်။

"ဘာဘဲဖြစ်ဖြစ် ဒီညတော့ မိုးများများရွာပြီး မီးဖိုမယ်၊ ဒါမှလဲ ဒီသူ့ကျွန်းဘက်က လူတွေမြင်ပြီး တစ်ခုခုတော့ ဖြစ်ပြီဆိုတာ ရိပ်မိပြီး လာကြည့်မှာဘဲ"

ဖိုးသာအေးက သူ့စိတ်ကူးကို ဖွင့်ဟပြသည်။

"မြင်တဲ့လူတွေက လာမယ် ထင်သလား"

"ဒီကျွန်းပေါ်မှာ မီးတောက်မီးလျှံမြင်ဘူးကြမယ် မထင်ပါဘူး။ တခုခုတော့ မီးလောင်တာဘဲလို့ထင်ပြီး လာကြည့်နိုင်တယ်"

"မထင်ပါနဲ့ဗျာ၊ ကျွန်တော်တို့ကို ဒီကျွန်းပေါ်ရောက်အောင် သွေးဆောင်ခေါ်လာတဲ့ လူသတ်သမားက ဒါတွေပါ ထည့်စဉ်းစားပြီးရော့မယ်၊ ဒီကျွန်းပေါ်က ဘယ်သူဘဲခေါ်ခေါ် မလာနဲ့ မှာချင်မှာထားမယ်၊ စိတ္တဇဆေးရုံက လူနာတချို့ကို ဒီမှာပို့ထားတယ်၊ ခင်ဗျားတို့ မသွားကြနဲ့လို့ ပြောချင်ရင် ပြောထားကြမယ်"

ဖိုးသာအေးက ကုသအား မေးသည်။

"ဒီကျွန်းပေါ်မှာတော့ တခြားပုန်းစရာ နေရာမမြင်တော့ဘူးလား"

လူဇော်မင်းက ပြောသည်။

"ကျွန်တော်တို့က ဒီဘက်လာနေစဉ်မှာ သူက ကမ်းစအတိုင်း တဘက်ကို လျှောက်သွားပြီး ပုန်းနိုင်တာဘဲဗျာ"

ကုသက ပြောသည်။

"ဟုတ်တယ်· ··လှေတစ်စီးလောက် ရှိရင်တော့ သိပ်ကောင်းမှာဘဲ၊ ကျွန်းကို လှေနဲ့ပတ်ပြီးကြည့်ရတာက ပိုပြီးသေချာမယ်"

ဖိုးသာအေးက ပြောသည်။

"လှေတစ်စီးလောက် ရှိနေရင်တော့ ဘာကြောင့်မို့ ကျွန်းပတ်ကြည့်ရမှာလဲ ကိုလူ့ရဲ့ အဲဒီလှေနဲ့ ပြန်တော့မှာပေါ့ဗျာ"

ကုသက ဖိုးသာအေး ပခုံးကို ပုတ်၍ ပြောလိုက်သည်တွင် ဖိုးသာအေး၏ စိတ်ကူးကို သဘောသည့်အနေနှင့် လူဇော်မင်းက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

* * *

၂၂

အိမ်ရှေ့အပေါ်ထပ် ဝရန်တာတွင် ဒေါ်နှင်းဦးနှင့် စကားပြောပြီးနောက် မကြည်ပွင့်သည် ဒေါ်နှင်းဦးနှင့် မဆုံမိအောင် ရှောင်တော့သည်။

အပေါ်ထပ်အခန်းထဲတွင် တစ်ယောက်တည်း နေရသည်မှာလည်း မနေလိုတော့သဖြင့် အောက်ထပ်သို့ ဆင်းခဲ့သည်။

နေအောင်ထွန်းသည် ဝရန်တာတွင် ကုလားထိုင်တစ်လုံးဖြင့်ထိုင်လျက် ငိုင်နေသည်ကို မြင်ရသည်။ မကြည်ပွင့်သည် နေအောင်ထွန်းကို အတန်ကြာ ရပ်ကြည့်နေပြီးမှ အိမ်ရှေ့ပေါက်မှ ထွက်ကာ ကမ်းစပ်ရှိ ခမ်



www.burmeseclassic.com

www.burmeseclassic.com

တော်ဘုတ်ရပ်သော တံတားကလေးဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

ဆိပ်ကမ်းတံတားကလေးပေါ်တွင် အတန်ကြာရပ်ကာ ပတ်ဝန်းကျင်ကို ကြည့်ရှုနေပြီး ကျောက်တုံးများရှိရာဘက်သို့ ကမ်းစပ်သဲသောင်ပြင်ကလေးအတိုင်း လျှောက်သွားသည်။

ကျောက်တုံးအကွယ်တစ်ခုမှ လွှန်သော် ကျောက်တုံးတစ်တုံးကို မှီ၍ ထိုင်နေသော စံကင်းမောင်ကို မြင်သည်။

စံကင်းမောင်သည် စီးကရက်ဖွာလျက် ရှိရင်းမှ မကြည်ပွင့်ကိုမြင်၍ အံ့အားသင့်ဟန်ဖြင့် ကြည့်သည်။

"အော် ခြေသံကြားလို့ ဘယ်သူများလဲလို့ နားစွင့်နေတာ လက်စသတ်တော့ မင်းကိုး···"

စံကင်းမောင်က သူ့အနီးသို့ရောက်လာသော မကြည်ပွင့်ကို နှုတ်ဆက်သည်။ သူ၏အသံသည် မူလအသံကို ပြန်လည်မရရှိသေးဘဲ အာခေါင်တွင် ခြုံကပ်သလို ကွဲတဲတဲ အသံဖြစ်သည်။

"အော်···ဗိုလ်မှူးက ဒီရောက်နေတာကိုး"

"အေး···ဒီနေရာက နားမညီဘူး၊ စောင့်ရတာ ကောင်းတယ်"

ဘာစောင့်တာလဲ ဗိုလ်မှူး"

"ဘာစောင့်စရာ ရှိသလဲ မကြည့်ပွင့်ရယ်၊ သေမင်းဘဲပေါ့၊ တို့တွေအားလုံး သေမင်းဘဲ စောင့်နေကြရတာဘဲ မဟုတ်လား···"

"အို··ဗိုလ်မှူးကလဲ စိတ်ဓါတ်ကျလွန်းသို့ လမ်းလျှောက်ထွက်ခဲ့ပါတယ်၊ ဗိုလ်မှူးနဲ့တွေ့မှ ပိုဆိုးနေပြန်ပြီ။

"မဆိုးပါဘူးကွာ၊ အမှန်ကိုပြောနေတာပါ။ တို့တွေ ဟောဒီကျွန်းပေါ်က အသက်နဲ့ကိုယ်နဲ့ ဘယ်သူမှ မပြန်ရဘူး စိတ်သာချ၊ အားလုံးသေရမှာဘဲ၊ တို့အလောင်းတွေသာ မြေမြှုပ်ခံရမလား၊ လောက်တက်ပြီး ပုတ်ပွနေလို့ လူတွေက မသင်္ဂြိုဟ်နိုင်တာနဲ့ မီးဘဲရှို့မလားတော့ မသိဘူး။ ဘာဘဲဖြစ်ဖြစ် စိတ်ရှင်းသွားတာပေါ့ကွာ"

"စိတ်က ဘယ်လိုရှင်းရမှာလဲ ဗိုလ်မှူး···"

မကြည်ပွင့် ရှေ့သို့ အနည်းငယ်တိုးလာရင်း မေးသည်။

"စိတ်ရှင်းတယ် ဆိုတာက တော့ကွာ စိတ်မလုံဘဲ တစ်သက်လုံး မျိုထားရတယ်၊ လျှို့ဝှက်ချက် မရှိတော့ဘူးကွာ၊ နို့မဟုတ်ရင်တော့ ခေါင်းပေါ်မှာ ကျောက်ခဲကြီး ရွက်ထားရသလိုဘဲ၊ ဝန်ထုတ် ကျသွားတော့တာပေါ့ကွာ"

"ဟင်···"

မင်းကမှ ငါ့အကြောင်းမသိဘဲကိုး အံ့ဩမှာဘဲ။ ငါလောက် ငါ့မိန်းမကိုချစ်တဲ့လူ ဒီလောကမှာမရှိဘူး၊ ကိုယ့်မယားမို့ ချောတယ် လှတယ်လို့ပြောတာမဟုတ်ဘူးနော်၊ ငါ့မိန်းမကတကယ့်ကိုဘဲ ရက်ရက်စက်စက်လှတယ်၊ သူ့ကိုငါချစ်လွန်းလို့လဲ ကျူးလွန်မိတဲ့ကိစ္စ ကျူးလွန်မိတာဘဲ"

"ဟင်···ဗိုလ်မှူးက တကယ်လား"

"အေးပါကွာ တကယ်ဘဲ ဒီအသက် ဒီအရွယ်ရောက်နေမှတော့ လိမ်စရာမလိုပါဘူးကွာ ဗိုလ်စိန်အောင်ကြီးကို သေမင်းနဲ့ ရင်ဆိုင်ရမယ်ဆိုတာ သိရက်နဲ့ ပို့လိုက်တယ်၊ သေချာပေါက် သေမယ်ဆိုတာသိလို့လဲ ပို့တာဘဲ။ ဒီကောင်ကို ငါ့ညီကလေးလိုပေါင်းလာခဲ့တယ်၊ မိန်းမက ဘယ်လိုဘဲ ဖေါက်လွဲ ဖေါက်ပြန်လုပ်အုံးတော့ သူက ငါ့မျက်နှာကိုထောက်သင့်တယ်မဟုတ်လား။ ဒါကြောင့် သူ့ကို ငါ့လက်နဲ့ သတ်သလိုဘဲ သတ်လိုက်တာဘဲ"

စံကင်းမောင်သည် ဒေါသသံနှင့် ပြောပြဝန်ခံနေသည်။

"အခု ဗိုလ်မှူးဇနီးကကော"

"စိန်အောင်ကြီး မရှိပြီးတဲ့နောက် ငါရန်ကုန်ပြန်သွားတော့ သူ့ကိုမတွေ့ဘူး၊ ဘယ်မှလဲ ရှာလို့မရှိဘူး။ ငါးနှစ်လောက်ကြာမှဘဲ သူသေပြီဆိုတဲ့သတင်း ရတယ်၊ စိန်အောင်ကြီးကို ငါလုပ်လိုက်တာ သိသွားတယ်နဲ့တူပါတယ်ကွာ"

"ဟုတ်ကဲ့"

"မနေ့ညက ကြားရတဲ့ ခွတ်စွဲချက်တွေထဲမှာ ငါ့ကိုစွတ်စွဲတာ မှန်

www.burmeseclassic.com

တယ်၊ ဒါကြောင့် ကျန်တဲ့လူတွေရဲ့ စွတ်စွဲချက်တွေဟာလဲ မှန်တယ်လို့ ငါယုံကြည်တယ်ကွာ၊ ဒီတော့ မင်း အပေါ်မှာ စွတ်စွဲတာလဲ ပျောက်ရမယ်၊ သေတဲ့အခါတော့ဝန်ထုတ်ကြီးကျသွားတာပေါ့ကွာ"

မကြည်ပွင့်မှာ ဝန်ခံရတော့ မလိုလို ငြင်းရတော့မလိုလို ဆုံးဖြတ်မရအောင် ဖြစ်သွားသည်။

စံကင်းမောင်သည် သူပြောချင်တာတွေ ပြောပြီးပြီဖြစ်၍ စိတ်အေးဟန် အမူအရာဖြင့် စီးကရက်ကို ပစ်ချပြီး မျက်စိတဆုံးကိုကြည့်ကာ ငေးနေပြန်သည်။

သူ့အနီးတွင်ရပ်နေသော မကြည်ပွင့်ရှိနေသည်ကိုပင် သတိရဟန်မတူတော့ပေ။

* * *

၂၃

ဘရင်ဂျီကျွန်း၏ အနောက်ဘက်ပိုင်းသည် ကုန်းမြေဖြစ်နေသောကြောင့် ရေစသည့် ကုန်း၏အောက်ပေါင်းဆယ်ခန့်တွင်ရှိသည်။ ထိုနေရာသို့ သွားရောက်ကြည့်ရန်မှာ ကျွန်းအောမှပတ်၍သွားလျှင် ရေကိုဖြတ်ကူးရမည်ဖြစ်၏။ ထိုနေရာသို့ဆင်း၍ ကြည့်နိုင်ရန်မှာ ကျောက်ကမ်းပါးမှ အောက်သို့ဆင်း၍ ကြည့်ရန်သာရှိတော့သည်။

ဆင်း၍ကြည့်နိုင်ရန်မှာ ကြိုးဖြင့်သာလျှင် ဆင်းနိုင်ပေသည်။

ထို့ကြောင့် အိမ်ကြီး၏နောက်ဘက်မီးဖိုဘေးတွင် အုန်းဆံကြိုးခွေကြီးတစ်ခွေ သူမြင်ခဲ့သည်ဆို၍ ဗိုလ်ကုသပြန်သွားသည်။ ထိုကြိုးမှာ မော်တော်ဘုတ်အတွက် လိုလိုမယ်မယ်ထားသော ကြိုးဖြစ်ဟန်တူသည်။

ဒေါက်တာလူဇော်မင်းနှင့် ဖိုးသာအေးတို့က ကမ်းပါးတွင်စောင့်နေခဲ့ပြီး ကုသက ကြိုးပြန်ယူသည်။ မကြာမီ ကုသသည် ကြိုးခွေကြီးတစ်ခွေကို ပခုံးတွင်လွယ်၍ ပြန်ရောက်လာသည်။ အနီးတွင် သစ်ပင်မရှိ၍ ကျောက်တုံးကြီးတစ်တုံးကို ကြိုးပတ်ချီ၍ကျောက်ကမ်းပါးမှ တွဲလောင်းချပြီး ဗိုလ်ကုသဆင်းသွားသည်။

"ဒီလူလဲတမျိုးဘဲ၊ သူက ဘာကြောင့် သေနတ်တွေဘာတွေ ပါရတာလဲ"

လူဇော်မင်းက ကုသအောက်သို့ ဆင်းသွားသောအခါ ဖိုးသာအေးကိုမေးသည်။

"အကြပ်အတည်းတခုခုရောက်ရင် သေနတ်ပါတာကတော့ အလွယ်ဆုံး ဖြေရှင်းနိုင်တာဘဲဆရာရဲ့ ပြီးတော့လဲ အခုလိုခရီးထွက်လာတယ်ဆိုတော့လဲ လိုလိုမယ်မယ်ဆိုပြီး ယူလာတာဖြစ်မှာပေါ့ဆရာရယ်"

ဖိုးသာအေးပြောသည်။

"ဒီလူကြည့်ရတာလဲ လူတမျိုးဘဲကွ၊ ရက်စက်စရာရှိရင်တော့ မညှာမတာ ရက်စက်မှာလဲထင်တယ်"

"အော်...ဆရာကလဲ ရက်စက်ပါပြီဆိုမှဘဲ ညှာညှာတာတာရက်စက်တာရယ်လို့ ရှိပါ့မလား"

ဖိုးသာအေးက ရယ်ရယ်မောမောနှင့် ပြန်ပြောသည်။

"စံကင်းမောင်ကလဲ အကဲခပ်ရတာ တမျိုးဘဲ"

"ဆရာ ဘယ်လိုမြင်သလဲ"

"ကျုပ်ကတော့ စိတ္တဇကုတဲ့လူတော့မဟုတ်ဘူးဗျာ၊ ဒါကြောင့် အတွေ့အကြုံတော့ နည်းတယ်၊ ဒါပေမဲ့ အဲဒီလူဟာ ရက်စက်ပြီဆိုမှဖြင့် ဘာမှ ပြန်စဉ်းစားမဲ့ လူမျိုးတော့ မဟုတ်ဘူးကွ..."

"ဒါက လူသတ်မှုကိစ္စတွေနဲ့ ပတ်သက်ပြီး ဆရာက သူ့ကို မသင်္ကာဘူးလား"

"သူ့ရယ်လို့တော့ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင်တော့ ငါကလွဲရင် ဘယ်သူ့ကိုမှ မသင်္ကာဘူး၊ သေတာတွေမှာဘဲ အင်း ဒီလူဟာ လူသတ်ကောင် မဟုတ်ပါလေဘူးလို့ ယုံတော့မယ်"

လူဇော်မင်းက ဖိုးသာအေးအား ဒေါ်နှင့်မောနှင့် ပြန်ပြောသည်။

"ဆရာကလဲဗျာ အလကား ဒေါသကြီးနေတယ်"

ဖိုးသာအေးက နောက်သို့ တလှမ်းဆုတ်ကာ ပြောလိုက်သည်။

ကြိုးကိုဆွဲ၍ ပြန်တက်လာသော ကုသသည် ကုန်းပေါ်သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လျှင် ချက်ခြင်းမထသေးဘဲ မှောက်လျား ထိုးလျက်ပင် အမောဖြေနေသည်။ ရပ်နေသော လူဇော်မင်းနှင့် ဖိုးသာအေးတို့ကို ပါးတဘက်မြေပေါ်တွင်ကပ်ရင်း ကြည့်ကာ သွားများဖြဲပြသည်။

"အမယ်လေး ငယ်ငယ်ကလိုဘဲထင်ပြီး ဆင်းသွားလိုက်တာ ဆင်းတော့လွယ်ပြီး ပြန်တက်တာမှာ သေချင်စော်နံသွားတယ် စိတ်ကရှိတယ် လူကမလိုက်တော့ဘူး"

ကုသက မောသံကြီးနှင့် ပြောသည်။

"ဒီပေါ်တက်ရင်း လက်ပြုတ်ကျလို့ အောက်ကျသေသွားရင်တော့ တို့နှစ်ယောက် လက်ချက်ဘဲလို့ လူတွေ ထင်ကြအုံးမယ်"

လူဇော်မင်းက ပြောသည်။

"အခု အခြေအနေကတော့ သုံးယောက်ရှိရင် စိတ်ချရပါတယ် နှစ်ယောက်ချင်းတွေ့ရင်သာ တစ်ယောက်က လူသတ်သမား ဖြစ်နိုင်တယ်ဗျ။ ကျွန်တော်တို့သုံးယောက်ထဲက တစ်ယောက်ယောက်က လူသတ်သမား ဖြစ်ခဲ့ရင် နှစ်ယောက်ကို တပြိုင်ထဲသတ်မှဘဲရမယ်၊ ဒါကြောင့် စိတ်ချပါသေမယ်...ဟဲ...ဟဲ...ဟဲ..."

ကုသကပြောရင်း လှဲနေရာမှ ထပြီး သူ့ကိုယ်မှ ဖုံများကို ခါနေသည်။

"ဒီနေရာမှာ မရှိဘူးဗျ၊ ရန်သူဟာ အိမ်ထဲနဲ့ ပတ်ဝန်းကျင်မှာရှိနေမယ်"

ကုသက အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ရင်းပြောသည်။

သူတို့သုံးယောက် အိမ်ကြီးဆီသို့ ပြန်ကြသည်။

လူဇော်မင်းက ရှေ့မှသွားသည်။ သူသည် ဖိုးသာအေးနှင့် ကုသတို့ထက် အသက် ဆယ့်ငါးနှစ်ခန့်ကြီးသူဖြစ်သော်လည်း ကျန်းမာရေး အလွန်ကောင်းသူဖြစ်သည်။ လမ်းလျှောက်ရာတွင် ခြေလှမ်းကြဲသောကြောင့် ဖိုးသာအေးနှင့် ကုသတို့မှာ မီအောင်ကျိုးစား၍ လိုက်နေရသည်။

* * *

## ၂၄

အလုပ်သမားတန်းလျား အခန်းစေ့နှင့် မျက်နှာကျက်ထဲပါမကျန် အစီစိတ်တွင်း ရေစုတ်စက် ထားသည့်အခန်း အနှံ့အပြား အလုပ်သမားတန်းလျား အိမ်သာရေချိုးခန်းများ ပြီးသောအခါ မီးဖိုမျက်နှာကျက်နှင့် မီးဖိုဘေးမှ ကြြပ်ကြက်သွန် ဆန်အစရှိသည်တို့ထားသည့် အခန်း၊ ထင်းဂိုဒေါင်တို့ပါမကျန် ရှာဖွေကြသည်။

"အား...အိမ်ကြီးထဲရှာဘို့ဘဲ၊ တခန်းပြီးတခန်းရှာရလိမ့်မယ်၊ အောက်ထပ်အရင်ရှာမလား အပေါ်ထပ်အရင်ရှာမလား"

ကုသက မေးသည်။

"အပေါ်ထပ် မျက်နှာကျက်က စပြီးကြည့်မယ်"

ဖိုးသာအေးက ပြောသည်။

လက်နှိပ်ဓါတ်မီး ကိုယ်စီဖြင့် ဖိုးသာအေးနှင့် ကုသတို့သည် အပေါ်ထပ်နံရံတန်းများမှတဆင့် မျက်နှာကျက်ထဲဝင်၍ ကြည့်ကြသည်။

ချွေးတလုံးလုံးနှင့် ပြန်ဆင်းလာကာ လူဇော်မင်းအား ခေါင်းရမ်းပြသည်။

"ဒီအခန်းတွေ ကြည့်ရမယ်၊ တခန်းပြီး တခန်းဝင်၊ ညှော်သည် မနေဘဲ ပိုနေတဲ့ အခန်းသုံးခန်းရှိတယ်၊ အဲဒါတွေ အရင်ကြည့်မယ်..."

လူဇော်မင်းက ပြောရင်း ရှေ့မှသွားသည်။

အခန်းတံခါးများမှာ ပိတ်ထားခြင်းမရှိ အခြားအခန်းများကဲ့သို့ အိမ်သာ ရေချိုးခန်းတို့နှင့် တွဲထားသော အခန်းဖြစ်သည်၊ ဘရင်ဂျီဘုန်းကြီးများ နေစဉ်က တစ်ယောက် တခန်းစီ သီတင်းသုံးခဲ့ကြသော အခန်းများဖြစ်သည်။

အခန်းများပြီး၍ ရန်အောင်သိန်း၏ အခန်းမှစတင်ကာ ကြည့်ကြသည်။ ရေချိုးခန်းပါမကျန် စစ်ဆေးကြသည်။ ကုတင်အောက်နှင့် အခန်းထဲမှ လူတရပ်မြင့်သော ဘီဒိုကြီးများကိုလည်း ချမ်းသာမပေးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအခန်းမှာ ဒေါ်နှင်းဦး၏ အခန်းဖြစ်သည်။ အခန်းမှာ ပိတ်ထားသဖြင့် တံခါးခေါက်ရသေးသည်။ ဒေါ်နှင်းဦးအား လူပိုရှိမ[illegible] ရှာနေကြကြောင်း ပြောပြကာ ရန်အောင်သိန်း အခန်းထဲတွင် ရှာသကဲ့သို့ ရှာခဲ့သည်။

နောက်ဆုံးခန်းမှာ သူတို့သုံးယောက်၏ အခန်းဖြစ်ပြီး ထိုအခန်းများပြီးသောအခါ အခန်းပိုင်ရှင်မရှိသော စံကင်းမောင် မကြည်ပွင့်နှင့် နေအောင်ထွန်းတို့ အခန်းများဖြစ်ကြသည်။

အောက်ထပ်သို့ ပြန်ရောက်ကြသောအခါတွင်လည်း အခန်းဟူသမျှကို ရှာကြပြန်သည်။ မခင်ဦး၏ အလောင်းရှိသောအခန်းထဲတွင်လည်း ရှာကြသည်။ ထိုအခန်းထဲမှ ထွက်မည်အပြုတွင် အခန်းထဲမှ တချွတ်ချွတ်နှင့် အသံကိုကြား၍ ပြန်လှည့်ဝင်ခဲ့ကြသည်။

အသံမှာ အခန်းထဲမှမဟုတ်ဘဲ နံရံ၏တဘက်မှ ဖြစ်ကြောင်း တွေ့ရသောအခါ ထိုအခန်းထဲရှိ ဘီဒိုဘေးသို့ကြည့်သည်။

"ဟောဒီမှာ တံခါးပေါက်တစ်ပေါက်ရှိတာဘဲ"

ဖိုးသာအေးက လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်ပြီး ပြောနေစဉ်မှာပင် ထိုတံခါး၏ လက်ကိုင်ဘုလုံးကြီးကို တစုံတယောက်ကအထဲမှလှည့်သဖြင့် ဘုလုံးကြီး လည်သည်ကို မြင်ရသည်။ ကုသသည် ခါးထဲမှ သေနတ်ကို ဆတ်ခနဲဆွဲထုတ်ကာ တံခါးဆီသို့ ချိန်လိုက်သည်။

တံခါးပတ္တာများမှ ကျွီကနဲ အသံမြည်ရင်း တံခါးပွင့်လာသည်။ ဟနေသော တံခါးက ရေမှုလက်နှစ်ဘက် ထွက်လာပြီး လက်ပေါ်တွင် ပွေ့ထားသည့်အိပ်ရာခင်း ခေါင်းအုံးနှင့် စောင်များကို တွေ့ပြီးမှ ပွေ့ယူလာသူ ထွက်လာသည်။

"အို...ကိုချစ်ပိုင်"

ကုသက ခေါ်လိုက်သည်။

"အား..."

ချစ်ပိုင်ကလည်း သူမမျှော်လင့်ဘဲနှင့် တံခါးပေါက်ဝတွင် ရပ်နေသော သေနတ်ကိုင်ထားသည့် ကုသကိုမြင်၍ လန့်ကာ လက်ထဲမှ ပစ္စည်းများ ကျမ်းပေါ်သို့ လွှတ်ချလိုက်သည်။

"ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျား"

ချစ်ပိုင်က တောင်းပန်သည်။ သူ၏မျက်နှာတို့မှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။

"ဒီထဲက အသံကြားလို့ လူတစိမ်းများလားလို့ လာကြည့်တာပါ၊ ခင်ဗျားကလဲ အသံကလေး ဘာကလေးများ ပေးရောပေါ့ဗျာ..."

ဒေါက်တာ လူဇော်မင်းက အပြစ်တင်စကားပြောသည်။

"ကျွန်တော်အိပ်ဘို့အတွက် အိပ်ရာခင်းတွေ ခြင်ထောင်တွေ ဝင်ယူတာပါ ဆရာ"

ချစ်ပိုင်က ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သည်။

"ဘယ်သူ ဘာပဲပြောပြော ကွာ၊ ဒီလူစုထဲမှ လူသတ်သမား မဟုတ်ဘူးဆိုတဲ့ လူနှစ်ယောက်တော့ သေချာသွားပြီ"

အပြင်ခန်းသို့ ပြန်ရောက်သောအခါ လူဇော်မင်းက ပြောသည်။

"ဘယ်သူလဲဆရာ"

"ကိုယ်နဲ့ ချစ်ပိုင်ဘဲ၊ ချစ်ပိုင်က မင်းကိုမြင်တော့ သူ့အလှည့်ကျလို့ လာသတ်ပြီလို့ ထင်လိုက်တာ"

"ဒီအတိုင်းတော့ မဖြစ်ဘူး လူနဲ့သူနဲ့တူအောင် ရေချိုးအဝတ်လဲမှ ဖြစ်မယ်၊ ဒါမှလဲ အသတ်ခံရတဲ့အခါမှာ သန့်သန့်ရှင်းရှင်းနဲ့ သေရမယ်"

ကုသက ခပ်ရွှတ်ရွှတ်ပြောကာ သူ့ရုပ်အင်္ကျီတွင် ကပ်နေသော ပင့်ကူမွေးများကို ပွတ်သတ်ချနေသည်။

"ဟုတ်တယ် လူသတ်သမားကတော့ ကျွန်တော်တို့မသိတဲ့နေရာမှာ ပုန်းနေတာဖြစ်မယ်၊ ဒါမှမဟုတ်ရင်လဲ ကျွန်တော်တို့အထဲက တစ်ယောက်ဘဲဆိုတာသေချာပြီ"

ဖိုးသာအေးက ပြောရင်း သူ့ခြေအောက်မှ သံမာတလင်းကိုဖနောင့်နှင့်ပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ဘာလုပ်တာလဲ၊ ဂါထာ မန်းပြီး လူသတ်သမားကို ဖနောင့်နဲ့ ပေါက်ခေါ်နေတာလား"

"မဟုတ်ပါဘူး ဟောဒီကျမ်း ပြင်ဟာ ပျဉ်ခင်းဘဲဆိုရင် ကျွန်တော်တို့တတွေ အလုပ်များကြမှာဘဲ၊ မြေအောက် အထပ်များရှိနေလေသလား လို့ ဟိုရှာ ဒီရှာနဲ့ ရှာတော့မှာဘဲ"

ဖိုးသာအေးကပြောပြီး အပေါ်ထပ်သို့ တက်သွားသည်။

* * *

၂၅

ဆယ့်နှစ်နာရီတိတိတွင် ထမင်းစားခန်းမှ မောင်းသံကြားကြရသည်။ နေ့လယ်စာစားရန် တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။

ပထမဆုံး ဝင်လာသူမှာ နေအောင်ထွန်းဖြစ်သည်၊ နေအောင်ထွန်းနှင့် မရှေးမနှောင်း ဒေါ်နှင်းဦးရောက်လာပြီး လူဇော်မင်း ဖိုးသာအေးနှင့် ဗိုလ်ကုသတို့ ရောက်လာကြသည်။

"ရာသီဥတုကတော့ ပြောင်းနေပြီ၊ မိုးတွေများ ရွာမလားလို့ဘဲ"

ဒေါ်နှင်းဦးက ကုလားထိုင် ဆွဲထိုင်ရင်း ပြော၍ အခန်းထဲမှ လူများကို ကြည့်သည်။ မကြည်ပွင့် ပြာယာပြာယာနှင့် ဝင်လာပြီး ဒေါ်နှင်းဦး ဘေးတွင် ထိုင်လိုက်သည်။

"ဒေါက်တာတို့ သုံးယောက်ကတော့ တော်တော် အလုပ်များပုံရကြတယ်"

နေအောင်ထွန်းက သူ၏ပြုံးခဲသော မျက်နှာကို ပြုံးလျက်မေးသည်။

"အင်း...စိတ်ရှင်းသွားအောင်လို့ ကြည့်လို့ရတဲ့နေရာတိုင်းမှာ လိုက်ကြည့်တာပါဘဲ"

"ဟို တစ်ယောက်က မလာသေးပါလား"

စံကင်းမောင်၏ နေရာကို ဒေါ်နှင်းဦး မေးငေါ့ပြရင်း ချစ်ပိုင်ကို မေးသည်။

"သူက မောင်းသံဘယ်ကြားမှာလဲ အန်တီရယ်၊ ဟိုနားကကမ်းစပ်မှာ ထိုင်နေတာ တွေ့ခဲ့တယ်၊ သူကြည့်ရတာ ကြောင်တောင်တောင်နဲ့ဘဲ..."

မကြည်ပွင့်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့လဲ တွေ့ခဲ့တယ်၊ စိတ်ဓါတ်တွေတော်တော် ကျနေရှာပြီ၊ ကျွန်တော် သွားခေါ်လိုက်မယ်"

ဗိုလ်ကုသက မတ်တတ်ထရပ်လိုက်သည်။

"အို...ထိုင်ပါ၊ ကျုပ်သွားခေါ်လိုက်ပါမယ်..."

လူဇော်မင်းက ပြောရင်း ကုလကိုလက်ပြ၍ ကုလားထိုင်ကို နောက်တွန်း၍ ထလိုက်သည်။

"ခင်ဗျားတို့ စားနှင့်ကြပါ"

ထမင်းစားခန်း တံခါးပေါက်ရောက်မှ လူဇော်မင်းက ပြန်ပြောသည်။

ထမင်းစားပွဲတွင် ကျန်ခဲ့ကြသော ငါးယောက်တို့မှာ တစ်ယောက်နှင့်တစ်ယောက် စကားပြောရန် စကားရှာမတွေ့ဟန်ဖြင့်တစ်ယောက်ကိုတစ်ယောက် အကဲခပ်ကြည့်ရင်း စားနေကြသည်။ ယမန်နေ့ညက စားခဲ့ရသော ဟင်းအရသာမျိုးကိုကား မတွေ့ကြရတော့ပေ။ ဟင်းသီးဟင်းရွက်ကြော်တို့မှာ ဆားငန်သည် အချဉ်ဟင်းမှာ အချဉ်ဂွေ့များလွန်းလှ၍ မည်သူမှ မစားဝံ့အောင် ဖြစ်နေသည်။ ကြက် သားဟင်းမှာလည်း တစုံတရာ လိုနေဟန်တူသည်။ သို့သော်ကြက်ညှီနံ့ ပျောက်မသွားဘဲ နှုံးနေသော ကြက်သားဖတ်များမှာ စားရလေလျှင် ကြက်သားစိမ်းနံ့များ ထွက်နေသည်။

မခင်ဦး၏လက်ရာနှင့် ကွာခြားလှပေ၏။ ဇနီးဖြစ်သူ၏ အလောင်းကို အခန်းထဲတွင် ထားရပြီး လူအများ စားနိုင်ရန်အတွက် ဖြစ်သလို ကြံဖန်ချက်ထားသည်ကိုပင် ကျေးဇူးတင်ကြရပေမည်ဟု အားလုံးမတိုင်ပင်ကြဘဲ စဉ်းစားမိသည်။

ထို့ကြောင့် ဟင်းနှင့်ပတ်သက်၍ ကောင်းသည် ဆိုးသည်ကို မည်သူကမှ မပြောဘဲ ဆာဆာနှင့်ကျိတ်မှိတ်စားနေကြသည်။

"လေတွေတော့ တိုက်လာပြီ လေမုန်တိုင်းများ ကျအုံးမှာလား"

ဒေါ်နှင်းဦးက မှန်ပြူတင်းပေါက်သို့လှည့်ကြည့်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သောက်ရေခွက်များထဲသို့ ရေဖြည့်ပေးနေသော ချစ်ပိုင်က နားစွင့်နေသည်။

"တစ်ယောက်ယောက် ပြေးလာနေတယ်. . ."

အိမ်ရှေ့ဘက်သို့ကြည့်ရင်း ပြောလိုက်စဉ်မှာပင် ဧည့်ခန်းထဲမှ တဒေါက်ဒေါက်နှင့် ခပ်သွက်သွက်နှင့်လာသော ခြေသံကို ကြားကြရသည်။

"မော်တော်ဘုတ်များ လာတာမြင်လို့ အဖိုးကြီး ပြေးလာတာလားမသိဘူး. . ."

မကြည်ပွင့်က ပြောလိုက်သည်။

ထမင်းစားခန်း တံခါးပေါက်ဝတွင် နဖူးမှချွေးများကို လှဇော်မင်းက လက်ကိုင်ပုဝါဖြင့်သုတ်ရင်း ဟောဟဲဟောဟဲနှင့် မောနေရင်းက. . .

"ဗိုလ်မှူး စံကင်းမောင်. . ."

"သေပြီလား. . ."

လှဇော်မင်းက ဆက်မပြောဘဲ ရပ်နေသဖြင့် မကြည်ပွင့်ကမေးလိုက်သည်။

"ဟုတ်တယ်. . .သေပြီ. . ."

လှဇော်မင်းကပြန်ပြောရင်း သူ့နေရာကို ပြန်လာခါ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

အခန်းထဲတွင် ချစ်ပိုင်အပါအဝင် ခုနစ်ယောက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ပြောရန်စကားလုံးများ ရှာမတွေ့ကြဟန်တူသည်။

* * *

ဗိုလ်မှူး စံကင်းမောင်၏ အလောင်းကို ဖိုးသာအေး လှဇော်မင်းနှင့် ကုသတို့သွား၍ ယူလာခဲ့သည်။

စံကင်းမောင်၏ အလောင်းကို အပေါ်ထပ်အိပ်ခန်းဆီသို့ သယ်ယူသွားကြသောအခါ ကျန်လူများက ဧည့်ခန်းထဲမှရပ်၍ ကြည့်နေကြသည်။

ရန်အောင်သိန်း သေစဉ်ကလောက် လှုပ်လှုပ်ရှရှ မဖြစ်ကြတော့ပေ။ လှဇော်မင်းတို့ ဆင်းလာသောအခါမှာ အသီးသီး ဆိုဖါတွင် ခပ်ကုတ်ကုတ်ကလေး ထိုင်နေကြသည်။ သေသည်ဟူသောအကြောင်းသည် မဆန်းတော့ဟန်တူသည်။ အလောင်းမြင်ရသည်မှာ ရိုးသလိုလို ဖြစ်သွားကြဟန်တူသည်။

အပြင်မှလေသံသည် တဟူးဟူးနှင့် တိုက်ခတ်လျက်ရှိသည်။

ဗိုလ်ကုသသည် ဆိုဖါ၌မထိုင်ဘဲ ပိတ်ထားသော မှန်ပြူတင်းပေါက်ဆီသို့သွားခါ အပြင်သို့ မျှော်ကြည့်နေသည်။ နေအောင်ထွန်းသည် ဆိုဖါနောက်ကိုခေါင်းကပ်ထားလျက် မျက်စိကိုမပွင့်တပွင့်ဖွင့်ခါ စဉ်းစားနေသည်။

သူ့ရှေ့မှဖြတ်ခါ ဆိုဖါတစ်လုံးဆီသို့သွားသော လှဇော်မင်းကို မျက်စိဖွင့်ကြည့်လိုက်သည်။

"ဘယ်လိုလဲ ဒေါက်တာ. . ."

"စိတ်ညစ်ပြီး ရေထဲဆင်းသေတာလဲမဟုတ်ဘူး၊ သေနတ်နဲ့ပစ်သတ်ခံရတာလဲ မဟုတ်ဘူး၊ ဓါးနဲ့ထိုးခံရတာလဲ မဟုတ်ဘူး၊ တစ်ယောက်ယောက်က ဒဏ်ရာမပေါ်နိုင်တဲ့ လက်နက်တစ်ခုခုနဲ့ ဇက်ပိုးကို ရိုက်သတ်တာဘဲ. . ."

လှဇော်မင်းက အသံတုန်တုန်ယင်ယင်နဲ့ ပြောလိုက်သည်။

"ဒဏ်ရာမပေါ်နိုင်တဲ့ လက်နက်ဆိုတာ ဘယ်လိုဟာမျိုးလဲ. . ."

နေအောင်ထွန်းကမေးသည်။

"ဟာ. . .ခင်ဗျားကလဲ တရားခွင်ကြနေတာဘဲ မေးလိုက်တာ၊ ဘယ်သိမလဲဗျာ ကျုပ်က သူ့နောက်စေ့နားမှာ တွေ့ရတဲ့ ဒဏ်ရာကိုကြည့်ပြီး ပြောရတာဘဲ. . ."

လှဇော်မင်းက အမေးအမြန်းထူရလေမည်လားဟု မကျေနပ်သံနဲ့ ပြန်ဖြေသည်။

"လက်နက်မတွေ့ပေမဲ့ ဒဏ်ရာမပေါ်တဲ့ လက်နက်မျိုးဆိုတာတော့ သေချာတယ်ပေါ့နော်. . ."

"သေချာပါတယ်. . ."

"အင်း. . .ဒီလိုဆိုတော့ ကျုပ်တို့တတွေ ဘယ်လိုအခြေအနေနဲ့ ရင်ဆိုင်ရပြီလဲဆိုတာ သိရပြီ. . ."

နေအောင်ထွန်းက ပြောလိုက်သော်လည်း သူ၏ဆိုလိုရင်းအဓိပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုမည်သူမှနားလည်ကြဟန် မတူပေ။ သူ၏ဆိုလိုရင်းကို နားမလည်ကြောင်း ရိပ်မိဟန်ဖြင့် နေအောင်ထွန်းက ပြုံးလိုက်သည်။

ဒီမနက် ကျုပ် ဝရံတာမှာ ထိုင်နေတော့ ခင်ဗျားတို့သုံးယောက် ဘာလုပ်ကြတယ်ဆိုတာကို တွေ့ရပါတယ်။ ခင်ဗျားတို့တွေဟာ ဒီကျွန်းပေါ်မှာ လူသတ်သမား တစ်ယောက်ယောက်ပုန်းနေမယ်ထင်ပြီး ရှာနေကြတယ်···"

"ဟုတ်ပါတယ်···"

ကုသက ခေါင်းညိတ်ရင်း နံရံကိုမှီ၍ရပ်ခါ ညှော်ခန်းဘက်ကို မျက်နှာလှည့်လိုက်သည်။

"ဘာကြောင့်လဲဆိုတော့ ကျုပ်ယူဆသလိုဘဲ ရန်အောင်သိန်းနဲ့ မခင်ဦးတို့ဟာ ကိုယ့်ကိုယ်ကို လုပ်ကြံတာမဟုတ်ဘဲ တစ်ယောက်ယောက်ရဲ့လက်ချက်ကြောင့် သေရတယ်လို့ ဆုံးဖြတ်ကြလို့ဘဲ မဟုတ်လား···"

"ဟုတ်ပါတယ်···"

ဖိုးသာအေးကပြောသည်။

လူဇော်မင်းက နေအောင်ထွန်းကို အကဲခပ်ကြည့်နေသည်။

"ကျုပ်တို့ကို ဒီကျွန်းပေါ် မရောက်ရောက်အောင်နည်းပရိယာယ်အမျိုးမျိုးနဲ့ ခေါ်ယူတဲ့အိမ်ရှင်က ကျုပ်တို့တစ္စေကို မသေ သေအောင်သတ်မှာဘဲလို့ယုံကြည်စရာဘဲမဟုတ်လား။ ဒါကြောင့်လဲ ကျုပ်တို့ အားလုံးရဲ့ ဆန္ဒကတော့ကျုပ်တို့တွေ အသက်ချမ်းသာရာရဘို့ဘဲ···"

"ဒီကျွန်းပေါ်မှာ ဘယ်သူမှမရှိဘူးဗျ။ မြေကြီးတွေတွင်းတူးပြီး ရှောင်နေရင်တော့ မသိဘူး၊ ကျုပ်တို့ကတော့ အကွက်စေ့အောင် ရှာပြီးပြီ"

လူဇော်မင်းက အသံတုန်တုန်ယင်ယင်နဲ့ ပြောလိုက်သည်။

"ကျုပ် ဒီမနက် အိပ်ရာကနိုးကတည်းက ဒီကျွန်းပေါ်မှာ ကြည်ကြည်ညွှန့်မရှိဘူးလို့ ဆုံးဖြတ်တယ်၊ ကြည်ကြည်ညွှန့်လို့ဘဲ ခေါ်ကြပါစို့လေ၊ သူက ဒီနာမည်ကို အများဆုံးသုံးပြီး ဒီလူစုကိုခေါ်ခဲ့တာကိုး ဟုတ်လား။ ဒီ ကျွန်းပေါ်မှာ ကျုပ်တို့ကလွဲလို့ ဘယ်သူမှမရှိဘူး ဆိုပေမဲ့ ကြည်ကြည်ညွှန့်တော့ ရှိနေတာဘဲ၊ ကြည်ကြည်ညွှန့် ရှိနေခဲ့လို့လဲ ကျုပ်တို့ဒီထဲက တစ်ယောက်ပြီး တစ်ယောက် သေကုန်ကြတာ အခု သုံးယောက်ရှိပြီ၊ ကြည်ကြည်ညွှန့်ရဲ့ ရည်ရွယ်ချက် သုံးဆယ် ရာခိုင်နှုန်းအောင်သွားပြီ။ တရားဥပဒေအရ အပြစ်မပေးနိုင်ဘူးလို့ ယူဆတဲ့ သုံးယောက်ကို သူ့နည်းနဲ့သူ သေဒဏ်ပေးလိုက်ပြီ···"

နေအောင်ထွန်းသည် တရားခွင်မှထိုင်၍ အမှုစီရင်ချက် ချနေသည့်ပမာ နားထောင်သူများ နားကြားလွဲပြီး ထင်ယောင်ထင်မှား ဖြစ်စေအောင် စကားကိုနှေးနှေးနှင့် တလုံးချင်းပြောနေသည်။

နေအောင်ထွန်းက တစ်ယောက်စီကို ဆယ်စက္ကန့်စီမျှ ကြည့်သည်။

"ဒီတော့ ကြည်ကြည်ညွှန့် ဒီကျွန်းပေါ်ကို ဘယ်လိုလာသလဲ၊ ဘယ်မှာနေသလဲဆိုတာလဲ သိပ်တွေးမနေကြနဲ့တော့၊ ဟောဒီကျုပ်တို့ထဲက တစ်ယောက်ယောက်ဟာ ကြည်ကြည်ညွှန့်ဖြစ်ရမယ်···"

နေအောင်ထွန်းက ဆက်လက်၍ ပြောလိုက်သည်။

* * *

၂၆

"ဟင့်အင်း···မဖြစ်နိုင်ပါဘူး"

မကြည်ပွင့်က ညီးသံနှင့် ပြောရင်း ခေါင်းကို ဘယ်ပြန်ညာပြန်ယမ်းပြနေသည်။

"မဖြစ်နိုင်ဘူး မပြောနဲ့လေ၊ ကျုပ်တို့ ဒီကျွန်းပေါ်ကို ဆယ်ယောက်ရောက်လာကြတယ်၊ သုံးယောက်ကတော့ သွားရှာကြပြီ၊ အဲဒီ သုံးယောက်ကတော့ လူသတ်သမား မဟုတ်ကြောင်း သက်သေခံက နိုင်လုံထင်ရှားသွားပါပြီ၊ ဟောဒီကျန်နေတဲ့ ခုနစ်ယောက်ထဲက တစ်ယောက်ယောက်ကတော့ လူသတ်သမားဘဲဆိုတာ အတတ်တွေးကြရမှာဘဲ၊ ဒေါက်တာ ဘယ်လိုထင်သလဲ"

ဆက်ပါဦးမည်···

ရဲစိုး



www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ၊ ချုံနွယ် များနှင့် တောကြီးတမျှ မြင်သူနှလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသိရိ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံး၀(လုံး၀)မရှိ။ တစ်ပါးတည်း တောရဓုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀၊ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

| | |
|---|---|
| (၁) အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် | (၁၅)သိန်း |
| (၂) ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) | (၁၀)သိန်း |
| (၃) ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) | ၂၅၀,၀၀၀/- |
| (၄) ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် | (၁၀)သိန်း |
| (၅) အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) | (၁၂)သိန်း |
| (၆) ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) | ၅၀,၀၀၀/- |
| (၇) တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) | ၅၀,၀၀၀/- |
| (၈) နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) | ၁,၅၀၀,၀၀၀/- |
| (၉) ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် | ၁,၅၀၀,၀၀၀/- |


**ပြည်တွင်း၊ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph : 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နေနတ်ဖွင်း၏ သမီးတော်

## (၅)

**မနုဿကျော်ဝင်း**
(အမျိုးသားစာပေဆုရ)

**(ယခင်လမှအဆက်)**

"ကျွန်တော် နောက်ထပ် ဒီမှာ ငါးရက်လောက်နေပြီးရင် အမေရိကကို ပြန်တော့မယ်"

ညနေခင်း လူစုံချိန်၌ ကျွန်တော်က အွန်ဝဲ့ါစ်ကို အသိပေးနှုတ်ဆက်လိုက်ခြင်း ဖြစ်၏။ စကားပြန်အဖြစ် ဆောင်ရွက်ပေးသူ မာရီယာမှအပ ကျန်လူများအဖို့ မည်သို့မျှ ထူးထူးခြားခြား ခံစားကြရပုံမပေါ်။ မာရီယာတစ်ယောက်သာ မျက်နှာညှိုးသွား၏။ သို့ရာတွင် ချက်ချင်းပင် ပြန်၍ ဣန္ဒြေဆည်လိုက်နိုင်၏။ သူမ၏မျက်နှာသည် မပြုံးသော်လည်း မဲ့မနေတော့ပါ။

"ကျွန်တော် ပြန်တော့မည်" ဆိုသော စကားကြောင့် ဟာဒ်ဇာတို့၏ အကြီးအကဲ အွန်ဝဲ့ါ(စ်)အပါအဝင် မည်သူကမျှ အံ့ဩပုံမရ။ ဘာမျှ ထူးခြားသလို အကြည့်မျိုးတွေဖြင့် ကျွန်တော့်ကို ကြည့်နေကြ၏။ ဘယ်လိုခံစားချက်မျိုးကိုမျှ ခံစားနေကြရပုံ မပေါ်။

"အင်းလေ…သူတို့ရဲ့ သွေးသားအရင်းအချာတွေသေဆုံးရင် အလောင်းကို မြေကြီးထဲ မြှုပ်တယ်။ မြေပုံပေါ်မှာ သစ်ခက် တစ်ခက်နှစ်ခက်လောက် တင်ထားလိုက်တယ်။ ဘာမှတ်တိုင်မှ စိုက်မထားဘူး။ ဟိုတုန်းကဆိုရင် သေသူ့ရဲ့ ရုပ်အလောင်းကို ဟင်းလင်းပြင်မှာ ထားပြီး လင်းတစာကျွေး ပစ်လေ့ရှိခဲ့ကြသူတွေဖြစ်တယ်။ တစ်နည်းပြောရရင်တော့ ဟာဒ်ဇာလူမျိုးတွေဟာ သိပ်ပြီး သံယောဇဉ်ခေါင်းပါးကြသူတွေ ဖြစ်တယ်။ အဲဒီလိုလူစားမျိုးတွေက လူစိမ်းဧည့်သည်တစ်ယောက်ဖြစ်တဲ့ ငါ့အပေါ်မှာ ဘယ်လိုမှ သံယောဇဉ်မထားကြတာဟာ အံ့ဩစရာမဟုတ်ပါဘူး။ ငါ့အပေါ်မှာ သံယောဇဉ်ကင်းလို့လည်း ငါပြန်တော့မယ်ဆိုတဲ့ စကားအပေါ်မှာ ခံစားချက်ကင်းကင်းနဲ့ တုန့်ပြန်ကြတာ ဖြစ်မှာပေါ့လေ"

ကျွန်တော်ပြန်တော့မည်ဟူသော စကားကြောင့် လူအုပ်အကြားတွင် ထူးထူးခြားခြားခံစားနေရသူတစ်ဦးတော့ ရှိပုံရ၏။ ထိုသူကား "မိုက်တီး"ဖြစ်၏။ မိုက်တီး၏မျက်နှာက အောင်နိုင်သူတစ်ဦးကဲ့သို့ ပြုံးနေ၏။ ဘာ့ကြောင့်ရယ်မသိ။ ကျွန်တော့်စိတ်ထဲတွင် ခံပြင်းသလိုလိုတော့ ဖြစ်သွားမိရ၏။ ထို့ကြောင့် မျက်မှောင် အနည်းငယ်ကြုတ်လိုက်မိသည်။ မာရီယာသည် ကျွန်တော့် အနီးသို့ ချဉ်းကပ်လာပြီး…

"ဟာဒ်ဇာတွေရဲ့ စိတ်နေစိတ်ထားက ကောင်းကြပါတယ်။ ဒါပေမဲ့ သူတို့ဟာ လူအချင်းချင်း သိပ်ပြီး သံယောဇဉ်မထားတတ်ကြဘူး။ ကိုကိုလို လူစိမ်းဧည့်သည်မျိုးကို မပြောနဲ့ ဟာဒ်ဇာအချင်းချင်းတောင် သံယောဇဉ်ကင်းသလို ဆက်ဆံနေကြတာ ညီမလေးရဲ့ ကိုယ်တွေ့ပါ။ ဒါကြောင့် ကိုကိုပြန်တော့မယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူတို့တစ်တွေ အေးတိအေးစက် တုံ့ပြန်ကြတာကို စိတ်ထဲ ဘယ်လိုမှ မထားပါနဲ့။ နားလည်ပေးပါနော်။ အရင်းအချာ တစ်ဦးဦး သေဆုံးရင်တောင် အလောင်းကို မြေမြှုပ်ပြီးတာနဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတာပဲ။ သေသူရဲ့ မြေပုံပေါ်မှာ သစ်ကိုင်းသစ်ခက် ,တစ်ခု၊ နှစ်ခုလောက် ပစ်တင်ထားလိုက်ရုံကလွဲလို့ ဘာမှတ်တိုင်မှ မစိုက်ထူကြတာ။ ကိုကိုကိုယ်တိုင် မြင်တွေ့ဖူးခဲ့ပြီးပြီပဲလေ"

ကျွန်တော့်ကို မာရီယာက အားနာပြီး ရှင်းပြနေခြင်း ဖြစ်၏။ ကျွန်တော်ကမူ မည်သို့မျှ ထူးထူးထွေထွေ မခံစားရတော့ပါ။ သို့တစေ မြန်မာပြည်မှ တိုင်းရင်းသားလူမျိုးအချို့၏ သေဆုံးသူအပေါ် သဘောထားကြပုံ ဓလေ့များအကြောင်းကိုတော့ ပြန်ပြောင်းအောက်မေ့ သတိရနေမိ၏။ ရန်ကုန်တက္ကသိုလ်တွင် မနုဿဗေဒဘာသာရပ်၌ ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com

တန်းတက်စဉ် ကွင်းဆင်းသုတေသနပြု တွေ့ရှိခဲ့သည့် ထူးထူးခြားခြား အသုဘ ဓလေ့ထုံးစံတွေအကြောင်း ကျွန်တော့် ဦးနှောက်ထဲ၌ အစီအရီ ပေါ်လာကြကုန်၏။

ကယားပြည်နယ်ရှိ ဘော်လခဲမြို့နယ်နှင့် နမ့်မယ်ခုံမြို့နယ်တို့တွင် အခြေချနေထိုင်ကြသော ယင်းတလဲတိုင်းရင်းသားများ၏ အသုဘဓလေ့မှာ အလွန်ပင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ ယင်း တလဲအမျိုးသားတို့သည် ဘောင်းဘီအဖြူပွပွ၊ ရှပ်အင်္ကျီနှင့် တိုက်ပုံအင်္ကျီကို ဝတ်ဆင်ကြသည်။ အမျိုးသမီးတို့ကမူ အနီအညို ကန့်လန့်စင်းလုံချည်နှင့် အနီရောင်အနားကွပ်ထားသော ရင်ကွဲအင်္ကျီ လက်တိုများကို ဝတ်ဆင်လေ့ရှိကြသည်။ အမျိုးသားများသည် ပန်းရောင်ပဝါကို လက်ယာဘက် အစထောင်ပြီး ခေါင်းပေါင်းပေါင်းလေ့ရှိကြ၏။ ရိုးရာနတ်ကိုးကွယ်သူများပြားပြီး မိုးရေပေးသည့် ကေ့ထိုးဘိုးနတ်ကို အထူးအားထားကိုးကွယ်ကြ၏။ သာရေးနာရေးကိစ္စတွင် ရွာလုံးကျွတ်ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြ၏။ စီးပွားရေးအနေဖြင့် မြေပြန့်တွင် စပါးစိုက်ပျိုးပြီး ကုန်းမြင့်ပိုင်း၌ ပဲပြောင်း၊ ငရုတ်၊ သခွား၊ ကြက်သွန် စသော သီးနှံများကို စိုက်ပျိုးကြ၏။ ကြက်ဝက်မွေးမြူသူများလည်း ရှိ၏။ တူရိယာပစ္စည်းအနေဖြင့် မောင်းအကြီးလေးလုံး၊ မောင်းအငယ်သုံးလုံး၊ အိုးစည်တစ်လုံး၊ တွဲပလွေ၊ စခွန့်တစ်လုံးတို့ကို တီးမှုတ်ကခုန်လေ့ရှိကြ၏။

ယင်းတလဲတို့ နေထိုင်ရာ ကျေးရွာသို့ ရောက်ရှိသည်ဆိုပါစို့။ အသုဘရှိသော အိမ်တစ်အိမ်တွင် ရွာသူရွာသားအချို့ တီးမှုတ်ကခုန်နေသည်ကို တွေ့ရလိမ့်မည်။ ထိုအခါ ဧည့်သည်မိမိက "ဒီလောက် ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းလှတဲ့ အချိန်မျိုးမှာ ဒီလူတွေ ဘာကြောင့် တီးမှုတ်ကခုန်နေကြရတာလဲ၊ ပျော်လို့ကနေကြတာလား။ ဒီဓလေ့ထုံးစံရဲ့ အဓိပ္ပာယ်က ဘာလဲ" စသည်ဖြင့် သိချင်နေမိပေလိမ့်မည်။ အဓိပ္ပာယ်အမှန်ကို သိသင့်သည်ကတော့ အမှန်ပင်ဖြစ်၏။

ရှေးအခါက ယင်းတလဲတို့သည် အသုဘရုပ်အလောင်းကို အိမ်ပေါ်၌ တစ်လခန့်ထားလေ့ရှိခဲ့ကြ၏။ ဤရက်များအတွင်း ရပ်ထဲရွာထဲမှ မိတ်သင်္ဂဟများက နေ့စဉ်မပြတ် လာ၍ သတင်းမေးကြ၏။ ရက်ကြာလာသည်နှင့်အမျှ အသုဘရုပ်အလောင်းသည် ပုပ်ပွနံစော်လာ၏။ သို့ရာတွင် အသုဘသတင်းလာမေးကြသူတို့က နှာခေါင်းမရှုံ့ကြ။ စက်ဆုပ်ရွံရှာဟန် မပြကြ။ သေသူကို ထိုသူ အသက်ရှင်စဉ်က ကဲ့သို့ပင် သဘောထားလျက် ရှိသေးကြောင်း ပြသကြသည့် လုပ်ရပ်သဘောပင်ဖြစ်၏။ အသုဘရုပ်အလောင်းကို နေအိမ်တွင် လနှင့်ချီ၍ ထားသောကြောင့် နေ့နေ့ညည အလောင်းစောင့်မည့်သူများ လိုအပ်၏။ အိမ်သူအိမ်သားတွေသာမက ရပ်ရွာထဲမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကာလသားများက သေဆုံးသူကိုရော ၎င်း၏မိသားစုကိုပါ မေတ္တာထားကာ သင်္ဂြိုဟ်မှုမပြုသေးသည့် ကာလအတွင်း အလောင်းလာစောင့်ပေးကြ၏။ နေ့ဘက်စောင့်သူများအတွက် ပြဿနာမရှိသော်လည်း ညဘက်စောင့်သူများအဖို့မူ မအိပ်စက်ပဲ နိုးနိုးကြားကြားရှိနေကြရန် လိုအပ်၏။ အရေးကြီး၏။ ထို့ကြောင့် ညဘက် အလောင်းစောင့်သူများ ငိုက်မျဉ်းခြင်း လုံးဝမရှိစေရန် တီးမှုတ်ကခုန်မှုများ ပြုလုပ်ကြသည်။ ဤသို့ တီးမှုတ်ကခုန်ကြခြင်းကြောင့် အလောင်းစောင့်သူများ ငိုက်မျဉ်းခြင်းမရှိဘဲ နိုးနိုးကြားကြား ရှိနေကြသလို အသုဘရှင်မိသားစုအဖို့လည်း စိတ်အားမငယ်ကြရတော့ချေ။

နှစ်ဂတွ ကြာညောင်းပြီး ခေတ်တွေပြောင်းလာသောအခါ ယင်းတလဲတို့၏ အသုဘဓလေ့ကလည်း ပြောင်းလဲလာရသည်။ အသုဘရုပ်အလောင်းကို အိမ်တွင် တစ်လကြာအောင်ထားခြင်း မပြုကြရတော့ချေ။ အများ၏ကျန်းမာရေးကို ရှေးရှုကာ အုပ်ချုပ်သူတို့က ငါးရက်ထက်ပို၍ ထားခွင့်မပြုတော့ဘဲ သတ်မှတ်ရက်အတိုင်းသင်္ဂြိုဟ်စေခဲ့သည်။ ဒေသခံတို့ကလည်း ယင်းပညတ်ချက်အတိုင်း လိုက်နာခဲ့ကြသည်။ သို့ရာတွင် မျက်မှောက်ခေတ်တိုင်အောင် ဆက်လက်ရှင်သန်လျက်ရှိနေသည်ကား အသုဘအိမ်တွင် သီဆိုတီးမှုတ်၊ ကခုန်သည့် ဓလေ့ပင် ဖြစ်တော့သည်။ ထိုဓလေ့သည် ရှေးအခါက အသုဘရုပ်အလောင်းကို နေအိမ်တွင် ရက်ရှည်ထားရာ၌ ညဘက် အလောင်းစောင့်သူများ ငိုက်မျဉ်းခြင်းမရှိပဲ နိုးနိုးကြားကြားရှိနေစေရန် ရည်သန်လုပ်ဆောင်ခဲ့ရာမှ အစပြု၍ ပေါက်ဖွားခဲ့ပြီး တွန်းခဲ့ရခြင်းဖြစ်ကြောင်း လေ့လာသိရှိ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရ၏။

ကယားတိုင်းရင်းသားတို့ကမူ သေဆုံးသူ ရုပ်အလောင်း၏ ပါးစပ်ထဲတွင် အဝတ်ချုပ်သည့် အပ်တစ်ချောင်းကို ထည့်ပေးလေ့ရှိကြ၏။ အဘယ့်ကြောင့်နည်း။ ကယားသွေးချင်းတို့သည် ငွေတောင်ကို အလွန်ပင် အထွတ်အမြတ် ထားကြတယ်။ မိမိတို့၏ ဘိုးဘေးဘီဘင်တို့သည် ငွေတောင်ရှိ လိုဏ်ဂူကြီးထဲမှ ထွက်လာကြပြီး ကျေးရွာနှင့် မြို့ပြများ တည်ထောင်နေထိုင်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် လူဦးရေ တိုးတက်များပြားလာခဲ့ကြသည်။ သေဆုံးလျှင်လည်း သေသူ၏ဝိညာဉ်သည် ငွေတောင်ရှိ လိုဏ်ဂူကြီးဆီသို့ပင် ပြန်သွားကြရသည်ဟု စွဲလမ်းယုံကြည်ကြ၏။

“သေဆုံးသူရဲ့ ဝိညာဉ်ဟာ ငွေတောင်မှာရှိတဲ့ လိုဏ်ဂူကြီးထဲကို ပြန်သွားတဲ့အခါ အဲဒီလိုဏ်ဂူပေါက်ဝမှာ ရေမမြွေကြီးတစ်ကောင် ခွေပြီး အိပ်နေတာကို တွေ့မြင်ရလေ့ရှိတယ်။ မြွေရဲ့ကိုယ်လုံးက ကြီးမားလွန်းအားကြီးတာကြောင့် ဂူပေါက်ကို ပိတ်ဆို့ထားသလို ဖြစ်နေတယ်။ သေဆုံးသူရဲ့ ဝိညာဉ်ဟာ သူ့ပါးစပ်ထဲမှာပါလာတဲ့ အဝတ်ချုပ်အပ်ကို ထုတ်ယူပြီး မြွေကြီးရဲ့ကိုယ်လုံးမှာ ထိုးစိုက်လိုက်တယ်။ မြွေကြီးဟာ ရုတ်တရက်မို့ လန့်သွားပြီး ကိုယ်ခန္ဓာ တွန့်သွားရတယ်။ ဒါကြောင့် ဂူပေါက် ပွင့်သွားရတယ်။ သေဆုံးသူရဲ့ ဝိညာဉ်ဟာ ပွင့်သွားတဲ့ ဂူပေါက်ဝကနေ လိုဏ်ဂူထဲကို ဝင်သွားရတယ်။ ဒါကြောင့်လည်း ကယားအသုဘရုပ်အလောင်းတွေရဲ့ ပါးစပ်ထဲမှာ အဝတ်ချုပ်အပ်တစ်ချောင်းစီ ထည့်ပေးလေ့ရှိကြတာ ဖြစ်ပါတယ်။

ကယားတိုင်းရင်းသား ရှေးမီနောက်မီ သက်ကြီးပုဂ္ဂိုလ်များထံမှ အထက်ပါအတိုင်း ကြားနာသိရှိခွင့်ရခဲ့ခြင်း ဖြစ်၏။ ငွေတောင်ကို အလေးထားမှု၊ ဝိညာဉ်ယုံကြည်မှုတို့နှင့် ပတ်သက်နေသော စိတ်ဝင်စားဖွယ်ရာကောင်းသည့် ဓလေ့ထုံးစံတစ်ခုပင် ဖြစ်ပါ၏။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ဗမာတွေ၏ ထူးဆန်းသော အသုဘဓလေ့တစ်ခုအကြောင်းကိုလည်း မှတ်မိသတိရနေမိ၏။ ယင်းဓလေ့ကား အခြားမဟုတ်။ သေသူရုပ်အလောင်း၏ ပါးစပ်ထဲတွင် ကူးတို့ခဆိုပြီး မတ်စေ့တစ်စေ့ ထည့်ပေးလိုက်ခြင်းပင်ဖြစ်၏။ ထိုခေတ်ထိုကာလတုန်းက ငွေအကြွေစေ့တွေ အလွန်ပင် ပေါများ၏။ သူ့တန်ဖိုးနှင့်သူ အသုံးဝင်ကြ၏။ ပြားစေ့၊ ပဲစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်ပြားစေ့ စသည်ဖြင့် အဆင့်ဆင့်ရှိကြ၏။ ပဲစေ့၊ မူးစေ့ ခေတ်မှသည် ငါးပြားစေ့၊ ဆယ်ပြားစေ့ စသည်ဖြင့် ပြောင်းလဲလာသော်လည်း မတ်စေ့၊ ငါးမူးစေ့၊ ကျပ်ပြားစေ့ စသည်တို့ကား ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်တည်မြဲခဲ့ကြသည်။ မတ်စေ့၏ တန်ဖိုးမှာ ၂၅ ပြားနှင့် ညီမျှသည်။ မတ်စေ့၏ ပုံသဏ္ဌာန်မှာ အဝိုင်းပုံမှသည် ဆဋ္ဌဂံပုံသို့ ပြောင်းလဲလာခဲ့ရသည်။ သတ္တုဖြင့် သွန်းလုပ်ထားသော မတ်စေ့ကို ငွေကြေးအဖြစ် သုံးစွဲကြသလို သေသူရုပ်အလောင်း၏ ပါးစပ်ထဲတွင်လည်း ကူးတို့ခဆိုပြီး ထည့်သွင်းပေးလေ့ရှိကြ၏။ ယင်းဓလေ့ထုံးစံနှင့် ပတ်သက်၍ ရှေးမီနောက်မီ သက်ကြီးပုဂ္ဂိုလ်တို့ကို မေးမြန်းကြည့်သောအခါ

“သေဆုံးသူရဲ့ ဝိညာဉ်ဟာ ဒီကမ္ဘာမြေကနေ ထွက်ခွာတဲ့အခါ သူဦးတည်တဲ့နေရာကို သွားနိုင်ဖို့အတွက် ကူးတို့စီးပြီး ကူးရတယ်။ အဲဒီအတွက် ကူးတို့ခ ပေးနိုင်ဖို့ သေသူရဲ့ပါးစပ်ထဲမှာ ပိုက်ဆံတစ်မတ် ထည့်ပေးလိုက်ရတာ ဖြစ်တယ်”ဟု ပြောပြသည်ကို ကြားဖူးခဲ့ရ၏။ ရှေးခေတ်ဂရိလူမျိုးများတွင်လည်း ဤဓလေ့ထုံးစံနှင့် တူညီသည့် ဓလေ့ထုံးစံမျိုး ရှိခဲ့ဖူး၏။

“ရှေးတုန်းကတော့ ဗမာတွေသေရင် ဘယ်သူမှ သင်္ချိုင်းအထိ အသုဘကိုလိုက်ပို့လေ့မရှိကြဘူး။ သေသူရုပ်အလောင်းရဲ့ ပါးစပ်ထဲမှာ ငွေတစ်မတ် ထည့်ပေးတယ်။ ဦးခေါင်းမှာ ခေါင်းရမ်းပန်းနီနီတစ်ပွင့်ပန်ပေးပြီး ဖုတ်သွင်းလိုက်တယ်။ ဖုတ်ဝင်လာတဲ့ရုပ်အလောင်းဟာ သင်္ချိုင်းဆီကို သူဟာသူ လမ်းလျှောက်သွားတယ်။ သုသာန်မှာ တွင်းတူးပြီး အသင့်စောင့်နေတဲ့ သုဘရာဇာဟာ သူ့ဆီကို တန်းတန်းမတ်မတ် ရောက်လာတဲ့ ရုပ်အလောင်းရဲ့ ဦးခေါင်းပေါ်က ခေါင်းရမ်းပန်းကို ဖြုတ်ချလိုက်တယ်။ ဝင်နေတဲ့ဖုတ်ကို ဖယ်ထုတ်ပစ်လိုက်တဲ့ သဘောပါပဲ။ ဖုတ်ထွက်သွားပြီဖြစ်တဲ့ ရုပ်အလောင်းဟာ အရုပ်ကြိုးပြတ် ဖြစ်သွားရပြီး မြေပြင်ပေါ်ကို လဲကျသွားတယ်။ အဲဒီအခါမှာ သုဘရာဇာဟာ အလောင်းကောင်ရဲ့ ပါးစပ်ထဲက ငွေတစ်မတ်ကို “တူးဖို့ခ”အဖြစ် ထုတ်ယူလိုက်တယ်။ တူးဖို့ခဆိုတာက တော့ အလောင်းကို မြေမြှုပ်ဖို့ ကျင်း



www.burmeseclassic.com

www.burmeseclassic.com

တူးခနဲ မြေပြန်မို့ခကို ဆိုလိုတာပါ။ တူးဖို့ခကနေ နှစ်ပရိစ္ဆေဒကြာလာတဲ့ အခါမှာ ကူးတို့ခဆိုပြီး ပြောင်းလဲသွားခဲ့ရတာပါ"

ဂမ္ဘီရဆန်သည်ပဲပြောပြော၊ ဒဏ္ဍာရီဆန်သည်ပဲဆိုဆို ရှေးမီနောက်မီ ဗမာကြီးတွေပြောခဲ့သည့် အထက်ပါစကားတို့မှာ စိတ်ဝင်စားစရာ ကောင်းလှ၏။

"ကိုကို ဘာတွေစဉ်းစားနေတာလဲ။ အနားမှာရပ်နေတဲ့ ညီမလေးကိုတောင် မေ့နေပြီထင်တယ်။ စကားမပြော ဘာမပြောနဲ့။ ဘာတွေ အတွေးလွန်နေတာလဲ"

မာရီယာက ကျွန်တော့်လက်ကို ဆုပ်ကိုင်ခါလှုပ်ပြီး မေးလိုက်တော့မှ သတိဝင်လာရသည်။ သို့ဖြင့် ကျွန်တော် သတိရနေမိသော အထက်ပါ မြန်မာ့အသုဘဓလေ့အချို့အကြောင်း ပြန်ပြောင်းဖောက်သည်ချရလေ၏။

"နာဂတောင်တန်းဒေသတောင်ပိုင်း လေရှီးဆိုတဲ့ မြို့နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တန်ကွန်နာဂသွေးချင်းတွေရဲ့ အသုဘဓလေ့ကလည်း တော်တော့်ကို စိတ်ဝင်စားစရာကောင်းပါတယ်။ လူတစ်ယောက်သေဆုံးပြီဆိုရင် သေသူရဲ့ပါးစပ်ထဲမှာ ကျောက်ခဲသေးသေးလေးတစ်လုံးကို ထည့်ပေးတယ်။ တောင်ခြေချောင်းနံဘေး သဲသောင်ခုံထဲကနေ ရွေးထုတ်ကောက်ယူလာတဲ့ ပေချေးကျောက်(Mica) လို ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတဲ့ ကျောက်ခဲမျိုးပါဘဲ။ အရွယ်ကတော့ မန်ကျည်းစေ့လောက်ပဲရှိမယ်။ စောင်အသစ်ကျပ်ချွတ်တစ်ထည်ကို အလယ်ထိပ်တည့်တည့်ကနေ တစ်ဝက်ရောက်တဲ့အထိ ဆုတ်ဖြဲလိုက်တယ်။ အဲဒီစောင်ကို လူသေအလောင်းမှာ လွှမ်းခြုံပေးလိုက်တယ်။ ပြီးမှ အဲဒီရုပ်အလောင်းကို ကြိုတင်ပြုလုပ်ထားတဲ့ အုတ်ဂူထဲမှာ ထည့်သွင်းသင်္ဂြိုဟ်လိုက်တယ်"

"ဘယ်လိုသဘော၊ ဘယ်လို အဓိပ္ပာယ်မျိုးနဲ့ အဲဒီလို လုပ်ကြတာလဲ ကိုကို"

မာရီယာက စိတ်ဝင်စားစွာ မေးလိုက်ခြင်း ဖြစ်၏။

"သေဆုံးသူရဲ့ ဝိဉာဉ်ဟာ မြေအောက်ကမ္ဘာကို သွားရမှာဖြစ်တယ်လို့ သူတို့က ယုံကြည်ကြတယ်။ သူဟာ အဲဒီလို သွားတဲ့အခါ လမ်းခရီးအကြားမှာ ဂိတ်နှစ်ဂိတ်ကို ဖြတ်ကျော်ရတယ်။ ပထမဂိတ်ကိုစောင့်တဲ့ သရဲက သူ့ဆီမှာ ဂိတ်ကြေးတောင်းခံတဲ့အခါ ပါးစပ်ထဲမှာငုံထားတဲ့ ကျောက်ခဲလက်လက်ကလေးကို ထုတ်ပေးလိုက်ရတယ်။ အဲဒီလို ဂိတ်ကြေးပေးလိုက်ရင် ပထမဂိတ်ကို ကျော်ဖြတ်ခွင့်ရတယ်။ ဒုတိယဂိတ်ကို ဖြတ်တဲ့အခါကျတော့ အဲဒီဂိတ်စောင့်သရဲက ကြမ်းတယ်။ သိပ်ပြီးဆိုးတယ်။ သေသူကို အတင်းဝင်ဖက်လုံးပြီး ကိုယ်မှာ ခြုံထားတဲ့စောင်ကို လုတယ်။ သူကလည်း ခုခံပြီး စောင်တစ်ထည်လုံးပါမသွားအောင် ပြန်ပြီးလုတယ်။ သရဲနဲ့သူနဲ့ နပန်းလုံးရင်း လုရင်းနဲ့ နဂိုကတည်းက တစ်ဝက်ဖြဲထားတဲ့ ခြုံစောင်ဟာ နှစ်ပိုင်းပြတ်ထွက်သွားခဲ့ရတယ်။ တစ်ပိုင်းကို သရဲက ရသွားပြီး တစ်ပိုင်းကတော့ သူ့ဆီမှာ ကျန်ရစ်ခဲ့တယ်။ တကယ်လို့ စောင်အသစ်ကို ကြိုတင်ဖြဲမထားခဲ့ရင် တစ်ထည်လုံး သရဲလက်ထဲပါသွားမှာမို့ မြေအောက်ကမ္ဘာကို ရောက်တဲ့ အခါ သူ့အတွက် ခြုံစရာစောင် ရှိတော့မှာ မဟုတ်ဘူး။ အခုတော့ စောင်က တစ်ဝက်ပြပြီး သူ့လက်ထဲမှာ ကျန်ရစ်ခဲ့တာမို့ မြေအောက်ကမ္ဘာရောက်တဲ့အခါ ခြုံစရာစောင် ရှိနေသေးတယ်လေ"

"စိတ်ဝင်စားစရာပဲ။ အဲဒီ တန်ကွန်နာဂဆိုတဲ့ မြန်မာပြည်က လူမျိုးစုဟာ အိုင်ဒီယာ(စိတ်ကူး) တော်တော်ကောင်းကြတာပဲနော်"

မာရီယာက ချီးကျူးခန်းဖွင့်လိုက်ခြင်း ဖြစ်၏။

"အဲ...နာဂမျိုးနွယ်စုတစ်ခုဖြစ်တဲ့ လိုင်းနောင်နာဂတွေကတော့ လူသေရင် အလောင်းကို မြေမမြှုပ်ဘူး။ မီးလည်း မသင်္ဂြိုဟ်ဘူး။ သင်္ချိုင်းလို့ သတ်မှတ်ထားတဲ့နေရာမှာ ဝါးလုံးနဲ့ စင်ကလေးတစ်ခုဆောက်ပြီး သေသူရဲ့ ရုပ်အလောင်းကို တင်ထားတယ်။ ပြီးတော့ သူပိုင်ဆိုင်ခဲ့တဲ့ ဦးထုပ်၊ ဓါးပတ် စတဲ့ပစ္စည်းတွေကို အလောင်းစင်မှာ တင်ထားပေးတယ်။ သူ့ရဲ့ မိသားစုဟာ နေ့စဉ်လိုပဲ ထမင်းဟင်းနဲ့ ခေါင်ရည်ကို သူ့အလောင်းစင်မှာ သွားတင်ထားပေးတယ်"

"ဘာ့ကြောင့် အဲဒီလို လုပ်ကြတာလဲ"

"သေသူကို ရှင်သူလို သဘောထားကြတာကြောင့် ဖြစ်တယ်။ သေသူ



www.burmeseclassic.com

www.burmeseclassic.com

ဟာ အသက်ရှင်စဉ် ဘဝတုန်းက သူ့မိသားစုအတွက်ရော ရပ်ရွာအတွက်ပါ အလုပ်တွေ အများကြီး လုပ်ဆောင်ပေးခဲ့တဲ့ ကျေးဇူးကို ထောက်ထားပြီး သူ့ကို သေသူအဖြစ် သဘောမထားကြဘူး။ အသက်ရှင်နေသေးတယ်လို့ပဲ သဘောထား သတ်မှတ်ကြတာကြောင့် ရုပ်အလောင်းကို မြေမမြှုပ်၊ မီးမရှို့ကြဘဲ ဒီအတိုင်း စင်ပေါ်မှာ တင်ထားကြတာဖြစ်တယ်။ လနဲ့ နှစ်နဲ့ ချီပြီး ကြာလာတဲ့အခါ အလောင်းတင်ထားတဲ့စင်ဟာ ယောင်းနွမ်းဆွေးမြည့်ပျက်စီးပြီး ပြိုကျတယ်။ အဲဒီလို အခြေအနေမျိုးရောက်တော့မှ ရုပ်ကြွင်းနဲ့ အလောင်းစင်အကျိုးအပဲ့တွေ၊ သူပိုင်ပစ္စည်းတွေကို မြေဖို့လိုက်ကြတယ်"

မာရီယာက နားထောင်နေရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

"တကယ်တော့ ကိုကိုတို့ မြန်မာပြည်သားတွေဟာ သိပ်ပြီး သံယောဇဉ်ကြီးတတ်ကြတယ်။ မိဘမောင်နှမသားချင်းအပေါ် ဆွေမျိုးမိတ်သင်္ဂဟတွေအပေါ်၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် သိပ်ပြီး သံယောဇဉ်ကြီးတတ်ကြတယ်။ ယုတ်စွအဆုံး အိမ်မွေးတိရစ္ဆာန်တွေအပေါ်မှာတောင် သံယောဇဉ်ကြီးတတ်ကြတယ်လေ။ အဲ . . . ကိုယ့်ရဲ့ချစ်သူအပေါ်မှာဆိုရင်တော့ စဉ်းစားသာကြည့်ပေတော့ ညီမလေးရေ"

ကျွန်တော့်စကားကို နားထောင်နေရင်း မာရီယာတစ်ယောက် မျက်နှာညိုသွား၏။

"မာရီယာရယ်၊ ညီမလေးနဲ့ ပတ်သက်ပြီး ကိုကို ဘယ်လိုခံစားနေရတယ်၊ ငြိတွယ်နေတဲ့ သံယောဇဉ်နှောင်ကြိုးဟာ ဘယ်လောက်ကြီးမားနိုင်ခဲ့တယ်ဆိုတာ ပြောမပြတတ်နိုင်အောင်ပါဘဲကွယ်။ အဲဒီသံယောဇဉ်နှောင်ကြိုးကို ဘယ်လိုမှ ဖြတ်တောက်နိုင်မှာ မဟုတ်တဲ့အတွက် ညီမလေး ကိုကို့ရဲ့အချစ်ကို လက်ခံပါ။ ကိုကို့ကို လက်ထပ်ပြီး အမေရိကကို လိုက်ခဲ့ပါဆိုတဲ့စကားကို နောက်ဆုံးအကြိမ်အဖြစ် ထပ်ပြီးပြောပါရစေ"

မာရီယာက ဘာမျှ ခွန်းတုံ့ပြန်ခြင်းမပြုဘဲ အဝေးတစ်နေရာဆီသို့ ငေးကြည့်နေသည်။ ထိုစဉ် မိုက်တီးတစ်ယောက် ကျွန်တော်တို့ဆီသို့ တစ်လှမ်းချင်းလျှောက်လာ၏။ အနီးသို့ရောက်သောအခါ ဟာ့ဒ်ဇိန်းဘာသာဖြင့် တစ်စုံတစ်ရာကို ပြောဆိုလိုက်သည်။ မာရီယာက အင်္ဂလိပ်လို ဘာသာပြန်ပေး၏။

"ကိုကိုမပြန်ခင်မှာ သူကိုယ်တိုင်ရှာဖွေရယူမယ့် ပျားရည်တစ်ပုလင်းကို လက်ဆောင်ပေးလိုက်ချင်တယ်လို့ လာပြောတာပါ။ ကိုကို သူနဲ့လိုက်ပြီး ဟာဒ်ဇလူမျိုးတွေရဲ့ ပျားရည်ရယူပုံနည်းကို လိုက်ကြည့်စေချင်တယ်။ ဒါကြောင့် အခု သူနဲ့ တောထဲကိုလိုက်ခဲ့ပါလို့ လာခေါ်တာတဲ့"

ကျွန်တော်သည် မိုက်တီးကို မယုံကြည် သံသယဝင် နေသည်။ ထို့ကြောင့်လည်း ဘာမျှပြန်မပြောဘဲ နှုတ်ဆိတ်နေစဉ် -

"လိုက်သွားပါ ကိုကို၊ သူက တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ ခေါ်နေတာပါ။ ပျားရည်စုပ်ငှက်တွေအော်သလို သူက အသံတု ပြုလုပ်တတ်တယ်။ ချုံတောတွေထဲမှာ သူက ပျားရည်စုပ်ငှက်တွေ အော်သလို အသံတုပြုလုပ်ပြီး အော်ရင် တကယ့်ငှက်က အော်တယ်လို့ ငှက်အစစ်တွေက ထင်ကြတယ်။ ဒါကြောင့် အဲဒီငှက်တွေက ပြန်အော်ပြီး ပျားအုံရှိတဲ့ နေရာကို ရှေ့ဆောင်လမ်းပြ ခေါ်ဆောင်သွားပေးလိမ့်မယ်။ ဘကြီးအွန်ဝို(စ်)အတွက် မိုက်တီးက အမြဲတမ်းလို ပျားရည် ရှာဖွေပေးနေသူပါ။ ကိုကို သူနဲ့လိုက်သွားတာ အကျိုးမယုတ်ပါဘူး"

"ကိုကိုတစ်ယောက်တည်း သူနဲ့လိုက်သွားရမှာလား"

"ဒီနေရာကနေ သိပ်ပြီး မဝေးလှတဲ့နေရာမှာ သွားရှာမှာဖြစ်လို့ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ ပျားရည်ရှာတဲ့အခါ မိန်းကလေးတွေ လိုက်ပါခွင့်မရှိတာကြောင့် ညီမလေးတော့ လိုက်လို့မဖြစ်ဘူး ကိုကို။ နောက်ပြီး ပျားရည်ရှာတဲ့အခါ လူအုပ်ကြီးနဲ့လဲ သွားလို့အဆင်မပြေဘူးလေ။ ဒါကြောင့် မိုက်တီးနဲ့ ကိုကိုနဲ့ နှစ်ယောက်တည်းပဲ သွားကြပါ။ မိုက်တီးကိုလည်း ညီမလေး သေသေချာချာ မှာလိုက်ပါ့မယ်။ ကိုကို့ကို သေသေချာချာ စောင့်ရှောက်မှာပါ"

*(ဆက်လက်ဖော်ပြပါမည်။)*

**မနသာကျော်ဝင်း(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက်

# ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဂုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အဓွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဥတ္တလစ်) (၀၁-၄၀၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com

# လှပခေတ်မီ မြို့တော်ဆီသို့

မောင်အေးသန့်

(ယခင်လမှအဆက်)

**၂၃။ ကော်မရှင်နာလမ်း**

(COMMISSIONER STREET)

ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း

ဝန်ရှင်တော်မင်းကြီး ဖယ်ရာနေထိုင်ခဲ့ရာ (ယခု လသာ အ·ထ·က (၁)နေရာ) နေအိမ်တည်ရှိသည်ကို အကြောင်းပြု၍ ခေါ်ဆိုသောလမ်း။

ရန်ကုန်မြို့တော်သစ် အဆိုပြုပုံစံ အတည်ပြုပြီးသည့်နောက်ဝန်ရှင်တော်မင်းကြီး ဖယ်ယာသည် အိန္ဒိယအစိုးရနှင့် ညှိနှိုင်း၍ မြို့တော်သစ်အကောင်အထည်ဖော်ရန် ဆက်လက်စီမံဆောင်ရွက်သည်။ ယင်းသို့စီမံရာတွင် လမ်း၊ တံတား၊ ရေမြောင်း၊ ရေတွင်းစသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ၊ မြို့သူမြို့သားများ၏ ကျန်းမာရေး၊ အေးချမ်းလုံခြုံရေး ဆောင်ရွက်မည့် ပုလိပ်(စ်) စသူတို့အတွက် အသုံးပြုရန် ငွေကြေးလိုအပ်လာသည်။ သို့ဖြင့် ဖယ်ယာသည် မြေနေရာချထားရာတွင် မြေသားများ၊ အိမ်နေရာကွက်များ ရောင်းချရန်နှင့် ဈေးနှုန်းသတ်မှတ်ရန်၊ မြို့ဝန်၏ စီရင်စုအတွင်း မြို့တော်နှင့် ဆင်ခြေဖုံး လူနေရပ်ကွက်များတွင် နေရာချထားရေးအတွက် ဥပဒေများထုတ်ပြန်ရန်၊ မြို့တော်ရန်ပုံငွေအတွက် လစဉ်၊ နှစ်စဉ် မြူနီစီပယ်ခွန်ကောက်ခံရန်၊ ကျန်းမာရေးအတွက် မြို့တွင်းတွင် ကျွဲ၊ နွား၊ ဝက် စသည်များကို မွေးမြူခြင်း၊ သားသတ်ရုံထားရှိခြင်း၊ မြို့တွင်း၌ လူသေအလောင်းများကို မီးရှို့ခြင်း၊ မြှုပ်နှံခြင်းတို့ကို ခွင့်မပြုရန် စသည့်လုပ်ငန်းများကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့သည်။

ထိုစဉ်က ဓားမဦးချ ဘိုးဘွားပိုင်မြေ (FREEHOLD LAND)နှင့် အငှားချထားသည့် ဂရန်မြေ (LEASE LAND) ဟူ၍ အရောင်း၊ အငှားနှစ်မျိုးရှိခဲ့သည်။ ယင်းသို့ အရောင်းအငှားမြေအမျိုးအစားများ ရှိသကဲ့သို့ အခမဲ့ (FREE GRANT)ချထားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွက် သတ်မှတ်မြေများလည်း ရှိပေသေးသည်။

**ပမာအားဖြင့် -**

**- အမေရိကန် နှစ်ခြင်း မစ်ရှင်အသင်း**

ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်း အနောက်တောင်ထောင့်နေရာတွင် တည်ရှိသည်။

**- အာမေးနီးယမ်း ဘုရားရှိခိုးကျောင်း**

ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်း အနောက်တောင်ထောင့်နေရာတွင်တည်ရှိသည်။ (၁၈၆၂ ခုနှစ်တွင် တည်ထောင်သည်။)

၁၇ ရာစုနှစ်က အိန္ဒိယ၊ အီရန်နှင့် အခြားနိုင်ငံများမှ အာမေးနီးယမ်း



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးများ မြန်မာနိုင်ငံသို့ ရောက်ရှိအခြေချ၍ စီးပွားရေး လူမှုရေးများကို လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။ ၁၈၉၅ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသော မစ္စတာ အပရမေဆိုသူသည် ခုနစ်နှစ်သားအရွယ်က ရွှေတိဂုံစေတီတော်ကြီး၏ ဌာပနာတိုက်သို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။ နောက်ဆက်တွဲမှတ်စုတွင်ရှု။

- **ဟိန္ဒူဘုရားကျောင်း**

မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်း အနောက်မြောက်နေရာတွင် တည်ရှိသည်။

- **မဂို ဗလီဝတ်ကျောင်း**

မဟာဗန္ဓုလလမ်း၏ တောင်ဘက် ၂၉ လမ်းနှင့် လမ်း ၃၀ အကြား နေရာတွင် တည်ရှိသည်။

- **စူရတီ ဗလီဝတ်ကျောင်း**

မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်း၏ အနောက်တောင်ထောင့် နေရာတွင် တည်ရှိသည်။

- **ဂျူးဘာသာဝင်များ၏ ဘာသာရေး အဆောက်အအုံ** (SYNAGOGUE)

မဟာဗန္ဓုလလမ်း တောင်ဘက်၊ ၂၅ လမ်း နှင့် ၂၆ လမ်းအကြား နေရာတွင်တည်ရှိသည်။

မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသော ရဟူဒီ (ဂျူး)လူမျိုးများနှင့် စပ်လျဉ်း၍ အာရတ်စကားပြော ဂျူးတို့သည် ရာစုနှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံ ကမ်းရိုးတန်းဆိပ်ကမ်းများသို့လာရောက်ဖောက်ကား ရောင်းဝယ်ခဲ့ကြသည်။

ကုန်းဘောင်မင်းဆက်ကိုတည်ထောင်သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ (၁၇၅၂-၁၇၆၀)လက်ထက်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး အခြေချသူမှာ ဂျူးအမျိုးသား ဆော်လမွန် ဂယ်ဗရီယယ် (SOLOMON GABRIEL) ဆိုသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အလောင်းမင်းတရားကြီး၏ တပ်မတော်တွင် အရာရှိအဆင့်ဖြင့် အမှုထမ်းဆောင်ခဲ့သည်။

ဗြိတိသျှတို့ အုပ်စိုးမှုအောက်၌ အိန္ဒိယနိုင်ငံတွင်နေထိုင်ခဲ့သော အီရတ် (ဘဂ္ဂဒက်နှင့် အစ်ပါဟန် (ISPHAN) တို့မှ ဂျူးမိသားစုများ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ရောက်ရှိလာကြရာ ခရစ်နှစ် ၁၈၉၈ ခုနှစ်သို့ ရောက်သောအခါ ရန်ကုန်မြို့ရှိ ဂျူးလူမျိုးဦးရေမှာ အတော်အတန်များပြားနေပြီဖြစ်သည်။ ဤသို့ဖြင့် ကိုးကွယ်မှုဆိုင်ရာ ဂျူးဘုရားကျောင်း တစ်ကျောင်းကိုလည်း ကောင်း၊ ၁၉၃၂ ခုနှစ်တွင် ဒုတိယ ဘုရားကျောင်း တစ်ကျောင်းကိုလည်း ကောင်း တည်ဆောက်နိုင်ခဲ့ကြသည်။ ယင်းသို့ ဂျူးလူဦးရေများပြားလာသည်နှင့်အမျှ ဂျူးအမျိုးသား ဒေးဗစ်ဆိုဖီယာ (DAVID SOPHAER) ဆိုသူပင်လျှင် ရန်ကုန်မြို့တော်ဝန်အဖြစ် ယာယီဆောင်ရွက်ခဲ့သည်။ ၁၈၅၉ ခုနှစ်ကုန်ပိုင်းတွင် သက်ဆိုင်ရာ အာဏာပိုင်တို့က ဘာသာပေါင်းစုံအတွက် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် နေရာချထားပေးခဲ့သဖြင့် မဟာဗန္ဓုလလမ်းတောင်ဘက် ၂၅ လမ်းနှင့် ၂၆ လမ်းအကြား ဂျူးဘုရားကျောင်းနေရာ သတ်မှတ်ပေးခဲ့ကြောင်း ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ပန်း (B.R. PEARN) ၏ ရန်ကုန်သမိုင်းတွင်ဖော်ပြသည်။ ယခုအခါ ပန်းပဲတန်းမြို့နယ်၊ ၂၆ လမ်းတွင် ဂျူးဘုရားကျောင်းကို ဖူးတွေ့နိုင်သည်။

- **မဟာသိမ်တော်ကြီး**

မဟာဗန္ဓုလလမ်း မြောက်ဘက် ၂၆ လမ်းနှင့် ကုန်စျေးတန်းလမ်း အကြား နေရာတွင်တည်ရှိသည်။

- **တရုတ်ဘုရားကျောင်း**

[ကွမ်ယင် လောကနာထ(လက်တို) ဘုရားကျောင်း]

တရုတ်ပြည်၊ ကောင်းတုံပြည်နယ်သားများ (မြန်မာအခေါ် အကျီတိုတရုတ်)တို့ တည်ထားကိုးကွယ်သော ကွမ်ယင်၊ လောကနာထဘုရားကျောင်း ကျောင်း၏ ပင်မအဆောက်အအုံကို ခရစ်နှစ် ၁၈၆၄ ခုနှစ်တွင်လည်းကောင်း၊ ကျန်ဘေးနှစ်ဖက် နှစ်ချက်ကို ၁၈၇၄ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ခဲ့သည်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ခရစ်နှစ် ၁၈၅၃ ခုနှစ်၊ အင်္ဂလိပ်တို့ရေးဆွဲသော ရန်ကုန်မြေပုံတွင် မဟာဗန္ဓုလလမ်း မြောက်ဘက် လသာလမ်းနှင့် လမ်း ၂၀ အကြားတွင် ထိုဘုရားကျောင်း တည်ရှိကြောင်း ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၁၈၂၅ ခု၊ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်း အင်္ဂလိပ်တပ်တွင်ပါဝင်ခဲ့သော ဗိုလ်ကြီးဘဲနက် (BENNETTE) ၏ မှတ်တမ်းအရ ချောင်းနံဘေး (လသာလမ်းနေရာ ချောင်း)ရှိ ကုန်လှောင်ရုံဟု ယူဆရသော အဆောက်အအုံဟောင်းအတွင်း ကောင်းတုံ့ဘားတရုတ်လူမျိုးများ (၁၇-၂-၁၈၂၅)ခုနှစ်၊ ညဦးသန်းကောင်ယံ၌ နှစ်သစ်ကူးပွဲတော် ကျင်းပနေပုံကို ဖော်ပြထားသည်။ ထိုစဉ်က ဘဲနက် ရည်ညွှန်းခဲ့သော အဆောက်အဦးမှာ ယခုလမ်း ၂၀ နှင့် လသာလမ်းအကြားတည်ရှိသော ကွမ်းတုံ့ကွမ်ယင်မယ်တော် လောကနာထ (အဂလောကီတေသွာရ ဘုရားလောင်း) နေရာပင်ဖြစ်သည်။

- **တရုတ်ဘုရားကျောင်း**

[ဖူးကျိုးယင့် (လက်ရှည်) ဘုရားကျောင်း]

တရုတ်ပြည် ဖူးကျိုးယင့်ပြည်နယ်သားများ (မြန်မာအခေါ် အင်္ကျီရှည်တရုတ်)တို့ တည်ထားကိုးကွယ်သော လောကနာထဘုရားကျောင်း။ ထိုကျောင်းကို တည်ဆောက်ရာတွင် ပင်လယ်ရပ်ခြား တရုတ်ကတ္တူလှေ (JUNKS) ပိုင်ရှင် (၆၃)ဦးတို့က ခရစ်နှစ် ၁၈၆၃ ခုနှစ်တွင် အလှူငွေ ပါဝင်လှူဒါန်းခဲ့ကြသည်။ ရန်ကုန်မြို့ရှိ တရုတ်ဘုရားကျောင်းများတည်ဆောက်ရာတွင်လည်း ကတ္တူလှေပိုင်ရှင်များက ပါဝင်လှူဒါန်းခဲ့ကြသည်။

- **ဖူရှန်ဘုရားကျောင်း**

ရန်ကုန်ကမာရွတ် ကုက္ကိုင်းလမ်းဆုံအနီးရှိ ဖူရှန်လောကနာထ ဘုရားကျောင်းကို ခရစ်နှစ် ၁၈၇၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

တရုတ်ပြည် ကမ်းစပ်ဒေသ၊ အထူးသဖြင့် ဖူးကျိုးယင့်နှင့် ကန်တုံဒေသတို့က တရုတ်လူမျိုးများသည် တနသ်ာရီ၊ ပဲခူးတိုင်းဒေသအသီးသီးတွင် လာရောက်အခြေချနေထိုင်ခဲ့ကြသည်။ ဖူးကျိုးယင့် (လက်ရှည်) တရုတ်တို့မှာ ကုန်သည်ကြီးများဖြစ်ကြပြီး ကန်တုံတရုတ် (လက်တို)တို့မှာ သစ်လုပ်ငန်းရောင်းဝယ်ရေး လက်သမား၊ လက်မှုပညာသည်များ၊ ဟိုတယ်မန်နေဂျာများ၊ အပေါင်ဆိုင် ပိုင်ဆိုင်သူများ၊ ယစ်မျိုး (အရက်)လုပ်ငန်းလိုင်စင်ရသူများ ဖြစ်ကြသည်။

ထို့ပြင် ရှန်တုန့်(SHUNG TUNG) ပြည်နယ်မှ ဟတ်က (HAKKA) လူမျိုးအနည်းစုသည်လည်း မြန်မာပြည်သို့ လာရောက်အခြေချနေထိုင်ကာ ပိုးဖျင်နှင့် ဇာထိုး၊ ပန်းထိုးအထည်အလိပ်များကို ရောင်းဝယ်ဖောက်ကားကြသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တရုတ်လူမျိုးများအနက် အရှေ့တောင်အာရှ မလက္ကားရေလက်ကြားမှ တစ်ဆင့် မြန်မာပြည်အောက်ပိုင်း မြို့ရွာများသို့ ရေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများလည်း အများအပြားရှိခဲ့သည်။

အစောပိုင်းကာလက ယူနန်ပြည်နယ်မှ တရုတ်တို့သည် ပိုးလမ်းမ (SILK ROAD) ခေါ် လားတိရိစ္ဆာန်များကူးသန်းသွားလာရာ လမ်းကြောင်းမှ တစ်ဆင့် မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေး၊ မြင်းခြံ၊ မကွေး၊ တောင်တွင်းကြီးနှင့် အခြားမြို့များသို့ ဝင်ရောက်အခြေချကြ ပိုးထည်၊ လက်ဖက်ခြောက်များကို ရောင်းချ၍ ဝါဂွမ်းနှင့် ချည်မျှင်များကို ယူနန်သို့တင်ပို့ခဲ့ကြသည်။ ထိုမြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသော တရုတ်လူမျိုးများသည် (မဟာယန) ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် တိုင်းရင်းသားများနှင့် သွေးနှောကာ မြန်မာဓလေ့ထုံးတမ်းစဉ်လာများကို လက်ခံကျင့်သုံးခဲ့ကြသည်။ စေတီပုထိုး၊ ဇရပ်တန်ဆောင်း စသည့် ဒါယကာများအဖြစ် ခံယူ၍ မြန်မာအမည်များကိုပင် ပြောင်းလဲခံယူခဲ့ကြသည်။ ထိုလာရောက်အခြေချသော တရုတ်လူမျိုးများနှင့် တိုင်းရင်းသားတို့မှ ပေါက်ဖွားသူများကို အညာတရုတ်များဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

- **ခရစ်ယာန်သီလရှင်ကျောင်း**

အနော်ရထာလမ်း မြောက်ဘက်၊ ဗိုလ်ဆွန်ပတ်လမ်း (မဟာဗန္ဓုလလမ်း)နှင့် ၃၁ လမ်းအကြားတွင် ခရစ်ယာန်သီလရှင်ကျောင်း (CONVENT) နေရာသတ်မှတ်သည်။

သာသနိက အဆောက်အအုံများအတွက် နေရာချပေးရာတွင် ခရစ်ယာန်သီလရှင်ကျောင်းနေရာနှင့် စူရတီဗလီဝတ်ကျောင်းများမှ တစ်ပါးကျန်နေရာများမှာ အခွန်နှင့် ဝယ်ယူခွန်များ ကင်းလွတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

- **ဝန်ရှင်တော်မင်းကြီး ဖယ်ယာ၏ရုံး**

ရန်ကုန်မြို့တည်စက ရုံးပြင်ကန္တား ဟူ၍ သီးခြားမရှိ၊ ရုံးအဆောက်အအုံ များမှာ ဘုန်းတော်ကြီးကျောင်းများသာ ဖြစ်သည်။ ဖယ်ယာနေခဲ့သော အိမ် သည် စတော့ကိတ် (STOCKADE) တောင်ဘက်ရှိ ခန့်ညားထည်ဝါသော ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး သူ၏ ရုံးခန်းမှာ ယခု အ·ထ·က (၁)လသာ ကျောင်းတည်ရှိရာ ဗိုလ်ချုပ်အောင် ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်း ထောင့်ရှိ ဘုန်းတော်ကြီးကျောင်းများ ဖြစ်သည်။

- **အရေးပိုင်ရုံးနှင့် ငွေတိုက်**

ဒုတိယ ကော်မရှင်နာမင်းကြီး (အရေးပိုင်)အရေးခန်းနှင့် ငွေတိုက်တို့ မှာလည်း အထက်ဖော်ပြပါ နေရာ၏ မြောက်ဘက်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဖြစ်သည်။

- **မြို့ဝန်၏ တရားရုံးနှင့် စစ်တန်းလျားများ**

အနော်ရထာလမ်းနှင့် ရွှေတိဂုံ ဘုရားလမ်းဖြတ်သည့် နေရာတွင် မြို့ဝန်၏ တရားရုံး (MAGISTRATE COURT) နှင့် သစ်ဖြင့်ပြန်လည်တည် ဆောက်ထားသော စစ်တန်းလျားများ တွင် ဗြိတိသျှတပ်ဖွဲ့များနေရာယူထား ကြသည်။

- **မီးရထားဟိုတယ်**

ထူးခြားသည်မှာ ထိုစဉ်က မီးရ ထားမရှိပါဘဲလျက် ရွှံ့နွံထူသောအရပ် တွင် မီးရထားဟိုတယ်အမည်ဖြင့် တဲ ကြီးတစ်လုံး ဆောက်လုပ်၍ တစ်ည လျှင် ငါးကျပ်နှုန်းဖြင့် တည်းခိုနိုင်ခြင်း ပင်ဖြစ်သည်။ ထိုဟိုတယ်တွင် လိုင် စင်ရ အရက်ရောင်းချခြင်းအပြင် ဘီလီ ယက်ခုံပါ ထားရှိသည်။

ဗြိတိသျှတို့က ဘုန်းတော်ကြီး ကျောင်းများကို ရုံးပြင်ကန္တားအဖြစ် ဖွင့်လှစ်ရန်နှင့် စစ်ဘက်အာဏာပိုင် များနေထိုင်ရန်သင့်လျော်သည်ဟု ယူဆထားကြပုံရသည်။ ယခင် ရန်ကုန်မြို့ဝန် နေထိုင်ရာအိမ်တော် အပါအဝင် ပျက်စီးယိုယွင်းနေသော အဆောက်အအုံများကိုလည်း အာ ဏာပိုင်တို့က ကုန်လှောင်ရုံ၊ စာရေး စာချီဝန်ထမ်းများနေထိုင်ရာ တန်းလျား များအဖြစ် ပြောင်းလဲခဲ့သည်။

- **ဂေါ့ဖရီးရိန်း**

ဗိုလ်တထောင် သင်္ဘောကျင်း အရှေ့တောင်ဘက်တွင် စွန့်ဦးတီထွင် သူတစ်ဦးက ဂေါ့ဖရီးရိန်း (GODFREE RANGE) အမည်ဖြင့် သစ်သားတန်း လျားတစ်ခု တည်ဆောက်၍ အခန်း များကန့်ကာ ငှားရမ်းသည်။ ဈေးနှုန်း အလွန်ကြီးမြင့်သည်ဟုဆိုသည်။ ထို နေရာအနီးတွင် အဆိုပါပုဂ္ဂိုလ်ကပင် ကြက်၊ ဝက်၊ အမဲ၊ ငါးပိနှင့် အခြား စားသောက်ကုန်များ ရောင်းချရန် ဈေးတစ်ဈေးဆောက်၍ ဆိုင်ခန်းများ အငှားချထားသည်။ ထို့အပြင် ယခင် ခံတပ်အနီးတွင် ဈေးကြီးတစ်ဈေး၊ ကမ်းနားလမ်းပေါ်တွင် အစိုးရငါးဈေး တစ်ဈေးလည်း ရှိပေသေးသည်။

- **ရန်ကုန်မြင်ကွင်း**

ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်ဒါလဟိုဇီ ရန်ကုန်သို့ ရောက်ရှိချိန်တွင် ရန်ကုန်လမ်းများကို စီမံချက်အတိုင်း ဖောက်လုပ်ပြီးဖြစ် သည့်အပြင် အမည်များပင် ပေးထား ပြီးဖြစ်သည်။ ကမ်းနားလမ်းမှာလည်း ဖောက်လုပ်ပြီးစီးသလောက်ဖြစ်သည်။

ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းမီးတိုင်များ စိုက်ထူပြီးဖြစ်ရာ ရန်ကုန်မြို့သည် လမ်းများ၊ လူနေ အိမ်ခြေများဖြင့် တိုးတက် စည်ကား လာသည်။

ခရစ်နှစ် ၁၈၅၅ ခုနှစ်၊ ဒီဇင် ဘာလတွင် မီးလောင်မှုကြီးတစ်ခု ဖြစ်ပွားခဲ့ရာ ဝန်ရှင်တော်မင်းကြီး ဖယ်ယာ၏ ခန့်မှန်းချက်အရ ငွေကျပ် ၅ သိန်း၊ ၆ သိန်း ခန့်ဆုံးရှုံးကြောင်း သိရသည်။

ဤကား မြို့တော်တည်ဆောက်စ မြို့တော်ရန်ကုန်၏ ကနဦး မြင်ကွင်းပင် ဖြစ်သည်။

**မောင်အေးသန့်**



www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဖွဲ့ကောင်း ဆိုသည်မှာ

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် သေနကမင်းကြီး ထီးနန်းစိုးစံ အုပ်ချုပ်မင်းလုပ်နေချိန်ဖြစ်၏။ ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့၏ အရှေ့ဘက် "သာလိန္ဒ"ဟူသောရွာတွင် ပုဏ္ဏားလယ်သမားတစ်ယောက် ဖြစ်နေသည်။ တစ်နေ့ ပုဏ္ဏားလယ်သမားသည် မိုးဦးကျစအချိန်ဖြစ်သဖြင့် လယ်ယာကို ထွန်ယက်ရန်အတွက် လယ်တောသို့ ဆင်းလာခဲ့၏။ လယ်စပ်တစ်နေရာမှာ ပုဏ္ဏားလယ်သမားသည် ရေအိုင်တွင် ဝင်ရောက်ကာ မျက်နှာသစ်လေသည်။

ထိုစဉ်အခိုက် နှစ်ခြိုက်ချစ်ခင်စရာ ရွှေရောင်ဝင်းနေသည့် လယ်ပုစွန်လုံးတစ်ကောင် သူ့ဆီသို့ တရွေ့ရွေ့ ကူးခပ်ရောက်ရှိလာနေသည်ကို တွေ့ရှိရလေသည်။ ပုဏ္ဏားလယ်သမားသည် ပုစွန်လုံးကို ဖမ်းယူကောက်ကိုင်ကာ မိမိ၏ အပေါ်ရုံ ပုဆိုးကြားအတွင်းသို့ သွင်းထားလျက် အိပ်နေစေသည်။ ထို့နောက် တစ်နေကုန်မျှ လယ်ကိုထွန်နေခဲ့ပြီးနောက် ဆည်းဆာအချိန် အိမ်သို့ ပြန်ချိန်တွင် ပုစွန်လုံးကို သူနေခဲ့သော ရေအိုင်အတွင်း ပြန်လည်ထားရစ်ခဲ့၏။

နောက်တစ်ရက်တွင်လည်း ပုဏ္ဏားလယ်သမားသည် လယ်တောသို့ ဆင်းလာခဲ့ပြန်သည်။ ရေအိုင်တွင် မျက်နှာသစ်သည်။ ပုစွန်လုံးကို ကောက်ယူကာ ခါးပိုက်တွင်းမှာ ထည့်ထားလိုက်၏။ တစ်နေကုန်အောင် လယ်ကိုထွန်သည်။ ညနေစောင်းသည့်အခါ ပုစွန်လုံးကို ရေအိုင်အတွင်း ပြန်လည်ထားရှိခဲ့သည်။ နေ့ရက်ချိန်ခါ ကြာမြင့်လာသည့်အခါ ပုစွန်လုံးနှင့် ပုဏ္ဏားလယ်သမား မေတ္တာ ခိုင်မြဲ ခွဲမရဘဲ ရင်းနှီးချစ်ခင် ကျွမ်းဝင်ခင်မင်လာကြသည်။ သည်လိုနဲ့ တစ်နေ့ပြီးတော့တစ်နေ့။ လယ်စပ်တစ်နေရာရှိ ထန်းပင်တစ်ပင်ပေါ်မှာနေသော ကျီးကန်းတစ်ကောင်က ပုဏ္ဏားလယ်သမား၏ တောက်ပကြည်လင်သော မျက်လုံးအစုံကို အာသာငမ်းငမ်း တပ်မက်စားချင်လာလေသည်။ သို့ဖြစ်၍ ထိုအကြောင်းကို ကျီးမသည် ကျီးဖိုအား ပြောပြ၏။ ကျီးဖိုက သူမည်သို့မျှ မပြုလုပ်တတ်သည့်အကြောင်း ပြောဆိုသည်။ ကျီးမသည် ကျီးဖိုအား အကြံဉာဏ်ပေးလျက် အနီးတွင်ရှိနေသည့် တောင်ပို့တစ်ခုအတွင်းမှ မြွေဟောက်တစ်ကောင်အား သွားရောက်ခစားစေသည်။

မြွေဟောက်လည်း မိမိအား လာရောက်ခစားသည့် ကျီးဖိုအား လက်ခံမိတ်ဖွဲ့ကာ မိမိအား မည်သို့သော အကြောင်းကြောင့် ခစားပါသနည်းဟု မေး၏။ ထိုအခါ ကျီးဖိုက မိမိ၏ကျီးမချင်ခြင်းတပ်သဖြင့် မြွေဟောက်၏အကူအညီကို ရလိုသောကြောင့် ဖြစ်ပါသည်ဟု အဖြေပေးသည်။ မြွေဟောက်ကလည်း "ဤသို့ဆိုလျှင် မိမိအကူအညီပေးမည်။ ဖြစ်မြောက်ဖို့ တာဝန်ယူဆောင်ရွက်ပေးမည်"ဟု ကတိပေးလေသည်။

နောက်တစ်နေ့တွင် မြွေဟောက်က ပုဏ္ဏားလယ်သမားလာမည့် လမ်းအနီးမှ မြက်ဖုတ်တစ်ခုတွင် ပုန်းအောင်းစောင့်ဆိုင်းနေလိုက်သည်။ ပုဏ္ဏားလယ်သမားသည် ခါတိုင်းကဲ့သို့ပင် ရေအိုင်ရှိရာသို့ သွားရောက်ပြီး မျက်နှာသစ်သည်။ ပုစွန်လုံးကိုလည်း ရေအိုင်အတွင်းမှ ကောက်ယူလျက် ခါးပုံစအတွင်းထည့်၍ လယ်တောသို့ ဆင်းလာလေသည်။ မြက်ဖုတ်အတွင်းမှ ချောင်းမြောင်းစောင့်ဆိုင်းနေသည့် မြွေဟောက်သည် မိမိအနီးသို့ ပုဏ္ဏားလယ်သမား ရောက်လာသည်နှင့် တစ်ပြိုင်နက် ခြေထောက်ကြားသို့ လှမ်းပေါက်လိုက်၏။ ပုဏ္ဏား လဲကျသွားသည့်အခါ မြွေဟောက်က သူ၏တောင်ပို့ရှိရာသို့ လျှောခကနဲ လျှောခနဲ ပြေးထွက်သွားသည်။ ထိုအခိုက် ပုဏ္ဏား၏ ပုဆိုးကြားမှ ပုစွန်လုံးကလည်း ဖြုတ်ခနဲ ခုန်ထွက်

www.burmeseclassic.com

ပြီး ဖြစ်နေသည်။ ကျီးဖိုသည် ထိုစဥ်ခဏတွင် ပုဏ္ဏားအဲ ရင်ဘတ်ပေါ်သို့ လာနားသည်။ ပုဇွန်လုံးကလည်း မြန်ဆန်လှ၏။ ကျီး၏လည်ပင်းကို လက်မနှင့်ဖမ်းညှပ်ထားလိုက်သည်။ ပုဏ္ဏားလယ်သမား၏ မျက်လုံးကို ဖောက်ယူရန် ရောက်လာသောကျီး အကြံမဟန်တော့။ မြွေဟောက်အား သူ့ကိုကယ်ပါဦးဟု လှမ်းခေါ်ပြီး အကူအညီတောင်းရတော့သည်။ ကျီးဖို၏ ကယ်ပါယူပါ ခေါ်သံကို ကြားလိုက်ရသည့် မြွေဟောက်လည်း အပြေးအလွှားရောက်လာသည်။ မြွေဟောက်လည်း ပုဇွန်လုံး၏လက်မှ မလွတ်ပေ။ သူလည်း ညှပ်ယူဖမ်းဆီးခြင်းကို ခံလိုက်ရပြန်သည်။

ထိုအခါ မြွေဟောက်က "ပုဇွန်လုံးဆိုတာ ကျီးသားလည်း မစားပါ။ မြွေသားဆို ဝေလာဝေး။ ဘာဖြစ်လို့ ကျီးနဲ့ မြွေကို ခုလိုဖမ်းထားရပါသလဲ" ဟု ပုဇွန်လုံးအား မေးခွန်းထုတ်သည်။ ပုဇွန်လုံးက "ပုဏ္ဏားလယ်သမားဟာ မိမိ၏ ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သည်။ မိမိမိတ်ဆွေအား သတ်ဖြတ်မည့်သူများဖြစ်၍ ယခုလို ဖမ်းဆီးရခြင်းဖြစ်ကြောင်း အဖြေပေးလိုက်၏။ ထိုသို့ ဖြေကြားသည့်စကားကို ကြားသိရသော အခါ မြွေဟောက်က ပုဇွန်လုံးအား ပရိယာယ်သုံးလျက် တစ်ပတ်ရိုက်ပြီး လွတ်အောင်ကြံမည်ဟု စိတ်ကူးဖြင့် -

"ကျီးကန်းနှင့် မိမိတို့အား လွှတ်ပေးမည်ဆိုပါက ပုဏ္ဏားထံမှ အဆိပ်တွေ ပြန်စုပ်ထုတ်ပေးပါမည်"ဟူ၍ ကတိပေးသည်။ သို့စေကာမူ ပုဇွန်လုံးကလည်း နပ်၏။ "အပြီးတိုင်တော့ လွှတ်မပေးနိုင်သေး။ ညှပ်ထားသည်ကိုတော့ နည်းနည်းလျှော့ပေးထားမည်။ အဆိပ်တွေ ကုန်အောင်စုပ်ပေးပြီးမှ လွှတ်ပေးမည်"ဟု ဆိုလျက် အဆိပ်ကို ကုန်အောင်စုပ်ယူစေသည်။ မြွေဟောက်သည်လည်း မတတ်သာသဖြင့် အဆိပ်တွေကို ကုန်အောင် ပြန်စုပ်ပေးရ၏။ အဆိပ်များကုန်သွားသဖြင့် ပုဏ္ဏားလည်း မိမွေးတိုင်း ဖမွေးတိုင်း ပြုံးရွှင်ကြည်လင်စွာ ပြန်လည်နိုးထလာလေသည်။

သို့ပင်ဖြစ်စေကာမူ ပုဇွန်လုံးက နောက်ပိုင်းဖြစ်ပေါ်လာဦးမည့် ရန်စွယ်အန္တရာယ်ကို စိတ်မချရသဖြင့် အခါအခွင့်ကြုံနေသည့်အခိုက် မြွေဟောက်နှင့် ကျီးကန်းတို့၏ လည်မျိုတွေကို ညှပ်ထားသည့်ညှပ်အားကို တိုးတက်ညှစ်ပစ်လိုက်သည့်အခါ ကျီးမိုက်နှင့် မြွေယုတ်တို့၏ ဦးခေါင်းများ တိခနဲ ပြတ်ကျသွားလေသည်။

ဘေးအန္တရာယ် ကြုံတွေ့သည့်အချိန် ကူညီသူသည်သာ မိတ်ဆွေကောင်းဖြစ်၏။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး။ ။ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါး ဆယ်။ သုဝဏ္ဏကက္ကဋကဇာတ်။


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**
**အဆောင်ဓာတ်လုံး**
**ဘော် + ဘင် + ပြဒါးသွတ်**

• ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ပီယ-လာဘ-ဓနု-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်၊ သမထကျင့်စဥ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် ဇ-ဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။
၂။ ပီယ+ဓနု၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။
၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။
၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။
၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဥ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com

# အံ့ဩဖွယ်ရာ ထွက်ရပ်လမ်းနှင့် သိဒ္ဓိပေါက်ပုံနည်းမျိုးစုံ (၁)

စကြာမင်းအောင်

မြတ်စွာဘုရား၏ ဗျာဒိတ်တော်ထွက်၊ သိုက်အလာကို၊ သေချာစွာ ကိုက်ညှိ၍ သာသနာစာတ်ကြီးကို ဖွင့်နှီးတော်မူသော ပုပ္ပားဘိုးတော်ကြီး၏ ဝိဇ္ဇာကြီးအောင်မင်းခေါ်သည့် ကြွလာကြသော တပည့်ပရိသတ်တို့အား ပါရမီအနုအရင့်ကို ဉာဏ်မှာချင့်၍ အတွေ့ခံတော်မူပြီးလျှင် သာသနာပြုအမိန့်နှင့် ထွက်ရပ်ပေါက်ပညာတို့ကို ကိုယ်ထိလက်ရောက် ချီးမြှောက်တော်မူနေသည်မှာ၊ ၁၃၀၀ ပြည့်နှစ်ဝါဆိုလကစ၍ ယခုတိုင် နှစ်ကိုရေတွက်သော် ၁၀ နှစ်တိုင်တိုင် ကြံ့ခိုင်မပြတ် တောင်ကလပ်၌ သီတင်းသုံးနေထိုင်သည်မှာ မြန်မာနိုင်ငံတော်အတွင်းရှိ ဂိုဏ်းတော်ဝင် တပည့်ပုဂ္ဂိုလ်အပေါင်းတို့ အသိဖြစ်ကြပေလိမ့်မည်။ (မသိသူကျော်သွား သိသူဖော်စား)

မြတ်စွာဘုရား၏ သာသနာတော်နှင့်တကွ ကမ္ဘာကြီးအတွက် ဒုက္ကရစရိယာကျင့်တော်မူရှာသော ပါရမီရှင် သာသနာပြုဝိဇ္ဇာဆရာကြီးတစ်ဦးကိုပင် အသိဉာဏ်မျက်စိ မရှိကြကုန်သော အချို့ အန္ဓပုဂ္ဂိုလ်တို့က အရူးကြီးထင်မှတ်၍ အမျိုးမျိုးပြစ်မှားကာ မထီမဲ့မြင်နေကြသေးသည်။

အသိဉာဏ်မျက်စိ ရှိကုန်ကြသော ဂိုဏ်းတော်ဝင်လူ ရှင်၊ ရဟန်းတို့မှာကား ပါရမီရှင် ဝိဇ္ဇာဆရာကြီးကို ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် အလွန်ရှိသေပြီးလျှင် အရိပ်အခြည်ကိုကြည့်ရှု၍ အနီးမဝေး ၁၂ တောင်ထွာခန့်ကပင် လက်အုပ်ချီမိုး ဦးခေါင်းညွတ်လျှိုး၍ အရိုအသေအလေးပြုကြလေသည်။ ထို့ကြောင့် မသိသူကျော်သွား၊ သိသူဖော်စားဟူသော လောကစကားပုံသည် ပါရမီရှင် ဝိဇ္ဇာဆရာကြီးများနှင့်တွေ့မှ အလွန်ထင်ရှားလေသည်။ လောက၌ ပညာမျက်စိမရှိကြသော လူအန္ဓတို့သည် လောကီဂုဏ်ပကာသနကို အလွန်အလိုရှိကြလေသည်။ တစ်ဦးနှင့်တစ်ဦး ကြည်ညိုမှု၊ ကိုးကွယ်မှုတို့၌လည်း လောကီဂုဏ်ပကာသနကို တင်၍ ကြည်ညိုလေးစားကြကုန်သည်။

အချို့သော အန္ဓပုဂ္ဂိုလ်တို့ မျက်စိအမြင်မှာ သူတော်ကောင်း။ အနေသူတော်ကောင်း။ အစားသူတော်ကောင်း။ အဝတ်သူတော်ကောင်း နေထိုင်မှုသာလျှင် ဝိဇ္ဇာဟု ထင်မှတ်နေကြ၏။ ဝမ်းတွင်း၌ရှိသော သီလ၊ သမာဓိ၊ အကျင့်သိက္ခာတို့နှင့် သိဒ္ဓိကိုကား မြင်နိုင်သောမျက်စိမရှိသဖြင့် အသွင်အပြင်ကိုသာ အဓိကထား၍ ကြည်ညိုနေကြသည်။

ထိုသို့ ကြည်ညိုမှုကို အရင်းခံ၍ မသူတော်တို့သည် အဝတ်ရောင်၊ အစားရောင်၊ အကျင့်ရောင်၊ အနေရောင်တို့ကို ထုတ်ပြ၍ အချောင်စားနေကြသည်မှာ ယခုအခါတွင် အလွန်ပေါများနေကြလေသည်။ ပညာရှိသူတော်ကောင်းတို့မှာ ဒူးရင်းသီး၊ ပိန်းနဲသီးများကဲ့သို့ ပြင်ပ၏အသွင်ကို မျက်စိအမြင်နှင့်ကြည့်လျှင် ကြည်ညိုဖွယ်အလျဉ်းမရှိသော်လည်း အတွင်းမှာကား အလွန်အဖိုးထိုက်တန်သော တရားစစ်၊ တရားမှန် သိဒ္ဓိဉာဏ်တည့်ရှိသဖြင့် ပညာမျက်စိဖြင့် မြင်ကြည့်နိုင်မှသာလျှင် သိနိုင်လေသည်။

ဝိပတ္တိခေတ်ဆိုးကြီးမှာကား ပညာရှိ သိဒ္ဓိရှင်ကြီးတို့သည် မထင်ရှားသော အသွင်ဖြင့် ဖျောက်ဖျက်၍ နေနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com

သာလျှင် အန္တရယ်အမျိုးမျိုး လွတ်ကင်းနိုင်လေရကား ပုပ္ပားတောင်မြတ် တောင်ကလပ်၌ သီတင်းသုံးနေတော်မူကြသော ဝိဇ္ဇာဆရာကြီးအောင်မင်းခေါင်သည်လည်း အန္တရာယ်အမျိုးမျိုးတို့ကြောင့် ကြည်ညိုဖွယ်အသွင်ကိုဖျောက်၍ မိမိ၏ သာသနာပြုလုပ်ငန်းစဉ်တစ်ခုတည်း အောင်မြင်မှုကိုသာ နလုံးပိုက်၍ သီတင်းသုံးနေထိုင်တော်မူရင်း ဖြစ်လေသည်။

မြတ်စွာဘုရား၏ သာသနာတော်သည် အနှစ် ၅၀၀၀ ရှိသည့်အနက် ၂၅၀၀ သော ခေတ်တို့မှာ ဘုရားပင် မြွက်ဟ၍ အမိန့်မချသော်လည်း ပါရမီရှင်များ စောင့်ရှောက်ကူညီ အားထုတ်နိုင်မှသာလျှင် အသစ်တစ်ဖန် ထွန်းပေါ်ကတ်ရန် သဘာဝအရိပ်ရှိသောကြောင့် မဟိဒ္ဓိအဖွဲ့ဝင် ဝိဇ္ဇာဆရာကြီးများနှင့် ဘိုးတော်သိကြားမင်းကြီးတို့၏ လျှောက်ထားတောင်းပန်ချက်အရ သာသနာတော်၏ အကျိုး ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးသယ်ပိုးဆောင်ရွက်အံ့သောငှာ မဟာမြိုင်တောတောင်စခန်းမှ လူ့လောကစခန်းသို့ လုမ်းကြွတော်မူ၍ သာသနာဓာတ်နှင့် ကမ္ဘာဓာတ်တို့ကို ဖွင့်နှိုးတော်ရန်အတွက် ယခုအခါ ပုပ္ပားတောင်ကလပ်ခေါ် တောင်ထွတ်တောင်မြတ်၌ ဝိဇ္ဇာဆရာကြီးအောင်မင်းခေါင်သည် သီတင်းသုံးဝါကပ်တော်မူနေသည်မှာ ၁၀ နှစ်တိုင်တိုင် ကြာရှိခဲ့လေပြီ။

ထိုသာသနာပြုပါရမီရှင် ဝိဇ္ဇာဆရာကြီးနှင့် သစ္စာတော် နှောင်ကြိုးရှိကုန်သော မုဆိုးဆက်ထီးဆောင်းဘုရင်တို့၏ အဆက်အနွယ်၊ ပဲခူးဆက်ထီးဆောင်ဆုရှင်တို့၏ အဆက်အနွယ်ပါရမီရှင်သားတော်၊ သမီးတော်အပေါင်းတို့သည် ထိုအောင်မင်းခေါင် ဝိဇ္ဇာဆရာကြီး၏ ပညာရည်နို့ကို သောက်စို့ခွင့်ရကြ၍ ရှေ့လာမည့်သာသနာ့ပွဲကို အားခဲတော်မူကြပြီးလျှင် စေခိုင်းအပ်သော အမိန့်အာဏာစက်ကို ဦးထိပ်ရွက်ပန်ဆင်တော်မူ၍ ဓာတ်ကြိုးကိုင်စေတီတော်တို့ကို မြန်မာနိုင်ငံတော်တွင် ခရိုင်တိုင်း ခရိုင်းတိုင်းတည် စိုက်တော်လေသည်မှာ ယခုအခါတွင် ဓာတ်တိုင်ခေါ်စေတီတော်များ ၅၀ ကျော်သွားလေပြီ။ ရှေ့အဖို့တွင်လည်း ကြွင်းကျန်သော မြို့ရွာ၊ ခရိုင်တို့၌ တည်စိုက်ရန် အမိန့်တော်ပေးလျက် ရှိနေသေးသဖြင့် ၁၃၁၂ နှစ်တွင် မြန်မာနိုင်ငံတော်၏ ဓာတ်သည် လုံးဝပြည့်စုံပြီးမြောက်သဖြင့် စေတီတော်တည်စိုက်သော လုပ်ငန်းစဉ်သည် အောင်မြင်နိုင်စွာ ရပ်သိမ်းနိုင်လေသည်။

ထိုဓာတ်ကို အမှီပြု၍ ဝိဇ္ဇာဆရာကြီးအောင်မင်းခေါင်သည် သာသနာတော်ကို ရှေးဦးစွာ မြန်မာနိုင်ငံတော်၌ ဖွင့်နှိုးတော်မူလိမ့်မည်။

မည်ကဲ့သို့ ဖွင့်နှိုးသည်ကို စာအုပ်စာတမ်းထုတ်၍ မကြေညာသော်လည်း တည်ခဲ့ပြီးသော စေတီတော်များ၏ အနေအထားနှင့် အမြင့်အကျယ်မုခ်ပေါက်အရေအတွက်မှည့်ခေါ်သော အမည်အခြင်းအရာတို့ကို ပညာမျက်စိ၊ ဓာတ်မျက်စိတို့နှင့်ကြည့်၍ ဝေဖန်က အတတ်သိနိုင်ပေလိမ့်မည်။

တည်ထားသော စေတီအရပ်ရပ်တို့၏ သဘာဝကို ဝေဖန်လျှင် အောက်ပါသဘာဝသုံးချက်ကို အကျဉ်းထား၍ ဝေဖန်နိုင်သည်။

၁။ နိုင်ငံတော်အတွင်း၌ မိစ္ဆာဓာတ်တို့ ရပ်သိမ်းရန်၊

၂။ သာသနာပြုဘုန်းကံရှင် ထွက်ပေါ်ကြွလာရန်၊

၃။ ထွက်ရပ်ပေါက် ဝိဇ္ဇာဆရာကြီးများ တိုင်းပြည်သို့ စောင့်ရှောက်နိုင်ရန်၊

ဤသို့ဖြင့် သဘာဝသုံးချက်ကို အကျဉ်းအားဖြင့် ဝေဖန်နိုင်လေသည်။ သို့ရာတွင် အကျယ်ဝေဖန်မှုကား ဆန်းကြယ်သော ဓာတ်တို့ကို တွေ့ရှိရလေဦးမည်။ ဓာတ်တိုင်ခေါ် စေတီတော်တည်ထားခြင်းမှာလည်း မြတ်စွာဘုရား ပွင့်တော်မူရာဖြစ်သော မဇ္ဈိမတိုင်းတွင် မြတ်စွာဘုရားပွင့်တော်မူစဉ်က ရှိခဲ့သောဓာတ်များနှင့် မြတ်စွာဘုရားသာသနာပြုခဲ့သော ဓာတ်အားလုံးတို့ကို မြန်မာနိုင်ငံတော်၌ ကူးပြောင်း၍ ဓာတ်အသစ်တစ်ဖန် တည်စိုက်ခြင်းပင်ဖြစ်ပေသည်။

ထိုဓာတ်အားလုံးတို့ ပွင့်မှသာလျှင် သာသနာတော် တစ်ဝက်မှာ တစ်ဖန်ပြန်လည်၍ သာသနာတော် ထွန်းပေါ်တက်မည်ဖြစ်သောကြောင့် အချို့စေတီတော်တို့ကို နာမည်မှည့်ခေါ်သောအခါ မဇ္ဈိမတိုက်မှာရှိသော မြို့များ၊ ပြည်သူများ၏ အမည်ကိုအစွဲပြု၍ စေတီတော်ကိုလည်း သိုက်သမိုင်းဝင် အမည်များကိုသာ အမည်ပေး၍ မှည့်ခေါ်သမုတ်လေသည်။

ထွက်ရပ်ပေါက်ပညာကို လိုက်စားကြသော ရဟန်း၊ ရှင်၊ လူတို့သည် အင်း၊ ဆေး၊ မှော် စသော ကျမ်းတို့ကို အားကိုး၍ နေပါက အချိန်ကုန်တတ်လေသည်။ လက်တွေ့နည်းခေါ် ထွက်ရပ်ပေါက်ဆရာကြီးများ စီမံပြုလုပ်သော ဓာတ်သဘောလက်ရာလက်စကို သဘောပေါက်အောင်

www.burmeseclassic.com

ဝေဖန်နိုင်မှသာလျှင် ကံပီး ဉာဏ်မီ၍ ထွက်မြောက်နိုင်လေသည်။

ထို့ကြောင့် ယခုအခါတွင် ပုပ္ပားတောင်အောင်မင်းခေါင် ဝိဇ္ဇာဆရာကြီးများ၏ လွှက်တွေ့ဖော်ပြထားသော ဓာတ်တိုင်ခေါ် စေတီတော်တို့ကို အစွမ်းရှိသလောက် ဉာဏ်ကိုနိုက်၍ အမှန်ဝေဖန်နိုင်ပါက အဂ္ဂိရပ်ကျမ်းတို့ကို အထူးကြည့်ရှုရန်မလိုတော့ပေ။ နဝင်းပိုင်ဓာတ်ပိုင်တစ်ဦးဖြစ်၍ ထွက်မြောက်နိုင်လေသည်။

## သူယောင်တောနှင့် ဝိဇ္ဇာမ

အချို့သော ပုဂ္ဂိုလ်တစ်စုတို့က ဝိဇ္ဇာဆရာကြီးများသည် ကိလေသာကာမဂုဏ်မပြတ်ကြသေးသဖြင့် သူယောင်တောသို့ကြွ၍ သူယောင်သီးကို အသက်သွင်းနှောင်ပြီးလျှင် ကာမဂုဏ်အတွက် ခုနစ်ရက်တိတိခံစားကြောင်း ပြောဆိုကြသဖြင့် ဝိဇ္ဇာဆရာကြီးများအပေါ်တွင် ကာမဂုဏ်ပျော်မွေ့နေသေးသည်ဟု စွဲချက်တင်ထားလေသည်။ ထိုစွဲချက်ကို ဖြေဆိုအံ့သောငှာ သူယောင်တောနှင့် ဝိဇ္ဇာအကြောင်းကို ဖော်ပြလိုက်ရပေသတည်း။

ဝိဇ္ဇာကို အကျဉ်းအားဖြင့် ဝေဖန်လျှင် နှစ်မျိုးရှိပေ၏။ (၁) အတတ်ကို ပဓာနထား၍ ခေါ်ဆိုကြသော ဝိဇ္ဇာမျိုး၊ (၂) အသိကို ပဓာနထား၍ ခေါ်ဆိုသော မဟာဝိဇ္ဇာမျိုး ဤသို့အားဖြင့် နှစ်မျိုးရှိရာ -

(၁) အင်း၊ ဆေး၊ မှော် အစရှိသော လောကီအတတ်အဋ္ဌာရသမျိုးကို ပဓာနထား၍ ပေါက်ရောက်ကြသော ဝိဇ္ဇာမှာ အတတ်ဝိဇ္ဇာဟုခေါ်သည်။ ထိုအတတ်ဝိဇ္ဇာကိုပင် အောက်ဝိဇ္ဇာဟူ၍လည်းကောင်း၊ ထုံကူးပြီးသောအခါ ဇော်ဂျီဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။ သာသနာတော်အလိုနှင့် ဝေဖန်လျှင် ၎င်းဝိဇ္ဇာမျိုးတို့ကိုလည်း လမိုင်းဝိဇ္ဇာဟု ခေါ်ဆိုကြလေသည်။

၎င်းဝိဇ္ဇာတို့ကား အတတ်ကိုသာ ပဓာနစွဲ၍ ပေါက်ရောက်ကြသောကြောင့် သိဒ္ဓိဆယ်ပါးပေါက် ဝိဇ္ဇာကြီးတို့မဟုတ်ကြပေ။ အောက်သိဒ္ဓိငါးပါးပေါက်သော ဝိဇ္ဇာများဖြစ်၍ သာသနာပ၊ ဝိဇ္ဇာမိုက်ရိုတို့မည်ကုန်၏။ ထိုသာသနာပ ဝိဇ္ဇာမိုက်တို့သည်လည်း သာသနာတော်နှင့်တွေ့၍ အတတ်သိဒ္ဓိကို အားထုတ်နိုင်ခဲ့သော် သိဒ္ဓိဆယ်ပါးပေါက် ဝိဇ္ဇာကြီး ဖြစ်နိုင်လေသည်။

(၂) အသိဝိဇ္ဇာဆိုသည်မှာ မင်း၊ ဆေး၊ မှော်၊ စမတို့ကို ပဓာနမထားဘဲ မြတ်စွာဘုရားဟောကြားတော်မူသော သမထ၊ ဝိပဿနာတရားတို့ကို အခြေခံထား၍ သိဒ္ဓိအဆင့်ဆင့်တက်ပြီးလျှင် ပေါက်ရောက်ကြသော သာသနာတွင်း ဝိဇ္ဇာတို့ကို ဆိုလိုသည်။

ထိုသာသနာတွင်း ဝိဇ္ဇာတို့ကား တစ်ဆင့်တစ်ဆင့် ပဋိပတ်မြင့်၍ အရိယာစခန်းသို့ တက်လှမ်းတော်မူကြပြီးလျှင် မြတ်စွာဘုရား၏ သာသနာတော်ကို ပြုစု၍ အနုပါဒိသေသနိဗ္ဗာန်ဓာတ်ကို ကူးပြောင်းခံယူကြလေသည်။ ထိုဝိဇ္ဇာမိုက်တို့ကို သာသနာပြုဝိဇ္ဇာဘိုဟူ၍လည်းကောင်း၊ အရိယာဝိဇ္ဇာဘိုဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြလေသည်။ ဤသို့အားဖြင့် ဝိဇ္ဇာအရ နှစ်မျိုးခွဲခြား၍ မှတ်ယူရမည်။ သို့မှသာလျှင် ကာမဂုဏ်ခံစားသော ဝိဇ္ဇာနှင့် ကာမဂုဏ်မခံစားသော ဝိဇ္ဇာဟူ၍ နှစ်မျိုးရှိကြောင်း ကွဲပြားခြားနားမည်။

(၁) သူယောင်တောသို့ကြွ၍ ကာမဂုဏ်ခံစားသော ဝိဇ္ဇာမှာကား အင်း၊ ဆေး၊ မှော်၊ စမတို့နှင့် အောင်သိဒ္ဓိဇော်ဂျီလမိုင်းဝိဇ္ဇာများဖြစ်၍ သူယောင်မနှင့် ပျော်ပါးရုံတွင်မကသေး လင်ရှိကာမပိုင် ဘုမ္မစိုးနတ်မိန်းမများကိုပင် အချောင်ပွတတ်သောကြောင့် ကာမေသုမိစ္ဆာစာရကံထိုက်သော ဝိဇ္ဇာများဖြစ်လေသည်။ တာနောရက္ခဘီလူး၏မိန်းမကို ရွှေကြုတ်တွင်းတွင် ကာမဂုဏ်ခံစားသော ထုံးတမ်းဝတ္ထုကို နှလုံးပိုက်၍ ထောက်ဆနိုင်လေသည်။

အချို့သော အင်း၊ ဆေး၊ မှော်၊ စမဝိဇ္ဇာတို့မှာ သမထ၊ ဝိပဿနာလမ်းများ မတက်သဖြင့် သူယောင်တောသို့မထွက်နိုင်သောကြောင့် သူယောင်မနှင့် ကာမဂုဏ်မယှဉ်တွဲနိုင်ဘဲ အင်း၊ ဆေး၊ မှော်၊ စမတို့ကို စီမံ၍ ဘုမ္မစိုးနတ်မိန်းမများကို ခေါ်ဆောင်ပြီးလျှင် ကာမဂုဏ်ပျော်မွေ့ကြသည်မှာ အလွန်ပေါ်များလေသည်။

ထို့ကြောင့် အောက်ဝိဇ္ဇာတိုင်း သူယောင်တောသို့ကြွ၍ ပျော်မွေ့နိုင်လေသည်ဟု မမှတ်သင့်ရာ။ ဘုမ္မစိုး နတ်မိန်းမများနှင့်ပင် အချိန်ကုန်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အသိဝိဇ္ဇာခေါ် သာသနာပြုဂိုဏ်းတော်ကြီးဝိဇ္ဇာ အထက်ဝိဇ္ဇာတို့မှာကား အလွန်သိမ်မွေ့သော အနုသယကို လေသာဖြုတ် ဝိဇ္ဇာဆရာကြီးများဖြစ်၍ သူယောင်တောသို့ကြွခြင်း မရှိတော့ပေ။ တရားနှင့်သာပျော်မွေ့၍ အရိမေတ္တယျဘုရားရှင်ကို ဖူးမြော်တွေ့ကြုံရန် အာရုံအထူးပြု၍ နေကြလေတော့သည်။

ဟိမဝန္တာဝယ် သူယောင်တော၌ နဝင်းဓာတ်တို့၏ ဆန်းကြယ်ထူးဆန်း နာနာရုပ်ဆန်ဆင်းသည့်အလား ဥတုဓာတ်သွားဓာတ်လာတို့၏ ပြုပြင်စီမံပုံကို သိသာရုံ အကျဉ်းမျှ ဖော်ပြပေအံ့။

သူယောင်တောဆိုသည်မှာ ဟိမဝန္တာ၌ သဘာဝအားဖြင့် အလိုအလျောက် ပေါက်ရောက်လျက်ရှိကြသော သစ်ပင်တစ်မျိုးကို ခေါ်သည်။ ထိုသစ်ပင်သည် နဝင်းဓာတ်တို့၏ ဗီဇမျိုးစေ့ကို အရင်းခံ၍ ဖြစ်ပေါ်သော ပန်းပင်တစ်မျိုးဖြစ်၍ ၁၀ဂ နဝင်းဓာတ်တို့၏ ကျရာ၊ တည်ရာ၊ ကိန်းရာ၊ ပျော်မြူးရာဖြစ်သောကြောင့် နဝင်းပင်ဟု မှည့်ခေါ်နိုင်လေသည်။ ၎င်းနဝင်းပင်၏ ပုံသဏ္ဌာန်မှာကား ငှက်ပျောပင်ပုံသဏ္ဌာန်မျိုးဖြစ်၍ ပါဠိလို ကဒလီဟုခေါ်သည်။ အချို့သော စာများတွင် ၎င်းငှက်ပျောပင်၌ အသီးများသီးသောအခါ လူနှင့် ပုံသဏ္ဌာန်တူသောကြောင့် နရကာဒိဋ္ဌဟုခေါ်သည်။ သို့ရာတွင် သဘာဝနည်းနှင့် ဝေဖန်သည်ရှိသော် နဝင်းဓာတ်တို့သည် သိဒ္ဓိအရပ်ရပ်တို့ကို ပြီးစီးနိုင်သဖြင့် သက်ရှိ၊ သက်မဲ့လောကကြီးကို နဝင်းဓာတ်တို့ပင် ပြုပြင်စီမံနေသောကြောင့် သူယောင်ပင်ဟု ခေါ်ဆိုကြသော ပန်းပင်ကြီးသည်လည်း နဝင်းဓာတ်တို့ဖြင့် ပြုပြင်စီမံကာ ဆန်းကြယ်နေသော ပန်းပင်တစ်မျိုးဖြစ်၍ နဝင်းပင်ဟု ခေါ်ဆိုနိုင်လေသည်။ ထိုနဝင်းပင်ကြီးသည်ကား သိကြားလောင်မီး နတ်သမီးနို့ရည် စသော ဂမုန်းပေါင်းရစ်သောင်းမက ဝန်းရံခရသော ပန်းပင်ကြီးဖြစ်၍ သိဒ္ဓိအမျိုးမျိုး ဝင်လျှိုးကိန်းအောင်းလျက် ပွင့်သီးဝေဆာသော နဝင်းပင်ကြီးဖြစ်သဖြင့် အပင်၏ လုံးပတ်တော်မှာ ၉၉ တောင်၊ အမြင့်မှာကား အတောင် ၉၀၀ မြင့်မားလျက် နဝင်းဓာတ်သွားဓာတ်လာအတိုင်း ပေါက်ရောက်တည်ရှိလေသည်။ သဏ္ဌာန်အသွင် ငှက်ပျောပင်လို အပင်၏ အသွေးအရောင်ကား ငွေသားပကာတိ ဖြူဖွေးဆွတ်ဆွတ်အရောင်ရှိ၍ အရွက်တွင်ဝယ် မြရောင်သဖွယ် စိမ်းလဲ့လဲ့မို့ ပွင့်ငုံပန်းမှာ နီလာတသွယ် ပြာလဲ့ထိန်တောက် တစ်ဆယ့်နှစ်နှစ်လောက်အရွယ်၊ အသီးမှာတော့ ခါးကလည်းကျင်ကျင်၊ ရင်ကလည်းချီချီ၊ ငါးကြွန်စုံညီသည့် ပဒုံမနီဇာတ် သမြတ်ကလေးတွေကား အစုံစုံ၊ ငွေငုံပေါ်စ တင်းကြွကြွနှင့် ဆန်းလ ၅ ရက် အာကာပြားမှာ လရောင်သွားသကဲ့သို့ ငွေမျက်ခုံးကြော့ကြော့၊ မျက်တောင်ကော့ကလေးနှင့် တောက်တော့မည့်အရောင် လောက်စလုလုရှုတိုင်းနုလျက် ငွေဖော့ဥအသွင် ရွှေပါးပြင်ကလေးဝယ် ကေရင်ရောင်လျှံ ပါးဆိုးဆေးခြယ်သည့်ဟန်နှယ် ဆံကေသာမှာ သုံးတောင့်တစ်ထွာ မြညှာအလား သားလှီး၍ထားသကဲ့သို့ အဖြားသွယ် သေးကွေးကွေးညွတ်ညွတ် မြူတစ်မှုံးချိန်မှန် ဆံကေသာနှယ် ပိသာတန်သည့် သုတ်လေညင်းညင်း လေပြည်သင်းသော် အဆင်းနွဲ့ပျောင်း လက်ချောင်းလက်သန်း သွယ်တန်းပုံကလေးများတွင် ဆေးတင်ပန်းသ သကဲ့သို့ နှုတ်ခမ်းလှပုံမှာကား ကွမ်းပင်မစား။ ဆေးမင်မခြယ် ပတ္တမြားနီအလား ကျိုးအာသီးတူညီ၊ ဝဇီမုတ္တာ။ သွားကတော့လည်း ညီပုလဲလုံးတွေ စီသကဲ့သို့ ရင်လည်တစ်လျှောက်တွင် ရွှေညှင်းပြောက်ကလေးတွေ တပြောက်ပြောက်နှင့် လျှံတောက်ညီးညီး ပုတီးခြေချင်း ဝင်းဝင်းထိန်ထိန် စိန်ကုန်းမြကုန်း ရွှဲလုံးနော်ဇာလည်မှာတဘက် လက်ကောက်လျှံမောင်းနားတောင်းကျောက်စီ အင်္ကျီ၊ ထဘီမှာတော့ နာရနီရွှေသားအလျှံသဏ္ဌာန်မှာ အလွန်လှသဖြင့် သူယောင်မမှာ နှစ်သက်စရာကြီး တွေးအနန္တ နွဲ့ကာနွဲ့ကာ လေပြည်ကလေးများသာမှဖြင့် ဘယ်ညာမိတင်း ကခြင်းအမျိုးမျိုး ရှေ့တိုးနောက်ဆုတ် တလှုပ်လှုပ်တရွရွ အမူအရာများ ပြသလိုနေတော့ အရှင်ပစ္စေကဗုဒ္ဓါ မထေရ်မြတ်စွာတို့တောင် ရောင်တောင်တောင်လုပ် စိတ်ရှုပ်ရလေသည်။

စကြာမင်းအောင်

www.burmeseclassic.com

# ကတိသစ္စာတည်သောခါလျှင်

# နှယ်မြွက်သစ်ဝင် ဆေးဝက်ဝင်ဧ

## ပထမံဆရာကြီး ဦးအောင်သူ

နဝရတ်သိဒ္ဓိပုတီး ဦးသောင်းဆွေဟု ပြောသံကြားသည်နှင့် မြန်မာတစ်ပြည်လုံးမသိသူ အလွန်နည်းပါသည်။ ထို့ပြင် အချို့သော ကျင့်ကြံအားထုတ်နေသူများ၏ လည်ပင်းတွင်ဆွဲထားသည်ကို မြင်လိုက်သည်နှင့် ဆရာဦးသောင်းဆွေ၏ လက်ရာဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ဆရာသည် ရိုးသား၏။ သူ့ဆီလာသမျှသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့အား လေးစားစွာဆက်ဆံတတ်၏။ အမြဲတစေ ရေနွေးကြမ်း၊ ပဲကြီး၊ ထန်းလျက်စသည်ဖြင့် ညှို့ခံကျွေးမွေး၏။ လူမြင်သမျှကို ဆရာဟုပင် ခေါ်ဝေါ်သုံးစွဲသည်။ ကျွန်ုပ်သည် ဆရာနှင့်ခင်မင်သိကျွမ်းခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ခန့် ရှိမည်ထင်သည်။ တစ်ဖန် ဆရာနှင့် ကျွန်ုပ်မဆုံဖြစ်ခဲ့သည်မှာလည်း အတော်လေးကြာသွားခဲ့ရပြန်သည်။ ပြန်၍ဆုံသော အချိန် ၂၀၀၅ ခုနှစ်၊ ၁၀ လပိုင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင် စနေထောင့် (၁၅)ခန်းတွဲ တန်ဆောင်းတွင် ကျွန်ုပ်သည် ရှင်ဉပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ရေမျှောပူဇော်ပွဲ ကျင်းပလျက်ရှိနေချိန် ဆရာဦးသောင်းဆွေနှင့် ဇနီးမောင်နှံ နှစ်ယောက် ရောက်လာ၏။ ကျွန်ုပ်ကို မြင်လိုက်သည်နှင့် ဆရာမှ သူ့ဇနီးအား ''ဟော ... ငါတို့သိနေတဲ့ ဦးအောင်သူပဲဟေ့''ဟု အားရဝမ်းသာ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ပြုံးလျက်သာနေလိုက်ပါသည်။ ကျွန်ုပ်မှာ ''ဒါနဲ့ ဆရာတို့ ဘယ်လိုသိလဲ'' မေးလိုက်ပါသည်။

''ဒီလို .. ဆရာဦးအောင်သူရေ။ သတင်းစာထဲမှာ ဖတ်ရလို့ ဇနီးသည်ကို ရှင်မရေ ဒီနာမည်ကြားဖူးသလိုပဲ။ ငါတို့သိနေတဲ့ ဆရာဦးအောင်သူများ ဖြစ်နေမလားပြောပြီး ဆရာဦးအောင်သူဆီ လာခဲ့တာပါဆရာရေ''

ကျွန်ုပ်မှ –

''အကြောင်းထူးများ ရှိနေလား ဆရာ''

''ဒီလို ဆရာဦးအောင်သူရေ၊ ကျွန်တော် ရှင်ဉပဂုတ္တမထေရ်ကို ပူဇော်ပွဲလုပ်ချင်တယ်။ ကျွန်တော် ကတိပြုထားတာကိုလည်း တာဝန်ကြေအောင် လုပ်ချင်တယ်။ ကျွန်တော်ပျက်ခဲ့ရတဲ့ကတိအကြောင်းကိုလည်း ဆရာ့ကို ပြောပြမယ်''

ဟု အစချီ၍ ပြောပြပါတော့သည်။

တစ်နေ့တွင် တပည့်တစ်ဦး ဆရာ့ဆီ ရောက်လာလျက် သူပိုင်ဆိုင်သော အိမ်နှင့်ခြံကို ရောင်းလိုကြောင်း၊ ၎င်းအိမ်နှင့်ခြံရောင်းထွက်ပါက ဆရာ့ကို ငွေဆယ်သိန်း လှူပါမည်။ ၎င်းငွေနှင့်ပင် ဆရာကြီးဦးဆောင်ပြီး ရှင်ဉပဂုတ္တရဟန္တာပူဇော်ပွဲကို ကျင်းပပေးရန် အကူအညီတောင်းသဖြင့် ဆရာဦးသောင်းဆွေမှ အဓိဋ္ဌာန်များဆောင်ရွက်လျက် အထက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ လျှောက်ထားပါတော့သည်။

''တပည့်တော်သည် ယနေ့မှစ၍ တန်ခိုးကြီးဘုရားများအား လှည့်လည်အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါမည်။ ဤမှန်သော သစ္စာစကားကြောင့် ဤကိစ္စပြီးမြောက်အောင်မြင်ပါစေသတည်း။ အောင်မြင်ပါလျှင် တပည့်တော် ဦးဆောင်၍ ရှင်ဉပဂုတ္တမထေရ်မြတ်ရေမျှောပူဇော်ပွဲကို ကျင်းပပါမည်ဟု ကတိသစ္စာပြုပါ၏- အရှင်မြတ်တို့ဘုရား''

ဤကဲ့သို့ ဆုတောင်းတိုင်တည်၍ အဓိဋ္ဌာန်ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ငန်းအား တစ်ပတ်ခန့် တန်ခိုးကြီးဘုရားများသို့ သွားရောက်၍ ပုတီးစိပ်၊ မေတ္တာပို့၊ အမျှဝေ စသည့် ကိစ္စအဝဝတို့ကို အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်သွားပါတော့သည်။ မကြာမီ သတင်းတစ်ခုကြားရပေသည်။ ဤသည်ကား တပည့်ဖြစ်သူသည် သူ၏ကိစ္စပြီးမြောက်၍ ငွေများလည်းရရှိကြောင်း ဆရာ့ထံသို့လာမည်ဟုသာကြားရပြီး တစ်ခါတည်း ပေါ်မလာတော့ပါ။ ဆရာဦးသောင်းဆွေအနေနှင့်တော့ သည်းခံ၍ စောင့်လျက်သာ။

မကြာမီ ဆရာသည် အသက်အရွယ်ကလည်းကြီး၊ ပင်ပန်းသည့်ဒဏ်ကြောင့် နေထိုင်မကောင်းဘဲ ခေါင်းမူးစေခြင်း၊ လေဖြတ်ချင်သလိုလက္ခဏာများပြလာ၍ အိမ်မှ မိသားစုများနှင့် ရင်းနှီးသောဆရာကြီး ဦးအေးကြည် ဦးဆောင်လျက် မြောက်ဥက္ကလာပဆေးရုံသို့ အမြန်ပို့၍ ကုသရပေသည်။ သို့သော် ဤဆေးရုံမှ ဆရာဝန်ကြီးများကလည်း ဆက်လက်၍ အာရှတော်ဝင်ဆေးရုံသို့ အမြန်ပို့ ကုသကြပါသည်။ ဆရာဦးသောင်းဆွေမှာ လုံးဝသတိမရတော့ပါ။ ဆရာဝန်ကြီးများ၏ စစ်ဆေးချက်အရ ဦးနှောက်သွေးခဲနေခြင်း သိလျှင်သိခြင်း ဆရာ၏ ဦးခေါင်းတည့်တည့်မှဖောက်၍ သွေးပုတ်များ စုပ်ယူရပေတော့သည်။ တစ်ပတ်ခန့်အကြာ ဆရာမှာ အခြေအနေ ပုံမှန်ဖြစ်ပေါ်လာပေသည်။ ဤသည်မှပဲ ဆရာကြီးဦးအေးကြည်၊ ဆရာ၏မိသားစုများ ပြုံးနိုင်၊ ရယ်နိုင် ကြပေတော့သည်။ ဆရာဦးသောင်းဆွေသည် အလွန်ကံကောင်းပေသည်ဟု ဆိုရပေမည်။ ဤကိစ္စသည် အထူးအရေးကြီး၏။ အသက်ဆုံးရှုံးသွားနိုင်ကြောင်း နောက်မှသိရသည်။ ဆရာဦးသောင်းဆွေသည် သေတွင်းမှလွတ်မြောက်ခဲ့ပုံမှာလည်း ထူးဆန်းပေသည်။

ဆရာသည့် သတိမေ့မြောနေစဉ် သူ၏ဦးခေါင်းကို သံချွန်ဖြင့်ထိုးနှက်နေသည်ကိုတော့ သိလိုက်ရသည်။ သို့သော် ဤအချိန်တွင် ဘုန်းတော်ကြီးတစ်ပါးသည် ဆရာ၏ ဦးခေါင်းကို လက်ဖြင့်ကိုင်လျက် ဆုတောင်းမှုပြုနေသည်ကို တော့ ဆရာသတိရလိုက်၊ မြင်လိုက်ရသည်။ အဲဒီဘုန်းကြီး ကတော့ ဆရာဦးသောင်းဆွေ အလွန်အားကိုးအားထားရှိသော ဘဘရှင်ဥပဂုတ္တရဟန္တာမထေရ်ပင် ဖြစ်ပါသည်ဟု ဆရာမှ နောင်တွင် ကျွန်ုပ်အား ပြောပြပါသည်။ ဆရာသည် ဤ အရှင်မြတ်ကြီးအား ဘဘဟူ၍ပင် အမြဲတစေ ခေါ်ဝေါ် သုံးစွဲသည်ကို ကျွန်ုပ်မျက်မြင်သိရှိရ၍ ကျွန်ုပ်အနေဖြင့် အထက်ပါဖြစ်စဉ်ကို ဆရာဦးသောင်းဆွေ၏ ပြန်လည်ပြောပြချက်ကို ပြန်လည်ရေးသားရပါကြောင်း။ ဤအဖြစ်အပျက်များကို ကျွန်ုပ်အား ပြောပြပြီးသည်နှင့် ဆရာတို့ ဖနီးမောင်နံ့မှာ ကျွန်ုပ်အား နှုတ်ဆက်ပြန်သွားပါတော့သည်။ ကျွန်ုပ်သည် ရှင်ဥပဂုတ္တရဟန္တာ ရေမျှောပူဇော်ပွဲကျင်းပပြီးသည့်နောက်တွင် ဆရာဦးသောင်းဆွေ၏ ဆန္ဒဖြစ်သော ရှင်ဥပဂုတ္တမထေရ် ပူဇော်ပွဲအတွက် အသေးစိတ်သွားရောက်၍ ဆွေးနွေးခဲ့ပြီး ဆရာဦးသောင်းဆွေ၏ ပါရမီကိုဖြည့်ဆည်းရန်အတွက် ဆရာကြီးဦးအေးကြည်၊ မောင်သီဟ၊ ဒေါ်နုနုအောင်တို့ သုံးဦးသည် ဗိုလ်တထောင်စေတီတစ်ဖက်ကမ်းရှိ ကျွန်ုပ်၏ တပည့်များဖြစ်သော ဦးသောင်းမြင့်၊ ဒေါ်သောင်းကြည်၊ ကိုသိန်းထိုက်၊ ကိုလှဦးတို့အား အကူအညီယူလျက် တစ်လခန့်အကြာတွင် ဆရာ ဦးသောင်းဆွေနှင့် ဓမ္မမိတ်ဆွေ တပည့်သားသမီးများအပါအဝင် ရှင်ဥပဂုတ္တမထေရ် မြတ်၏ ရေမျှောပူဇော်ပွဲကြီးကတော့ သမတ ကမ်းခြေရေပြင်တွင် စက်သဗ္ဗာန်လှေများ၊ အိုးစည်သံများ၊ ခြိမ့်ခြိမ့်သဲ စည်ကားသည့်ပွဲကတော့ အံ့သြဖွယ်ရာရှုပါပေတော့သည်။

**စကားချုပ်**

ဆရာဦးသောင်းဆွေသည် မိမိတပည့်အတွက် တာဝန်ခံကတိပြုသည့်အတွက် တပည့်၏ ကတိဖျက်မှုကြောင့် မိမိသည် ကြားဝင်ခံရ၍ ပြင်းထန်သော သေလုမြောပါး ဝေဒနာခံစားရမှုသည် မိမိ၏ဝဋ်ကြွေးကြောင့်လော၊ ကတိသစ္စာပျက်ကွက်မှုကြောင့်ပင် ဖြစ်ရသည်ကိုတော့ မည်သူမျှ သေချာပေါက်မပြောနိုင်ပါပေ။ သို့သော် ဆရာ ဦးသောင်းဆွေသည် ခုနစ်ရက်သားသမီးများအပေါ် ခွင့်လွှတ်နိုင်သည့် ပါရမီရှင်တစ်ဦးဖြစ်သည်ကိုတော့ မှတ်တမ်းပြု လေးစားရပတော့သည်။ သင်ခန်းစာယူရမည့် စကားရပ်မှာ ကတိသစ္စာတည်သောခါလျှင် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။ သို့သော် ကတိသစ္စာဖျက်လျှင် မည်သို့ဖြစ်မည်နည်းဟူ၍သာ အဆုံးသတ်ရပေတော့သည်။

ပထမံဆရာကြီး ဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်ဝါစဉ် ပုတီးစိပ်နည်း

ဇေယျတု (B.A)

အမရပူရမြို့ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီး အရှင်ဦးဝါယာမာဘိဝံသ၏ ပုတီးစိပ်နည်း ကျင့်စဉ်များအနက် အခြေခံအဆင့်ဖြစ်သော သရဏဂုံ ၃၀ ပုတီးစိပ်နည်းကျင့်စဉ်ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

အခြေခံအဆင့်ဖြစ်သော သရဏဂုံ ၃၀ ကဏ္ဍတွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်များ အောင်မြင်ပြီး နောက် ယခုတစ်ဖန် ဂုဏ်တော် ၁၁ ပါးကို သိဒ္ဓိတတ်၍ ဝါစဉ်၊ ဝါရ ကမ္မ အဆင့်များဖြင့် အလုပ်စခန်း အမိဋ္ဌာန်ကျင့်စဉ်ကို ဖော်ပြပါမည်။

ဂုဏ်တော် (၁၁) ပါးမှာ

၁။ အရဟံသိဒ္ဓိ
၂။ အရ ဟံ သိဒ္ဓိ
၃။ အ ရဟံ သိဒ္ဓိ
၄။ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ
၅။ ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ
၆။ သုဂတောသိဒ္ဓိ
၇။ လောကဝိဒူသိဒ္ဓိ
၈။ အနုတ္တရောပုရိသဒမ္မသာရထိသိဒ္ဓိ
၉။ သတ္ထာဒေဝမနုဿာနံသိဒ္ဓိ
၁၀။ ဗုဒ္ဓေါသိဒ္ဓိ
၁၁။ ဘဂဝါသိဒ္ဓိ ဟူ၍ ဖြစ်၏။

ပုတီးစိပ်နည်းမှာ -

၁။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ကိုးပတ်နှင့် ကိုးရက် အဓိဋ္ဌာန်ပါ။
၂။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၁၈ ပတ်နှင့် ၁၈ ရက် အဓိဋ္ဌာန်ပါ။
၃။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၂၇ ပတ်နှင့် ၂၇ ရက် အဓိဋ္ဌာန်ပါ။
၄။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၃၆ ပတ်နှင့် ၃၆ ရက် အဓိဋ္ဌာန်ပါ။
၅။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၄၅ ပတ်နှင့် ၄၅ ရက် အဓိဋ္ဌာန်ပါ။
၆။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၅၄ ပတ်နှင့် ၅၄ ရက် အဓိဋ္ဌာန်ပါ။
၇။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၆၃ ပတ်နှင့် ၆၃ ရက် အဓိဋ္ဌာန်ပါ။
၈။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၇၂ ပတ်နှင့် ၇၂ ရက် အဓိဋ္ဌာန်ပါ။
၉။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၈၁ ပတ်နှင့် ၈၁ ရက် အဓိဋ္ဌာန်ပါ။
၁၀။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၉၀ ပတ်နှင့် ၉၀ ရက် အဓိဋ္ဌာန်ပါ။
၁၁။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၉၉ ပတ်နှင့် ၉၉ ရက် အဓိဋ္ဌာန်ပါ။
၁၂။ အရဟံသိဒ္ဓိဂုဏ်တော် တစ်နေ့ ပုတီး ၁၀၈ ပတ်နှင့် ၁၀၈ ရက် အဓိဋ္ဌာန်ပါ။

စုစုပေါင်း ၅၂၆၅၀ ပတ်၊ ၇၀၂ ရက်။

ရှင်းလင်းချက်

၁။ ၁၀၈ လုံး ပုတီးဖြင့် ဂုဏ်တော်တစ်ပါးစီကို သိဒ္ဓိတတ်၍ နဝင်းကြေအဆင့် ၁၂ ဆင့် စိပ်ရပါမည်။ အဆင့် ၁၂ ဆင့် တစ်ဆင့်ပြီး တစ်ဆင့် မပျက်မကွက် စိပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ပျက်ပါက အစမှ ပြန်စိပ်ရပါမည်။ အဆင့်တက်တိုင်း ကန်တော့ပွဲ တင်လှူရပါမည်။ (ကန်တော့ပွဲတင်နည်းကို သရဏဂုံ ၃၀ ပုတီးစိပ်နည်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၂။ အမှတ်စဉ် (၅) အဆင့်တွင် တစ်နေ့ ပုတီး ၄၅ ပတ်နှင့် ရက်ပေါင်း ၄၅ ရက် အဆင့်ကို ဘုရား၏ဂုဏ်တော် ၄၅ ဝါအရ တစ်ဝါဟု သတ်မှတ်၍ ဝါစဉ်ဟုခေါ်၏။ ထို အဆင့်တွင် ခေတ္တနားလိုက နှစ်ရက်၊ သုံးရက် နားနိုင်ပါသည်။ ရက်ရှည်မနားရပါ။

၃။ ထို့အတူ အမှတ် (၉) အဆင့်တွင် တစ်နေ့ ပုတီးပတ် ၈၁ ပတ်နှင့် ရက်ပေါင်း ၈၁ ရက်ကို ဘုရား သက်တော်အရ တစ်ဝါဟု သတ်မှတ်၍ ဝါရဟုခေါ်၏။ ထို အဆင့်တွင်လည်း ခေတ္တနားလိုက နှစ်ရက်၊ သုံးရက် နားနိုင် ပါသည်။ ရက်ရှည် မနားရပါ။

၄။ အမှတ်စဉ် ၁၂ အဆင့်တွင် တစ်နေ့ ပုတီးပတ် ၁၀၈ ပတ်နှင့် ရက်ပေါင်း ၁၀၈ ရက်ကို တစ်ဝါဟု သတ်မှတ်ပြီး တစ်ပန္နဟု ခေါ်၏။ ဤကဲ့သို့ ဂုဏ်တော် ၁၁ ပါးလုံး ကို ဝါစဉ်၊ ဝါရ၊ တစ်ပန္န ကဏ္ဍအတိုင်း ကျင့်ကြံပါက အလုပ် စခန်း ပြီးမြောက်ပါသည်။ ကျင့်ကြံသူပုဂ္ဂိုလ်တို့၏ ပါရမီ အလိုက် ဂုဏ်တော်တစ်ပါး၊ သို့မဟုတ် နှစ်ပါး စသည်ဖြင့် ပြီးမြောက် အောင်မြင်နိုင်ပါသည်။

၅။ ဤကျင့်စဉ် ပုတီးစိပ်လျှင် သုဂတော ငါးချက် ဂါထာကို တစ်ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် တစ်နေ့ကို ပုတီးအနည်းဆုံး တစ်ပတ်စိပ်ရပါမည်။ မေတ္တာသုတ်ကိုလည်း အနည်းဆုံး ကိုးခေါက်ထက်မနည်း ရွတ်နိုင်သမျှ ရွတ်ဆိုရန် လိုပါသည်။ မေတ္တာရှေ့ထား၍ သားကြီးငါးကြီး မစားဘဲ ရှောင် လျှင် သန့်ရှင်းစွာ အကျိုးပေးပါသည်။ ထိုထက်ပို၍ သက်သတ် လွတ်စားပါက အထူးအကျိုးပေးပါသည်။

၆။ စားလမ်းလိုက်လိုသူများမှာ မိမိမွေးနံ ဂုဏ်တော် ကို ဝါစဉ်ဝါရ အဆင့် ၁၂ ဆင့်ကို သုံးကြိမ်၊ သို့မဟုတ် ပါက နေ့စဉ် ပုတီးပတ်နှင့် ရက်ပေါင်းကို ၉ တိုးပြီး တစ်နေ့ ပုတီးပတ်ပေါင်း ၂၇၀ နှင့် ရက်ပေါင်း ၂၇၀ ထိ အဓိဋ္ဌာန် စိပ်ရပါမည်။ (ဥပမာ တစ်နေ့ ပုတီးပတ် ၁၀၈ ပတ်နှင့် ရက်ပေါင်း ၁၀၈ ရက် အဆင့်ပြီးလျှင် ၉ တိုး၍ တစ်နေ့ ပုတီးပတ် ၁၁၇ ပတ်နှင့် ရက်ပေါင်း ၁၁၇ ရက်ပြီးလျှင် ၉ တိုးပြီး တစ်နေ့ ပုတီးပတ် ၁၂၆ ပတ်နှင့် ရက်ပေါင်း ၁၂၆ ရက် စသည်ဖြင့် ၂၇၀ ထိ ၉ တိုး၍ စိပ်သွားရပါမည်။ ဤ အဆင့်မှ ထွက်လမ်းဆက်လိုပါက တစ်နေ့ ပုတီး ၂၇၀ နှင့် ရက်ပေါင်း ၂၇၀ အဆင့်ကို ၉ တိုးပြီး တစ်နေ့ ပုတီးပတ် ၅၄၀ နှင့် ရက်ပေါင်း ၅၄၀ အထိ ဆက်၍ စိပ်သွားရပါမည်။ ငါးပါးသီလလုံခြုံရန် အရေးကြီးပါသည်။

မိမိမွေးနံအလိုက် ဂုဏ်တော်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

၁။ တနင်္ဂနွေသားသမီး - အရဟံသိဒ္ဓိ
၂။ တနင်္လာသားသမီး - သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ
၃။ အင်္ဂါသားသမီး ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ
၄။ ဗုဒ္ဓဟူးသားသမီး သုဂတောသိဒ္ဓိ
၅။ ကြာသပတေးသားသမီး လောကဝိဒူသိဒ္ဓိ
၆။ သောကြာသားသမီး အနုတ္တရော ပုရိသ ဒမ္မ သာရထိ သိဒ္ဓိ
၇။ စနေသားသမီး သတ္တာဒေဝမနုဿာနံသိဒ္ဓိ
၈။ ရာဟုသားသမီး(ဗုဒ္ဓဟူးမွန်းလွဲ) ဗုဒ္ဓေါသိဒ္ဓိ
၉။ ကိတ်သားသမီး(တနင်္လာမွန်းလွဲ) ဘဂဝါသိဒ္ဓိ

စသည်တို့ ဖြစ်၏။

**သုဂတော ငါးချက် ဂါထာ**

သုဂတော၊ သုဂတတ္တာနံ၊
သုဂတော၊ သုန္ဒရံပီစ၊
သုဂတော၊ နိဗ္ဗာနံယာတိ၊
သုဂတော၊ တေနမောနမာ။


လိုရာဆန္ဒ ပြည့်ဝကြပါစေ

**ဇေယျာတု (B.A)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၁၁)

မောင်ယဉ်မွန်(မောဝ်နေခြည်)

ယ ခင် လ မှ အ ဆက်

အရှေ့နှင့်အနောက် ဖြတ်သန်းစီးဆင်းနေသော မြစ်ကြီးတစ်ခုရှိသည်။ ထိုသို့ စီးဆင်းနေသော မြစ်ကြီးကို မြစ်ဝါမြစ်ဟု ခေါ်ဆိုကြသည်။ မြစ်ဝါမြစ်၏ မြောက်ဘက်တွင် ဂန္ဓာလရာဇ်တိုင်းပြည်ကြီး ရှိ၏။ မြစ်ဝါမြစ်၏ တောင်ဘက်တွင် ရှမ်းလူမျိုးများ နေထိုင်လျက်ရှိသော စူနိုင်ငံတော်ကြီးပင် ဖြစ်သည်။

စူနိုင်ငံတော်ကြီး၏ လက်အောက်ခံနိုင်ငံငယ်လေးများမှာ (၁)ပန်နိုင်ငံ၊ (၂)ပါးနိုင်ငံ၊ (၃)လုံးနိုင်ငံ၊ (၄)သျှင်နိုင်ငံ၊ (၅)တိန်နိုင်ငံ၊ (၆)နားခီနိုင်ငံ၊ (၇)ငူးနိုင်ငံ၊ (၈)ရွှေနိုင်ငံ၊ (၉)ညှုနိုင်ငံ၊ (၁၀)ပဲငိုင်နိုင်ငံတို့ဖြစ်သည်။

စူနိုင်ငံတော်ကြီးတွင် တန်ခိုးအထက်မြက်ဆုံးသော ဘုရင်မှာ ခွန်ဆေဟန်ဖြစ်သည်။

ဘုရင်ခွန်ဆေဟန်ကို မြတ်ဗုဒ္ဓပွင့်တော်မမူမီ နှစ်ပေါင်း(၂၀၀)ခန့်တွင် ဖွားမြင်သည်။ ခွန်ဆေဟန်ဖွားမြင်ပြီး မကြာမီတွင် မိဘနှစ်ပါးတို့ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးခဲ့ကြရာသည်။

တောကြီးမျက်မည်းတဲကြီးတစ်လုံးတွင် နေထိုင်ရရှာသော မိတဆိုးလေး ခွန်ဆေဟန်ကို ကျားဖြူကြီးတစ်ကောင် ဦးဆောင်လျက် ကျားအကောင် ၅၀ ခန့် နေ့စဉ် လာရောက်လျက် နို့ချိုတိုက်ကျွေးကြသည်။

နေ့စဉ်နှင့်အမျှ ကျားနို့စို့လာရသော ခွန်ဆေဟန်မှာ တစ်နေ့တခြား သန်မာထွားကျိုင်းလို့လာတော့သည်။

ခွန်ဆေဟန်သည် နေ့စဉ် ကျားကြီးများနှင့်သာ ဆော့ကစားလာရသဖြင့် ကျားများပမာ ခုန်လိုက်၊ ပေါက်လိုက်၊ ရှေ့ကျွမ်းပစ်လိုက်၊ နောက်ကျွမ်းပစ်လိုက်နှင့် အတိုက်အခိုက်ပညာမှာ သူမတူအောင် စွမ်းရည်ပြည့်ဝလာတော့၏။

ကျားပေါက်ကြီးတစ်ကောင်ပမာ သန်မာလှသော ခွန်ဆေဟန်၏ ကျော်ဇောသတင်း ရရှိသည်နှင့် မြစ်ဝါမြစ်ကြီးအနီးမှာ နေထိုင်ကြကုန်သော ရှမ်းလူမျိုးများက ဘုရင်အဖြစ် တင်မြှောက်လေသည်။ ရှင်ဆေဟန် ဘုရင်ဖြစ်လာသည်နှင့် စူနိုင်ငံတော်၏ အလံမှာလည်း ကျားဖြူအလံတော်ကြီးဖြစ်လာသည်။

ခွန်ဆေဟန်သတင်းများ ကြားသိရသည်နှင့် မြစ်ဝါမြစ်မြောက်ဘက်တွင် နေထိုင်လျက် ရှိကြကုန်သော ဂန္ဓာလရာဇ်ဘုရင်မင်းမြတ်က သဟာ မိတ်ဖွဲ့လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ခွန်ဆေးယာန်လက်ထက်တော်တွင် မည်သို့မျှ အခက်အခဲ မရှိပါသော်လည်း ခွန်ဆေးယာန်ဘုရင်မင်းမြတ်ကြီး နတ်ရွာစံ ကံတော်ကုန်သွားသည်နှင့် ပြဿနာက စတော့၏။

ထိုပြဿနာမှာ ဂန္ဓာလရာဇ်နှင့် စူနိုင်ငံတော်တို့ အယူဝါဒမတူညီခြင်း၊ ယဉ်ကျေးမှုမတူညီခြင်းပင် ဖြစ်သည်။ ထိုမတူညီမှုကို ဂန္ဓာလရာဇ်တိုင်းသားများက သူတို့၏ ယဉ်ကျေးမှု အယူဝါဒအတိုင်း ကျင့်သုံးရမည်ဟု အကျပ်ကိုင်လာသည်။

ထိုအခါ စူနိုင်ငံတော်က လုံးဝ မလိုက်နာနိုင်ကြောင်း ငြင်းဆန်လာသည်နှင့် ဂန္ဓာလရာဇ် ပြည်သားတို့က နိုင်ငံတော်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ကြပါတော့၏။

ဂန္ဓာလရာဇ်တို့ မကြာမကြာ ဝင်ရောက်တိုက်ခိုက်လာသဖြင့် စူနိုင်ငံသားများ မိမိရပ်ရွာကို စွန့်ခွာသူက စွန့်ခွာခဲ့ကြတော့၏။

ထိုသို့ စွန့်ခွာလာသော အုပ်စုကြီးတစ်စုသည် ထောင်ပေါင်းများစွာသောလူများလိုက်ပါလျက် ရွှေလီမြစ်ဝှမ်းဒေသသို့ ဆိုက်ရောက်လာခဲ့ကြသည်။

ထိုသူများသည် ရွှေလီမြစ်ဝှမ်းဒေသတွင် အခြေချနေထိုင်လျက် ရှိကြစဉ်မှာပင် တကောင်းရွှေနန်းတော်ကြီးအား စိန့်ပြည်သားများ ဝင်ရောက်သိမ်းပိုက်လိုက်သဖြင့် ဘုရင်ဘိန္နကမင်း၏ ညီတော် ဘိန္နကရာဇ်မင်းသားသည် ရရှိသမျှလူသူများကို သိမ်းသွင်းလျက် ရွှေလီမြစ်ဝှမ်းဒေသသို့ ရောက်ရှိလာပြန်သည်။

ဘိန္နကရာဇ်မင်းသားသည် ဦးစွာ ဘိန္နကမြို့ကို တူထောင်သည်။

ထို့နောက် ရွှေလီမြစ်ဝှမ်းဒေသတွင် ရောက်ရှိနှင့်နေကြကုန်သော ရှမ်းလူမျိုးများကိုပါ သိမ်းသွင်းလျက် မောရိယနိုင်ငံတော်အဖြစ် တူထောင်သည်။

ဘိန္နကရာဇ်မင်းသား တူထောင်ထားသော မောရိယနိုင်ငံတော်ကြီးမှာ အရှေ့မဲခေါင်မြစ်အထိဖြစ်ပြီး မြောက်အရပ်တွင် နမ့်မိုင်ခချောင်း၊ တောင်သို့ဆိုပါလျှင် သိန္နီနယ်စပ်အထိ ဖြစ်သည်။

ဘိန္နကရာဇ်မင်းသား မောရိယနိုင်ငံတော်ဟု အမည်နာမ သမုတ်ရခြင်းမှာ ဖခမည်းတော် မောရိယရာဇာမင်းတရားကြီးအား ဂုဏ်ပြုလိုသောကြောင့်ပင် ဖြစ်သည်။

ဘိန္နကရာဇ်မင်း၏ ရွှေနန်းတော်ကြီးမှာ ဆောက်တည်စဖြစ်၍ ခမ်းနားလှခြင်း မရှိပေ။

ရွှေလီမြစ်ကမ်းဘေး တောင်ကြီးတစ်လုံးပေါ်တွင် သက်ငယ်ဖြင့် ဆောက်လုပ်ထားသော နန်းတော်မျှသာ ဖြစ်ပေ၏။

သက်ငယ်မိုးဖြင့် ဆောက်လုပ်ထားသော်လည်း နန်းတော်တိုင်ကြီးများမှာ သစ်ဝါးပေါသော အရပ်ဒေသဖြစ်သဖြင့် လူကြီးတစ်ဖက်စာပင် မကပါပေ။ ထိုနန်းတော်တိုင်ကြီးများမှာ ရွှေရောင်ဝင်းဝါလျက် ဖြစ်၏။

အလယ်နန်းဆောင်ကြီး၏ အရှေ့ဘက်တွင် ဘိန္နကရာဇ်မင်း၏ စံအိမ်တော်ဖြစ်သည်။ စံအိမ်တော်မှာ လေးခန်းတွဲ နှစ်ဆောင်ပြိုင်ဖြစ်ပြီး အောက်တွင် ဆင်ဝင်၍ရအောင် မြင့်မားလှပေ၏။

စံအိမ်တော်အဝင်ဝနှင့် ရွှေနန်းတော် မုခ်ဦးများတွင် ဆေးရောင်စုံခြယ်သထားသော ဥဒေါင်းပုံစံ ပန်းချီကားများ တွေ့မြင်ရပေ၏။

မာယာဒေဝီ၊ ကျော်စွာ၊ တပ်မှူးလေးဝဏ္ဏနှင့် အာယုတို့သည် မြင်းကိုယ်စီဖြင့် မောရိယ ရွှေနန်းတော်ရှိရာသို့ တက်လာခဲ့ကြသည်။

မောရိယရွှေနန်းတော်ပေါ်မှ လှမ်းမျှော်၍ ကြည့်လိုက်ရာ ရစ်ခွေစီးဆင်းနေသော ရွှေလီမြစ်ကြီးကို တစ်မျှော်တစ်ခေါ် မြင်တွေ့ကြရသည်။

ရွှေလီမြစ်ကြီး၏ ဝဲယာမှာတော့ သက်ငယ်မိုး ခြေတံရှည်အိမ်များကို မြင်တွေ့နေရသည်။ ထိုအိမ်များအနီးတစ်ဝိုက်မှာပင် စိမ်းစိုလန်းဆန်းနေသော ယာခင်းများ၊ လယ်ကွင်းများ မြင်တွေ့ရပေ၏။

"မင်းကြီး စောင့်ကြိုနေပါတယ်၊ ရွှေနန်းတွင်း ကြွပါခင်ဗျာ"

ဟု ရဲမက်တစ်ဦးက ဆီးကြို



www.burmeseclassic.com

www.burmeseclassic.com

လျက် ဖိတ်မန္တကပြုသည်။ ရွှေနန်းတော်အဝင်ဝတွင် ရှမ်းပျိုဖြူလေးများက ဆီးကြိုကြသည်။ သူတို့လေးတွေ၏ ဝတ်ဆင်ပုံမှာ အသွင်ဆန်းသည်။ အင်္ကျီနှင့် လုံချည်များတွင် ရွှေရောင်၊ ငွေရောင်များ တလက်လက် တောက်နေသည်။ ဦးခေါင်းထက်မှာလည်း အင်္ကျီ လုံချည်များလို စင်းကြောင်းလေးများ အလှဆင်လျက် ရွှေရောင်၊ ငွေရောင်များ အလှဆင်ထားပေ၏။

သူတို့လေးများက လှသည်၊ ယဉ်သည်၊ အသားက ဖြူဖြူဖွေးနေပါ၏။ မျက်တောင်က ကော့ကော့၊ နှာတံအနည်းငယ် ပုသယောင်ထင်ရသည်။ မျက်နှာဝိုင်းဝိုင်း၊ နှုတ်ခမ်းနှစ်လွှာ နီတျာတျာ၊ ပါးအိုလေးများက မို့မို့အစ်အစ်နှင့် ဆေးနီမဆိုးပါဘဲလျက် ပန်းဆီရောင်သမ်းလို့နေတော့၏။

"မင်္ဂလာပါ မမမာယာဒေဝီ၊ ဘိန္နကမြို့တော်က ကြိုဆိုပါတယ်"

ဟု ညီညာစွာ ဆိုလိုက်ကြသည်မှာလည်း ချစ်စရာအသံ၊ ချစ်စရာဟန်လေးများကို မြင်တွေ့ရပြန်၏။

ရွှေနန်းတော်လှေကားမှ တက်လာခဲ့ကြရာ ကြီးမားလှသော ရွှေနန်းတော်တိုင်ကြီးများဖြင့် ဝင်းလက်တောက်ပြောင်နေသော ကြမ်းပြင်ကို တွေ့လိုက်ရသည်။ အခင်းကြမ်းပြင်မှာလည်း သေးသေးသောသော မဟုတ်၊ ၁၈ လက်မခန့် ရှိပေမည်။ ရွှေနန်းတော်ထိပ်တည့်တည့်မှာတော့ ခွပ်ဒေါင်းကြီးတစ်ကောင်ကို တွေ့ရ၏။ ထိုပန်းချီကားတွင် မြင်တွေ့နေရသော ခွပ်ဒေါင်းကြီးမှာ ဒေါသအမျက်ချောင်းချောင်းထွက်လျက်နေပုံဖြစ်သည်။

ထိုပန်းချီကားကြီး၏အောက်တွင် ကဒေါင်းပုံသဏ္ဍာန် ထုဆစ်၍ထားသော ရွှေပလ္လင်ကြီး မြင်တွေ့ရ၏။ ထိုပလ္လင်ထက်တွင် ဘိန္နကရာဇ်မင်းမြတ်ကြီး စံမြန်းလျက်ဖြစ်သည်။

ဘိန္နကရာဇ်ဘုရင်မင်းမြတ်မှာ သက်တော် ၃၀ ကျော် အရွယ်မျှသာ ရှိပေဦးမည်။ မျက်နှာတော်မှာ ခံ့ညားတည်ကြည်လှပေ၏။ ထူထဲသော မျက်ခုံး၊ တောက်ပသော မျက်လုံး၊ ဖြောင့်စင်းသော နှာတံ၊ သွယ်တန်းသော လက်တံ၊ ဖြူဝင်းသော အသား၊ ကားသောရင်၊ စွင့်သောအရပ် ယောက်ျားမြတ်တို့ ရှိအပ်သော လက္ခဏာနှင့် ပြည့်စုံလို့နေပေ၏။

ဘိန္နကရာဇ်မင်းမြတ်ကြီး၏ လက်တော်တွင် ဥဒေါင်းငှက်အတောင်များကို စုစည်းကိုင်ဆောင်လျက် မာယာဒေဝီအား ပလ္လင်တော်အနီးမှ သလွန်တော်ပေါ်ထိုင်ရန် ညွှန်ပြသည်။ မာယာဒေဝီ ငြင်းဆန်ခြင်း မပြုပါ။ ဣန္ဒြေရရပင် ဝင်၍ထိုင်လိုက်သည်။

"ခရီးဝေးက လာရတော့ အတော်လေး ပင်ပန်းမှာပေါ့ နမယ် မာယာဒေဝီ"

ဟု နှုတ်ခွန်းဆက်စကား စ၍ ဆိုလိုက်သည်။ ထိုအခါ မာယာဒေဝီမှာ ဘိန္နကရာဇ်မင်းကြီးအား ကြည့်လျက် အံ့သြရတော့၏။

"ကပိလက ထွက်ခွာလာတော့ သက်တော် ဘယ်မျှရှိပါပြီလဲ မာယာဒေဝီ" ဟု ဆက်၍မေးလာပြန်သည်။

မာယာဒေဝီမှာတော့ အံ့သြပြီးရင်း အံ့သြ၍နေရတော့၏။

"မင်းနားတစ်ထောင်ဆိုတဲ့စကားကြားဖူးမှာပေါ့၊ ကျုပ်က မောရိယမှာနေပေမယ့် ကျုပ်ရဲ့ နားနဲ့မျက်စိတွေက တစ်တိုင်းလုံး တစ်ပြည်လုံး ဖြန့်ကျက်လျက်ပါ မာယာဒေဝီ၊ ဒါကြောင့် မင်းတို့တွေ တကောင်းပြည်တွင်း ဝင်ရောက်လာကြောင်း၊ ကံဆိုးချင်တော့ မင်းတို့တွေ ရောက်လာမှ တကောင်းပြည်ကြီးက အစိတ်စိတ်အမြွှာမြွှာ ပျက်စီးနေနှင့်တယ်လေ၊ အမှန်တော့ ဒီအကြောင်းတွေ ပြောရတာ ကိုယ့်ပေါင်ကို လှန်ထောင်းရသလို ရှက်လည်းရှက်၊ မျက်နှာလည်း ပူပါရဲ့၊ နောက်ဆုံး လူမတန် ကံချဆိုသလို မမြင်ရတဲ့ ကံကိုသာ ပုံချလိုက်ရတော့တာပေါ့"

ရှည်လျားစွာ မိန့်တော်မူသည်။

"ကျုပ် တကောင်းကို ချစ်ပါတယ်၊ ပြည်သူပြည်သားတွေကိုလည်း ရင်ဝယ်သားလို ချစ်ပါတယ်၊ ဒါပေမဲ့ တကောင်းရွှေနန်းတော်ကိုတော့ ပြန်ပြီး မမျှော်မှန်းတော့ပါဘူး၊ သတင်းကြားရသလောက်ဆိုရင် မောရတောင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတဲ့ ဓဇရာဇာမင်းသားလေးက တကောင်းအတွက် ကြိုးစားဆောင်ရွက်လို့ နေပါတယ်၊ အကယ်၍ သူလိုအပ်လာရင်တော့ ကျုပ်ဘက်က အတတ်နိုင်ဆုံး ကြိုးစားကူညီရမှာပေါ့"

ဟု ဘိန္နကရာဇ်မင်းကြီးက ဓဇရာဇာမင်းသားအတွက် လိုလိုလားလားပင် ဆိုလာသည်။

သို့သော် မာယာဒေဝီမှာတော့ ဓဇရာဇာ ဟူသော အသံကြားလိုက်ရသည်နှင့် ရင်မှာ ချောက်ချားလာသလို ခံစားလိုက်ရသည်။ ဓဇရာဇာအပေါ် သူချစ်ခင်စွဲလမ်းခဲ့သည်။ ထိုစဉ်ကတော့ ဓဇရာဇာလည်း သူ့အပေါ် မြတ်မြတ်နိုးနိုး ချစ်ခင်စွဲလမ်းခဲ့ပါ၏။ သို့သော် မောရတောင်ပေါ်ရောက်သွားချိန်မှစ၍ သူတို့နှစ်ဦးစလုံး သူစိမ်းတွေလို ဖြစ်ခဲ့ရပေတော့၏။

"မာယာဒေဝီ မောရတောင် မသွားဘူးလား"

ဟု ဘိန္နကရာဇ်မင်းမြတ်ကြီးက အမေးတော် ရှိလာပြန်သည်။

မောရတောင်ကို မာယာဒေဝီ လွမ်းခဲ့ရသော ရက်ပေါင်းတွေက မရေတွက်နိုင်အောင် များလှပါ၏။ မောရတောင်ပေါ်သို့ လူထောင်ပေါင်းများစွာ စိတ်ဝင်စားလာအောင် မာယာဒေဝီကပင် ရွက်ဆောင်၍ပေးခဲ့ရသည်။ မောရတောင်ကို လူသိများထင်ရှားလာမှ မဟာဒေဝီနာဂဆိန်က ဝင်ရောက်၍နေရာယူသည်။ မဟာဒေဝီနာဂဆိန် ရှိနေသမျှ ကာလပတ်လုံး မာယာဒေဝီ မောရတောင်ပေါ်သို့ လုံးဝ ပင်သွားရန် စိတ်မဝင်စားခဲ့ပါပေ။ ထို့ကြောင့် မာယာဒေဝီ အောက်နှုတ်ခမ်းကို အသာဖိကိုက်လျက် မင်းတရား၏ အမေးစကားကို ပြန်၍မဖြေမိပါပေ။

"မာယာဒေဝီ မင်းကို ဒီအရောက်ခေါ်ယူရခြင်းဟာ ကျုပ်ရဲ့ ပြည်သူတွေကို မြားပစ်သင်ကြားပေးဖို့ ဖြစ်တယ်၊ ဒီနေ့တော့ ခရီးပန်းလာလို့ လွတ်လွပ်လပ်လပ် အပန်းဖြေပါတော့ နှမငယ် မာယာဒေဝီရယ်"

ဟု ဆိုကာ အခွင့်တော်သာလိုက်လေတော့၏။

□

မာယာဒေဝီတို့ ညနေခင်း ရွှေလီမြစ်တွင်း ဆင်းလာသည်နှင့် ဥဒေါင်းငှက်၊ ကြိုးကြာငှက်၊ ဟသ်ာငှက်များကို တွေ့ရသည်။ ထိုငှက်များအား လုံးဝမပစ်ရဟု မင်းတရားက အမိန့်ထုတ်လျက် တားမြစ်ထားသည်ဟု ဆိုပေသည်။

ရစ်ခွေစီးဆင်းနေသော ရွှေလီမြစ်ဟာ ဧရာဝတီမြစ်လောက် မကြီးကျယ်မခမ်းနားပါပေ။ ဧရာဝတီမြစ်နဒီသည် ရေနက်၍ အောက်ကြမ်းခင်းကိုပင် မမြင်နိုင်ပေ။ ရွှေလီမြစ်မှာတော့ နေ့အခါမို့ ရေအောက်ကြမ်းပြင်တွင် ဖွေးဖွေးဖြူနေသော သဲနှင့် လှပသော ကျောက်လုံးလေးများကို အတိုင်းသား မြင်တွေ့နေရပေ၏။

ကြည်လင်အေးမြနေသောရေတွင် လူးလွန့်ပြေးလွှားနေသော ငါးကလေးများကို မြင်ရသည်မှာ ပျော်စရာပင်ကောင်းတော့၏။ မာယာဒေဝီ ရေချိုးနေစဉ် ငါးကလေးများ စုံပုံရောက်ရှိလာပြီး တိုးကြ၊ ဝှေ့ကြ၊ နမ်းကြသည်မှာ အသည်းယားစရာ မြင်နေရသည်။ ကျော်စွာကတော့ လက်ကိုကန်တော့ထိုး၍ အမျိုးမျိုးသော ငါးကလေးများကို လိုက်ဖမ်းရင်း ဆော့ကစားလို့နေတော့၏။

ထိုသို့ ပေါ့ပါးလွတ်လပ်သော လူငယ်တို့၏ ဘ၀ကို မာယာဒေဝီ ပြန်လည်တမ်းတမိသည်။ တမ်းတမိလေတိုင်းလည်း ကပိလရွှေနန်းတော်ကြီးကိုပင် လွမ်းမိသည်။ ကပိလရွှေနန်းတော်ကြီးသည် ဟိမဝန္တာနှင့်နီး၍ ပန်းပေါင်းစုံ ဝေဆာသော နေပြည်တော်ကြီးဖြစ်သည်။ ရာသီမရွေး အအေးဘက် လွန်ကဲသဖြင့် ဘီဟာနယ်သူနယ်သားများလို အသားရောင်မွဲခြောက်ခြောက်မနေပါ။

ထိုနည်းတူပင် ဘိန္နကရာဇ်မင်းမြတ်ကြီး စံမြန်းသော မောရိယတိုင်းဌာနီမှာလည်း မြင့်မားလှသော တောင်တန်းကြီးများပေါ်တွင် တည်ရှိသဖြင့် ကပိလနှင့်ပင် တူနေသလို ခံစားမိ

www.burmeseclassic.com

သည်။ တကောင်းမြို့နှင့် ဟန်လင်း ဒေသများလောက် ပူပြင်းခြင်း မရှိ၍ သူတို့တွေ၏ အသားရောင်မှာလည်း စိုပြည်ဝင်းလက်လို့ပင်နေပေ၏။

ရွှေလီမြစ်ကမ်းမှ အပြန်လမ်းတွင် ကျော်စွာလေးက သစ်ခွပန်းများ ခူးယူလာခဲ့သည်။

"မမမာယာ သစ်ခွပန်းကြိုက်မယ်ထင်လို့"

ဟုလည်း ဆိုလာသည်။

"ပန်းတွေက လှလိုက်တာ၊ မမမာယာ သိပ်ကြိုက်တာပေါ့ ကွယ်၊ ပေးပေး"

ဟု ဆိုကာ ဆီး၍ယူလိုက်သည်။ အမှန်တော့ သစ်ခွပန်းဆိုသည်မှာ အဆင်းရှိပါလျက် အနံ့မရှိပေ။ ဒါကိုပင် အချို့လူများက အဆင်းရှိပြီး အချင်းမရှိသည့်ပန်းဟုလည်း ဆိုကြပေ၏။ မာယာဒေဝီကတော့ ထိုသို့မမြင်ပါ။ ပန်းတိုင်း ပန်းတိုင်းတွင် သူ့ဂုဏ်နှင့်သူတော့ ရှိကြပေမည်။ အချို့ပန်းများမှာ လှတော့လှပါ၏၊ အနံ့ဆိုးချင် ဆိုးနေတတ်သည်။ အချို့ပန်းများမှာ အဆင်းမလှသော်လည်း မွှေးကြိုင်သင်းပျံ့နေတတ်သည်။ အချို့က လှသည်၊ လုံးဝအနံ့မရှိ၊ အချို့ကတော့ လှလည်းလှ၊ အနံ့လည်း သင်းသည်။

ထိုကဲ့သို့ပင် လူသားတို့သည်လည်း ရုပ်ရည်ရူပကာလှတိုင်းလည်း စိတ်ကောင်း ရှိချင်မှ ရှိပေမည်။ ရုပ်ရည်မလှသော်လည်း စိတ်နှလုံးလှသူများ ရှိပေမည်။ လူတို့၏ ဗီဇစိတ်ကို တိုင်းတာရာမှာ ရုပ်ရည်ရူပကာနှင့် မဆိုင်ပေ။ အတွင်းအဇ္ဈတ္တနှင့်သာ ဆိုင်ပေသည်။ အချို့ ရုပ်ရည်လှပပြီး စိတ်ပုပ်စိတ်ယုတ်မာမွေးကြသည်။ အချို့ ရုပ်ရည်ရူပကာ မလှသော်လည်း စိတ်ရင်းစေတနာ အလွန်ကောင်းသည်။

ပန်းတိုင်း မမွှေးနိုင်၊ မလှနိုင်သလို လူတိုင်းလည်း ဘယ်မှာလာလို့ လှနိုင်ပါမည်နည်း။

"မာယာဒေဝီ မင်း မအိပ်သေးဘူးလား"

ဟု မင်းတရားကြီးက အမေးတော်ရှိမှ မာယာဒေဝီ အသိတရား ပြန်ဝင်လာရသည်။ အမှန်တော့ ယနေ့ည မာယာဒေဝီနှင့် ကျော်စွာတို့ နှစ်ဦးအား အဆောင်တစ်ခုမှာပင် နေရာချပေးခဲ့ပါ၏။

ထိုအဆောင်သည် ကြီးကျယ်ခမ်းနားခြင်း မရှိသလို သေးငယ်နုံချာသော တဲလေးလည်း မဟုတ်ပါပေ။ ထိုအဆောင်တွင် ဧည့်ခန်း၊ အိပ်ခန်းများအပြင် လသာဆောင်ပါတွဲလျက် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

မာယာဒေဝီသည် ကျော်စွာ ယူလာသော ပန်းများကို ကိုင်လျက် လသာဆောင်မှာ အချိန်မည်မျှကြာအောင် ထိုင်မိသည်ပင် မမှတ်မိချင်ပေ။ မရေရာသော သူမ၏ ဘဝခရီးအတွက် ရှေ့ဆက် ဘာတွေဖြစ်လာမည်နည်းဟု ပန်းများကို ကြည့်ရင်း အတွေးနယ်ချဲ့နေမိပါ၏။

"တို့ လာလို့ရမလား မာယာဒေဝီ"

ဟု မင်းတရားက ဆိုနေပြန်သည်။

ဧည့်သည်က အိမ်ရှင်ကို ပြန်၍ နှင်လွှတ်ရိုး လောကတွင် မရှိပါပေ။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လာပါဟုပင် အခွင့်တော်ပေးရပေတော့မည်မို့...

"ကြွပါ အရှင်၊ မာယာ တစ်ယောက်တည်းမို့ အရှင်လာတော့ အဖော်ရတာပေါ့"

ဟုပင် အလိုက်သင့် ပြန်ဖြေရတော့သည်။

အရှင်ရောက်လာပြီး ဘာမှ မကြာပါ၊ လိမ္မော်သီးနှင့် နာနတ်သီး ပန်းကန်များ လာပို့ကြသည်။

"လိမ္မော်သီးလေး စားကြည့်ပါ မာယာဒေဝီ၊ ဒီလိမ္မော်သီးက နန်းတွင်း ဥယျာဉ်တော်ကထွက်တဲ့ အသီးပါ၊ စားဖူးသူတိုင်း ကြိုက်ကြတယ်၊ အခွံပွပြီး အသားက ချိုမြလို့နေတယ်"

ဟု ဆိုကာ မင်းတရားက လိမ္မော်သီးတစ်လုံး ကောက်ယူလျက် အခွံခွာ၍ပေးသည်။ မာယာ စားကြည့်တော့လည်း အမှန်ပင် ချိုမြနေကြောင်း သိလိုက်ရ၏။

"မာယာဒေဝီ...မဇ္ဈိမဒေသမှာ ဘုရင်းရှင်ပွင့်နေပြီဆိုတာ အမှန်ပဲလား"

www.burmeseclassic.com

ဟု မင်းတရားက မေးလိုက်ပြန်သည်။ ဒီမေးခွန်းကိုမှ မဖြေဆိုပါက လောကတွင် မာယာဒေဝီလောက် ရိုင်းပျသူရှိတော့မည် မထင်ပေ။ ထို့ကြောင့် သိသမျှတော့ ပြောပြရန် ဆုံးဖြတ်ချက်ချရတော့၏။

"ဟုတ်ပါတယ် မင်းတရား၊ ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီးနဲ့ သီရိမဟာမာယာဒေဝီ မိဖုရားတို့က အလောင်းတော် သိဒ္ဓတ္ထကုမာရမင်းသားလေးကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့မှာ ဖွားမြင်တော်မူပါတယ်၊ အလောင်းတော်ကို ဖွားမြင်တာကလည်း ကပိလဝတ်ပြည်မှာ မဟုတ်ပါဘူး၊ ဒေဝဒဟပြည်သွားရင်း လမ်းခရီးတစ်ထောက် နားခိုရာ လုမ္ဗိနီလို့ အမည်ရှိတဲ့ အင်ကြင်းဥယျာဉ်တော်မှာ ဖွားမြင်တာပါ။

"အလောင်းတော်မင်းသားလေးဟာ ဖွားမြင်လို့ပြီးပြီးချင်း မြောက်အရပ်မျက်နှာတော်မူပြီး ခြေခုနစ်ဖဝါး လှမ်းကြွပါတယ်၊ နောက် ထိုနေရာမှာ ခြေစုံရပ်ပြီး 'အဂ္ဂေါဟ မသ္မိလောကဿ' လို့ နှုတ်တော်က မြွက်ကြားလိုက်ပါသေးရဲ့၊ သဘောကတော့ ငါသည်သာလျှင် လောကတွင် အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတဲ့ သဘောပေါ့"

"ထူးတော့ ထူးတယ်နော်"

ဟု မင်းတရားက ဆိုလိုက်၏။

"မှန်ပါတယ်၊ ဒီထက်ထူးတာက ဖွားမြင်တော်မူကြောင်း သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်ဆည်းကပ်တော်မူတဲ့ ကာဠုဒေဝီလ ရှင်ရသေ့ကြီး ကြားတော့ ရွှေနန်းတော်တွင်းအထိ ကြွလာပြီး ကလေးကို ကြည့်လိုကြောင်း ပြောလာတယ်၊ ဒါနဲ့ သုဒ္ဓေါဒနမင်းကြီးလည်း မနေသာတော့ အလောင်းတော်မင်းသားလေးကို ခေါ်ယူပွေ့ချီလာပြီး ပြရတော့တာပေါ့"

"ဒီတော့ ဘာဖြစ်လဲ"

ဟု မင်းတရားက သိလိုဇောဖြင့် ဆိုလိုက်ပြန်သည်။

"ဘာဖြစ်ရမှာလဲ၊ အလောင်းတော် မင်းသားလေးဟာ ခမည်းတော်ရင်ခွင်တွင်းက ထွက်ခွာလို့ လေမှာ ပျံဝဲပြီး ကာဠုဒေဝီလရှင်ရသေ့ရဲ့ ဦးခေါင်းထက်မှာ ရပ်တည်လို့နေတော့တာပေါ့၊ ဒီတော့ ရသေ့ကြီးမှာ သူ့ထက်ဘုန်းသမ္ဘာကြီးသူ ပါလားဆိုပြီး အလောင်းတော်မင်းသားလေးကို လက်အုပ်ချီရတော့တာပေါ့"

"အံ့လောက်စရာပါလား မာယာဒေဝီရယ်"

ဟု မင်းတရားက ဆိုလိုက်ပြန်သည်။

"ဒါတင်ဘယ်ကမှာလဲ၊ ကာဠုဒေဝီလရှင်ရသေ့ကြီးက မွေးကင်းစ သိဒ္ဓတ္ထကုမာရမင်းသားလေးကို ကြည့်ပြီး ရယ်မောပြုံးရွှင်တော်မူတယ်၊ နောက် မကြာပါဘူး၊ မျက်ရည်စိုရွှဲနဲ့ ငိုပွဲဆင်တော့တာပေါ့"

"ဘာများဖြစ်လို့လဲ မာယာဒေဝီရယ်"

ဟု မင်းတရားက ဆိုလာသည်။

"ဟုတ်ပါတယ်၊ သုဒ္ဓေါဒနမင်းကြီးကလည်း အဲဒီလို မေးမြန်းလျှောက်ထားတော့ ဤမင်းသားလေးဟာ ဘုရားစင်စစ် ဧကန်ဖြစ်မှာမို့ ပျော်လွန်းအားကြီးပြီး ရယ်မိခြင်း ဖြစ်ပါတယ်၊ ငိုကြွေးရခြင်းကတော့ မင်းသားလေး သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်ရှိချိန်မှာ ကာဠုဒေဝီ ရှင်ရသေ့ကြီးဟာ လူ့ပြည်မှာ မရှိတော့ပြီမို့ ငိုရခြင်း ဖြစ်ပါသတဲ့"

"သုဒ္ဓေါဒနမင်းကြီးမှာတော့ သားရတနာလေးရလို့ ပျော်လိုက်ရတာ၊ ရလာတဲ့ သားတော်ကလည်း ဘုရားစင်စစ် ဧကန်ဖြစ်မယ်ဆိုတော့ ပိုလို့တောင် ပျော်ရွှင်ကြည်နူးရတာ အမှန်ပါပဲ၊ သို့သော် သားတော်လေးကို စကြဝတေးမင်းကြီး ဖြစ်လိုစိတ်က လွှမ်းမိုးလို့နေတော့ ပုဏ္ဏားပညာရှိတွေ ခေါ်မေးတယ်၊ ပုဏ္ဏားတွေကလည်း စကြာမင်းကြီး သို့မဟုတ်ပါက ဧကန်ပင် ဘုရားစင်စစ်ဖြစ်မယ်လို့ ဆိုကြပြန်တော့ စိတ်မချမ်းမြေ့နိုင်ပြန်ဘူး"

"ဖခင်တို့ရဲ့ မေတ္တာလို့ ဆိုရမှာပေါ့ မာယာရယ်"

ဟု မင်းတရားက ဆိုလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်၊ အမှန်တော့ သုဒ္ဓေါဒနမင်းကြီးက သားတော်လေးကို စကြဝတေးမင်းကြီး ဖြစ်စေချင်တာ၊ ဒါနဲ့ မင်းသားလေး ၁၆ နှစ်အရွယ်တော်မှာ ဒေဝဒဟပြည့်ရှင်ဘုရင် သုပ္ပဗုဒ္ဓမင်းကြီးရဲ့ သမီးတော် ယသော်ဓရာနှင့် လက်ထပ်ထိမ်းမြားပေးခဲ့တယ်၊ ထီးမွေနန်းမွေတွေပါ လွှဲအပ်ပေးတယ်"

"ဒီလိုနဲ့ သားတော်လေးတစ်ပါး ဖွားမြင်တယ်၊ အမည်က ရာဟုလာတဲ့၊ သုဒ္ဓေါဒနမင်းကြီးကတော့ မြေးတော်လေးရလို့ သားကို စိတ်ချရပြီ ထင်ခဲ့ရှာတာပေါ့၊ အလောင်းတော် သိဒ္ဓတ္ထမင်းသား သက်တော် ၂၉ နှစ်အရွယ်မှာ ဥယျာဉ်တော်ထွက်ရင်း သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတို့ကို တွေ့မြင်လိုက်ရတယ်၊ ဒီတော့မှ ဘဝ ဘဝက ဆည်းပူးလေ့လာခဲ့ရတဲ့ ပါရမီဟုန်တို့ နှိုးဆွလိုက်သလိုဖြစ်ပြီး တောထွက်တော်မူသွားတာပေါ့"

ဟု ဆိုကာ မာယာဒေဝီက အောသွားသည့်အလား လိမ္မော်သီးလေး ကောက်ဝါးနေလိုက်သည်။

"ဆက်ပြောဦး မာယာဒေဝီရယ်၊ ချုပ်မှာ နားထောင်ရတာနဲ့ ကြက်သီးမွေးညင်းတွေတောင် ထလာတယ်"

ဟု မင်းတရားက တောင်းဆိုလာပြန်သည်။

အမှန်တော့ ကပိလမှာ နေခဲ့စဉ်က မာယာဒေဝီ၏ အသက်မှာ ငယ်ရွယ်လှပေသေး၏။ သို့သော် မိခင်၊ ဖခင်များက အိပ်ရာဝင်ပုံပြင်သဖွယ် မြတ်ဗုဒ္ဓ၏ အကြောင်းများကို ညစဉ်ပြောပြ၍သာ မှတ်မိနေခဲ့ရသည်။ မြတ်ဗုဒ္ဓ၏ ရွှေရုပ်လွှာကိုမူ မာယာဒေဝီပင် ငယ်စဉ်အခါက ဖူးမြင်ခဲ့ရ၍ ဝိုးတို့ဝါးတားမျှသာ ထင်ကျန်ပေ၏။

"တောထွက်တော်မူတာကလည်း ကပိလဝတ်ပြည်နဲ့ မနီးပါဘူး၊ ယူဇနာ သုံးဆယ်လောက် ဝေးတယ်လို့ ဆိုပါတယ်၊ အနော်မာမြစ်ကမ်းရောက်မှ ဆံတော်ကို ဓားသန်လျက်နဲ့ပယ်ပြီး အညိုရောင်သင်္ကန်းကြီးဝတ်လို့ ဥရုဝေလအမည်ရတဲ့ တောကိုဝင်ကာ တရားအားထုတ်တော်မူတော့တာပေါ့။

ဒီသတင်းလည်းကြားရော အလောင်းတော်မင်းသား ဖွားမြင်စက ဘုရားဧကန်ဖြစ်မယ်လို့ ဟောခဲ့တဲ့ ကောဏ္ဍညအမည်ရတဲ့ ပုဏ္ဏားနဲ့ အပေါင်းပါများဖြစ်ကြတဲ့ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့က သူတော်စင်ရသေ့အဖြစ်နဲ့ ဥရုဝေလတောကို လိုက်လာကြတယ်။

အလောင်းတော်မြတ်ကြီးဟာ ဦးစွာပထမ ခေါင်းပါးစွာကျင့်မှ တရားထူး၍ ဘုရားအဖြစ်ရောက်နိုင်မယ်လို့တွေးပြီး ဥရုဝေလတောမှာ ခြောက်နှစ်တိုင်တိုင် ကျင့်ကြံပွားများ အားထုတ်ပေမယ့် တရားထူးကို မရရှိခဲ့ပါဘူး။ ဒါနဲ့ ငါတော့ တစ်ခုခု လွဲချော်နေပြီဆိုတာ သိရလို့ အာဟာရအတွက် ဆွမ်းခံထွက်ပြီး ရသမျှလေးနဲ့ ဘုဉ်းပေးတော်မူတယ်။

ဒီတော့ အလုပ်ကျွေးပြုနေကြတဲ့ ရသေ့ငါးဦးက စဉ်းစားသတဲ့၊ အာဟာရမစားဘဲ ဒီလောက် ကိုယ်ခန္ဓာခြောက်ခမ်းနေအောင် အားထုတ်တာတောင် ဘုရားမဖြစ်တာ၊ ခု အစာအာဟာရ ပြန်စားပြီဆိုမှတော့ လုံးဝ ဘုရားဖြစ်နိုင်မည် မဟုတ်လို့ တွေးကြပြီး ဥရုဝေလတောကနေ ထွက်ခွာသွားကြတော့တာပေါ့"

ဟု ပြောလိုက်တော့…

"လောကသုံးပါးတို့ရဲ့ အရှင်သခင် ဘုရားရှင်ဖြစ်ဖို့ဆိုတာ မလွယ်ပါလား မာယာဒေဝီရယ်"

ဟု မင်းတရားက ညည်းညူတော်မူလိုက်လေ၏။

"အမှန်တော့ ဘုရားရှင်ဟာ အရိုးပေါ် အရေတင်နေသည့်တိုင် ဇွဲမလျှော့ခဲ့ပါဘူး၊ ဒီကြားထဲ ရယ်စရာဖြစ်ရပ်လေးတစ်ခု ရှိသေးတယ်"

ဟု မာယာဒေဝီက ဆိုလိုက်ရာ

"ဘာများပါလိမ့် ဆိုပါဦး"

ဟု တောင်းဆိုလာသည်။

"ဥရုဝေလတောရဲ့ အရှေ့တောင်အရပ်မှာ သေနဆိုတဲ့ရွာလေးတစ်ရွာ ရှိတယ်၊ အဲဒီသေနရွာမှာ သူဌေးသမီး သုဇာတာဆိုတာ ရှိတယ်၊ သုဇာတာ အပျိုဘဝက ရွာဦးညောင်ပင်ကြီးမှာ နို့တွေနဲ့ ချက်ထားတဲ့ ထမင်းယူယူသွားပြီး ဆုတောင်းဖူးသတဲ့၊ အဲဒီတု



www.burmeseclassic.com

www.burmeseclassic.com

သော လင်သားနှင့် ရပါရစေ၊ ထိုသို့ လင်ယောကျ်ားရ၍ အိမ်ထောင်ကျပြီး လျှင် သားဦးရတနာလေး အရင်မွေး ပါရစေ၊ တောင်းသော ဆုပြည့်ဝပါက အသင်နတ်မင်းကြီးအား နှစ်စဉ် တစ်သိန်းတန်ဘောဇဉ် ဆက်သပါ မည်တဲ့လေ။

နတ်မင်းကြီး 'မ'၊ မ'မ'တော့ မသိရပါဘူး၊ သုဇာတာလေးကတော့ ဗာရာဏသီမြို့က သူဌေးသားတစ်ဦး နဲ့ အိမ်ထောင်ကျတယ်၊ နောက်များ မကြာမီ သားဦးရတနာလေး မွေး တယ်၊ ကလေးအမည်က 'ယသ'တဲ့၊ သားဦးရတနာ ယသကို ရတာနဲ့ အပို့ ဘဝက တောင်းခဲ့တဲ့ဆုပြည့်တယ်ဆို ပြီး ညောင်ပင်စောင့်နတ်ကြီး ပူဇော် ပသရအောင် သုဇာတာ ရှာပြန်ရောက် နေတယ်တဲ့။

ဒါနဲ့ တစ်ညလုံး ဃနာနို့တွေ ကျိုကြ ချက်ကြတာပေါ့၊ နောက်နေ့ မနက် ညောင်ပင်ကြီးဆီသွားတော့ ညောင်ပင်အောက်မှာ ဘုရားလောင်း တော်မြတ်ကြီး ထိုင်ပြီး အပန်းဖြေနေ တာ တွေ့ရတာပေါ့၊ ဒါဟာ ညောင် ပင်စောင့်နတ်မင်းကြီးက ငါ့ကို ကိုယ် ထင်ပြတာပဲဆိုပြီး ရွှေခွက်ပါ လှူဒါန်း ထားခဲ့တော့တာပေါ့။

အလောင်းတော်မြတ်ကြီးဟာ ရရှိလာသော ဆွမ်းကို နေရဉ္စရာမြစ် ကမ်းရောက်မှ ဘုဉ်းပေးတော်မူပြီး ရွှေခွက်ကို ဘုရားဖြစ် မဖြစ် ရမှာချ လို့ အဓိဋ္ဌာန်ပြုသတဲ့၊ ထိုကမှ မဟာ ဗောဓိပင်အောက် မြက်ရှစ်ဆုပ်ဖြန့်ကြဲ ပြီး ထိုင်တယ်"

ဟု ပြောလိုက်စဉ်မှာပင် ကြက် တွန်သံ ကြားလိုက်ရလေသည်။

"ဒီညတော့ တော်လောက်ပြီ၊ နောက်ရက်မှ ဆက်ပြောကြတာပေါ့"

ဟု မာယာဒေဝီက ဆိုလိုက်၏။ ထိုအခါ မင်းတရားမှာ နားထောင်လို သေးသော်လည်း ခရီးပန်းလာသော မာယာဒေဝီအား သနားသဖြင့် စံအိမ် တော်သို့ လှမ်းလာခဲ့ရပေတော့၏။

□

အခါတိုင်းနေ့များတွင် လူသံ တွေ ဆူညံလျက်ရှိသော မောရတောင် တော်မှာ ယနေ့မှ ထူးခြားစွာ တိတ် ဆိတ်ငြိမ်သက်လို့နေပေ၏။

နန္ဒိသေနသည် ဆင်ကြီးနှစ်ကောင် ရှေ့မှ မြင်းကို ပုံမှန်စီးလျက် မောရ နန်းရင်ပြင်သို့တိုင် တက်လာခဲ့သည်။

ရွှေနန်းရင်ပြင်တွင် ကပ္ပရာဇာ နှင့် စစ်သည်တော်များ စုရုံးလျက် ဆွေးနွေးတိုင်ပင်၍နေသည်ကို မြင် တွေ့လိုက်ရသဖြင့် နန္ဒိသေန မြင်းပေါ် မှ ခုန်ဆင်းလျက် ကပ္ပရာဇာ ရှိရာသို့ လှမ်းလာခဲ့သည်။

"ကပ္ပရာဇာ…မောရရွှေနန်းတော် မှာ ဘာတွေထူးခြားမှုရှိနေလို့လဲ"

ဟု နန္ဒိသေနက မေးလိုက်သည်။

"ဟာ…နန္ဒိသေနပါလား၊ လာ လာ ခင်ဗျားကို မင်္ဂလာသတင်း ပြော ရဦးမယ်"

ဟု ဆိုကာ ကပ္ပရာဇာက နန္ဒိ သေနအား အဝေးသို့ ဆွဲခေါ်လာခဲ့ သည်။

"ဘယ်လိုမင်္ဂလာသတင်းလဲ၊ ပြောပါဦး ကပ္ပရာဇာရယ်၊ ကျုပ်မှာ ရင်တွေတောင် ခုန်လာတယ်"

ဟု နန္ဒိသေနက ဆိုလိုက်သည်။

"ခု…မဟာဒေဝီနာဂဆိန်က သားတော်လေးတစ်ပါး ဖွားမြင်တယ်၊ ဒါကို ဓရောဇာမင်းမြတ်က ဝိရာဂလို့ နာမတော် ပေးသနားလိုက်ပြီလေ"

ဟု ဆိုလာသည်။

နန္ဒိသေန ငိုင်ကျသွားရတော့၏။ ဒီသတင်းများ မာယာဒေဝီ ကြားသိ သွားပါကဟုလည်း စဉ်းစားရသည်။ မာယာဒေဝီ ဓရောဇာကို မည်မျှမြတ် နိုးတွယ်တာကြောင်း နန္ဒိသေန သိပါ ၏။ မာယာဒေဝီ ဓရောဇာအတွက် မည်မျှကြိုးစားအားထုတ်ခဲ့ကြောင်းမှာ ပြောရန်ပင် လိုတော့မည် မထင်ပါ။ ဒါနဲ့များ မာယာဒေဝီအား ဥပေက္ခာ ပြုလျက် ဓရောဇာ လုပ်ရက်လေခြင်း ဟု နန္ဒိသေန စဉ်းစား၍ပင် မရနိုင် တော့ပေ။

ထို့ထက် အရေးကြီးသည်က သုဇိလပင်ဖြစ်သည်။ သုဇိလက မာယာ ဒေဝီအပေါ် တစ်ဖက်သတ်ချစ်သည်။ မာယာဒေဝီကတော့ ဓရောဇာမှလွဲ၍



www.burmeseclassic.com

www.burmeseclassic.com

အခြားယောကျ်ားမှန်သမျှ ဖွဲနဲ့ဆန်ကွဲလို သဘောထားသည်။ ဒီတော့ သုဇိလက သူ့ချစ်သူ စိတ်ချမ်းသာရင်ပြီးရော သဘောထားလျက် ဓဇရာဇာနှင့် မာယာဒေဝီတို့ နီးစပ်ရန် ရွှေတွေပေးလိုက်သည်။ ထို့ပြင် စစ်ပွဲအတွက် လေးနှင့်မြားတွေပါ ပေးအပ်လိုက်သည်။ ဒါဟာ ချစ်သူအတွက် သုဇိလ၏ ပေးဆပ်ခြင်းသက်သက်သာ ဖြစ်သည်။

ခုတော့ ဓဇရာဇာက တကောင်းဘုရင်၏ လက်ကျမိဖုရား နာဂဆိန်နှင့် သားတော်တစ်ပါးပင် ဖွားမြင်ခဲ့လေပြီ။ ဒါကို နန္ဒိသေန မည်သို့ ပြောပြရမည်နည်း။

ထိုသို့ စဉ်းစားနေခိုက်မှာပင် ပြုံးရွှင်သောမျက်နှာနှင့် ဓဇရာဇာမင်းမြတ် နန်းရင်ပြင်သို့ ကြွချီတော်မူလာသည်။

"ဓဇရာဇာမင်းမြတ်ကြီး"

"ကျန်းမာပါစေ"

"သားတော်ဝိရာဂမင်းသားလေး"

"သက်တော်ရာကျော်ရှည်ပါစေ"

ဟု နန်းရင်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် ဟစ်ကြွေးလိုက်ကြပေတော့သည်။

"မုဆိုးမနဲ့ ကလေးရတာ ဒီလောက် အပျော်ကျူးနေရသလား"

ဟု တွေးလျက် နန္ဒိသေနမှာ ဓဇရာဇာအား ဆွဲ၍သာ ထိုးလိုက်ချင်တော့သည်။

ထိုအချိန်မှာပင် ဆင်ပေါ်မှ လေးနှင့်မြားတွေကို တပ်တော်သားများက ရွှေနန်းတော်အရောက် သယ်ဆောင်၍ လာကြသည်။ ဓဇရာဇာသည် ထိုမြင်ကွင်းကိုကြည့်လျက် အံ့သြနေခိုက်…

"အဲဒီလေးနှင့် မြားတွေကို တပ်တော်သားများက ရွှေနန်းတော်အရောက် သယ်ဆောင်၍ လာကြသည်။ ဓဇရာဇာသည် ထိုမြင်ကွင်းကို ကြည့်လျက် အံ့သြနေခိုက်…

"အဲဒီလေးနှင့် မြားတွေကို သုဇိလ ပို့ပေးလိုက်တာပါ ရာဇာ"

ဟု နန္ဒိသေနက ဓဇရာဇာအနီးကပ်၍ပြောလိုက်သည်။ ထိုအခါ ဓဇရာဇာမှာတော့ နန္ဒိသေနအား ကြည့်လျက် တုန်တုန်ယင်ယင်အသံဖြင့်…

"သုဇိလ ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

"သုဇိလက သူ့ကတိအတိုင်း ရွှေပိဿာချိန်တစ်ဆယ်လည်း ပေးလိုက်ပါတယ်၊ ထို့အပြင် ဒူးလေးအလက် တစ်ရာ့ငါးဆယ်ကိုလည်း ဆက်သလိုက်ပါတယ် ရာဇာ"

ဟု နန္ဒိသေနက လျှောက်တင်လိုက်သည်။

နန္ဒိသေနသည် မြင်းပေါ်မှာ ပါလာသော ရွှေပိဿာချိန်တစ်ဆယ်ကို ဆက်သသော်လည်း ဓဇရာဇာ ဘာမှပင် မပြောနိုင်အောင် ဖြစ်နေရပေ၏။

သုဇိလသည် အပြောသမားမဟုတ်၊ အလုပ်နှင့်ပင် သူ့ကို သက်သေပြလိုက်ပေပြီ။ အကယ်၍ ဓဇရာဇာနှင့် မဟာဒေဝီနာဂဆိန်တို့တွင် သားဦးလေး ဝိရာဂကို ဖွားမြင်ကြောင်း သုဇိလကြားသိပါက မည်သို့တုံ့ပြန်လာမည်ဟုသာ တွေးနေရပေတော့၏။

"ရာဇာ…ဒါ ရွှေချိန်တစ်ဆယ်ပါ၊ သုဇိလကို ဘာများမှာဦးမှာလဲ"

ဟု နန္ဒိသေနက မေးလိုက်သည်။ ထိုအခါ ကပ္ပရာဇာက ရွှေချိန်တစ်ဆယ်နှင့် လေးမြားတွေကို စာရင်းဖွင့်၍ လက်ခံသည်။

"မာယာ ဘယ်မှာလဲ နန္ဒိသေန"

ဟု ဓဇရာဇာက လေသံအုပ်၍ မေးလိုက်သည်။ ထိုအခါ နန္ဒိသေန အတွေးရခက်ပြီ။ အမှန်အတိုင်းပင် သံတော်ဦးတင်ရတော့၏။

"မာယာဒေဝီဟာ ကျောက်ဂူကြီး ပြိုကျလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အတိတ်ကိုပါ မေ့နေတယ် ရာဇာ"

ဟု ဆိုလိုက်ရတော့၏။

ထိုစကားကြားမှ ဓဇရာဇာ သက်သာသလို ဖြစ်လာတော့သည်။ မာယာဒေဝီအတိတ်ကို မေ့နေသည်မှာ သူ့အတွက် အကောင်းဆုံးပင် ဖြစ်သည်။ အကယ်၍ အတိတ်မမေ့ပါက မဟာဒေဝီနှင့် ဓဇရာဇာတို့ကို မည်သို့မဆို လာရောက်တိုက်ခိုက်မည်မှာ မလွဲဧကန်ပင် ဖြစ်ပေ၏။ ထို့ကြောင့်

www.burmeseclassic.com

စကားကို လှအောင် ရွေးချယ်လျက်··

"ကံတရားပေါ့ နန္ဒီသေနရယ်၊ အတိတ်က ကိုယ်ပြုခဲ့တဲ့ကံဆိုတာ အချိန်တန်ရင် ကိုယ့်ထံ ပြန်လာတတ်စမြဲပေါ့၊ ဒါနဲ့ မင်း ဒီမှာ နေတော့မှာ မဟုတ်လား နန္ဒီသေန"

ဟုပင် မေးလာသည်။

"ကျုပ် ဒီမှာနေလို့ မရဘူး ရာဇာ"

ဟု ပြန်ပြောလိုက်သည်။

"ဘာကြောင့်များလဲ နန္ဒီသေနရဲ့"

ဟု ဆိုနေပြန်၏။

"ကျုပ်အိမ်ထောင်ပြုလိုက်ပါပြီ ရာဇာ"

ဟု အမှန်အတိုင်း ဝန်ခံလိုက်ရသည်။

"ဘယ်အရပ်က ဘာလူမျိုးပါလိမ့်"

ဟု ဆက်၍မေးလာသည်။

"ပဥ္စဒေဝီမင်းသမီးလေးနဲ့ပါ၊ ကျုပ်တို့ဇနီးမောင်နှံကို ဘိုးစိဗ္ဗက သရက်ဥယျာဉ်ကြီး လက်ဖွဲ့ပါတယ်၊ ဒါကြောင့် ခုဆို ကျုပ်တို့ဇနီးမောင်နှံနှင့်အတူ သရက်ဥယျာဉ်မှာ သာကီလူငယ်များပါ လိုက်ပြီးနေကြတယ်၊ ဟိုမှာရှိတဲ့ လူတွေအတွက် အဝတ်အထည်တွေ ဝယ်ယူနိုင်ဖို့ဆိုပြီး သုဗိလက ရွှေစင်တစ်ပိဿာ ပေးလိုက်ပါတယ်၊ ကျုပ်အထည်တွေ ဝယ်ပြီးရင် သရက်ဥယျာဉ် ပြန်ရမှာပါ"

ဟု လျှောက်တင်လိုက်သည်။

ဓဇရာဇာမှာတော့ နန္ဒီသေန၏ စကားကြားသိရသည်နှင့် ငိုင်ကြသွားရတော့၏။ သုဗိလသည် အသက်ပင် မိမိထက် သုံးနှစ်ကျော်ငယ်သော်လည်း မျိုးချစ်စိတ်ဓာတ် ပြည့်ဝလှပေသည် ဟုလည်း တွေးနေမိတော့၏။ အမှန်တော့ သာကီဒုက္ခသည်များ၏ ခေါင်းဆောင်မှာ ဓဇရာဇာပင် ဖြစ်သည်။ ခုတော့ ဓဇရာဇာမှာ တကောင်းမိဖုရားဟောင်း နာဂဆိန်နှင့်ပင် အပျော်ကျူးပလူးနေမိသဖြင့် မျိုးနွယ်တူသာကီများ၏အရေး တွေးပင် မတွေးမိခဲ့ပေ။

သူက မည်သို့မျှမတွေးမိသော်လည်း သုဗိလမှာတော့ အစစအရာရာ သာကီများအတွက် အသက်ပေးလျက် ဆောင်ရွက်လို့ပင် နေပေ၏။ အမှန်တော့ သာကီများ၏ ခေါင်းဆောင်မှာ ဓဇရာဇာမဟုတ် သုဗိလပင် ဖြစ်သည် ဟု ဓဇရာဇာ သဘောပေါက်ရပေတော့၏။

နောက်တစ်နေ့တွင် မောရတောင်ပေါ် ဈေးသွား၍ ကလေးများအတွက် အထည်လိုက်ကြည့်ကြသည်။ သို့သော် မောရတောင်ပေါ်တွင် အဝတ်အထည်များက လိုသလောက် မရနိုင်ပေ။ ရရှိနိုင်သော အဝတ်အထည်များကလည်း နှစ်နံစပ် အထည်ကြမ်းများ ဖြစ်သည်။ ထိုအထည်ကြမ်းများကို ကပိလလူကြီးလူငယ်များ မည်သို့မျှ ဝတ်နိုင်ကြမည် မဟုတ်ပေ။ ရွှေနန်းတွင်းမှာ ဖွားမြင်လာသူများမို့ သူတို့တွေ၏ ခါးပေါ်၊ ကျောပေါ်တွင် နူးညံ့သော အဝတ်အထည်များကိုသာပင် တစ်သက်လုံး ဝတ်ဆင်လာသူများ ဖြစ်ပေ၏။

"မင်းသားလေး အထည်ကောင်းကောင်းရနိုင်မယ့် နေရာအထိ လိုက်ပို့ပေးရမလား"

ဟု ဆင်ဦးစီးက ဆိုလာသည်။

"အထည်ကောင်းကောင်းက ဘယ်မှာ ရနိုင်လို့လဲ"

ဟု မေးကြည့်လိုက်ရာ···

"တကောင်းမှာ ရနိုင်ပါတယ်၊ ကျုပ်တို့ တကောင်းအရောက် သွားကြတာပေါ့"

ဟု ဆိုသည်။

ထို့ကြောင့်ပင်လျှင် ဆင်နှစ်ကောင် မြင်းတစ်စီးဖြင့် တကောင်းသို့ ခရီးဆက်ရပေတော့၏။

ရှေ့လဆက်ရန်

**မောင်ယဉ်မွှန်(မောဝ်နေခြည်)**



www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်ဆေးပေးပုံ နည်းလမ်း

ချောယဉ်သာမြင့် (B.A, B.Ed.)

ဓာတ်တို့သည် ဖြစ်အတူ ပျက်အတူ၊ ဓာတ်တစ်ပါး ဖြောင့်မှန်ညီညွတ်လျှင် ကြွင်းကျန်သော ဓာတ်အားလုံး ဖြောင့်မှန်ညီညွတ်ကြ၍ ဓာတ်တစ်ပါး ချွတ်ယွင်းပျက်ပြားလျှင် ကျန်ဓာတ်အားလုံးတို့ ချွတ်ယွင်းပျက်ပြားကြလေသည်။ ဤသို့ ဆိုရာ၌ ဓာတ်တစ်ပါးသည် အားနည်း၍ လျော့ပါး၍၊ ယုတ်၍ ဖောက်လျှင် သက်ဆိုင်ရာ အခြားဓာတ်တစ်ပါးသည် အားကြီး၍ လွန်ကဲ၍ ပျက်လေသည်။

သို့ကြောင့် ဓာတ်ဆေးပေးကုသရာ၌ ကဲလွန်နေသော ဓာတ်၏ ဓာတ်ကြိုက်ဆေးအစာကိုမပေးရ၊ ရှောင်ကြဉ်ရသည်။ ယုတ်လျော့အားနည်းနေသော ဓာတ်၏ ဓာတ်ကြိုက်ဆေးစာတို့ကိုသာ ပေးရ၏။ သို့ဖြစ်၍ ဓာတ်ကြိုက်ဆေးစာနှင့် ယုတ်ဓာတ်ခုနစ်ပါးတို့၏ လက္ခဏာကို ဖော်ပြပါမည်။

## ယုတ်ဓာတ် ခုနစ်ပါးတို့၏ လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

### ၁။ ပထဝီဓာတ်ပျက်လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

ပထဝီမူလ အာပေါ်ဘူတ ဖြစ်သောကြောင့် ပထဝီ ဓာတ်ပျက်လက္ခဏာမှာ အသားအရေကြမ်းတမ်းခြင်း၊ ခြေဆစ် လက်ဆစ်တို့ ချည့်နဲ့လိမ်ကွေးခြင်း၊ ခွန်အားချည့်နဲ့၍ အားနည်းမောပန်းခြင်း၊ လက္ခဏာတို့ထင်ရှား၏။ သို့ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ပထဝီဓာတ်ကြိုက်အစာ ချိုဆိမ့်အရသာရှိသော အစာတို့ကိုပေးရန် လိုအပ်သည်။

ပထဝီဓာတ်ကြိုက် ဆေးအစာများမှာ • • • ယုန်သား၊ နွားသား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ချေ၊ ဆတ်၊ ဒရယ်သား စသည် ပုစွန်ထုပ်၊ ငါးစင်ရိုင်း၊ ငါးသိုင်း၊ ငါးပတ်၊ ငါးအိုက်ကျောက်၊ ငါးသလောက်၊ ငါးသလဲထိုး၊ ငါးခုံးမ၊ ငါးပြေမ၊ ငါးပုလွေ၊ ငါးဖောင်ရိုး စသည်၊ ဘူး၊ ရွှေဖရုံ၊ ခရမ်းညိုသီး၊ ပြောင်းဖူး၊ တည်းသီး၊ ပဲမြစ်၊ မြေပဲ၊ မုံနက်၊ ကောက်ညှင်း၊ ထောပတ်၊ ကောက်ညှင်းမုန့်များ၊ ရေနံ့ဧည့်၊ ဆီကြော်၊ ဆီဆမ်းအစာများ။

၎င်းတို့သည် ပထဝီဓာတ်ကြိုက် အစာများဖြစ်၍ ပထဝီဓာတ်ပျက်လျှင် ယင်းတို့ကို ကျွေးရမည်။

### ၂။ အာပေါပျက်လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

အာပေါမူလ တေဇောဘူတ ဖြစ်သောကြောင့် အသားအရေခြောက်ကပ်ခြင်း၊ ပိန်ကပ်ခြင်း၊ ရွှန်းရွှန်းထွားထွား မရှိ ညှိုးနွမ်းခြင်း၊ လက္ခဏာတို့ ထင်ရှား၏။ သို့ဖြစ်၍ အာပေါကြိုက် ရသဖြစ်သော ချိုခါးရသရှိသော အစာများကို ရှာ၍ ပေးရမည်။

အာပေါကြိုက်ဓာတ်အစာများမှာ ငါးမြင်းသား၊ ငါးထွေ၊ ငါးမြွေထိုး၊ ငါးကြင်း၊ ငါးရံ့၊ ငါးဖောင်ရိုး၊ ငါးကြီး၊ ငါးရံ့ဒိုင်း၊ ငါးပုတ်သင်၊ ကုန်းဝမ်းဘဲ၊ ရေဝမ်းဘဲ စသည်။ ဒန့်ကျွဲရွက်၊ ပြည်ပန်းညိုရွက်၊ ပီလောရွက်၊ မှိုနတို၊ ကန်စွန်းရွက်၊ သခွားသီး၊ ဖရဲသီး၊ ရုံးပတီသီး၊ သဖန်းသီး၊ သပွတ်သီး၊ ခဝဲ၊ ပဲလင်းမြွေ၊ ဟင်းနုနွယ်ရွက်၊ ဆူးပန်းရွက်၊ အောင်မိဖြူရွက်၊ ရေကညွတ်၊ ကနဖော့၊ အောင်မဲဖြူရွက်။

ငှက်ပျောသီးဖီးကြမ်း၊ သူငယ်စာငှက်ပျော၊ သရက်သီး၊ မန်ကျည်းသီးမှည့်ချို၊ ချဉ်၊ ပန်းသစ်တော်သီး၊ ကြက်မောက်သီး၊ နဂါးမောက်သီး စသော ချိုအေး၊ ချိုခါးရသာရှိသော အစာများကို ဓာတ်ကြိုက်ကျွေးပေးရမည်။

### ၃။ တေဇောပျက်လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

တေဇောမူလ ဝါယောဘူတ ဖြစ်သောကြောင့် တေဇောဓာတ်ပျက်သူသည် ခြေလက်ကိုယ်သား အေးစက်စက်၊ ခြေလက်ခေါင်း ကိုယ်ရောင်ရမ်းခြင်း လက္ခဏာထင်၏။ သို့ကြောင့် တေဇောကြိုက် ဓာတ်စာချိုချဉ်အခါး၊ အငန်၊ အစပ် အရသာရှိသော အစာတို့ကို ပေးရမည်။

သံပရာသီး၊ ရှောက်သီးတို့ကို ငရုတ်သီးနှင့် လက်သုပ်သုပ်၊ မရမ်းသီးချဉ်၊ ပုစွန်ချဉ်၊ အမဲချဉ်၊ မှို၊ မျှစ်ချဉ်၊ ခရမ်းချဉ်၊ ခရမ်းစပ်၊ ခံတက်ချဉ်၊ မုံလာချဉ်၊ ဇောင်းလျားသီးချဉ်၊ ဆီးဖြူသီးချဉ်၊ ကင်ပလင်းချဉ်၊ ဥသျှစ်သီး၊ ပင်စိမ်းရွက် စသည်များ၊ ရွှေဖရုံသီး၊ မျောက်လုပ်သီး၊ ဟင်းကလာရွက်ချဉ်၊ ဒန့်ကျွဲရွက် စသည်၊ ကြက်သား၊ ငါးဘတ်သား၊ နွားသား၊ ဖွတ်သား၊ ယုန်သား စသော တေဇောဓာတ်ကြိုက် အစာများကို ပေးကျွေးရမည်။

### ၄။ ဝါယောကြိုက်ဓာတ်အစာနှင့် ဝါယောပျက်လက္ခဏာ

ဝါယောမူလ သည်းခြေဘူတ ဖြစ်သောကြောင့် ဝါယောဓာတ်ပျက် လက္ခဏာမှာ အခြင်း၊ ဆွံ့ခြင်း၊ ဆွံ့အခြင်း လက္ခဏာရှိ၏။ ဝါယောကြိုက်လက္ခဏာ ချည်ချဉ်ခါးခါး အစာမျိုးပေးရမည်။ ကြက်ဟင်းခါး၊ တမာ၊ ကန့်ဂလာ၊ ဘုံလုံသီး၊ ကင်းပုံသီး၊ ဒန့်သလွန်သီး၊ ကင်းပုံရွက်၊ ခွေးတောက်ရွက်၊ ဆူးပုပ်ရွက်၊ ကြောင်ပန်းရွက်၊ မလွှပွင့်၊ သနပ်ရွက်၊ ကျီးအာ ရွက်၊ ကြိမ်ဖူး၊ ကဇော့သီး၊ ငါးရံ့ပတ္တူ၊ မဲဇလီ၊ ကျိုတ်မှန်၊ ငှက်ပျောဖူး၊ မုံညင်း၊ ရေတကျည်းရွက် စသော အစာများကို ပေးကျွေးရမည်။

### ၅။ သည်းခြေပျက်လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

သည်းခြေမူလ အာဟာရဘူတဖြစ်သောကြောင့် မှိုင်တွေမှုးဝေသော လက္ခဏာ၊ ရူးသွပ်သော အမူအရာ၊ ရူးသွပ်ခြင်း စသော လက္ခဏာတို့ရှိ၏။ ဤသို့ သည်းခြေပျက်များကို ချဉ်ခါး ဆိမ့်ချိုသော ဓာတ်ကြိုက်စာများ ပေးရမည်။

#### သည်းခြေဓာတ်ကြိုက်အစာများ

ရှောက်ရည်ကို ထန်းလျက်နှင့် ဖျော်၍လည်းကောင်း၊ ချဉ်ပေါင်ဖြူဟင်း၊ ဩဇာသီးမှည့်၊ သဘော်သီး ဝင်းဝင်းမှည့်မှည့်၊ ငှက်ပျောသီးနှင့် ထန်းလျက်၊ ရဲယိုရွက်၊ ပိန္နဲသီး၊ ဆီးယို၊



www.burmeseclassic.com

www.burmeseclassic.com

သီးသီး၊ ကြံသကာ၊ သကြား၊ မင်းကွတ်သီး၊ ကျောက်ဖရုံသီး၊ မာလကာသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ သလဲသီး၊ နှဲ့သီး၊ ကြံရေ၊ ကင်ပွန်းချဉ်ရွက်၊ ကင်ပွန်းချဉ်ကို ထန်းလျက်နှင့် ရောကျို၍ တိုက်ကျွေးရမည်။

### ၆။ အာဟာရပျက်လက္ခဏာနှင့် ဓာတ်ဆေးပေးချက်

အာဟာရမူလ အာကာသဘူတဖြစ်သောကြောင့် အအိပ်ပျက်ခြင်း၊ တသမ်းသမ်းတဝေဝေရှိခြင်း၊ မိန်းမောခြင်း၊ တွေဝေမိန်းမှိုင်းခြင်း၊ အိပ်၍မဝခြင်း စသော လက္ခဏာရှိ၏။ အာဟာရဓာတ်ကြိုက် ရသအစာ ချည်ခါးချိုဆိမ့် အရသာရှိသော အစာများ ပေးကျွေးရမည်။

#### အဟာရဓာတ်ကြိုက်အစာများ

အဝါရောင်မှည့်မှည့် သရက်သီး၊ ဆား၊ သိန္ဓော၊ သဘော်သီးမှည့်မှည့်၊ ကြံ၊ ကြံရေ၊ ကျောက်ဖရုံသီး၊ ကျောက်ဖရုံယို၊ ပဲမျိုးစုံ၊ ရွှေဖရုံ၊ စွန်ပလွံချို၊ ဓနိရေချို၊ ပျားရည်၊ သကြား၊ ထန်းလျက်၊ အုန်းရေ၊ ငှက်ပျောသီး၊ မာလကာသီးမှည့်၊ သရက်သီးခြောက်၊ မရန်း၊ ဖန်ခါး၊ ဆီးဖြူသီးတို့နှင့် ဝက်သားဟင်းလေးချက်၊ ငါးပတ်၊ ငါးခုံးမ၊ ငါးပြေမတို့ကို မန်ကျည်းမှည့်နှင့် ချက်၍ အဟာရဓာတ်ကြိုက်စာများကို ပေးကျွေးရမည်။

### ၇။ အာကာသဓာတ်ပျက်လက္ခဏာနှင့် ဓာတ်စာပေးချက်

အာကာသမူလ ပထဝီဘူတ ဖြစ်သောကြောင့် အာကာသဓာတ်ပျက်လက္ခဏာသည် ရှန်ရှန်ရွဲ့ရွဲ့ စောင်းတငဲ့ငဲ့ လက္ခဏာ၊ မျက်စိအကြည် လည်တည်တည်၊ ဦးခေါင်းတည့်အောင် မထားနိုင်ခြင်း လက္ခဏာရှိ၏။ သို့ဖြစ်က အချိုအဖန်ရှိသော အရသာ၊ အသင်းအပျံ့ အဖုတ်အကင်အနံ့ရှိသော အစားအစာတို့ကို ပေးကျွေးရမည်။ အဖုတ်အကင် အကြော်အလှော် အသင်းအပျံ့အနံ့ အရသာတို့ကို ပေးကျွေးရမည်။

ဓာတ်ခုနစ်ပါးနှင့် ယင်းဓာတ်ခုနစ်ပါးတို့၏ ပျက်လက္ခဏာကို ဖော်ပြပြီး ဓာတ်ကြိုက်အစာများကို ပေးကျွေးရန် ညွှန်းဆိုပြီးနောက် ဓာတ်ကြိုက်အစာများနှင့် ပြည့်စုံလုံလောက်မှုမရှိပါက ဓာတ်ခုနစ်ပါးနှင့်လျော်သော ဓာတ်ကြိုက်ဆေးများများကို ဖြည့်စွက်ညှိနှိုင်း သုံးစွဲနိုင်ရန် ဆက်လက်ဖော်ပြပါမည်။

### ၁။ ပထဝီဓာတ်ကြိုက်ဆေး

ထုံးကျောက် ၅၊ အုတ်ရှစ်မြစ် ၅၊ ဆေးပုလဲ ၅၊ ခံတက်မြစ် ၅ ၎င်းတို့ကို အမှုန့်ပြုလုပ်၍ လုံအောင်ဖုံးပိတ်၍ ထားရမည်။ ရေနွေး၊ ရေအေး၊ ရှောက်ရည်၊ သံပရာရည်၊ ဆားပြုတ်ရည်၊ အုန်းနုရည် တစ်မျိုးမျိုးနှင့် ရောဂါလက္ခဏာ ဥတုတို့ကို ကြည့်၍ တိုက်ကျွေးရမည်။

### ၂။ အာပေါဓာတ်ကြိုက်ဆေး

နံ့သာနီဖြူ ဒိ စိ၊ ဒန့်သက္ကူးနီ ၆၊ ဆေးပုလဲ ဒိ၊ ပန်းနု ဒိ၊ ပန်းမ ဒိ၊ ယောက်သွားခုံမီးဖုတ် ၂၊ ဆားမီးဖုတ် ဒိ၊ တရုတ်စကားမြစ် ဒိ၊ ဂန့်ဂေါ်မြစ် ဒိ၊ စမုန်စပါး ဒိ ၎င်းတို့ကို အမှုန့်ပြုလုပ်၍ လုံအောင်ဖုံးပိတ်ထားရမည်။

ရေအေး၊ ရေနွေး၊ အုန်းနုရည်၊ ဆူးလေမြစ်ပြုတ်ရည်၊ ဆားပြုတ်ရည်၊ ဆန်ဆေးရည်တို့နှင့် ရောဂါလက္ခဏာ၊ ဥတုတို့ကိုကြည့်၍ ပေးရမည်။

### ၃။ တေဇောကြိုက်ဆေး

လေးညှင်း ဒိ၊ ဖြူပ်ကောင်း ဒိ၊ ပိတ်ချင်း ဒိ၊ ချင်းခြောက် ဒိ၊ ဇာတိပ္ဖိုလ်သီး ဒိ၊ ကန့်ချုပ်နီ ၅၊ ဆေးပုလဲ ၂၊ ပရုပ်ငါးမူး၊ စမုန်မျိုးငါးပါး တစ်မူးစီ၊ ကြာဇုသီး ဒိ ၎င်းတို့ကို အမှုန့်ပြုလုပ်၍ လုံအောင်ဖုံးပိတ်ထားရမည်။

ရေအေး၊ ရေနွေး၊ ရှောက်ရည်၊ သံပရာရည်၊ ဆားပြုတ်ရည်တို့နှင့် ရောဂါလက္ခဏာ ဥတုတို့ကိုကြည့်၍ ပေးရမည်။

### ၄။ ဝါယောကြိုက်ဆေး

စမုန်မျိုးငါးပါး တစ်မူးစီ၊ ကွတ္တရာ ဒိ၊ ဇာတိပ္ဖိုလ်သီး ဒိ၊ ဆေးပုလဲ ၂၊ လင်းနေ ဒိ၊ စမုန်နက် ဒိ၊ ရှိန်းခိုင်ငါးမူး ကြစုသီး ဒိ၊ ဖန်ခါးသီးခြောက် ဒိ၊ ပညာလကာ် ဒိ၊ ငသိ



www.burmeseclassic.com

www.burmeseclassic.com

ဩဖြယ ၁၀ မှတ် ၁၀ ဆားမီးဖုတ် ၁၀ ၎င်းတို့ကို အမှုန့်ပြုလုပ်၍ လုံးစွာထားရမည်။

လေငန်းရှစ်ပါး ပါဒရက်ခြောက်ပါး သွက်ချာပါဒ၊ သန္ဓိပါတ်ပါဒရက်၊ တြိဒေါသ၊ ဓာတ်ချုပ်၊ လေချုပ်၊ အကြောသေ၊ အကြောကိုင်၊ ရွှလာမျိုး ၁၂ ပါး စသည့်ရောဂါများကို ပျောက်ကင်းစေ၏။

### ၅။ သည်းခြေကြိုက်ဆေး

နံ့သာနီဖြူ ၁၀ စီ၊ ပန်းဥ ၁၀၊ ပန်းမ ၁၀၊ ပန်းရင်း ၁၀၊ ဒန့်သကူးနီ ၃၀၊ သီလာစန္ဒန ၂၀၊ ပဒုမ္မာဝတ်ဆံ ၂၀၊ နွယ်ချို ၁၀၊ ဂန့်ဂေါ်ဝတ်ဆံ ၁၀ ၎င်းတို့ကို အမှုန့်ပြု၍ လုံးအောင်ထားရမည်။ သည်းခြေပျက် ၅ ပါး၊ သည်းခြေနှင့်ယှဉ်သော လက္ခဏာ၊ အာပေါဓာတ်၌ အကျုံးဝင်သော လက္ခဏာ ၎င်းဝေဒနာ ရောဂါတို့ကို ရေအေးအေးနှင့် တိုက်ကျွေးရမည်။

### ၆။ အာဟာရအပုပ် ကြိုက်ဆေး

စမုန်မျိုး ၅ ပါး တစ်မူးစီ၊ ဇောင်ချမ်းမြစ် ၁၀၊ ခံတက်မြစ် ၁၀၊ သက်ရင်းကြီးမြစ် ၁၀၊ ဆေးပုလဲ ၁၀၊ ဆီးဖြူသီးခြောက် ၂၀၊ ဇဝက်သာ ၂၀၊ ပရုတ်တစ်မတ်၊ ငရုံပတူမြစ် ၂၀၊ ဆားမီးဖုတ် ၁၀၊ ဆားခါး ၁၀ ၎င်းတို့ကို အမှုန့်ပြု၍ လုံးအောင်ပိတ်ထားရမည်။ အပုပ်အားကြီး၍ ဖျားခြင်း။ အပုပ်အားကြီး၍ ဝမ်းဓာတ်ချုပ်ခြင်း။ ဝမ်းကိုက်ခြင်း။ အပုပ်အားကြီးသော အနာဟူသမျှ ရောဂါလက္ခဏာနှင့် ဥတုကိုကြည့်၍ ဆားပြုတ်ရည်၊ အုန်းနုရည်၊ ဆန်ပုန်းရည်၊ မန်ကျည်းမှည့်ရည်များနှင့် တိုက်ကျွေးရမည်။

### ၇။ အာကာသကြိုက်ဆေး

မှိုင်းခံခြင်း။ ညှော်ခံခြင်း။ နှာမှုတ်ခြင်း ဓာတ်ကြီးလေးပါးကို ညီညွတ်စေသောဆေး။ သင့်ရာဆေးတို့ကို ဆင်ခြင်၍ ပေးရမည်။

ဤသို့အားဖြင့် ခုနစ်ပါးသော ဓာတ်တို့၏ ဓာတ်ပျက်လက္ခဏာအရ ပျက်သောဓာတ် (သို့မဟုတ်) လိုအပ်သော ဓာတ်၏ ဓာတ်ကြိုက်အစာနှင့် ဓာတ်ကြိုက်ဆေးတို့ကို ကုသတိုက်ကျွေးရာတွင် ဆေး သို့မဟုတ် အစာအာဟာရတွင် ပါဝင်သော လိုအပ်သော ရသကို ပရိပါစကတေဇောက ကောင်းစွာချက်သဖြင့် ဖြောင့်မှန်စွာ ရင့်ကျက်လျှင် ဓာတ်တို့ ဖြောင့်မတ်ညီညွတ်ကာ ကျရောက်သမျှ အနာရောဂါတို့ ရှင်းရှင်းပျောက်ကင်း၍ အနာရောဂါ မကျရောက်လျှင်လည်း ကျန်းမာသန့်ရှင်းနေပေမည်။

သို့ကြောင့် နရသုခိဆရာကြီးက "အစာနှင့်ဆေး။ ပမာသွေးသော်၊ မဝေးလွန်းကြ၊ အင္ဂကလာပ် ဆိုအပ်ရှစ်ပါး။ မျှသောအားဖြင့် မခြားတူညီ၊ ဇာတ်ငါးလီဋ္ဌ၊ ပထဝီဓာတ်မှာ၊ ခြင်းရာအကျယ်၊ နှစ်ဆယ်တို့တွင် ပါဝင်ကြလျက်၊ ထေဇော ချက်မှာ၊ ကြေညက်သည်းခြေ၊ ဖြစ်တွေနည်းကြောင်း။ ဆေးလည်းအစာ၊ အစာလည်းဆေး။ သင်ရာပေးက၊ ဂုဏ်ကျေးဇူးအင်၊ အကျိုးထင်လိမ့်ဟူ၍ ရှေ့ဆောင်လမ်းညွှန်သွန်သင်ခဲ့လေသည်။ ဗုဒ္ဓနည်းကျ ဩဇာရိက သုခုမ ကျမ်းဆရာကြီးကလည်း ဓာတ်ကိုမသင်၊ မမြင်လက္ခဏာ၊ အနာမသိ၊ ဆေးမရှိဘဲ၊ မိမိဝမ်းရေး ဦးစားပေး၍ ဆေးဝါးကုန်သွယ်မှုမပြုဘဲ၊ ဓာတ်ကိုအမြင် ရှေးဦးသင်ကာ၊ ထို့ပြင်နောက်မှ၊ အာဟာရ၏ ဩဇာသုခ အဆင့်ဆင့်ရှိဖို့၊ ကြမ်းမှုနရာ၊ ခြောက်ဖြာရသ၊ ဂုဏ်ဂုဏာတို့ကို ရှေးဦးစွာ လေ့လာကြဖို့ တိုက်တွန်းခဲ့သည်။

ထို့ပြင် မွေ့မွေ့သိမ်သိမ် နာချမ်းငြိမ်အောင်၊ ကုနိမ်ဖို့ ရေး ဉာဏ်ဆတွေး၍ လေးခုဩဇာ၊ ဘယ်အနာနှင့် သုံးဖြာသုံးခု၊ ဘယ်အမှုဟု၊ ဂရုကထ၊ ခွဲကုန်ကြ၍ ဉာဏ်ဝသန့်ရှင်း။ သိထင်လင်းမှ၊ ဖြစ်ရင်းသမုဋ္ဌာန်၊ ကုထုံးမှန်တိုင်း။ ဇေကနကစေ၊ မှာလိုက်ပေသည်၊ သေသော်ငရဲမလားတည်းဟူ၍ ရဲရဲဝံ့ဝံ့ အာမခံထားသော ဩဇာရိက သမုဋ္ဌာန်လေးပါးနှင့် သုခုမ သမုဋ္ဌာန်သုံးပါးတို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်စေရန် ဆက်လက်ဖော်ပြပါမည်။

ချောယဉ်သာမြင့် (**B.A, B.Ed.**)

<u>ကျမ်းကိုး</u>

ကျိုးကြောင်းဆက်ဓာတ်ကျမ်း ဗုဒ္ဓနည်းကျ ဩဇာရိက သုခုမဓာတ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com



# ငါးသလောက်ဆီပြန်

**မင်းဆီဒ်**

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာမော်ဘီမြို့အစွန် ချောင်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာခြံအတွင်းသို့ ရန်ကုန်မှ မိတ်ဆွေများ အလည်အပတ်ရောက်ရှိလာကြလေ၏။ ၎င်းတို့သည် ခရီးရောက်မဆိုက်သလိုပင် ကျွန်ုပ်ချက်ကျွေးသော ထမင်းကိုစားလိုကြောင်း ပြောကြလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်၏တပည့်မောင်အောင်နှင့်အား မော်ဘီဈေးသို့ လွှတ်ရလေ၏။ မောင်အောင်နှင့် ဈေးသွားနေချိန်၌ ကျွန်ုပ်သည် ဧည့်သည်များအား လက်ဖက်ရည်၊ ရေနွေးကြမ်းနှင့် ဧည့်ခံကာထားရလေ၏။ ထိုမိတ်ဆွေများအနက်မှ တစ်ဦးသော မိတ်ဆွေက –

"အာစရိ ခင်ဗျားပေးတဲ့ ယတြာတွေလည်း ထိုင်တာပဲ။ ပြီးတော့လည်း ကျုပ်ဟာ လူပျင်းတစ်ယောက်

www.burmeseclassic.com

မဟုတ်ဘူး။ အလွန်ကြိုးစားပြီး လုပ်ကိုင်တယ်ဆိုတာ ခင်ဗျားအသိပဲ။ ဒါပေမယ့် ခင်ဗျားတို့ ကျုပ်တို့အပေါင်းအသင်းတွေထဲမှာ ကျုပ်ဟာ အတော့်ကို ဆင်းရဲတယ်ဗျ။ ချောင်ချောင်လည်လည်နေရမယ့် ကံဇာတာများ မပါရော့သလားဗျာ''

ဟု ညည်းညူရှာလေ၏။ ထိုသူသည် ကျွန်ုပ်နှင့် သိကျွမ်းရင်းနှီးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၏။ သူ၏ဖခင်မှာ ဦးဝင်းထိန်ဖြစ်၏။ သူ၏မိခင်မှာ ဒေါ်ဝင်းဖြစ်၏။ လွန်စွာ ဘာသာတရားကိုင်းရှိုင်းသူဖြစ်၏။ ယခုအခါ ကွယ်လွန် ကုန်ကြပြီဖြစ်၏။ ၎င်း၏အမည်မှာ ဝင်းထိန်ဝင်းဖြစ်၏။ ဝင်းထိန်ဝင်းဟု မှည့်ထားသော်လည်း သူ၏အသားရောင်မှာ ဝင်းလည်းမဝင်း၊ ထိန်လည်းမထင်၊ လွန်စွာမည်း၏။ အရုပ်အမောင်းမှာလည်း လွန်စွာပုက၏။ ကိုယ်လုံးကိုယ်ထည်လည်း သေး၏။ စကားပြောသောအခါ၌လည်း အသံမှာ ပြာနှမ်းနှမ်း ရှိတတ်ဖြစ်၏။ ကျွန်ုပ်သည် တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် စဉ်းစားပြီးနောက် –

''ကျုပ်တို့ ဆန်းဗေဒင်နည်းမှာတော့ အမိုကောင်း ရှာတယ်ဆိုတဲ့ ယတြာတစ်မျိုးရှိတယ်ဗျာ။ ကိုယ်က အဆင်းအရောင်မပြည့်စုံရင် အဆင်းအရောင်ပြည့်စုံပြီး ကိုယ်နဲ့ နေ့ချင်းတူတဲ့ ရဟန်းသံဃာကို တတ်နိုင်သလောက် ပစ္စည်းလေးပါး ထောက်ပံ့ရတယ်။ အလုံးအထည်မပြည့်စုံရင် အလုံး အထည်ပြည့်စုံပြီး ကိုယ်နဲ့နေ့ချင်းတူတဲ့ ရဟန်းကို ပစ္စည်းလေးပါးထောက်ပံ့ရတယ်။ ကိုယ်ရတဲ့လာဘ်လာဘရဲ့ လေးပုံတစ်ပုံကို အဲဒီပုဂ္ဂိုလ်ကို လှူဒါန်းမယ်လို့ အဓိဋ္ဌာန် လုပ်ထားရတယ်။ ဥပမာဗျာ ကိုဝင်းထိန်ဝင်းက ဗုဒ္ဓဟူးသား ဆိုတော့ အသားဖြူဖြူ အရုပ်အမောင်းကောင်းကောင်း၊ အသံသြဇာနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဟူးသား ဘုန်းကြီးကိုတွေ့အောင် ရှာရတယ်။ တွေ့ပြီဆိုရင် အမိုကောင်းရပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေတော့။ ပြီးတော့ အဲဒီဘုန်းကြီးကို ဆွမ်းကပ်ရတယ်။ သင်္ကန်းတွေဘာတွေ လှူရတယ်။ လိုအပ်တဲ့ဆေးဝါးအတွက် ကျောင်းသင်ခန်းအတွက်၊ ဝတ္တုငွေကပ်ရတယ်။ အဲဒီကုသိုလ်ဟာ ချက်ချင်းအကျိုးပေးတတ်တယ်ဗျ။ ကိုယ်ရဲ့စိတ်မှာကိုက ဒီဘုန်းကြီးကိုလှူပြီးရင်း လှူချင်ရင်း သဒ္ဓါတွေထက်လာလေလေ ကိုယ့်မှာလည်း လာဘ်တွေက ပွင့်ပြီးရင်းပွင့်ရင်းပေါ့ဗျာ။ ကိုယ့်မှာဝင်လာတဲ့ လာဘ်လာဘရဲ့ လေးပုံတစ်ပုံဆိုတော့ အဲဒီဘုန်းကြီးကို ငွေတစ်ကျပ်လှူမယ်ဆိုရင်တော့ ကိုယ့်မှာ လေးကျပ်တော့ ချမ်းသာရမှာပေါ့။ အဲဒီလိုပဲ အဲဒီဘုန်းကြီးကို ဆယ်သိန်း တန်ကျောင်း ဆောက်ပေးချင်တယ်ဆိုရင်တော့ ကိုယ်က သိန်းလေးဆယ်ချမ်းသာမှ ဖြစ်တော့မယ်။ အဲဒီတော့ ရှာတဲ့ဖွေတဲ့နေရာမှာလည်း လောဘလို့ပြောလို့မရတော့ဘူး။ ဘုန်းကြီးကိုလှူချင်တဲ့စိတ်က များနေတော့ ကုသိုလ်တွေ တဖွားဖွားဖြစ်တော့တာပေါ့ဗျာ။ ကျုပ်လည်း အဲဒီနည်းကို အစက မသိပါဘူး။ တာမွေအဝိုင်းကြီးနဲ့ သိပ်မဝေးတဲ့ ရန်ကုန် ဦးကျော်ရင်ကပြောပြလို့ သိတာဗျို့။ သိတဲ့နေ့က စပြီး အဲဒီအတိုင်းပဲ ကျင့်သုံးပါတယ်။ ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ကိုမောင်မောင်မြင့်အေးလည်း တနင်္ဂနွေသားလေ။ ကျုပ်ကလည်း တနင်္ဂနွေသား။ နှစ်ယောက်သားပေါင်းပြီး အင်းစိန်က တနင်္ဂနွေသားဘုန်းကြီးကို အမိုသဟဲ ပြုကြတာပေါ့။ ပိုပြီး ပြည့်စုံစုံသိချင်ရင် ရောင်ပြန်မဂ္ဂဇင်း တိုက်မှာ မောင်မောင်မြင့် အေးရှိပါတယ်။ သွားပြီးမေးကြည့်ပေါ့ဗျာ''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏မိတ်ဆွေ ကိုဝင်းထိန်ဝင်းက –

''ယုံပါတယ်ဗျာ။ တကူးတကတော့ ကိုမောင်မောင်မြင့်အေးဆီ သွားမမေးတော့ပါဘူး။ အာစရိပြောတဲ့ အတိုင်းပဲ လုပ်ပါ့မယ်''

ဟု ပြောလိုက်ရာ ကျွန်မိတ်ဆွေများက •••

''ကောင်းတဲ့နည်းပဲဗျာ။ လုပ်ရမှာပေါ့။ ကျုပ်တို့လည်း ဘယ်လောက်ချမ်းသာနေလို့လဲ။ ဒီလိုနည်းကောင်း ရရင်တော့ လုပ်ပြီဗျို့။ ကျုပ်က စနေသားလေ။ ကျုပ်အိမ်မှာ ဆွမ်းခံကြွနေတဲ့ ကိုယ်တော်ကလည်း စနေသားဗျ။ ဦးတိလောကတဲ့။ ခင်ဗျားပြောတဲ့အချက်တွေနဲ့ ပြည့်စုံတယ်ဗျို့ ခင်ဗျားထဲမှာ မပါတာ ပြောရဦးမယ်။ ကိုယ်တော်လေး စာမေးပွဲတွေလည်း အောင်ပြီးပြီဗျ။ တရားဟောလည်း အလွန်ကောင်းတာ။ နိပ်ပြီဗျို့။ သိန်း ၁၀၀ တန်ကျောင်း ဆောက်ပြီး လှူဒါန်းနိုင်အောင် အဓိဋ္ဌာန်နဲ့ ကြိုးစားမယ်ဗျာ''

ဟု ရွှင်လန်းသော မျက်နှာဖြင့် သို့မဟုတ် သဒ္ဓါတရားများ ပြည့်လျှမ်းသော မျက်နှာဖြင့်ပြောလေ၏။ ထိုအချိန်မှာပင် ကျွန်ုပ်၏ တပည့်လေး မောင်အောင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com

ဈေးမှ ပြန်ရောက်လာသဖြင့် ဈေးခြင်းတောင်းကို သွန်ချကြည့်ရာ ငွေရောင်ဝင်းနေသည့် ကဝက်ကင်းငါးသလောက်ကြီးတစ်ကောင် ပါလာလေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထိုငါးသလောက်ကြီးကို အကွင်းလိုက်လှီး၍ နနွင်း၊ ဆား၊ ငံပြာရည်များဖြင့် နယ်ဖတ်ရ၏။ ငရုတ်သီး၊ ကြက်သွန်များ ဆီသတ်ရ၏။ ဆီကျက်လျှင် ခရမ်းချဉ်သီးများကို အစေ့များထုတ်၍ ထည့်ရ၏။ ခရမ်းချဉ် သီးကျက်သောအခါ၌ ငါးသလောက်ကွင်းများကို ထည့်ရ၏။ ငါးမှာ ရေများထွက်၍ ရေခန်းသောအချိန်လောက်တွင် ရေသင့်တော်ရုံထပ်၍ ထည့်ကာ ငါးသလောက်အိုးကို မီးဖို ပေါ်တွင်တင်ထားလိုက်လေ၏။ ပြီးလျှင် ခရမ်းချဉ်သီးကို မီးဖုတ်၍ ပန်ထွေဖျော်လုပ်ရ၏။ ပဲညွှန့်ဟင်းချိုချက်ရ၏။ ဖလံတောင်ဝှေးများကို ပုစွန်ဆိတ်ကလေးများနှင့်ကြော်ရ၏။ ငါးပိရည်နှင့် တို့စရာအစုံကို စီမံရ၏။ ထို့နောက်တွင်ကား ကျွန်ုပ်၏မိတ်ဆွေများအား သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံတွင် ထမင်းပွဲပြင်၍ ကျွေးရလေတော့၏။ ငါးသလောက်ဆီပြန်၊ ပဲညွှန့်ဟင်းချို၊ ဖလံတောင်ဝှေးကြော်၊ ပန်ထွေဖျော်၊ ငါးပိရည်၊ တို့စရာစုံလင်စွာဖြင့် ကျွေးမွေးသောကြောင့် မိတ်ဆွေများသည် အားရပါးရစားသောက်ကြလေတော့၏။

ကျွန်ုပ်မိတ်ဆွေ ကိုဝင်းထိန်ဝင်းက ကျွန်ုပ်အား

"တယ်လည်း ဟင်းချက်ကောင်းပါလားဗျာ။ ကျွန်တော့် အနေနဲ့ကတော့ မိန်းမတွေပဲ ဟင်းချက်ကောင်းတယ် အောက်မေ့နေတာ။ အာစရိလို နှုတ်ခမ်းမွေးတကားကား မုတ်ဆိတ်မွေးဖွားဖွား၊ ယောကျ်ားရင့်မာကြီးကလည်း ဘယ်ခေလို့တုံး"

ဟု ပြောလေ၏။

"ဟိုတုန်းကဆိုရင် ကျုပ်မှာလည်း အလုပ်ကလည်းအားနေတော့ အလှူကြီးတွေ ထမင်းချက်ဟင်းချက်ဖို့ကြုလာရင် ကျုပ်ပဲလိုက်ပြီး ချက်ပေးနေတာပါ။ ငါးသောက်များ ဘယ်နှပိဿာပေါင်းပေးရမလဲ၊ ဝက်သားအချိန် ဘယ်လောက်ကို နှပ်ပေးရမလဲ။ ကျုပ်ကိုယ်တိုင် လုပ်ပေးခဲ့တာပါ။ အလှူမှာလာတဲ့လူတွေက စားလို့ကောင်းလိုက်တာ၊ မြိန်လိုက်တာလို့ပြောရင် ချက်ရပြုတ်ရလို့ ပင်ပန်းတာတွေက တစ်ခါတည်းပြေပျောက်ပြီး ပီတိကိုဖြစ်သွားတာပဲဗျို့။ ထမင်းဟင်းချက်ကျွေးဖို့ ဝါသနာပါတာဟာ ကိုယ်ချက်တဲ့ထမင်း ဟင်းကို စားတဲ့လူက အားရပါးရစားနေတာကို မြင်ရရင် ဘယ်လိုပီတိဖြစ်မှန်းမသိဘူးဗျာ။ အဲဒီပီတိလေးကို စားသုံးချင်လို့ မိတ်ဆွေတွေကို တစ်ပတ်တစ်ကြိမ်မအားလပ်တဲ့ကြားထဲက ချက်ကျွေးနေရတာဗျို့"

ဟု ကျွန်ုပ် ပြောလိုက်ရာ ကျွန်ုပ်၏မိတ်ဆွေများက သာဓုခေါ်ကြကုန်၏။ ထို့နောက် ကိုဝင်းထိန်ဝင်းက

"အာစရိရယ်၊ သေသွားတဲ့ခင်ဗျားသူငယ်ချင်း ကိုဖြူလေးက အောင်ထွန်းကြီးက အဝတ်လျှော်တဲ့နေရာမှာလည်း ဝိတ်ပဲကွ၊ တို့တွေများ အတူနေကြတုန်းက တို့ခြင်ထောင်တွေ၊ စောင်တွေကို တို့လျှော်ရတယ် မရှိပါဘူးကွာ။ လျှော်ရင်လည်း မဖြူပါဘူး။ များသောအားဖြင့်က ဒီကောင်ကြီးလျှော်တာများတယ်။ သူလျှော်လိုက်ရင် ဖွေးနေတာပဲ။ အင်္ကျီတွေဘာတွေလည်း လျှော်ရုံလျှော်ပေးတာ မဟုတ်ဘူး။ အကျအနမီးပူတွေဘာတွေ တိုက်ပေးတာ။ သူတစ်ပါးဖြူဖြူ စင်စင်ဝတ်သွားရရင် သူက ကျေနပ်နေတာ အဲဒီလိုလုပ်ပေးရလို့ အောက်ကျတယ်လို့ သူကမထင်ဘူးကွ။ အဝတ်တွေဘာတွေ လျှော်တဲ့အခါများ ပြုတ်ပြီးလျှော်တာ။ ဆပ်ပြာရည်နဲ့ ပြုတ်တဲ့အပြင် ပြုတ်တဲ့အိုးထဲကို ရေနံဆီနည်းနည်း ထည့်သေးတယ်လို့ မကြာမကြာပြောဖူးတယ်"

ဟု ပြောလေ၏။

"ဟုတ်တယ်ဗျာ။ ဒီကောင်တွေက နေတာထိုင်တာ သိပ်ပြီးညစ်ပတ်တာ။ သူတို့ခြင်ထောင်တွေမှာ ကြမ်းပိုးတွေနဲ့ မည်းနေတာပဲ။ ကျုပ်က မကြာမကြာ ယူပြီးလျှော်ပေးရတယ်။ အဲဒါတောင် ဒီကောင်တွေက ကျုပ်ကို အကောင်း မပြောဘူး ကိုဝင်းထိန်ဝင်းရေ။ ဒိုဘီဝါးလားလို့ ခေါ်သေးတာ။ တစ်ခုတော့ရှိတယ်ဗျ။ အသိဉာဏ်ရှိတဲ့လူက အနစ်နာခံပြီး လုပ်ပေးရတာကလား။ ပြီးတော့လည်း ကျုပ်ရဲ့အပေါင်းအသင်းတွေက များသောအားဖြင့် လူညံ့တွေများတယ်"

ဟု ကျွန်ုပ်ကပြောလိုက်လျှင်

"အဲဒီအထဲမှာ ကျွန်တော်လည်းပါတာပေါ့"

ဟု ကိုဝင်းထိန်ဝင်းက ပြောလေ၏။

"ပါတာပေါ့ ငါ့လူရာ။ ခင်ဗျားတစ်ခု စဉ်းစားကြည့်လေ။ ခင်ဗျား ကျုပ်ကို ကိုအောင်ထွန်းလို့ခေါ်သင့်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အများက ဆရာခေါ်နေတာတွေ့တော့ ခင်ဗျား အဲဒီလို မခေါ်သင့်ဘူးလေ။ ဒါပေမယ့် သူများခေါ်သလို ဆရာလို့ ခေါ်ရမှာလည်း ဝန်လေးနေပုံရတယ်။ ဒါကြောင့် ကိုအောင်ထွန်းလည်းမကျ၊ ဆရာလည်းမကျ၊ ကြားချပြီး ကျုပ်ကို အာစရိလို့ ခေါ်တာပေါ့။ အဲဒီအချက်ကိုက ခင်ဗျားလိမ်နေတာ။ ခင်ဗျားညှံ့တာ။ ခင်ဗျားက ကျုပ်ကို ကိုအောင်ထွန်းပဲခေါ်ခေါ်၊ အောင်ထွန်းပဲခေါ်ခေါ်၊ ဆရာလို့ပဲခေါ်ခေါ်၊ ကျုပ်အတွက် ဘာမှမထူးပါဘူး။ ငယ်ပေါင်းဖြစ်တဲ့အတွက် အောင်ထွန်းခေါ်လည်း ကျုပ်က စိတ်ဆိုးစရာမရှိပါဘူး။ ဆရာလို့ခေါ်လည်း ကျုပ်ကပိုပြီး ဘဝင်မြင့်စရာမရှိပါဘူး။ အဲဒါကို ခင်ဗျားက ဘာဖြစ်နေတာလဲ အာစရိ အာစရိနဲ့''

ဟု ပြောလိုက်လျှင် ကျန်သောမိတ်ဆွေများက ဝါးခနဲ ရယ်မောကြလေတော့၏။ ထိုအခါ၌ ကိုဝင်းထိန်ဝင်းက –

''ဝန်ခံပါတယ်ဗျာ ... ဝန်ခံပါတယ်။ ခင်ဗျား ပြောတာအမှန်ပါပဲ ကိုအောင်ထွန်းရယ်။ ဒီနေ့ကစပြီး ခင်ဗျားကို အာစရိလို့တော့ မခေါ်တော့ပါဘူး။ ဆရာလို့ ခေါ်ရမှာလည်း ကျုပ်ရဲ့လျှာက အတော့်ကို ဝန်လေးနေတယ်။ အဲဒါကြောင့် ကိုအောင်ထွန်းလို့ပဲ ခေါ်တော့မယ်''

ဟု ပြောလိုက်လျှင် ကျွန်ုပ်က ...

''ဒီလိုဆို အိုကေတာပေါ့ဗျာ။ လူမှုဆက်ဆံရေးမှာ တစ်ဦးနဲ့တစ်ဦး ကသိကအောက်မဖြစ်ဖို့က အရေးကြီးပါတယ်။ အဲဒီလိုဆိုတော့လည်း ကျုပ်က ခင်ဗျားကို ကိုဝင်းထိန်ဝင်းလို့ မခေါ်တော့ဘူး။ အရင်ကလိုပဲ ကိုဝင်းမထိန်လို့ ခေါ်မယ်ဗျာ။ ခင်ဗျားကျေနပ်သလား''

ဟု ကျွန်ုပ်ကပြောလိုက်လျှင်ကျန်မိတ်ဆွေတစ်ဦးဖြစ်သော ကိုမောင်စိန်က –

''ကျေနပ်ရမှာပေါ့၊ မကျေနပ်လေဖြတ်ပေါ့ဗျာ။ ခေါ်သာခေါ်''

ဟု ဝင်ရောက်အားပေးလေ၏။ ကျန်မိတ်ဆွေများကလည်း ကိုမောင်စိန်၏ စကားကို ဝိုင်းဝန်းထောက်ခံကြလေတော့၏။ ထိုအချိန်မှစ၍ ကျွန်ုပ် တည်ခင်းကျွေးမွေးသော မနောမယထမင်းဝိုင်းသည် စိုစိုပြည်ပြည် ဖြစ်သွားလေတော့သည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် အဖုံးအကွယ်များ၊ အခုအခံများ မရှိဘဲ ပကတိအတိုင်း ပြန်လည်ဆက်ဆံ ဖြစ်သွားကြ၏။ ရိုးသားမှုများ ပေါ်လွင်သွား၏။ ပွင့်လင်းသော အလှအပများခြယ်မှုန်းပြီးသား ဖြစ်သွား၏။ ထို့နောင် ကိုဝင်းထိန်ဝင်းက –

''ရှေးတုန်းက နန်းတော်မှာ ထမင်းဟင်းချက်ပြုတ်တဲ့ စားတော်ကဲတွေမှာ သတ်မှတ်ထားတဲ့ အရည်အချင်းတွေ ရှိရတယ်ဆိုပဲ။ အဲဒါ ကိုအောင်ထွန်း သိတယ်နော်''

ဟု ကျွန်ုပ်အား တီးခေါက်လိုက်လေ၏။

ထိုအခါက ကျွန်ုပ် –

''ဘုရင့်ဆီမှာ စားတော်ကဲလုပ်မယ့်လူဟာ အချက်ငါးချက်နဲ့ ပြည့်စုံရမယ်လို့ ရာဇနီတိမှာ ဆိုထားတယ်ဗျ။ အရေးအကြီးဆုံးအချက်ကတော့ စားတော်ကဲ မျိုးရိုးထဲက ဖြစ်ဖို့လိုတယ်။ ဒုတိယအချက်ကတော့ ချက်နည်းပြုတ်နည်း ကျမ်းတွေကို စုံအောင်လေ့လာဖူးသူဖြစ်ရမယ်။ တတိယအချက်ကတော့ စားတဲ့လူရဲ့ အကြိုက်ကို လေ့လာပြီး မြိန်ရှက်ဖွယ်ရာ ချက်ပြုတ်တတ်ရမယ်ပေါ့ဗျာ။ စတုတ္ထအချက်ကတော့ ချက်ပြုတ်တဲ့နေရာမှာ ကိုယ်တိုင်မလုပ်ဘဲ သူများနဲ့လွှဲပြီး မျက်နှာလွှဲခဲပစ်မလုပ်ရဘူး။ ကိုယ်တိုင်စီမံရမယ်။ ပဥ္စမအချက်ကတော့ ချက်ပြုတ်စီမံတဲ့အခါမှာ စိတ်ကူးစိတ်သန်းကောင်းရမယ်ပေါ့ဗျာ။ အဲဒီအချက်လောက်ပဲ လေ့လာဖူးပါတယ်''

ဟု ကျွန်ုပ်က ပြန်၍ပြောလျှင် ကိုမောင်စိန်က–

''ဒီလူကြီး အလကားလျှောက်ပြီး ရာဇနီတိတွေ ဘာတွေပြောနေတာဖြစ်မှာပါ။ သူတို့ဘိုးဘေးတွေဟာ ရွှေနန်းတော် စားတော်ကကြီးတွေများလား မသိပါဘူးဗျာ''

ဟု ပြောသဖြင့် ကျွန်ုပ် –

''ဘုရားစူးရပါစေ့ဗျာ။ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး''

ဟု ကျိန်တွယ်၍ ပြောလိုက်ရလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခရဲ့တပည့်

**မင်းသုကို(အုန်းတော)**

ရောင်ပြန်မဂ္ဂဇင်း၊ အမှတ် ၂၆၀၊ ၂၀၁၅ စက်တင်ဘာလထုတ်၊ စာမျက်နှာ ၉၂၊ ဆရာမောင်မောင်မြင့်အေး၏ "ဝိဇ္ဇာတို့၏လျှို့ဝှက်ချက်"ဆောင်းပါးတွင် -

တစ်နေ့၊ ကျွန်တော်က ဆရာကြီး ထောင်က ထွက်ပြီးတဲ့နောက် ဆရာကြီးကို တွေ့တဲ့သူတွေက လက်အုပ်ချီတဲ့သူနဲ့၊ ထိုင်ကန်တော့တဲ့သူနဲ့ဆိုတော့ ဆရာကြီးဟာ သိဒ္ဓိတစ်ခုခု ရပြီလို့ ကျွန်တော်ထင်တယ်။ အခြားသူတွေမထင်လည်း ကျွန်တော်ထင်တယ်ဟု ကျွန်တော်နှင့် ကျွန်တော့်ဇနီး၊ ဆရာကြီး သုံးယောက်တည်းရှိနေစဉ် ပြောမိ၏။ ဆရာကြီးက -

"မင်းက ငါ့ကို ဘာထင်တာလဲ"ဟု မေးရာ ကျွန်တော်က -

"ဝိဇ္ဇာလို့ ထင်တာပဲ"ဟု ပြောလိုက်ရာ ဆရာကြီးက

"ဝိဇ္ဇာဆိုတာကတော့ အမျိုးမျိုးပေါ့ကွာ။ ငါလိုက်တဲ့လိုင်းက သာမညဆရာတော်လို၊ ရွှေပေါ်ကျွန်းဆရာတော်လိုလိုင်းမျိုးကွ။ မဟာဝိဇ္ဇာကြီးလိုင်းလို့ ခေါ်တယ်ကွ။ ဒါကတော့ ဘာလဲဆိုရင် လာတဲ့သူကို အစာကျွေးတာပဲ။ ထမင်းကျွေးတယ်ပေါ့ကွာ။ ငါလည်း အဲဒီလို ကျွေးနေတာပဲ။ ဒါလောက်ပါပဲကွာ...ဟု ပြောလိုက်၏"ဟု ဖတ်ရပါသည်။

နောက်တစ်ပုဒ်မှာ စာမျက်နှာ ၁၁၃ "သူတော်စင်ဒကာတော်"ဟု ပေးစာ (ဦးတေဇောဘာသ၊ ညောင်တုန်းချောင်း၊ စစ်ကိုင်းတောင်ရိုးနှင့်၊ ဦးဇီရာနန္ဒ (ခ) ဇေယျ (မင်းသားကြီး)၊ ညောင်တုန်းချောင်း၊ စစ်ကိုင်းတောင်ရိုး)တို့မှ ပေးပို့သော စာတွင် -

"...သူတော်စင်ဟု သုံးနှုန်းခြင်းသည် ဒကာတော်သည် ဝတ်ဖြူစင်ကြယ်နှင့် နောက်ပါပရိသတ်တို့ ခြံရံကာ သာသနာပြုနေကြောင်း ပြောပြလို့ ဝမ်းသာကြောင်း၊ ဘဘုန်းဇေယျပြောပြလို့ ဦးဇင်းတို့ ဝမ်းသာဂုဏ်ယူမိပါသည်"ဟု ပါရှိပါသည်။

ကျွန်တော် ဆရာကြီးကို တွေ့ခဲ့ရသည်မှာလည်း ဂဂနောက်ပိုင်း (၁၉၉၀ နောက်ပိုင်း)မှ ဖြစ်ပါသည်။ ကျွန်တော်သည် မှော်ဘီသို့ တစ်လသင်တန်းတစ်ခုတက်ရင်း အပြင်ထွက်ခွင့်ရစဉ် ဆရာကြီးရှိရာ မရမ်းတလင်းခြံသို့ သွားရောက်လေ့လာရင်း ဆရာကြီးကို တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ရောက်ရာတွင် ထိုခြံအတွင်း၌ ဘိလပ်မြေဖြင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များစွာ ပြုလုပ်ဆဲဖြစ်သည်ကို တွေ့ရပါသည်။ နွယ်ကိုင်းခြောက်ကလေးတွေဖြင့် သဘာဝသစ်သားပြားပေါ်တွင် "မင်းသိင်္ခ"ဟု ကပ်ထားသော ဆိုင်းဘုတ်ကိုလည်း ဖတ်ရပါသည်။ ဆရာကြီး၏ ရုပ်တုကို ဘိလပ်မြေဖြင့် လုပ်ထားပြီး အမြင့်တစ်နေရာတွင် တင်ထားပါသည်။ ရုပ်တု၏အောက်ဖက်တွင် "ဘိလပ်မြေပေါ်လို့ လုပ်ထားတာပါ"ဟု ရေးထားသည်ကို ဖတ်ရပါသည်။ ဂမုန်းပင်မျိုးစုံကိုလည်း လေ့လာခွင့်ရသည်။ ဆရာကြီးနေသည်ဟု ယူဆရသော အိမ်မှာလည်း ခမ်းခမ်းနားနားမဟုတ်ပါ။ အိမ်အပြင်ဘက် နံရံများတွင် ဩဝါဒစကား(ဒဿန)များ ရေးပြီး (ကွန်ပျူတာဖောက်ပြီး) ကပ်ထားသည်ကို ဖတ်ရပါသည်။

အချိန်တန်တော့ ရောက်လာသောလူ(ပရိသတ်)အပေါင်းကို ထမင်းကျွေးပါသည်။ ကျွေးရာတွင် သတ္တုပန်းကန်ပြား(ပုံစံခွက်)တွင် ထမင်း၊ သက်သတ်လွတ်ဟင်းတို့ကို ထည့်၍ ကျွေးပါသည်။ ကျွေးဖို့ထမင်း သယ်လာသည်မှာ စိတ်ဝင်စားဖို့ ကောင်းပါသည်။ ရှမ်းဘောင်းဘီဝတ်ထားသော ဆရာကြီး၏ တပည့်များသည် တန်းစီရပ်နေပြီး ဆရာကြီး၏ အမိန့်ကို စောင့်နေကြသည်။ ဆရာကြီးက -

"တစ်ကနေ တစ်ဆယ်ထိရေမယ်။ တစ်ဆယ်ပြည့်တာနဲ့ ထမင်းရောက်ပလေ့စေ။ စရေပြီ။ တစ်၊ နှစ် တစ်ဆယ်ဟု ကျော်ပြီးရေတွက်ပါသည်။ ရောက်လာပါပြီ။ လေ့ကြီးထဲတွင် ထမင်းအမောက်နှင့်။ ထမင်းပန်းကန်ပြားတွေ ချထား



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ပျားပန်းခပ်မျှဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာကြီး၏ တပည့်များမှာ ပလူပျံနေကြသည်။ အောက်ခင်းထားသော အုတ်ပလ္လင်ချောပေါ် ပြေးလာရင်း ရောက်ခါနီးလျှင် ခြေထောက်နှင့်ပွတ်ပြီး ဘရိတ်အုပ်ကာ ထမင်းပန်းကန်ပြားကို ချပေးသွားသည်။ ဘယ်နေရာချော်လဲမလဲ။ ဘယ်သူနဲ့တိုက်လဲပြီး ဘာတွေကျကွဲမလဲဟု စောင့်ကြည့်နေရာ စားသောက်ပြီးသွားသည်အထိ (ကိစ္စပြီးသည်အထိ) ဘာပြဿနာ၊ ဘာအမှားမှ မရှိခဲ့ပါ။ စားခဲ့သောက်ခဲ့ရသည်ကို ပြောပါဦးမည်။ ထမင်း၊ ဟင်းကို ပွဲပြင်သာ စားရပါသည်။ နောက်ထပ် ထပ်မလိုက်ပါ။ စားပြီးတော့ ရေအေးတိုက်ပါသည်။ ၎င်း နောက် လက်ဖက်ရည်တိုက်ပါသည်။ အားလုံးကို ကောင်းသည်ဟု သတိပြုမိခဲ့သည်ကိုတော့ဖြင့် ဝန်ခံပါသည်။ အားရပါးရ အဝအပြဲ မစားရသည့်အပေါ် ငြိုငြင်စိတ်မဖြစ်ခဲ့သည်ကိုလည်း ဝန်ခံရပေဦးမည်။ အကြောင်းမှာ မိမိစိတ်ထဲတွင် အကြောင်းမဲ့ ပွဲပြင်၊ အကြောင်းမဲ့ လက်ဖက်ရည်၊ ရေတစ်ခွက် မပြည့်တပြည့် တိုက်ခြင်းမဟုတ်။ အကြောင်းရှိနေလို့သာဟု စိတ်ကူးပေါက်နေသောကြောင့် ဖြစ်ပါသည်။

ထမင်းသည် လူတိုင်း ပွဲပြင်ဖြစ်၍ ပြိုင်တူနီးပါး စားပြီးကြသည်။ အားလုံးစားပြီးပြီဆိုသည်နှင့် ဆရာကြီးက -

"သောက်ရေ"ဟု အမိန့်ပေးလိုက်သောအခါ တပည့်ဖြစ်သူများက -

"ဝုန်းခနဲ"ပြေးလာကြကာ ရှောခနဲ ခြေထောက်ဘရိတ်အုပ်ပြီး ရေခွက်ကို ချသွားကြပါသည်။ စားရတာက မဝတာဝ။ သည်းထိတ်ရင်ဖိုမြင်ကွင်းတွေ မြင်နေရတော့ သွေးကကြွ၊ အစာကကျေ။ ဘယ်အချိန် အရှိန်လွန်ပြီး ငါ့ဆောင့်ကန်သွားမလဲဟု သတိထားနေရသည်က တစ်မျိုး။ ဘာမှတော့ မဖြစ်ကြပါ။ သို့သော် မျက်စိနောက်ပြီး စားလိုက်ရသည့် အရသာက ဘယ်ရောက်သွားမှန်း မသိတော့။

"လက်ဖက်ရည်"ဟု အမိန့်ပေးလိုက်သောအခါ "ဝုန်းရှော...ခွပ်" လက်ဖက်ရည် တစ်ခွက်(နီးပါး) ရှေ့မှောက်ရောက်၊ ကောက်သောက်လိုက်ပါသည်။ လက်ဖက်ရည်အရသာကို ခံစားသောက်နေရင်း ဘာလို့ချော်မလဲသလဲ၊ ဘာလို့ ဒီလောက်ပျာယာခပ်နေတာ တစ်ယောက်နဲ့တစ်ယောက် မတိုက်သလဲ။ အခန်းအနေအထားမှာမူ ရောနေသောလူနှင့်စာလျှင် ကျဉ်းသည်ဟု ပြောလို့ရပါသည်။ ဒါကိုပင် မတိုက် မလဲသည်ကို စဉ်းစားကြည့်နေခြင်းဖြစ်သည်။ နေ့စဉ်ရက်ဆက် ဒီလုပ်ငန်းလုပ်နေရလို့ အလေ့အကျင့်ရသွားပြီး ကျွမ်းကျင်နေတာနေမှာပေါ့ဟု အစတွင် အတွေးဝင်မိပါသည်။ ဆက်လက်ပြီး ငါရောက်တဲ့ ဒီတစ်နေ့မှ တိုက်မလဲကြတာလား။ ရက်ရှည်လများကမှာည်းက တစ်ရက်တလေမှာ ချော်လဲတာ၊ တစ်ယောက်နဲ့တစ်ယောက် တိုက်လဲတာတော့ ဖြစ်ချင်ဖြစ်မှာပေါ့ဟု တွေးနေမိသည်။ ဤသည့်အပေါ်၌လည်း အဖြေက ရှင်းခနဲ ပေါ်လာပါသည်။

ဆရာကြီးသည် ကျွန်တော်တို့ (ပရိသတ်)အား ခန်းမထဲသွင်းပြီး ထမင်းမကျွေးမီ၌ သူ့တပည့် မိန်းကလေး (အသက် ၂၀ ဝန်းကျင်များသာ)များကို လက်ဝှေ့ရမ်းပြနိုင်းသေးသည်။ လက်ဝှေ့ရေးကြည့်နေရင်း "ဒါ ဘာလုပ်တာပါလိမ့်"ဟု တွေးနေမိပါသည်။ "မင်းတို့ ငါ့တပည့်မ ငယ်ငယ်ချောချောလေးတွေကို အနိုင်ကျင့်မယ် မကြံနဲ့ ခံသွားရမယ်လို့ ကြေညာနေတာပါလား"ဟု အဖြေရပြီး တစ်ယောက်တည်း ကျိတ်ပြုံးနေဖြစ်လိုက်ရပါသည်။ ကောင်မလေးတွေကလည်း နယ်စုံကဖြစ်ပြီး ရှမ်း၊ ပလောင်၊ နေ့မလေးတွေများမည်ဟု ထင်မိပါသည်။ ကာဗာလုပ်ထားသည်မှာ အကွက်စေ့ပါပေစွ။ သိုင်းတွေ၊ လက်ဝှေ့တွေသင်ပေးထားလို့လည်း တစ်ယောက်နှင့် တစ်ယောက် တိုက်မလဲတာပဲဟု အဖြေက ကွင်းကွင်းကွက်ကွက်ကြီး ပေါ်နေပါတော့သည်။

စားသောက်သည့်ကိစ္စ ပြီးသွားတော့ ဆရာကြီးက ပရိသတ်ကို နှုတ်ခွန်းဆက်စကား ပြောပါသည်။ သူသည် စွပ်ကျယ်ဖြူ လက်စကအပေါင်း၊ ပိတ်ဖြူလုံချည်အနွမ်းကို ဝတ်ထားသည်။ "ဟင်...ဒါတဲ့ နိုင်ငံကျော်စာရေးဆရာမင်းသိခ်"ဟု နှာခေါင်းရှုံ့မိသည်။ သို့သော် သောက်နေတာက 555 ဟု အဝေးကပင် အတတ်သိပါသည်။ သည်တော့မှ "အဲဗျ...တို့ကို ခံတွင်းချဉ်ရုံကျွေးပြီး ဆေးလိပ်တော့ မတိုက်ပါလား"ဟု အတွေးဝင်ပြီး မဲ့ပြုံးပြုံးလိုက်ဖြစ်မိပါသေးတော့။ သူ မိုက်ခရိုဖုန်းနှင့် ပြောနေသည်မှာ သူ့တွင် သွေးတိုး၊ နှလုံး၊ ဆီးချို စသည့် ရောဂါစုံ ရှိနေကြောင်း။ သို့ဖြစ်၍ ယတြာကိစ္စကို လက်ရင်းတပည့် ဇင်ရော်နီကို လွှဲထားကြောင်း ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခုမှ ဆရာကြီးနှင့် တွေ့ခဲ့သည့် ခုနှစ်ကို ပြောဖို့ သတိရသည်။ ဤကဲ့သို့ စာပြန်ရေးမည်ဟု စိတ်ကူးမရှိခဲ့သော ကြောင့် ခုနှစ်ကို မမှတ်မိတော့ပါ။ မှတ်မိသည်မှာ ဆရာကြီး ၏ တစ်သက်တာ ပေါာစာတမ်းစာအုပ်ကို TV မှ ကြော်ငြာ ဖို့ လုံးပန်းနေသည့်အချိန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ထိုစာအုပ်မထုတ်ဝေမီ ကာလလေးဟု ဆိုလိုပါသည်။ ဆရာ ကြီးက -

"ကျွန်တော် တစ်သက်တာပေါာစတမ်းစာအုပ်ကို TV မှာ ကြော်ငြာဖို့ ကမ်းလှမ်းထားပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ရုပ်ကို မြင်ရမှာမဟုတ်ပါဘူး။ နိုင်ငံတော်က ခွင့် မပြုလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အသံနဲ့ ကြော်ငြာရမှာကို ကက်ဆက်နဲ့ အသံဖမ်းထားပါတယ်။ နားထောင်ကြပါ"ဆိုပြီး ကက်ဆက်ကို ဖွင့်ပြပါသည်။ ကက်ဆက်သံကို နားထောင်ရ သည်မှာ လွမ်းမောဖွယ်ပင် ကောင်းသေးတော့။ အကြောင်းမှာ

"ခင်ဗျားတို့ ဒီစာအုပ်ကို နောင် ၁၅ နှစ်လောက်နေမှ ဖတ်ရှုလေ့လာနေတဲ့အချိန်မှာ ကျွန်တော့်ဝိညာဉ်ဟာ ခင်ဗျား အနားမှာ တဝဲလည်လည် ရှိနေမှာပါ"ဟု ကြားရရာ မည်သူ မလွမ်းမောဘဲ နေပါမည်နည်း။ အသံ၊ ဌာန်၊ မာန်နှင့် စကတ်တို့ ကလည်း လွမ်းမောအောင် တစ်သွန်ကူလျောက်နေကြသည်။ ထိုအခါ ကျွန်တော်သည် "ဆရာကြီးက နောင် ၁၅ နှစ်နေရင် သူသေပြီလို့ ဗေဒင်တွက်ထားပုံရတယ်။ ငါစောင့်ကြည့်မယ်" ဟု အကြံဖြစ်မိပါသေးသည်။ တကယ်တမ်းမှာတော့ နောင် ၁၅ နှစ်မပြည့်မီ ကွယ်လွန်သွားပါသည်။

ဆိုခဲ့သော ရောင်ပြန်မဂ္ဂဇင်း၌ ဆရာမစောယုနွယ်၏ "ဆရာကြီးမင်းသိခ်၏ နောက်ဆုံးအချိန်"ဆောင်းပါး (စာ- ၁၂၀) တွင် အဘ(ဆရာကြီး)ကို နဒီသက်တမ်းအနေနဲ့ ၂၀၁၇၊ မတ်လ ၁၈ ရက် မွန်းလွဲ ၂း၀၆ မိနစ်မှာ ဇာတာ သက်တမ်း ကုန်ဆုံးချိန်ဆိုပြီး နဒီတြိစက္ကဝါ ဆေးဗေဒင်မှတ် တမ်းတွင် မွေးနေ့လက်ဆောင် ကိုယ်ရေးပေါာစတမ်းမှာ တွက် ချက်ပေးထားပါတယ်။ ၎င်းစာမူ၏ အပေါ်ပိုင်းတွင် "ကျွန်မ တို့ရဲ့ အားကိုးအားထားရာ၊ အစားထိုးမရတဲ့ ကျေးဇူးရှင်အဘ (ဆရာကြီး)ဟာ ၂၀၀၈ ခု၊ ဩဂုတ်လ ၁ ရက်နေ့မှာ တကယ် ပဲ ကွယ်လွန်ခဲ့ပါပြီ"ဟု ဖော်ပြထားပါသည်။ ဆိုခဲ့သော ကိန်း ဂဏန်း(ခုနှစ်)များကို တွက်ကြည့်လျှင် ၂၀၀၈ ခုနှစ်၊ ၂၀၁၇ ဆိုတော့ ကိုးနှစ်စောပြီး ကွယ်လွန်ခဲ့ခြင်းဖြစ်သည်မှာ ထင်ရှား ပါ၏။ ကျွန်တော့်မှာ ဆရာကြီးကွယ်လွန်ကြောင်း သတင်းကို ကြားကြားချင်း "ဟာ . . . ဆရာကြီးကွယ်လွန်တာဟာ ငါ သင်တန်းတက်ခဲ့တဲ့ နှစ်နဲ့ဆိုရင် ၁၅ နှစ် မပြည့်သေးပါဘူး"ဟု ဇဝေဇဝါ ဖြစ်ခဲ့ဖူးပါသည်။ ထိုစိတ်ကို ဆရာမ စောယုနွယ်၏ ယခုဆောင်းပါးကို ဖတ်လိုက်ရမှ အမြင်ရှင်းသွားစေပါတော့ သည်။ မရမ်းတလင်းခြံတွင် ဆွေ့ခဲ့ရသော အတွေ့အကြုံဆီ ကို ဆက်သွားကြပါဦးစို့။

ဆရာကြီးက သူကြော်ငြာမည့်အကြောင်းကိုပြောပြီး အနားပေးတော့မည်ဖြစ်ကြောင်း ယတြာချေတဲ့လုပ်ငန်းကို တပည့်ရင်း ဇင်ယော်နီက ဦးဆောင်ပြုလုပ်သွားမှာ ဖြစ် ကြောင်း။ ဤခြံအတွင်း၌ သူနေရာနှင့်သူ တပည့်ထီး/မများ ဗေဒင်ဟောကြရာတွင် မေးလိုက မေးနိုင်ကြောင်း။ မမေးလိုက နေနိုင်ကြောင်း။ ပိုက်ဆံကြေး သတ်မှတ်မထားကြောင်း။ အခ မဲ့ဖြစ်ကြောင်း။ သို့သော် သူလေးတို့မှာ မိဝေးဖဝေးလာပြီး ပညာသင်ယူနေသူများဖြစ်ရာ ဆပ်ပြာဖိုး၊ အုန်းဆီဖိုးလေး စေတနာပေါက်လို့ ပေးသွားရင် လက်ခံပါကြောင်း စသည်တို့ ကိုပြောပြီး အခမ်းအနား(မိတ်ဆက်စကားနှင့် အမှာစကား ပြောခြင်း)ကို ရပ်နားလိုက်ပါသည်။

ကျွန်တော်တို့လည်း ခန်းမထဲမှ ထွက်လာခဲ့ကြသည်။ ထိုစဉ် ခြံကျယ်ကြီးအတွင်း၌ ထီးကြီးများအောက်တွင် ဟိုနေ ရာ၊ သည်နေရာ၌ ဗေဒင်ဟောခန်းကလေးများ ဖြစ်နေသည် ကို တွေ့ရသည်။ ဆရာဇင်ယော်နီကလည်း အိုးစည်ကြီးကို တီးလို့၊ ဗုံချမ်း၊ ဗုံချမ်းနှင့် ကြိုတင်စာရင်းပေးထားသူများကို ယတြာချေပေးနေသည်မှာ ခြံထဲသို့အဝင် လမ်းဘေးရှိ ညောင် ပင်ကြီးအောက်က နေပူခံ ဗုဒ္ဓဆင်းတုတော်ရှေ့တွင် ရောက် နေကြပေပြီ။ ထိုအချိန်တွင် နေ့လယ် ၂ နာရီ၌ ယတြာချေ ရန် ဘိုကင်လာယူသူများလည်း တဖွဲဖွဲ ရောက်လာကြသည်။ ကျွန်တော်လည်း ခြံထဲ၌ လှည့်ပတ်ကြည့်ရှုလေ့လာရင်း တစ် နေရာသို့ ရောက်သောအခါ "ဗေဒင်မမေးတော့ပါဘူး"ဟု ကြေညာထားပြီး ဗေဒင်ဟောနေသော ဆရာကြီးကို သစ်ပင် တစ်ပင်အောက်တွင် တွေ့လိုက်ရသည်။ ကျွန်တော်လည်း လှမ်းမြင်လိုက်သည့် နေရာတွင်ပင် ဖိနပ်ကလေးကိုချွတ်ပြီး စိုက်စိုက်စိုက်စိုက်နှင့် လျှောက်သွားလိုက်သည်။ ထိုအခါ ထက်/အောက် ပိတ်ဖြူဝတ်ထားသော ဆရာကြီး၏ တပည့် တစ်ယောက်က -



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ ဘယ်သွားမလို့လဲ။ ဟိုမှာ ဗေဒင်ဟောနေတာ သွားလို့မရဘူး"

"ကျွန်တော် ဆရာကြီးကို ကန်တော့ချင်လို့ပါဗျာ။ ဦးသုံးကြိမ်ချပြီး ပြန်လာမှာပါ"ဟု အနူးအညွတ်ပြောပါသည်။

"သွားလို့မရဘူး။ ကန်တော့ချင်ရင် အဲဒီဗေဒင်ဟောပြီးမှ သွားကန်တော့"ဟု ပြောသဖြင့် နောက်ပြန်လှည့်ခဲ့ရသည်။ ကျွန်တော်တို့မှာ အစိုးရဝန်ထမ်း သင်တန်းသားများဖြစ်နေ၍ အချိန်မစောင့်နိုင်သဖြင့် ဆရာကြီးကို ကိုယ်တိုင်ကိုယ်ကျ (သက္ကစ္စ) မကန်တော့ခဲ့ရဘဲ အချိန်မီအောင် အဖွဲ့လိုက် ပြန်ခဲ့ကြသည်။ ကားပေါ်တွင် "ငါ ဘာဖြစ်လို့ ဆရာကြီးကို ကန်တော့ချင်တာပါလိမ့်"ဟု တစ်လမ်းလုံး စဉ်းစားခန်းဖွင့်လာပါသည်။

တကယ်တမ်းမှာမူ ဆရာကြီးကို သိဒ္ဓိရှင်၊ သူတော်စင်၊ မဟာဝိဇ္ဇာဟု ကြိုတင်သိသောကြောင့် မဟုတ်ဘူးဆိုတာကတော့ သေချာပါသည်။ ယခု ရောင်ပြန်မဂ္ဂဇင်းကို ဖတ်လိုက်ရမှ သိရခြင်းဖြစ်ပါသည်။ နောက်ပြီး ဆရာကြီးထံတွင် ဗေဒင်ပညာရော၊ စာရေးနည်းအတတ်ပညာပါ အပ်ကျမပ်ကျ မသင်ဘူးပါ။ သူ့စာတွေကို ဖတ်ဖူးပါသည်။ "မနုစာရီ"ကိုဖတ်ပြီး "ဒီဆရာက တော်တော်လူလည်ကျတာပါလား"ဟု အဲဒီကတည်းက အထင်ကြီးသွားခြင်း ဖြစ်ပါသည်။ ဆရာကြီး ရွှေဥဒေါင်း၏ "ရုပနန္ဒီနှင့် ရူပကလျာနီ"ကိုဖတ်ပြီး အဲဒီထက်သာအောင် ရေးထားတာ။ အကြံတူ နောက်လူသာစတမ်းဆိုတာကို ထိုစဉ်ကတည်းက သဘောပေါက်လိုက်ပြီး ဖြစ်ပါသည်။ သူ့စာတွေကို တွေ့သမျှဖတ်ပါသည်။ မဂ္ဂဇင်းတစ်အုပ်တွင် ဗေဒင်ဟောပေးလို့ ပြေလည်သွားသဖြင့် ကျေးဇူးလာဆပ်သော မိန်းမကြီးသည် လက်ဆောင်ကိုသာပေးပြီး ကိုယ့်ထက်အသက်ငယ်သူကို ကန်တော့ရမှာ ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။ စာထဲတွင် ဆရာကြီးက မိန်းမကြီးကို "ဘာမှရှက်မနေနဲ့ ကန်တော့မှာ ကန်တော့၊ ကျုပ်က ခင်ဗျားထက်ငယ်ပေမယ့် ခင်ဗျားထက် ဝီရိယကြီးတယ်"ဟု ပြောလိုက်မှ မိန်းမကြီးက ထိုင်ကန်တော့သည်ဟု ဖတ်ခဲ့ရဖူးပါသည်။ သို့ဖြစ်၍ ဝီရိယကြီးသော၊ ပညာကြီးသော ဆရာကြီးကို ထိုင်ကန်တော့ချင်စိတ်ပေါက်ခဲ့သည်ဟု စဉ်းစားအဖြေထုတ်လို့ ရလိုက်ပါသည်။

ထိုသို့ ဆရာကြီးကိုချစ်သော၊ လေးစားသော၊ အားကျသော ကျွန်တော်သည် ကျောင်းပညာရေးဆိုင်ရာ ပညာပေးဆောင်းပါးလေးများ ရေးဖြစ်နေပါသည်။ ထိုအခါ "မင်းသုကို" ဟူသော ကလောင်အမည်ကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ယူလိုက်ပါသည်။ အရပ်ထဲတွင်လည်း "မင်းသိခ်တပည့် မင်းသုကိုကွ"ဟု ကြွားဖါးနေမိတတ်ပါသည်။ ရင်းနှီးသော မိတ်ဆွေတချို့က "မင်းသိခ်ရဲ့ ဘာတပည့်လဲ၊ စာတပည့်လား။ ဗေဒင်တပည့်လား။ ဒါဆိုရင် ဗေဒင်ဟောပေးစမ်းပါ"ဟု စကြနောက်ကြပါသည်။ ထိုအခါကျမှ "အေးဟ ငါ့မှာ ဆရာကြီးဆီက ဘာပညာမှ လက်ပူးလက်ကြပ် မရလိုက်ပါလား။ သခင်ကဒ်မရှိဘဲ သခင်နာမည်တပ်သူလို ဖြစ်နေပေါ့"ဟု ကိုယ့်ကိုယ်ကို ရက်ပြုံး ပြုံးမိနေတတ်ပါသည်။ တကယ်လို့ အိမ်ထောင်မကျသေးဘူးဆိုရင် ငါလည်း ဒင်ယော်နီလို ဆရာကြီးရဲ့ လက်ရင်းတပည့် သွားလုပ်မိမှာပဲဟု မကြာမကြာ အတွေးပေါက်ဖူးပါသည်။ အတွေးသာရှိပါသည်။ လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပါ။ ရေစက်နည်းလို့ပဲဟု ဖြေသိမ့်နေရပါတော့သည်။

"မင်းသိခ်ရဲ့တပည့် မင်းသုကို"ဟု ကလောင်အမည်ယူလိုက်ရခြင်း အကြောင်းရင်း နောက်တစ်ချက်လည်း ရှိပါသေးသည်။ ဆရာကြီးသည် ဇွန်လဖွား၊ တနင်္ဂနွေသား၊ ကျွန်တော်လည်း ထိုနည်းတူစွာ တနင်္ဂနွေသား၊ ဇွန်လဖွားပင်ဖြစ်ပါသည်။ ဆရာကြီးသည် ပဥ္စပွတ်၊ ဆပွတ်၊ အညွှန့်နည်းဖြင့် ကလောင်အမည်ယူထားခြင်း ဖြစ်ပါသည်။ ဆိုခဲ့သည့် စကားများသည် ဗေဒင်စကားများ ဖြစ်ပါသည်။ ဒါဆိုရင် ကျွန်တော်လည်း ဗေဒင်တတ်သည်ပေါ့။ ဆရာကြီးပေးတဲ့ "မသင်မီက တတ်နှင့်သူ"သင်တန်းဆင်းလက်မှတ် ကျွန်တော်လည်း ရသင့်တာပေါ့။ ဒါဆိုရင် ကျွန်တော်လည်း ဆရာကြီးရဲ့တပည့် တရားဝင်ဖြစ်ပြီပေါ့။ ဒါဆိုရင် ကျွန်တော်ဟာ "သခင်လက်မှတ်ရှိလို့ သခင်အမည်တပ်သူ"ဖြစ်ပြီပေါ့။

"ဤမျှဆိုလျှင် မင်းသိခ်ရဲ့တပည့် မင်းသုကိုဟု ကလောင်အမည်ယူသည်ကို ရှင်းလောက်ပြီဟု ယုံကြည်မိပါတော့သတည်း"

မင်းသုကို(အုန်းတော)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရာဇဂြိုဟ်ရဲ့ ငွေလမင်း (၅)

နန္ဒာမိုးကြယ်

(ယ ခင် လ မှ အ ဆက်)

**ကျွန်ရတနာငါးဦး**

စမ္မာနဂိုရ်ပြည့်ရှင်က စန္ဒပဇ္ဇောတ မင်းနှင့် ပတ်သက်လျှင် အခြား အခြား သော တိုင်းပြည်မှ မင်းတို့သည် ရန်စ ကျူးကျော်ခြင်းမျိုးကို လုံးဝရှောင်ရှား ကြကုန်၏။

မရှောင်ရှား၍လည်း ဖြစ်မည် လော။

မင်းကြီး ပိုင်သော ကျွန်ရတနာ ငါးဦး၏ အစွမ်းက ကြောက်ခမန်း လိလိ မဟုတ်ပါကလား။

မင်းကြီးက သူပိုင်သသော ကျွန် ရတနာတို့၌ တိရစ္ဆာန်များ ပါဝင်သည့် တိုင် လူကဲ့သို့ သဘောထားသည်။ ထိုက်ထိုက်တန်တန် စောင့်ရှောက် ကျွေးမွေးထားသည်။ ထိုကျွန်ရတနာ တို့ကလည်း မင်းကြီးအကျိုးအတွက် ဆိုလျှင် အရိုးကြေကြေ၊ အရေခမ်းခမ်း သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းရွက် ကြမည့်သူများပင် ဖြစ်လေသတည်း။

ထိုငါးဦးကား အဘယ်နည်း။

(၁) ယူဇနာငါးဆယ်ရှိသော ခရီးကို နေ့ချင်းရောက်အောင် ပြေး လွှားသွားရောက်နိုင်သော ဘဒ္ဒဝတီ ဆင်မင်းကြီး။

(၂) ယူဇနာငါးရာရှိသော ခရီး ကို နေ့ချင်းရောက်အောင် ပြေးလွှား သွားရောက်နိုင်သော နာဠာဂီရိဆင် ပြောင်ကြီး။

(၃) ယူဇနာတစ်ရာ့နှစ်ဆယ်တိုင် တိုင် နေ့ချင်းပေါက် သွားရောက်နိုင် သော ဝေဠုကဏ္ဍမြင်း။

(၄) အဆိုပါမြင်းကဲ့သို့ပင် စွမ်း ဆောင်ရည် ထပ်တူညီမျှရှိသည့် မုဥ္စ ကာသိမြင်း။

(၅) တစ်နေ့တည်းနှင့် ယူဇနာ ခြောက်ဆယ်ရှိသည့်ခရီးကို သွားနိုင် သော 'ကာက' အမည်ရှိကျွန်။

သည်တော့ အဘယ်ရန်သူမှ စမ္မာနဂိုရ်ကို မျက်စောင်းကလေးပင် မထိုးရဲကြသည်ကား မဆန်းပြီ။

သည်လိုမျိုး 'ကျွန်ရတနာငါးဦး' ကို စန္ဒပဇ္ဇောတအဖို့ အလွယ်တကူ ရရှိလာခဲ့သည်တော့ မဟုတ်တန်ရာ။ အကြောင်းနှင့် အကျိုးဟူသည် လ[illegible]ပ သိမ်မွေ့စွာ ချိတ်ဆက်မိမိ ဆက်စ[illegible] လျက် ရှိနေ၏။ လူမှာ ပစ္စုပ္ပန်ရှိနေ လျှင် အတိတ်ဟူသည်ရှိခဲ့၏။ အနာဂတ် ဟူသည်လည်း ရှိနေလိမ့်ဦးမည်။

ကံ ကံ၏အကျိုးကို နားလည် လက်ခံ သဘောပေါက်မည် ဆိုပါ လျှင် ယခုကဲ့သို့ စန္ဒပဇ္ဇောတအတွက် ကျွန်ရတနာ ငါးဦးပိုင်ရှင် ဖြစ်လာရ ခြင်းမှာ အဆန်းတကြယ် မဟုတ်တော့ ပြီ။ ဘုန်းတန်ခိုးကြောင့်ဟု ဆိုချင် လည်း ဆိုကြပါလေရော့။ စန္ဒပဇ္ဇောတ ကတော့ အတိတ်ကံ၏ အကျိုးဆက် ကို ယုံကြည်၏။

မင်းကြီး၏ အတိတ်ဇာတ် ကြောင်းကား ဤသို့တည်း။ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မမူသေးမီ ကာလ။ နေရာဒေသကား ဗာရာဏသီ ပြည်။

ထိုပြည်၌ စန္ဒပဇ္ဇောတသည် အမျိုးကောင်းသားတစ်ဦး ဖြစ်လေ၏။ အပြေးအလွှား သွားရောက်သည့်ကိစ္စ၌ အများသူငါ လက်ဖျားခါရလောက် အောင် စွမ်းဆောင်နိုင်သူ ဖြစ်လေ၏။

တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

သည် ဗာရာဏသီပြည်သို့ ဆွမ်းခံကြွလာခဲ့လေ၏။ အဆိုပါ ပစ္စေကဗုဒ္ဓါမှာ တစ်နေ့လျှင် ခုနစ်အိမ်တိတိသာ ဆွမ်းခံ၍ ခုနစ်အိမ် ပြည့်ပြီးသွားပါက ဆက်လက်ဆွမ်းမခံတော့ဘဲ ရသမျှဆွမ်းဖြင့် တင်းတိမ်ရောင့်ရဲကာ တရားကိုသာ ကျင့်ကြံအားထုတ်စမြဲ ဖြစ်၏။

ဤယနေ့၌ ဆွမ်းခံလာသော အိမ်အရေအတွက်မှာ ခြောက်အိမ်တိတိ ပြည့်ခဲ့ပြီဖြစ်၏။ ထိုခြောက်အိမ်စလုံးမှ အံ့သြဖွယ်ကောင်းလောက်အောင်ပင် မည်သည့်ဆွမ်းမျှ ရမလာခဲ့။ နောက်ဆုံး တစ်အိမ်သာ ကျန်တော့သည်။ ထိုအိမ်မှ ဆွမ်းရမလာလျှင် ပစ္စေကဗုဒ္ဓါအဖို့ အဓိဋ္ဌာန်ပြည့်သွားပြီဖြစ်၍ ဆက်လက်ဆွမ်းခံတော့မည် မဟုတ်ပါ။ သပိတ်ကို ရေဖြင့်ကျင်း၍ ထိုရေကိုသာ ဘုဉ်းပေးလျက် ဆွမ်းကိစ္စပြီးစီးရမည်ဖြစ်၏။

နောက်ဆုံးအိမ်ရှေ့၌ ပစ္စေကဗုဒ္ဓါရပ်နေသည်ကို ခပ်လှမ်းလှမ်းမှ သူလှမ်းမြင်နေရသည်။ သူသည် ထိုအိမ်သို့ ကိစ္စတစ်ခုဖြင့် လာခဲ့ခြင်းဖြစ်သည်။ ပစ္စေကဗုဒ္ဓါသည် ထိုနောက်ဆုံးအိမ်မှ မည်သူတစ်ဦးတစ်ယောက်ကမျှ ထွက်ကာ လောင်းလှူခြင်း မပြုသဖြင့် မျက်လွှာကို အသာချလျက် တစ်လှမ်းချင်း ထွက်ခွာသွားလေသည်။

ထိုရှုခင်းကို မြင်ရသည့်တဒင်္ဂ သူ့ရင်အစုံသည် လှိုက်တက်၍လာတော့သည်။ ပိဏ္ဍပါတ်ဆွမ်းအား လောင်းလှူသည်ကို မတွေ့ရ၍ ရှင်ပစ္စေကဗုဒ္ဓါအဖို့ ဆွမ်းကိစ္စ ခက်တော်မူနေခဲ့ပြီလား။ ထိုအိမ်၌ လူများ မရှိလို့လား။

ဆန္ဒမနသသီတို့က သူ့စိတ်အာရုံ ဇရိယာကို ဖြန့်ကြဲပြွတ်ပက်လိုက်လေသောအခါဝယ် သွက်လက်သော ခြေလှမ်းတို့က ခြံဝင်းထဲမှတစ်ဆင့် အိမ်အတွင်းသို့ ရောက်သွားလေတော့၏။ အိမ်အတွင်းရှိ ကွပ်ပျစ်ငယ်ပေါ်တွင်ကား ထိုအိမ်၏ သားချင်းတစ်ဦးသည် ပြောင်းဖူးဖက်ကို လိပ်လျက်ရှိလေ၏။

"ကိုကြီးကောင်း"

"ဟေ...ဘာတုန်းကွ"

"ဒီနေ့ သံဃာတော်ကို လောင်းဖို့ ဆွမ်းမချက်ဘူးလား"

"ဟ မချက်ဘဲ ဘယ်နေမလဲ ကွ၊ မယ်သုံ အပြင်မထွက်ခင် အားလုံး စီစဉ်ပေးတဲ့ဥစ္စာ၊ ဆွမ်းတွေ ဆွမ်းဟင်းတွေက ဟောဟိုစင်ပေါ်မှာ အားလုံး အဆင်သင့် ဆွမ်းခံကိုယ်တော် ကြွလာရင် အရံသင့်ယူပြီး သွားလောင်းလိုက်ရုံပဲ"

"ဒါဖြင့် ခင်ဗျား မမီတော့ဘူး"

"ဟေ...ဘာဖြစ်လို့"

"ဒီအိမ်ရှေ့မှာ ပစ္စေကဗုဒ္ဓါတစ်ပါး ဆွမ်းခံရပ်တာ ကျုပ်တွေ့လိုက်ရတယ်၊ ဒါပေမဲ့ ထွက်လောင်းတဲ့သူတစ်ဦးမှ မရှိတော့ ပြန်ကြွသွားရှာပြီ"

"ဟာ...သေလိုက်ပါတော့ကွာ၊ ငါလည်း သီချင်းလေး တအေးအေးနဲ့ ဖက်ဖြူလွှာရအောင်လိပ်နေတာ၊ ဒါဖြင့် ရှင် ကူညီပါလားကွာ၊ မင်းက အသွားမြန် အပြေးမြန်တဲ့နေရာမှာ ဘယ်သူမှ မမီတဲ့သူဆိုတော့ စောစောက ပစ္စေကဗုဒ္ဓါနောက်ကို လိုက်ပြီး ဆွမ်းလောင်းရအောင် သပိတ်သွားယူချေပါ"

"ကောင်းပြီလေ၊ ကျုပ်မီအောင် လိုက်မယ်"

ပြောပြောဆိုဆိုနှင့် သူသည် လေးကိုင်းမှ လွှတ်လိုက်သော မြားတစ်စင်းနှင့် မခြား။ ပစ္စေကဗုဒ္ဓါ ကြွသွားရာသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့၏။ ပစ္စေကဗုဒ္ဓါလည်း ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေချေပြီ။ သို့ရာတွင် လျင်မြန်သော ခြေအစုံက တဒင်္ဂအချိန် အတိုင်းအတာအတွင်း ပစ္စေကဗုဒ္ဓါ နောက်တော်ပါးသို့ အရောက်လှမ်းလာနိုင်ခဲ့၏။

"ရပ်တော်မူပါဦး အရှင်ဘုရား၊ ရပ်တော်မူပါဦးဘုရား"

ပစ္စေကဗုဒ္ဓါက ရပ်ပေး၏။ ဤတွင် သူသည် လက်အုပ်ချီကာ အကျိုးအကြောင်း လျှောက်ထား၏။ ထို့နောက် ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကို တောင်းခံလျက်...

"အရှင်ဘုရား..ဟောဟိုသစ်ပင်ရိပ်က ကျောက်ဖျာထက်မှာ ခေတ္တသီတင်းသုံးပါဦးဘုရား"

ဟု ဆိုကာ သူ့ခေါင်းတွင် ပတ်ထားသော ပဝါကြမ်းကို ကျောက်ဖျာထက်တွင် ခင်းပေးခဲ့သည်။ သို့နောက် သပိတ်ကို ပိုက်လျက် ဗာရာလမ်း

www.burmeseclassic.com

အတိုင်း သုတ်ခြေတင်ခဲ့လေတော့၏။

“ဟာ…မြန်လိုက်တာကွာ၊ ဒါကြောင့်လည်း မင်းရဲ့အစွမ်းကို ဗာရာဏသီတစ်ပြည်လုံးက ချီးမွမ်းအံ့မခန်း ဖြစ်နေကြတာ ထင်ပါ့၊ ကဲ… သပိတ်ထဲကို ခူးခပ်ထားတဲ့ ဆွမ်းတွေ ဆွမ်းဟင်းတွေ အကုန်သာ လောင်းလိုက်ပါတော့ကွယ်၊ ငါ့လက်က ဆေးရွက်ကြီးနဲ့တွေ စွဲနေလို့”

သူသည် ဆွမ်းအပြည့်အစုံကို သပိတ်အတွင်း ထည့်ပြီးသောအခါ ပစ္စေကဗုဒ္ဓါ သီတင်းသုံးလျက်ရှိမည့် ကျောက်ဖျာသို့ လျင်မြန်သောအဟုန်ဖြင့် သပိတ်ကိုပိုက်လျက် အပြေးသွားရောက်ခဲ့လေ၏။

နေလုံးကြီးကား ဗာရာဏသီ တစ်ခွင် နေရာလပ်မကျန်အောင် စူးရှလင်းပြက်နေ၏။ မွန်းမတည့်သေး။ ပစ္စေကဗုဒ္ဓါအတွက် ဆွမ်းစားချိန် လုံလောက်စွာ ရနိုင်ပါသေး၏။

ပစ္စေကဗုဒ္ဓါထံရောက်တော့ သပိတ်ကို ကပ်လိုက်၏။ ပြီးနောက် မနီးမဝေးရှိ ချောင်းငယ်တစ်ခုမှ ရေကိုခပ်ကာ ပစ္စေကဗုဒ္ဓါအား ဆက်ကပ်လျက် နိမ့်သောနေရာ၌ ထိုင်ရင်းဝတ်ပြည့်လိုက်လေသည်။

“အိမ်း…သာဓု…သာဓု…သာဓု…ခုလို ဘုရားရှင် အမျိုးပြုတဲ့ ပစ္စေကဗုဒ္ဓါ သံဃာတော်တွေအပေါ် သဒ္ဓါရိုကျိုး ညွတ်နူးစိတ် အပြည့်ထားပြီး လုပ်ကျွေးတဲ့အတွက် လိုရာဆန္ဒမှန်သမျှ ပြည့်ဝပါစေကွယ်”

ပစ္စေကဗုဒ္ဓါ ဆုပေးတော့ သူ တောင်းဆိုခဲ့သည်မှာ ဘာတွေဖြစ်မည် ထင်ပါသနည်း။

“အရှင်ဘုရား တပည့်တော်ဟာ အလှူဒါယကာရဲ့ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးရတဲ့အတွက်လည်းကောင်း၊ အရှင်မြတ်ရဲ့ ဝေယျာဝစ္စကို ရွက်ဆောင်ရတဲ့အတွက်လည်းကောင်း ဖြစ်လေရာဘဝတိုင်း နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝ ဘဝတွေမှာ အလွန်လျင်မြန်တဲ့ ဆင်၊ မြင်း၊ လူ စတဲ့ ကျွန်တွေကို ပိုင်ဆိုင်သူ ဖြစ်ရပါစေဘုရား”

သည်လိုမျိုး သူ ဆုတောင်းခဲ့၏။

သည်လိုအတိတ်ကို အတိတ်မှာထားခဲ့၍ ပစ္စုပ္ပန်တည့်တည့်ကို ရှုလိုက်သောအခါဝယ် သူသည် စပ္ပာနဂိုရ် ပြည်ကြီးကို အစိုးရတော်မူသော စန္ဒပဇ္ဇောတမင်း ဖြစ်လာသည်နှင့်အမျှ လျင်မြန်စွာ သွားလာနိုင်သော ယာဉ်ငါးပါးကို ရလာခဲ့ချေပြီကော။

ကံ ကံ၏အကျိုးကား ထူးခြားဆန်းကြယ်လှဘိတောင်း။ သည်လို ကံကြမ္မာ အကျိုးဆက်ကောင်းသူနှင့် ယခုလိုမျိုး ထိပ်တိုက်ရင်ဆိုင်ရလေသောအခါ၌ အစွန်းထွက်မည်ဆိုသည်ကမူ တင်ကြိုတွေးဆရန် ခက်ခဲလှပါသည်။

ဇီဝကအဖို့ သက်တော်ရှည် ဘိုးဘိုး၏ ကောင်းမြတ်သော အကြံအစည်ကို လက်ခံ၍ သူတွေးဆထားသည့် ကိစ္စတို့ကို ပေါင်းစပ်ကာ မင်းကြီးအား တင်ပြခဲ့သည်။ ထိုအခါ-

“အင်း…ဇီဝကရဲ့ တင်ပြလျှောက်ထားချက်တွေဟာလည်း သင့်တာပါပဲလေ၊ ကဲ…ဒီတော့ ငါ့ရဲ့ ဘဒ္ဒဝတီ ဆင်မကြီးကို ဆင်ထိန်းနဲ့အတူ ပေးအပ်ထားမယ်၊ နောက်ပြီး ဆေးသမားဆိုတာ အလိုရှိရင် တစ်ခဏချင်း ဆိုသလို ဆေးမြစ်ဆေးရွက် အရှာထွက်ရမှာဆိုတော့ ဆင်တင်းကုပ်၊ မြင်းတင်းကုပ်၊ တံခါးလေးမျက်နှာ ဘယ်အရာကိုဖြစ်ဖြစ် လိုတဲ့ရှိရင်ယူ၊ ကြိုက်သလိုဝင်၊ ကြိုက်သလိုထွက် အချိန်အခါမရွေးဘူး ကြားလား၊ ဒီအကြောင်း အမိန့်စာကို ဆင်ထိန်း၊ မြင်းထိန်း၊ တံခါးမှူးတွေ သိရအောင် ချက်ချင်းစေလိုက်မယ်”

ဟု မိန့်တော်မူခဲ့သည်။

“အေး…ငါ့ရဲ့ ဝေဒနာကိုလည်း သက်သာပျောက်ကင်းအောင် စွမ်းဆောင်ကြိုးပမ်းဖို့ မမေ့ချေနဲ့ဦး”

“မှန်လှပါဘုရား၊ ဆေးတော်ချက်လုပ်ခြင်း အမှုကိစ္စ ဒီကနေ့ညမှာ လက်စသတ်မှာမို့ မနက်ဖြန်ခါ သောက်သုံးနိုင်ပါတော့မယ်ဘုရား”

“ကောင်းပြီ၊ တစ်ခုတော့ သတိပေးလိုက်မှ၊ ဆေးတော်မှာ ထောပတ်လုံးဝပါလို့မဖြစ်ဘူး”

“မှန်လှပါဘုရား”

သည်လို လျှောက်တင်ပြီးသည့်တဒင်္ဂ သက်တော်ရှည် ဘိုးဘိုးနှင့် ဇီဝကတို့မှာ ရုတ်ချည်းဆိုသလို အကြည့်ချင်း ဆုံမိကြ၏။ ဒါကို စန္ဒပဇ္ဇောတ မသိရှာ။

www.burmeseclassic.com

အကြည့်ချင်း ဆုံမိကြသော သူတို့နှစ်ဦး၏ ရင်ထဲမှာကား တဒိတ်ဒိတ်မြည်သော အသံတွေ လွှမ်းသွားသည်ကို သူတို့နှစ်ဦးသာလျှင် သိနိုင်ပေလိမ့်မည်တကား။

❒

## လက်တစ်လုံးခြား

တွေးကြည့်လျှင်ဖြင့် ထိတ်လန့်စရာတော့ အကောင်းသား။

ဟုတ်သည်လေ။

ထောပတ်မုန့်သူကိုမှ ထောပတ်သုံး၍ ကုသရမည့်အဖြစ်။

သည်လုပ်ရပ်သည် တစ်ချက်ကလေး လွဲချော်သွားသည်နှင့် ကြီးစွာသော အန္တရာယ် ကျရောက်လာလိမ့်မည်မှာ သေချာကြောင်း ဇီဝက နားလည်ခဲ့ပါသည်။ သို့ရာတွင် မတတ်နိုင်။ သည်လိုမျိုးမှ မပြုလုပ်ပြန်လျှင် စန္ဒပဇ္ဇောတမင်းကြီး၏ ဖျော့တော့နာသည် လုံးဝပျောက်တော်မူလိမ့်မည် မဟုတ်။

စားပွဲပေါ်မှာတော့ ချက်ပြီးသော ဆေးရည်သည် အရောင်တလဲ့လဲ့။ ဘာအနံ့အရသာမျှ မရှိ။ အထူးသဖြင့် ထောပတ်၏ အနံ့အရသာ။ အကယ်တန္တ ဤချက်လုပ်ပြီးသော ဆေးဖန်ရည်သာ အလွယ်တကူ ရောရောရှုရှု မင်းကြီး၏ အစာအိမ်အတွင်းသို့ ရောက်ရှိသွားပါက ရောဂါဝေဒနာဟူသည် ထာဝရ နိဋ္ဌိတ်သွားပေတော့မည်။

သို့သော်…

အစာအိမ်အတွင်းသို့ ဆေးဝင်အပြီး ဆေးအာနိသင်ကြောင့် လေအချို့ အထက်သို့ ဖျို့တက်ချိန်ဝယ် ထိုဖျို့တက်သောလေတွင် ဆေး၏ မူလဘူတဖြစ်သော ထောပတ်ရနံ့သည် လိုက်ခနဲ ဝေ့ဝန်းလာပါက မင်းကြီး၏ ဒေါသနှင့်အတူ ဇီဝက၏ အနာဂတ်သည် တစ်မျိုးတစ်ဖုံ ဖြစ်လာမှာတော့ သေချာသည်။

အရှည်တွေးလျှင်ဖြင့် တွေးသလောက် စိုးကြောက်လန့်ထိတ်စဖွယ် ပေါ်လာသည့် ပုံရိပ်တွေမှာ တဖျတ်ဖျတ်။ သည်တော့လည်း ဇီဝကအဖို့ အသက်ကိုစောင့်သည့် ဉာဏ်ကို လှုပ်နှိုးရတော့သည်။ ဦးစွာ ဆင်တင်းကုပ်၌ လိုအပ်သည့် ရိက္ခာအချို့ဖြင့် ဘဒ္ဒဝတီဆင်မကို အသင့်အနေအထား စောင့်စားနေစေခဲ့သည်။ ယူဇနာငါးဆယ် ခရီးကို နေ့ချင်းရောက်အောင် စွမ်းဆောင်နိုင်သော ဘဒ္ဒဝတီဆင်မကား စမ္မာနဂိုရ်ပြည်မှ ရာဇဂြိုဟ်သို့ ဇီဝကအား အလျင်အမြန် ဆောင်ကြဉ်းပေးနိုင်မှာတဲ့လား။

ဇီဝကသည် အသင့်ချက်လုပ်ပြီးသော ဆေးရည်ကို ဆောင်ယူကာ နန်းတွင်းဆောင်သို့ ဝင်လိုက်သည်။ ထို့နောက် သလွန်ညောင်စောင်းတွင် ဖျော့တော့ နွမ်းနယ်စွာ မှေးနေသည့် မင်းကြီးအား…

"အရှင်မင်းကြီးရဲ့ ရောဂါဝေဒနာအတွက် အမြစ်ပြတ် ပျောက်ကင်းမယ့် ဆေးရည်ပါ၊ တစ်ခါတည်းသာ ယုံကြည်စိတ်ချစွာနဲ့ သောက်တော်မူပါဘုရား"

ဟု ပြောဆို လျှောက်ထားပြီးသည့်သကာလ…

"အိမ်‥ဟန်ကျတော်မူသကွယ်၊ နာမည်ကျော် ဇီဝကရဲ့ ဆေးစွမ်းကို အားကိုးပြီး သောက်တော်မူမကွယ့်"

ဟု ဆိုကာ တစ်လက်စတည်း မော့ချလိုက်လေတော့သည်။

"ဆေးသောက်ပြီးရင် ဆေးပွဲ့နိုင်မှု လျင်မြန်ထိရောက်အောင် ခေတ္တခဏ မှိန်းနေတော်မူပါဘုရား"

"ကောင်းပြီ ဇီဝက၊ ကောင်းပြီ"

သည်လို အတိမ်းအစောင်းမရှိ၊ အမှားအယွင်းမရှိဘဲ စည်းချက်ညီညီ နရီမိမိ လုပ်ကိုင်ပြီးလျှင်ပြီးချင်း ဇီဝကသည် နန်းတွင်းဆောင်မှ လျင်မြန်စွာ ထွက်ခွာခဲ့သည်။ သည့်နောက် မည်သည့်ပစ္စည်းမှ ယူငင်မနေတော့ဘဲ ဆင်တင်းကုပ်ရှိရာသို့ သွားကာ ဘဒ္ဒဝတီဆင်မကို စီးလျက် ရာဇဂြိုဟ်ရှိရာသို့ အလျင်အမြန် ချွန်းဖွင့်လိုက်လေတော့သည်။

❒

## ဒေါသမျိုးကွေး

မင်းကြီး၏ အစာအိမ်အတွင်းရှိ ချက်ဆေးရည်တို့က ဇီဝကတစ်ယောက် ဘဒ္ဒဝတီဆင်မကို ချွန်းဖွင့်လျက် ရာဇဂြိုဟ်ရှိရာသို့ အသော့နှင်ချိန်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးတော်ပြလေပြီ။

ဆေးတို့သည် အစာအိမ်မှ တစ်ဆင့် သွေးကြောများသို့ ပျံ့နှံ့စီးမျော ကုန်၏။ အူနံရံအတွင်း၊ အစာအိမ်နံရံ အတွင်း ခိုကပ်နေသော လေတို့နှင့် ပေါင်းစပ်မိကာ ခန္ဓာကိုယ်၏ အပြင် ဘက်သို့ ခြေဆန့်ရန် တာစူကြတော့ သည်။ ခက်သည်က ထိုသို့ တာစူ သော လေတို့မှာ အောက်ပိုင်းဒွါရမှ ခြေဆန့်မထွက်ခွာချင်ကြ။ အထက်သို့ ပို့တက်သွားကြသည်။ ဤတွင် မင်း ကြီးလည်း တအေ့အေ့နှင့် ပို့တက်ပြီး ဆေးရည်အချို့ပါသော လေတို့ကို အန် ချလိုက်လေ၏။ ဤတွင် အန်လိုက် သော အရည်၌ ထောပတ်ရနံ့တို့က ထောင်းခနဲ။

မင်းကြီးကား ထောပတ်ရနံ့ကို ရလျှင်ရချင်း အသားတွေ တဆတ်ဆတ် တုန်လာ၏။ ဒေါသတွေ တလိပ်လိပ် တက်လာ၏။

"တောက်…ငါ့အတွက် ဆေး ချက်ရင် ထောပတ်ကို လုံးဝမသုံးပါနဲ့ လို့ သေသေချာချာ မှာထားရဲ့သားနဲ့ လုပ်ရက်လိုက်တာ ဇီဝကရယ်၊ နင့် အသာနင် သမားတော်ဖြစ်ဖြစ်၊ ရာဇ ဂြိုဟ်ပြည့်ရှင်ရဲ့ မြေးဖြစ်ဖြစ်၊ မညှာနိုင် ဘူး၊ ငါ့တိုင်းပြည်မှာ ငါ့အကြောင်း သိရအောင်တော့ ပြမှဖြစ်မယ်ဟေ့၊ အမတ်တို့…"

"ဘုရား…"

"ဇီဝကကို ခုချက်ချင်း ရှေ့ တော်မှောက်ကို အရောက်ဖမ်းခေါ်ခဲ့ ကြစမ်း"

အမတ်တို့ကား အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်၍ ကြောင်စီစီ ဖြစ်နေကြလေ၏။ စင်စစ် ရာဇဝတ် သားအဖြစ် သတ်မှတ်ခံရသူအား ဖမ်း ဆီးရမည့် တာဝန်မှာ ပညာရှိအမတ်တို့ ၏ တာဝန်မဟုတ်။ ဓား၊ လှံ၊ လေးမြား လက်နက်တို့ကို ကိုင်ဆောင်ထား သည့် စစ်မှုထမ်းတို့၏ တာဝန်ပင် မဟုတ်ပါကလား။ ဒါကိုပင် မင်းကြီး သည် ဒေါသတို့ ဖိတ်ဖုံးနေသဖြင့် မသိတတ်နိုင်တော့ပြီ။ ပြီးတော့လည်း ဇီဝကကို ဖမ်းဆီးဖို့ ဆိုရာမှာလည်း မလွယ်တော့သော အခြေ။

"ဟဲ့…အမတ်တွေ ငါပြောနေ တာ မကြားကြဘူးလား"

"ကြားပါတယ်ဘုရား၊ ဒါပေမဲ့ ဇီဝကဟာ စမ္မာနဂိုရ်မှာ မရှိတော့ပါ ဘူး ဘုရား၊ အရှင့်ဆီက ဆေးရှာရင် အသုံးပြုဖို့ တောင်းခံထားတဲ့ ဘဒ္ဒဝတီ ဆင်မကို စီးပြီး ထွက်ပြေးသွားပါပြီ ဘုရား"

"တောက်…ရိုင်းလိုက်လေ၊ ဇီဝကရယ်"

မင်းကြီးကား ဇီဝက၏ လုပ်ရပ် အတွက် ဒေါသတွေက ပို၍ထွက်လာ သည်။ လေတစ်ခါပို့တိုင်း ထောပတ် ရနံ့က ဒုက္ခတစ်ခါပေးစမြဲ ဖြစ်သဖြင့် ဇီဝကအား အမုန်းချေရန်သာ စိတ်စော နေလေတော့၏။

"ဒင်းက ဒီလိုဆိုတော့ အကြောင်း သင့်အောင် ပြမှဖြစ်တော့မပေါ့၊ ကဲ 'ကာက' ကို သွားခေါ်လှည့်စမ်း"

"မှန်လှပါ"

အမတ်တစ်ဦးက 'ကာက' ရှိရာ သို့ လျင်မြန်စွာ ထွက်ခွာသွား၏။ ကာကသည် မင်းကြီး၏ ကျွန်ရတနာ ငါးဦးအနက်မှ လက်ရွေးစင် ကျွန် တစ်ဦးဖြစ်၏။ နတ်ဘီလူးနှင့် လူသား မိန်းမတို့ အကြောင်းသင့် ပေါင်းသင်း ၍ မွေးဖွားလာသော လူသားတစ်ဦး လည်း ဖြစ်၏။ ကာကကား နန်းတွင်း ခြေလျင်ယောကျ်ားတည်း။ သူ၏ ခြေလျင်စွမ်းမှာ တစ်နေ့လျှင် ယူဇနာ ခြောက်ဆယ်ရှိသော ခရီးကို နေ့ချင်း ရောက်အောင် သွားနိုင်၏။ သည့် အတွက်လည်း မင်းကြီးအနေဖြင့် ဘဒ္ဒ ဝတီဆင်မထက် စွမ်းရည်သာသော ကာကကို ဇီဝကပြေးရာနောက်သို့ စေလွှတ်ဖို့ စီမံရခြင်းဖြစ်၏။ မကြာခင် မှာပင် ကာကသည် ရှေ့တော်မှောက် သို့ ရောက်လာလေသည်။

"ကာက…"

"ဘုရား…"

"မင်း စမ္မာနဂိုရ်ကနေ ရာဇဂြိုဟ် လမ်းအတိုင်း လိုက်ပေတော့၊ ဇီဝက ကို တွေ့တာနဲ့ ငါ့ရဲ့ အမိန့်အရဆိုပြီး ခေါ်သာလာခဲ့နော်"

"မှန်လှပါဘုရား"

"နေဦး၊ တစ်လစတည်း ဆိုသလို သတိပေးလိုက်ရဦးမယ်၊ ဆေးဆရာ တွေဟာ သိပ်ပြီးဉာဏ်နီဉာဏ်နက် များတဲ့သူတွေ၊ ခုပဲကြည့်၊ ထောပတ် မသုံးပါဘူးဆိုပြီး ငါ့ကို ထောပတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ချက်တဲ့ဆေးကို တိုက်ဖြစ်အောင် တိုက်သွားသေးတယ်၊ ဒီတော့ သူတို့ကို လုံးဝမယုံရဘူး၊ ဒီတော့ မင်းနဲ့ တွေ့လို့ သူက စားစရာတစ်ခုခုပေးရင် မစားလေနဲ့၊ ကြားလား"

"မှန်လှပါဘုရား"

"ကဲ…ဒါဆို အမြန်ဆုံး ဒင်းကို မီအောင်လိုက်လေတော့ ကာကရေ"

ကာကလည်း မင်းကြီး မှာကြားသည့် စကားတို့အား သေချာကျနစွာ မှတ်သားပြီးသည့်ကာလ နန်းတွင်းမှ အလျင်အမြန် ထွက်ခွာကာ တောလမ်းတစ်နေရာသို့ ဦးတည်ပြေးလွှားလေတော့၏။

□

## အသက်ကိုစောင့်သည့်ဉာဏ်

စမ္ပာနဂိရ်၏ နယ်နိမိတ်ကတော့ လွန်ခြောက်ခဲ့ပေပြီ။

သို့သော် စိတ်ချရပြီဟု မဆိုနိုင်သေး။

စန္ဒပဇ္ဇောတမင်း၏ ဒေါသကား တစ်ရာ့တစ်ပါးသောမင်းတို့အလယ်၌ သတင်းမွှေးမှမွှေး။

ဒါပေသည့် ဝမ်းက ဆာနေခဲ့လေပြီ။ အစာဟူသည် အချိန်မှန်မှန် စားပါမှ။ သို့မဟုတ်ပါက အစာကို ချေဖျက်ရသော ဝမ်းတွင်းကလီစာတွေအဖို့ အစာမရှိဘဲ ချေဖျက်နေရသည်က အစာအိမ်နံရံတွေကို ပါးလျစေမည် မဟုတ်လား။ သည်တော့ ဇီဝကသည် နံနက်စာ ထမင်းစားအုံဟု ဆုံးဖြတ်ကာ တောလမ်းတစ်နေရာ၌ ဘဒ္ဒဝတီအား ရပ်တန့်စေလိုက်သည်။

ဘဒ္ဒဝတီကား အဟိတ်တိရစ္ဆာန်ဖြစ်သော်ငြားလည်း သန္ဓေကောင်းလွန်းလှပါဘိ။ သခင်စေသမျှကို မညည်းမညူ မငြင်းမဆန် လိမ္မာယဉ်ကျေးစွာ လုပ်ဆောင်ပေးခဲ့သည်။ ခုလည်း…

"ခဏလောက်ရပ်လိုက်ပါဦး ဘဒ္ဒဝတီရေ၊ နံနက်စာ ငါစားချင်လို့ပါ"

ဟု ဆိုတော့ အပြေးသွက်နေသည့် ခြေလှမ်းတွေကို တုံ့ခနဲဆိုသလို ရပ်ပစ်ခဲ့သည်။ သို့ရာတွင် ဘဒ္ဒဝတီ၏ အကြည့်တွေကတော့ ထူးသလိုလို ရှိသည်။ သည်အကြည့်တွေကိုသာ ဘာသာပြန်နိုင်သည့် တန်ခိုးရှင်တစ်ဦးဦး ရှိလျှင်ဖြင့်…

"ဆရာ ဇီဝကရယ်၊ ရာဇဂြိုဟ် ရောက်မှပဲ စိတ်ချလက်ချ နေပါတော့လား၊ အနောက်မှာ ရန်သူလိုက်လာပြီ"

ဆိုသည့် အဓိပ္ပာယ်ကို ဖလှယ်ကြမှာ သေချာသည်။ ဇီဝကကား ဘဒ္ဒဝတီ၏ အကြည့်တွေကို မမြင်မိ။ ယခု ရပ်နားရာသည် ကောသမ္ဗီပြည် ဧရိယာအတွင်းမှ တောလမ်းကလေး ဖြစ်သည်။ သည်ကောသမ္ဗီပြည်ကို ကျော်လွန်ဖြတ်သန်းပြီးပါမှ ရာဇဂြိုဟ် ဧရိယာထဲ ဝင်မည်ဖြစ်သည်။

ဇီဝကသည် သူ့တွင်ပါလာသော ရိက္ခာအချို့ကို ဖွင့်ကာ စားသောက်ရန် ပြင်ဆင်နေလေ၏။ ဤအခိုက် သူ့ရှေ့သို့ တုတ်ခိုင်သန်မာလှသော အကြောပြိုင်းပြိုင်းနှင့် ခြေအစုံသည် ဘွားခနဲ ရောက်လာလေတော့သည်။

"ဟယ်…ကာက"

"ဟုတ်တာပေါ့ ဆရာ ဇီဝကရယ်၊ ကျုပ် မင်းကြီးရဲ့ ငယ်ကျွန်ရင်း ကာကပါ၊ အခု အမှီလိုက်လာရတာကလည်း မင်းကြီးရဲ့ အမိန့်နဲ့ ဆရာ ဇီဝကကို ရအောင် ခေါ်ခဲ့ပါဆိုလို့ အပြေးလိုက်လာခဲ့ရကာပါ"

ကာကသည် မှတ်ကပြောရုံသာ အားမရသေး။ လက်ကလည်း ဇီဝကကို အတင်းဆွဲနေတော့သည်။ ခက်ကာပြီ။ သည်ပွဲကား လက်ရုံးရည်ဖြင့် ယှဉ်ပြိုင်ရစတမ်းဆိုလျှင်ဖြင့် သူ့ဘက်က လုံးဝဥဿုံ ရှုံးနိမ့်လိမ့်မည်ဖြစ်ကြောင်း ဇီဝကသဘောပေါက်ပါသည်။ သူ့အဖို့ ဉာဏ်ပညာတည်းဟူသော အားကိုးရာမှလွဲ၍ ဘာမျှမမြင်။ သည်တော့လည်း တစ်ဖက်သားကို ဆန့်ကျင်မှု မဆောင်ဘဲ နူးညံ့သိမ်မွေ့စွာ ဆက်ဆံလျက် အလိုက်သင့် အချိန်ဆွဲကာ လွတ်မြောက်မှုလမ်းကို စဉ်းစားနေမိလေတော့၏။

"ကဲ သွားမယ်၊ တစ်ခါတည်း လိုက်ခဲ့ပါ ဆရာ ဇီဝကရယ်"

"အိုး…"

ကာကကား လက်ကို အတင်းချည်းဆွဲနေပြန်ပြီကော။

"လိုက်ပါ့မယ် ကာကရယ်၊ လိုက်ပါ့မယ်၊ မင်းလိုခွန်အားဗလပြည့် စုံ တောင့် တင်း သန်မာသူ

www.burmeseclassic.com

တစ်ယောက်ကို ငါ့အနေနဲ့ ဘယ်လိုမျှား အတိုက်အခံ လုပ်ဝံ့မှာတုံး၊ ဒါပေမဲ့ ကာကရယ်၊ ငါ့မှာ မနက်ကတည်းက ခုချိန်ထိ စိတ်တွေလှုပ်ရှားလွန်းလို့ ဘာအစားအစာမျှ မစားရသေးဘူး၊ ဆာလိုက်တာလည်း အရမ်းပါပဲ၊ ဒီတော့ မနက်စာ ထမင်းလေးတော့ စားခွင့်ပြုပါကွာ၊ နော်''

သည်တော့လည်း ကာကခမျာ မဆိုးရှာ။

''ဒါဖြင့်လည်း စားပါ၊ သိပ်လည်း အကြာကြီး ဆွဲမစားနဲ့ဦး၊ ကျုပ်အပြန် နောက်ကျရင် မင်းကြီး စိတ်ပူနေလိမ့်မယ်''

''စိတ်ချပါကွာ၊ လေးငါးဆယ်လုတ်လောက် ဝမ်းထဲဝင်သွားရင် နေသာထိုင်သာ ရှိသွားပါပြီ၊ ဒါ့ထက် ဟင်းက ကောင်းတယ်ကွ၊ ထမင်းကလည်း သလေးစပါးနဲ့ ချက်ထားတာ၊ မွှေးကြိုင်အိစိမ့်နေတာပဲ၊ မင်းစားမလား၊ စားချင်ရင် တစ်ဝက်ခွဲပေးမယ်''

ရိက္ခာထုပ်ကို ဖြည်လိုက်တော့ ဆိုခဲ့သည့်အတိုင်းပင် ဟင်းနံ့ ထမင်းနံ့တို့က ပျံ့ပျံ့ကလေးသင်းနေ၍ ကုလားပဲခြမ်းအစိမ်းကိုသာ ရေစိမ်လျက် နှိစ္စခွဝ လွေးနေရသော ကာကခမျာ စားချင်စိတ် ဝင်သွားဟန်တူသည်။ လည်ချောင်းမှ တံတွေးပြိုကျသွားတာကိုပင် အကဲခတ်မိပါသေးတော့။

''စားလေ…စားပါကွ၊ အားနာမနေပါနဲ့၊ ငါတစ်ယောက်တည်း မကုန်ပါဘူး၊ အများကြီးပိုပါတယ်''

ဖက်တစ်ခုထဲ တစ်ဝက်ခွဲ၍ ကာကရှေ့ကို ထိုးပေးလိုက်တော့ ကာကအဖို့ ဆတ်ခနဲဖြစ်ကာ ခုမှ အသက်ပြန်ဝင်လာသလို ဖြစ်သွားသည်။

''မစားဘူးဗျာ၊ မစားဘူး၊ မင်းကြီးက မှာထားတယ်၊ ဆရာတို့ ဆေးဆရာတွေဆိုတာ ဉာဏ်နီဉာဏ်နက် အင်မတန်များတယ်တဲ့၊ မတော်လို့ ကျုပ်ကို ခွဲပေးတဲ့ ထမင်းဟင်းတွေထဲမှာ အဆိပ်တွေ ထည့်ပေးလိုက်ရင် ကျုပ် ဒုက္ခရောက်မှာ''

ကာကကား တကယ့်အရိုးခံ စိတ်ဓာတ်ရှိသည့် လူသားတစ်ဦးတည်း။ သည်လိုမျိုး ကာလ၏ စိတ်ဓာတ်ကို သိလိုက်ရ၍ ဇီဝကအဖို့ ကာကလက်မှ လွတ်မြောက်ရန် လမ်းစကို သိလိုက်ရတော့သည်။

''အေးကွာ၊ မင်းတို့အရှင်သခင်က ပညာရှိပေသားပဲ၊ ဟုတ်တာပေါ့၊ ကိုယ့်ကို အန္တရာယ်ပေးမယ့်သူကို တုံ့ပြန်အန္တရာယ် ပေးတတ်တယ်ဆိုတာကို သဘောပေါက်သားပဲ၊ ဟုတ်တယ်ကွ၊ စောစောက မင်းကို ခွဲပေးတဲ့ ထမင်းထဲမှာ အဆိပ်ပါတယ်၊ ခု မင်းက အရှင်သခင်ရဲ့ စကားကို လိမ္မာပါးနပ်စွာ နာခံတဲ့သူဆိုတော့ အဆိပ်အန္တရာယ်က လွတ်ပြီပေါ့ကွာ၊ ကဲ မင်းရှေ့တင်ပဲ အဲဒီထမင်းတွေကို မြေမြှုပ်လိုက်ပါပြီ၊ နို့မဟုတ်ရင် စားမိတဲ့သူ ဒုက္ခရောက်နိုင်တယ်''

''ဒါ…သိပ်မှန်တာပေါ့''

ရယ်စရာတော့ အကောင်းသား။ အဆိပ်မပါသည်ကို အဆိပ်ပါသည် အမှတ်ဖြင့် မြှုပ်သူကမြှုပ်ပြ၊ မှတ်ချက်ချသူကချနှင့်။

''ကဲ…စားလို့တော့ ပြီးပြီ၊ စားပြီးသမျှ အစာကြေညက်ရအောင် ရှိရှားသီးလေးစားပြီး ရေသောက်ပါရစေဦး၊ ပြီးတာနဲ့ မင်းခေါ်ရာကို လိုက်ခဲ့ပါတော့မယ် ကာကရယ်''

''ကောင်းပါပြီဗျာ''

ပြောပြောဆိုဆိုနှင့် ဇီဝကသည် လက်တစ်ဖက်အား လွယ်အိတ်ထဲ ထည့်လိုက်၏။ သည့်နောက် ရှိရှားသီး တစ်လုံးကို ကိုင်ကာ လက်သည်းဖြင့် ဆိတ်လိုက်သည်။

''အင်း…အနေတော် အသီးလေးပဲ၊ ဒါလေးဝါးပြီး ရေသောက်လိုက်ရလို့ကတော့ နတ်သုဒ္ဓါတောင် အရှုံးပေးရမယ်''

ပြောပြောဆိုဆို ရှိရှားသီး တစ်ခြမ်းကိုစားကာ ရေသောက်ချလိုက်လေတော့သည်။

''ဟား…ကောင်းလိုက်တာ ကာကရယ်၊ မင်းလည်း နန်းတော်ထဲကနေ မရပ်မနား ပြေးလွှားလာလိုက်ရတာ ရေဆာမှာပါပဲ၊ မဟုတ်ဘူးလား''

''ဆာတာပေါ့ ဆရာ ဇီဝကရယ်''

''ဒါဖြင့်ရင် ရော့ ဟောဒီရှိရှားသီးတစ်ခြမ်းကို ဝါးစားပြီး ရေသောက်လိုက်စမ်း၊ အားအင်တွေပြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

အကြောပေါင်းတစ်ထောင် နိုးကြားသွားမယ်"

"တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ကွ၊ ငါတောင် မင်းရှေ့မှာတင် စားပြီး သောက်ပြီးပြီ၊ ကောင်းလို့ပြောနေတာ ငါ့ဘိုးဘိုး ဗိမ္ဗိသာရမင်းကြီးဆို အဲဒီဆေးနည်းနဲ့ အကြောတွေ ရှင်သန်ပြီး သက်တော်ရှည်နေတာ သိရဲ့လား"

"ဒါဆိုလည်း စားမယ် သောက်မယ်ဗျာ"

ပြောပြောဆိုဆိုနှင့်ပင် ကာကသည် ဇီဝကဆီမှ ရှုးသီးတစ်ခြမ်းကို လှမ်းယူကာ ဝါးစားလိုက်သည်။ ပြီးနောက် ဘူးခြောက်အတွင်းမှ ရေကို မော့သောက်လိုက်၏။

"ကဲ...ဘယ့်နှယ်နေလဲ ကာက"

"ကောင်းတယ် ဆရာဇီဝက၊ သိပ်ကောင်းတယ်၊ လျှာကြောတစ်ခုလုံးစိမ့်ပြီး ရင်ထဲကို အေးဆင်းသွားတာပါပဲ ဆရာ"

"ကဲ ကဲ မင်းလည်း မင်းအရှင်သခင်ရဲ့ စကားနဲ့အညီ ဆောင်ရွက်စရာလေးတွေ ရှိသေးတယ် မဟုတ်လား၊ ငါလည်း ပြောထားတဲ့ စကားနဲ့အညီ မင်းနောက်ကို လိုက်ရသေးတာပေါ့"

ပြောလို့မှ စကားက လက်စသတ်ရုံတင်ရှိသေး။ ကာကတစ်ယောက် သူ့ဗိုက်ကို သူနှိပ်ကာ ခပ်လှမ်းလှမ်းရှိ ခြုံစပ်သို့ ပြေးသွားနှုလေပြီ။ တစ်အောင့်ကြာတော့ ပြန်ရောက်လာသည်။ ရောက်လာပြီး ချက်ချင်းပင် တောစပ်ပြန်ပြေးရရှာပြန်ပြီ။ သည်လိုနှင့် အခါခါအခေါက်ခေါက်၊ အခေါက်ခေါက်အခါခါ။ သည်တော့လည်း ကာကခမျာ မျက်တွင်းဟောက်ပက်နှင့် ဟောဟဲလိုက်ရင်း...

"ဇဝရာ ကျုပ် ကျုပ်ကို ဘယ်လိုလုပ်ပိုက်တာလဲဟင်၊ ကျုပ် ဝမ်းတွေလျှောနေပြီ၊ လူလည်း မလှုပ်ချင် မသယ်ချင်လောက်အောင် မျော့နေပြီ"

တကယ်တော့ လက်သည်းဖြင့် အဆိပ်ခံလိုက်ရသော ရှုးသီး တစ်ခြမ်းမှာ ဆေးတွေ စိမ့်ဝင်နေပြီးသား။ သည်တော့လည်း ကာကခမျာ ဆေး၏ အာနိသင်ကို လှပစွာ ခံစားနေရသည်က အဆန်းမဟုတ်ပြီ။

နဂိုကတည်းက လွတ်မြောက်ရာ လမ်းကြောင်းအတွက် ဉာဏ်မကူ၍ မဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည် မဟုတ်လား။

"ဟုတ်တယ် ကာကရေ၊ ဟုတ်တယ်၊ မင်းစားလိုက်မိတဲ့ ရှုးခြမ်းထဲမှာ ဝမ်းလွှန်စေတဲ့ ဆေးတွေ ထည့်လိုက်တာကွ၊ ဖြေဆေးမရှိရင် ဝမ်းလွှန်တာနဲ့ အကြောတွေဆိုင်း ကြွက်တွေတက်ပြီး သေမှာပဲ"

"ဗျာ...အဲသလိုတော့ မရက်စက်လိုက်ပါနဲ့ ဆရာရယ်၊ ကျုပ်က သခင်ကခိုင်းလို့ ဆရာ့နောက် လိုက်ခဲ့ရတာပါ၊ ဆရာ့ရဲ့ ရန်သူလည်း မဟုတ်ရပါဘူးဗျာ၊ ဆရာ့ကို ခေါ်မသွားဘဲ ဟိုရောက်တော့ လမ်းကြောင်းလွဲသွားတယ်၊ ဒါမှမဟုတ် တခြားအကြောင်း တစ်ခုခုပြောရင် ဖြစ်ပါတယ်၊ ခုတော့ ကျုပ် ဒီအတိုင်းဆို သေရတော့မယ် ပြောရင်းဆိုရင်း ဗိုက်ထဲက ရစ်လာပြန်ပြီ။ ကယ်...ကယ်တော်မူပါ ဆရာရယ်၊ ကျုပ် ဆရာ့ကျေးဇူးကို မမေ့ပါဘူး"

သည်တော့လည်း ဇီဝကခမျာ ကာကကိုကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်မိရပြန်သည်။ သြော်...လူသားဟူသည် သေဘေးနှင့် ရင်ဆိုင်ရပြီဆိုလျှင် အကြောက်တရား၏ ဦးဆောင်မှုအောက်၌ ပြားပြားဝပ်သွားခဲ့ရလေသလား။

"မပူပါနဲ့ ကာကရယ်၊ ငါက သဘောလောက် လုပ်လိုက်တာပါ၊ ငါတို့ သမားတော်တွေဟာ လူသတ်သမားတွေ မဟုတ်ပါဘူး၊ လူ့အသက်တစ်ချောင်းကို ရနိုင်သလောက် အဖိတ်အစင် မရှိအောင် ကယ်မပေးနေတဲ့ ပုဂ္ဂိုလ်တွေပါ၊ မင်းလည်း မင်းအရှင်သခင်နဲ့ နေလာခဲ့တဲ့ ကာလသက်တမ်းဟာ နည်းနည်းနောနော မဟုတ်တော့ မင်းသခင်အကြောင်းကို သိမှာပေါ့"

"သိတာပေါ့ ဆရာရယ်၊ မင်းကြီးဟာ သူ မကျေနပ်တာ လုပ်မိတဲ့ သူ့အပေါ် သိပ်ဒေါသကြီးတယ်"

"အေး...ခုဖြစ်တာလည်း ဒီလိုပဲလေ၊ သူက ထောပတ်ဆို မုန်းတယ်၊ ငါက ထောပတ်ကို သုံးတယ်၊ ဘာကြောင့် သုံးရသလဲဆိုတော့ သူ့ဝေဒနာ

www.burmeseclassic.com

က ထောပတ်မသုံးရင် လုံးဝကို မရလို့ပဲ ကာက၊ ဒီတော့ သုံးရတာပေါ့ကွယ်၊ ဒါကို သူသိသွားတော့ သူကျေမနပ် လုပ်မိတဲ့ ငါ့အပေါ် ဒေါသတွေ ထွက်နေမယ်''

''ဟုတ်တယ်၊ ဆရာ့ကို ဒေါသထွက်နေတယ်၊ ဆရာသာ ကျုပ်နဲ့ ပြန်လိုက်လာခဲ့ရင် ဟိုရောက်တဲ့အခါ ဆရာတော့ လွယ်လိမ့်မယ် မထင်ဘူး၊ ဆရာ့ကို ရိုက်ပုတ်ညှဉ်းဆဲမှာ ကျိန်းသေပဲ ဆရာ''

''အဲဒီလို သိနေမှတော့ ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုးဖြစ်အောင် ငါ ပြန်ပြီးလိုက်သင့်သလား ကာက၊ ကဲ မင်း စဉ်းစားစမ်း''

ကာက တွေခနဲ ဖြစ်သွားသည်။

''မင်းသဘောပေါက်ပါတယ် ကာကရယ်၊ ဟိုရောက်ရင် ရာဇဂြိုဟ်က အဖွဲ့နဲ့တွေ့လို့ ဆင်မကြီးထားပြီး လစ်သွားပြီလို့သာ တင်လျှောက်လိုက်ပေတော့၊ ကဲ ဒီမှာ မင်းအတွက် ဖြေဆေး၊ ခုလောလောဆယ် သောက်ဖို့က ဒီမှာ ဟောဒီအထုပ် နှစ်ထုပ်က လမ်းတစ်ဝက်မှာနဲ့ နန်းတော်အရောက်မှာ သောက်ဖို့ရယ်၊ အခု တစ်ထုပ် သောက်တာနဲ့တင် ဝမ်းချက်ချင်းရပ်ပြီး သက်သာသွားလိမ့်မယ်''

''ကျေးဇူးပါပဲ ဆရာ ဇီဝကရယ်''

''ကဲ...ငါလည်း နေလုံးရှိတုန်း ခရီးဆက်ရဦးမယ် ကာကရေ၊ မင်း ဘဒ္ဒဝတီဆင်မကြီးကို ကောင်းကောင်းမွန်မွန် ဆောင်ကြဉ်းပြီး ပြန်ပါတော့ကွယ်''

သည်တစ်ခါတော့ ကာကသည် ဘာမျှစောဒက မတက်။ ဇီဝက ပြောဆိုသမျှ စကားတို့အား ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသည့်အလား ခေါင်းညိတ်နာခံရင်း ဆင်မကြီးကို ဆောင်ယူကာ လာလမ်းအတိုင်း ပြန်လှည့်သွားလေတော့၏။

သည်တော့မှ ဇီဝကလည်း စိတ်လက်ကြည်သာစွာနှင့် မိခင်ဌာန ရာဇဂြိုဟ်သို့ တစ်လှမ်းချင်း လှမ်းလာခဲ့လေသည်တကား။

❐

### ဌာနေအဝင်

ဘဒ္ဒဝတီဆင်မကိုယူ၍ ကာကတစ်ယောက် စမ္မာနဂိုရ်သို့ ပြန်သွားခဲ့ပေပြီ။ ဟိုရောက်လျှင်ဖြင့် အလွန်ကြမ်းကြုတ် ရက်စက်တတ်သော စန္ဒပဇ္ဇောတသည် ကာကအား ဇီဝကကို တစ်ပါတည်း ခေါ်လာနိုင်စွမ်း မရှိရသလောဟု အမျက်မာန်စွယ်တင်းကာ အပြစ်တော်များ မှတ်လေမည်လား မသိ။

တစ်ခုတော့ရှိသည်။

ကာက သူ့သခင်ရှိရာ ဌာနသို့ ပြန်လည်ရောက်ရှိချိန်ဝယ် စန္ဒပဇ္ဇောတ၏ နှိပ်စက်ခံစားနေခဲ့သော ရောဂါဝေဒနာတို့သည် ထောပတ်ချက်ဆေး အာနိသင်ဖြင့် ရှင်းရှင်းပျောက်သွားမည့်သမယဖြစ်သည်။ သို့ဆိုပါက ကာကအား အပြစ်တစ်စုံတစ်ရာ မပေးတန်ကောင်း။ ရာဇဂြိုဟ်ကိုရောက်တော့ နေမင်းနီပင် ရွှေနှင်းဆီ ဖြစ်ခဲ့လေပြီကော။

အနောက်ဂေါယာကျွန်းသို့ မေးတင်ခါနီး၌ ဖြာကျယှက်သမ်းနေသော ပတ္တမြားရည် အလင်းမျှင်တို့က ရှိုးရှိုးရဲရဲ။ ကောင်းကင်၌ ငှက်တို့သည် အိပ်တန်းရှိရာသို့ အုပ်စုဖွဲ့ကာ ပျံသန်းနေကြချေပြီ။ နေပြည်တော်နှင့် ခပ်လှမ်းလှမ်းရှိ ကျေးလက်တောရွာများမှ နွားငေါက်သံ၊ ကျွဲခလောက်သံ အချို့ကိုလည်း ဝေ့ဝိုက်လာသော လေပြည်ကြောင့် တစ်ချက် တစ်ချက် ခပ်သဲ့သဲ့ ကြားနေရသည်။

သူ လျှောက်လှမ်းလာခဲ့ရာ ခင်တန်းကုန်းမြောင်တစ်လျှောက်မှာတော့ တောအုပ်စိမ်းစိမ်းမြမြတို့သည် ရိပ်ရိပ်ဆိုင်းဆိုင်း။ တစ်ချက်တစ်ချက် ရွှေလင်းပြာငှက်တို့၏ တွန်မြည်သံက လွမ်းတတ်လျှင် လွမ်းစရာပင် ကောင်းလှပါဘိသေးတော့။ ကိုယ့်ရပ်ဌာနီ ပြန်လည်ရောက်ရှိပြီဆိုတော့ နွမ်းခဲ့ညစ်ခဲ့သမျှ စိတ်အာရုံတစ်ခုလုံးသည် ပိန်းကြာဖက်တွင် အခိုက်အတန့် တင်လာသော ရေကဲ့သို့ ပြေလျော့လွင့်စင် ကွယ်ပျောက်သွားရတော့သည်။

ရွှေလ ဆက်ရန်

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# အုံဖွယ်ထူးဆန်း
# ဆေးစွမ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

**မီးယပ်ထ၊ ဖောရောင်ဝေဒနာ ပျောက်ဆေး**

ဆနဝပင်၊ မိသလင်နှင့် တူယှဉ်မှန်ညင်း၊ လင်းလေသွင်း၍ နွားမြေရင်းတူ၊ ဆိတ်ဖူး၊ နတ်သစ်ရွက်၊ ညီမျှစွက်လော၊ ကြိတ်လျက်ဆေးမည်၊ ချိန်ခါစပြီး ပုံးရည်နှင့်သောက်၊ အရောင်ပျောက်လို၊ ခန္ဓာကိုယ်လူ၊ ဆေးမည်ထူးကြောင့်၊ ဖူးဖူးကာယ၊ ဣတ္ထိယ၏၊ မိန်းမမွေတာ၊ ဝေဒနာမီးယပ်၊ မထကပ်ဘဲ၊ ဆင်းမြတ်သညီ၊ နတ်ဒေဝီသို့၊ ရုပ်ရည်ရှိလိမ့်ကေန်တည်း။

ဆနဝ - ဆ မှာ ၆၊ န ဝ မှာ ၉၊ ဆနဝ ၉၆ ပါးသော ရောဂါကာကွယ်စေတတ်သောအပင်၊ ကာလကြာသော် ဆနဝမှာ ဆနဝင်းဟု ခေါ်ကြ၏။ ထို ဆနဝင်းမှ "ဝ"ကို "န"အောက်သို့ပို့ပြီး "ဆန္ဒင်း"ဟု ရေးကြ၏။

ယခုအခေါ် "နန္ဒင်းပင်"ဖြစ်သည်။

နတ်သစ်ရွက်ကား ရှမ်းပြည်နယ်တွင် စိုက်ပျိုးပြီး မြန်မာတစ်ပြည်လုံး နှစ်ခြိုက်စွာ မှီဝဲနေကြသော လက်ဖက်ရွက်ကို ဆိုလိုပါသည်။

အမျိုးသမီးများ မီးယပ်ထခြင်း၊ မီးတွင်းဖောရောင်ခြင်း ဖြစ်ခဲ့သော် အထက်ပါဆေးအစုံကိုကြိတ်၍ ဆန်ပုံးရည်ဖြင့် တစ်နေ့ နှစ်ကြိမ် သောက်ပါ။ ထိုအတူ ဆန်ပုံးရည်ဖြင့် ဖျော်ပြီး တစ်နေ့သုံးကြိမ် လိမ်းပေးခဲ့သော် ဝေဒနာကင်းစင်ကာ နတ်ကညာဒေဝီနှင့်သို့ တစ်သားမွေး ဆယ်သွေးလှစေပါသည်။

**သူငယ်ဦးခေါင်းနာပျောက်ဆေး**

"ဂေဟာပနီ ပြာကိုတည်၊ အုန်းဆီဖျော်လို့လူး၊ သူငယ်ဦးခေါင်းအနာဟောင်း၊ ပျောက်ကြောင်းဆေးမည်ထူး"

ဂေဟာ - အိမ်၊ ပနီ - ပဆုတ်ပနီ။ အညာဒေသတွင် ပထုံးပနီဟုခေါ်၏။ ချုံငယ်များတွင် ပျားကဲ့သို့ အိမ်ဖွဲ့နေ၏။ သားဥပေါက်သောအိမ် သိပ်မကြီးလှပါ။ အကောင်၏ ဖင်ပိုင်းသည် နီ၏။ ပျားထက်ကြီး၏။ တုပ်လျှင် လွန်စွာအဆိပ်ပြင်း၏။ ထိုပထုံးပနီအိမ်ကို ပြာချပြီး အုန်းဆီဖြင့် ကလေးငယ်တို့၏ ဦးခေါင်း၌ ပေါက်သော ဝဲ၊ ဒက်၊ အနာချပ်၊ အနာဟောင်းတို့ကို လိမ်းပေးသော် လွန်စွာကောင်း၏။

**ဒူလာလိပ်ခေါင်း သွေးဝမ်းနာပျောက်ဆေး**

"ခရုဖင်ချွန်၊ ဆံခြည်သွန်း၊ အကျွမ်းမီးမှာလော့၊ ဖွေးနုပြာတည်၊ သံပရာရည်၊ ဖျော်ပြီးလူးခဲ့သော်၊ သက်သာပျောက်နီး နောက်တစ်နည်း၊ ရာမီးအသင်းဖော်၊ မြင်းရိုးပြာချ၊ ထန်းလျက်မှ၊ တေကစားလိုက်နော်။ ဒူလာစူဋ၊ သွေးဝမ်းကျ၊ မချပျောက်စေတော်"

ရှင်းရန်လိုအောင် လွယ်သည်ဟု ထင်ပါသည်။ ဆံညှပ်ဆိုင်မှ သန့်စင်သော ဆံပင်အတိုအစကိုယူပြီး ခရုဖင်ချွန်း(ခရုဖင်လိန်)၏ ဝမ်းထဲသွတ်ပါ။ ငါးလက်မကျော် အင်္ဂရုတ်လုံးထဲတွင်ထည့်၍ အဖုံးကိုပိတ်ပြီး ထိုးပါ။ မီးသွေးနှစ်ပြည်ခန့်ကုန်လျှင် စံပယ်ဖြူပွင့်သကဲ့သို့ ပြာရမည်။ ၎င်းပြာကို သံပရာရည်နှင့်ဖျော်ပါ။ စူဋကို စိတ်ရှည်ရှည်ထားပြီး လူးပေးရပါမည်။ မြင်းရိုးကို အထက်ပါနည်းအတိုင်း ပြာချပါ။ ထန်းလျက်နှင့် တေစားပါလေ။ သက်သာပျောက်ကင်းပါလိမ့်မည်။

**လေငန်း လေဖြတ်ရောဂါ ကာကွယ်သည့်လိမ်းဆေး**

ရှောက်သီးနှစ်လုံးရင့်ရင့် ရေဆေး လက်တစ်ဆစ်



www.burmeseclassic.com

www.burmeseclassic.com

လောက် အတုံးလေးတွေတုံးပါ။ ထန်းလျက်ခွေးတပြင်းပြင်း တစ်ပုလင်းနဲ့ ကြွေအုပ်ထဲမှာ စိမ်ထားပါ။ ဖုံးထားပါ။ ခုနစ်ရက်တစ်ကြိမ် အဖုံးလုပ်ပြီး မွှေပေး။ လေးပတ်ရှိသောအခါ စစ်ယူပြီး ပုလင်းထဲမှာထည့်ထားသော အဲဒီအရည်ကို တောရောက်မြစ်နဲ့ ပျစ်ပျစ်သွေးပြီး လေငန်းလေဖြတ်ဖြစ်တဲ့ ခြေထောက်၊ ပေါင်၊ လက်၊ ပါး စသည့် ပွတ်နှိပ်ဆွဲပြီး လိမ်းပေးပါ။

ငါးသလောက်၊ ဝက်သား၊ ကြက်သား၊ တညင်းသီး၊ ငါးကျည်း၊ ဘူးသီး၊ ဆူးပုပ်၊ ပဲကြီးဟင်း ရှောင်ပါ။

### အံ့ဖွယ် ဆေးမြစ် - မြစ်ငါးပါးဆေး

### မြစ်ပွားဆေးနည်းများ

(၁) စွန်လက်သည်းမြစ်
(၂) ဖုံလုံမြစ်
(၃) ရွှေတံတိုင်းမြစ်
(၄) ကင်မလင်းမြစ်
(၅) ခုံညင်းဆန် (ခုံညင်းဆီထဲမှအဆန်)

ဆေးငါးမျိုး ဆတူရအောင် ပျစ်ပျစ်သွေး ဆန်ဆေးရည်နှင့် သင့်ရုံလူနာကိုတိုက် အနာပေါ်လိမ်း၊ မြစ်ပွားနာ ပျောက်သည်။

### သွေးတိုးရောဂါ

သဘော်ဖိုအပင်လတ် သုံးပင်အား ပဥ္စငါးပါး နုပ်နုပ်စဉ်း၊ နေလှန်း၊ ခြောက်သည့်အခါ မီးရှို့ပြာချ၊ ၎င်းပြာအား ရေအေးနှင့်ဖျော် တစ်ညသိပ်ပြီး ၂၄ နာရီပြည့်ချိန်တွင် အပေါ်ရေကြည်အား ဒယ်အိုးတွင်ထည့်၍ မီးနှင့်ကျိုပါ။ ရေခန်းသွားသောအခါ ဖြူဖြူအမှုန့်များ ကျန်ခဲ့မည်။ ထိုဖြူဖြူအမှုန့်များကို လေလုံပုလင်းတွင်ထည့်ထားပါ။ နံနက်အိပ်ရာထ စတီးဇွန်းတစ်ဇွန်း သံပရာသီးတစ်ခြမ်း အရည်နှင့် မွှေသောက်ပါ။

### မြစ်ပွားနာနှင့် ဝမ်းတွင်းအဖုအကျိတ် သက်သာပျောက်ကင်းသော တောပိစပ်ရွက်

တောပိစပ်ရွက် လက်တစ်ဆုပ်ကျို၍ တစ်နေ့ သုံးကြိမ်သောက်ပါ။ ပဥ္စငါးပါးကျိုသောက်ပါ။ အပွင့်ဖြူ အပွင့်ဝါ နှစ်မျိုးရှိသည်။ အပွင့်ဖြူက ပိုစွမ်းသည်။

### ဆီးကျောက်တည်၊ ဆီးနီ၊ ဆီးဝါ၊ ဆီးကျန်

ပေဒါပွင့် ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။

### အမြစ်နာ ညှစ်စရာမလို

အမြစ်နာကို ပါးစပ်သန့်ရှင်းအောင်လုပ်ပြီး လက်ဖက်အစိုဝါးပြီး အုံပေးပါ။

### လျှာတိုလေငန်း ဆေးစွမ်းထက်ထက်

မေးရိုးများကို ဆွဲ၍နှိပ်ပါ။ စပါးကြီးသည်းခြေနှင့် လိမ်း၍ လျှာကို ဆွဲပေးပါ။

ပါးစပ်ကိုဟခိုင်း၍ ကျပ်လုံးခန့်သနပ်ခါးတုံး (သို့) ဝါးလုံးတစ်ခုခုကို ပါးစပ်ထဲထည့်၍ ကိုက်ခိုင်းထားပါ။ ဘယ်ဘက်ပါးစောင်တွင်ထည့်၍ ကိုက်ခိုင်းထားပါ။

ဘယ်ဘက်နားအောက်မှစ၍ မေးရိုးကို မေးရှေ့ရောက်သည့်အထိ ဖိနှိပ်ဆွဲပေးပါ။ ညာဘက်စောင်းတွင် ထည့်၍ ကိုက်ခိုင်းထားပါက ညာဘက်နားအောက်မှစ၍ မေးရိုးကို မေးရှေ့ရောက်သည်အထိ ဖိနှိပ်ဆွဲပေးပါ။ ထိုသို့နှိပ်ရာတွင် စပါးကြီးသည်းခြေနှင့်ဖော်၍ ဆွဲပေးပါ။ လျှာကိုလည်း စပါးကြီးသည်းခြေနှင့် ဆွဲပေးပါ။

### ဆေးဖျော်နည်း

ဒေါင်းမြီးခွက်ပြာချ မှုန့်အောင်ကြိတ် စပါးကြီးသည်းခြေနှင့် ဖျော်ပါ။

### ဇီဝကလက်သုံး အရှက်ခြောက်မျိုးဆေး

### အရှက်ခြောက်မျိုးဆေးလင်္ကာ

သျှစ်၊ နံမက်၊ သက်၊ စကားမြက်၊ အရှက်ခြောက်ပါးဆေး၊ စားနှင့်ခုတ်စဉ်း ကညာတောက်သွင်း၊ မီးနှင့် တော်ရုံသင်း၊ အသံကြားလောက်နေမှခြောက်၊ သောက်တော့ တမျှင်းမျှင်း။

ကိုးဆယ့်ခြောက်ဖြာဝေဒနာ မကြာလူနှင့်ကင်း၊ လောကတစ်ခွင်ပြုပြင်၊ ဆေးတွင်ရာဇာမင်း၊ အားအင်မှာမူ ဆင်မှာတူ၊ မြင်သူလန့်၍ကင်း၊ မိန်းမပိန်ခြောက် ဆေးကြွင်းသောက်၊ ကျွဲလောက်ကိုယ်လုံးတင်၊ မပျင်းမရိ ဖော်သုံးကြွင်း ဒိဋ္ဌကိုယ်တိုင်သိ။



www.burmeseclassic.com

www.burmeseclassic.com

### လက်ာရှင်းလင်းချက်

(၁) သျှစ် = ဥသျှစ်ရွက်
(၂) နံ = ဦးနံ့ရွက်
(၃) မယ် = ပွေးကိုင်းမယ်ဇလီကြီး ဖြစ်ပါသည်။ (ဟင်း[illegible]က်သော မယ်ဇလီသေးမဟုတ်ပါ။)
(၄) သက် = သက်ရင်းကြီးအရွက်
(၅) စံကား = တရုတ်စံကားရွက် (ဖြူ၊ နီ၊ ဝါ အရွက်တစ်မျိုးမျိုး)
(၆) မြက် = နွားမြက်ရင်း (နွားမြေရင်း)

အားလုံး ဓားနှင့်ခုတ်စဉ်းပြီး နေပူမှာ အသံကြားရုံ လှန်းပါ။

ဝါးကျည်တောက်တွင်သွင်း၍ သိမ်းထားပါ။ သောက်ခါနီး မီးနှင့်လှော်ပြီး သောက်ပါ။

ရေနွေးထဲ လက်ဖက်ခြောက် စပ်သောက်သကဲ့သို့ စပ်သောက်ပါ။

အဆုတ်နာ၊ အသည်းနာ၊ အစာအိမ်နာ၊ အားအင်ကုန်ခမ်း အဖုအကွက်ထွက်ခြင်း၊ အနာများပေါက်ခြင်း၊ အရွယ်မရောက်မီ ဆံဖြူခြင်းတို့ ပျောက်ကင်းပါသည်။

### သွေးတိုးရောဂါသည်များအတွက် ဆေးတစ်လက်

ရှောက်ဘီလူး ၁၀ လုံး၊ သံပရာသီး အလုံး ၂၀၊ သကြား ၁၀ ကျပ်သား၊ သိန္ဓော ၂ ကျပ်သား။

ရှောက်ဘီလူးပါးပါးလှီး၊ သံပရာသီးပါးပါးလှီး၊ သကြား သိန္ဓောတို့နှင့်ရောပြီး လေလုံပုလင်းသန့်သန့်ထဲ ခုနစ်ရက်ကြာ ထည့်ထား ရေကျက်အေးအနည်းငယ်ထည့် အစာစားပြီးတိုင်း မနက်တစ်ဇွန်း၊ ညတစ်ဇွန်း သောက်ပါ။

### လေဖြတ်ထုံကျင် သရက်ခေါက်ဆေးဖက်ဝင်

သရက်ခေါက်ခွာ၍ ရေဆေး ကျောက်ပျဉ်ပေါ်တွင် ရှောက်ရည်ဖြင့်သွေး၍ တစ်နေ့သုံးကြိမ် သွေးလိမ်းပါ။

### သွေးတိုးသက်သာပျောက်ကင်းဆေးနည်း

ကွက်းရွက်တစ်ရွက် သကြားမန်ကျည်းစေ့ နှစ်စေ့ခန့် (၄ ပဲသားခန့်)ထည့်ပြီး ချက်ချင်းဝါးစားပါ။ အရည်မျိုချပါ။

### ခါးနာ၊ ဒူးနာအတွက် ဆေးမခက်ပါ

ပထမ ရေနွေးအိုးကို ပွက်ပွက်ဆူအောင်တည်ပါ။ ရေနွေးဆူလျှင် ၎င်းရေနွေးအိုးထဲသို့ ဘဲဥတစ်လုံးကို ထည့်ပြုတ်ရမည်။ ဘဲဥကို ရေနွေးအိုးထဲသို့ ထည့်ပြီးသည်နှင့် ချက်ချင်းပင် တစ်၊ နှစ်၊ သုံး၊ လေး ဟု စတင်ရေတွက်ပါ။ တစ်ရာအထိ ရေတွက်ရမည်။ တစ်ရာပြည့်သည်နှင့် ဘဲဥကို ရေနွေးအိုးထဲမှ ပြန်လည်ဆယ်ယူပါ။ ဘဲဥကို ပန်းကန်တစ်လုံးထဲသို့ ဖောက်ထည့်ပါ။ သကြားကို သင့်သလို (စားကောင်းရုံ)ထည့်ပြီး သမအောင်မွှေပါ။ ဘဲဥကို အားလုံးကုန်အောင်စားပါ။

ထိုနည်းအတိုင်း ပြုလုပ်၍ နေ့စဉ် ဘဲဥတစ်လုံးစီစားပါ။ မိမိအသက်၏တစ်ဝက် အလုံးရေထိစားပါ။

### အစွမ်းထက်သော အကြောလျှော့လိမ်းဆေး

ရှောက်ခါးသီး (သို့) ရှောက်ကတိုးသီး၊ သံပရာသီးကြီးကြီးခန့်ဖြစ်သည်။ အခွံမှာ အထွတ်ထွတ်နှင့် လိမ္မော်သီး (မြန်မာ)နှင့်တူသည်။ အနံ့မှာ ရှောက်နံ့စူး၏။ အရည်ရှိ၏။ အရသာမှာ ချဉ်ခါးဖြစ်ပါသည်။

၎င်းရှောက်ကိုးသီး သုံးလေးလုံးခန့်ကို နုပ်နုပ်စဉ်း၍ အရက်ဦးရေ (မီးတောက်အရက်) တစ်ပုလင်းနှင့် အဖုံးအပိတ်ကောင်းကောင်း ဖန်ဗူးနှင့်ထည့်၍ စိမ်ထားပါ။ နှစ်လခန့်ကြာလျှင် စ၍ လိမ်းနိုင်ပါပြီ။ ကြာလေ (အစိမ်ကျလေ) ကောင်းသည်။ ရှောက်ကတိုးသီး အသစ်၊ အရက်အသစ် ထပ်ထည့်၍ စိမ်ပါ။

### အရိုးကျိုး အကြောပြတ် စည်းဆေး

ဆေးနည်း - မရှော့ရွက် (ကချင်အဆိပ်ပြေဆေးရွက်)၊ ကြိတ်မှန်ရွက်၊ တရုတ်စကားရွက် (အညာဒေသအချို့တွင် တရုတ်နဂါးဟု ခေါ်ကြသည်။ ဆတူရော၍ ညက်စွာကြိတ်ပါ။ ပုဇွန်ဆီ (ပုဇွန်လုံး (ခေါ်) ကဏန်း) ဆတူရောကာ အရိုးကျိုး၊ အကြောပြတ်ဒဏ်ရာများတွင် စည်းပေးပါ။ (အကြော၊ အရိုး အနေအထား မှန်ကန်ပါစေ။)



www.burmeseclassic.com

www.burmeseclassic.com

### ဆေးဖက်ဝင် ဝံအူမြစ်

ဝံအူပင်ကို ရိုးဆက်ပင်၊ စားမယ်ပင်ဟူ၍ခေါ်သည်။ အရိုးကျိုးအရိုးအက်များကို ဝံအူမြစ်ကိုထုထောင်းကာ သတ္တုရည်ကိုလိမ်းခြင်း၊ ဆေးပတ်များဖြင့်အုပ်ကာ စည်းထားခြင်းဖြင့် အရိုးကျိုးပြန်ဆက်ကာ သက်သာပျောက်ကင်းပါသည်။

ဝံအူပင်မှာ ဥမရှိပါ။ ဥယောင်မြင်ယောင်သာရှိသည်။ ဥကြီးဟူ၍ သီးခြားမဥပါ။ ဥဆိုလျှင် ပေါက်နွယ်ဥသာ ဖြစ်သည်။ ဝံအူမှာ စိမ်းရွှေရွှေအနံ့ရပါသည်။ တို့မကြည့်ပါနှင့်။ အဆိပ်ဖြစ်သည်။

### လေးဖက်နာ (ဂေါက်)
### သက်သာပျောက်ကင်းတဲ့လိမ်းဆေး

(၁) ပင့်ကူအုပ်ဆောင်း (ခေါ်) ပင့်ကူဦးထုပ် (ခေါ်) ပင့်ကူထိပ်ပိတ်အရွက် လက်တစ်ဆုပ် သတ္တုရည်

(၂) သုံးထပ်ပဒိုင်း(ခေါ်) ပန်းသုံးဆင့်ပဒိုင်း(ခေါ်) ခတ္တာပဒိုင်း(ခေါ်) ဆေးပဒိုင်း(ခေါ်) ပဒိုင်းနက်အရွက်လက် တစ်ဆုပ် သတ္တုရည်

(၃) ဇာတိပ္ပိုလ်သီး (၁) လုံး အမှုန့်

(၄) ပရုတ်အမှုန့် (၁) ကျပ်သား

(၅) မုန်ညှင်းဆီ (၁၀) ကျပ်သား

ဆေး ငါးမျိုးကို ဒန်အိုးထဲထည့် မီးကျီခဲနဲ့ ဖြည်းဖြည်းကျို၍ နွေးနွေးလိမ်း ကိုရင်ကြီး(ခေါ်) ကိုရုံကြီးရွက် မီးကင်ကပ်စည်းထားပါ။

### အကြောသေ၊ အကြောကပ်၊
### လေဖြတ်ပျောက်ဆေးတစ်ရပ် ဆေးနည်း

ကျားရိုးကို ခပေါင်းခါးမြစ်နှင့် သွေး၍ သုတ်လိမ်းပေးပါ။ ဆားကို အဝတ်နှင့်ထုပ်၊ အပူပေးပြီး ဆားကြပ်ထုတ်ဖြင့် ရောဂါဖြစ်နေသော နေရာကို မကြာမကြာ ကြပ်ထိုးပေးပါ။

### ထိခိုက်မိ၍ အကြောထုံး၊ အကြောတင်း၊
### အကြောမျက်သော် အုံစည်းဆေး

ဆိပ်ဖူးတစ်ပင်လုံးနုတ်ပြီး ပဥ္စငါးပါး ညက်အောင် ထောင်းပါ။ ထောပတ်နှင့်နယ်ပြီး အကြောတင်းအကြောထုံးတဲ့အပေါ် အုံစည်းပေးပါ။

မိဿလင်ဥ ငါးကျပ်သား၊ ဆားတစ်ကျပ်သားနှင့် ရောထောင်းအုံစည်းပေးပါ။

### ဓာတ်ဆီ ဓာတ်ရှောက်အကြောတင်တာပျောက်

ဓာတ်ရှောက်သီးတစ်လုံးအား ဓားဖြင့် ခပ်ပါးပါး အကွင်းလိုက်ရှပ်၍လှီးပါ။ ပုလင်းတစ်ခုထဲထည့်ပါ။ (သတ္တုခွက် မသုံးရ)

လှီးထားသော ဓာတ်ရှောက်သီးပုလင်းထဲသို့ ဓာတ်ဆီမြုပ်ရုံထည့်ပါ။

တစ်နာရီခန့်ကြာလျှင် အကြောတင်ခြင်း၊ အကြောတောင့်ခြင်းများကို လိမ်းပေးပါ။ အဖုံးလုံအောင်အုပ်ထားပါ။

### ဂျင်း(ချင်း)စိမ်းတက်နှင့် အဆစ်အမြစ်ရောင်ရောဂါ
### သက်သာပျောက်ကင်းစေရာ

ချင်းစိမ်းသတ္တုရည် ၂၅ ကျပ်သား၊ နှမ်းဆီစစ်စစ် (၁၂) ကျပ်သား (၈) ပဲသားနှင့်ကျိုပါ။ အရည်ခန်း၍ ဆီသာကြွင်းကျန်သောအခါ အဆစ်အမြစ်ရောင်ရမ်းသော နေရာလိမ်းပေးပါ။

### လက်တစ်ဖက်ထုံကျင်ခြင်းအတွက်
### လိမ်းဆေးတစ်လက်

မိဿလင်ဥအစိုကို ထုထောင်း၍ သတ္တုအရည်ညှစ်ယူပါ။ ရေတက်ကောင်းမှုန့် သင့်တော်အောင်ရောစပ်ပြီး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် စိုစို့ရွှဲရွှဲ လက်ဖျံတစ်လျှောက် ဖိပွတ်ဆွဲလိမ်းပေးပါ။

### အကြောတင်းသူများအတွက် ဆေးတစ်လက်

ပေါက်ပန်းဖြူရွက်ကြော်စားပါ။

### ထုံနာ၊ ကျဉ်နာအတွက်ဆေးကောင်း

နနွင်းခါးအမှုန့်နှင့် လက်ပံခါးအမှုန့်ကို ဆေးချိန်ဆတူရော၍ သမအောင်ပြုပြီး ပျားရည်စစ်စစ်နှင့် လက်ဖြောက်ရ



www.burmeseclassic.com

www.burmeseclassic.com

အောင် ရောမွှေ၍ ဆီးစေ့အရွယ် အလုံးကလေးများလုံး၍ အခြောက်ခံထားပြီး နံနက်ငါးလုံး၊ ညငါးလုံး တစ်နေ့နှစ်ကြိမ် စွဲသောက်ပါ။

### အကြောဝေဒနာအတွက်ဆေး

ပဒိုင်းရွက် သတ္တုရည်နဲ့ နှမ်းဆီဆတူရောကျိုပါ။ အသားထဲ စိမ့်ဝင်အောင် လိမ်းပေးပါ။

### အရိုးကျိုးပေါင်းတက်ရောဂါ ခြေမျက်စိနှင့် ခြေချောင်းလေးများတွင် အတက်အဖုကလေး ထွက်ခြင်း

ရေအင်တုံ့တွင် ခံနိုင်ရည်ရှိမည့် ရေနွေးကို ခြေမျက်စိ မြုပ်အောင်ထည့်ပြီး ဆားအစိတ်သားခန့် ရောမွှေပါ။ ညစဉ် ပုံမှန်စိမ်ပေးပါ။

ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဖြစ်ပါက ဆားရည်စိမ်သော ကြပ်ထုပ်ဆိုးပေးပါ။

### ထုံနာကျဉ်နာနှင့် မြန်မာ့ရိုးရာအကြောလိမ်းဆေး

(၁) မြက်မုန်ညင်းဥအနက် (၁) ကျပ်သား
(၂) လေးညှင်းပွင့် (ထောင်းထည့်)
(၃) ဇာတိပ္ဖိုလ်သီးနှစ်လုံး (ထောင်းထည့်)
(၄) ပရုတ်ငါးမူးသား
(၅) တောထန်းလျက်ခွဲ (တစ်ပုလင်း) ခုနစ်ရက် စိမ်ထားပါ။ လိမ်းခါနီး ပုလင်းလှုပ်၍ လိမ်းပေးပါ။ စိမ့်ဝင်အောင် ပွတ်လိမ်းပေးပါ။

### ခြေထောက်နာအတွက် ဆေးမခက်

မန်ကျည်းရွက်အစိမ်းကို ဆားဖြင့်ထောင်း၍ နာကျင်သောနေရာတွင် အုံထားပြီး ပတ်တီးစည်းပေးပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အသစ်လဲလှယ်စည်းပေးပါ။

### လေဖြတ်ထုံကျဉ် သရက်ခေါက်ဆေးဖက်ဝင်

သရက်ပင်၏ ပင်စည်အခေါက်ကို ခွာကာ ရေဆေးပြီး ကျောက်ပျဉ်ပေါ်တွင် ရောက်ရည်(ရောက်သီးရည်)ဖြင့် သနပ်ခါးသွေးသကဲ့သို့ တစ်နေ့သုံးကြိမ် သွေးလိမ်းပါ။

### ခေါင်းမူးပြီး သွေးပေါင်တက်လာပါက

ကွမ်းရွက်တစ်ရွက်တွင် သကြားမန်ကျည်းစေ့နှစ်စေ့ ခန့် ၄ ပဲသားခန့်ထည့်ပြီး ချက်ချင်းဝါးစား၍ အရည်မျိုချပါ။

### လေးဖက်နာ ခြေဆစ်လက်ဆစ်များ ရောင်ရမ်းခြင်း

(၁) ဆိတ်နို့ ၂၅ ကျပ်သား
(၂) ပိတ်ချင်းသီး ၁ ကျပ်သား
(၃) လေးညှင်း ၁ ကျပ်သား
(၄) ငရုတ်ကောင်း ၁ ကျပ်သား
(၅) ကြွက်နားပေါင်းမြစ်အရွက်ကို အရည်ညှစ်ပြီး ခွက်တစ်ခုထဲထည့်ကာ မိနစ်အနည်းငယ်အတွင်း ခဲသည့်အပင် ၁ ကျပ်သား အမှုန့်ပြုပါ။ ထည့်ကာ မိနစ်အနည်းငယ်အတွင်း ခဲသည့်အပင် ၁ ကျပ်သား အမှုန့်ပြုပါ။

မီးအားအသင့်အတင့်ဖြင့်ချက်ပါ။ (အမွှေပေးပါ) ဆိတ်နို့များခဲသွားသည်အထိ မီးဖြင့်ချက်ပြီး နောက်အအေးခံပြီး ၂ ပဲသားခန့် အလုံးလုံးပါ။ တစ်ကြိမ် နှစ်လုံး (သို့မဟုတ်) လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် စားပါ။

### အရိုးအကြော အဆစ်နာစည်းဆေး

(၁) မြင်းခွာရွက်
(၂) မန်ကျည်းရွက်
(၃) ဆီးဖြူသီး
(၄) ချဉ်ပေါင်ရွက်
(၅) ကောက်ညှင်း (ပေါင်းပြီး)

ငါးမျိုး ဆတူသမအောင် ထုထောင်းပါ။ အဆစ်၊ အကြော နာကျင်ကိုက်ခဲတဲ့ နေရာမှာ ကျပ်စည်းပေး၊ ညဦးတွင် စည်းပြီး နံနက်တွင် ဖြုန့်ပစ်ပါ။ မပျောက်ရင် ရက်ဆက်လုပ်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*


မျိုးသန်းထွန်း(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ




www.burmeseclassic.com

www.burmeseclassic.com

# ဆားပုလင်းနှင်းမောင်နှင့် ကော်သဂိုဏ်း

## မင်းသိင်္ခ

ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းကိုနှင်း မောင်တို့သည် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့အား ရာဇဝတ်ဝန်ထောက်အဖြစ်နှင့် အင်းစိန် စီအိုင်ဒီသို့လည်းကောင်း၊ ကိုနှင်းမောင်အား မူလရာထူးဖြစ်သော လူဆိုးထိန်း ဆားပုလင်းအဖြစ်နှင့်ပင် လှည်းကူးဂတ်သို့လည်းကောင်း အသီးသီး ပြောင်းရွှေ့စေခဲ့သည်။

ကျွန်ုပ်သည် ပင်ကိုအားဖြင့် ခပ်ညံ့ညံ့ခပ်ထုံထုံ ဖြစ်သော်လည်း ကိုနှင်းမောင်နှင့်အတူတကွ နှစ်ပေါင်းများစွာ ပူးတွဲ၍ အလုပ်လုပ်ခဲ့ရသဖြင့် သံလိုက်ကျောက်ဖြင့် ကြိမ်ဖန်များစွာ ပွတ်တိုက်ခြင်းခံရသောသံသည် နောက်ဆုံး၌ အတော်အတန်အားရှိသော သံလိုက်အဖြစ်သို့ ပြောင်းလွဲသွားသကဲ့သို့ ကျွန်ုပ်သည်လည်း ကိုနှင်းမောင်၏ အရည်အသွေးကို မမီသည့်တိုင်အောင် အတော်အတန်ထက်မြက်သော ပုလိပ်အရာရှိတစ်ဦး ဖြစ်လာ၏။

သို့ရာ၌ ထိုအချိန်က အင်းစိန် စီအိုင်ဒီ၌ အုပ်ချုပ်လျက်ရှိသော မျက်နှာဖြူစုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ကျွန်ုပ်၏အရည်အချင်းကို လုံးဝလောက်နီးနီး အသိအမှတ်မပြုခဲ့ပေ။

မစ္စတာကရစ်ပင်သည် မြန်မာလူမျိုးအား အထင်သေးသောအရာ၌ ဘုရားရှင်သာရှိပါမူ တေဒင်ပင်ရလောက်သူဖြစ်၏။

"အသုံးမကျတဲ့ မြန်မာပုလိပ်တွေ"ဟူသော စကားမပါဘဲ စကားမပြောတတ်ပေ။ နေ့စဉ်နှင့်အမျှ သူ၏ ရုံးခန်းအတွင်းမှ ထိုအသံကိုသာလျှင် ကြားနေရတော့သည်။

ထို့ကြောင့် အခွင့်အခါကြုံသည်နှင့် မြန်မာပုလိပ်များ မည်မျှအစွမ်းထက်ကြောင်းကိုပြ၍ မစ္စတာကရစ်ပင်အား လက်စားချေမည်ဟု ကျွန်ုပ်စိတ်၌ တေးမှတ်၍သာနေခဲ့ရ၏။

တစ်နေ့သ၌ ကျွန်ုပ်တောင့်တခဲ့သော အခွင့်အလမ်းသည် မြန်မာပြည်၏ ပြစ်မှုသမိုင်း၌ ထူးဆန်းသော ပြစ်မှုများအနက် တစ်ခုအပါအဝင် ဖြစ်ပေရာ ထိုအကြောင်းအရာများအား အတတ်နိုင်ဆုံး ပြည့်စုံမှန်ကန်စေရန် ကြိုးစား၍ အကျဉ်းချုံးရေးသားဖော်ပြခြင်းဖြစ်၏။

အကယ်၍ အကျဉ်းမချုံးဘဲ ရေးသားပါမူ ဤ"ဆားပုလင်းနှင်းမောင်နှင့် ကော်သဂိုဏ်း"စာမူသည် အတော်အတန်ထူထဲသော စာအုပ်အဖြစ် ဖြစ်နိုင်ဖွယ်ရာရှိပေ၏။

× × ×

အင်းစိန် စီအိုင်ဒီမှ တိုက်ရိုက်တာဝန်ယူ၍ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ရန်အတွက် တရားခံမပေါ်သေးသော ပူပူနွေးနွေးလူသတ်မှုကြီး သုံးမှုသည် မစ္စတာကရစ်ပင်၏ ဦးခေါင်းအား ခြောက်ပေါင်တူနှင့် နက်လိုက်သည့်အလား ပြင်းထန်သော အမိန့်အမှာများနှင့်တကွ ရောက်ရှိလာတော့၏။

"ဒီအသုံးမကျတဲ့ မြန်မာပုလိပ်တွေနဲ့ ဒီအမှုတွေကို ငါက ပေါ်ပေါက်အောင် ဘယ်လိုလုပ်ရမတုံး၊ အို••ငရဲ" ဟူသော ညည်းညူသံများသည် အမှုကြီးသုံးမှု ရောက်လာကတည်းက မစ္စတာကရစ်ပင်ထံမှ မပြတ်ထွက်နေတော့၏။

စီအိုင်ဒီ တစ်ရုံးလုံးအားလည်း အကြောင်းမရှိ အကြောင်းရှာ၍ ပြစ်တင်မောင်းမဲခြင်းများ ပြုနေ၏။ ကျွန်ုပ်ကိုယ်တိုင်ပင် နှစ်ကြိမ်တိုင်တိုင် အကြောင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com

အဆူအကြိမ်း ခံခဲ့ရ၏။

သို့ရာတွင် နောက်ဆုံး၌ ထိုအမှုများ ပေါ်ပေါက်အောင် စုံစမ်းထောက်လှမ်းရန်အတွက် မည်သို့မည်ပုံ လုပ်ရမည်ကို ကျွန်ုပ်အား ခေါ်ယူ၍ တိုင်ပင်တော့၏။ ကျွန်ုပ်ကလည်း ဤအဖွဲ့များ ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်သော လူသားသည် လှည်းကူးဂတ်တွင်ရောက်နေသော ဆားပုလင်းနှင်းမောင်သာ လျှင်ဖြစ်ကြောင်း တင်ပြပြောဆိုခဲ့၏။

ဆားပုလင်းနှင်းမောင်နှင့် ပတ်သက်၍ ကျွန်ုပ်၏ ချီးမွမ်းပြောဆိုမှုများသည် သာမန်အားဖြင့်ကြည့်လျှင် ပိုလွန်းလှသည်။

စာသံပေသံနှင့်ဆိုရပါမူ အတိဝုတ္တဒေါသသင့်သည်ဟု ဆိုဖွယ်ရာရှိသော်လည်း ဆားပုလင်းနှင်းမောင်နှင့် ပူးတွဲ၍ အလုပ်လုပ်ဖူးသူတိုင်းသည် ကျွန်ုပ်ပြောသည်ထက်ပင် ပို၍ စွမ်းပါပေသည်ဟု ထောက်ခံကြပေလိမ့်မည် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ မစ္စတာကာရစ်ပင်ကမူ ကျွန်ုပ်စကားကို ယုံကြည်လက်ခံခြင်းမရှိခဲ့ပေ။

"မင်းတို့ ငါတို့ အရာရှိကြီးတွေတောင် မတတ်နိုင်တဲ့ကိစ္စကို ဆားပုလင်းလေးတစ်ယောက်က တတ်နိုင်မယ်ဆိုတာ မဖြစ်နိုင်ဘူး"ဟုပင် ခါးခါးသီးသီး ငြင်းဆိုခဲ့၏။

ထိုသို့ ငြင်းဆိုရုံမျှမက မစ္စတာကာရစ်ပင်သည် မာနကြီးသူတစ်ဦးဖြစ်သည့်အားလျော်စွာ ထိုအမှုများကို သူကိုယ်တိုင်လိုက်ခဲ့၏။ ကျွန်ုပ်ကိုမူ သူ၏ တောက်တိုမည်ရကိစ္စများ စေခိုင်းရန်အတွက် အသုံးပြုခဲ့၏။

ကျွန်ုပ်နှင့် မစ္စတာကာရစ်ပင်တို့သည် ဖွတ်ကားလေး တစ်စီးနှင့် ရန်ကုန်မြို့ရှိ ဂတ်များသို့ရောက်ခဲ့၏။ လူသတ်မှုဖြစ်ပွားခဲ့သော နေရာများသို့လည်း ရောက်ခဲ့ကြသည်။

ပထမဦးဆုံး ကျွန်ုပ်တို့နှစ်ဦး ရောက်ခဲ့သောနေရာမှာ အသတ်ခံရသော ဦးဖိုးငို၏အိမ်သို့ဖြစ်၏။ ဦးဖိုးငို၏အိမ်မှာ ကျောက်မြောင်းရပ်ကွက်တွင်ဖြစ်၏။ ဦးဖိုးငိုသည် မြန်မာပညာရှိ တစ်ဦးလည်း ဖြစ်သည့်ပြင် ဇာတ်ဆရာလည်းဖြစ်သောကြောင့် အတော်အတန် လူသိများသော ပုဂ္ဂိုလ်ဖြစ်၏။

ဦးဖိုးငို၏ မိသားစုများနှင့် တွေ့ဆုံကာ မစ္စတာကာရစ်ပင်သည် သိချင်သော အချက်အလက်များကို မေးမြန်းရာ အခင်းဖြစ်ပွားသောညက တစ်အိမ်သားလုံး ငါးထပ်ကြီးဘုရားသို့ အရုဏ်ဆွမ်းကပ်ရန်အတွက် သွားရောက်နေကြကြောင်း ဦးဖိုးငိုတစ်ယောက်သာလျှင် အိမ်၌ကျန်ရစ်နေသည်ဆို၏။

လူသတ်သမားသည် ဦးဖိုးငိုအား ဓားဖြင့်ထိုးသတ်ပြီးနောက် လက်ယာဘက်လက်ညှိုးအားလည်း ဖြတ်ယူသွားသည့်ပြင် နံရံ၌ "သော်က"ဟူသော အမည်ကို သွေးဖြင့် ရေးသွားလေ၏။ မစ္စတာကာရစ်ပင်က ကျန်ရစ်သူများအား ဦးဖိုးငို၏ မိတ်ဆွေ အပေါင်းအသင်းများထဲ၌ သော်ကဆိုသူရှိမရှိ မေးမြန်းရာ တစ်ယောက်မျှပင် မရှိကြောင်း ဖြေဆို၏။ ထို့ပြင် ဦးဖိုးငိုသည် ရန်ငြိုးရန်စရှိသူလည်း မဟုတ်သည့်ပြင် လူချစ်လူခင်ပေါ်များသူဖြစ်ကြောင်း စုံစမ်းသိရှိရပြန်၏။

လိုအပ်သော အချက်အလက်အသေးစိတ်ကိုမေးမြန်းပြီးနောက် ကျွန်ုပ်တို့သည် မည်သည့်သဲလွန်စမျှ မရရှိဘဲ ဦးဖိုးငိုအိမ်မှ ထွက်ခွာခဲ့ကြ၏။

ဒုတိယမြောက် ကျွန်ုပ်တို့ရရှိခဲ့သော အိမ်မှာ ဦးဖိုးငိုနှင့် သုံးရက်သာကွာ၍ အသတ်ခံရသော ရေကျော်ရပ်မှ မြန်မာဆေးဆရာကြီး ဦးထွန်းမှိန်၏အိမ်ဖြစ်၏။ ထိုဆရာကြီးမှာ ဇော်ဂျီဆေးတိုက်အမည်ဖြင့် မြန်မာဆေးများ ဖြန့်ဖြူးရောင်းချခြင်းဖြစ်ရာ စီးပွားရေး အတော်အတန် ကောင်းသည်ဟု ခန့်မှန်းရ၏။

ထိုဆရာကြီးသည် နံနက်ဝေလီဝေလင်း၌ ခြံထဲတွင် အမှိုက်လှည်းခြင်း၊ လမ်းလျှောက်ခြင်းများ ပြုတတ်ရာ အသတ်ခံရသောနေ့က မိုးရွာသောနေ့ဖြစ်သဖြင့် ခြံတွင်း၌ လမ်းလျှောက်ခြင်း မပြုနိုင်သော်လည်း တံစက်မြိတ်နှင့် ခြံတံခါးဝအထိ ဆက်ထားသော အမိုးပါသည့် စင်္ကြံလမ်းကလေး၌ ဆင်း၍ ထိုင်နေစဉ် အသတ်ခံရခြင်းဖြစ်၏။

လူသတ်သမားသည် ထိုဆရာကြီးအား ဓားဖြင့်ထိုးသတ်ပြီးနောက် လက်ယာလက်ညှိုးအား ဖြတ်ယူသွားသည့် အပြင်ခုံတန်းနောက်မှီ၌ "သော်က"ဟူသော အမည်ကိုပင် သွေးဖြင့် ရေးသွားခဲ့ခြင်းဖြစ်ရာ အမှုသွားအမှုလာ အရ ပထမ အသတ်ခံရသော ဦးဖိုးငို၏ အမှုနှင့် တစ်ထေရာတည်းဖြစ်ကြောင်း ထောက်ဆနိုင်ပေသည်။

မစ္စတာကာရစ်ပင်သည် ထိုဆရာကြီး၏ အိမ်သားများကို လိုအပ်သည်



www.burmeseclassic.com

www.burmeseclassic.com

များ မေးမြန်းရာ ဆရာကြီးနှင့် ရန်ငြိုးရန်စမရှိကြောင်း၊ ဆရာကြီးနှင့် ပေါင်းသင်းသူများ၌ သော်ကဆိုသူ တစ်ဦးမျှ မရှိကြောင်း ဖြေဆိုကြသဖြင့် "ဘာလယ် ဒီဖူး··သော်က၊ ဟိုမှာလည်း သော်က၊ ဒီမှာလည်း သော်က ဘာဖြစ်တာလဲ။ သော်ကဆိုတဲ့ကောင်တွေ အားလုံးဖမ်းပြီး ကြိုးပေးလိုက်ရင်ကောင်းမယ်"ဟု ညည်းညူမြည်တမ်းလေတော့၏။

ထို့နောက် · · ·ကျွန်ုပ်တို့သည် တတိယမြောက် အသတ်ခံရသော သမိုင်းရပ်ရှိ ဗေဒင်ဆရာကြီး ဆရာစန္ဒာ ရေအိမ်သို့ သွားရောက်ခဲ့၏။ ဦးစန္ဒရေ သည် ကျော်ကြား၍ အထက်လွှာ လူကုံထံပိုင်းမှ လေးစားခြင်းခံရသော ဗေဒင်ဆရာကြီးဖြစ်သည့်အားလျော်စွာ လူတိုင်းလောက်နီးနီး စိတ်ဝင်စားနေ၏။

ကျန်ရစ်သော အိမ်သားများအား မစ္စတာကရစ်ပင်က တွေ့ဆုံမေးမြန်းရာ တွင် အသတ်ခံရသောညနေက လူတစ်ယောက်ဗေဒင်လာမေးကြောင်း သိရ၏။

လူသတ်သမားသည် ဗေဒင်ကြည့်သူဟန်ဆောင်၍ ဆရာကြီးနှင့် အခန်းတွင်း၌ နှစ်ယောက်တည်းရှိစဉ် ဓားဖြင့် ထိုးသတ်သွားခြင်းဖြစ်၏။ ထို့ပြင် ဆရာစန္ဒာရေ၏ လက်ယာဘက်လက်ညှိုးအားလည်း ဖြတ်ယူသွားပြန်၏။ ဤအဖြစ် အပျက်သည် ပထမ အသတ်ခံရသည့်နည်းအတိုင်းဖြစ်၏။ သို့ရာ၌ နံရံတွင် သွေးဖြင့်ရေးသားသွားသောအမည်မှာမူ ယခင်ဖြစ်ပွားခဲ့သောအမှုနှင့် ကွဲပြားသွား၏။ သွေးဖြင့် အုတ်နံရံ၌ ရေးသွားသောအမည်မှာ "နှင်းပန်း"ဟူ၍ ဖြစ်၏။

မစ္စတာကရစ်ပင်က ဆရာစန္ဒာရေ၏ ဇနီးနှင့်သားကို ထိုနေ့ညနေက ဗေဒင်လာမေးသူကိုတွေ့လျှင် မှတ်မိမည်လားဟု မေးရာ နှစ်ယောက်စလုံးက မှတ်မိပါသည်ဟု ဆို၏။ ထို့ကြောင့် မစ္စတာကရစ်ပင်က လူသတ်သမား၏ ပုံပန်းသဏ္ဌာန်ကို ပြောပြပါဟုဆိုရာ လူသတ်သမားသည် ကျော၌ ဘုကြီးရှိသော ခါးကုန်းကြီးဖြစ်ကြောင်း ထွက်ဆိုဖြေကြားကြ၏။

"ဟိုနှစ်ယောက်ကို သတ်တာလည်း ဒီခါးကုန်းပဲဖြစ်မယ်၊ ဟိုမှာတုန်းက သတ်ပြီးတော့ 'သော်က'လို့ ဆိုင်းထိုးတယ်၊ ဒီမှာတော့ 'နှင်းပန်း'လို့ ဆိုင်းပြောင်းပြီးထိုးတယ်၊ ဒါ ဘာသဘောလဲ။ ဘာပဲဖြစ်ဖြစ် ဒီခါးကုန်းကို မြန်မြန်ဖမ်းပြီး ကြိုးစင်ပို့မှဖြစ်မယ်။ နို့မဟုတ်ရင် သူနောက်ထပ်သတ်ပြီး ဆိုင်းဗျောက်ထိုးနေဦးမယ် ဂေါ်"

မစ္စတာကရစ်ပင်သည် ဤသို့လျှင် ညည်းတွားပြီးနောက် ရန်ကုန်မြို့ရှိ ဂတ်တိုင်းသို့လည်း လူသတ်သမားဟု ထင်ရသော ခါးကုန်းများအား ဖမ်းဆီးထားရန် အမိန့်ပေးလိုက်ရာ ရန်ကုန်မြို့ရှိ ဂတ်တဲ ၁၃ ခု၏ အချုပ်ခန်းတိုင်း၌ ခါးကုန်းများ ရောက်ရှိစုံမြန်းကြရရာ တော့၏။

ဖမ်းထားသမျှသော ခါးကုန်းများအား ဦးစန္ဒာရေ၏ ဇနီးနှင့်သားကိုခေါ်၍ ပြပြီးနောက် ပြန်၍လွှတ်သင့်သည်ကို လွှတ်၍ အချို့ကိုမူ ဆက်လက်ချုပ်မြဲချုပ်ထား၏။

မြန်မာနိုင်ငံ ပြစ်မှုသမိုင်း၌ ခါးကုန်းတို့ ဘုန်းကြီး၍ ပုလိပ်ဘက်အား ဒုက္ခပေးခဲ့သော နှစ်ဟုပင် မှတ်တမ်းတင်ထားသင့်လှပေသည်။

မစ္စတာကရစ်ပင်သည် ကိုယ်တိုင် ကိုယ်ကျ လေ့လာခဲ့ပြီးနောက်, အမှုသွားအမှုလာကို အမျိုးမျိုးအဖုံဖုံသော နည်းတို့ဖြင့် ကြံဆကြည့်ပြန်၏ · · ·။ ဦးနှောက်ကိုထုတ်၍ ကြည့်ပြန်၏။

သို့သော် သဲလွန်စကိုလည်းကောင်း၊ တရားခံကိုလည်းကောင်း မဖော်ထုတ်နိုင်ခဲ့ပေ။

သူ၏ဦးနှောက်အား ဖွင့်ကြည့်၍များရပါမူ ညစ်ထုတ်ရဖန်များသဖြင့် ရှုံခြောက်နေသည်ကို တွေ့ရမည်ဟု ထင်မှတ်မိတော့၏။

မစ္စတာကရစ်ပင်သည် အမှုပေါ်ပေါက်အောင် မည်သို့မျှ မကြံနိုင်သည့် အဆုံး၌ ကျွန်ုပ်အကြံပေးသည့်အတိုင်းလည်း ကူးဂတ်တွင်ရောက်နေသော ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်အား ခေါ်ယူရန် သဘောတူရလေတော့၏။ စီအိုင်ဒီသို့ ဆားပုလင်းနှင်းမောင် ရောက်လာသည့်အခါ၌ မစ္စတာခရစ်ပင်က သူ၏ရုံးခန်းသို့ ခေါ်ယူတွေ့ဆုံကာ -

"နှင်းမောင် · · ·ထူးဆန်းတဲ့ လူသတ်မှုတွေပေါ်အောင် စုံစမ်းထောက်လှမ်းဖို့ မင်းကို တာဝန်ပေးတယ်။ အဲဒီတာဝန်ကို ကျေပွန်အောင် မင်းဆောင်ရွက်စေချင်တယ်"ဟု ပြော၏။

"စိတ်ချပါ။ အင်္ဂလိပ်လူမျိုး ပုလိပ်အရာရှိတစ်ဦး တာဝန်ကျေပွန်အောင် မဆောင်ရွက်နိုင်တဲ့ကိစ္စကို မြန်မာပုလိပ်တစ်ဦးက ဆောင်ရွက်ပြရမှာ ဖြစ်တဲ့အတွက် ကျွန်ုပ်အနေနဲ့ ပိုပြီးငြီး



www.burmeseclassic.com

www.burmeseclassic.com

စားပါ့မယ်"ဟု ကိုနှင်းမောင်သည် အင်္ဂလိပ်စကားနှင့်ပင် ပြန်၍ ချေပပြော ဆိုခဲ့၏။ ကိုနှင်းမောင်၏ အင်္ဂလိပ်စကား ပြောဟန်ကို လန်ဒန်နားပာခေါ်သော လန်ဒန်မြို့ကြီးသား မစ္စတာကရစ်ပင် သည်ပင် အံ့အားသင့်၍ ပါးစပ်ဟသွား တော့သည်။

စီအိုင်ဒီသို့ ကိုနှင်းမောင် ရောက် ရှိလာသည့်အတွက် ကျွန်ုပ်သည် အထူး ပျော်ရွှင်လျက်ရှိတော့၏။

ကျွန်ုပ် ကိုရင်ဝတ်မှ လူထွက်ရ သောနေ့ထက်လည်းကောင်း၊ ခင်ခင်ကြီး နှင့် မင်္ဂလာဆောင်သည့်နေ့ထက်လည်း ကောင်း ပျော်ရွှင်ခဲ့ပါသည်။ ကျွန်ုပ် ကိုယ်တိုင် ထောင်မကျဖူးသည့်အတွက် ထောင်မှထွက်ရသောနေ့ထက် ပျော် မည် မပျော်မည်ကိုမူ အတပ်မပြော နိုင်ပါ။

**ဗဟန်းကြားတောရ လူသတ်မှုကြီး**

စီအိုင်ဒီသို့ ဆားပုလင်းနှင်းမောင် ရောက်ပြီး နောက်တစ်ရက်မှာပင် ဗဟန်းကြားတောရတွင် လူသတ်မှု တစ်ခု ဖြစ်ပွားခဲ့၏။ အသတ်ခံရသူမှာ ဓမ္မကထိက အနုတ္တဆရာမြ ဆိုသူဖြစ် ၏။ လူသတ်သမားသည် ဆရာမြအား သတ်ပြီးနောက် လက်ယာဘက်လက် ညှိုးအားဖြတ်၍ ယူသွားသည့်ပြင် နံရံ၌ "ကေသ"ဟူသောစာကို သွေးဖြင့်ရေး သွားသဖြင့် စုံထောက်ဌာနမှ လိုက်နေ သော ယခင်အမှုသုံးမှုနှင့် ဆက်စပ်ပုံရ သောကြောင့် ဗဟန်းဂတ်မှ အင်းစိန်စီ အိုင်ဒီသို့ တယ်လီဖုန်းဖြင့် တိုက်ရိုက် အစီရင်ခံလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် ကိုနှင်းမောင်နှင့် ကျွန်ုပ်သည် အနုတ္တဆရာမြအိမ်သို့ သွားရောက်ကြည့်ရှုရတော့၏။ ဆရာမြ သည် နှစ်ထပ်တိုက်တစ်လုံး၌ တစ်ကိုယ် တည်း နေထိုင်သူဖြစ်၏။ အပေါ်ထပ် တစ်ထပ်လုံးကို ဓမ္မာရုံကဲ့သို့ ဘုရားစင် အကြီးကြီးနှင့် ရွှေထီးများ၊ ဆွမ်းအုပ် ကြီးများဖြင့် ပြင်ဆင်ထား၏။ အောက် ထပ်ကိုမူ လူနေအိမ်ကဲ့သို့ ခေတ်မီမီ ပြုပြင်မွမ်းမံထား၏။

ဆရာမြသေဆုံးကြောင်းကို နံနက် တိုင်း ထမင်းချိုင့်လာ၍ပို့သော ထမင်း ဆိုင်မှ သူငယ်ကလေးကြောင့် သိရခြင်း ဖြစ်၏။

ထိုသူငယ်ကလေးသည် နံနက် ၁၀ နာရီအထိုး၌ ခါတိုင်းကဲ့သို့ ထမင်း ချိုင့်လာပို့ရာ၌ တံခါးများကို အတွင်း ဘက်မှ ချက်ချ၍ ပိတ်ထားသဖြင့် သူငယ်ကလေးက အမျိုးမျိုးခေါ်ကြည့် ရာ မည်သို့မျှ မရတော့သည့်အဆုံးတွင် ထိုသူငယ်ကလေးကပင် မျက်နှာချင်း ဆိုင် ရွှေပန်းထိမ်တန်းမှ လူများကို အကြောင်းကြားတော့သည်။

ထိုအခါ ရွှေပန်းထိမ်တန်းမှ လူ များနှင့် အရပ်လူကြီးများ တိုင်ပင်ကာ တံခါးအား ချိုးဖျက်၍ ဝင်ရောက်ခဲ့ရာ အပေါ်ထပ်အခန်း၌ ဓားဒဏ်ရာဖြင့် သေဆုံးနေသော အနုတ္တဆရာမြ၏ အလောင်းကိုလည်းကောင်း၊ ဘုရားစင် အနီးရှိ လေဝင်ပေါက် သံတိုင်ကျိုးနေ သည်ကိုလည်းကောင်း တွေ့ရှိကြသဖြင့် ဂတ်သို့တိုင်ခဲ့ကြခြင်းဖြစ်၏။

အနုတ္တဆရာမြအိမ်သို့ ကျွန်ုပ် နှင့် ဆားပုလင်းနှင်းမောင်တို့ ရောက်ရှိ သွားချိန်မှာ နေ့လယ် ၁ နာရီဖြစ်၏။ ဆရာမြအလောင်းအား သေသေချာချာ ကြည့်ရှုရာ ဆရာမြသည် အသက် ၅၀ ထက် များစွာမကျော်သေးဘဲ ဖြူဖြူ တုတ်တုတ်နှင့် ဥပဓိရုပ် ခံ့ညားသူဖြစ် ကြောင်း သိရ၏။

အနီးရှိ ကိုင်းကျိုး၍ မှန်ကွဲနေ သော ရွှေရောင်မျက်မှန်တစ်လက်ကို တွေ့ရ၏။ မျက်မှန်မှ ကွဲကျနေသော မှန် များကို ကျွန်ုပ် ကောက်ယူကြည့်မိရာ မှန်ဒီဂရီမှာ အတော်များကြောင်း တွေ့ ရသဖြင့် ဆရာမြသည် မျက်မှန်မတပ်ဘဲ နေပါက မျက်မမြင်တစ်ဦးနှင့် မည်သို့မျှ ခြားနားခြင်းရှိမည်မဟုတ်ကြောင်းကို ကျွန်ုပ် ခန့်မှန်းမိပေသည်။

ကျွန်ုပ်တို့ရောက်ပြီးနောက် မိနစ် နှစ်ဆယ်လောက်အကြာ၌ မစ္စတာက ရစ်ပင်ပါ ထပ်မံရောက်ရှိလာပြန်သည်။

မစ္စတာကရစ်ပင်သည် ရောက် လာသည်နှင့်တစ်ပြိုင်နက် အခန်းအခြေ အနေအား လေ့လာခြင်းများကို မနား မနေပြုလုပ်တော့၏။ မစ္စတာကရစ်ပင် သည် လူသတ်သမား ဝင်ရောက်ခဲ့သော ခေါင်းရင်းဘက်ရှိ သံတိုင်ကျိုးနေသော လေဝင်ပေါက်မှ အောက်သို့ငုံ့ကြည့်ပြီး နောက် -

"လှေကားမပါဘဲ ဘယ်လိုမှ ဒီလေဝင်ပေါက်ကိုရောက်အောင် တက် နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ အပြင် ကနေ သံတိုင်ကိုပြတ်အောင် သံဖြတ် လွှနဲ့ တိုက်ရဦးမယ်။ ဒီတော့ လူသတ် သမားအသုံးပြုခဲ့တဲ့ လှေကားကို အရင် ရှာကြည့်ရဦးမယ်"ဟု ဆိုသဖြင့် ကျွန်ုပ် အပါအဝင် ပုလိပ် တစ်ဖွဲ့ လေးဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူ မစ္စတာကာရစ်ပင်ပါ လေ့ကားကို ဆင်း၍ ကြည့်ကြတော့၏။ သို့သော် လေ့ကားကိုလည်းကောင်း၊ လေ့ကား အဖြစ်အသုံးပြုနိုင်မည့် အရာတစ်စုံ တစ်ခုကိုလည်းကောင်း မတွေ့ရပေ။

ရှာ၍ မတွေ့တော့သည့်အဆုံး မစ္စတာကာရစ်ပင်နှင့် ကျွန်ုပ်တို့နှစ်ယောက်သည် အပေါ်ထပ်သို့ ပြန်၍ တက်ခဲ့ရာ ကြမ်းပြင်၌ လေးဖက် ထောက်၍သွားနေသော ကိုနှင်းမောင်ကို တွေ့ရ၏။

အချို့နေရာများ၌ မှန်ဘီလူးကို အသုံးပြု၍ လျှာထိုးကြမ်းပြင်ကို စူးစူး စိုက်စိုက်ကြည့်နေ၏။ ထိုအခြင်းအရာ အား စိတ်မရှည်နိုင်သော မစ္စတာကာရစ်ပင်က -

"ဒီမှာ နှင်းမောင်၊ လူသတ်သမားကို မိဖို့ထားဦး။ သူအသုံးပြုသွားတဲ့ လေ့ကားကို မင်းတွေ့အောင်ရှာနိုင်ရင် လူတစ်ယောက်လို့ ငါ အသိအမှတ်ပြုမယ်"

ထိုစကားကြောင့် ဖျတ်ခနဲမော့ကြည့်ကာ တစ်စုံတစ်ခု ပြန်ပြောမည် ပြုပြီးမှ အထက်လူကြီးဟူသော အသိကြောင့် သည်းခံလိုက်ဟန်ဖြင့် ဘာမှ ပြန်မပြောတော့ဘဲ ကိုနှင်းမောင်မှာ ဆက်၍ သူ့အလုပ်ကို လုပ်မြဲလုပ်နေ၏။ ကြမ်းပြင်ပေါ်မှ အခြင်းအရာများကို စစ်ဆေး၍ ကျေနပ်သွားသည့်အဆုံး သေဝင်ပေါက်နှင့် ကျိုးနေသောသံတိုင်ကို စစ်ဆေး၏။ ထိုမှတစ်ဖန် နံရံပေါ်တွင် သွေးဖြင့်ရေးခဲ့သော "ကေ၊သ"ဆိုသည့် စာကို ကြည့်ရှုပြန်၏။ ပြီးလျှင် စာအုပ် စင်ကို ရှာဖွေ၏။ ထို့နောက် တွေ၍ စဉ်းစားနေပြန်၏။ စဉ်းစားပြီး ခဏတွင် ပင် ဘုရားစင်ဆောင်နောက်သို့ လက် လျှို၍နှိုက်လိုက်ရာ ကြေးခေါင်းလောင်း လေးတစ်လုံး၊ စာတစ်စောင်နှင့်အတူ လက်ဝါးအရွယ်ခန့် မှတ်စုစာအုပ်လေး တစ်အုပ် ပါ၍လာ၏။

ထိုပစ္စည်းများကို ကျွန်ုပ်တို့ လေ့လာကြည့်ရာ ကြေးခေါင်းလောင်းလေး ၏ ဘေးပတ်ပတ်လည်၌ သုံးမြှောင့် လေးထောင့်၊ စက်ဝိုင်းလေးထောင့်၊ စကြာ စသည့်ပုံများ ပွတ်သိပ်စွာ ရေး ထားသည်ကို တွေ့ရ၏။

စာကို ဖတ်ကြည့်ရာ "နဂါးကို ဇာတာမဖတ်နဲ့"ဟူသော စာနှင့် အောက်တွင် သိန်ဟူသော လက်မှတ် ရေးထိုးထားသည်ကို တွေ့ရ၏။

မှတ်စုစာအုပ်ကို ဖွင့်ကြည့်ရာ ပဲတီပင်ပေါက်ကဲ့သို့ ကောက်ကောက် ချိတ်ချိတ်များ၊ စက်ဝိုင်းများ၊ သုံးထောင့် ချွန်များ စသည်တို့ ရေးခြစ်ထားသည် ကို တွေ့ရပြန်၏။

မစ္စတာကာရစ်ပင်၊ ကိုနှင်းမောင်နှင့် ကျွန်ုပ်သည် ထိုပစ္စည်းများကို စိတ်ဝင် စားစွာ တစ်ခုစီကြည့်ရှုလျက်ရှိ၏။

ထိုခဏ၌ ကိုနှင်းမောင်၏ မျက်နှာသည် တစ်စုံတစ်ခုသော အကြံသစ်၊ အတွေးသစ်ကို ရသွားသည့်အလား ဝင်းလက်ကြည်လင်သွားတော့၏။

ထို့ပြင် ထိုင်ရာမှ ဖျတ်ခနဲထကာ ဘုရားစင်ဘေးမှ သူရဿတီနတ်စင်သို့ လျှောက်သွားပြီးနောက် မှန်ပေါင်သွင်း၍ ချိတ်ဆွဲထားသော သူရဿတီပုံကို ဖြုတ်ယူခဲ့၏။

ထိုပုံ၌ ကျွန်ုပ်တို့ မြန်မာအိမ်တိုင်းလောက်နီးနီး ချိတ်ဆွဲလေ့ရှိသော သူရဿတီ နတ်သမီးပုံမျိုးဖြစ်၏။ လှပ သော နတ်သမီးတစ်ဦး ဟင်္သာငှက်ကို စီးနင်းထားပုံဖြစ်၏။

"ဒီမှာ ဦးအောင်သင်း၊ ဒီပုံကို ဘာပုံလို့ထင်သလဲ"

"သူရဿတီပုံလေ။ ကျုပ်အိမ်မှာ တောင်ရှိသေးတယ်"

"မဟုတ်ဘူးဗျ။ သူရဿတီပုံက လက်ထဲမှာ ပိဋကတ်သုံးပုံကိုင်ထား တယ်။ ဒီပုံက လက်ထဲမှာ ပန်းစည်း ကိုင်ထားတာ"


"ဒါဖြင့် ဒီပုံက ဘာလဲ"

"ဒါက (မနုစာရီနတ်သမီး)ဗျ။ လက်ထဲမှာ ကိုင်ထားတဲ့ပန်းက ဗုဒ္ဓ သရဏံပန်းတွေဗျ။ ဗုဒ္ဓ သရဏံပန်း ဆိုတာ မနုစာရီနတ်သမီးနဲ့ တိုက်ရိုက် ပတ်သက်တဲ့ပန်းဗျ။ တိတိကျကျဆိုရင် မြန်မာပြည်မြေပုံကို ကြည့်လိုက်ရင် မင်းဘူးဒိစတြိတ်အတွင်း လယ်ကိုင်း၊ ငဘဲ၊ စေတုတ္တရာဆိုတဲ့ နာမည်တွေကို တွေ့ရလိမ့်မယ်။ အဲဒီနာမည်တွေဟာ ဟိုးတစ်ချိန်တုန်းက အလွန်စည်ကားတဲ့ နေပြည်တော်ကြီးတွေ ဖြစ်ခဲ့တာဗျ။ ဦးဖိုးကျားတို့၊ ဆရာဦးအုံးမောင်တို့ ရာဇ ဝင်အရေးအသားမှာတော့ ပန်းတောင်း သက်သာတို့၊ သုနာပရန္တတိုင်းတို့ဆိုတဲ့ အခေါ်အဝေါ်တွေ သုံးနှုန်းခဲ့တဲ့ နေရာ တွေပေါ့ဗျာ။ အဲဒီတုန်းက အဲဒီဒေသက လူတွေဟာ ဂေါတမဘုရားရှင်ကို ဖူးတွေ့ ချင်တဲ့အတွက် တောပန်းတစ်မျိုးကိုခူး ပြီး "ဗုဒ္ဓ-သရဏံ-ဂစ္ဆာမိ" လို့ တိုင် တည်ခဲ့ကြရာကစပြီး ဒီပန်းကို အခု ထက်တိုင်အောင် (ဗုဒ္ဓသရဏံ)ပန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့ကြတာ။ မနုစာရီဆိုတဲ့ အမျိုးသမီးတစ်ဦးဟာ အဲဒီအချိန်မှာ လူအများ လေးစားကြည်ညိုခြင်းခံရတဲ့ အမျိုးသမီးခေါင်းဆောင်ပေါ့ဗျ"

ကိုနှင်းမောင်သည် စကားပြောရင်း အဆိုပါပုံအား သံချက်များချွတ်၍ မှန်ကိုဖြုတ်လိုက်ပြီးနောက် မှန်မှ စက္ကူကပ်ပြားကို ခွာလိုက်ရာ ၆ လက်မအရွယ် ဓာတ်ပုံတစ်ပုံ ထွက်၍ကျလာတော့၏။

ကျွန်ုပ်သည် ထိုဓာတ်ပုံကို သေသေချာချာကြည့်ရှု မှတ်သားတော့၏။ အသက် ၃၅ နှစ်အရွယ် လူငယ်တစ်ဦး မဟာခွေဟု အများခေါ်ဝေါ်သော ခြေဖဝါးနှစ်ဖက်လှန်၍ တင်ပျဉ်ခွေ့ချိတ်ထိုင်နေပုံ (ပဒုမာသနထိုင်နည်း)ဖြစ်ပြီး ဘယ်ဘက်လက်တွင် ဗုဒ္ဓသရဏံပန်း၊ သစ္စာပန်းနှင့် သပြေပန်းများ ကိုင်ထားပြီး ညာဘက်လက်ကမူ လက်ညှိုးတစ်ချောင်းထောင်၍ သစ္စာပြုနေဟန်ဖြစ်၏။

ဓာတ်ပုံရှင်၏ အသက်အရွယ်၊ အချိုးအစားကျနသော ကိုယ်လုံးကိုယ်ပေါက်၊ သားနားသန့်ပြန့်သော ရုပ်ရည်တို့မှာ မြင်ရသူအဖို့ များစွာစိတ်ဝင်စားဖွယ် ဦးညွတ်ဖွယ်ရာ ဖြစ်တော့၏။

ထိုသူ၏ ထူးခြားမှုတွင် အလွန်အရောင်လက်သော မျက်လုံးများလည်း အပါအဝင်ဖြစ်၏။

ကျွန်ုပ်၏စိတ်၌လည်းကောင်း၊ မျက်စိအာရုံ၌လည်းကောင်း ထိုသူ၏ပုံပန်းကို ယနေ့ထက်တိုင် မပျောက်ကွယ်သေးဘဲ စွဲထင်လျက်ရှိသည်ကို ထောက်လျှင် ထိုသူ၏ ဆွဲငင်ဓာတ် မည်မျှရှိကြောင်း တွက်ဆနိုင်ပါသည်။

(ထိုသူ၏ ရုပ်ရည်မှာ ယခုခေတ် ပေါ်ပေါက်ကျက် စားလျက်ရှိသော ဘိုင်စကုတ်မင်းသား ဝင်းဦးနှင့် ခပ်ဆင်ဆင်တူပါသည်။ သို့ရာတွင် ဝင်းဦးလောက် ကိုယ်လုံးကိုယ်ထည် မတုတ်ခိုင်ပါ။ ဝင်းဦးထက်လည်း နှာတံပေါ်ပါသည်။ စာဖတ် သူများ မှန်းဆကြည့်နိုင်ရန် ဖြည့်စွက်ခြင်းဖြစ်၏။)

ဓာတ်ပုံမှာ အပေါ်ပိုင်း ဗလာကျင်း၍ အောက်ပိုင်းတွင်မူ လုံချည်အညိုရောင်ကလေး ဝတ်ဆင်ထား၏။ ဗလာကျင်းထားသော ကိုယ်အထက်ပိုင်း၌ ပရိတ်ကြိုးဟုယူဆရသော ကြိုးကလေးတစ်ချောင်း စလွယ်သိုင်းထား၏။

ဓာတ်ပုံ၏နောက်ကျောသို့ ကြည့်လိုက်ရာ "ဂေါသ ဗျာရဏ ဗေဒပညာပေးစဉ်၊ သစ္စာပြုပုံ"ဟူသော စာကို ရေးထား၏။

"ဦးအောင်သင်း လူသတ်သမားဟာ ပေါဒီဓာတ်ပုံရှင်ပဲ"ဟု ဆားပုလင်းနှင်းမောင်က ကျွန်ုပ်အား လေးလေးနက်နက် ပြောလိုက်၏။

တစ်ဆက်တည်း၌လည်း -

"ကဲ‥အောက်ဆင်းကြရအောင်။ မစ္စတာကာရစ်ပင် ကိုလည်း သူလိုချင်တဲ့ လူသတ်သမားအသုံးပြုသွားတဲ့ လှေကားကိုရှာပြီး လက်ဆောင်အဖြစ် ပေးလိုက်ဦးမယ်"ဟု ပြောပြောဆိုဆိုပင်



www.burmeseclassic.com

www.burmeseclassic.com

ထ၍ခိုင်းသွားတော့၏။

ခဏမျှကြာလျှင် အတော်အတန် ရှည်သော ငါးမျှားတံ လုပ်လေ့ရှိသော ဝါးလုံးတစ်လုံးကို ယူခဲ့ပြီးနောက် လေဝင်ပေါက်သို့ မီမမီ ထောင်ကြည့်ရာ မီရန် အတော်ကလေး လိုသေးကြောင်း တွေ့ရ၏။ အကယ်၍ လေဝင်ပေါက်ကို မီသည့်တိုင်အောင်လည်း ထိုဝါးလုံးမှာ အလွန်သေးငယ်လွန်းလှ သည်ဖြစ်ရာ လူတစ်ယောက် အားပြု၍ တက်ရောက်နိုင်မည်မဟုတ်ပေ။

ကိုနှင်းမောင်သည် ထိုဝါးလုံးအား ကိုင်မြှောက်ကြည့်၏။ တစ်ဖန် အနီးအနားတွင်ရှိသော ဖာလီပုန်းတစ်လုံးအား ဝါးလုံးထိပ်၌ ချည်နှောင်၍ ရေအနည်းငယ်ထည့်ပြီး ကိုင်မြှောက်ကြည့်ပြန်၏။ လေဝင်ပေါက်ဆီသို့ ချိန်ရွယ်၍ လှဲ့ကြည့်ပြန်သည်။ ထိုသို့ အမျိုးမျိုး အဖုံဖုံ စမ်းသပ်ပြီးနောက် ထိုဝါးလုံးအား ကျွန်ုပ်လက်သို့ ပေး၏။

"ဦးအောင်သင်း လူသတ်သမား အသုံးပြုတဲ့လေ့ကားဟာ ဒါပဲဗျ"

ကျွန်ုပ်သည် ကိုနှင်းမောင်၏ စကားကို မည်သို့မျှ ငြင်းဆန်ခြင်းမပြုသော်လည်း မစ္စတာကရစ်ပင်ကမူ ထိုဝါးလုံးအား လူသတ်သမား အသုံးပြုသွားသော လေ့ကားအဖြစ် လုံးဝလက်ခံခြင်းမရှိပေ။

"နှင်းမောင်···မင်းဆိုလိုတာက လူသတ်သမားဟာ ဒီဝါးလုံးကိုထောက်ပြီး ခုန်တယ်လို့ ဆိုချင်တာလား။ ကမ္ဘာ့ချိန်ခိုတဲ့လူရဲ့ စံချိန်ကို သုံးပြန်လောက်ချိုးနိုင်မှ မင်းအတွေးဟာ မှန်မယ်။ နောက်ပြီး ဝါးလုံးထောက်ခုန်ဖို့ဆိုရင် ပြေးပြီး အရှိန်ယူရတယ်။ ဒီမှာ မြောင်းတစ်ခုခံနေတယ်။ ဘယ်လိုပြေးပြီး အရှိန်ယူမလဲ။ နောက်တစ်ခုက ခုန်လို့ရတယ်ထားဦး။ လေဝင်ပေါက်မှာ သံတိုင်တစ်ချောင်း ကန့်လန့်ခံထားတယ်။ သံတိုင်မရှိဘူးဘဲ ထားဦး။ ဒီအပေါက်ကလေးထဲ တန်းပြီးဝင်သွားအောင် ဘယ်လိုပိုးဂျမ့်သမားကမှ ခုန်နိုင်မှာမဟုတ်ဘူး။ ဒါတွေကို စဉ်းစားပြီးမှ ပြောရင်ကောင်းမယ်"

မစ္စတာကရစ်ပင်၏ စောဒကတက်မှုအား ကိုနှင်းမောင်သည် မည်သို့မျှ ပြန်လှန်ချေပခြင်းမပြုဘဲ -

"တရားခံကို မကြာခင် မိတော့မှာပဲ။ ဒီတော့မှ ဝါးလုံးကို ဘယ်လိုသုံးခဲ့တယ်ဆိုတာ မေးကြည့်ကြတာပေါ့လေ"

ထိုနေ့အဖို့ ကျွန်ုပ်တို့သုံးဦးသည် ခွဲခွာခဲ့ကြတော့၏။

× × ×

နောက်တစ်နေ့၌ ကျွန်ုပ်သည် ကိုနှင်းမောင်နှင့် ချိန်းဆိုထားသော ရွှေတိဂုံဘုရား၏ တနင်္ဂနွေထောင့်ရှိ ကြေးခေါင်းလောင်းကြီးရှိရာ အရှေ့ဆောင်ခံ တန်ဆောင်းသို့ နံနက် ၇ နာရီ လောက်တွင် ရောက်ရှိသွား၏။

ကိုနှင်းမောင်သည် ပိုလိုစီးကရက်ကို ခဲလျက် မှိန်းနေသည်ကို တွေ့ရ၏။ သူသည် မျက်စိအစုံအား မှိတ်လျက် ကြီးမားသော စဉ်းစိမ်ကို ခံစားနေရသည့်အလား ငြိမ်နေ၏။

"ဘယ့်နယ်လဲ···ဆရာကြီး ဇိမ်ကျလှချည်လား"

ကျွန်ုပ်က နှုတ်ဆက်လိုက်ရာ

"ဘယ်ကလာ ဇိမ်ကျရမှာလဲ။ တရားခံလိုက်ဖမ်းနေရတာ"

"ဘယ်မှာလဲ တရားခံ"

ကျွန်ုပ်သည် တောင်ကြည့်မြောက်ကြည့် ကြည့်မိသေး၏။

"မဟုတ်ပါဘူး။ စိတ်ကူးထဲမှာ ဖမ်းနေတာပါ။ ကျုပ်က တရားခံနေရာမှာနေပြီး ရှောင်ကြည့်တယ်။ စုံထောက်နေ ရာကနေ တစ်ခါလိုက်ကြည့်တယ်။ အဲဒီလို ရှောင်တစ်ခါ လိုက်တစ်လှည့် လုပ်နေလိုက်တာ မနက် ၆ နာရီလောက်ကတည်းကပဲ"

"ကဲ··ထားပါတော့ဗျာ။ ခင်ဗျား စိတ်ကူးထဲက တရားခံကိုကောမိပြီလား"

"စိတ်ကူးထဲက တရားခံကိုတော့ မမိသေးဘူး။ တကယ့်တရားခံကိုတော့ မိတော့မယ်ဗျ"

"စွမ်းပါပြီလားဗျာ။ စိတ်ကူးထဲက တရားခံက ကိုယ်ပဲမဟုတ်လား။ ဒီတော့ အစစအရာရာ ဉာဏ်ရည်တူနေတော့ ပိုပြီးခက်တာပေါ့။ တကယ့်တရားခံကတော့ ကျုပ်ရဲ့ ဉာဏ်ရည်ကိုမီဖို့ နည်းနည်းကလေးလိုလေတော့ အတော်အတန် ကြိုးစားလိုက်တယ်ဆိုရင်ပဲ မိတော့တာပေါ့ဗျာ"

ထိုအခိုက်မှာပင် အလွန်ဆင်းရဲနွမ်းပါးပုံရသော လူကြီးတစ်ဦးသည် ဂုန်နီစကိုချုပ်ထားသော လွယ်အိတ်တစ်လုံးကိုလွယ်လျက် တနင်္ဂနွေထောင့်မှနေ၍ ဘုရားကို အာရုံပြုနေ၏။ ပြီးလျှင် တိုးတိုးရွတ်ဆိုကာ အိတ်အတွင်းမှ ဖယောင်းတိုင်ထုပ်ကို ထုတ်၍ မီးညှိကာ ပူဇော်၏။ ပြီးလျှင် ညာရစ်လှည့်၍ ထွက်ခွာသွားတော့၏။

ထိုလူ ပျောက်ကွယ်သွားပြီး တစ်အောင့်မျှကြာလျှင် ကျွန်ုပ်၏နားခေါင်း၌



www.burmeseclassic.com

www.burmeseclassic.com

အလွန်ဆိုးဝါးသော အညော်နံ့တစ်မျိုး အထူးသဖြင့် ရော်ဘာမီးရှို့နံ့နှင့်တူသော အနံ့မျိုးကို ရှူရှိုက်မိသဖြင့်· · ·။

"ညော်လိုက်တာဗျာ"ဟု ကျွန်ုပ် ညည်းလိုက်ရာ ကိုနှင်းမောင်သည် သမံတလင်းအား လက်ဝါးနှင့်ပုတ်လျက်

"ဟုတ်လိုက်တာ ဦးအောင်သင်းရာ။ ကျုပ် နည်းနည်းကလေး ညံ့သွားတယ်။ တရားခံကို မိနိုင်သေးတယ်ဗျ။ လာ· · ·လာ"ဟုဆိုကာ ပြေးဆင်းသွားသဖြင့် ကျွန်ုပ်လည်း ဘုမသိ ဘမသိနှင့် သူ၏နောက်မှ ပြေးလိုက်သွားမိတော့၏။

ကိုနှင်းမောင်သည် စောစောကလူကြီး ထွန်းညှိပူဇော်သွားသော ဖယောင်းတိုင်ထုပ်အား မီးငြိမ်းသတ်လိုက်ပြီးနောက် -

"ဦးအောင်သင်း အဲဒီဖယောင်းတိုင်ထုပ်ကို ယူထားစမ်းပါ။ အဲဒါ သက်သေခံပစ္စည်းပဲ။ ကျုပ်တို့ ဆက်လိုက်မယ်။ မိနိုင်သေးတယ်"

ကျွန်ုပ်သည် ကိုနှင်းမောင် ဦးဆောင်ရာနောက်သို့ လိုက်လာခဲ့၏။ ကန်တော်မင်းပန်းခြံသို့ ရောက်သည့်တိုင်အောင် တစ်စုံတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

ထို့ကြောင့် ကိုနှင်းမောင်သည် ပရိုက်ဗိတ် တိုင်စီတစ်စီးအား ရပ်ခိုင်းပြီးနောက် ကုန်သည်လမ်းသို့ မောင်းခိုင်း၏။

ကျွန်ုပ် အထင်အားဖြင့် ထိုအချိန်က စတီးဘရားသားအနီးမှ ထွက်လေ့ရှိသော အဝေးပြေးကုန်တင်ကားများဂိတ်သို့ ဖြစ်မည်ထင်၏။

စတီးဘရားသား အဆောက်အအုံရှေ့တွင် ကားရပ်ခိုင်းပြီးနောက် ဆင်းကာ ဆူးလေဘုရားဘက်သို့ ပြန်လျှောက်၏။

"ဒီလိုရှိတယ် ဦးအောင်သင်း။ စောစောက တရားခံကို မျက်စိလျှံပြီး လွတ်လိုက်မိတာရယ်၊ ယောဒီကို လိုက်လာမိတာရယ်ဟာ ကျွန်တော့်အမှားပဲ။ လောကြီးတဲ့အတွက် မှားသွားတာဗျ"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

"မပူပါနဲ့ဗျာ။ မိမှာပေါ့။ ကဲဗျာ ဒါတွေ ခေါင်းထဲက ဖျောက်လိုက်စမ်းပါ။ ဘရာမင်ဆိုင်က တိုရှည်ကို မစားရတာ ကြာပြီဗျာ။ မဂိုလမ်းဘက်သွားပြီး စားကြရအောင်"

ကျွန်ုပ်တို့နှစ်ဦးသည် မဂိုလမ်းရှိ ဘရာမင်ဆိုင်၌ တိုရှည်နှင့် ကုလားကာဖီကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက် ကိုနှင်းမောင်သည် ပိုလိုစီးကရက်ကိုခဲလျက် တရားခံလွတ်သွားပုံအကြောင်းကို အားရပါးရ ပြောလေတော့၏။

တစ်နာရီနီးပါးခန့် ထိုဆိုင်၌ အချိန်ဖြုန်းကြပြီးနောက် ဗန္ဓုလပန်းခြံဘက်သို့ ပြန်၍လျှောက်လာခဲ့ရာ ပန်းခြံအနီး ပလက်ဖောင်းပေါ်၌ လူအနည်းငယ်မျှ စုရုံးစုရုံးဖြစ်နေသည့် နေရာသို့ သွားရောက်ကြည့်ရှုရာ လူတစ်ယောက်သည် ပလက်ဖောင်းပေါ်တွင်ထိုင်ကာ ဗေဒင်ဟောနေ၏။

ခရီးသွားများသည် တစ်ယောက်မှ တစ်ယောက်သို့ ဆင့်ကူးပျံ့နှံ့သွားရာ လူဆယ်ဦးထက်မနည်း ထိုနေရာ၌ စုနေ၏။

ဗေဒင်ဟောသူ၏အနီး၌ လွယ်အိတ်ကလေးတစ်လုံး ချထား၏။ ထိုလွယ်အိတ်တွင်းမှ ခပ်ညှိုးညှိုး ငှက်ပျောသီးတစ်ဖီးကိုလည်း တွေ့ရှိရပေ၏။ မြေပဲဆန်ကလေးများလည်း အပြင်သို့ထွက်ကျနေ၏။

ဗေဒင်ဟောသူသည် တစ်ယောက်လျှင် တစ်ပြားနှုန်းဖြင့် ဈေးခပ်ပေါပေါ ဟောနေ၏။ တချို့မေးသူများက အပျော်မေးမြန်းကြ၏။ အချို့က လေးလေးနက်နက်သဘောထား၍ မေးမြန်းကြ၏။ အပျော်မေးသည်ဖြစ်စေ၊ တကယ်မေးသည်ဖြစ်စေ ဗေဒင်ဆရာက လေးလေးစားစားပင် ဟောနေ၏။

မေးခွန်းတစ်ခုကိုမေးတိုင်း ဗေဒင်ဆရာသည် ခေါင်းလောင်းကလေးကို လှုပ်လိုက်ပြီးမှ တွက်ချက်ဖြေဆို၏။ တစ်ယောက်ပြီးသွားတိုင်းလည်း သူ၏ ခေါင်းလောင်းကလေးကို လှုပ်လိုက်၏။

ဗေဒင်မေးသော ပရိသတ်ထဲတွင် မိန်းကလေးဆို၍ တစ်ယောက်သာပါ၏။ ထိုမိန်းကလေးမေးသည့် အလှည့်၌ ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ထိုအနားသို့ ရောက်နေကြပြီ ဖြစ်၏။

"ကျွန်မ ဘယ်လူမျိုးနဲ့ အိမ်ထောင်ကျမလဲ"

မိန်းကလေးသည် ရခိုင်သံဝဲဝဲကလေးနှင့် မေး၏။

ဗေဒင်ဆရာက ခေါင်းလောင်းလေးလှုပ်လိုက်ပြီးနောက် -

"မိန်းကလေးနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မနာမည် ခင်ဦးလို့ ခေါ်ပါတယ်"

"ကောင်းပြီ · · ·မခင်ဦးရမယ့်ယောကျ်ားဟာ အလုပ်အကိုင်တော့ မရှိဘူး။ အကြံဉာဏ်တော့ အတော်ကောင်းတဲ့လူ ဖြစ်မယ်။ ရုပ်ရည်ကမဆိုး

www.burmeseclassic.com

ဘူး။ သူ့နာမည် အောင်ပါလိမ့်မယ်။ ပြီးတော့ ဒီလူဟာ ကျုပ်လိုပဲ ဗေဒင် အတော်တတ်တဲ့လူ ဖြစ်လိမ့်မယ်။ ဒီလူ နဲ့ရရင် မခင်ဦး ချမ်းသာလိမ့်မယ်"

"ဟုတ်ပါတယ်ရှင်။ ကျွန်မတွေ့ ထားတာ အဲဒီလူမျိုးပါပဲ။ ဒါပေမယ့် သူကလည်း ဣန္ဒြေကြီးတဲ့လူဆိုတော့ မစဘူး။ ကျွန်မလည်း မိန်းမသားဆို တော့…"

"ကိစ္စမရှိပါဘူး။ တစ်နေ့နေ့တော့ သူကပဲ စပါလိမ့်မယ်။ သင့်တော်တဲ့ အချိန်ကို ရွေးနေတာ ဖြစ်မှာပါ။ မြန်မြန် နီးစပ်အောင် ချိတ်လုံးချည်ကို ခဏခဏ ဝတ်ပေးပါ။ မုချ အဆင်ပြေပါလိမ့်မယ်"

ထိုမိန်းကလေးသည် ကျေနပ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ရှက်ခြင်းတို့ ရောပြွမ်း သော မျက်နှာလေးဖြင့် ထွက်ခွာသွား၏။

"ဦးအောင်သင်းရေ မိန်းကလေး သနားပါတယ်ဗျာ။ ကြိုက်လာတော့ လည်း မရှက်ရှာဘူး။ သူ့ခမျာ ရီးတော့ ရီးပုံပါပဲ။ တစ်ဖက်က ယောကျ်ားက မစတော့ အတိမ်းရခက်နေတယ်နဲ့ တူပါ တယ်ဗျာ"

ကိုနှင်းမောင်က ကျွန်ုပ်အား တိုး တိုးကပ်၍ ပြောလိုက်၏။

"အခုတော့ ဒီဆရာက ဓာတ် ဆင်ပေးလိုက်ပြီ မဟုတ်လား။ ချိတ်လုံ ချည် များများဝတ်ပေးရင် အဆင်ပြေ မယ်လို့" –

"ဟုတ်တယ် ဟုတ်တယ်။ နီးရင် လိုက်တောင်ကြည့် ချင်တယ်ဗျာ။ ဒီမိန်း ကလေး အခု အိမ်ရောက်တာနဲ့ ချိတ်လုံ ချည် လဲဝတ်ပြီသာမှတ်ပေရော့"

ကိုနှင်းမောင်သည် တကယ်ဖြစ် နိုင်ချက်အပေါ်၌ ဟာသသဘောလေး နှောပြောလိုက်သဖြင့် ကျွန်ုပ်မှ မရယ်ဘဲ မနေနိုင် ဖြစ်ရတော့၏။

ဗေဒင်ဆရာထံ၌ လူအများ အတော်အတန် ပါးသွားပြီဖြစ်၏။ ကိုနှင်း မောင်သည် ဗေဒင်ဆရာရှေ့သို့သွားကာ ပိုက်ဆံတစ်မူးကို လာဘ်တင်လိုက်၏။ ဗေဒင်ဆရာက ခုနစ်ပြား ပြန်၍အမ်း လိုက်သည်။

"တစ်မူးလုံးယူပါ မအမ်းပါနဲ့"

"ဟင့်အင်း…တစ်ပြားပဲ ယူပါ တယ်။ ပိုပေးလည်း ကျွန်တော်မယူပါဘူး"

ဗေဒင်ဆရာသည် သူ၏ခေါင်း လောင်းကလေးကို လှုပ်ယမ်းလိုက်ပြီး နောက် –

"နာမည်ပြောပါ"

"နှင်းမောင်လို့ ခေါ်ပါတယ်"

"ဘာသိချင်ပါသလဲ"

"ကျုပ် ပုလိပ်ဘက်ကပါ။ တရား ခံတစ်ယောက်ကိုလိုက်နေတာ မိနိုင်ပါ့ မလား"

"မိနိုင်ပါတယ်"

"ဘယ်တော့လောက် မိမလဲ"

"ဒီနေ့ပဲ မိမှာပါ"

"တရားခံကို ကြိုးစင်ပို့နိုင်ပါ့ မလား။ တရားခံက ငြင်းကွယ်နေပြီး တရားခွင်မှာ ရှေ့နေနဲ့ကာကွယ်ပြီး လွတ် ပေါက်ရာဦးမလား"

"မိတ်ဆွေရှာနေတဲ့ တရားခံဟာ ဒီလို သူ့ရဲ့သဘောနည်းတဲ့လူမျိုး မဟုတ် ပါဘူး"

"ကောင်းပါပြီ။ ခင်ဗျား လက် မြှောက်ထားလိုက်ပါ ဆရာသခ်။ ခုခံဖို့ မကြိုးစားဘူးဆိုရင်တော့ ဆရာသခ်ရဲ့ ရဲရင့်တဲ့အရည်အချင်းကို လေးစားတဲ့ အနေနဲ့ ကျွန်တော်အကြမ်းမဖက်ပါဘူး"

"ကျုပ် မခုခံပါဘူး"

အဖြစ်အပျက်မှာ မြန်ဆန်လွန်း လှ၏။ ကျွန်ုပ်အနေနှင့် မျက်စိလည်း လည်၏၊ နားလည်းရှုပ်၏။ ကိုနှင်းမောင် ရှင်းပြမှသာ နားလည်ရတော့မည်ဖြစ်၏။

ကိုနှင်းမောင်သည် တရားခံဆရာ သခ်အား ဖမ်းဆီးခဲ့ပြီးနောက် ဂိတ်သို့ မပို့သေးဘဲ သူ၏တိုက်ခန်းသို့ ခေါ်လာ ခဲ့၏။ ညှော်ကောင်းစောင်ကောင်းတစ်ဦး အလား ကောင်းမွန်စွာ ပြုစုပြီးနောက် သူသိချင်သည်များကို မေးမြန်းတော့၏။

"ဆရာသခ်မှာ မျောက်ကလေး တစ်ကောင် ပါသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ကျုပ်တည်းတဲ့ ဘုန်းကြီးကျောင်းမှာ ထားခဲ့ပါတယ်"

"ဆရာ အနတ္တဆရာမြအိမ်ကို တက်တုန်းက မျောက်ကလေးကို အသုံး ချခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဝါးလုံးထိပ်မှာ သူ့ကိုတင်ပြီး လေဝင်ပေါက်ကို သူ့ကို လွှဲပေးပါတယ်။ သူက ခုန်ပြီးကူးတာပါ။ သူ့လက်ထဲမှာ သံချိတ်နဲ့ ကြိုးစတစ်စ လည်း ပါသွားပါတယ်။ သူက သံချိတ် ကို ချိတ်ပေးတော့ ကျုပ်က ကြိုးကနေ တွယ် တက်ခဲ့တာပါ"

"တော်တော် လိမ္မာတယ်နော်"

"ဟုတ်ကဲ့၊ လူလိုပဲ လိမ္မာတဲ့ မျောက်ကလေး နောက်ထပ်နှစ်ကောင် ကျုပ်မှာ ရှိပါသေးတယ်"

"ဆရာဦးဖုံးငို၊ ဦးထွန်းမှိန်နဲ့ ဆရာ စန္ဒာခရေတို့ သုံးဦးကိုသတ်ပြီး နံရံမှာ ရေးခဲ့တဲ့ (သော်က)နဲ့ (နှင်းပန်း)ဆိုတဲ



www.burmeseclassic.com

www.burmeseclassic.com

သော်က၊ နှင်းပန်း၊ စိန်ပန်း၊ အုံးလက်၊ လေးလတွက် မပျက်စဉ်လာ ရက်ရာဇာ ကိုတဲ့ ဗေဒင်လင်္ကာအတိုင်း မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါပေမယ့် အနတ္တဆရာမြကို သတ်ပြီးကာကျတော့ (ကေသံ)လို့ ရေးတာဟာ သတ်ရမယ့်လူတွေ သတ်ပြီးဖြစ်လို့ ဂိုဏ်းရဲ့အမည်ကို ရေးထိုးတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဆရာသခ်တို့ဂိုဏ်းဟာ ဘာဂိုဏ်းလဲ"

"ကေသ ဗျာကရဏဂိုဏ်းလို့ ခေါ်ပါတယ်"

"ဒီဂိုဏ်းကို ဘယ်တုန်းကတည်းက ထောင်ခဲ့တာလဲ"

"ကြာပါပြီ။ လောကီပညာဂိုဏ်းပါ။ ဒီဂိုဏ်းဝင်တွေဟာ ဗေဒင်အလွန်တော်ကြပါတယ်။ ကေသဗျာရဏဆိုတဲ့ အဓိပ္ပာယ်ကိုက တစ်ခွန်းတည်းအမှန်ကို ဖြေဆိုမယ်လို့ ရပါတယ်။ ကျုပ်တို့ဂိုဏ်းရဲ့ အယူအဆအရဆိုရင် ဘုရားအလောင်းကို တခြားပုဏ္ဏားတော်တွေက စကြာမင်းလည်းဖြစ်နိုင်တယ်၊ ဘုရားလည်းနိုင်တယ်လို့ နှစ်ခွပောခဲ့တယ်။ ကောဏ္ဍညပုဏ္ဏားကတော့ လက်ညှိုးတစ်ချောင်းထောင်ပြီး ဘုရားစင်စစ်ကေန်ဖြစ်မယ်လို့ ဟောခဲ့ပါတယ်။ ဒီလိုယတိပြတ်ဟောနိုင်တဲ့ ပညာဟာ ကေသဗျာရဏပညာသာ ဖြစ်တဲ့အတွက် ကောဏ္ဍညကိုတောင် ကျုပ်တို့ရဲ့ ဂိုဏ်းဝင်တစ်ယောက် ဖြစ်လိမ့်မယ်လို့ ယူဆကြပါတယ်"

"အခု ဒီဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ဆရာပဲ မဟုတ်လား"

"မှန်ပါတယ် ကျုပ်ပါပဲ"

"မနုစာရီနတ်သမီးပုံဟာ ဆရာတို့ဂိုဏ်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"ဟိုး • • •သက်သာနိုင်ငံတော် သုနာပရန္တတိုင်း စေတုတ္တရာနိုင်ငံတော်စတဲ့ အခု မင်းဘူး၊ ငဘဲ၊ ပန်းတောင်း၊ လယ်ကိုင်းဒေသတွေဟာ နေပြည်တော်ကြီးတွေအဖြစ် စည်ပင်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က မနုစာရီဟာ အဲဒီနိုင်ငံသူတစ်ဦး ဖြစ်ခဲ့ပြီး ဒီဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်ခဲ့ပါတယ်။ ရွှေပျဉ်ခမ္မာ မနုခမ္မသတ်၊ အာကာသသျှတြ၊ မနုသသျှတြနဲ့ လင်္ကာကျမ်းတွေ ပြုစုသွားတဲ့ အမျိုးသမီးဖြစ်ပါတယ်။ ဗုဒ္ဓသရဏံပန်းကို ကင်ပွန်းတပ်သွားတာလည်း သူပါပဲ။ သူဟာ နတ်ဒေဝီတစ်ဦး ဖြစ်သွားတယ်လို့ ကျုပ်တို့ဂိုဏ်းက ယုံကြည်ကိုးကွယ်ကြပါတယ်"

"ဦးဖုံးငိုကအစ အနတ္တဆရာမြအဆုံး လူလေးယောက်ကိုသတ်တာ ဂိုဏ်းစည်းကမ်းကို ချိုးဖောက်လို့မဟုတ်လား။ ဘယ်လိုချိုးဖောက်တယ်ဆိုတာ သိပါရစေ။ ကျုပ်တွက်ကိန်း အရတော့ အင်္ဂလိပ်ကို ဇာတာဖတ်တာနဲ့ ပတ်သက်တယ် မှတ်တယ်"

"ဟုတ်ပါတယ်။ ဒီလိုပါ။ ဝေလမင်းသားရဲ့ ဘုန်းတော်ဘွဲ့ကို ဆုတော်ငွေတစ်ထောင်ပေးပြီး ကျုပ်တို့ မြန်မာပညာရှိတွေကိုရေးခိုင်းတာတော့ ခင်ဗျားတို့သိမှာပါ"

"ဟုတ်ကဲ့ သိပါတယ်"

"သခင်ကိုယ်တော်မှိုင်းအမည်ခံ ရွှေတောင်ဆရာလွန်းကတော့ ဆုတော်ငွေမရလို့ လျှာမှာ မြက်ပေါက်အောင် ငတ်ချင်ငတ်ပါစေ ကုလားဖြူရဲ့ ဘုန်းတော်ဘွဲ့ကိုတော့ မရေးနိုင်ဘူးလို့တောင် ပြန်ကြားခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒါက လူတိုင်းသိတာ။ ဝေလမင်းသားရဲ့ ဇာတာကို ဖတ်ပေးတဲ့လူကိုလည်း ဆုတော်ငွေတစ်ထောင်ပေးမယ်လို့ အင်္ဂလိပ်အစိုးရက ကျိတ်ပြီးဇာတာဖတ်ခိုင်းပါတယ်။ ဒါကိုတော့ ဗေဒင်ဆရာလောကလောက်မှာပဲ သိုးသိုးသန့်သန့် သတင်းဖြစ်ခဲ့တယ်"

"ပြော•••ဆက်ပါဦး ဆရာသခ်"

"ဒီအထဲမှာ ကေသဂိုဏ်းဝင် ဗေဒင်ဆရာတွေကိုလည်း အစိုးရက ဇာတာဖတ်ပေးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် ဒီမိစ္ဆာကုလားမင်းရဲ့ဇာတာကို ဂိုဏ်းဝင်များအနေနဲ့ ဖတ်ပေးဖို့ ကျုပ်က ဂိုဏ်းချုပ်တစ်ဦးအနေနဲ့ တားမြစ်ခဲ့ပါတယ်။ ကျန်တဲ့သူတွေက လိုက်နာကြသော်လည်း ဒီလေးယောက်က ငွေမက်တာနဲ့ သစ္စာဖောက်ပြီး ဇာတာဖတ်ပေးဖို့ သဘောတူခဲ့ပါတယ်။ ဒါကြောင့် ကျုပ်လာပြီး ဆုံးမရတာပါ"

"ဒီအတိုင်းဆိုရင် ဆရာ သေစားသေရတော့မယ်"

"ကိစ္စမရှိဘူး။ ကျုပ်က ဂိုဏ်းရဲ့ ဂုဏ်သိက္ခာ၊ ကျုပ်ကိုယ်တိုင်ရဲ့ ဂုဏ်သိက္ခာနဲ့ အမျိုးဘာသာ သာသနာရဲ့ ဂုဏ်သိက္ခာအတွက် အသက်ကို လှူဒါန်းစွန့်လွှတ်ပြီး ဖြစ်ပါတယ်"

"ဆရာတို့မှာ ဂိုဏ်းဝင် ဘယ်နယောက်ရှိပါသလဲ"

"အားလုံး ၃၆၀ ရှိပါတယ်"

"ဆရာသေသွားရင် ဒီဂိုဏ်းဟာ ပျောက်ကွယ်သွားမလား"



www.burmeseclassic.com

"ကျုပ်ပညာနဲ့ တွက်ကြည့်တာတော့ ကျုပ်သေတဲ့နောက် ၃၆ နှစ်တိတိ ဒီဂိုဏ်းရော၊ ဒီပညာရောဟာ ပျောက်ကွယ်သွားမှာပါ။ ဂိုဏ်းရဲ့ကံကြမ္မာဟာ အဆိုးဆုံးအချိန်ရောက်နေပါတယ်။ ဂိုဏ်းဝင်အားလုံးကိုလည်း ကျုပ်ကို အင်္ဂလိပ်အစိုးရက သတ်ပစ်သည့်အခါမှာ ပညာစဉ်ကိုရော ဂိုဏ်းကိုပါ ဇာတ်မြှုပ်ပစ်ဖို့ ညွှန်ကြားပြီးဖြစ်ပါတယ်"

"ကျုပ်တို့ဟာ ပုလိပ်အမှုထမ်းတွေ ဖြစ်လေတော့ ဆရာ့ကို လေးစားပါတယ်။ ဒီတော့ ဆရာ့ကို ကျုပ်အနေနဲ့ ဘာအကူအညီပေးရမလဲ။ ဖြစ်နိုင်တာဆိုရင် ကူညီပါ့မယ် ပြောပါ"

"ကျုပ်တို့ ဇော်သဂိုဏ်းနဲ့ ဇော်သမှာရဏပညာကို မတတ်သာတဲ့အတွက် ဇာတ်မြှုပ်လိုက်ရပေမယ့် ဒီဂိုဏ်းရဲ့ ကံကြမ္မာကောင်းလာမယ့် နောင် ၃၆ နှစ်ပြည့်တဲ့ကာလမှာတော့ ဂိုဏ်းရော ပညာစဉ်ပါ ပေါ်ပေါက်စေချင်တယ်။ ဒီတော့ ကိုနှင်းမောင်ရော ဟောဒီမိတ်ဆွေကပါ ကူညီစေချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်တော် ကတိပေးပါတယ်။ ဘယ်လိုကူညီရမယ်ဆိုတာ အမိန့်ရှိပါ။ ဒါထက် ဆရာရုပ်ဖျက်ထားတာ ပြန်ပြီးဖျက်ရင်း အပန်းဖြေရအောင် ရေချိုးလိုက်ပါဦးလား"

ကိုနှင်းမောင်၏ တိုက်တွန်းချက်ကြောင့် ထိုဆရာသည် ရေမိုးသန့်စင်၍ မူလရုပ်ရည်ကိုတွေ့ရာ အသက် ၄၅ နှစ်ခန့်ရှိ သားနားရည်မွန်သော လူတစ်ယောက်ဖြစ်ကြောင်း အသိအမှတ်ပြုမိတော့၏။ အသံမှာလည်း အသံသြဇာရှိ၍ သံလိုက်ဓာတ်ပါသော အသံမျိုးဖြစ်၏။

"ဒီလိုပါ ကိုနှင်းမောင်။ ကျုပ်တတ်တဲ့ပညာနဲ့ တွက်ကြည့်တဲ့အခါမှာ ဒီဂိုဏ်းနဲ့ ပညာရဲ့ ဂိုဏ်းချုပ်အဖြစ် ဆက်ခံမယ့်ပုဂ္ဂိုလ်ဟာ အခုမှ တစ်နှစ်သားပဲရှိပေဦးမယ်။ အဖေက အင်္ဂါသား၊ အမေက စနေသမီး။ သူကိုယ်တိုင် တနင်္ဂနွေသားဖြစ်ရမယ်။ အားလုံးပါပဂြိုဟ်တွေချည်းပဲ။ ပြီးတော့ နှုတ်ခမ်းမှာ မှည့်တစ်လုံးနဲ့ မျက်ရည်ခံမှည့်တစ်လုံးလည်းပါပေလိမ့်မယ်။ ဒီကလေးကို တွေ့အောင်ရှာပြီး ကလေးအရွယ်ရောက်တဲ့အခါမှာ ဒီပညာကို လက်ထဲရောက်အောင် တစ်နည်းနည်းနဲ့ လက်ဆင့်ကမ်းပေးဖို့ပါပဲ"

"ဟုတ်ကဲ့။ ဒီတော့ ကျွန်တော်တို့က ဘယ်လို အကူအညီပေးရမှာလဲ"

"ဒီလိုပါ၊ ကျုပ်ရဲ့ လက်ထောက်ဆီကို စာတစ်စောင် ရောက်အောင်ပေးဖို့ပါပဲ။ ဒီစာထဲမှာ နောင် ၃၆ နှစ်ပြည့်တဲ့အခါမှာ ဂိုဏ်းချုပ်လုပ်မယ့် ကလေးကို ရှာပုံရှာနည်း၊ ဟုတ်မဟုတ် စစ်ဆေးနည်း၊ အမိဌာန်ပြုနည်းတွေနဲ့ ပညာခွင်ဆိုင်ရာ မသင်ဘဲချန်ထား(အာစရိယမုဋ္ဌိလို့ခေါ်)တဲ့ ဆရာလက်ဆုပ်ဖြန့်ပညာတွေပါ ပြည့်ပြည့်စုံစုံ ရေးထားပါ့မယ်"

"စိတ်ချပါ။ ရောက်အောင် ကျွန်တော်ပို့ပေးပါ့မယ် ရေးသာရေးပါ"

"ကျေးဇူးတင်လိုက်တာဗျာ"

"သြော် . . . ဒါထက် ဆရာတို့အသုံးပြုတဲ့ တွန့်တွန့်ကောက်ကောက်စာတွေဟာ ဘာစာတွေလဲဗျ။ အနတ္တဆရာမြရဲ့မှတ်စုထဲမှာ တွေ့ခဲ့တယ်"

"ဒါက အချို့က ဓာတ်စမလို့ခေါ်တဲ့ မာဂဓသေဒ္ဒိဘာသာလို့ ခေါ်ပါတယ်"

ကျွန်ုပ်နှင့် ကိုနှင်းမောင်သည် ထိုဆရာရေးသည့်စာကို တစ်နေကုန်စောင့်၍ယူပြီးနောက် ညနေပိုင်းတွင် ထိုဆရာအား ဂတ်ထဲသို့ပို့၍ လူသတ်မှုဖြင့် အမှုဖွင့်ပြန်ခဲ့ကြတော့သည်။

× × ×

လမ်း၌ ကိုနှင်းမောင်က ကျွန်ုပ်အား အောက်ပါအတိုင်း ပြော၏။

"ဦးအောင်သင်း ကျွန်တော်ဖမ်းခဲ့သမျှ တရားခံတွေထဲမှာ ဒီလူကိုဖမ်းရတာ စိတ်အထိခိုက်ဆုံးပဲဗျာ။ ဒီလူရဲ့ အမြော်အမြင်ကြီးမှု၊ ခေါင်းဆောင်ပီသမှု၊ ရဲရင့်မှုနဲ့ မျိုးချစ်စိတ်ကိုမီဖို့ တော်တော့လူ လွယ်မယ်မထင်ဘူး"

"ဟုတ်ပါတယ် . . . လွယ်မယ်မထင်ဘူး"

"ဒါထက် . . . ဒီအမှုတော့ကာ ဦးအောင်သင်း မေးစရာရှိသေးလား။ ရှင်းပါတယ်ဗျာ။ ဝါဆိုလကုန်ခါနီးနဲ့ ဝါခေါင်လအစမှ ဖြစ်ပွားတဲ့ လူသတ်မှုထူးထူးဆန်းဆန်းကလေးပေါ့ဗျာ။ ဝါဆိုလထဲမှာအသတ်ခံရတဲ့ ဦးဖုံးငိုနဲ့ ဦးထွန်းမှိန်တို့ အိမ်မှာ[illegible] သောကြာနဲ့ တနင်္လာ ရက်ရာဇာကျတဲ့အတွက် ဒီရက်တွေမှာရွေးပြီး သတ်ခဲ့တယ်။ ဗေဒင်ဆောင်ပုဒ်ဖြစ်တဲ့ 'သော်က'ဆိုတဲ့ စာကိုလည်း နံရံမှာရေးခဲ့တယ်။ ဝါခေါင်လဖက်ပါသွားတဲ့ ဆရာစန္ဒာရကို သတ်တဲ့နေရာမှာတော့ 'နှင်းပန်း'လို့ ရေးသွားတယ်။ သေတဲ့နေရာကို ပြက္ခဒိန်မှာကြည့်တော့လည်း ရက်ရာဇာကျတဲ့ စနေနေ့ဖြစ်နေတယ်။ ဒီထဲက သတ်တဲ့လူဟာ ဗေဒင်ပညာကို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

လည်းတတ်ပြီး နှစ်နှစ်ကာကာလည်း ယုံကြည်တဲ့လူတစ်ယောက်လို့ တွက်ထားပြီးသားပဲ"

"ဒီတော့ . . .ဆက်ပါဦး ကိုနှင်းမောင်ရ"

"အနုတ္တဆရာမြဒိမ်က မနုစာရီနတ်သမီးပုံရယ်၊ ကုလားကို ဇာတာမဖတ်နဲ့ဆိုတဲ့စာဟာ ကျွန်တော့်ရဲ့အတွေးစကို ပိုပြီးတော့ အထောက်အကူဖြစ်စေခဲ့တယ်။ မျောက်ကလေးပါတာ သိတာကိုတော့ မချီးမွမ်းနဲ့ဗျ။ မျောက်ကုတ်ခြစ်ထားတဲ့ လက်သည်းစင်းအရာတွေကို မှန်ဘီလူးနဲ့ သေသေချာချာ ကြည့်လို့ တွေ့ခဲ့ရတာ။ မျောက်ပါတာသိခဲ့ရတော့ မစ္စတာ ကရစ်ပင်နားမလည်နိုင်ခဲ့တဲ့ လေကားပြဿနာဟာ ကျွန်တော့်အတွက် ဒီကတည်းက ရှင်းပြီးသားဖြစ်နေတယ်။ မျောက်က တွယ်ပြီး သံချိတ်ကို ချိတ်ပေးတယ်။ လူက အောက်က ကြိုးစကို တွယ်ပြီး တက်လာ။ သံတိုင်ကိုရောက်တော့ ကြိုးကွင်းလျှောထုပ်ပြီး ခြေထောက်နဲ့နင်းထား၊ ယူလာတဲ့ သံဖြတ်လွှနဲ့ တိုက်ဖြတ်ပြီး အထဲဝင်ရုံပေါ့ဗျာ"

"ရွှေတိဂုံမှာ သွားစောင့်တာကရောဗျာ"

"သူတို့ဟာ ခေါင်းလောင်းကိုလေးစားတယ်မဟုတ်လားဗျာ။ ဒီတော့ လူသတ်သမားဟာ နေ့ကောင်းရက်သာရွေးပြီး သူဖြတ်ခဲ့တဲ့ သစ္စာဖောက်တွေရဲ့ လက်ညှိုးတွေကို ခေါင်းလောင်းကြီးမှာ သစ္စာဓိဋ္ဌာန်ပြုပြီး စွန့်ပစ်ခဲ့မယ်လို့ ကျုပ်က ထင်တာကိုး။ ဒါကြောင့် ဗေဒင်အရ ရိတ္တာတီ တိကျတဲ့ ရက်ကို ပြက္ခဒိန်မှာ ရှာကြည့်ပြီး သွားစောင့်နေတာ။ ဒီမှာ တစ်ချက်လိုသွားတာက တရားခံဟာ ဆရာစန္ဒာဓရကိုသတ်စဉ်က ခါးကုန်းကြီးယောင်ဟန်ဆောင်ပြီး သတ်ခဲ့တာ မစဉ်းစားမိဘူး။ ဒါစဉ်းစားမိရင် တရားခံဟာ ရုပ်ပြောင်းရုပ်လွှဲ အတတ်ကို ကျွမ်းကျင်တဲ့လူဆိုတာ ထည့်စဉ်းစားရမှာဖြစ်လေတော့ လာရင်လည်း ရုပ်ဖျက်ပြီးလာပမယ်ပေါ့ဗျာ"

"ဟုတ်ပေ့ဗျာ"

"တစ်ခါ ခင်ဗျားက ညော်တယ်ဆိုမှ တရားခံဟာ သူဖြတ်လာတဲ့ လက်ညှိုးတွေကို ဖယောင်းနဲ့သုံးပြီး မီးပူဇော်တိုင်တည်သွားပြီဆိုတာ ရိပ်မိတော့တယ်"

"ဒီတော့ တစ်ခါ စတီးဘရားသားတိုက်နားက အဝေးပြေးကားတွေဆီကို လောကြီးပြီးလိုက်လာမိပြန်ရော။ အမှန်က သူ့မှာ မျောက်ကလေးတစ်ကောင်ရှိတယ်မဟုတ်လား။ မျောက်ကလေးမပါဘဲ သူတစ်ယောက်တည်း ဘယ်ပြန်ပါ့မလဲဗျ"

"ဒါဖြင့် အခု မိတာကရောဗျာ"

"ကံစွပ်ပြီး တည့်တည့်တိုးတာဗျ။ သူကလည်း သူ့အဓိဋ္ဌာန်နဲ့သူ တစ်ယောက်တစ်ပြားနဲ့ လမ်းဘေးမှာ ဗေဒင်ဟောနေတုန်း သူဖျက်ထားတဲ့ရုပ်ကို ကျွန်တော်က မိအောင် အကဲခတ်နိုင်တာရယ်၊ သူ့လွယ်အိတ်ထဲက မျောက်စာ ငှက်ပျောသီးနဲ့ မြေပဲဆန်လေးရယ်၊ ဗေဒင်ဟောတဲ့အခါမှာ ခေါင်းလောင်းလေးကို အသုံးပြုတာရယ်၊ စုပေါင်းပြီးတော့ ဆွဲကိုင်ခဲ့ရတာ။ ဗေဒင်ဝင်မေးကြည့်ပြီး အကဲခတ်တော့လည်း သူ့ရဲ့ ရဲရင့်မှု၊ တည်ကြည်မှုတွေအပေါ် ပေါင်းရုံးပြီး အကဲခတ်လိုက်ရတာပဲဗျာ"

"ဟုတ်ပါပြီဗျာ . . .ရှင်းပါပြီ။ တကယ်လို့ မရှင်းတာကျန်ရင်လည်း ကျုပ်ဟာကျုပ် စဉ်းစားယူမယ်ဗျာ။ ဒါမှ ကျုပ်လည်းတိုးတက်တော့မှာပေါ့။ ကျုပ်အနေနဲ့တော့ ဗမာပလိပ်တွေကို အထင်သေးတဲ့ မစ္စတာကရစ်ပင်ကို ဗမာဆားပုလင်းတစ်ယောက်ရဲ့ အစွမ်းကို ပြခွင့်ရတဲ့အတွက် ကိုနှင်းမောင်ကိုယ်စား ကျုပ်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ဗျာ"

တရားခံ ဆရာသခ်သည် ထိုနှစ်အတွင်း၌ပင် ကြိုးပေးသတ်ဖြတ်ခြင်းခံခဲ့ရ၏။ သူ၏ဂိုဏ်းနှင့် ဂိုဏ်းစဉ် ဧကံသပညာကို နောင် ၃၆ နှစ်၌ ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် အမှာစာကို သူ၏ဂိုဏ်းထောက်ထံပို့ပေးရန်အတွက် ကိုနှင်းမောင်လက်သို့ အပ်နှံခဲ့လေသည်။

ကိုနှင်းမောင်သည် သူ၏ကတိအတိုင်း ကြိုးစင်တက်သွားရသောဆရာသခ်၏ အမှာစာကို ဂိုဏ်းထောက်ဖြစ်သူ ဆရာဦးရန်နိုင်(မုံရွာ)ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် အရောက်ပေးပို့ခဲ့လျှင်။

ဆရာသခ် တွက်ကိန်းအတိုင်း ဧကံသဂိုဏ်းအား နောက် ၃၆ နှစ်အကြာ၌ ဖော်ထုတ်နိုင်မည့် တံနင်္ဂနွေသားလေးကို တွေ့အောင်ရှာနိုင်ခဲ့လျှင်။

ထိုကလေး၏စွမ်းဆောင်မှု၊ ဆရာသခ်၏ ပညာစစ်မှန်မှု၊ ဆရာရန်နိုင်၏ ကြိုးပမ်းမှုများသည် အကယ်၍ အကောင်အထည်သာ ပေါ်ခဲ့မည်ဆိုလျှင် . . . ။

ဆရာသခ် ကြိုးစင်တက်သွားရသည်မှာ ယခုအခါ၌ ၃၆ နှစ်ကျော်ပြီဖြစ်ပေသတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com

ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရဆရာလှမျိုး (B.Sc)

## အောင်ကောင်းမြ(သာကေတ)

ဗေဒင် + လက္ခဏာ နဝင်းစီးယတြာပညာရှင်

- ❖ ဘဝတစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ
- ❖ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ❖ တစ်နှစ်တာဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်း၊ လုပ်ငန်း အမည်ပေးခြင်း။
- ❖ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

| | |
|---|---|
| ဟောခန်းလိပ်စာ | - အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ (ကြံ့တိုင်းအောင်စာပေနှင့် ဟောခန်း) |
| ဟောပြောအချိန် | - နံနက် ၈ နာရီမှ ညနေ ၃ နာရီ။ |
| လမ်းညွှန် | - အမှတ် (၄၊ ၅၊ ၃၄၊ ၃၃၊ ၉၊ ၇၆၊ ၇၀) ကားများစီး ၈ ဂိတ် မှတ်တိုင် ဆင်းပါ။ |
| ရပ်ဝေးမှလာမည့်သူများ | - ဖုန်း - ၀၉ ၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး၊ ယတြာချေနိုင်ပါသည်။ |

## မြင့်စေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှဒီဇွ ပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။


LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာ ဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိုင်၊ ချမ်းတုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၀၉

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ချစ်လက်စ မကုန်သရွေ့

မြမြလှိုင်

၁၉၇၂ ခုနှစ် ဝန်းကျင်။

မြတ်မြို့သည် ယခုလောက် သပ်ရပ်လှပမှုမရှိသေး။ လေယာဉ်ခရီးနှင့် ရေလမ်းခရီးသာရှိသည်။ သစ်လုပ်ငန်းမှ အရာထမ်းတစ်ဦးဖြစ်သော ကိုကိုမောင်တစ်ယောက် မြိတ်မြို့ရှိ ရေပုံးသစ်စက် (အမှတ်-၇၀ သစ်စက်)သို့ ဌာနတာဝန်နှင့် ပြောင်းရွှေ့ခဲ့ရသည်။

ကိုကိုမောင်သည် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပရိဘောဂစက်ရုံအမှတ်(၃)မှ အရာထမ်းတစ်ဦး ဖြစ်သည်။ ထိုစဉ်က ပရိဘောဂဌာနတွင် ကြိမ်လုပ်ငန်းရှိသည်။ မြိတ်ဘက်မှ ထွက်ရှိသော ကြိမ်တို့ကို ကြိမ်ရာသီတွင် လာရောက်ဝယ်ယူခြင်း ဖြစ်ပေသည်။ ကိုကိုမောင်နှင့်အတူ ဇနီးသည် မိလှိုင်လည်းပါလာသည်။ သားလေး ဇော်ဇော်မှာ ထိုစဉ်က နှစ်နှစ်သားသာ ရှိသေး၏။ လေယာဉ်ကွင်းမှာ အနည်းငယ် ကျဉ်းသောကွင်းဖြစ်သည်။ ကိုကိုမောင်တို့ မိသားစုသည် မြိတ်မြို့ ရေပုံးရပ်ကွက်ရှိ အမှတ်(၇၀) သစ်စက်ဝင်း အတွင်း နေထိုင်ရ၏။ ထိုဝင်းအတွင်းရှိ သစ်ဂိုဒေါင်အဟောင်းကို အမိုးအကာအရံ ပြန်လည်ပြုပြင်ဖာထေးပြီး အိမ်ပြုပြင်ရသည်။ ကြမ်းခင်းကို ခပ်ကျဲကျဲခင်းထားသည်။

ရောက်သည့်အခိုက်တွင် မြိတ်မြို့၏အကြောင်းရင်းကို လေ့လာကြည့်၏။ သစ်စက်ဝင်းမှနေ အပြင်သို့ထွက်လျှင် ရေပုံးရပ်ကွက်သို့ ရောက်သည်။ ခနိမ့်မိုး ထရံကာအိမ်တွေ၊ ခြေတံရှည်အိမ်တွေ ရှိသည်။ ကိုကိုမောင်က တာဝန်နှင့် မြိတ်သို့ သုံးလေးခေါက် ရောက်ရှိခဲ့ပြီဖြစ်၍ အားလုံးနှင့် သိကျွမ်းနေသည်။

"ဒါ မောင့်အလုပ်ကို ဝိုင်းကူညီနေတဲ့ သက်စွံတို့၊ ငွမ်ငယ်တို့ရဲ့ အဖေပေါ့"

ဝါးလုံးတစ်ခုကို ခွဲစိတ်ပြီး နီးဖြာနေသော အသက် ၇၀ ဝန်းကျင်ရှိ အဘိုးအိုကို ပြပြီး ပြောသည်။

အိမ်သားတွေအားလုံး စကားပြောကြစဉ်မှာ မြိတ်သံဝဲ၍ မနည်းနားထောင်ရသည်။ ညနေစာ ထမင်းခေါ်ကျွေး၍ ထိုအိမ်၌ပင် ညနေစာစားကြ၏။

"ပုဂံသူတော့ မြိတ်စာကို စားတတ်ပါ့မလား"

မိလှိုင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။ လွန်စွာမှ ဖော်ရွေကြသူတွေဖြစ်သည်။

"ဟောဒါက • •ကမာကောင်ကို အန်းနို့နဲ့ ချက်ထားတာ"

အစချီပြီး ဟင်းလျာတွေကို ပြောပြသည်။ ငါးကို သီဟိုဠ်သရက်သီးနှင့် ချက်သည်။ ရည်သောက်ဆမ်းဖြစ်သည်။ ငရုတ်သီးစိမ်းပါသည်။ ချိုချဉ်စပ်အရသာ ရှိသည်။ ရောဝဲ ကောင်ငယ်ကိုပြုတ်ပြီး ပါးပါးလှီးကာ သုပ်ထားသည်။ ငါးမန်းခြောက်ကို မီးကင်ကာ ဆီဆမ်းထား၏။

"ဟောဒါက ပိရှာ၊ ဒါက ပိဖျော်၊ စားစား။ တဝသာ စားနော်"

မြိတ်ငါးပိထောင်းကို သံပရာချဉ်ညှစ်ပြီး သီဟိုဠ်ရွက်၊ ဟင်းရွက်တို့နှင့် တို့စရာလုပ်ထားသည်။ ငါးပိကို ပိဖျော်၊ တို့စရာကို ပိရှာဟု ခေါ်ကြသည်။

ရေအင်တုံနားတွင် ချထားသော ဆပ်ပြာခွက်ကို ညွှန်ပြသည်။

မိလှိုင်အဖို့တော့ စကားအဆန်းတွေပင်။ ဟင်းတွေကို အုန်းနို့နှင့်ချက်တာများ၏။ မြိတ်ဒေသ၏ အစားအစာအဆန်းအပြားကို စားဖူးသွားပြီ။ ခနိအချိုရည်လည်း သောက်ဖူးပြီ။ ခင်ပွန်းသည်က ခရမျိုးစုံ၊ ငါးကင်၊ ရှပ်ကင် (ကမာသားလိုပင်)တို့ကို ဝယ်လာပြီး လုပ်ကျွေး၍ စားတတ်လာသည်။

မိလှိုင်တို့နေသည့် ဂိုဒေါင်အိမ်ကြီး၏ အရှေ့မျက်နှာစာတွင် ရေပြင်ဖွေးဖွေး လမ်းရေးရေးမှ မမြင်ရသော ပင်လယ်ပြင်ကြီးရှိသည်။ ထိုပင်လယ်ပြင်ထဲတွင် မိုးတိမ်တိုက်တွင်းသို့ တိုးဝင်နေသော ပထော်ပထဲ့ တောင်တန်းကို တွေ့ရ၏။ အမြင်ကြည့်သော် အနီးကလေးလို့ ထင်ရသည့်တိုင် တောင်တန်းနှစ်သွယ်သည် မိုးရိပ်မိုးသားတို့ တက်လာလျှင် တောင်တစ်ခွင် တစ်ပြင်တစ်ခုလုံးကို ငွေဇာလွှာဖုံးလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်း မှုန်ဝါးသွားသည်။ မိုးတိမ်မိုးသားကင်းသည့်အချိန် ညဥ့်ယံအခါ၌ တောင်ပေါ်မှ စေတီ၊ စောင်းတန်းတို့တွင် သွယ်တန်းထွန်း ညှိထားသော မီးအလင်းတန်းတို့မှာ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ မြတ်စွာဘုရား ဆင်းကြွလာစဉ် ထွန်းညှိပူဇော်ထားသလိုပင်။

ရေပုံးသစ်စက်ဝင်း တစ်ခုလုံးသည် နှစ်ပေါင်းများစွာ ချထားသော လွှစာမှုန့်၊ ရွှေပေါ်စာတို့မှာ ထုထည်ရေိယာပေါင်း မနည်းတော့ပေ။ အောက်ခံမြေကြီးကို ရှာလို့မရနိုင်လောက်အောင် သိပ်သည်းထူထပ်စွာ ဖြစ်နေ၍ မိလှိုင်တို့နေထိုင်သော အိမ်ဂိုဒေါင်မှာ ပင်လယ်ဒီရေတက်လာလျှင် အိမ်အလုံးလိုက်မြင့်လာ၏။ ရေဝင်ပြီး လွှစာမှုန့်တို့ ကြွလာ၍ပင်။ ထို့အတူပင် အိမ်ခေါင်တိုင်၊ လှေကားစသည်တို့တွင်လည်း မြွေသတ္တဝါတို့မှာ အရွယ်၊ အရောင် ပုံသဏ္ဍာန်အမျိုးမျိုး တွေ့ရသည်။ သို့သော် မိလှိုင်တို့မိသားစု မြွေနှင့်ပတ်သက်ပြီး အန္တရာယ်တစ်ခုမှ မကြုံခဲ့ကြရပေ။

ကိုကိုမောင်နှင့် မိလှိုင်တို့ နေ့စဉ်ညှ၊ မနက် မအိပ်ခင် အိပ်ရာနိုးသည်နှင့် သရဏဂုံသုံးပါးကို ရွတ်ဆိုပြီး ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေ၊ ဝဋ္ဋသုတ်၊ မေတ္တသုတ်တို့ကို ၁၀၈ ခေါက်စီ ရွတ်ဆိုပူဇော်၏။ သရဏဂုံကို ရွတ်ရာတွင် မုံရွေးဆရာတော်ဘုရားကြီး၏ လက်ရာဖြစ်တော်မူသော ရတနတ္တယပဏာမ သုံးဂါထာကိုပါ ရွတ်သည်။

ဗုဒ္ဓ ထောမနာဂါထာ၊ ဣန္ဒြာဝဇီရာ လင်္ကာရာ၊ ဣန္ဒြဝိဇိရ ဉာဏ်ဆီကော၊ ဇိတန္တိယော ဇိတိသသရော တိဂ္ဂန္တော တိဂ္ဂမောကတော။

သိကြားမင်း၏ ဝရဇိန်လက်နက် မိုးကြိုးစက်နှင့်တူသော မဂ်လေးတန်တည်းဟူသော မကိုင်ရှိသရဖူ မောက်လူသင်းကျပ် ဥက္ကာဋ္ဌမိန်ညီပြဟူသည့် တန်ဆာရှိတော်မူ၏။ ကျောက်တောင်ကိုပင် ဖြိုဖျက်ဖောက်ထွင်းနိုင်သော မိုးကြိုးစက်နှင့်တူသည့် ထိုးထွင်းသိမြင်နိုင်သော အနာဝရဏဉာဏ်တော်လည်း ရှိတော်မူ၏။ ဘဝသုံးပါးမှ လွန်မြောက်တော်မူ၏။ အောင်သူတကာတို့၏ အရှင်လည်းဖြစ်တော်မူ၏။ ထိုသို့ သဘောရှိသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘဝသုံးပါးမှ လွတ်မြောက်တော်မူသည်ဖြစ်၍ ဘဝသုံးပါးကို မလွန် မြောက်သေးသော သူတို့အား လွန်မြောက်ခြင်းကို ပြတော်မူအပ်ပြီ။

ဓမ္မထောမနာဂါထာ၊ အာဒီစွေနံ့ အာဘာဒီတွော၊ အာဘာသရော အာဗျုဂ္ဂတော၊ သုရိယော နဒယာဝုတ္တော၊ သုခဒ္ဓရော တထာဂတော။

ဆယ့်နှစ်လရာသီ (ဒွါဒရာသီ) စက်၌ နံ့ပျံ့သော ပြိုးပြိုးပြက်ပြက် အရောင်ရှိပြီး တစ်ထောင်သော ရောင်ခြည်တို့ဖြင့် ထွန်းတောက်ပသော နေမင်းကြီးနှင့်တူသော မြတ်စွာဘုရားသည် သတ္တဝါတို့ကို အစဉ်သနားတော်မူသဖြင့် ဟောတော်မူအပ်သော တရားတော်သည် ချမ်းသာသုံးပါးကို ဆောင်လေသည်။

သံဃာထောမနာဂါထာ၊ သုကိတ္တမာ သုဘာစာရော၊ သုသီလဝါ သုပါကဋော၊ အရိယော မာမကော မိရော၊ သာဝကော ဝါနမုဒ္ဓဋော။

ကောင်းသောကျော်စောခြင်း ရှိထသော၊ ကောင်းသောအကျင့်ရှိထသော၊ ကောင်းသောသီလရှိထသော၊ ကောင်းစွာ ထင်ရှားထသော၊ မြတ်သော သာဝကော၊ အဋ္ဌပုရိသပုဂ္ဂလ အရိယာဝံသ ပရမတ္ထသံဃာ သာဝကအစုံသည် တရားတော်ကို မြတ်နိုးတတ်၏။ မြဲမြံတည်ကြည်သော ပညာလည်း ရှိတော်မူ၏။ ဝါနဟု ဆိုအပ်သော တဏှာကိလေသာ၏ အမြစ်အရင်းကိုလည်း နုတ်တော်မူပြီ။

နေ့စဉ်မပြတ် ရွတ်ဆိုခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပေ။ ကုသိုလ်ကောင်းမှုကို တတ်နိုင်သမျှ တစ်နိုင်ပြုလေသည်။

မိလှိုင်တို့နေသည့် အိမ်ဂိုဒေါင်မှာ သစ်စက်အတွင်းဝယ် ထီးထီးကြီးဖြစ်၏။ အိမ်အရှေ့ဘက်တွင် ပင်လယ်ပြင်၊ ရေစပ်နားတွင် သစ်လုံးတွေနှင့် ဖုံးတိုင်တွေ ချထားပြီး သစ်ဖောင်တွေလည်းရှိသည်။ အိမ်၏ဘေးတွင် လေတိုက်တိုင်း တရှဲရှဲမြည်နေသော ဓနိတောကြီး၊ အိမ်နောက်ဘက် ရေအိမ်ကျော်ပြုထားသော နေရာမှာ တရုတ်လူမျိုးတို့၏ သင်္ချိုင်းအုတ်ဂူ ပုံစံပေါင်းစုံကို တွေ့ရသည်။

စက်ဝင်းအတွင်း ခပ်လှမ်းလှမ်း၌ အလုပ်သမားခန်း နှစ်ခန်းရှိသော်လည်း နေသူမရှိ။ ညဘက်၌ လျှပ်စစ်မီးမရှိ၍ စက်ရုံအတွင်း၌ မှန်အိမ်တစ်လုံး၊ မိလှိုင်တို့အိမ်ဂိုဒေါင်တွင် မှန်အိမ်တစ်လုံးတို့၏ အလင်းရောင်သာ မြင်ရသည်။

တစ်လလျှင် ဆယ့်လေးငါးရက်ခန့် ကြိမ်ရိုင်းများကို ဝယ်ယူစုဆောင်းဖို့ အတွက် ကိုကိုမောင်သည် လေညာဘုတ်ပြင်း စသော မြိတ်ကျွန်းစုဘက်သို့ မော်တော်ကြီးတွေနှင့် ခရီးထွက်တတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြိတ်တွင် နေ့စဉ် မိုးရွာလျှင်ရွာ၊ မရွာလျှင် မိုးအုံ့တတ်သည်။

ထိုအချိန်တွင် ညအမှောင်ထဲ၌ မီးလိုင်နှင့် သားဇော် နှစ်ယောက်တည်း ရက်ပေါင်းများစွာ ညတွေကို ဖြတ်ကျော်ရ၏။ အားကိုးစရာသည် မြိတ်စွာဘုရား၏ ဂုဏ်တော်ကိုသာ ရွတ်ဆိုရတော့သည်။ ညအိပ်သည့်အခါတွင် မနက်မြန်နံနက် မိုးမြန်မြန်လင်းပါစေဟု ဆုတောင်းရ၏။ ကိုကိုမောင်သွားသည့် လေညာ၊ ဘုတ်ပြင်းမြို့နယ်များသို့ တစ်ခေါက်တစ်ခါလောက် လိုက်ဖို့ စဉ်းစားထားသည်။

အိပ်မပျော်သည့်အခါ သူယခုရောက်နေသည့် မြိတ်မြို့အကြောင်းကို ကြားသိထားသမျှ ပြန်စဉ်းစားမိသည်။

သက္ကရာဇ် ၇၉၃ ခုနှစ်၊ (အေဒီ-၁၅၃၁) ယိုးဒယား (ယခုထိုင်း) ပြည် ဆင်တစ်သန်းရှင်၏ သားတော်မြရာမသွန် တီသမင်း၏ သားတော်သည် လင်းဇင်းမင်းတို့ထံမှ တနင်္သာရီမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းယူသည်။

ထိုအချိန်တွင် တနင်္သာရီမြို့၏ သင်္ဘောဆိပ်ဖြစ်သည့် ဆင်တုတ်သင်္ဘောများဆင်ရန် ခက်ခဲလာသဖြင့် မြရာမသွန်မင်းသည် သင်္ဘောဆိပ်ကို ခယ်တောင်ခြေရင်းသို့ ပြောင်းရွှေ့လိုက်သည်။

ခယ်တောင်မှာ ယခု သိမ်တော်ကြီးရှိရာ ကုန်းမြေ ဖြစ်၏။ ခယ်တောင်ကို ယိုးဒယား(ယခုထိုင်း) ဘာသာဖြင့် ခရိတ်တောင်ဟု ခေါ်၏။ မြင်းချည်တောင်ဟု အဓိပ္ပာယ်ရသည်။

တံငါအိမ်ခြေ ၂၀ လောက်သာရှိသေးသော ခယ်တောင်ခြေရင်းတွင် သင်္ဘောဆိပ်မြို့အဖြစ် လူအင်အား အပြောက်အမြားခေါ်ကာ တည်ဆောက်ရ၍ ထိုလူတို့အတွက် သူ့ဒေသအလိုက် အစုအပြုံနှင့် နေရာချထားပေးရသည်။

တနင်္သာရီချောင်းမတစ်ရိုးတွင်ရှိ ဘန်လော၊ သမီးလှ၊ ဝမ်းမနာ၊ ကျောက်စရစ်စသော ရွာများမှ လူအများနေရာဌာနကို မြစ်မရပ်ဟု ခေါ်သည်။

ဇဝဲ၊ ဆင်တင်၊ ဘန်းတမွန်၊ ဘလွတ်၊ ပနပ်ငယ်နှင့် တုန်နွယ်ရွာများမှ လူအများနေထိုင်သည့် အရပ်ကို မြစ်ငယ်ရပ်ဟု ခေါ်သည်။

တနင်္သာရီချောင်းငယ်ဘက်မှ ခေါ်ယူလာသော လူအများအတွက် ချထားပေးသောနေရာကို ဆိပ်ငယ်ရပ်ဟု ခေါ်ကြသည်။

ယခင် သင်္ဘောဆိပ်ဟောင်းဖြစ်သည့် သန်းတုတ်ခေါ် ဇော်နောက် လယ်သားများနေထိုင်ရာ အရပ်ကို နောက်လယ်ရပ်ဟု အစုလိုက်နေထိုင်ပြီးသတ်မှတ်ပေးသည်။ တခြားရပ်ကွက်တွေမှာမူ အလောင်းဘုရား ဦးအောင်ဇေယျ နန်းတက်၍ မြိတ်ကို ရသည့်အခါတွင် မြို့တော်သစ်တည်ဆောက်ရန် အရပ်ရပ်မှ လူတွေကို စကာ ခေါ်လာသည်။

လုပ်အားပေးရန် ထားဝယ်ဘက်မှ ခေါ်လာသူများ နေထိုင်ရာအရပ်ကို ထားဝယ်စု၊ ရေး၊ မော်လမြိုင်တို့မှ ခေါ်လာသော မွန်တိုင်းရင်းသားများ နေထိုင်ရာအရပ်ကို တလိုင်းစု၊ အခွန်တော်စပါးများသိုမှီးထားရာ စပါးကျီကြီး တည်ဆောက်ထားသောအရပ်ကို ကျီကုန်း၊ ပင်လယ်ကမ်းခြေအနီးက သည်းတိုင်းရင်းသားတို့ နေရာအရပ်ကို ကသည်းစု၊ ဈေးရှိရာ အရပ်ကို ဈေးတန်းရပ်ဟု အမည်နာမပြုကာ ခေါ်ကြသည်။

မြန်မာနှစ် ၁၁၇၅ ခုနှစ် (အေဒီ ၁၈၁၃)တွင် မြိတ်မြို့ဝန်သည် ပဲတောင်မြို့စားဖြစ်၏။ ကန်ရေပေါက်ကျိုးပြီး ကင်းချောင်းကိုဖြတ်ကာ ကန်ဆယ်၏။ ကန်ပတ်လည်ရပ်ကွက်ကို ကန်စောင်းရပ်၊ အဖျားအနားရှိ ရပ်ကွက်ကို ကန်ဖျားရပ်ဟု ခေါ်လေသည်။

အိပ်မပျော်၍ စဉ်းစားတွေးနေရာ ည ၁၁ နာရီပင် ထိုးပေပြီ။ အနားရှိ သားလေးလည်း အိပ်မောကျနေသည်။ ကိုကိုမောင် ခရီးထွက်သွားတာ ရှစ်ရက်ရှိပြီ။ သားအမိနှစ်ယောက်တည်း။ ပတ်ဝန်းကျင်နှင့်လည်း အလှမ်းဝေး၍ အိပ်သည့်အခါ၌ အိပ်ရာနားတွင် ခြင်ထောင်လျှော်လျှင်ရိုက်သော သစ်သားတုတ်တစ်ချောင်းနှင့် ရဲတင်းတစ်လက်ကို ခေါင်းအုံးနားတွင် ထားသည်။

အိပ်၍မရ။ ဘယ်လူးညာလိမ့် ဖြစ်နေရသည်။ ခနိုတောရှိရာ ခနိုပင်တို့မှာ လေတိုက်သောကြောင့် ရွက်ချင်းခတ် ထိရိုက်သံတို့က တိတ်ဆိတ်မှုကို တစ်ချက်တစ်ချက် ဖြိုခွင်း လိုက်သည်။

ဘုရားစာကို ထပ်တလဲလဲ ရွတ်ဆိုနေသည်။ အိပ်ပျော်အောင်လည်း စိတ်ကိုအားပေးပြီး မျက်လုံးကို စုံမှိတ်ထားမိသည်။ အိမ်နံရံအကြိုအကြားက လေတိုး၍ မှိန်အိမ်မှ မီးညွန့်လေးက ယိမ်းထိုးနေသည်။ ရသမျှတော့ အိပ်ပျော်အောင် အိပ်ရမည်။

လာသာလာခဲ့ရတယ် ကျုပ်ရင်ထဲမှာ လေးနေတယ်။ မပျော်ဘူး။ လာရင်းက အတွေးတွေ ဝင်လာတယ်။ ကျုပ်ရဲ့မျက်လုံးအစုံထဲမှာ ပုံရိပ်တစ်ခုကို မြင်ရတယ်။ ကြည်ငယ်။ ကြည်ငယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ဦး။ ကျုပ်ရဲ့ချစ်သူပေါ့။ အများအမြင်မှာ လှချင်လှ၊ မလှချင်နေ။ ကျုပ်ရဲ့ ရင်ဘတ်ထဲမှာတော့ သူက ထာဝရငွေလမင်းလေးပေါ့။

"မြအေးရယ်…နင် ငါ့ကိုချစ်ရတာ တဝပင်ပန်းလှတယ်။ ငါ့မယ်မယ်ကလည်း ကြေးပြားများများရှာနိုင်မှတဲ့။ ငါလည်း တဝစိတ်ညစ်တယ်"

ကျုပ်အဖို့တော့ သူ့ကိုချစ်ရတာ ဘာမှမပင်ပန်းပါဘူး။ ချစ်ခွင့်ရလို့ ချစ်မိတာ ပင်ပန်းတာမှ မဟုတ်တာ။ ချစ်သူနဲ့နီးရဖို့အရေးဆိုရင် ဘယ်လောက်ပဲ ခက်ခဲပင်ပန်းပါစေ။ ကျုပ်က ဘာကိုမှ မမှုတဲ့သူပါ။ ကျုပ်ချစ်တဲ့ ကြည်ငယ်လေးကိုသာ ထာဝရပိုင်ဆိုင်ခွင့် ရစမ်းပါစေ။ မိုးကိုတောင် ဒူးနဲ့တက်ပြီး တိုက်လိုက်ဦးမယ်။ မိုးကို ဒူးနဲ့တိုက်ခွင့် မရသေးခင်စပ်ကြားမှာ ကျုပ်အတွက် ပိုက်ဆံကလိုလာပြီ။ ကျုပ်ရဲ့ချစ်သူက လက်ထပ်ချင်ပြီတဲ့။ တစ်အိုးတစ်အိမ် ထူထောင်နိုင်အောင် ကျုပ်ငွေလိုပြီ။ ဒီတော့ ငွေများများရနိုင်မယ့် အလုပ်ကို ကျုပ်လုပ်ရတော့မယ်၊ ကျုပ်ရှာရတော့မယ်။

တရားဥပဒေနဲ့ မလွတ်မကင်းဖြစ်နေတဲ့ ခိုးဘုတ်တွေနဲ့လည်း ကျုပ်မလိုက်ချင်ဘူး။ တစ်ဖက်ကမ်းမှာ အလုပ်သွားလုပ်ဖို့ကျတော့လည်း ကြည်ငယ်က စိတ်မချဘူးတဲ့။

"မြအေး…နင်လည်း ကျွမ်းသားပဲ။ ငှက်သိုက်လုပ်ပါလား"

အပေါင်းအသင်းတွေနှင့် တစ်ခါနှစ်ခါ ငှက်သိုက်လိုက်ဖူးတယ်။ အတွေ့အကြုံရှိတယ်။ သူတို့ကလည်း ပြန်ခေါ်တာနဲ့ ကျုပ်လည်း စဉ်းစားလိုက်တယ်။ ငှက်သိုက်က တစ်ချီတစ်မောင်း အရကောင်းရင် ပိုက်ဆံကို နင့်ခနဲရတာ။

ဒါကြောင့်လည်း ကျုပ် ငှက်သိုက်လုပ်ငန်းမှာလုပ်ဖို့ ဆုံးဖြတ်ပြီး ရောက်လာခဲ့တာ။ မြိတ်ကျွန်းစု တစ်ဝိုက်မှာ ငှက်သိုက်တွေရှိတယ်။ လိုဏ်ဂူတွေ၊ ကျောက်ဆောင်ကမ်းပါးတွေမှာ သက်စွန့်ဆံဖျားရှာရတာ ဖြစ်တယ်။ ငှက်သိုက်အများဆုံးရတာကတော့ မြိတ်ကျွန်းစုတစ်ဝိုက်က ဒိုမကျွန်းဝန်းကျင်မှာရှိတဲ့ ကျောက်ဆောင်တွေ၊ ကျွန်းစုတွေ ဖြစ်တယ်။

ငှက်သိုက်ဆိုလို့ တခြားငှက်တွေ ဆောက်ကြတဲ့ သစ်ကိုင်းတွေ၊ သစ်ရွက်တွေနဲ့ ပြုလုပ်ကြတဲ့ ငှက်သိုက်တွေ မဟုတ်ဘူး။

ပင်လယ်ပျံလွှားငှက်လို့ ပြောကြတဲ့ ဇီဝဇိုးငှက်လေးတွေရဲ့ ငှက်သိုက်ပေါ့။ အာခေါင်ထဲမှာ အစေးတစ်မျိုးကို ထွေးအန်ထုတ်ပြီး အသိုက်ပြုလုပ်ကြတယ်။ အမှန်တော့ ငှက်သိုက်ဟာ ပင်လယ်ပျံလွှားငှက်ရဲ့ အန်ဖတ်တွေပေါ့။ ငှက်သိုက်လုပ်ငန်းက အစဉ်အလာအားဖြင့် နိုင်ငံခြားသား ကုန်သည်ကြီးတွေ လက်ဝါးကြီးအုပ်တာ များတယ်။ ငှက်သိုက်ကို အားအင်ကုန်ခန်းနေတဲ့သူတွေ၊ လူမမာတွေအတွက် အားဆေးအဖြစ် အသုံးပြုကြတယ်။ ရှားပါးတဲ့အတွက် ဈေးသိပ်ကြီးတယ်။

အခု ကျုပ်တို့ငါးယောက် ကျွန်းစုဘက်ကိုရောက်လာကြတယ်။ ပင်လယ်ရေပြင်အထက် ပေ ၅၀၀ လောက်ကို ချွန်ထွက်နေတဲ့ ကျောက်တောင်ကြီးတွေ တွေ့ရတယ်။ ကျောက်တောင်အတွင်းပိုင်းမှာ လိုဏ်ဂူတွေ ဖြစ်နေတယ်။ လိုဏ်ဂူအမိုးတချို့မှာ အလင်းရောင်ဝင်နိုင်တဲ့ အပေါက်ကြီးတွေ ရှိတယ်။ တချို့မှာဆို အတွင်းပိုင်းမှာ ထူးထူးခြားခြား ရေချိုအိုင်ကြီးတွေ ဖြစ်နေတယ်။

ငှက်သိုက်တစ်အုံမှာ အချင်း ၂ ဒသမ ၅ လက်မကျော် ကျော်၊ စောက်က တစ်လက်မကျော်ကျော် ရှိတယ်။ အခု ကျုပ်တို့က တပေါင်းလအကုန် တန်ခူးလမှာ ငှက်သိုက်ယူဖို့ လာကြတာ။ ဇီဝဇိုးငှက်တွေက အဲဒီအချိန်မှာ အသိုက်လုပ်ကြတယ်။ အာခေါင်ထဲက အစေးတွေ ထုတ်ရဖန်များလာတဲ့အခါ သွေးစသွေးနတွေတောင် ပါလာတတ်တယ်။ ငှက်လေးတွေက သေးပေမယ့် ဟိုးအမြင့်ကြီးမှာ မနားတမ်း ပျံသန်းနိုင်တယ်။ သူတို့ရဲ့ ခြေချောင်းလေးတွေက ကျောက်ဆောင်နံရံတွေမှာ မြဲမြဲတွယ်ကပ်နိုင်တော့ ကျုပ်တို့လို ငှက်သိုက်ရှာတဲ့သူတွေကလည်း ကျောက်နံရံကို တွယ်ကပ်တက်ပြီး ယူကြရတယ်။ သက်သက်သာသာနဲ့ ယူလို့ရတယ်များ မထင်ကြလေနဲ့။ ကျောက်ဆောင်ပေါ်ကနေ ခါးနဲ့ရင်မှာ ကြိုးချည်ပြီး တွဲလောင်းခိုချ။ နောက်နံရံကိုကပ်၊ မီးတုတ်တစ်ဖက်ကိုင်၊ အဖျားမှာ သံခွတပ်ထားတဲ့ တုတ်ရှည်နဲ့ ငှက်သိုက်တွေခွာယူ။ လွယ်ထားတဲ့ အိတ်ထဲကိုထည့်။ နောက်တစ်နေရာကိုသွား ခွာယူနဲ့။

အဲဒီလိုရှာရတာ၊ ခွာယူရတာလည်း လွယ်လွယ်ကူကူ မဟုတ်ဘူး။ ခဲခဲယဉ်းယဉ်းနဲ့ ခွာရတာ။ မနည်းသတိထားပြီး ခွာရတယ်။ တစ်ချက်မှေ့ရင်တော့ တစ်သက်စာ တစ်တသွားပြီ။

ကျုပ်ရင်ထဲမှာ ကြည်ငယ်လေးနဲ့ နီးဖို့ကိုပဲ အချိန်ရတိုင်း စဉ်းစားနေတာ။



www.burmeseclassic.com

www.burmeseclassic.com

ရသလောက်ပိုက်ဆံကို ကျုပ်ရှာရမယ်။ ထင်ထင်ရှားရှား မလုပ်ဘဲ အခုလိုသိအောင် ငှက်သိုက်ခွာရတဲ့အလုပ်မျိုးက သက်စွန့်ဆံဖျားပေါ့။

အပြန်ခရီး လာရင်းက ကျုပ်ရဲ့ မျက်လုံးအစုံ အမှောင်ကျသွားတယ်။

အားလုံးက မေလေးကို ဝိုင်းကြည့်နေကြသည်။

ထိုအထဲတွင် ကိုကိုမောင်နှင့် မိလှိုင်လည်း ပါသည်။

"ကျွန်တော်လည်း ဘုတ်ပြင်းက မော်တော်က အချိန်မဟုတ်ကြီး မြိတ်ကို ဆိုက်တာနဲ့ မိုးလင်းပြုခါနီးမှ တက်လာခဲ့တာ။ အဲ...အိမ်လည်းရောက်ရော ကိုဖေတင်လာခေါ်လို့ လိုက်လာရတာ။ ကဲ-ပြောပါဦး အကြောင်းစုံ"

မေလေးဆိုသည်မှာ ကိုဖေတင်၏ ဇနီး ကြည်ငယ်၏ မိခင်ဖြစ်၏။ အသက်မှာ ၅၀ နှစ် ဝန်းကျင်သာရှိသေးပြီး အသားလတ်လတ်၊ ခပ်ဝဝဖြစ်သည်။

"ညကတည်းက နေလို့မကောင်းဘူးလို့ ပြောနေတာ။ သူ့ကျောကုန်းက တစ်ခုခုနဲ့ ဖိထားသလိုပဲတဲ့။ အဲ... မနက်မိုးလင်းခါနီးတော့ အခုလို ငိုပြီး ပြောနေတာ။ ငိုလိုက်၊ ပြောလိုက်နဲ့ ဘာတဲ့...ငှက်သိုက်၊ ငှက်သိုက်လို့ ကြားတာပဲ"

"ကျွန်တော်လည်း ဒါတွေကို နားလည်တဲ့ ဆရာတော့ မဟုတ်ပါဘူး။ မေလေးမှာ တစ်ခုခုများနေပြီနဲ့တူတယ်"

ကိုဖေတင်မှာ ကြိမ်ကုန်သည်တစ်ဦးဖြစ်၏။ လေညာ၊ ဘုတ်ပြင်း စသည်တို့မှ ကြိမ်တို့ကို တင်သွင်းယူဖြစ်သည်။ မေလေးသည် ကိုကိုမောင်အား စိမ်းစိမ်းကြည့်နေ၏။ မျက်လုံးအစုံက နီနေ၏။

"ဝင်မရှုပ်နဲ့နော်၊ ငါ့ချစ်သူ ကြည်ငယ်ကို ငါခေါ်ချင်တယ်"

မေလေးက သူ့အသံမဟုတ်သော တခြားသူ၏အသံနှင့် ပြောသည်။

"ကိုဖေတင်...ကျွန်တော်ကြိုးစားကြည့်မယ်။ ကောင်းလာရင် အမြတ်ပေါ့။ အရှုံးတော့ မရှိနိုင်ပါဘူး။ ကျွန်တော်ပြုတဲ့ ကုသိုလ်၊ သီလ၊ ဘာဝနာနဲ့ သစ္စာတိုင်ပြီး လုပ်ရမှာပေါ့"

ကိုကိုမောင်သည် သူ့အမြဲဆောင်နေကျ သိမ်ဝင်ပုတီးကို ထုတ်ယူပြီး ကိုဖေတင်တို့၏ ဘုရားခန်းတွင် မုံရွေးဆရာတော်ဘုရားကြီး၏ ရတနတ္တယ ပဋ္ဌာန်း သုံးဂါထာကို ရွတ်ဆိုကာ ရှိခိုးပြီး ငါးပါးသီလခံယူလိုက်သည်။ ထို့နောက် ဘုရားခန်းမှ ထွက်လာပြီး မေလေး၏ အနား၌ ထိုင်လိုက်သည်။

သိမ်ဝင်ပုတီးကို မေလေး၏လည်ပင်းတွင် ရုတ်တရက် စွပ်လိုက်သည်။ မေလေး၏တစ်ကိုယ်လုံး တုန်လာကာ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ရှိုက်ကြီးတငင် ငိုတော့သည်။

"မှန်မှန်ပြောပါ။ ဘာအန္တရာယ်မှ မလုပ်ဘူး။ သင်ကလည်း ဘာမှ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ပြန်ပါ။ ကဲ... ပြော၊ သင်ဘယ်သူလဲ"

"ဟီးဟီး...ငါ...ငါ...မြအေး။ ကြည်ငယ်နဲ့မခွဲနိုင်လို့ လာခဲ့တာ။ အဲဒါ ကြည်ငယ်နဲ့ တွေ့ချင်တယ်"

"ကြည်ငယ်က သီလရှင်ဝတ်နေတယ်။ သင်ဘာလိုချင်သလဲ။ ဘာဖြစ်လို့လဲ"

"ငါ...ငါ ငှက်သိုက်သွားလုပ်ရင်း အပြန် ဒီရေနဲ့တိုးပြီး ဝဲထဲပါသွားတယ်"

"ဘဝချင်းမှ မတူတာ မနှောင့်ယှက်နဲ့တော့"

"ငါ့မှာ နေရတာ အသားမည်းမည်း၊ ဗလကောင်းကောင်းနဲ့ လူကြီးဆီမှာ ကျွန်ဖြစ်နေတယ်။ အဲဒီကနေ ထွက်ချင်တယ်။ ကြည်ငယ်ကို ပြောပေးပါ။ ဟိုရေထဲမှ ငါ့အလောင်းကို အကောင်တွေစားသွားကြပြီ။ ကြည်ငယ်ကို ပြောပေးပါ။ ဒီဒုက္ခကလွတ်အောင် ငါ့ကို ကယ်ပါလို့"

ကိုကိုမောင်သည် သရဏဂုံသုံးပါးဖြစ်သော ဆရာတော်၏ ဂါထာကို ရွတ်ဆိုပြီး မေတ္တာပို့ကာ မေလေး၏ ခေါင်းကို သပ်ချပြီး ဘုရားစာကို မပြတ်ရွတ်နေသည်။ ဘုရားခန်းဘက်သို့ လှည့်ခိုင်းကာ ဘုရားဆောင်တွင် ဆီမီးတိုင် ထွန်းညှိပူဇော်ကာ မေလေးအား ရှိခိုးစေသည်။ ၁၀ မိနစ်ကြာလျှင် မေလေး သတိရလာသည်။ ဦးခေါင်းရှိ ဆံပင်တို့မှာ ချွေးစနှင့် ရွှဲနေသည်။

"မယ်မယ်"

"ပြော...သမီး"

"ကျွန်မ ဆရာတော်ကျောင်းကို သွားပြီး သင်္ကန်းကပ်ချင်တယ်။ ကိုမြအေးအတွက် အလှူလုပ်ပြီး အမျှဝေချင်တယ်။ ဦးကိုကိုမောင်နဲ့ အန်တီလှိုင်တို့လည်း ကူညီပါ"

သီလရှင်ဝတ်ပြီးစ ခေါင်းတုံးစိမ်းဖန့်ဖန့်နှင့် ဆရာလေးခေမာရီ၏ စကားကို အားလုံးက ခေါင်းညိတ်လိုက်ကြ၏။ အခန်းထဲမှထွက်လာသော သီလရှင်ဆရာလေး ခေမာရီ၏ မျက်လုံးအိမ်တွင် ပုထုဇဉ်သဘာဝက ကျန်ရှိနေသေး၍ မျက်ရည်စလေးတွေ စို့နေသည်။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဒီအဆောင်လေး ဆောင်ထားပါ

သစ္စာဝါဒီ ဆရာမြတ်စောလင်း

တစ်နေ့တွင် ကျွန်ုပ်ထံသို့ (၇)မိုင်တွင်နေသော ကျွန်ုပ်၏ တပည့်ဖြစ်သူ မင်းဟိန်းစံဆိုသူ ရောက်ရှိလာသည်။ မင်းဟိန်းစံသည် လစဉ်ထုတ် မဂ္ဂဇင်းများကို ဖတ်ကြားနေသော စာပေသုတေသီတစ်ဦးဖြစ်၏။ များသောအားဖြင့် ဗေဒင်နှင့်ပတ်သက်သော မဂ္ဂဇင်းကို ဦးစားပေး၍ ဖတ်သူဖြစ်၏။ ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းမှာ အဆောင်ကောင်းတစ်ခု ရရှိလို၍ ရောက်ရှိလာခြင်းပင်ဖြစ်၏။ သူ့လက်ထဲတွင် ဇာင်ချမ်းသားကလေးကို ကိုင်ဆောင်၍ ရောက်ရှိလာ၏။

"ဆရာ ဒီဇာင်ချမ်းသားကလေးကို စစ်ကိုင်းက မိတ်ဆွေ ကိုစိုးကြည် ယူလာပေးတယ်ဆရာ။ အဲဒါ ဇော်ဂျီရုပ် ဆေးကြိတ်ပုံထုပြီး ဆောင်ရရင် ကောင်းမလားလို့ ဆရာ့ကို လာတိုင်ပင်တာပါ"

"ဟာ‥တပည့်က ကက်ကင်း ငါးချက်မိလို့ အတော့်ကိုစွမ်းမှာပဲလို့ ယူဆနေတယ်ထင်တယ်။ ကက်ကင်းမိတိုင်းသာ စွမ်းမယ်ဆိုရင် အခါမင်္ဂလာရွေးချယ်နည်းစနစ်တွေ၊ သိဒ္ဓိတင်ဂါထာစုပ်ဆိုတဲ့ နည်းစနစ်တွေ၊ စီရင်ပေးသူ ဆရာရဲ့ သီလသမာဓိတွေ အကုန်လုံး လမ်းဘေးကို လွှင့်ပစ်လိုက်ရုံပဲ ရှိတော့တယ်ကွာ။ သူ့ကိုနိုင်လို ဆကိုခို ဆိုလို့ ဗုဒ္ဓဟူးနံဖြစ်တဲ့လူကို ကြိမ်နဲ့ရိုက်ရုံနဲ့ သေနိုင်ပါ့မလား။ လူတွေအားလုံးကို တနင်္လာနံဖြစ်တဲ့ ပန်းအညွန့်အခက်တွေက ကြီးမားသောဒုက္ခတွေရောက်အောင် ပေးနိုင်သလား။ အဲဒီလိုပါပဲ အခြားအခြား ကိစ္စတွေမှာလည်း ဆပွတ်ကျရုံနဲ့ ဒုက္ခမပေးနိုင်တာတွေ အများကြီးပဲ။ ဒါကြောင့် 'ဓာတ်တူနာမ်တူ ဆေးဘက်ယူ၊ နံတူသတ်က အသေရ'လို့ဆိုတဲ့ စကားရှိလာတာပေါ့။ ဆပွတ်ကျရုံနဲ့ မသေနိုင်ဘူး။ အဲဒီဆပွတ်ဆိုတဲ့ နာမ်ကိန်းတွေရဲ့ ပစ္စည်းဓာတ်တွေက နိုင်စေတဲ့ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ အာကာသလို့ဆိုတဲ့ ဓာတ်တွေနဲ့လည်း ချိန်နိုင်ရဦးမယ်။ အဲဒီတော့ မင်း ဇာင်ချမ်းသား ပြန်ယူသွားပါကွာ။ မင်းလိုချင်တဲ့ မင်းဘဝ တိုးတက်စေမယ့် ကြီးပွားချမ်းသာနိုင်တဲ့ အဆောင် ငါပေးလိုက်ပါ့မယ်။ မင်းက တနင်္လာရဲ့ဆပွတ်က စနေဖြစ်တယ်။ ဘြိုရန်းက ဗုဒ္ဓဟူးဖြစ်တယ်။ စနေနဲ့ ဗုဒ္ဓဟူး တွဲတဲ့အသား တမလမ်းသား၊ ဒူးရင်းသားကိုထုထားတဲ့ နွားလားဥသဘပုံ၊ ဒါဟာ ရေဝတီနက္ခတ်ပေါ်ကို စန်းဖြစ်နေတဲ့အချိန်မှာ ထုထားတဲ့ အဆောင်တွေပဲ။ အဝင်နက္ခတ်နှစ်ဖက်မြင်လည်း ကြံ့မယ်။ လာဘစုပ်နဲ့လည်းကြံ့မယ်။ ရေဝတီနက္ခတ်ပေါ်မှာ စန်းဖြတ်နေတဲ့အချိန်လည်းဖြစ်မယ်ဆိုရင် ဘယ်လိုအင်း ဘယ်လိုပဲစီရင်စီရင် အစွမ်းထက်တာပေါ့။

ဒါက မင်းကို စီရင်ပြီးသား ဆရာက ပေးလိုက်မယ်။ မင်းက ဝေဒင်္ဂမ္ဘီရတွေနဲ့ ပတ်သက်ပြီး ပါတဲ့ပုဂ္ဂိုလ်၊ တစ်ပါးကိုလည်း ကူညီချင်တဲ့ ပုဂ္ဂိုလ်၊ နေ့သားအလိုက်ဆိုတော့ အသားနဲ့ထုလုပ်ရမယ့် ရုပ်ပုံတွေကို ရေးမှတ်သွားပေါ့။

**- တနင်္ဂနွေသားသမီးများအတွက် သစ်ဆိမ့်သားကို သစ်ဆွဲဆင် ထုလုပ်၍ ဆောင်ထားပါ။**

**- တနင်္လာသားသမီးများအတွက် တမလမ်းသားကို (သို့) ဒူးရင်းသားကို နွားလားပုံ ထုလုပ်ဆောင်ထားပါ။**

**- အင်္ဂါသားသမီးများအတွက် အုန်းမှုတ်ခွက်ကို အိမ်မြှောင်ရုပ် ထုလုပ်ဆောင်ထားပါ။**

**- ဗုဒ္ဓဟူးသားသမီးများအတွက် ကသစ်သားကို ကျားသစ်ပုံ (သို့) သိကြားမင်းပုံ ထုလုပ်ဆောင်ထားပါ။**

**- ကြာသပတေးသားသမီးများအတွက် စွယ်တော်သားကို ဆိတ်ထီးပုံ (သို့) နှင်းဆီပွင့်ပုံ ထုလုပ်ဆောင်ထားပါ။**

**- သောကြာသားသမီးများအတွက် ဝင်အူသားကို ရေဒအိုးပုံ ထုလုပ်ဆောင်ထားပါ။**



www.burmeseclassic.com

www.burmeseclassic.com

- စနေသားသမီးများအတွက် မန်ကျည်းသားကို မင်းခေါင်းပုံ ထုလုပ်ဆောင်ထားပါ။

ဤနည်းစနစ်သည် ဆယ်ပွတ်ကို တြိဂံရန်းအုပ်၍စီရင်သော နည်းစနစ်ပင်ဖြစ်၏။ အထက်ဖော်ပြခဲ့သော ဆောင်အခါများ၊ သိဒ္ဓိများ၊ နက္ခတ်များကို သာမန် စာဖတ်သူပရိသတ်များ ရွေးချယ်ရန် အခက်အခဲရှိနေလိမ့်မည်ဖြစ်၏။ ထို့ကြောင့် အလွယ်တကူပြုလုပ်နိုင်ရန်အောင် အခါများကို ညွှန်ပြလိုက်ပါသည်။

- တနင်္လာနှင့် သောကြာနေ့များတွင် ထုလုပ်စီရင်မည်ဆိုလျှင် နေ့လယ် ၁၂း၀၀ နာရီ။

- အင်္ဂါနှင့် ကြာသပတေးနေ့များတွင် ထုလုပ်စီရင်မည်ဆိုလျှင် နေတက်အခါ နံနက် ၇း၀၀ မှ ၉း၀၀ နာရီအတွင်း။

- တနင်္လာနှင့် စနေနေ့များတွင် ထုလုပ်စီရင်မည်ဆိုလျှင် နေထွက်ချိန် ၆း၀၀ နှင့် ၇း၀၀ နာရီအကြား။ နေဝင်ချိန် ၅း၀၀ နှင့် ၆း၀၀ နာရီအကြား။

- ဗုဒ္ဓဟူးနေ့နှင့် ရာဟုနေ့နံနက် ၆း၀၀ နာရီ တစ်ကြိမ် နေ့လယ် ၁၂း၀၀ နာရီများတွင် အဆောင်ရုပ်များကို စီရင်ပြုလုပ်နိုင်ပါသည်။

ဤအဆောင်သိဒ္ဓိများကို စီရင်ရာ၌ စီရင်သူသည် သီလသမာဓိ စင်ကြယ်ခြင်း၊ နက္ခတ်ကောင်းအခါကောင်း ကြံ့ခြင်း၊ အဆောင်ရရှိသူက ဤအဆောင်ပေါ်၌ အပြည့်အဝ ယုံကြည်ခြင်း၊ ရှေးပညာရှင်တို့ ညွှန်ကြားသည့်အတိုင်း အသားမှန်ကန်ခြင်း၊ လိုက်နာရမည့် စည်းကမ်းချက်များ ညီညွတ်ခြင်း၊ ဆောင်သူယုံကြည်ခြင်း၊ စီရင်ပေးသူ၏ အထုံပါရမီနှင့် သီလသမာဓိ ပြည့်စုံခြင်း စသော အချက်များ ပြည့်စုံနေပါက မုချမသွေ အောင်မြင်နိုင်ပါသည်။ အချို့သော အပ္ပသုတ အကြားအမြင်နည်းသောပုဂ္ဂိုလ်များ၊ အချို့ အကြားအမြင်မနည်းသော်လည်း ဤလောကီပညာပေါ်တွင် လေးနက်စွာ ယုံကြည်မှုမရှိဘဲ အတိတ်ကံ၏ အကျိုးကိုသာ ရှေ့တန်းတင်၍ထားသူများ ယနေ့ခေတ်စားနေသည်။ ၎င်းပုဂ္ဂိုလ်များသည် ဤအဆောင်သိဒ္ဓိစီရင်ရာတွင် ကျွန်ုပ်တိုက်တွန်းချက်များကို ရယ်ဖွယ်ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ဤသို့ဖြစ်ပါက ဗုဒ္ဓ၏ ဆုံးမလမ်းညွှန်ချက်များဖြစ်သော ပိဋကတ်သုံးပုံကိုပါ လှောင်ပြောင်နေသည်နှင့် တူပေလိမ့်မည်။

ဗုဒ္ဓ၏ ကျမ်းစာများကို ဖတ်ရှုလေ့လာသူများ နှံ့နှံ့စပ်စပ်ရှိခဲ့လျှင် ကျွန်ုပ် ယခုပြောခဲ့သောစကားကို ထောက်ခံမည်ပင်ဖြစ်၏။ ဗုဒ္ဓသည် သံသရာမှ လွတ်မြောက်ကြောင်း လမ်းညွှန်ချက်ကိုပေးနိုင်သလို လောကီအကျိုးများကို အချို့အချို့သော နေရာတို့၌ လမ်းညွှန်ချက်ပေးခြင်း၊ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ပေးခြင်းများ ရှိခဲ့သည်ကို တွေ့ရမည်ပင်ဖြစ်၏။ ဥပမာ ဒီဃာယုသတို့သား ဇာတ်နိပါတ်ကိုကြည့်လျှင် သိနိုင်သည်။ ဘီလူးစားမည့်ဘေးအန္တရာယ်မှ လွတ်ကင်းအောင် ရဟန္တာရှစ်ပါး ခြံရံလျက် ဒီဃာယုသားငယ်အား အလယ်တွင်ထား၍ သုတ်ပရိတ်များကို ရွတ်ဖတ်ခဲ့ရာ အသက် ၁၂၀ ရှည်ခဲ့သည့် ဥပမာ အခြားအခြားနေရာတို့၌ ဤလောကီပညာရပ်နှင့် ဆက်နွယ်နေသော ဥပမာစာတင်ရမည့် ဇာတ်နိပါတ်များ ရှိခဲ့ပေ၏။

သို့ကြောင့် ရသေ့အကျော်အမော်တို့ ရှေးပညာရှင်များ ညွှန်ကြားထားတော်မူသည့် နည်းစနစ်များကို လိုက်နာကျင့်သုံးနိုင်ခဲ့မည်ဆိုလျှင် ကိန်းသေ အောင်မြင်ရမည်ဖြစ်ပေသည်။ ပရမတ်တရားကို အယူသီးနေသော စွဲလမ်းနေသော လောကီပညာရှင်အချို့သည် ပညတ်ကို ပယ်တတ်ကြ၏။ သို့ကြောင့် ကံ ကံ၏အကျိုးကို အလွန်အမင်း ယုံကြည်အားကိုးအားထားပြုပြီး လူတစ်ဦးတစ်ယောက်သည် သူ့ကံအရကောင်းကျိုးနှင့် ဆိုးပြစ်များ ဖြစ်ထွန်းနေတာပါဟု တွက်ဆ၍ လောကီပညာဖြင့် မကောင်းသော ဆိုးပြစ်များကို ပယ်ဖျောက်မရနိုင်ကြောင်း တွေးခေါ်ပြီး သဘောထားပြုလုပ် ဆောင်ရွက်နေကြသူများလည်း ရှိပေ၏။ အတိုချုံး လိုရင်းကိုပြောရမည်ဆိုလျှင် ယုံလျှင်ကြည်ပါသည်။ မယုံလျှင် မကြည်ပါ။

**ယုံကြည်မှု အပြည့်အဝ ရှိပါက အောင်မြင်မှုလည်း အပြည့်အဝ ရရှိခံစားရမည်ဖြစ်ပေသည်။**

*ကျေးဇူးရှင်အား ရှိခိုးပါ၏။*

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

၀-၄၂၀၉၂၀၃၉



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့

ကျော်မြသန်း

(ယခင်လမှ အဆက်)

(တစ်ဆယ့်သုံး)

ပထမဆုံး အတွေ့အကြုံဟာ ကြည်နူးစရာကောင်းတယ်ဆိုရင် နောက်အတွေ့အကြုံတွေဟာ ယစ်မူးစရာတွေပဲလို့ ဆိုရမယ် ထင်ပါတယ်။ ဥဒ္ဒံထဲက ခွဲထွက်ခဲ့တဲ့ သတ္တဝါ ပေါက်စရဲ့ လွတ်လပ်ချင်မှုမျိုး ကျွန်မမှာ ရှိနေပါပြီ။ ဇော်မောင်မောင်က မမသီနဲ့အတူ မန္တလေးကို အလည်လိုက်ခဲ့ဖို့ ခေါ်လာတော့ ခေါင်းညိတ်မိတာက အရင်။ မလိုက်သင့်ဘူးဆိုတဲ့အသိ ဖြစ်ပေါ်လာတာက နောက်မို့ မန္တလေးကို လိုက်သွားခဲ့ပါတယ်။

ပထမဆုံးအကြိမ် ခရီးရှည်ထွက်ရခြင်းမို့လား မသိ၊ မီးရထားကြီးထွက်စကတည်းက ရင်ထဲမှာ သိမ့်သိမ့်ခါခါ လှုပ်နေသည်။ မလိုက်သင့်ဘူးဆိုတဲ့အသိကြောင့် မန္တလေး ခရီးကို မလိုက်လိုကြောင်း မမသီကိုပြောဖို့ နှစ်ခါသုံးခါမက ပြောလုလု ဖြစ်ခဲ့သော်လည်း လက်တွေ့တွင် မပြောဖြစ်။

ခုစာကလေးကြော်၊ ခုဆီထမင်းကြော်ဆိုတဲ့ အပြောမျိုး ပြောလာမည်ကို မခံချင်သည်က တစ်ကြောင်း၊ သည်ခရီးကို မလိုက်ရင် ကိုယ်မှန်းထားသည့်ဆန္ဒ ပျက်ပြယ်သွားမည်ကို စိုးရွံ့မိသည်ကတစ်ကြောင်း၊ မန္တလေးအလည်အပတ်ခရီးကို မက်မက်မင်မင် တမ်းတမ်းတတရှိနေသည်က တစ်ကြောင်း စသည့် အကြောင်းကြောင်းများကြောင့် မလိုက်သင့်ဆိုသောအသိကို ရင်ထဲက ဖယ်ထုတ်ပစ်လိုက်ရသည်။

ဝင်းမောင်က ခင်လေးနွယ်ကို လွတ်လွတ်လပ်လပ် သွားချင်လာစေနေစေလို့ ခွင့်ပြုထားသည်မှာ ရန်ကုန်မြို့တွင်းတွင်သာ။

ဒါတောင် တစ်ယောက်တည်းမဟုတ်။ မမသီနှင့်အတူ စကားခံဆိုထားသည်ပါ။

မမသီက ဒုညွှန်ကြားရေးမှူးကတော်မို့ ဝင်းမောင်က မမသီတို့လင်မယားကို အထင်တကြီးရှိပြီးသား။

မမသီ ခေတ်ဆန်ဆန် ပြင်ဆင်ဝတ်စားပြီး လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနေသည်ကို ဟိုနှယ် သည်နှယ် အထင်မရောက်။ အရာရှိကြီးကတော်မို့ ဒီလောက်တော့ နေသင့်သည်ဟု အမြင်ရှိထားသည်။

ဒါကြောင့်လည်း ဇနီးမယားကို မမသီနှင့်အတူ သွားလာနေထိုင်ဖို့ ခွင့်ပြုထားခြင်းဖြစ်၏။

လူတစ်ယောက်၏ အဇ္ဈတ္တအသွင်ကို အပြင်အမြင် ကြည့်ရုံဖြင့် မသိနိုင်။

နှစ်နှင့်ချီ၍ လက်ပွန်းတတီးပေါင်းသင်းနေထိုင်ရသည့်တိုင် ထဲထဲဝင်ဝင် မသိနိုင်။

ပန်းဆိုးတန်းတိုက်ကို ရောက်ပြီးမှသိကြသည်၊ ဦးအေးမြင့်ကိုအကြောင်းပြု၍ ဒေါ်ခင်သီကိုပါ ရောယောင်အထင်ကြီးသည်ကလွဲပြီး သူတို့အိမ်တွင်းရေးနှင့် သူတို့ဇီဇ အကျင့်စရိုက်ကို ဘာမှမသိ။

သူ့ဘက်က ချွတ်ယွင်းနေသည့် ဝတ္တရားကိုတော့ ဝင်းမောင်သိလာသည်။

သူကဖြတ်လမ်းနည်းနှင့် ကြီးပွားအောင် စီးပွားရေးကို လုံးပန်းနေသည်ကလွဲ၍ မယားတစ်ယောက်ကို ငွေကြေးပံ့ပေးသည်ကလွဲ၍ တခြားတာဝန် ဘာမှမကျေပွန်။

သူတို့ လင်မယားနှစ်ယောက်၏ အသက်အရွယ်နှင့် နုနယ်သေးသည့် အိမ်ထောင်သက်အရ ခုလိုအနေမျိုးနှင့် မနေသင့်။ လောက၏ ဓမ္မတာအစဉ်အလာကို ဆန့်ကျင်ဘက် ပြုနေဘိသို့ ရှိနေချေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်း ခင်လေးနွယ်တစ်ယောက် အသိတရားကို သတိထားဖို့ကျတော့ မလွယ်သဘောသို့ မျက်နှာမူလိုက်ရခြင်းဖြစ်၏။

လင်သား ခရီးထွက်နေသည့် အချိန် လင်သား၏ ခွင့်ပြုချက်မပါဘဲ ရန်ကုန်မြို့နှင့် မိုင်ငါးရာနီးပါး ခရီးတာကွာဝေးသည့် မန္တလေးသို့ လိုက်ပါဖို့ အလွယ်တကူ ခေါင်းညိတ်လိုက်သည်မှာ မညိတ်အပ်သောခေါင်းကို အလွယ်တကူ ညိတ်မိသည်ဟု ဆိုရမည်မှာ တစ်ပါး အခြားဆိုဖွယ်ရာ မရှိပြီ။

သို့တစေ ...။

* * *

"မသွားသင့်ဘူးဆိုတာ သိပေမယ်လို့ ကျွန်မမှာ အဲဒီအသိကို ထိန်းသိမ်းနိုင်စွမ်းမရှိပါဘူး။ အရွယ်အားဖြင့်ပဲဆိုဆို ကျွန်မတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးအနေအထား အရပဲဆိုဆို ကျွန်မနေရာမှာ တခြားမိန်းကလေး တစ်ယောက်ဆိုရင်လည်း ကျွန်မလိုပဲ ဆုံးဖြတ်လိမ့်မယ်လို့ ထင်ပါတယ်။ ပြီးတော့ ကျွန်မမှာ မမသီနဲ့လို့ဆိုတဲ့ ခိုင်ခိုင်လုံလုံ ဆင်ခြင်ပေးစရာကလည်း ရှိနေတာကိုး။ ဒီခရီးကို လိုက်သင့်တယ်လို့ ကျွန်မဘက်က ဆိုစရာအကြောင်းလည်း ရှိပါတယ်။ အဲဒီအချိန်အထိ ဖော်မောင်မောင်ရဲ့ ကျွန်မအပေါ် ဆက်ဆံပုံဟာ မရိုးဘူးဆိုတဲ့ သံသယကြီးမျိုး ထင်စရာ၊ ပြောစရာ၊ ဆိုစရာ အရိပ်အဆင် ပေါ်ပေါ်ထင်ထင် မရှိပါဘူး။ နုပျိုလန်းဆန်းတဲ့အလှကိုစိတ်ဝင်စားတယ်ဆိုတာ ယောကျ်ားတွေရဲ့ မွေးရာပါ ဗီဇစရိုက်ပါ။ ဖော်မောင်မောင်က ကျွန်မရဲ့ နုပျိုလတ်ဆတ်တဲ့ အလှအပေါ် ယစ်မူးစိတ်ဝင်စားတာကို ဆန်းတယ်လို့ ဘယ်ပြောလို့ရပါ့မလဲ။ သူ့လိုအရွယ်မပြောနဲ့ ဆံဖြူ သွားကျိုး သင်္ချိုင်းကုန်း တစ်ခြေငါးကြိမ်လောက် မျက်စောင်းထိုးနေတဲ့ အရွယ်မှည့်တွေတောင် ကျွန်မတို့လို ငယ်ငယ်လှလှလေးတွေကို တွေ့ရင် အပုပ်ကောင် ရုပ်ဆောင်ထားတဲ့ အရိုးစုကြီးလို့ သဘောမထားဘဲ ငယ်မူငယ်သွေးအကြည့်မျိုးနဲ့ ကြည့်ကြသေးတာပဲဟာ"

သည့်အပြောလေကြောင့် ထောင်မှူးလေး ဦးတင့်လွင်ပင်လျှင် မျက်နှာပျက်လုလု အနေအထားမျိုး ဖြစ်ခဲ့ရသေးသည်ပါ။ ခင်လေးနွယ်က အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ဟောဟောဒိုင်းဒိုင်း မသွယ်မဝိုက် ပြောနေမှုကိုး။

အိမ်ပြန်ရောက်တော့ ထမင်းစားရင်း အေးကို သည့်အကြောင်းပြောပြခဲ့ရာ ခင်လေးနွယ်က ဘယ်ဆိုးလို့တုံးလို့ အေးက မှတ်ချက်ချလိုက်သည်။

"အင်းလေ ... အစ်ကိုလွင်တို့ယောကျ်ားတွေကလည်း ..."

"ဟော ... အေးက မိန်းမပီပီ ခင်လေးနွယ်ဘက်က ရှေ့နေလိုက်တော့မယ်ထင်တယ်။ နှာခေါင်းပေါက်ချင်းတူပေမဲ့ အသက်ရှူချင်းမှ မတူတာ"

"ဟင်း ... မတူလို့သာပေါ့၊ တူများတူရင်တော့လား"

"ကဲပါ ... အေးရာ၊ ထားပါတော့။ နက်ဖြန် အစ်ကိုလွင် ဦးစီးရုံးကို သွားစရာရှိတယ်။ မနက်ပိုင်း ခဏဝင်ပြီး အစောကြီး ပြန်ထွက်ခဲ့မယ်။ အေးတို့သားအမိပါ လိုက်ခဲ့ပါ လား"

"အစ်ကိုလွင်က ရုံးကိစ္စနဲ့ဆိုတော့"

"ရုံးကိစ္စက ခဏကလေးပါ။ ထောင်ထဲ ပြန်မဝင်နဲ့တော့လို့ ထောင်မှူးကြီးကပြောလိုက်တယ်လေ။ အမှတ်မထင်တဲ့ အခွင့်အရေးလေးရတုန်း ရုပ်ရှင်လေးဘာလေး ကြည့်ကြရအောင်"

မိမိရက်အားကိုသော်မှ ကျိန်းသေပေါက် အားရက်ရယူနိုင်သည်လို့ မပြောနိုင်ရာ။

ထောင်မှူးလေးများမှာ သားမယားနှင့် အတူစုံတွဲ ထွက်ဖို့မလွယ်။

အခွင့်သာခိုက် ရသည့်အခွင့်အရေးကို အမိအရ ယူကြရသည်ပါ။

"ဒါဖြင့်ရင် ... နက်ဖြန်ဘာမှ မချက်နဲ့တော့။ မြို့ထဲမှာ တစ်ခုခုစားပြီး သမ္မတရုံမှာ ရုပ်ရှင်ကြည့်ရအောင်"

"အစ်ကိုလွင် အစီအစဉ်အတိုင်း လုပ်ပေါ့။ ရုပ်ရှင်ကြည့်တာတော့ ဟုတ်ပါရဲ့၊ သမ္မတရုံဆိုတော့ လက်မှတ်ရဖို့ လွယ်ပါ့မလား။ ချပြနေတဲ့ကားက ပွဲတိုင်းရုံးပြည့်တယ်လို့ ပြောနေကြတယ်လေ။ ကြိုတင်လက်မှတ် လုပ်မထားဘဲ သွားကြည့်မှာဆိုတော့ အေးတို့အတွက် လက်မှတ်က ..."

"ဒါလောက်တော့ အစ်ကိုလွင်လည်း မီးသေပါတယ် အေးရာ ...။ အထင်မသေးစမ်းပါနဲ့၊ ထောင်မှူးပါ"

ထောင်မှူးကလေး ဦးတင့်လွင်က လက်မလေးထောင်ပြီး ဇနီးဖြစ်သူကို ကြွားလုံးထုတ်လိုက်သည် ...။

ဟုတ်ပ။ ကြွားလုံးထုတ်စရာ အကြောင်းကလည်း ရှိပေသကိုး။

ရုပ်ရှင်လက်မှတ် မှောင်ခိုရောင်းသူများမှာ ထောင်ထဲကို ခင်စို့ ထွက်စို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေသူတွေ။

အချုပ်ဆောင်ကိုင်ရသူ ထောင်မှူးလေး ဦးတင့်လွင်နှင့် ရုပ်ရှင်လက်မှတ် မှောင်ခိုသမားများမှာ အမြဲတမ်းလိုလို တွေ့ဆုံနေရစမြဲရှိ၏။

ရုပ်ရှင်လက်မှတ် မှောင်ခိုသမားများမှာ ထောင်ထဲတွင် ကြာကြာမနေရ။ သူတို့အမှုက ဒဏ်ငွေနှင့် ပြီးသည့်အမှု။

ရမာန်လေးတစ်ပတ်နေပြီးရင် ရုံးထွက်၊ ဒဏ်ငွေဆောင်၊ ထောင်ထဲကို ပြန်မလာရတော့။

သူတို့က သူတို့အကြောင်း သူတို့ သိသမို့ ရုံးထွက်သွားခါနီးတိုင်း ထောင်မှူးလေး ဦးတင့်လွင်ကို ဖိတ်မန္တက ပြုသွားမြဲ။

"ဆရာကြီး ရုပ်ရှင်ကြည့်ချင်ရင် ဘယ်အချိန်မဆို ကျွန်တော်တို့ဆီကို လာခဲ့ပါတဲ့"

ရုပ်ရှင်ရုံမှာ လက်မှတ်ရောင်းသည့် ဝန်ထမ်းတွေက သူတို့လောက်မပိုင်။

လက်မှတ်ရောင်းလို့ ကုန်သွားပြီဆိုရင် ကိုယ့်မိတ်ဆွေထားလို့ ကိုယ့်ဆရာသမားလာသော်မှ လက်မှတ်တစ်စောင်ရအောင် လုပ်မပေးနိုင်။

ကြိုတင်မှာထားရင်သာ လုပ်ပေး နိုင်ကြသည်။ မှောင်ခိုသမားတွေကတော့ သည်လိုမဟုတ်။

ရုပ်ရှင်ရုံမှာ ပြည့်ပြီဆိုင်းဘုတ် သေးသေးပဲ ချိတ်ချိတ်၊ ကြီးကြီးပဲချိတ်ချိတ် ချိတ်ချင်သလို ချိတ်၊ သူတို့လက်ထဲမှာ လက်မှတ်အထပ်လိုက်။

သူတို့က ဈေးလျှော့မရောင်း။ နမူနာကားတွေ ဘယ်အချိန်အထိပြသည်၊ ဇာတ်ကားရှည် မည်သည့်အချိန် စပြသည်ကို သူတို့လေ့လာထားကြသည်။

ဇာတ်ကားရှည် စပြမည့်အချိန်အထိ လက်မှတ် ဆယ်စောင်လောက်ကို ကိုင်ထားစမြဲ ရှိကြသည်။

ကမန်းကတန်း လာသူကဆိုဈေးကိုမဆစ်တတ်၊ မြောဈေးအတိုင်း ကပျာကသီဝယ်ပြီး ရုံထဲသို့ ကသုတ်ကယက် အပြေးအလွှား ဝင်ကြစမြဲ။

တလောဆီက ဦးတင့်လွင်ကိုင်နေသည့် အချုပ်ဆောင်သို့ မှောင်ခိုဂိုဏ်းခေါင်းဆောင်ကြီးနှင့် နောက်လိုက်နောက်ပါ ငါးဆယ်ကျော် အစုလိုက်အပြုံလိုက် တန်းစီပြီး ဝင်လာကြသည်။

သူတို့ပါမက ရုပ်ရှင်ရုံဝန်ထမ်းတွေလည်း တစ်သုတ်ပြီး တစ်သုတ် အစုအဖွဲ့နှင့် ဝင်လာကြသည်။

ရန်ကုန်မြို့လယ်က ရုပ်ရှင်ရုံတွေမှာ သူတို့အမြဲရှိကြသည်မို့ ကြိုတင်လက်မှတ်လုပ်မထားဘဲ သမ္မတရုံမှာ ရုပ်ရှင်ကြည့်မည်ဟု ဖနီးသည်ကို အာမခံလိုက်ခြင်း ဖြစ်ပါသည်။

အာမခံလိုက်သည့်အတိုင်း ကြည့် ဖြစ်ကြသည်။

လက်မှတ်ကို အလွယ်တကူရရုံမက ပိုက်ဆံထုတ်ပေးသည်ကိုပင် ခါးခါးသီးသီး ငြင်းပယ်လိုက်ကြသည်။

သူတို့ပေးသည့်လက်မှတ်မှာ စတောဒီစီလက်မှတ်မဟုတ်။ လော့(ချ်)ခေါ် ရှေ့ဆုံး သီးသန့်တန်း လက်မှတ်။

ခံ့ညားသည့် သမ္မတရုပ်ရှင်ရုံပေါ် အထက်တွင် အေးမျက်နှာမှာ အပြုံးတဝေဝေနှင့်။

* * *

ခင်လေးနွယ်က သူတို့ခရီးထွက်တုန်း ဝင်းမောင် ပြန်ရောက်လာရင် ဖတ်ဖို့ မှာတမ်းတစ်စောင်ရေးခဲ့သည်။

အဲဒီစာထဲမှာ ဖော်မောင်မောင် အကြောင်း လုံးဝမပါ။ မမသီ ကိစ္စတစ်ခုနှင့် မန္တလေးသို့သွားဖို့အကြောင်းပေါ်လာသောကြောင့် ဘုရားဖူးရင်း မမသီပါ အဖော်ရအောင် လိုက်သွားရသည့်အကြောင်း၊ ကိုဝင်းမသိဘဲ လိုက်ပါသွားရသည်ကို ခွင့်လွှတ်ဖို့အကြောင်း၊ မမသီပါသမို့ လိုက်သွားသည့်အကြောင်းကို တဖွဲ့တနွဲ့ ရေးထားသည်။

စာပါအကြောင်းအရာများနှင့် ပတ်သက်သမျှကို မမသီနှင့် စည်းဝါးရိုက်ပြီးသား။

သူတို့ခရီးသွားနေတုန်း ဝင်းမောင် ပြန်ရောက်ခဲ့သော် ဦးအေးမြင့်က ချစ်ဇနီးအမှာစကား ပြုထားသည့်အတိုင်း ထပ်ဆင့် ရှင်းပြလိမ့်မည်မို့ နောက်ကြောင်းအတွက် စိတ်တထင့်ထင့် နောက်ဆံတင်းစရာ မလို။

အိမ်ထောင်ကျပြီးကတည်းက ဝင်းမောင်နှင့်အတူ ပဲခူးကို ဘုရားဖူးအလည်သွားဖူးသည်ကလွဲလို့ ခရီးရှည် မထွက်ဖူးသေး။

သည်ခရီးနှင့် ပတ်သက်လို့ မမသီမှာ ဘယ်လိုရည်ရွယ်ချက်။ ဘယ်သို့သော အကြောင်းရင်းခံရှိသည်ကို မသိ။ သူ့မှာက အကြောင်းရင်းခံနှင့် ရည်ရွယ်ချက် ရှိသည်။

သူတို့ နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ခုတုံးလုပ်နေကြောင်း သိပေမဲ့ မသိကျိုးကျွန် ပြုနေကြသည်ပါ။

မန္တလေးရောက်ရင် ဖော်မောင်မောင်တို့တိုက်မှာ မတည်း။ သူတို့ဘာ



www.burmeseclassic.com

www.burmeseclassic.com

သာ တည်းခိုခန်းမှာ တည်းမည့် အကြောင်း မမှသီပြောစဉ်က တစ်မျိုးပါလားလို့ထင်လိုက်သော်လည်း သည်အစီအစဉ်ကို ခင်လေးနွယ်ကလည်း သဘောကျသည်။

သူများအိမ်တွင် တည်းခိုနေထိုင်ရသည်မှာ မလွတ်လပ်။ ဒါ့အပြင် သူတို့သိတာက ဇော်မောင်မောင် တစ်အိမ်သားလုံးမဟုတ်။ ဇော်မောင်မောင် တစ်ယောက်တည်းကိုသာ။ သူတို့အိမ်သားတွေ ဆက်ဆံပုံအနေအထားကို မသိ။

သူတို့အပေါ် ဘယ်လိုသဘောထားမည်ကို မခန့်မှန်းနိုင်။ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် တည်းခိုခြင်းသည် အကောင်းဆုံးဖြစ်သည်။

သည်အစီအစဉ်ကို မမသီနှင့် ဇော်မောင်မောင်တို့ စည်းဝါးရိုက်ပြီးဖြစ်လိမ့်မည်ဟု ခင်လေးနွယ် ထင်ခဲ့သည်။

သူတို့က ညထွက် ပထမအမြန်ရထားနှင့် လိုက်ကြမည်။ လက်မှတ်ကိစ္စ၊ ဘာကိစ္စ သူတို့ ဘာမှလုပ်စရာမလို။

ခင်လေးနွယ်က လက်မှတ်ခ ဘယ်၍ဘယ်မျှပေးရမည်ကို မသိသမို့ မမသီကို မေးခဲ့သည်။

"အမယ်လေး နွယ်ရယ်၊ တို့က လိုက်ချင်ပါတယ်လို့ပြောပြီး လိုက်တာမှ မဟုတ်ဘဲဟာ။ သူက အတင်းဖိတ်မန္တကပြုလို့ လိုက်ရတာ၊ သူ့ကိစ္စ သူရှင်းလိမ့်မပေါ့"

"မမသီကတော့ ဟုတ်တာပေါ့၊ နွယ်ကျတော့"

"နွယ့်ကို မမသီက တစ်ဆင့်ခေါ်တာမှ မဟုတ်ဘဲဟာ။ အတူတူပေါ့ နွယ်ရဲ့၊ သူ့ဒွေးကို ကြေးမပချင်စမ်းပါနဲ့ကွာ။ စိတ်ရှင်းလက်ရှင်း အေးအေးသာလိုက်ခဲ့။ မမသီ အားလုံးကြည့်ပြီး စီစဉ်သွားမယ်"

ခင်လေးနွယ်က ရိုးရိုးတန်းတန်းတို့၊ အထက်တန်းတို့ အကြောင်းမသိ။

ရထားပေါ်ရောက်မှ အထက်တန်းနှင့် သွားရမည်ကို သိသလို အထက်တန်းတွဲဆိုတာ ဒါကြီးပါလားလို့ သိဖူးတွေ့ဖူး မြင်ဖူးလိုက်ရသည်။

"ကျွန်မ ခရီးရှည်ရထား စီးဖူးတာဟာ ဒါပထမဆုံး အကြိမ်ပါပဲ။ ပြီးတော့ ရထားကို ဒုတိယအကြိမ်စီးဖူးတာပါ။ ရထားနဲ့ ပတ်သက်တဲ့ အတွေ့အကြုံကို ကျွန်မ မသိခဲ့ပါဘူး။ ပထမတစ်ကြိမ် စီးဖူးတာက မြို့ပတ်ရထားကိုပါ။ အထက်တန်းတွဲနဲ့ ထိစပ်မိတာဟာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ ကျွန်မတို့သုံးယောက် ရထားတစ်စီးတည်း အတူတူခရီးသွားရမှာ ဖြစ်ပေမဲ့ နေရာမတူပါဘူး။ အထက်တန်းအိပ်ခန်းမှာ နှစ်ယောက် အထက်တန်းထိုင်ခုံမှာ တစ်ယောက်၊ အဲဒီလို နေရာခွဲသွားရမှာကို ရထားပေါ်ရောက်မှပဲ သိရပါတယ်။ လက်မှတ်အခက်အခဲကြောင့် အိပ်ခန်းနှစ်နေရာနဲ့ ထိုင်ခုံတစ်နေရာရတဲ့အကြောင်း ဇော်မောင်မောင်က ပြောပြပြီး ကျွန်မတို့နှစ်ယောက်ကို အိပ်ခန်းမှာ အိပ်ကြဖို့ သူက ထိုင်ခုံနဲ့လိုက်မယ့်အကြောင်း ပြောတဲ့အခါ မမသီက သူထိုင်ခုံမှာ သွားနေမယ့်အကြောင်း၊ ကျွန်မတို့နှစ်ယောက် အိပ်ခန်းက လိုက်ဖို့ပြောလိုက်တော့ ကျွန်မရင်ထဲမှာ တုန်ရင်သွားရပါတယ်။ အဲဒီအချိန် အိပ်ခန်းထဲမှာ ကျွန်မတို့ သုံးယောက်ပဲရှိတာကိုး။ မမသီ ဘယ်လိုများ ပြောလိုက်တာလဲလို့ မမသီအပေါ် မကျေမချမ်းဖြစ်သွားရပါတယ်။ ဒါပေမဲ့ ဇော်မောင်မောင်က သူ့သူငယ်ချင်းတွေနဲ့ တွေ့လို့ သူပဲ ထိုင်ခုံက လိုက်မယ့်အကြောင်း ပြောလိုက်တော့မှ ကျွန်မလည်း မသိမသာ သက်ပြင်းကလေးကို ညင်ညင်သာသာ ချလိုက်ရပါတယ်"

တစ်ခန်းတည်း အတူသွားရမည့် ခရီးသွားဖော်မှာ သူတို့လို မိန်းမသားတွေမဟုတ် ယောကျ်ားတွေ။ ငါးဆယ်ကျော် သက်လွန်ရွယ်တွေဖို့ မထောင်းတာ။ သို့တစေ လွတ်လွတ်လပ်လပ်တော့မရှိ။

မမသီကတော့မမှု၊ အဖွဲ့ကျအောင် ပေါင်းလိုက်သည်။ ဒါးပိန်ဘူတာ လွန်ကတည်းက မမသီနှင့် တရင်းတနှီး ရှိသွားကြ၏။

သူ့ယောကျ်ား၏ ဂုဏ်ပုဒ်ကို ဖော်ထုတ်လိုက်ရာ ခရီးသွားဖော်များက မမသီကို တလေးတစားပင် ဆက်ဆံကြသည်။

ဇော်မောင်မောင်က ထိုင်ခုံနှင့် အိပ်ခန်းကို ကူးချည်သန်းချည် လှုပ်ရှားလျက်။

* * *

**(တစ်ဆယ့်လေး)**

မန္တလေးဟိုတယ်မှာ တည်းခိုကြသည်။ မန္တလေးဟိုတယ်မှာ အခန်းရဖို့မလွယ်။

မန္တလေးကို ကျွမ်းသည့် ဇော်မောင်မောင်က ရန်ကုန်မှ လှမ်း၍ ကြိုတင်ဖုန်းဆက် အခန်းယူထားသောကြောင့်သာ အခန်း အလွယ်တကူရခဲ့သည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်သမားဆိုတာက နေရာပေါင်းစုံ၊ လူပေါင်းစုံနှင့် အဖွဲ့ကျသလို နေရာတကာကို ဝင်ဆံ့သည်။

သာမန်လူတွေ ခက်ခက်ခဲခဲ လုပ်ရသည့် ကိစ္စမှန်သမျှ သူတို့က အလွယ်တကူ လုပ်နိုင်သည်။

မန္တလေးဟိုတယ်ကို အနည်းဆုံး တစ်နေ့တစ်ခေါက် ရောက်စမြဲရှိသူ ဇော်မောင်မောင်မှာ ဟိုတယ်ဝန်ထမ်းအားလုံးနှင့် တရင်းတနှီး ကျွမ်းဝင်ပြီးသား။

မန္တလေးမှာ ခေတ်ပေါ်ခေတ်မီ တည်းခိုခန်းတွေ အများကြီး။ ဒါပေမဲ့ တည်းခိုသူတွေက လူပေါင်းစုံ၊ တည်တည်ငြိမ်ငြိမ် တည်းခိုနေထိုင်သူတွေပါသလို သောသောရုတ်ရုတ်သမားတွေလည်း ပါသည်။

သောသောရုတ်ရုတ်သမားတွေက မန္တလေးဟိုတယ်လို နေရာကို ကပ်။ ကပ်လို့လည်း မရ။

အရောင်းအဝယ်သမားတွေက ဈေးနားနီးနီး ကားဂိတ်နားနီးနီး၊ ဘူတာနီးနီး။ တည်းခိုခန်းတွေမှာသာ တည်းခိုလေ့ရှိကြ၏။

သူတို့လုပ်ငန်း နယ်ပယ်က ထိုနေရာတစ်ဝိုက်တွင်သာ။

မန္တလေးဟိုတယ်က ဈေးလည်းကြီးသည်။ သူတို့လုပ်ငန်း နယ်ပယ်နှင့်လည်း မနီး။ သူတို့စရိုက် သူတို့အထာများနှင့်လည်း မအပ်စပ်။

တည်းခိုခန်းနှင့် ဟိုတယ် အရှိန်အဝါမတူသလို အဆင့်အတန်း မြင့်ပုံချင်လည်း မတူ။

အမျိုးသမီးနှစ်ယောက်တည်း ဟိုတယ်မှာ တည်းခိုနေစေကာမူ အဆင်သေး အမြင်သေးသည့် အကြည့်မျိုးဖြင့် မကြည့်ကြ၊ မမြင်ကြ။

သူတို့နှစ်ယောက်၏ ရုပ်လက္ခဏာနှင့် နေထိုင်ပုံ အဆင့်အတန်းကြောင့် သူတို့အပေါ် အမြင်ဖြောင့်စင်းသည်။

မန္တလေးကိုရောက်ပြီး နာရီပိုင်းအတွင်း လင့်ရှိဘာ ကားတစ်စီးလည်း ရောက်လာသည်။ သူတို့အချိန်ပြည့် အသုံးပြုဖို့အတွက်။ သူတို့အပေါ် အထင်မကြီးသော်မှ အထင်မသေးသာစရာ။

သွားလိုက်ကြ၊ လည်လိုက်ကြသည်မှာ အနားမရှိ။ သူတို့ လင့်ရှိဘာကားကို မန္တလေးနေရာတိုင်းမှာ မတွေ့ချင် အဆုံး။ သူတို့နှင့်အတူ တွဲလျက်ပါနေသူမှာ ဇော်မောင်မောင်။ သူမပါဘဲ သူတို့နှစ်ယောက်တည်း သွားကြလာကြသည့်အခါများ ရှိသည်။

"ဒါပေမဲ့ အများအားဖြင့်တော့ သူပါစမြဲ"

မန္တလေးမှာ ဇော်မောင်မောင်ကို လူသိများသည်။ သိကြသည်က ရုပ်ရှင်နှင့် ဆက်သွယ်နေသူတစ်ယောက်အဖြစ်။

သူပိုင် ပစ်တိုင်းထောင် ရုပ်ရှင်ဖြန့်ချိရေးမှ ဇာတ်ကားများ မန္တလေးမှာ ရုံတင်တိုင်း ရုပ်ရှင်ရုံမှာ သူ့ကို တွေ့ကြရစမြဲရှိသည်။

မန္တလေးသို့ တက်လာသည့် ရုပ်ရှင်အဖွဲ့များနှင့် တပူးတွဲတွဲ နေတတ်သည့် သူ့ကို အမြင်အတွေ့များကြသည်။

ရင်ရှုပ်စရာ ရုပ်ရှင်ကို လူတိုင်း စိတ်ဝင်စားကြသမို့ မန္တလေးက ရုပ်ရှင်ဝါသနာအိုးတို့များလေးတွေဆို သူနှင့် မိတ်ဖွဲ့ရမည်ကို လိုလိုမင်မင်ရှိကြ၏။

ယုတ်စွအဆုံး သူနှင့်သိကျွမ်းလျှင် လက်မှတ်အလွယ်တကူ ဝယ်ယူရရှိရသည်။ မေတ္တာလက်မှတ်ဖြင့် ဝင့်ဝင့်မော်မော် ရုပ်ရှင်ကြည့်ရသည်။

မေတ္တာလက်မှတ်ကို ဖောဖောသီသီပေးနိုင်သူမှာ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်နှင့် ဇော်မောင်မောင်တို့လို ရုပ်ရှင်ဇာတ်ကားဖြန့်ချိရေးပိုင်ရှင်များ ဖြစ်၏။

မေတ္တာလက်မှတ်။

နာမည်ကလေးက လှလှပပ။ လက်မှတ်ရကြသူများကလည်း ကြွကြွရွရွ၊ ကြွားကြွားရွားရွား။ မေတ္တာလက်မှတ်ဆိုသည့် နာမည်အတိုင်း မေတ္တာဖြင့် အလကားပေးရသည်ဆိုသော်လည်း မေတ္တာလက်မှတ် ပေးသူကို မေတ္တာလက်မှတ်က ပြန်လည်အကျိုးပြုတာတွေ အများကြီးရှိသည်။

မျက်နှာပွင့်သည်။ နေရာတကာမှာ ဝင်ဆံ့သည်။ ကိစ္စကြီးငယ်ရှိလျှင် နေရာတကာကို အချိန်အခါမရွေး ဝင်နိုင်၊ ထွက်နိုင်ခွင့်ရသလို ကိစ္စကြီးငယ်ဟူသမျှကို ပြီးပြေလျော့ပါးစေနိုင်သည်။

"တတ်နိုင်သူ" စာရင်းထဲမှာ သူတို့ပါကြသည်။

ဒါ့ပြင် ရုံလူဝင်နည်းလာသည့်အခါ ရုံရှေ့တွင် ရုပ်ရှင်ကြည့်ပရိသတ် ခြောက်ခြောက်ကပ်ကပ် ရှိမနေအောင် ကြည့်လိုက်လျှင် လူတွေအုပ်နှင့် သင်းနှင့် ရှိနေအောင် မေတ္တာလက်မှတ်က လုပ်စွမ်းပေးနိုင်သည်။

အလကားပေးရသည့်တိုင် ကိုယ့်အိတ်ထဲက လုံးလုံးလျားလျား မစိုက်ရ။ ငါးကျပ်တန်လက်မှတ်တစ်စောင်ကို ပွဲခွန်အတွက် ကိုယ့်အိတ်ထဲက စိုက်လိုက်ရသည်မှာ နှစ်ကျပ်။ ပြန်ရသည့်အကျိုးအမြတ်မှာ နှစ်ကျပ်မက



www.burmeseclassic.com

www.burmeseclassic.com

တာတွေ အများကြီးရှိပါလေသတတ်။

ထားပါတော့ ...။

သူတို့နှစ်ယောက်တည်း သွားသည့်အခါ အကြောင်းမဟုတ်။ သက်ရင့်စ မိန်းမချောတစ်ယောက်နှင့် သက်နု မိန်းမချောလေးတစ်ယောက် အဖြစ် ရိုးရိုးစင်းစင်း ကြည့်ကြ၊ မြင်ကြသည်။

ဖော်မောင်မောင် တွဲပြီးပါလာသည့်အခါတွင်မူ ရိုးရိုးစင်းစင်းအကြည့်များ ပြောင်းလဲသွားသည်။

ဈေးချိုတစ်ဝိုက်သို့ ရောက်ပြီဆိုရင် စူးစမ်းလေ့လာသည့်အကြည့်။ စူးစူးထင်ထင် အကြည့်ဖြင့် ဝိုင်းကြည့်သည်မျိုးနှင့် ဆုံစည်းရသည်။

ရုပ်ရှင်နှင့် ဆက်နွယ်နေသူများ လေလားဟု။

အကြည့်တွေက စူးရဲသည်။ ဟိုနွယ် သည်နွယ် ထင်ကောင်းထင်သည်မျိုးလည်း ပါရှိလိမ့်မည်ပါ။

တစ်ခုတော့ရှိသည်။ ဖော်မောင်မောင်က မန္တလေးမှာ ဣန္ဒြေရရနေတတ်သမို့ နာမည်ပျက်မရှိ။

အပုပ်နံ့ သိပ်မထွက်။ သူမြို့ သူ လုပ်ငန်းခွင်ရှိရာနေရာမှာ မရတ်တတ်သည့် ကြောင်သူတော်သို့နယ် အနေအထိုင် ပိပြားသိုသိပ်သည်။

သို့မို့ကြောင့် ပတ်ဝန်းကျင်၏ အထင်သေး အမြင်သေး အကြည့်မျိုး မခံရ။

သူတို့ မန္တလေး ရောက်နေသည်မှာ သုံးရက်ရှိပြီး ဖော်မောင်မောင်၏ ဂရုတစိုက်ရှိမှုမှာ အိမ်ရှင်ဝတ္တရား ကျေပွန်ရုံမက ညှဲ့သည်က အလွန်အမင်း အားနာရလောက်အောင် ပိုသာလွန်သည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

မန္တလေးကို ဘုရားဖူးအလည်အပတ်ခေါ်လာပြီး လိုလေသေးမရှိအောင် ညှဲ့ဝတ်ကျေပွန်နေသည့် အကြောင်းရင်း ဘယ်သို့ရှိသည်ကိုမူ ခင်လေးနွယ်ခမျာ တွေးရခက်ကြီးဖြစ်နေသည်။

ရှေ့စွန်ညို့ဝဲသည်ကိုတော့ အသိသား။ မမသီအပေါ်လား၊ သူ့အပေါ်လား ဆိုသည်ကိုတော့ မဝေခွဲသာ။ အဖြေညှိပေးမယ့် ပဟေဠိသဖွယ်သို့။

"သူက တရားလွန် ညှဲ့ဝတ်ကျေပွန်လေ ကျွန်မရင်ထဲမှာ လှုပ်ရှားလေ ဖြစ်ခဲ့ရပါသည်။ ဒါကလည်း ကျွန်မအထင်နဲ့ ကျွန်မ ဖြစ်နေတာပါ။ မန္တလေးရောက်ပြီး လေးရက်မြောက်နေ့ကျမှပဲ ရှုပ်ထွေးနေတဲ့ အတွေးစဉ်များ ရှင်းလင်းသွားရသလို အဖြေညှိလို့မရတဲ့ ပဟေဠိကိုလည်း အဖြေညှိလို့ ရခဲ့ပါတယ်။ မန္တလေးခရီးဆိုတာဟာ ကျွန်မနဲ့ ပတ်သက်လိမ့်မယ်လို့ ထင်ခဲ့ပေမဲ့ တကယ်တော့ မမသီနဲ့ ပတ်သက်တဲ့ကိစ္စပါ။ ဒါကို မမသီက ဖွင့်ပြောခဲ့ပါတယ်။ သူတို့ အရောင်းအဝယ်ကိစ္စဟာ မန္တလေးမှာ မပြီးဘဲ လားရှိုးအထိတက်ရမှာမို့ ကျွန်မ လားရှိုးအထိ ဆက်လိုက်လိုတဲ့ ဆန္ဒရှိမရှိ မေးလာပါတယ်။ ဘာအရောင်းအဝယ်ကိစ္စလိုတော့ မပြောပါဘူး။ ကျွန်မလည်း မေးလို့မကောင်းတာနဲ့ မမေးပါဘူး။ ကျွန်မ လားရှိုးဘက်မလိုက်ရင် လေယာဉ်ပျံနဲ့ပြန်ဖို့ စီစဉ်ပေးမယ့် အကြောင်း၊ လေယာဉ်ကွင်းမှာ ဦးအေးမြင့် လာကြိုဖို့ ဖုန်းဆက်ထားမယ့် အကြောင်း ပြောတော့ ကျွန်မစိတ်ထဲမှာ ခိုးလိုးခုလုဖြစ်ပြီး ရင်ထဲမှာ တစ်မျိုးကြီးပဲ ခံစားလိုက်ရပါတယ်။ အဲဒီကနေ တလွဲမာန ထောင်ခဲ့မိတာပါပဲ"

"ဒီလိုဖြစ်လိမ့်မယ်လို့ မထင်လို့ မမသီ နွယ့်ကို ခေါ်လာတာ။ မမသီ စိတ်မကောင်းပါဘူး နွယ်ရယ်။ တစ်ယောက်တည်း ရထားနဲ့ မပြန်စေချင်လို့ မမသီပဲ လေယာဉ်ပျံစီစဉ်ခိုင်းလိုက်တာပါ။ မောင်မောင်ကတော့ နွယ့်ကို လားရှိုးဘက်အထိ ဆက်လိုက်စေချင်တာပေါ့"

"အဲဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ တစ်မျိုးဖြစ်သွားပြန်ပါတယ်။ ပထမဖြစ်တဲ့တစ်မျိုးနဲ့ ဒုတိယဖြစ်တဲ့ တစ်မျိုးက မတူပါဘူး။ အမှန်အတိုင်း ဝန်ခံရရင် ဖော်မောင်မောင်အပေါ် ကျွန်မ စိတ်ဝင်စားနေပြီ ဆိုတာကို ငြင်းလို့မရတော့ပါဘူး။ ကိုယ့်ကိုယ်ကို မလိမ်စတမ်းပြောရရင် ကျွန်မဟာ ဖော်မောင်မောင်အပေါ် စိတ်ဝင်စားနေမိပါပြီ။ ဒါပေမဲ့ သူက ..."

ခင်လေးနွယ်က လားရှိုးဘက်ကို လိုက်ချင်ပေမဲ့ မာနတံခွန်လေး ထူပြီး လိုက်ချင်ကြောင်း မပြော။ လေယာဉ်ပျံလက်မှတ်ခကို အတင်းပဲ ထုတ်ပေးခဲ့သည်။

မမသီကမယူ၊ ဖော်မောင်မောင်ကို ပေးသည်။ ဖော်မောင်မောင်က လည်း မယူ။

"မနွယ်ကလည်းဗျာ၊ ကျွန်တော်တို့အပေါ် သူစိမ်းဆန်လိုက်တာ။ ကျွန်တော် မနွယ်အပေါ် ခင်မင်တာကို အသိအမှတ်မပြုချင်လို့လား"

"သူက အဲဒီလိုပြောလိုက်တော့ ကျွန်မရင်ထဲမှာ ပီတိတလျှမ်းလျှမ်း ဖြစ်သွားရပါတယ်။ ကျွန်မက ကိုဝင်း အပေါ် မချစ်လို့၊ စိတ်ကုန်ခန်းနေလို့၊ မကျေနပ်လို့ မဟုတ်ပါဘူး။ ကိုဝင်းကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်လည်း ချစ်တယ်။ သူ့အပေါ် အစစ အရာရာလည်း ကျေနပ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ နှစ်ယောက် အတူ နေရတဲ့အချိန် နည်းလို့လားမသိဘူး။ တွယ်တာမှု သိပ်မရှိတာတော့အမှန်ပါ။ ကျွန်မစိတ်အပြောင်းအလဲ ဖြစ်ရတာမှာ ဒီအကြောင်းလည်း ပါလိမ့်မယ် ထင်ပါတယ်''

ခင်လေးနွယ်၏ စိတ်နေစိတ်ထား၊ အယူအဆ သဘောထားနှင့် ပတ်သက်၍ အေး အယူအဆကို မေးမြန်းသည့်အခါ တချို့သော မိန်းမသားများတွင် ခင်လေးနွယ် စိတ်ထား၊ သဘောထားမျိုး ရှိကြသော်လည်း မိန်းမသားအများစုတွင်မူ ထိုစိတ်ထား သဘောထားမျိုး မရှိနိုင်ဟု မှတ်ချက်ပြုသည်။

''ခင်လေးနွယ်က သူ့ယောကျ်ားနဲ့ ခွဲနေရတာ လပိုင်းလောက်ပါ။ တချို့ဆို နှစ်နဲ့ချီပြီး ခွဲနေရတာပဲဟာ။ သူလိုမျိုးသာ ဖြစ်ကြစတမ်းဆိုရင် ခက်ကုန်ကြတော့မှာပေါ့။ အစ်ကိုလွင်ပြောသလို ယောကျ်ားချင်းတူပေမဲ့ အသက်ရှူချင်းကွဲတယ်ဆိုသလိုပေါ့။ မိန်းမချင်းတူပေမဲ့ အသက်ရှူချင်းကွဲပါတယ်။ ခုသူပြောတဲ့အတိုင်းဆိုရင် ခင်လေးနွယ်ဟာ စိတ်ကစားတတ်သလောက် စိတ်လွယ်မယ်ဆိုတာ သေချာတယ်။ အစ်ကိုလွင်လည်း သတိထားနော်။ အပျက်ပျက်နဲ့ ... ဟင်း''

''ဟောဗျာ၊ ဘယ့်နှယ် အစ်ကိုလွင့်ဘက် လှည့်လာရပြန်တာလဲ''

''အစ်ကိုလွင်က သူ့အပေါ် စိတ်ဝင်စားနေလို့သာ သူ့အကြောင်းကို အချိန်ကုန်ခံပြီး နားထောင်နေတာပေါ့။ မဟုတ်ဘူးလား''

''မဟုတ်ပါဘူး အေးရာ။ မိန်းမထောင်မှာက ယောကျ်ားထောင်မှာလို မဟုတ်ဘူးလေ။ ဟိုသွား၊ ဒီသွား သွားဖို့လည်း မရှိဘူး။ ခဏခဏ အဝင်အထွက်လုပ်လို့လည်း မကောင်းဘူး။ အားတဲ့အချိန်လေးကို အချိန်ကုန်အောင် အချိန်ဖြုန်းနေတာပါ။ မဟုတ်သော်လည်း အပျင်းပြေဆိုသလိုပေါ့ အေးရာ''

''ဒါဖြင့်လည်း ဇာတ်လမ်းဆုံးအောင် ဆက်နားထောင်လိုက်ဦးပေါ့''

အေး၏ နှုတ်ခမ်းလွှာပေးမှာ မဲ့ရိပ်ကလေး ထင်သွားသည်။ အပြစ်မဆိုသာ။ သူလည်း မိန်းမသားပေကိုး။

* * *

ခင်လေးနွယ် တစ်ယောက်တည်း လေယာဉ်ပျံနှင့် ပြန်လာသည်။

လေယာဉ်ကွင်းကို မမသီနှင့် ဇော်မောင်မောင်တို့ လိုက်ပို့ကြ၏။

တစ်ခါမှ လေယာဉ်ပျံမစီးဖူးသေး။ စီးဖူးဖို့နေနေသာသာ အနီးကပ်သော်မှ မြင်ဖူး၊ ကြည့်ဖူးခြင်း မရှိ။

လေဆိပ်ရောက်ကတည်းက ရင်တုန်ပန်းတုန် ဖြစ်နေသည်။ လာနိုးနိုး မျှော်ကိုး၍ စောင့်ရသည်မှာ ရင်မောစရာ။

လေယာဉ်ကွင်းသို့ ရောက်နေသည်မှာ နှစ်နာရီမကပြီ။ သူစီးရမည့် လေယာဉ်ပျံ ဆင်းမလာသေးပါ။

အရိပ်အာဝါသ မစည်ဝေးသည့် လေယာဉ်ကွင်းမှာ ပူပူလောင်လောင်မို့ ချွေးတစိုစို။

သုံးနာရီနီးပါး စောင့်ရပြီးမှ လေယာဉ်ပျံကြီး ဆင်းလာသည်။

အပြင်အမြင် အကြီးကြီး။ လေယာဉ်ပေါ်ရောက်တော့ သေးသေးလေး။

သူ့လေယာဉ်ပေါ်ရောက်ပြီးမှ မမသီနှင့် ဇော်မောင်မောင်တို့ ပြန်သွားကြသည်။

ဇေယာဉ်ပေါ်ရောက်ရင် ဘာလုပ် ရမည်နည်း။ လေယာဉ်ဆင်းခါနီး ဘာလုပ်ရမည်နည်း။ အန်ချင်ရင် အသုံးပြုရမည့်အိတ် ဘယ်နေရာမှာရှိသည် စသည်များကို မမသီက သင်ပြထားသည်ကြောင့် အခက်အခဲမရှိပါ။

လေယာဉ်ပျံတက်စ ရင်တထိတ်ထိတ် ခုန်နေသော်လည်း ကောင်းကင်ယံသို့ ရောက်သွားသည့်အခါတွင်မူ လေယာဉ်ပျံကြီး ငြိမ်သက်သွားသလို တုန်ခုန်နေသည့်ရင်လည်း ငြိမ်သက်သွားသည်။

ဘေးချင်းယှဉ်လျက် ခုံတွင်ရှိနေသည့် အဒေါ်ကြီးမှာ လေယာဉ်စထွက်ကတည်းက စကားတစ်လုံးမှ မပြော။ လက်ထဲတွင် ကိုင်ထားသည့် ပုတီးကို လုံးဝအနားမပေးဘဲ တစ်ပတ်ပြီးတစ်ပတ်စိပ်လျက် လိုက်ပါလာသည်။

ပုတီးပတ်ဝတ်မပျက်အောင် စိပ်နေသည်လား၊ လေယာဉ်ပျံနှင့် ခရီးသွားရသည်ကို ကြောက်လို့ အားကိုးအားထားပြုရာ ပုတီးပတ်ကို တွင်တွင်စိပ်နေသည်လားဆိုသည်ကိုမူ ကာယကံရှင်မှတစ်ပါး မည်သူမျှ မပြောနိုင်ရာ။

မင်္ဂလာဒုံရောက်တော့ ဦးအေးမြင့် လာကြိုနေသည်။ မမသီအကြောင်းကို တစ်ခွန်းမှ မမေး။ ချစ်လွန်းလို့ ခွင့်လွှတ်လိုက်နိုင်သည်လား။ မပြောသာ မဆိုသာလို့ ဥပေက္ခာပြုထားသည်လား။ ဒါမှမဟုတ် အခြားသော



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတစ်စုံတစ်ခု ရှိလေမည်လား။

မည်သို့ပင် ရှိစေ။ ဦးအေးမြင့် မမသီအပေါ် ချစ်ပုံမှာ တစ်မျိုးကြီးပါဟု ဆိုရမည်သို့။

သူကတော့ ကိုဝင်း ပြန်လာမလာကို အမောတကော မေးလိုက်မိသည်။ မလာသေးပါဆိုသည့် အဖြေကို ရလိုက်သမို့ စိတ်လှုပ်ရှားမှုလေး ငြိမ်သက်သွားရသည်။

ကိုဝင်းမောင် ပြန်လာတိုင်း ခင်လေးနွယ်က အပြုံးတဝေဝေဖြင့် ဆီးကြိုစမြဲရှိခဲ့ရာ ခုတစ်ခေါက် ပြန်ရောက်လာလို့ သူ့ကို မတွေ့ရင်ဆိုသည့် စိုးရွံ့မှုကလေး ရှိနေသောကြောင့် အမောတကော မေးလိုက်ရခြင်းပါ။

တိုက်ပဲ တိုက်ဆိုင်လွန်းသည်ဟု ဆိုရမည်လော။ အိမ်ပြန်ရောက်တော့ ဘယ်လိုမှမမျှော်လင့်ဘဲ ကုလားထိုင်ပေါ်မှာ ငူငူကြီးထိုင်နေသည့် ဝင်းမောင်ကို ဘွားခနဲ တွေ့လိုက်ရ၏။

"အို ... ကိုဝင်းပါလား။ ဘယ်တုန်းက ပြန်ရောက်နေတာလဲဟင်"

လွှတ်ခနဲ ထွက်သွားသည့် အာမေဋိတ်သံနှင့် အမေးစကားပြုလိုက်သော်လည်း တုံ့ပြန်အဖြေစကားသံ ထွက်မလာ။ မကျေနပ်သည့် အကြည့်မျက်လုံးကိုသာ မျက်လုံးချင်းဆိုင်လိုက်ရ၏။

သုံးနှစ်နီးပါး ပေါင်းလာသည့် ယောကျ်ားပဲဟာ ကိုယ့်ယောကျ်ား မျက်နှာရိပ်မျက်နှာကဲ ဘယ်သို့ရှိသည်ကို မသိဘယ်နေပ့ါမလဲ။

သူတို့ မကြည်မသာပြီဆိုရင် ရယ်တာတောင် ပုံစံပြောင်းတတ်သည် ပဲဟာ။

သူ့အချိုးပြောင်းနေပုံမှာ သိသိသာသာ။ ခါတိုင်းဆို ခရီးထွက်ပြန်ရင် တစ်ခန်းလုံး သူ့အသံချည်း။

မယားအတွက် ဝယ်လာသည့် အဝတ်အစားများကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပြလို့။ ကိုယ်ပေါ်မှာ ကပ်ခိုင်းပြီး တပြုံးပြုံးနဲ့ ထိုင်ကြည့်နေတတ်တာ။ ကိုဝင်းရယ် ... အမောလေး ဘာလေး ဖြေပါဦးလို့ ပြောပေမယ့်မရ။

အခု အပြုံးလုံးဝမဆောင်သည့် မျက်နှာထားကြီးမှာ သုန်သုန်မှုန်မှုန်။ မျက်နှာကြော တင်းထားလိုက်ပုံမှာ ကြောက်စရာ၊ လန့်စရာသို့နှယ် ရှိဘိ၏။

"ကျွန်မက ကိုယ့်အပြစ်နဲ့ ကိုယ်မို့ အိတ်ကလေးချပြီး သူ့ရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်။ သူက ပက်လက်ကုလားထိုင်ပေါ်မှာ။ ကျွန်မက ကိုဝင်းရဲ့ ခြေရင်းမှာ ရှိုရှိုကျိုးကျိုး သူ့ရဲ့ ဒူးနှစ်လုံးကို ကိုင်ထားလိုက်ပါတယ်။ နှုတ်နဲ့ တောင်းပန်စရာရှိတာကို နှုတ်ဖွင့် မတောင်းပန်ခင် ကိုယ်အမူအရာနဲ့ တောင်းပန်လိုက်တဲ့ သဘောပါပဲ။ တင်းလွန်းတဲ့မျက်နှာကြော နည်းနည်းလျော့သွားပေမယ့် ခါတိုင်းလို အပြုံးမျိုး ပွင့်မလာသေးပါဘူး။ ကိုဝင်း စိတ်မကြည်တဲ့အခါတိုင်း၊ ကျွန်မအပေါ် မကျေမနပ်ဖြစ်တဲ့အခါတိုင်း စကားနည်း ရန်စဲဖြစ်အောင် ကျွန်မက သည်နည်းကို သုံးခဲ့ပါတယ်"

ခုလည်း ...

"ကိုဝင်း မလေးကို စိတ်ဆိုးနေသလားဟင်။ မလေး တောင်းပန်ပါတယ် ကိုဝင်းရယ်။ မန္တလေးကို ဘုရားဖူး တစ်ခေါက်မှ မရောက်ဖူးလို့ မမသီ မန္တလေးသွားဖို့ကိစ္စ ပေါ်လာတာနဲ့ မလေး လိုက်သွားမိတာပါ။ ပထမ မလေး ငြင်းပါသေးတယ်။ မမသီက အတင်းခေါ်တာနဲ့ ..."

"ခုပြန်တော့ မမသီမပါပါလား"

"မမသီက သူ့အရောင်းအဝယ်ကိစ္စ မပြီးလို့ ကျန်ခဲ့တယ်လေ။ မလေးသာ ကိုဝင်းအတွက် နောက်ဆံတင်းပြီး ရက်ညောင်းမှာစိုးလို့ မမသီကို လေယာဉ်ပျံ လက်မှတ်ဝယ်ခိုင်းပြီး ပြန်ခဲ့ရတာ"

"ကျွန်မ အဲဒီလိုပြောလိုက်တော့မှ ကိုဝင်းမျက်နှာ ကြည်သာသွားပြီး ပြောပေါက်ဆိုပေါက်လေသံ ပျော့ပျောင်းလာပါတယ်။ အဲဒီနောက်တော့ ကြည်သာသွားတာပေါ့လေ။ ယောကျ်ားဆိုတာက ကိုင်တွယ်တတ်ရင် ရွှံ့လိုပါပဲ။ လိုရာပုံသွင်းလို့ ရပါတယ်"

သည်အကြောင်းကလည်းသဘောကျစရာပါ။ ဦးတင့်လွင်မှာ ခေါင်းတဆတ်ဆတ်။

"ခင်လေးနွယ်က အရွယ်နဲ့ မလိုက်အောင်လည်တာပဲနော်၊ အစ်ကိုလွင်"

"ဒါပေါ့ အေးရယ်။ လည်လွန်းတဲ့ဘီး ချေးသင့်ဆိုသလို လည်လွန်းတော့ ထောင်ထဲရောက်လာရတာပေါ့"

"သူ နီးနီးကပ်ကပ်ပေါင်းနေတဲ့ မမသီဆိုတာကလည်း တော်တော်လည်ပတ်ပုံရတယ်နော်။ သူကတော့ ကိုယ့်ယောကျ်ားကို ရုပ်သေးရုပ်လို သဘောထားတယ် ထင်တယ်"

"အဲဒီ မမသီအကြောင်းကို ခင်လေးနွယ်ပြောတဲ့အတိုင်းသာ ပြန်ပြောရရင် အေးတောင် နားထောင်ဝံ့မှာ မဟုတ်ဘူး။ ကိုလွင်တောင် မပြောဖို့



www.burmeseclassic.com

www.burmeseclassic.com

တားယူရတယ်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုတဲ့ ရှေးလူကြီးတွေရဲ့ စကားပုံဟာ သိပ်မှန်တာပဲ အေးရဲ့။ ကောင်မလေးရဲ့ ပင်ကိုဗီဇနဲ့ စရိုက်က သည်လောက်ဆိုးပုံ မရဘူး။ အတုခိုးမမှန်လို့ ဒုက္ခဝက်ပါထဲမှာ လည်ပြီးရင်လည် ဆိုသလိုလည်ရင်းနဲ့ ထွက်ပေါက်မတွေ့ခဲ့တာမျိုးပဲ ဖြစ်လိမ့်မယ်"

"ဒါနဲ့ အစ်ကိုလွင်၊ ဒေါ်ခင်မြကြွယ်တောင် အလုပ်ပြန်ဝင်တော့မယ်ဆိုပါလား"

"ဟောဗျာ ... အစ်ကိုလွင်တောင် သည်သတင်း မကြားရသေးဘူး။ အေး ဘယ်ကကြားလာတာလဲ"

"နေ့လယ်က ဒေါ်ချိုမြင့် အိမ်လည်လာရင်း ပြောသွားတာ"

ဒေါ်ချိုမြင့်က ထောင်မှူးဦးစိုးခင်း မိန်းမ၊ ဒေါ်ခင်မြကြွယ်တို့နှင့် နီးနီးစပ်စပ်ရှိသည်။

ခွင့်ရက်ရှည်ယူထားသူ ဒေါ်ခင်မြကြွယ်က ထောင်လိုင်းမှာ မနေ။ သူ့ခင်ပွန်း ကျောင်းအုပ်ဆရာကြီးနေသည့် မြောင်းမြမှာ သွားနေသည်။

ရေကျော်တွင်နေသော ဒေါ်ခင်မြကြွယ်ညီမက ဒေါ်ချိုမြင့်နှင့် ကျောင်းနေဘက်သူငယ်ချင်း။

တစ်ဆင့်စကား သတင်းကြားသာခြင်း ဖြစ်လိမ့်မည်။ သည်သတင်းသာ မှန်ခဲ့လျှင် ဦးတင့်လွင်အတွက် အတိုင်းထက်အလွန် ဝမ်းသာစရာ။ မိန်းမထောင်တွင် တာဝန်ထမ်းဆောင်နေသည်မှာ ပျင်းရိငြီးငွေ့စရာကောင်းသည့်အပြင် တစ်ပုံတစ်ပင် ပြဿနာပေါင်းစုံကို နေ့စဉ် ရှင်းလင်းနေရသည်မှာ မလွယ်။

ရှင်းရင်း ရှုပ်သွားသည်များရှိသလို စေတနာက ဝေဒနာဖြစ်သွားရသည်များလည်း ရှိသည်။

ရင်ဝယ်စွဲမိရသည့်စေတနာ ရှေ့လွန်သွားရာမှ ဝေဒနာအဆစ် နောက်ပိုးလာသည့် ဖြစ်ရပ်မှာ တစ်ခုမက။

* * *

**(တစ်ဆယ့်ငါး)**

မိန်းမထောင်မှာ ရန်ဖြစ်တာလောက်တော့ မဆန်း။ ဗီဇစရိုက်မကောင်းလို့ ထောင်ထဲရောက်လာသူတွေပဲဟာ။ အထဲရောက်မှ ဗီဇစရိုက် ဘယ်ကောင်းနိုင်မှာပ။

ပြီးတော့ ... မိန်းမသားတွေ အတင်းအဖျင်းအပြောလေ့သည့်စရိုက်မှာ ကလေးဘဝကတည်းက အရိုးစွဲလာသည့် စရိုက်။

နှစ်ယောက်ဆုံမိရင် နည်းနည်းလောက်တော့ ပြောလိုက်ရမှ။ အတင်းပြောတတ်သူကို လျှာဖြတ်စတမ်းဆိုရင် မိန်းမသားတွေမှာ လျှာဟူ၍ မရှိနိုင်ရာ။

နေရသည်က စုစုဝေးဝေး။ အိပ်ဆောင်တံခါး ဖွင့်လိုက်သည်နှင့် မျက်နှာသစ်ရင်း အပေါ့အလေးစွန့်ရင်း ပြောလိုက်ကြတာ မျက်စိနှစ်လုံး စုံပိတ်တော့မှပဲ အပြောရပ်ပါလေတော့သည်။

အတင်းပြောခြင်း၏ နောက်ဆက်တွဲပါလာသည်မှာ စကားအခြေအတင်ပြောခြင်းနှင့် ရန်ဖြစ်ခြင်း။

အသေးအဖွဲ စကားများ ရန်ဖြစ်တာမျိုးလောက်ကျတော့ ထောင်မှူးလေးဆီမရောက်။

တန်းစီးတို့၊ အမျိုးသမီးထောင်ကြပ်တို့ အဆင့်မှာပင် အဆုံးသတ်သွားစမြဲ။

ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အဆင့်မျိုး ရောက်ရင် တန်းစီးတို့ ထောင်ကြပ်တို့ အဆင့်မှာမပြီး။ ဦးတင့်လွင်ဆီ ရောက်လာစမြဲ။

နင်တန် နင်တန် လုပ်လို့မရ။ ဖြစ်သည့်အကြောင်းရင်းနှင့် ဘယ်သူလွန်သည်ကို စစ်ဆေး၍ အပြစ်ပေးရသည်။ ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အဆင့်မျိုး ရောက်ပြီဆိုရင် ဆုံးမစကား ဆိုရုံနှင့်မရ။ နောက်မဖြစ်ကြနဲ့လို့ ပြောရုံနှင့်မပြီး။ ထိုက်သင့်ရာ အပြစ်ဒဏ်ကို မပေးမနေ ပေးရပါလေမည်။

စစ်လိုက်ပြီဆိုရင် နှစ်ဘက်စလုံးက ကိုယ်မှန်သည်လို့ပဲ ဖွတ်မိုတ်ပြောကြသည်။ ကိုယ်ကမှားပါသည်၊ ကိုယ်ကလွန်ပါသည်လို့ ဝန်ခံရိုးထုံးစံ မရှိ။

သူတို့က ဘယ်သူဘယ်ဝါ သိပါသည်၊ ရှိပါသည်ဟု သက်သေထူလာသည်ကိုလည်း အသိအမှတ်မပြုလို့ မဖြစ်။

သူတို့က ကိုယ့်အုပ်စုနှင့်ကိုယ် နီးစပ်သလို နေထိုင်ကြသောကြောင့် ကိုယ့်လူဘက်က မှန်သည်ဟုပဲ သက်သေပြုကြသည်။

မိန်းမအချုပ်ထောင်မှာ အအုပ်အသင်းမဖွဲ့ဘဲ သီးသန့်နေထိုင်ကြသူများရှိသလို အအုပ်အသင်း မဖွဲ့မဖြစ်ဖွဲ့ပြီး နေထိုင်သူများလည်း ရှိသည်။

သူတို့အချုပ်သူ အချင်းချင်းကလည်း ဝိုင်းပယ်ကြသည်။

ထောင်ကြပ် ထောင်မှူးတို့ကလည်း မျက်နှာသာမပေး။ အမျိုးသမီးထောင်ကြပ်ထောင်မှူးတို့က အမျိုး



www.burmeseclassic.com

www.burmeseclassic.com

သမီးချင်းဖြစ်စေကာမူ ဟက်ဟက်ပက်ပက် မဆက်ဆံ။ လိုက်လိုက်လျောလျော မျက်နှာသာ မပေး။

"ဟေ့ ... မရှိရင်တောင်းစားမယ်။ ဒါမျိုးတော့ မလှုပ်ဘူး" ဆိုသည့် မိန်းမသား ဂုဏ်မာနထားကြသူများက သူတို့ကိုမမုန်းသည့်တိုင် ရွံ့ရှာကြသည်။ ဖြစ်လာလို့ ပြောကြပြီဆိုရင် "ဟေ့ ... တို့က မိန်းမပျက် မဟုတ်ဘူး။ အတန်းထဲကမိန်းမ မဟုတ်ဘူး" လို့ ပြောလိုက်ရင် သူတို့ ခေါင်းလျှို သွားရစမြဲ။

သူတို့အပေါ် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောစရာတွေ တစ်ပုံတစ်ပင် ရှိပါလေသတတ်။ ဒါကြောင့်လည်း သူတို့က ထောင်ထဲမှာ သူများ မစော်ကားရဲအောင် အအုပ်အသင်းဖွဲ့၍ နေကြသည်ပါ။

ကိုယ်ထိလက်ရောက် ကျူးလွန်မှုရန်ပွဲမျိုး ဖြစ်သောအခါ အဓိကထား၍ စစ်ဆေးရသည်မှာ ကာယကံရှင်များကို မဟုတ်။ သူတို့ကို အနီးကပ်အုပ်ချုပ်နေရသည့် တန်းစီးကို အဓိကထား၍ စစ်ဆေးရ၏။

တန်းစီးဆိုတာက အချုပ်ဆောင်မှာဖြစ်ဖြစ်၊ ထောင်ကျဆောင်မှာဖြစ်ဖြစ် သူတို့ကို အချိန်ပြည့် အနီးကပ်အုပ်ချုပ်ခွင့်ရနေသူ။

အဆောင်ကိုင် ထောင်မှူးများ၏ ညာလက်ရုံးသဖွယ် အားကိုးအားထားပြုရသူ။

အပ်ကျတာကအစ တန်းစီးတွေ မသိလို့မရ။ ဒုတိယ စစ်ဆေးရသူမှာ အမျိုးသမီးထောင်ကြပ် တန်းစီးလောက် လက်ပွန်းတတီး မနေရစေကာမူ အချုပ်သမတွေ၊ အကျဉ်းသမတွေအကြောင်းကို အတွင်းနှိုက်နှိုက်ချွတ်ချွတ် လေ့လာသိရှိကြသူများဖြစ်သောကြောင့်။

သိပ်မကြီးကျယ်လျှင် ထောင်မှူးလေး အဆုံးအဖြတ်ဖြင့် အပြစ်ပေးရသည်။ တိုက်ပိတ်ရမည့် အဆင့်မျိုးလောက်ဖြစ်သွားသည့် အမှုမျိုးဆိုလျှင် ထောင်မှူးလေးတစ်ယောက်တည်းက အဆုံးအဖြတ်မပြုနိုင်။ ထောင်မှူးကြီးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရသည်။

အတင်းပြော၍ စကားများလျှင် အတင်းပြောသူ ရေဆယ်ထမ်း။ စောင်းမြောင်းပြီး သူတစ်ပါးမြင်သာအောင် မဲ့ရွဲ့ပြလျှင် ရေဆယ့်ငါးထမ်း။ ဆဲဆိုကြိမ်းမောင်း ခြိမ်းခြောက်လျှင် ရေအထမ်းနှစ်ဆယ်။

အမှုနှင့် ပြစ်ဒဏ်ကို တွဲစပ်၍ အမိန့်ပြန်တမ်းထုတ်လိုက်သည့် အချိန်မှစ၍ အချုပ်ဆောင်တွင် ပြဿနာ အတော်လေး နည်းသွားသည်။ ဒါတောင် လုံးလုံးမပပျောက်။

မိန်းမဆောင်တွင် ပြဿနာ အပေါ်ဆုံးက အပုပ်ကြီးချိန်ခေါ်သည့် ညဘက်မှာ။ အထူးသဖြင့် အိပ်ဆောင်ပိတ်ချိန်မှာ ည ၈ နာရီအတွင်း။ ၈ နာရီနောက်ပိုင်းတွင်ပြဿနာ မပေါ်။ အိပ်ချိန်အချက်ပေးပြီးရင် စကားသံလုံးဝမထွက်ရ။ စကားသံမထွက်ရမှတော့ ပြဿနာဖြစ်စရာမရှိ။

ဒါ့ကြောင့် မိန်းမထောင်ကိုင်ရသည့် ထောင်မှူးကလေးများမှာ ၉ နာရီလောက်တွင် တစ်ခေါက်ဝင်၍ စစ်ဆေးရသည်။

ပြောင်ပြောင်တင်းတင်း ဝင်၍ စစ်ဆေးရသည့်အခါရှိသလို ချွတ်နင်းပြီး ဝင်ချောင်းရသည့်အခါမျိုးလည်း ရှိသည်။

တန်းစီးနှင့် ဘယာတွေ စနစ်တကျ အိပ်ဖန်စောင့်မစောင့်၊ အမျိုးသမီး ထောင်ကြပ်တာဝန်ကျသူများ နေရမည့်နေရာတွင် နေမနေ၊ လုပ်ရမည့်တာဝန်ပိုင်းကို လုပ်မလုပ် စသည်များကိုလည်း စစ်ဆေးရသည်။ မှာစရာရှိသည်များကို မှာရသည်။

အဓိကထား၍ မေးမြန်းရသည်မှာ မမာမကျန်းဖြစ်နေသူများ၏အခြေအနေ။ နေ့ဘက်တွင် ဘာဖြစ်ဖြစ် အကြောင်းမဟုတ်၊ ထောင်ဆေးရုံမှာ ကွန်ပေါင်ဒါနှင့် ဆရာဝန်တို့ ရှိသည်။ ညဘက်တွင် ဆရာဝန်မရှိ။ ကွန်ပေါင်ဒါ မရှိ။

သူတို့က ထောင်ကျ ကွန်ပါဒါတွေ။ အသေးအမွှား ရောဂါလောက်တော့ သူတို့နှင့် ကိစ္စပြီးသည်။ ရောဂါကြီးတွေကျတော့ သူတို့နှင့်မပြီး။

ရောဂါကြီးသမားတွေ ညဉ့်နက်ပိုင်းမွှေဖောက်ရင် မလွယ်။ ယောကျ်ားရောဂါကြီးသမားတွေကို ထောင်ဆေးရုံမှာ အတွင်းလူနာအဖြစ် ထားလို့ရသည်။

မိန်းမအချုပ်သမား၊ အကျဉ်းသမားတွေကျတော့ ထောင်ဆေးရုံမှာ ထားလို့မဖြစ်။ အဆောင်မှာပဲထားပြီး ကုသပေးရသည်။

ထောင်ကျဆောင်မှာ နှလုံးပွန်ကျယ်ရောဂါသည် တစ်ယောက်ရှိသည်။ ပုဒ်မ ၄၀၉ အလွဲသုံးစားမှုနှင့် ထောင်ဒဏ်နှစ်နှစ် ကျခံနေရသူ။

လုံးကြီးပေါက်လှ၊ ရုပ်ချောချော အသက်သုံးဆယ်ကျော် အရွယ်။ ခင်အေးမော်မှာ စိန်ပွဲစား။

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားဖြစ်သူမှာ အစိုးရဌာနတစ်ခုမှ အရာရှိ။ အထက်တန်းလွှာ အသိုင်းအဝိုင်းနှင့် ဝင်ဆံ့သူ။

ခင်အေးမော်၏ အဒေါ်ဖြစ်သူမှာ စိန်ပွဲစားလောကတွင် နာမည်တစ်လုံးနှင့်အောင်မြင်နေသူဖြစ်သည့်အလျောက် ကလေးမဖြစ်သူကို လက်တွဲခေါ်ခဲ့ရာမှ ခင်အေးမော်မှာ စိန်ပွဲစားလောကတွင် သတင်းမွှေးသည့် သောင်းကြီး၊ သိန်းကြီးကိုင် စိန်ပွဲစားဖြစ်လာသည်။

ပွဲစားလောကမှာ ကတိသစ္စာ၊ သမာဓိတည်ကြည်လျှင် သက်ရှယ်ကြီးလို့ မလှုပ်ရှားနိုင်သည့်တိုင် အိမ်မှာ ထိုင်နေရင်းက အကဲဖြတ်ခရသည့် ငွေကြေးနှင့် တင့်တောင့်တင့်တယ် နေနိုင်၊ စားနိုင်သည်။

ဒါပေမဲ့ ခင်အေးမော်က အဒေါ်ဖြစ်သူလို နာမည်တစ်လုံးနှင့် သေတစ်ပန် သက်တစ်ဆုံး မထိန်းနိုင်ခဲ့။

စိန်အရောင်းအဝယ် လုပ်ငန်းဖြင့် သွားလာလှုပ်ရှားရင်း မိန်းမတန်မဲ့ လျှင်ဝိုင်းနှင့် တွဲစပ်မှုရှိလာသည်။

လောင်းကစားနှင့် ဘဝရပ်တည်မှု အောင်မြင်သူမရှိရာ ဆိုသည်ကို မျက်နှာလွှဲခဲ့ရာမှ မလှည့်နိုင် မပဲ့နိုင်၊ မရုန်းနိုင် မကယ်နိုင် အနေအထားသို့ ရောက်ခဲ့ပြီး တစ်သိန်းရှစ်သောင်း ကျော်တန် စိန်ထည်များကို အလွဲသုံးစားလုပ်မှုဖြင့် ထောင်ထဲရောက်ခဲ့ရသူ။

နှလုံးပွန်ကျယ် ရောဂါကြောင့် အပြင်မှာ ဆေးရုံနှစ်ခါ တက်ခဲ့ရဖူးသည်။ ခွဲစိတ်၍ ကုသရမည့် အဆင့်သို့ ရောက်လုဆဲဆဲ ထောင်ထဲသို့ဝင်ခဲ့ရ၏။

ထောင်ဆရာဝန်က ကြပ်မတ်ကုသပေးနေသည့်တိုင်အောင် အစားအသောက်၊ အနေအထိုင်နှင့် ဆေးဝါးကြောင့် ကောင်းတစ်လှည့် ဆိုးတစ်ခါ နေနေရ၏။

ထောင်အလုပ် တာဝန်များကို ဘာမှမခိုင်းဘဲ နာတာရှည် လူမမာစာရင်း သွင်းပေးထားသောကြောင့် သက်သောင့်သက်သာ နေရသည်။

တစ်ည …။

၉ နာရီလောက် ဦးတင့်လွင်က ထောင်ကျဆောင်ကို စစ်ဆေးပြီး ပြန်ထွက်မည်အလုပ် ခင်အေးမော် ရောဂါဖောက်လာသည်။

ထောင်မှူးကြီးရုံးခန်းမှ တစ်ဆင့် ထောင်ဆရာဝန်ကြီးအိမ်ကို ဖုန်းဆက်ပြီး အကြောင်းကြားခိုင်းရသည်။

ခင်အေးမော် နေရသည်မှာ ထောင်မှူးလေး ရုံးခန်းထိုင်သည့် သီးသန့် အဆောင်တွင်။

ထောင်ဆရာဝန် ရောက်မလာခင် ဝါဒါဒေါ်အေး၊ သီးသန့်ဆောင်တန်းစီး မမြကျင်တို့ အကူအညီဖြင့် တတ်သမျှ မှတ်သမျှ ဝိုင်းဝန်းပြုစုကြရသည်။ ဦးတင့်လွင်လည်း မနေသာ။

လည်ပင်းကြောကြီးတွေထောင်ပြီး တခွီးခွီးဖြစ်နေရာ ရင်ဘတ်နှိပ်ပေးနေသည့် ဒေါ်အေးကို ခြေထောက်ဘက် ပြောင်းခိုင်းပြီး သူကိုယ်တိုင် ရင်ဘတ်ကို ဖိဖိစီးစီး လှုပ်ရှားပေးခဲ့ရသည်။

ထောင်ဆရာဝန် ရောက်လာပြီး ဆေးထိုးပေးလိုက်တော့မှ သက်သာသွားသည်။

လူလူချင်း ထောက်ထားစာနာသည့်သဘောဖြင့် စေတနာကို အရင်းခံ၍ ကူညီခဲ့ခြင်းဖြစ်သော်လည်း မနက်မိုးလင်းတော့ ဝေဒနာသတင်းကိုကြားလိုက်ရသည်။

ညက ခင်အေးမော်ကို ထောင်မှူးလေးက ဘယ်သို့ ညာသို့ ဆိုသည့် မိန်းမတို့ လေအတိုင်း။

ရှင်းချက်ထုတ်ရန် ဆေးအတွက် ပိုလေးဆိုသလိုဖြစ်မည်မို့ လျှာအရိုးမရှိတိုင်း ပြောကြတာပဲဟု သဘောမှ၍ နာသာခံခက် နေလိုက်ရသည်ပါ။

မိန်းမဆောင် အုပ်ချုပ်ရသည်မှာ မလွယ်။

ဒါကြောင့်လည်း ခင်လေးနွယ်နှင့် စကားပြောသည့်အခါ အချုပ်ဆောင်တန်းစီး ဒေါ်တုတ်ကို အနားမှာ ခေါ်ခေါ်ထားရသည်။ ဒါတောင် … အပြောအဆို မလွတ်။

သူ့ကိုတော့ တိုက်ရိုက်မပြော။ ခင်လေးနွယ်ကို စောင်းမြောင်းပြောဆိုရင်း ဦးတင့်လွင်ကိုပါ အဖျားခတ်ကြသည်။

"ကောင်မ မျက်နှာကိုကြည့်ပါလား။ စပရင်မျက်နှာ ကျနေတာပဲ။ ထောင်မှူးလေးကို သူ့လင်များအောက်မေ့နေသလားမသိဘူး။ ထောင်မှူးလေးနဲ့ စကားပြောရင် ညုတုတု ပြီတီတီနဲ့။ တစ်ဖိုက်က မမွေးသေးလို့သာပေါ့။ နို့မဟုတ်ရင်တော့လား ထောင်ထဲမှာတင် နောက်တစ်ဖိုက် သေချာတာပေါ့"

သည်သို့ သည်လိုအပြောမျိုးတွေကို နားမဆံ့အောင်ကြားရသည်။ တော်သေးသည်ဟု ဆိုရမည်။ အေးနားကို မပေါက်လို့။

နို့မဟုတ်ရင်တော့လား။

(ရှေ့လဆက်ရန်)

**ကျော်မြသန်း**

www.burmeseclassic.com

# ကိုယ်ရံတော်မိန်းကလေးနှင့် ဝမ်းတွင်းပါ ယောက်ျားစုန်း

## ကျော်သန်း[တိုင်းရင်းဆေး]

ယောဒေသသည် တောတောင် စိမ့်စမ်းထူထပ်သည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုမျှတသည်။ မိုးတွင်းအခါ ပြည်မတို့ လေယာဉ်ကြုံကြိုက်မှသာ သွားရသည်။ လမ်းပန်းဆက်သွယ်ရေးက ကားလမ်းမပေါက်၍ အဆက်အသွယ် ပြတ်နေသည်။ နွေရာသီရောက်မှ ကားကြုံနှင့် သွားနိုင်သည်။ ခရီးသည်ပို့ဆောင်ရေးမရှိပေ။ ယောသူ၊ ယောသားများသည် စိတ်ထားဖြူစင်၍ ဉ္စေဝတ်ကျေပွန်တတ်ကြသည်။ ထိုဒေသရှိ မြို့များမှာ ယော၊ ဆော၊ ကျောက်ထု၊ ထီးလင်း၊ ဂန့်ဂေါ မြို့များ ဖြစ်ကြသည်။

* * *

ကားသမားများသည် ဂန့်ဂေါ၊ ထီးလင်းမြို့သို့ သွားလာကြရာ၌ မင်းရွာနှင့် ပန်းထိပ်ရွာကို အထူးဝိသေပြု၍ ပြောဆိုကြသော ဆိုရိုးကစားတစ်ခုရှိသည်။

"မင်းရွာ၊ ပန်းထိပ်၊ ညမအိပ်လေနဲ့၊ အိပ်သာအိပ်လေ မပျော်လေနဲ့"ဟူသော ဆိုရိုးစကားကို ယောဒေသ သွားလာနေကြသော ကားသမားများ၏ ပါးစပ်ဖျား တွင်ရေပန်းစားပြောဆိုလျက်ရှိကြသည်။ ကားသမားများ မင်းရွာ၊ ပန်းထိပ်ရွာ၌ မဖြစ်မနေ ညအိပ်ကြရသောအခါ ထိုရွာက အမျိုးသမီးများသည် တံစက်မြိတ်ချိုးပြီး ရေအင်တုံထဲ ထည့်ပြရာ ငါးကလေးတွေ ရေအင်တုံထဲမှာ တဖျတ်ဖျတ်နှင့်သွားလာနေကြသည်ဟု ပြန်ပြောပြတတ်ကြသည်။

ယင်းကို သူတို့က မကြောက်ကြရန်လည်း ကြိုတင်ပြောဆိုထားသည်။ အခြားသော ဗဟုသုတတွေ ပြစရာတွေ အများကြီးရှိသေးကြောင်း ပြောပြကြသည်။ ထိုပညာရပ်များသည် ကြောက်စရာမဟုတ်သော လက်လှည့်၊ မျက်လှည့်၊ နဝလှည့်၊ ပဉ္စလက်များဖြစ်ကြသည်ဟု သူတို့က ပြောကြသည်။

ထီးလင်းမြို့နယ်ဘက်က သွားသော လမ်းခုလတ်ရှိ မင်းရွာ၊ ပန်းထိပ်ရွာနှစ်ရွာ ရှိသည်။ ထိုနှစ်ရွာကို ကားသမားများက ကျောချမ်းအောင်ကြောက်လန့်ကြသည်ဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ပညာသည်များပေါသောကြောင့်ဟု ဆိုကြသည်။ မဖြစ်မနေ သွားလာနေကြရသော်လည်း စုန်းပြုစားခြင်းခံရသည်ဟု အသံမကြားရကြောင်း ကားသမားတစ်ဦးက ပြောပြသည်။ နာမည်ကြီး၍ ကြောက်နေကြခြင်းဖြစ်ကြောင်း ပြောဆိုသည်။

တောသူတောင်သားများသည် အတုမြင် အတတ်သင်ဆိုသလို တစ်ကြိုးစ၊ နှစ်ကြိုးစကို မိန်းမတွေ သင်ယူ တတ်မြောက်ထားကြသည်ဟု ဆိုသည်။ သို့သော်လည်း ထိုတောသူတောင်သားများသည် စိတ်ထားဖြူစင်ကြသည်။ လူတစ်ဖက်သားကို ကျွေးချင်မွေးချင်စိတ် ရှိကြသည်။ အလွန်ချစ်စရာကောင်းသော အကြင်နာတရားရှိသူများ ဖြစ်ကြသည်။

* * *

မင်းရွာ၊ ပန်းထိပ်ရွာ၌ ဝမ်းတွင်းပါ ယောက်ျားစုန်း တင်သိန်းဆိုသူ တစ်ဦးရှိသည်။ သူတို့တစ်ရွာလုံးက ဝမ်းတွင်းပါ ယောက်ျားစုန်းဟု သိနေကြသည်။ တစ်ကြိုး၊ နှစ်ကြိုး စသည်ဖြင့် ဆယ်နှယ့်ကြိုးအထိ တတ်ထားသောနှုန်းများ အပါအဝင် တစ်ရွာလုံးကကြောက်ကြသည့် တင်သိန်း ရွာထဲ လှည့်ပတ်သွားလာရာ၌ မိန်းမပျို [illegible]း လေးယောက် ကိုယ်ရံတော်အဖြစ် ပါလာတတ်သည်။ ရိုသေကိုင်းရှိုင်းရသည်။

သို့သော်လည်း မင်းရှေ့မှ မခင် အုန်း၊ အသက် ၂၅ နှစ်အိမ်သို့ တင်



www.burmeseclassic.com

www.burmeseclassic.com

သိန်းတို့အုပ်စု ရောက်လာလျှင် အရိုအသေမပေးဘဲနေသည်။ အဘယ့်ကြောင့်ဆိုသော် ဖခင်က သူကြီးအဖြစ်လုပ်လာခဲ့၍ သူကြီးဟောင်း သမီးဆိုပြီး အရိုအသေ မပေးဘဲနေသည်။ ထိုအပြုအမူကို ထွန်းသိန်းက မကြိုက်ပေ။ တင်သိန်းက မခင်အုန်းက သူ့ကို အရိုအသေပြုရကောင်းမှန်း မသိဘူး။ တစ်နေ့တော့ အကြောင်းပြလိုက်ဦးမည်ဟု စိတ်ထဲမှာ ကြိမ်းဝါးထားသည်။

မခင်အုန်းသည် ဂန့်ဂေါမြို့ရှိ ဦးလေးထံ အလည်အပတ်သွားသည်။ နောက်တစ်နေ့နံနက် အိပ်ရာမှထလာစဉ် သူအိပ်သောမွေ့ရာသည် အောက်မှ ဓားနှင့်ခွဲထားကြောင်းတွေ့ရသည်။ လူကို ဓားဒဏ်ရာရရှိခြင်း မတွေ့ရပေ။ အနီးအနားမှ လူတွေကို ခေါ်ပြရာ၌ အလွန်အံ့အားသင့်နေကြသည်။

နောက်တစ်နေ့နံနက် အိပ်ရာမှ ထစဉ် ထဘီနှစ်ထပ်ဝတ်ပြီး အိပ်မောကျသွားသည်။ ထဘီတစ်ထည် ပျောက်သွားသည်။ လူက ဘာမှမဖြစ်သော်လည်း စိတ်အနှောင့်အယှက်ဖြစ်ပြီး ကြောက်လန့်နေရသည်။ အရှက်တကွဲအကျိုးနည်းရမည့် အခြေအနေဖြစ်သည်။ ထိုအခါ ဦးလေးဖြစ်သူ ဦးသန်းစိုးသည် ပယောဂဆရာတစ်ဦးနှင့် ကုသရန် စီစဉ်ရတော့သည်။

ဦးသန်းစိုးသည် ဂန့်ဂေါမြို့သို့ ရောက်ရှိနေကြသော အောက်ပြည်အောက်ရွာမှ ဆရာများနှင့်တွေ့ပြီး အိမ်သို့ ပင့်လာခဲ့သည်။

* * *

"ကဲ . . . လူမမာ ရောဂါအခြေအနေ ပြောပြပါဦး"

"ဆရာ . . . လူနာက ရောဂါဝေဒနာဟူ၍ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် အခြေအနေက အရှက်တကွဲ အကျိုးနည်းရမယ့် အခြေအနေတွေ ဖြစ်နေပါတယ်"

"အဲဒီအခြေအနေတွေကို ပြောပြပါဦး"

"ကျွန်တော့် တူမက မင်းရွာက လာခဲ့တာပါ။ ပထမနေ့ ညအိပ်ရာက ထလာတော့ မွေ့ရာကို အောက်က ဓားနဲ့ ခွဲထားတာတွေ့ရတယ်။ နောက်တစ်နေ့ ထဘီနှစ်ထပ်ဝတ်ပြီး အိပ်မောကျသွားတယ်။ နံနက်မိုးလင်းတော့ ထဘီတစ်ထည်ပျောက်နေပါတယ်။ အဲဒီလို ပထမနေ့မှာတစ်မျိုး၊ ဒုတိယနေ့မှာတစ်မျိုး ဖြစ်ပျက်နေပါတယ်။ နောက်ပြီး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ဘာတွေများလုပ်ဦးမလဲ မသိ ဖြစ်နေလို့ ဆရာတို့ကို လာရောက်ပင့်ရတာ ဖြစ်ပါတယ်"

"ဒီကလေးမ ဖြစ်နေတာက . . ရောဂါဝေဒနာ မဟုတ်သော်လည်း အရှက်တကွဲအကျိုးနည်းရမယ့် ကိစ္စဖြစ်နေတော့ ပိုဆိုးတာပေါ့။ ဆရာကုသပေးမယ်။ ဘာမှမပူနဲ့ ပျောက်သွားလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ"

ထို့နောက် တစ်ပတ်ခန့် ကုသကြသည်။ ဆရာနှင့်ကုသအပြီး အခြေအနေကောင်းနေသည်။ အရှက်တကွဲ အကျိုးနည်းမည့်ကိစ္စ ဘာမှမဖြစ်တော့ပေ။ ထိုအခါ ဆရာတို့သည် အောက်ပြည်အောက်ရွာသို့ ပြန်သွားလေသည်။

မခင်အုန်းသည် ပျောက်သွားပြီ အထင်နှင့် မိမိရွာသို့ ပြန်လာခဲ့သည်။ ရွာရောက်၍ နှစ်ပတ်ကျော်ခန့်မှာ တင်သိန်းတို့အုပ်စုနှင့် ရွာလယ်ကောင်မှာ တွေ့ကြသည်။ မခင်အုန်းသည် တင်သိန်းကို အရိုအသေမပြုသည့်အပြင် နင်ပဲငဆ တစ်ယောက်တစ်ခွန်း စကားများပြီး အိမ်သို့ပြန်လာခဲ့သည်။

နောက်တစ်နေ့ နံနက်အိပ်ရာက ထလာစဉ် ဝတ်ထားသော ချွေးခံအင်္ကျီမရှိသည်ကို ကြုံရပြန်သည်။ မခင်အုန်းသည် မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြသည်။ မိခင်မှ တစ်ဆင့်တစ်ရွာလုံး ပျံ့နှံ့သိသွားကြသည်။

ထိုအခါ မဖြစ်ချေတော့ဘူးဆိုပြီး ပခုက္ကူမြို့သို့ ကားကြုံနှင့် လိုက်လာကြ၍ ယခင်သိရှိသော ရွှေချောင်ရွာ ဦးသိန်းရွှေတို့အိမ်မှာ တည်းခိုကြသည်။ တစ်ညအိပ်ပြီး မခင်အုန်းမိခင် မိမိနေရပ်သို့ ပြန်လာခဲ့သည်။

ဦးသိန်းရွှေမိသားစုနှင့် မခင်အုန်းတို့သည် သီဟိုဠ်ရှင်စေတီတော်မြတ်သို့ ညနေခင်း ဘုရားဖူးသွားကြသည်။ ဘုရားဖူးနေစဉ် မခင်အုန်း ဝတ်ထားသော အတွင်းခံ ချွေးခံအင်္ကျီ မရှိတော့ဘူးပြောသဖြင့် ကမန်းကတန်း ဘုရားဦးချပြီး ပြန်လာခဲ့ကြသည်။

ဦးသိန်းရွှေသည် ဒေါင်းလှရပ်ရှိ ဆရာဦးသောင်းကို ပြောပြသည်။ ဆရာဦးသောင်းမှ နီးစပ်ရာ ဆရာများ စုထားမည်။ ကိုသိန်းရွှေ ညနေဘက်မှာ မခင်အုန်းခေါ်ခဲ့ရန် ပြောလိုက်သည်။

ဦးသောင်းအိမ်သို့ ဦးသိန်းရွှေနှင့်



www.burmeseclassic.com

www.burmeseclassic.com

မခင်အုန်းတို့ ရောက်လာကြသည်။ ဦးသိန်းရွှေမှ မခင်အုန်းခေါ်၍ သီဟိုဠ်ရှင်ဘုရားဖူးနေကြစဉ် ချွေးခံအင်္ကျီပျောက်သွားကြောင်း ရှင်းပြသည်။ အိမ်အပေါ်ထပ်၌ ဆရာတွေ စုရုံးရောက်ရှိ နေကြသည်။

ယခုလို အဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးဘူး။ ရန်ကုန်က နယ်လှည့်စခန်းပိုင် ဆရာကြီး ဦးသိန်းဖေပင့်ပြီး ကုသမှဖြစ်မည်။ ယခုပင် ဆရာကြီး ဦးသိန်းဖေထံ ဖုန်းဆက်အကြောင်းကြားမည်ပြော၍ ဖုန်းဆက်အကြောင်းကြားလိုက်ကြသည်။

* * *

ပခုက္ကူမြို့ရှိ ဆရာများသည် စုဝေးရောက်ကြသည်။ ဆရာဦးသောင်းမှာ ဘုရားဝတ်မတက်မီ ကိုယ့်ပိုင်နက်မှာ ကိုယ်ကတော့ လက်ဦးမှုမယူလိုကြောင်း သူ့ဘက်မှ စော်ကားမော်ကား ပြုလုပ်လာပါက သည်းမခံနိုင်ကြောင်း ပြောလိုက်သည်။

ထိုအခါ မခင်အုန်းဝတ်ထားသော ချွေးခံအင်္ကျီမရှိတော့ဘူးဟူ၍ ကြားလိုက်ရသည်။ ဘုရားဝတ်တက်နေကြစဉ် မိန်းမအချင်းချင်း နောက်ကျောမှ လက်ထိုးစမ်းသပ်ကြည့်ရာ အမှန်တကယ်မရှိတော့ကြောင်း သိရှိရသည်။

ဆရာကြီးဦးသိန်းဖေ မရောက်လာမီ မြို့တွင်းမှ ဆရာများသည် ရွှေချောင်းရှိ ဦးသိန်းရွှေနေအိမ်သို့ လူမမာသွားရောက်မေးမြန်းကြသည်။ လူမမာဟု ဆိုသော်လည်း လူမကျန်းမာခြင်းမဟုတ်ဘဲ အရှက်တကွဲအကျိုးနည်းအောင် လုပ်ခြင်းသာဖြစ်သည်။ လူက အကောင်းပကတိကျန်းကျန်း မာမာပင်ဖြစ်သည်။

ထိုသို့သတင်းမေးပြီး ပြန်ကြမည်ပြုသောအခါ မိမိတို့ စီးလာကြသော ဖိနပ်များသည် အချို့ပျောက်၊ အချို့ဖိနပ်ကြိုးပြတ်၊ အချို့အကောင်း ... စသည်ဖြင့် အံ့သြဖွယ် တွေ့ကြုံခဲ့ရသည်။

ဆရာကြီးဦးသိန်းဖေသည် နှစ်ရက်ခန့်ကြာမှာပင် ပခုက္ကူသို့ ရောက်ရှိလာသည်။ ဦးသောင်းနေအိမ် အပေါ်ထပ်၌ ဆရာများ ပြည့်လျှံနေသည်။

"မင်းဘယ်သူလဲ။ ဘာဖြစ်လို့လုပ်ထားတာလဲ"

ဟု ဘယ်လိုပင်မေးမေး စကားတစ်ခွန်းမှမပြောဘဲ နေသည်။

နာရီဝက်ခန့် အထပ်ထပ်အခါခါ မေးသော်လည်း မရသည့်အဆုံး သစ္စာရေတိုက်၍ စက်ဖြတ်ဆေးတိုက်လိုက်သည်။ ထိုအခါ မခင်အုန်းသည် ဝမ်းသွားချင်သည်ဆို၍ အိမ်သာ ခဏခဏတက်နေရသည်။ မိန်းမ နှစ်ယောက်က တစ်ဖက်တစ်ယောက် တွဲခေါ်နေရသည်။ နာရီဝက်ခန့်ကြာမှ ဝမ်းသွားရပ်တန့်သွားသည်။ မခင်အုန်းသည် ဝမ်းရပ်တန့်သွားသောအခါ တစ်ကိုယ်လုံး မစင်နံ့နံနေရာ ရေချိုးအဝတ်အစားလဲလိုက်ရသည်။ သူဝတ်ထားသော ချွေးခံအင်္ကျီ အလယ်တည့်တည့်၌ ကတ်ကြေးနှင့်ညှပ်ထားသော ဒဏ်ရာတစ်ခု တွေ့ရပြန်သည်။

ဆရာကြီးသည် ဝမ်းတွင်းပါ ယောက်ျားစုန်းတင်သိန်း သုံးရက်တိတိ ထွက်ခွာသွားခွင့်မပြုဘဲ ဒဏ်ခတ်ထားလိုက်သည်။ မခင်အုန်းကို ထမင်းစားချိန် ထမင်းကျွေး၍ အိပ်ချိန်တန်အိပ်ခိုင်းထားသည်။ ဆရာတွေက အလှည့်ကျ စောင့်ဆိုင်းနေကြသည်။

ဝမ်းတွင်းပါ ယောက်ျားစုန်း တင်သိန်းသည် သုံးရက်စေ့သောနေ့ ညနေဘက်မှာ စကားပြောလာသည်။

"ဒီကောင်မ ... သိပ်မာနကြီးတယ်"

"မင်းကို ဘာလုပ်လို့လဲ"

"ရွာက မိန်းကလေးတွေ သူ့ကို ရှိသေမှု ရှိကြတယ်။ အရုံအဖြစ်နဲ့ နောက်ကလိုက်ကြတယ်။ မခင်အုန်းက သူကြီးဟောင်းသမီးဆိုပြီး မာနသိပ်ကြီးတယ်။ ဒါကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ထားတာ"

"မင်း .. ဘယ်လိုလုပ်ထားတာလဲ"

"တချို့မိန်းမတွေ လူခြောက်မွေးကြတယ်။ အဲဒီ လူခြောက်ကို ဆေးစီရင်ပြီး ခိုင်းတာ"

"အခု မင်းလက်ထဲမှာ အဲဒီလူခြောက်ရုပ်ရှိသေးလား"

"မရှိတော့ဘူး။ အထက်ပုဂ္ဂိုလ်တွေ သိမ်းသွားပြီ၊ မရှိတော့ဘူး"

ထို့ကြောင့် ဝမ်းတွင်းပါယောက်ျားစုန်း တင်သိန်းသည် ယောတစ်ခွင်မှာ အသံတိတ်သွားလေတော့သတည်း။

ကျော်သန်း (တိုင်းရင်းဆေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဥပနာစောင့် အဆိပ်ပြင်း

မဟာထွန်း

မောင်အေးချမ်းတို့ ဘုန်းကြီးကျောင်းသားတစ်စု ချောင်းထဲသို့ ရေချိုးရန် ဆင်းလာကြ၏။ ယခုလို ညနေစာဝါနားချိန်ကိုရောက်တိုင်း ကျောင်းထိုင်ဆရာတော်ကြီးက မောင်အေးချမ်းကို ဦးဆောင်စေပြီး ကျောင်းသားများအား ရေချိုးရန် လွှတ်ပေးလေ့ရှိသည်။

မောင်အေးချမ်းက ကျောင်းသားများထဲတွင် ပါဝင်သော်လည်း စင်စစ်တွင် ကိုရင်လူထွက်ဖြစ်ပြီး ကျောင်းထိုင်ဆရာတော်၏ စာချတာဝန်အချို့ကို ယူနေရသည်။ ထို့ကြောင့် ကျောင်းသားစာချဟုဆိုလျှင်လည်း မှန်သည်။

ချောင်းထဲသို့ ရောက်လျှင် ချက်ချင်း ရေမချိုးကြသေးဘဲ တစ်အောင့်ကြာအောင် ကျင်ဆော့နေကြသေးသည်။ ကျင်ဟူသည်မှာ ဒေသအားကစားနည်း ကိုယ်ခံပညာတစ်မျိုး ဖြစ်သည်။ နှစ်ယောက်ချင်း ဖက်လုံးပြီး လဲသွားအောင်လှဲရသည်။

လဲလျှင် အောက်ကကျသောလူသည် ရှုံးပြီး၊ အပေါ်ကကျသောလူ နိုင်သည်။ ပညာရပ်အနေဖြင့်ကား ကျယ်ပြန့်သည်။ စည်းကမ်းဥပဒေလည်း များလှန်းသည်။ မောင်အေးချမ်းတို့လူစုအား ထိုမျှအထိလည်း မတတ်ကြပေ။ ထို့ကြောင့် တတ်သမျှလေးနှင့်သာ ဆော့ကစားကြခြင်းဖြစ်သည်။

တစ်အောင့်ကြာအောင် ကျင်ဆော့(ဖက်လုံး)၍ မောလည်းမော ချွေးလည်းစို့သွားကြပြီးမှ ရေဆင်းချိုးကြသည်။ ရေချိုးရင်းဖြင့်လည်း အဘုတ်လိုက်တမ်း(မိကျောင်းလိုက်တမ်း)ဆော့ကစားကြပြန်သည်။

အဘုတ်လိုက်တမ်း ဆော့ကစားနေကြရင်းနှင့်ပင် ချောင်းရေအိုင်ကြီးတစ်ခုလုံး ဘောင်ဘင်ခတ်လာလေ၏။ အစတွင် ဘာဖြစ်မှန်းမသိကြပေ။ အချင်းချင်း ဆော့ကစားနေကြ၍ပင် ရေများဘောင်ဘင်ခတ်နေသည်ဟု ထင်ကြ၏။ ထို့နောက် သိသိသာသာကြီး ဘောင်ဘင်ခတ်လာတော့မှ ငလျင်လှုပ်မှန်းသိ၍ ချောင်းထဲမှ တက်ပြေးကြသည်။

မောင်အေးချမ်းတို့လူစု ဆူဆူညံညံ ရယ်မောအော်ဟစ်ရင်းက တက်ပြေး၍ သဲသောင်ကို ရောက်ပြီးမှပင် ငလျင်လှုပ်ခြင်းသည် အရှိန်မသေသေးဘဲ မောင်အေးချမ်းတို့လူစုမှ အလဲလဲအပြိုပြို ဖြစ်နေကြသေးသည်။ ချောင်းရေများသည်လည်း ဘောင်ဘင်ခတ်နေတုန်းရှိသေးသည်။ ထို့နောက်မှ တဖြည်းဖြည်း အားလျော့ပြီး ရပ်သွား၏။

မောင်အေးချမ်းသည် ရေကိုပင် ဝအောင်မချိုးနိုင်ခဲ့ဘဲ ကပျာကယာ အဝတ်ခြောက်လဲကာ ဆရာတော်ကြီးကို စိတ်မချ၍ ကျောင်းသို့ တန်းပြန်ပြေးသည်။ ကျောင်းက တောင်ပေါ်မှာဖြစ်၍ ချောင်းထဲမှ ကျောင်းကိုရောက်အောင် ပြေးတက်ရင်းက ချွေးပြန်သွား၏။

သို့သော် ဆရာတော်ကြီးသည်ကား ဘာမျှမဖြစ်ပေ။ ကျောင်းရှေ့မှာ မတ်တတ်ရပ်နေသည်ကို တွေ့ရ၏။ ဆရာတော်ကြီးက မောင်အေးချမ်းကို မြင်သည်နှင့် ပြုံးပြပြီး ပြောသည်။

"ငလျင်လှုပ်တာကွ။ အတော်လေးပြင်းတာပဲ။ အင်အားဘယ်လောက်ဆိုတာ ညနေသတင်းမှာ ကြေညာလောက်တယ်။ ရေဒီယိုရှိတဲ့လူတွေသိမယ်"

"ဆရာတော် ဘာမှမဖြစ်ဘူး မဟုတ်လားဘုရား"

ဟု မောင်အေးချမ်းက စိတ်ပူ၍ မေးလိုက်၏။

"ဘာမှမဖြစ်ပါဘူး။ ငလျင်လှုပ်မှန်းသိတာနဲ့ ငါ ဒီနေရာဆင်းနေတာပဲ"

ဆရာတော်ကြီးနှင့် မောင်အေးချမ်း စကားပြောနေကြချိန်မှာပင် ဦးဘသွင်ရောက်လာ၏။ ဦးဘသွင်၏ တစ်ကိုယ်လုံး ချွေးများဖြင့်နစ်နေ၏။

"ဘသွင် ဘာတုံး"

ဟု ဆရာတော်ကြီးက ဆီးမေး၏။

"တပည့်တော်လယ်အထက် နွားစားကျက်ကုန်းက နွားတစ်မော့်စေတီလေး ငလျင်ဒဏ်ကြောင့် ထိပ်ပိုင်းကျိုး

www.burmeseclassic.com

သွားပြီဘုရား။ ဒါကြောင့် ဆရာတော် လိုက်ကြည့်တော်မူပါဦး။ လူတွေလည်း တစ်ယောက်ပြီးတစ်ယောက် လာကြည့် နေကြတော့ တော်ကြာ ဌာပနာကိစ္စတွေ ရှုပ်ထွေးကုန်မှာ စိုးလို့ပါ"

"အေး…လိုက်ခဲ့မယ်"

ဟုဆိုကာ ဆရာတော်ကြီးသည် ချက်ချင်းပင် မောင်အေးချမ်းအားခေါ်ပြီး ဦးဘသွင်နှင့်အတူ လိုက်သွားကြ၏။

ဦးဘသွင်၏လယ်သည် ကျောင်းတော်ခြေရင်းတွင်ဖြစ်ပြီး ဦးဘသွင်၏ လယ်အထက် နွားစာကျက် ကုန်းပေါ်တွင် နွားတစ်မော့်စေတီတော်လေး တစ်ဆူရှိသည်။

စေတီတော်လေးမှာ ခေတ်ကာလကြာခဲ့ပြီဖြစ်၍ ဒါယကာကိုပင် မည်သူမည်ဝါဖြစ်သည်ဟု မသိနိုင်ကြတော့ပေ။ ဉာဏ်တော် ခုနစ်တောင်ခန့်သာရှိ၍ သိပ်ပြီးမမြင့်သောကြောင့် နွားတစ်မော့်စေတီဟု ခေါ်ကြဟန်ရှိသည်။ စေတီလေးမှာ ဒါယကာမရှိတော့သော်လည်း စေတနာရှင်အချို့တို့က ထုံးသင်္ကန်း ကပ်လှူထားကြသောကြောင့် ကြည်ညိုဖွယ်ကောင်းလှသည်။

ဆရာတော်ကြီးနှင့် မောင်အေးချမ်းတို့ ရောက်လာသွားကြရာ စေတီတော်လေး၏ အနားတွင် လူအတော်များများ ဝိုင်းအုံပြီးကြည့်နေကြသည်ကို တွေ့ရသည်။ ရွာသားများထက် လှည်းသမားများက ပိုများသည်ကို တွေ့ရသည်။ လှည်းများကိုထမ်းပြီး ဝိုင်းကြည့်နေကြသည်။

မောင်အေးချမ်းတို့ရွာနှင့် ပတ်ဝန်းကျင်တွင် ပျဉ်းကတိုးသစ် အလွန်ပေါသည်။ ထို့ကြောင့် အစိုးရက သစ်ကွက်ဖွင့်လှစ်ပြီး ကန်ထရိုက်ပေးလိုက်၍ အနယ်နယ်အရပ်ရပ်မှ လှည်းသမားများ လာရောက်ပြီး လှည်းဆွဲနေကြခြင်းဖြစ်သည်။

ဆရာတော်ကြီးရော၊ မောင်အေးချမ်းပါ စေတီတော်လေးကို လှည့်ပတ်ကြည့်ကြသည်။ စေတနာရှင်များက စေတီတော်လေးကို ထုံးသင်္ကန်းကပ်လှူထားကြသော်လည်း အုတ်အင်္ဂတေများကို ပြန်လည်ပြုပြင် လှူဒါန်းကြခြင်းကား မရှိ။

ထို့ကြောင့်ပင် အတွင်းပိုင်းက အုတ်အင်္ဂတေများယိုယွင်းလာ၍ လျောင်ဒဏ်ကိုမခံနိုင်သောကြောင့်ပင် ကျိုးပြတ်သွားခြင်း ဖြစ်ပေမည်။ စေတီတော်လေး၏ ခေါင်းလောင်းမှောက် အထက်ပိုင်း နေရာမှ ကျိုးသွားသည်ကိုတွေ့ရသည်။

သို့သော်လည်း စေတီတော်လေး၏ အလယ်က သံတိုင်(မြောတိုင်၊ ပိန္နဲတိုင်)က ခံထား၍ စိန်ဖူးတော်နှင့် ဖောင်းရစ်မျှသာ ကျိုးကျေမြေခပြီး သပိတ်မှောက်နှင့် ခေါင်းလောင်းမှောက်သည် မြောက်ဘက်သို့ ငါးပုံနှစ်ပုံခန့် တိမ်းစောင်းနေခြင်းမျှသာ ဖြစ်သည်။

မြေခနေသော အုတ်ကျိုးများကို ဖယ်ရှားပြီးရှာဖွေကြရာ ဖန်ဘူးဖြင့်ထည့်သွင်းပူဇော်ထားသော ဓာတ်တော်ကြုတ်လေးခုကို မောင်အေးချမ်းတွေ့သည်။ ထိုဓာတ်တော်ကြုတ်လေးခုကို ဆရာတော်ကြီးအား ဆက်ကပ်လိုက်သည်။

သို့သော် မိုးချုပ်လာသဖြင့် ဆက်လက်ရှာဖွေရန် အချိန်မရှိတော့ပေ။ ထို့ကြောင့် ဆရာတော်ကြီးက -

"မောင်အေးချမ်း အပေါ်ကို တက်ကြည့်လိုက်ပါ။ ဌာပနာတိုက်များ ပေါက်သွားလားလို့"

ဟု မိန့်တော်မူ၍ မောင်အေးချမ်း တက်ကြည့်လိုက်သည်။ သံတိုင်၏ ဘေးဘက်တစ်နေရာတွင် လက်တစ်ဆန့်ခန့် အပေါက်ကလေးတစ်ခုကို တွေ့ရသည်။

"ဒီမှာ ဌာပနာတိုက်လို့ ထင်ရတဲ့နေရာတစ်ခု တွေ့ပါတယ်။ ဒါပေမယ့် အမှောင်ကျနေလို့ အသေအချာတော့ မမြင်ရပါဘုရား"

"ဒါဆိုရင်…ရော့ ဒါနဲ့ကြည့်စမ်းပါ"

ဟု ပြောပြီး တောင်ဝှေးကို ကမ်းပေးလိုက်သည်။ မောင်အေးချမ်း တောင်ဝှေးဖြင့် ထိုးထောက်စမ်းကြည့်လိုက်သည်။

"မှန်လှပါ၊ အထဲမှာ လိုဏ်ခေါင်း တွေ့ပါတယ်ဘုရား။ ဌာပနာတိုက်ဖြစ်မယ်လို့ ထင်ပါတယ်"

ဆရာတော်က တစ်အောင့်လေး စဉ်းစားနေသည်။ ထို့နောက်ပြောသည်။

"ဌာပနာတိုက်ဆိုရင်လည်း အခု ကြည့်ချိန်မရတော့ဘူး။ မိုးချုပ်နေပြီ။ အုတ်ကျိုးတွေကိုဖယ်ရင်းနဲ့ပင် ပိုပြီး မိုးချုပ်သွားနိုင်သည်။ ဒါကြောင့် ဆင်းတော့"

ထို့ကြောင့် မောင်အေးချမ်း စေတီတော်လေးပေါ်မှ ဆင်းလာခဲ့သည်။ အောက်သို့ရောက်လျှင် ဆရာတော်ကြီးက စေတီရင်ပြင်တော်မှ ရှင်းထုတ်ထားကြသော မြက်မှိုက်များကိုကောက်စုပြီး ပွနေသော ဌာပနာတိုက်ကို ပိတ်



www.burmeseclassic.com

www.burmeseclassic.com

ခိုင်းပြန်သည်။ ပြီးမှ ပြန်ခဲ့ကြသည်။

ကျောင်းကိုပြန်ရောက်တော့ မိုးချုပ်နေပြီ။ သို့သော်လည်း ဆရာတော်ကြီးသည် တရားဓမ္မဖြင့် အနားမယူနိုင်သေးဘဲ ကျောင်းဒကာကြီးများအား စုခေါ်ကာ စေတီတော်လေးအား ပြန်လည်မွမ်းမံ ပြုပြင်ရန်ကို ဟောပြောရပြန်သည်။ ပင်မ ဒါယကာမရှိတော့၍ ရွာသူရွာသားများကပင် စုပေါင်းပြီး ပြုပြင်လှူဒါန်းကြရမည်ဖြစ်သည်။

❖ ❖ ❖

ညသန်းခေါင်ကျော် အချိန်တွင်ဖြစ်၏။ ကျောင်းသားကိုရင်များလည်း အိပ်မောကျနေကြသည်။ ဆရာတော်ကြီးကမူ ထုံးစံအတိုင်း သည်အချိန်တွင် နိုးထပြီး ဘုရားရှေ့တွင် တရားရှုမှတ်နေပြီဖြစ်သည်။ ထိုအချိန်မှာပင် အသံတစ်ခု ကြားလိုက်ရ၏။

"ဒုတ်...ဒုတ်...ဒုတ်"

"ဆရာတော်ကြီးဘုရား..."

ကျောင်းအောက်က တစ်စုံတစ်ယောက်သည် ခင်းပြင်ကို တုတ်ဖြင့်ထောက်ပြီး အော်ခေါ်နေသံဖြစ်သည်။

"ဒုတ်...ဒုတ်...ဒုတ်"

"ဆရာတော်ကြီးဘုရား..."

"ဟင်...ဘယ်သူတုံး"

ဆရာတော်ကြီးက ပြန်မေးလိုက်၏။ ထိုအချိန်၌ မောင်အေးချမ်းလည်း နိုးနေပြီ။

"ဥပနာတိုက် ဖောက်တဲ့လူကို မြွေဆိုးကိုက်လို့ သေပါပြီ"

ဟု ထိုလူက ပြန်ပြောသည်။ ထို့ကြောင့် ဆရာတော်ကြီးက ချက်ချင်းပင် ပြန်မေးလိုက်၏။

"သြော်...ဟုတ်လား။ ဘယ်က ဥပနာတိုက်တုံး။ မနေ့က ငလျင်လှုပ်လို့ ပြိုသွားတဲ့ စေတီတော်လေးက ဥပနာတိုက်ကို ပြောတာလား"

"တင်ပါ့ဘုရား"

"သြော်...သြော် ဖြစ်မှုဖြစ်ရလေ။ ဒီတော့ အခုလာပြောနေတာ ဘယ်သူများလဲ"

ထိုလူ ဘာမျှပြန်မပြောပေ။ ထို့ကြောင့် ဆရာတော်ကြီးက ထပ်မေးလိုက်၏။

"အခုလာပြောနေတာ ဘယ်သူလဲ"

သည်အကြိမ်တွင်လည်း ဘာမျှပြန်မပြောပေ။ ထို့ကြောင့် မကြား၍ ပြန်မဖြေလေသလားဟူသော အထင်ဖြင့် ဆရာတော်ကြီးက ထပ်မေးပြန်သည်။

"ဟဲ့...ကျောင်းအောက်က ဒကာမင်း ဘယ်သူများလဲ။ ကျောင်းပေါ်ကိုသော်လည်း တက်လာခဲ့လေ"

ရှေးနည်းအတိုင်း တိတ်ဆိတ်လျက်သာနေသည်။ ထို့ကြောင့် ဆရာတော်ကြီး စဉ်းစားလိုက်၏။ ပြောသံကြားလိုက်သည့် အသံကိုလည်း မမှတ်မိလိုက်ပေ။ ထို့ကြောင့် ကိုယ့်ရွာသားထဲက ဒကာတစ်ယောက်ယောက်ပင်ဖြစ်ဟန်မတူပေ။

သို့ဆိုလျှင် နတ်လား၊ သရဲလား၊ နတ်/သရဲများကပင် စေတီတော်လေး၏ ဥပနာတိုက် လူဆိုးများက လာဖောက်သည်ကို ဆရာတော်ကြီးအား အသံဖြင့် လျှောက်ထားလေသလားစသည်ဖြင့်လည်း ခွဲခြား၍ မသိနိုင်ပေ။

လာလျှောက်သွားသည်မှာကား အမှန်ပင်ဖြစ်၏။ ဆရာတော်ကြီး ရှေ့မောင်အေးချမ်းပါ သုံးလေးကြိမ်တိုင်တိုင် ကြားလိုက်ကြ၏။ နောက်ထပ်ဆရာတော်ကြီးက မေးလျှင်လည်း ဘာမျှပြန်မပြောတော့ပေ။ ထို့ကြောင့် ဆရာတော်ကြီးအဖို့ စဉ်းစားစရာပင် ဖြစ်သွားရ၏။

တစ်အောင့်အကြာတွင် အရုဏ်တက်လာ၏။ ထို့ကြောင့် ဆရာတော်ကြီးက ကျောင်းဒကာများကို မောင်အေးချမ်းအား အခေါ်ခိုင်းလိုက်၏။

ကျောင်းဒကာကြီးများ ရောက်လာကြသောအခါ ဆရာတော်ကြီးက ညကကြားလိုက်ရသောအသံကို ကျောင်းဒကာကြီးများအားပြောပြပြီး စေတီတော်လေးရှိရာဘက်ကို ထွက်လာကြသည်။ ထိုအချိန်၌ မိုးလည်းလင်းနေပြီ။

စေတီတော်လေး၏ အနားသို့ရောက်လျှင် ကြည့်လိုက်ကြရာ တအံ့တသြဖြစ်သွားကြရ၏။ လူတစ်ယောက် ဥပနာတိုက်ထဲ လက်နှိုက်ရင်းက သေဆုံးနေသည်ကို တွေ့လိုက်ကြရသည်။

ထိုလူကို အသေအချာ ကြည့်လိုက်ကြသော်လည်း တစ်ယောက်မှ မသိကြပေ။ ကိုယ့်ရွာသားထဲကမဟုတ်သလို ပတ်ဝန်းကျင်ရွာများက သိဖူးမြင်ဖူးသောသူလည်း မဟုတ်ပေ။

ထို့ကြောင့် ဖြစ်နိုင်ဖွယ်ရာများကို တစ်အောင့်ကြာအောင် စဉ်းစားကြရင်း လွှသမားများထဲကပင် ဖြစ်လေမလားဟု ထင်ပြီး မောင်အေးချမ်းကိုယ်တိုင် သစ်ကန်ထရိုက်တာကြီး ဦးထွန်းကျော်ကို ပြေးခေါ်သည်။ ဦးထွန်းကျော်သည်း



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းလိုက်လာပြီး ကြည့်သည်။

"တင်ပါဘုရား။ တပည့်တော်ရဲ့ လွှသမားတွေထဲက တွေ့တ်ဆိုတဲ့လူပါ"

"ဒီတော့ ဒကာထွန်းကျော် ဒီ တွေ့တ်က ဘယ်ရွာက်များလဲ"

ဦးထွန်းကျော်သည် ချက်ချင်း မဖြေနိုင်သေးဘဲ စာရင်းစာအုပ်ကြီးကို ဖြန့်ကြည့်နေ၏။

"မှန်လှပါ...ကုန်းတန်းရွာကပါ ဘုရား။ နောက်တစ်ယောက်နာမည်က ကျော်ရှိန်ပါ။ သူတို့တပည့်တော်ဆီမှာ လွှဆွဲနေကြတာ နှစ်လတောင် ရှိနေပါပြီ"

ကျော်ရှိန်ဟူသော နာမည်ကို ကြားလိုက်ရမှ ညကအသံကို မောင်အေးချမ်း ဆက်စပ်ကြည့်ရင်း မှတ်မိလာ၏။ ဦးကျော်ရှိန် ရွာထဲကို ကြက်/အရက်လာရာတုန်း မောင်အေးချမ်းနှင့် သုံးလေးကြိမ်ဆုံဖူး၏။ လူပုံက အရပ်ခပ်ပျပ်ပျပ်၊ အသားမည်းမည်းနှင့် အသက်လေးဆယ်ကျော်အရွယ်ဖြစ်၏။

သူတို့၏ ကုန်းတန်းရွာဟူသည် မှာလည်း နီးနီးနားနား မဟုတ်ပေ။ မောင်အေးချမ်းတို့ရွာမှ မော်တော်တစ်ရက်စီးပြီး နောက်တစ်မနက်ကျော် ခြေကျင်လျှောက်ရသော ခရီးဖြစ်၏။ ထို့ကြောင့် မောင်အေးချမ်းတို့ရွာမှ သူတို့ရွာကို နှစ်ရက်ခရီးရှိသည်ဟူ၍ပင် ဆိုနိုင်၏။

"ဒါဆိုရင်လည်း ကျော်ရှိန်ဟာ ဒကာထွန်းကျော်ရဲ့ သစ်စခန်းမှာရှိမယ်။ သူ့ကိုသွားခေါ်လိုက်ကြ။ ဒီအလောင်းကို ဒီအတိုင်းထားလို့ မဖြစ်ဘူး။ သူ့အဖော်သက်သေထားပြီးပဲ ဒီတွဲလောင်းကြီး ဖြစ်နေတာကို ဖြတ်ယူပြီးသင်္ဂြိုဟ်ရမှာ"

ဦးထွန်းကျော်မှာ ဦးကျော်ရှိန်ကို ခေါ်ရန်အတွက် သစ်စခန်းကို ပြန်ပြေးရပြန်သည်။ သစ်စခန်းက သည်နေရာမှ တစ်မိုင်ကျော်ခန့်ဝေးသည်။ တောထဲမှ သစ်တုံးကြီးများကို ဆင်နှင့် ကျွဲနှင့် အဆင်ပြေသလို ဆွဲယူလာပြီး စင်သေသဘောမျိုး သတ်မှတ်ကာ သစ်ခွဲနေကြခြင်းဖြစ်သည်။

ဦးထွန်းကျော်ပြန်လာရာ အဝေးကပင် လက်ကိုထောင်မြှောက်ပြီး လှုပ်ခါပြသည်။ ကျောင်းဒကာကြီးများသည် ကား နားမလည်ကြပေ။ ထို့ကြောင့် ဦးထွန်းကျော်က အနားသို့ရောက်လျှင် ထပ်ရှင်းပြသည်။

"ကျော်ရှိန် မရှိတော့ဘူးဗျ။ သူ့ပစ္စည်းတွေကို အကုန်ယူပြီး လစ်သွားပြီ။ ဒီဒွာပနာကို ဖောက်နိုက်တဲ့ကိစ္စကြီးမှာ သူပါ ပါဝင်နေလို့ လစ်ပြေးသွားတာဖြစ်မယ်။ ကျွန်တော်ပေးထားတဲ့ စရန်ငွေတောင် မကျေခဲ့ဘူး။ သုံးဆယ်ပါသွားတယ်"

တစ်အောင့်ကြာ စဉ်းစားနေပြီး နောက် ဆရာတော်ကြီးက ပြောသည်။

"ကိုင်း...ဒီလိုဆိုရင် ဒီအလောင်းကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲ။ ဒကာထွန်းကျော် မင်းက ရပ်ရွာဥက္ကဋ္ဌလည်း ဖြစ်တယ်ဆိုတော့ ပြောကြည့်စမ်းပါဦး"

"ဒီအလောင်းကို ဒီအတိုင်း ဖြတ်ချပြီး သင်္ဂြိုဟ်လိုက်ရတော့မှာပေါ့ဘုရား။ အဲလောက်ဝေးတဲ့ သူ့ရွာက ဆွေမျိုးတွေကို သွားခေါ်ဖို့ဆိုတာလည်း ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ သူ့လူ ကျော်ရှိန်ကိုယ်တိုင်လည်း သိသွားပြီပဲ"

ထိုအချိန်၌ လူလည်း အတော်များများ ရောက်လာနေကြပြီဖြစ်၏။ စေတီဒွာပနာတိုက်ကို လက်နှိုက်ရင်းက ကားယားတွဲလောင်းကြီးဖြစ်ကာ အသက်ပျောက်နေသော တွေ့တ်၏အလောင်းကိုလည်း တအံ့တသြဖြစ်ကာ ကြည့်နေကြ၏။

"ကိုင်း...ဒီလိုဆိုရင် ဒီအလောင်းကို ဘယ်လိုဖြတ်ချပြီး သင်္ဂြိုဟ်ကြမလဲ ဆိုတာ ပြောကြပါဦး။ မြွေကိုက်လို့သေတာဆိုတော့ ဒွာပနာတိုက်ထဲမှာ မြွေဆိုးကလည်း ရှိနေမှာဖြစ်တဲ့အတွက် ဘယ်လိုလုပ်ရင် အဆင်ပြေနိုင်မလဲ ဒကာတို့ စဉ်းစားကြည့်ပါ"

ဟု ဆရာတော်ကြီးက ပြော၏။

"ဆရာတော် မစိုးရိမ်ပါနဲ့ဘုရား။ တပည့်တော်တက်ပြီး ဖြတ်လိုက်ပါ့မယ်"

ဟု ဦးထွန်းယက လျှောက်ထားလိုက်၏။ ဦးထွန်းယသည်ကား တကယ့်သတ္တိရှင်ဖြစ်၏။ မည်သည့် အဆောင်ဆေးဝါးမျှမရှိဘဲ မြွေပောက်၊ မြွေဆိုးကြီးများကို ဖမ်းနိုင်၏။ ဦးထွန်းယက မြွေဖမ်းရသည်ကို ဝါသနာလည်းပါ၏။ ထို့ကြောင့် မြွေပောက်၊ မြွေဆိုးကြီးများကို တွေ့တိုင်းလည်း မလွှတ်တမ်း လိုက်ဖမ်းလေ့ရှိသည်။

"ဒကာထွန်းယ..လျှော့လို့တော့ မတွက်နဲ့နော်။ ခါတိုင်း ဒကာထွန်းယ ဖမ်းဖူးတဲ့ နေရာမျိုးလိုမဟုတ်ဘူး။ စေတီတော်ပေါ်မှာ ခက်ခက်ခဲခဲလုပ်ရမှာ။ ဒါလည်းထည့်တွက်ဦး"

"ရပါတယ် ဆရာတော်ဘုရား။ စိတ်ချပါ။ တပည့်တော် မြွေဆိုးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို သိပါတယ်။ ဘယ်မြွေဆိုးပဲ ဖြစ်ဖြစ် အခေါင်းထဲကထွက်လာရင် တစ်တောင်၊ တစ်တောင်ကျော်လောက် မှ ပါးပျဉ်းခွက်ပြီး လှမ်းပေါက်လို့ရတာပါ။ တပည့်တော်က မြွေဆိုးကို အဲလောက် ထိ အချိန်မပေးပါဘူး။ ခေါင်းပြူထွက် လို့ တစ်မိုက်လောက် အပြင်ကိုရောက် တာနဲ့ ဆတ်ခနဲ ဆီးဖမ်းပစ်မှာပါ"

ဟုပြောပြီး ဦးထွန်းယ ခါးတောင်း ကျိုက်၏။ ထို့နောက် မောင်အေးချမ်းကို လည်း ပြောသည်။

"ကဲ...အေးချမ်းလေး၊ မင်း ငါ နဲ့လိုက်ခဲ့ကွာ"

"ဟာ...ဦးထွန်းယမလုပ်နဲ့။ ကျွန် တော် မြွေကို အသေကြောက်တယ်ဗျ"

"လုပ်စမ်းပါ။ ခါးတောင်းကျိုက်။ ငါရှေ့ကတက်မယ်။ အုတ်ခဲတွေကို မလိုက်၊ ကြွလိုက် လုပ်ကောင်းလုပ်ရ မယ်ထင်လို့သာ မင်းကိုခေါ်တာပါ။ မင်း ဘာမှမဖြစ်စေရဘူး လုပ်မြန်မြန်"

မောင်အေးချမ်းက ဆိုခဲ့သည့် အတိုင်း မြွေကိုတော့ကြောက်သည်။ သို့ သော်လည်း မြွေဘုရင်ကြီးဟူ၍ပင် ဆိုရ လောက်အောင် မြွေဖမ်းကျွမ်းကျင်သော ဦးထွန်းယကြီးကိုယ်တိုင် ပါနေပြီး စွန့် စားခန်းကိုလည်း ဝါသနာပါသောကြောင့် မောင်အေးချမ်းသည် ချက်ချင်းပင် ခါး တောင်းကျိုက်ပြီး ဦးထွန်းယနောက်မှ တက်လိုက်သွား၏။

အနားသို့ရောက်၍ ကြည့်ကြရာ တွေတ်၏အလောင်းသည်ကား အေး စက်ပြီး မာတောင့်၍ပင်နေလေပြီ။ တွေတ်လက်နှိုက်နေသော နေရာကို အသေအချာကြည့်ကြသည်။ မနေ့က မောင်အေးချမ်း ဆရာတော်ကြီး၏ တောင်ဝေးဖြင့် ထိုးကြည့်ခဲ့သော အုတ် ခဲများ၏အကြားက ဌာပနာတိုက် အပေါက်ကလေး ဖြစ်သည်။ တခြား အပေါက်ဟူ၍ကား လုံးဝမရှိပေ။

ထို့ကြောင့် တစ်ဖက်က အုတ်ခဲ များကို သတိထားပြီး တစ်ခဲချင်း ထုတ် ယူလိုက်ကြရာ အထဲက တွေတ်၏ လက်ကို ကောင်းစွာပင် မြင်ကြရလေ သည်။ ထိုအခါ ဦးထွန်းယနှင့် မောင် အေးချမ်းတို့ ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်သွားကြလေ၏။

ဌာပနာတိုက်ထဲတွင် ဘာမြွေမျှ မရှိဘဲ တွေတ်၏လက်ကို ထိကရုံးဆူး စူးနေသည်ကိုသာ တွေ့ရ၏။ ကုန်ခဲ့သည့် ညနေက ဆရာတော်ကြီး၏အမိန့်ဖြင့် မောင်အေးချမ်း ဌာပနာတိုက်ထဲသို့ အမှိုက်များဖြင့်ပိတ်ဆို့ရာတွင် မြက်ဖတ် များနှင့်ရောနှောပြီး ထိကရုံးပင်ခြောက် များလည်း ပါသွား၏။

တွေတ် ဌာပနာတိုက်ထဲကိုလက် နှိုက်ပြီး ဌာပနာပစ္စည်းများကို ရှာဖွေရာ တွင် ထိကရုံးစူး ဆူးပေလိမ့်မည်။ ထို အခါ မြွေကိုက်သည်ဟုထင်ပြီး အတင်း အမြန်ဆွဲအနုတ်တွင် လက် အုတ်ခဲနှင့် ညပ်ပြီး ပို၍စူးပေလိမ့်မည်။ သွေးများ ယိုထွက်နေသည်ကိုပင် တွေ့နေရသည်။

ထို့ကြောင့် ကြောက်ကြောက် လန့်လန့်ဖြင့် သတိလက်လွတ်ဖြစ်ပြီး အတင်းဆွဲနုတ်လေ ပိုညပ်ပြီးစူးလေဖြစ် သောကြောင့်လည်း သာ၍နာကာ မြွေ ကိုက်သည်ဟု ထင်သွားပေလိမ့်မည်။ ထို့ကြောင့်ပင် ကြောက်သေသေသွား ခြင်းဖြစ်နိုင်သည်။ တကယ်မြွေကိုက် သည်ကား မဟုတ်ပေ။ မြွေဝင်ပေါက်၊ ထွက်ပေါက်ဟူ၍လည်း မရှိပေ။

သည်အဖြစ်ကို ရွာသားများအား လည်း ခေါ်ပြကြ၏။ ရွာသားများလည်း တစ်ယောက်ပြီးတစ်ယောက် တက် ကြည့်ကြ၏။ ဆရာတော်ကြီးကိုလည်း သည်အတိုင်းပင် လျှောက်ထားလိုက်ကြ ၏။ အံ့သြ၍လည်းမဆုံး ဖြစ်ကြရ၏။

သည်ထူးဆန်းသော အဖြစ်ကို သတ္တုချကြည့်ကြသောအခါ တွေတ်ကို ဘာမြွေမျှမကိုက်ဘဲ သူ့အကုသိုလ်က မကောင်းကျိုးပေး၍ သေဆုံးသွားရသည် ဟုသာ ဆိုရမည်ဖြစ်၏။ ထိကရုံးစူးဆူး ၍ကား သေရိုးမရှိ။ ထိကရုံးစူးဆူးလျှင် အလွန်ဆုံး သွေးထွက်ရုံမျှသာဖြစ်၏။

ထို့ကြောင့် ဘုရားဌာပနာပစ္စည်း ကို မတော်လောဘဖြင့် လာခိုး၍ သူ့ အကုသိုလ်က သတ်ဖြတ်သွားသည်မှာ ထင်ရှားလေသည်။ မြွေဆိုးကိုက်၍ သေ သည်ကား လုံးဝမဟုတ်ပေ။

စာကြွင်း။ ။ ကျော်ရှိန်က ည တွင်းချင်း ဆရာတော်ကြီးအား တိတ်တ ခိုးလာလျှောက်သည်မှာ ဆရာတော်ကြီး က သူ့လူတွေတ်၏ အသက်ကိုများ ကယ်နိုင်မလားဟူသော အားကိုးစိတ် ကြောင့်ဟုဆို၏။ သို့သော် သူက ပွင့် လင်းစွာဖြင့် မလျှောက်ရဲခဲ့သောကြောင့် ကယ်သူမဲ့ခဲ့ရ၍ သူ့လူတွေတ် သေဆုံး သွားရသည် စသည်ဖြင့် နောင်တွင် ကာ လကြာသောအခါ ကျော်ရှိန်ဆီမှတစ် ဆင့် ကြားသိကြရသည်ဟူ၏။

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ပါသုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာ ကို ရှောင်ကြဉ်ပါ

ဆရာဝေယံဦး [လူမှုထူးချွန်-ဒုတိယဆင့်]

သမီးတို့ရေ ...

သမီးကညာ အခါမလင့်တဲ့။ သမီးမိန်းကလေးတွေ အချိန်တန် အရွယ်ရောက်ရင် အိမ်ထောင်ပြုတတ်ကြတယ်။ ကိုယ်ကချစ်လို့ မြတ်နိုးလို့အိမ်ထောင်ပြုတာရှိသလို မိဘတွေက နေရာချပေးတာမျိုးလည်းရှိကြတယ်။ အရွယ်ရှိဌသေးတယ်။ အိမ်ထောင်ပြုသင့်ပြီလို့ ပြောဆိုတိုက်တွန်းသူတွေလည်းရှိကြတယ်။ တကယ်တော့ အိမ်ထောင်ပြုတာဆိုတာ အောင်ဘာလေ ထီထိုးသလိုပဲ။ အောင်ဘာလေထီ



www.burmeseclassic.com

www.burmeseclassic.com

ထိုးရင် ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်ရှိကြတယ်။ ထီပေါက်လေမလားပေါ့။ တကယ်တော့ အောင်ဘာလေထီပေါက်ဖို့က မလွယ်တဲ့ကိစ္စပဲ။ ထီထိုးပြီး ထီမပေါက်ဘဲ သေဆုံးသွားသူ ဦးရေဟာ လောကမှာ အများဆုံးပဲ။ အိမ်ထောင်ပြုရင်လည်း ကြည့်ဦးလေ။ နှစ်ဦးသား ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းသွားသူက နည်းတယ်။ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ပြတ်စဲသွားသူတွေ အများကြီးပဲ။ ထီထိုးရင် ထီမပေါက်တာများသလို အိမ်ထောင်ပြုရင်လည်း အိမ်ထောင်ရေး ကံကောင်းဖို့ဆိုတာ ခက်ခဲပါတယ်။

စဉ်းစားကြည့်လေ။ တချို့က အိမ်ထောင်ရေး ကံကောင်းတယ်။ တချို့က အိမ်ထောင်ရေး ကံမကောင်းကြဘူး။ အိမ်ထောင်ပြိုကွဲပျက်ဆီးသွားသူတွေ ရှိသလို အိမ်ထောင်ရေးပြိုကွဲပျက်ဆီးမှုမရှိလဲ တစ်အိမ်တည်းအတူနေပြီး စကားမပြောတာတွေလည်း ရှိသေးတယ်။ သားသမီးရှိရင် တော်သေး။ သားသမီးတွေက မိဘနှစ်ဦးကြားမှာ စကားပြန်တွေလေ။ အဲဒါက တော်သေး။ အိမ်ထောင်ပြုပြီး ကြီးပွားချမ်းသာတာရှိသလို အိမ်ထောင်ပြုပြီး ဆင်းရဲဒုက္ခရောက်သွား သူတွေလည်းရှိသေးတယ်။ ဒါက ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ဆိုင်တယ်။ အဲ ... ကြီးပွားချမ်းသာတိုင်း အိမ်ထောင်ရေး ကံကောင်းတယ်လို့ ပြောရင် မှားဦးမယ်။ ရွှေဘုံပေါ်မှာစံပြီး ဒူးနဲ့ မျက်ရည်သုတ်သူတွေက ရှိသေးတယ်နော်။ တကယ်တော့ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတာ အိမ်ထောင်ရေး ကံကောင်း၊ မကောင်းတာနဲ့ မဆိုင်ဘူး။ တချို့က ဆင်းရဲတယ်။ ဒါပေမဲ့ မောင်တစ်ထမ်း မယ်တစ်ရွက်ကလည်း ရှိသေး။ အလုပ်လုပ်ရင်း သီချင်းဆိုနိုင်သေးတယ်။ အိမ်ထောင်ရေးကံကောင်းတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ ကိုယ်ချင်းစာနာမှု၊ လေးစားယုံကြည်မှုရှိဖို့ပဲ။ အဲဒါမှ အိမ် ထောင်ရေးကံကောင်းမယ်။ အောင်ဘာလေ ထီဆုကြီးပေါက်သလိုမျိုးပဲပေါ့။ ဒီလိုမှ မဟုတ်ရင်တော့ အိမ်ထောင်ရေး ကံမကောင်းနိုင်ဘူး။ အောင်ဘာလေထီမှာ ဗလာမဲကျသလိုမျိုး ဖြစ်သွားမယ်။

ယနေ့ခေတ်ကာလမှာ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ပြီး ကွာရှင်းပြတ်စဲသွားသူတွေရှိသလို အိမ်ထောင်သက်ရှည်ကြာပြီး ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုဆိုပြီး မင်္ဂလာသက်တမ်းကို ဖော်ပြလို့ သတင်းစာဂျာနယ်တွေမှာ သမီးတို့ ဖတ်ရတယ်မဟုတ်လား။ အကျဉ်းချုံ့လို့ ရုံးမှာ နှစ်ဦးသား လက်မှတ်ထိုးပြီး ရပ်မိရပ်ဖနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေ အသိသက်သေထားလို့ အိမ်ထောင်ပြုကြတာတွေ လည်းရှိသေးတယ်။ ကြီးကြီးကျယ်ကျယ်ပဲ မင်္ဂလာဆောင်ဆောင်၊ အကျဉ်းချုံးပဲပြုပြု အဓိကက အိမ်ထောင်ရေးသာယာပျော်ရွှင်ဖို့ပဲ။ အိမ်ထောင်ရေးမြဲမြံဖို့ပဲလေ။ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုမရှိရင် အိမ်ထောင်သက်တမ်းက ခဏလေး၊ စေ့စပ်ကြောင်းလမ်း လက်ထပ်ကွာရှင်းပြတ်စဲခြင်း ဖြစ်သွားမယ်။

အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲသည့် အမျိုးတဲ့။ အိမ်ထောင်ပြုတာ၊ ဘုရားတည်တာ၊ ဆေးမင်ရည်စုတ်ထိုးတာတွေဟာ ပြုပြီးရင် ပြန်ဖျက်ဖို့ခက်ခဲတယ်တဲ့။ တို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး ပြောသူတွေဟာ အိမ်ထောင်ပြုရေး၊ အိမ်ထောင်ရေးကိစ္စတွေမှာတော့ ဒီစကားက အသုံးမဝင်ပါဘူး။ လောကမှာ သေချာပါတယ် ကျိန်းသေပါတယ် ပိုင်ပါတယ်လို့ ပြောသူတွေဟာ အိမ်ထောင်ရေးမှာ လက်မြှောက်အရှုံးပေးသူတွေ ဒုနဲ့ဒေးပါပဲ။ အိမ်ထောင်ရေးကံကောင်းဖို့က အတိတ်ကံနဲ့လည်းဆိုင်တယ်လေ။ အတိတ်ဘဝက သူများချစ်ခြင်း မခွဲသူတွေဆိုရင် ဒီဘဝမှာ အိမ်ထောင်ရေး ကံကောင်းမယ်။ အတိတ်ဘဝက သူများချစ်ခြင်းခွဲသူတွေကတော့ ဒီဘဝမှာ အိမ်ထောင်ရေးကံမကောင်းဘူး။ ဒီလိုတော့ နားလည်ရလိမ့်မယ်။ အတိတ်ဘဝမှာ ကိုယ်ဘာဖြစ်ခဲ့တယ်ဆိုတာ ကိုယ်လည်းမသိ၊ အဲဒီတော့ သမီးတို့ရေ ဒီဘဝမှာ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ အိမ်ထောင်ပြုတော့မယ်ဆိုရင် ရှေးဆရာတော်ကြီးများက နောင်လာနောက်သား တပည့် ဒကာ၊ ဒကာမတွေကို ဆုံးမဖူးတဲ့ စကားလေးတွေ ပြောပြချင်တယ်။ ငါ့သမီးလေးတွေ မျက်စိကြီးကြီး၊ နားကြီးကြီးနဲ့ မှတ်ကြကွယ့်။

ရှေးဆရာတော်ကြီးတွေ ဆုံးမဖူးတဲ့ အကြောင်းကဘာလဲဆိုတော့ –

ပါသုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာကို ရှောင်ကြဉ်ရမယ်တဲ့။ နားရှုပ်သွားပြီလား၊ နားမရှုပ်ကြနဲ့ဦး။ သေချာမှတ်ကွယ်။ ဒီခေတ်က မိန်းကလေးတွေ အများစုဟာ စာမဖတ်ကြဘူး။ သတင်းစာဂျာနယ်ကို မဖတ်တော့ မဂ္ဂဇင်းဆို



www.burmeseclassic.com

www.burmeseclassic.com

ဝေးသေး။ မေးလိုက်ရင် ဘာမှမသိဘူး။ သူများပြောရင် ယုံရော။ လူကုန်ကူးခံရတာ အခုထိပဲ။ အဲ ... လက်ကိုင်ဖုန်းလေးနဲ့ သီချင်းနားထောင်မယ်၊ ဂိမ်းဆော့မယ်၊ အဲဒါက အများဆုံးပဲ။ ကဲ ... ထားတော့။ တော်ကြာ ဒီလူကြီးက တို့ကို အပြစ်ပြောနေတာပဲဆိုပြီး စိတ်ဆိုးဦးမယ်။

ပါသုံးပါဆိုတာက –

၁။ အပိုစားမည့်သူပါလာတာ

၂။ အကြွေးတွေပါလာတာ

၃။ ရောဂါပါလာတာတွေပဲ။

အဲဒီမှာ အပိုစားမည့်သူ၊ အကြွေးပါလာတဲ့သူဆိုရင်တော့ ကိုယ်က စီးပွားရေးပြေလည်ရင် ဖြေရှင်းလို့ရသေးတယ်။ အဲ ... ရောဂါပါလာရင်တော့ ဖြေရှင်းရမလွယ်ဘူး။ ကြည့်လေ။ ယနေ့ခေတ်ကြီးက ရောဂါအဆန်းအပြားတွေ ထူပြောတဲ့ ခေတ်မဟုတ်လား။ တို့တစ်တွေ သတိထားရှောင်ကြဉ်နေရတယ်။ ဒါတောင် ဖြစ်ချင်ဖြစ်ရောပဲ။

ချာသုံးချာဆိုတာက –

၁။ ပညာနုံချာတာ

၂။ အလုပ်အကိုင်နုံချာတာ

၃။ စာရိတ္တနုံချာတာ

အဲဒီမှာ ရှေ့က ချာနှစ်ချာကို အိမ်ထောင်ဖက်အဖြစ်ရွေးချယ်ခဲ့ရင် အဆိုးရွားဆုံးအထိ မဖြစ်ပေမယ့် ရုန်းကန်ရဦးမယ်။ အဲဒါလည်း အမှန်ပဲလေ။ သမီးတို့စဉ်းစားကြည့်ပါလား။ အဲ ... စာရိတ္တနုံချာသူကို အိမ်ထောင်ဖက်ရွေးချယ်ခဲ့ရင်တော့ ဆွေမျိုးများနဲ့ လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ ကိုယ်က မျက်နှာငယ်၊ အရှက်ရမျှ သေချာတယ်။ သူ့ကြောင့် လူပုံအလယ်မှာ ခေါင်းမဖော်ဝံ့တော့ဘူး။ လိပ်မလေးဖြစ်ရော။ အဲဒါကြောင့် စာရိတ္တနုံချာသူဆိုရင် ဝေးဝေးကရှောင်ကြဉ်ကြတော့ သမီးတို့ရေ ...။

ကွာသုံးကွာဆိုတာက –

၁။ နိုင်ငံရပ်ခြားကွာသူ

၂။ စိတ်သဘောထားကွာသူ

၃။ ဘာသာကွာသူတွေပဲ။

အဲဒီမှာ ရှေ့နှစ်ကွာက ကိုယ့်အချစ်၊ သူ့အချစ်နဲ့ နားလည်ပေးရင် ရသေးတယ်။ ဘာသာကွာသူဆိုရင်တော့ နှစ်ဖက်အယူအဆတွေကြား အဖုအထစ်လေးတွေ ရှိနေတတ်တယ်။ ရှိလဲရှိနေတယ်။ ဘာသာခြားနဲ့ အိမ်ထောင်ပြုသူတွေဟာ ကိုယ့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရင် တော်သေး၊ ဒါပေမဲ့ ဘာသာခြားသူကို အိမ်ထောင်ဖက်ရွေးချယ်ရာမှာ ပြဿနာတွေ့ရှိနေမှာပဲ။ နောက်ဆုံးသူနဲ့ ကိုယ်နဲ့အဆင်ပြေတယ်ထား။ သားသမီးတွေရရင် သားသမီးတွေမှာ ကိုးကွယ်မှု ဘာသာတရားပြဿနာရှိလာဦးမယ်။ နာလည်းမှုရှိကြရင်တော့ တော်သေး။ ဘာသာခြားသူက ပြဿနာလုပ်လို့ ကိုယ့်ဘာသာကို လွတ်လပ်စွာ မကိုးကွယ်ရသူတွေ ရှိကြပါတယ်။ အယူသီးတဲ့ ဇနီးမောင်နှံဆိုရင် သူတို့ရဲ့အိမ်ထောင်ရေးဟာ စိတ်ဆင်းရဲနေရာမှာ အမှန်ပဲလေ။ နားလည်မှုထားရင်ဆိုတာကလည်း အပြောလွယ်သလောက် ခက်ပါတယ်။

အဲဒါကြောင့် ရောဂါပါလာသူ၊ စာရိတ္တနုံချာသူ၊ ဘာသာကွာသူတွေကို သတိပြုရှောင်ကြဉ်သင့်ပါတယ်။ သမီးလေးတွေကို မှာချင်တာက မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကို လေးစားတန်ဖိုးထားကြပါ။ ယနေ့ နံနက် ဝတ်စားဆင်ယင်မှုတွေက အင်း ... သမီးလေးတို့ သိကြပါတယ်။ မပြောတော့ပါဘူး။ အဲ ... အနောက်နိုင်ငံက အိမ်ထောင်ပြုနည်းတွေကို အားမကျဖို့ ပြောချင်တယ်။ လက်မထပ်ခင် အတူနေကြတာ မဟုတ်လား။ အင်တာနက်ချစ်သူတွေက အများသား။ နောက်တော့ မိန်းကလေးတွေပဲ ဒုက္ခရောက်ရတယ်။ မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရတဲ့။ မိန်းမတို့ ခြေတစ်လှမ်း ကုဋေတစ်သန်းဆိုတဲ့ စိတ်ကို မွေးမြူကြဖို့ ငါ့သမီးလေးတွေကို မှာချင်တယ်။ တို့ရဲ့မျိုးရိုး မြတ်နိုးပါစေလို့ အဓိကမှာချင်တယ်။

သမီးလေးတွေ အမျိုးကောင်းသမီးလေးတွေဖြစ်ပါစေ။

**သမီးတို့ရဲ့**

**ဝေယံဦး**

၀၉–၂၅၃၀၂၄၄၆၁

**<u>မှီငြမ်း</u>**

**၆.၈.၂၀၁၂ နေ့ထုတ် သာကီသွေးဂျာနယ်က ဆရာညီအောင်ညီ၏ တွဲလက်လေးတွေ မြဲပါစေ။**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိမ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာစိုးရိမ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအခွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း။ KBZ ဘဏ်ဘေး (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၅၁၃၅)
- ပင်ရင်းဖြန့်ချိရေး - အမှတ်(ဂ၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလုစိုး(သိမ်ကြီးဈေး)၊ လှုထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀× ၂၁)၊ မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ နှ(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပုဏ္ဏကအောင်ဘာ နှင့် မြောက်ကျွန်းမယ်

မြသိန်း

သူ့ကို ပုဏ္ဏကအောင်ဘာဟု လူသိများသည်။ စရိုက်ကြမ်းသော သူ့ကို သူ့မြို့ငယ်လေးမှ လူအများနှင့် ပတ်ဝန်းကျင်မှ လူများက ကြောက်ကြသည်။ သူသည် ဓားမြှောင်တစ်လက်ကို ခါးကြားထိုး၍ တစ်ယောက်တည်း သွားလာတတ်သည်။

သူနေထိုင်ရာ မြို့ငယ်လေးမှာ မြစ်ဝတစ်ခု၏ ကမ်းစပ်ပေါ်၌ တည်ရှိပြီး ထိုမြို့၏ မြောက်ဘက်၌ ကျွန်းတစ်ကျွန်း ရှိသည်။ မြောက်ကျွန်းဟု ခေါ်ကြသည်။ တောအုပ်ထူထပ်သော ထိုကျွန်းနှင့် မြို့၏အကြားရှိ မြစ်ရေမှာ ရေစီးသန်၏။

ကျွန်းပေါ်တွင် လူအနည်းငယ်သာ နေထိုင်သည်။ ကျွန်းသူကျွန်းသားများသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြပြီး လယ်ယာထွက်ကုန်ပစ္စည်းများကို တစ်ပတ်တစ်ခါ မြို့သို့ လှေများဖြင့်လာ၍ ရောင်းချကာ အပြန်တွင် မြို့ပေါ်ရှိ သူတို့လိုအပ်သော ပစ္စည်းများကို ဝယ်ယူသွားလေ့ရှိကြသည်။

မြောက်ကျွန်းကို မြို့ပေါ်ရှိ ကုန်းမြင့်တစ်နေရာပေါ်မှ ကြည့်လျှင် အမျိုးသမီးတစ်ယောက် လဲလျောင်းနေပုံနှင့် တူ၏။

တစ်ချိန်က ထိုမြောက်ကျွန်းကို ချောမောလှပသော မိန်းမတစ်ယောက်က အုပ်ချုပ်ခဲ့သည်ဟု လူကြီးသူမများက ပြောကြသည်။

မြောက်ကျွန်း၏ အလယ်တွင် အလွန်ကြီးသော သစ်ပင်ကြီးတစ်ပင်ရှိရာ ထိုသစ်ပင်ကြီးအောက်၌ "မြောက်ကျွန်းမယ်"နတ်စင်ကြီး ရှိသည်ဟု ထိုကျွန်း၌ နေသူများက စကားစပ်မိလျှင် ပြောပြသည်။ "မြောက်ကျွန်းမယ်"က သူတို့ကို စောင့်ရှောက်သည်ဟု ထိုကျွန်းသူကျွန်းသားများက ယုံကြည်ကြသည်။

အရုပ်မနှိမ့်မမြင့်၊ ခန္ဓာကိုယ်တုတ်ခိုင်သန်မာသော ပုဏ္ဏက အောင်ဘာမှာ အသက်လေးဆယ်နှစ်ခန့် ရှိလေပြီ။ သူ၏မျက်လုံးများမှာ သိမ်းငှက်မျက်လုံးများကဲ့သို့ စူးရှ၏။

ပုဏ္ဏကအောင်ဘာတွင် မိဘများမရှိတော့။ သူ့မိဘများသည် သူ့အတွက် ငွေကြေးနှင့် ပစ္စည်းဥစ္စာ ရတနာအချို့ထားရစ်ခဲ့၏။ ပုဏ္ဏက တစ်သက်စားမကုန်ဟု ပြောကြသည်။

ပုဏ္ဏကအောင်ဘာသည် လူပျိုပေါက်အရွယ်ကတည်းက မိန်းမပွေသူဖြစ်သည်။ ဟောတစ်ယောက် ဟောတစ်ယောက်။ သူငြီးငွေ့လာလျှင် ငွေပေးပြီး ကွာရှင်းလေ့ရှိသည်။

အောင်ဘာသည် မြစ်ကမ်းနှင့် အနည်းငယ်သာ ကွာဝေးသော အိမ်ကြီး၌ နေသူဖြစ်သည်။ သူ၏အကျင့်ဆိုးကို မိန်းမများသိကြသော်လည်း ပုဏ္ဏကနှင့် တွေ့လျှင် တော်ရုံတန်ရုံ မိန်းမများသည် အရည်ပျော်သွား၏။

ယခုလောလောဆယ်တွင် ပုဏ္ဏကအောင်ဘာမိန်းမမှာ ဆံပင်အနက်ပိုင်ရှင် ချောချောလှလှ မိန်းမတစ်ယောက်ဖြစ်သည်။ သူ၏ ဆဋ္ဌမမြောက်မယားဖြစ်သည်။ "မိရွှေကြည်"ဟု ခေါ်သော ထိုအမျိုးသမီး၏ အသက်ကို ပုဏ္ဏကအောင်ဘာသည် ရေချိုးဆိပ်၌ ရေချိုးစဉ် ကယ်တင်ခဲ့ရာမှ သူ၏ဇနီးမယား ဖြစ်လာခြင်းဖြစ်သည်။ မိရွှေကြည်သည် မြောက်ကျွန်းမှ လှေငယ်တစ်စီးဖြင့် ပုဏ္ဏကတို့၏မြို့သို့ အရေးပေါ် ဈေးလာဝယ်ပြီးအပြန်၌ မြစ်လယ်တွင် ရုတ်တရက် လှေမှောက်သွား၏။ လှေပေါ်ပါ

www.burmeseclassic.com

ကုန်ပစ္စည်းများကို လိုက်ဆယ်ရင်း သူမသည် ခြေထောက်ကြွက်တက်သွားစဉ် ရေနစ်နေသော သူမကို ရေချိုးနေသော ပုဏ္ဏကအောင်ဘက ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

မိရွှေကြည်သည် ပုဏ္ဏကအောင်ဘထက် အသက်နှစ်ဆယ်ခန့်ကွာ၏။ အောင်ဘ၏ ဇနီးမယားဖြစ်လာသော မိရွှေကြည်သည် အိမ်မှုကိစ္စများကို လိုလေသေးမရှိအောင် ပြုလုပ်ပေးနိုင်၏။ ပုဏ္ဏကအလိုကျ လုပ်ပေးနိုင်သူဖြစ်သည်။

"ငါ့အိမ်ကို ရောက်လာတဲ့ မိန်းမတွေထဲမှာ မင်းဟာ ငါ့ရဲ့အိမ်မှုကိစ္စကို အလုပ်ပေးနိုင်ဆုံးပဲ"

အောင်ဘသည် အရက်သောက်ရင်း မိရွှေကြည်ကို အမြဲချီးကျူးလေ့ရှိသည်။

ပုဏ္ဏကအောင်ဘသည် သူ၏ တပည့်အချို့နှင့် အရက်ကိုသောက်ရာတွင် ရေးကထက်ပိုသောက်လာကြောင်း မိရွှေ ကြည် သတိပြုမိသည်။ သူတို့၏ အိမ်ထောင်သက်မှာလည်း သုံးနှစ်ထဲရောက်လာပြီဖြစ်သည်။

ထိုသုံးနှစ်အတွင်း၌ မိရွှေကြည်သည် လပြည့်လကွယ် နေ့များတွင် ပုဏ္ဏကထံမှ ခွင့်ပန်ပြီး မြောက်ကျွန်းသို့ တစ်ည ပြန်လေ့ရှိသည်။ ထိုညများ၌ သူမ၏ မြောက်ကျွန်းမယ်မယ်ကို ပြန်ကန်တော့ခြင်း ဖြစ်သည်ဟု သူမက ပြော၏။

အရက်များများ သောက်မိလျှင်' သွေးဆိုးသော ပုဏ္ဏကကို မိရွှေကြည်က အရက်လျှော့သောက်ဖို့ပြောသည်မရ။

တစ်နေ့တွင် ပုဏ္ဏကတစ်ယောက်တည်း အရက်များများသောက်နေစဉ် မိရွှေကြည်သည် အရက်ပုလင်းအလွတ်တစ်လုံးကို ရိုက်ခွဲ၍···

"ရှင်ဆက်မသောက်နဲ့ သောက်ရင် ကျုပ်သည်းမခံဘူး"

ဟု ပြောသည်။ အရောင်တောက်ပြီး နီနေသော မိရွှေကြည်၏ မျက်လုံးများကို ကြည့်ပြီး ပုဏ္ဏကအောင်ဘသည် သူ၏အရက်များကို သွန်ပစ်လိုက်သည်။ ထိုအခါ မိရွှေကြည်သည် အရက်ပုလင်းကွဲကို စားပွဲပေါ်တင်လိုက်သည်။ ဤသည်က မိရွှေကြည်၏အမှား။

ပုဏ္ဏကသည် ထိုင်ရာမှ ရုတ်တရက်ထလာပြီး မိရွှေကြည်၏မျက်နှာကို လက်သီးဖြင့်ထိုးလိုက်သည်။ မိရွှေ

**အောင်ဘတို့လင်မယား အိပ်ခန်းထဲရှိနေစဉ် ဆံပင်ဖားလျား၊ အရောင်တောက်နေသော မျက်လုံးကြီးနှင့် မိရွှေကြည် အိပ်ခန်းတံခါးဝသို့ ရုတ်တရက် ရောက်လာသည်။**

ကြည်သည် လဲကျသွားသည်။ ပါးစပ်မှ သွေးများ ထွက်ကျလာသည်။

အောင်ဘနှင့် မိရွှေကြည်သည် နောက်ပိုင်း၌ အရက်ကြောင့် မကြာမကြာ ရန်ဖြစ်လေ့ရှိသည်။ ရန်ဖြစ်ပြီးလျှင် အောင်ဘက ပြန်ချော့သောအခါ မိရွှေကြည် ပျော့သွား၏။

တစ်နေ့တွင် ပုဏ္ဏကအောင်ဘ ခရီးထွက်သွားသည်။

တစ်ပတ်အကြာတွင် ပြန်ရောက်လာသည်။ သို့သော် သူတစ်ယောက်တည်းမဟုတ်၊ အမျိုးသမီးငယ်တစ်ယောက် ပါလာသည်။

"မိရွှေကြည်···သူဟာ ဒုက္ခသည်တစ်ယောက်။ ဒုက္ခရောက်နေလို့ ငါခေါ်ခဲ့တယ်။ သူ့ခမျာ ဘယ်သူ့ကိုမှ အားကိုးစရာမရှိလို့···"

မိရွှေကြည် သိလိုက်ပြီ။ ပုဏ္ဏကသည် သူမကိုစွန့်၍ နောက်တစ်ယောက်ယူတော့မည်ဟု။

နောက်တစ်နေ့တွင် ပုဏ္ဏကအောင်ဘသည် မိရွှေကြည်အား ငွေနှင့် လက်ဝတ်ရတနာအချို့ပေးပြီး ကွာရှင်းရန် ပြုလုပ်သည်။ အရပ်လူကြီးအချို့ရှေ့တွင် ဖြစ်သည်။

မိရွှေကြည်သည် ပုဏ္ဏကအောင်ဘထံမှ ဘာကိုမျှ မယူဘဲ···

"ရှင်···လူယုတ်မာ၊ ရှင် ကျုပ်အကြောင်း မကြာခင် သိရမယ်"

ဟု ပြောပြီး အိမ်ပေါ်တက်သွားကာ သူမ၏ အဝတ်များထည့်ထားသော လွယ်အိတ်ကိုလွယ်၍ အိမ်ပေါ်မှ ဆင်းသွားသည်။

အိမ်ပေါ်မှ ဆင်းခါနီး၌ မိရွှေ

www.burmeseclassic.com

ကြည်က သူ့ကို နီမြန်းနေသော မျက်လုံးများဖြင့် ကြည့်သွားသည်ကို အောင်ဘမြင်ရသောအခါ ကြက်သီးထသွားသည်။ ပုဏ္ဏကအောင်ဘ၏ ဘဝတစ်လျှောက်လုံးတွင် မိန်းမတစ်ယောက်ကို ကြောက်သော စိတ်သည် ယခုလို တစ်ခါမျှ မပေါ်ခဲ့။

သို့သော်လည်း အောင်ဘသည် ဟန်မပျက်။

မိရွှေကြည် မရှိတော့။

ပုဏ္ဏကအောင်ဘသည် သတ္တမမြောက်မယားနှင့် အတူတူနေသည်။

ထိုမယားနှင့် အတူတူနေပြီး တစ်လခန့်အကြာ မောင်ရီဖျိုးဖျအချိန်...

အောင်ဘတို့လင်မယား အိပ်ခန်းထဲရှိနေစဉ် ဆံပင်ဖားလျား၊ အရောင်တောက်နေသော မျက်လုံးကြီးနှင့် မိရွှေကြည် အိပ်ခန်းတံခါးဝသို့ ရုတ်တရက်ရောက်လာသည်။ ပုဏ္ဏကအောင်ဘတို့ လန့်သွားကြသည်။

မိရွှေကြည်၏ လက်ထဲတွင် အောင်ဘကိုင်နေကျ ဓားမြှောင်။

မိရွှေကြည်က ဓားမြှောင်ကိုကိုင်၍ အခန်းထဲ တိုးဝင်လာသောအခါ ပုဏ္ဏကအောင်ဘသည် မည်သို့ခုခံရမည်ကို အကြံယူရင်း နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားသည်။ ပုဏ္ဏကအနီးမှ မိန်းမငယ်သည် လှစ်ခနဲ အခန်းထဲမှ ထွက်သွားသည်။ အခန်းထဲ၌ ပုဏ္ဏကအောင်ဘနှင့် မိရွှေကြည် နှစ်ယောက်တည်း။

မိရွှေကြည်သည် ပုဏ္ဏကနှင့် ခြေလှမ်းငါးလှမ်းအကွာ အရောက်၌ ဓားမြှောင်ကို ချွန်ထက်သော အသွားမှ လှည့်ကိုင်ရင်း ပုဏ္ဏကအောင်ဘ၏ ရင်အုံကို ပစ်ပေါက်လိုက်သည်။ ပုဏ္ဏကရှောင်တိမ်းရန် အချိန်မရလိုက်။ ဓားမြှောင်က ပုဏ္ဏက၏ နှလုံးသားရှိရာထဲသို့ စိုက်ဝင်သွားသည်။

"အား..."

ပုဏ္ဏက ကြမ်းပြင်ပေါ် လဲကျသွားသည်။

"ဟား..ဟား...ဟား"

မိရွှေကြည်၏ အားရပါးရ ရယ်သံကြီးမှာ ဟိန်းနေသည်။

မိရွှေကြည်သည် ကျေနပ်သော မျက်နှာဖြင့် အခန်းထဲမှ တစ်လှမ်းချင်း ထွက်လာသည်။

ပုဏ္ဏက၏ အိမ်နီးနားချင်းအချို့ ပုဏ္ဏက၏ အိမ်ရှေ့၌ ရှိနေကြသည်။

မိရွှေကြည်သည် ခပ်တည်တည်နှင့် အိမ်ထဲမှ ထွက်လိုက်သည်။ လမ်းပေါ်သို့ ရောက်သည်အထိ သူမကို မည်သူမျှ မတားဆီးဝံ့ကြ။ သူမ၏မျက်နှာကိုကြည့်ပြီး ကြောက်ရွံ့နေကြသည်။

အမှောင်ထု အားကောင်းလာသည်။

မိရွှေကြည်သည် မြစ်ဆိပ်သို့ ခပ်မှန်မှန်လျှောက်သွားသည်။ လူအချို့ ပုဏ္ဏက၏အိမ်ပေါ်သို့ တက်သွားကြပြီး အချို့က မိရွှေကြည်နောက်မှ ခပ်ခွာခွာ လိုက်သွားကြသည်။

မြစ်ဆိပ်သို့အရောက်တွင် မိရွှေကြည်သည် ရေထဲသို့ တစ်လှမ်းချင်း ဆင်းသွားသည်။ ရေစီးကို ဂရုမပြုဘဲ သူမသည် မြောက်ကျွန်းဆီသို့ လက်ပစ်ကူးသွားသည်ဟု သူမနောက် လိုက်သွားသူများက ပြောကြသည်။

ပုဏ္ဏကအောင်ဘ အိမ်ပေါ်သို့ တက်သွားသူများသည် မီးထွန်းပြီး ပုဏ္ဏကထံ သွားကြသည်။ ပုဏ္ဏကအောင်ဘတစ်ယောက် မျက်လုံးပြူး၍ သေနေသည်ကို သူတို့ တွေ့ရသည်။ သူ၏ရင်ဘတ်သည် သူကိုင်နေကျ ဓားမြှောင်က ဓားသွားအဆုံး စူးဝင်နေသည်ကို တွေ့ရသည်။

ရပ်ကွက်လူကြီးများက မြို့အုပ်ချုပ်ရေး အာဏာပိုင်ထံ အကြောင်းကြားသောကြောင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့ဝင်များ ရောက်လာကာ စစ်ဆေးမှုပြုလုပ်ပြီး ဆေးရုံသို့ ပို့လိုက်ကြသည်။

ပုဏ္ဏကအောင်ဘ၏ အိမ်မှာ အမှောင်ထုအောက်၌ ငြိမ်လျက် ကျန်ရစ်နေ၏။

ညဘက်တွင် ထိုအိမ်အနားသို့ မည်သူမျှ မကပ်ရဲကြသလို မြစ်ရေချိုးဆိပ်သို့လည်း မှောင်စပျိုးသည်နှင့် မည်သူမျှ မသွားရဲကြတော့။

မိရွှေကြည်ကိုလည်း ထိုညမှစ၍ မည်သူမျှ နောက်ထပ်မတွေ့ကြရတော့။

မိရွှေကြည်သည် မြောက်ကျွန်းမယ်လော၊ သို့မဟုတ် မြောက်ကျွန်းမယ်၏ တပည့်မလော ဆိုသည်ကို အချင်းချင်း ဝေဖန်နေကြ၏။

ပုဏ္ဏကအောင်ဘနှင့် မြောက်ကျွန်းမယ်ဇာတ်လမ်းသည် ကာလရှည်ကြာလာသောအခါ ပုံပြင်သဖွယ် ဖြစ်သွား၏။

**မြသိန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# စိန်လျှောက်လမ်း

နှင်းနှင်း

"ဒယ်ဒီ . . .သား ဒီနေ့ သမိုင်းဖြေရတဲ့ နှစ်နာရီအတွင်း အိပ်လည်း ပျော်သွားမိတယ်။ ဖြေတဲ့ဆရာ နိူးလာ တော့ ကမ္ဘာ့သမိုင်းနဲ့ မြန်မာ့သမိုင်းကို ရောထွေးရေးမိတယ်။ အောင်မှတ်ရမှာမဟုတ်ဘူး။ နောက် နှစ်ဘာသာကို သွားမဖြေတော့ဘူး။ ဆေးရုံက မာမီ့ကိစ္စပဲ တစ်နေ့လုံးလုပ်မယ်"

ဦးသိန်းအောင် အမည်ခံထားတဲ့ ရွှေငွေရတနာရောင်းဝယ်နေတဲ့ ကျွန်တော် သားကို ထမင်းစားရင်း ဘာပြောရမှန်းမသိ ဖြစ်သွားမိသည်။ ကျွန်တော့်မှာ ဇနီးသည်က ဆယ့်တစ်ယောက်မြောက်သမီးကို ဆေးရုံမှာ မီးဖွားနေတယ်။ ကျွန်တော်က သားချည်းပဲ ဆယ်ယောက်ရှိတယ်။ ဇနီးက မိန်းကလေးလိုချင်၍ ယခုမှ ဆယ့်တစ်ယောက်မြောက်မှာ ရခဲ့ပြီ။ အမြွာလည်း ပါ။ အိမ်ထောင်ကျလည်း စောတဲ့အတွက် မိသားစုကြီးမားပါတယ်။

"ရစ်ချတ် . . .သား ကျောင်းစာ စိတ်မပါဘူးနော်"

"အမှန်ပြောရရင် ဒယ်ဒီ့လို စီးပွားရှာချင်တယ်။ ဒယ်ဒီ့မှာက ကိုကြီးက နိုင်ငံခြားမှာ အောင်မြင်ပြီ၊ ဒုတိယအစ်ကိုက ရှေ့နေဖြစ်ပြီ။ တတိယအစ်ကိုက ရုပ်သံကုမ္ပဏီ အဆင်ပြေပြီ။ လေးယောက်မြောက်သားတစ်ယောက် ပညာမှာ မအောင်ဘဲ စီးပွားရှာပေးရင်လည်း ဖြစ်တာပဲ။ နောက်ထပ် ညီနဲ့ ယခုညီမတစ်ယောက် သူတို့ပညာရေး ဒယ်ဒီ့စိတ်တိုင်းကျ သင်ပေးပါ။ သားတော့ နှစ်နှစ်မြောက်ဖြေတဲ့ ဆယ်တန်းနဲ့ ရပ်ချင်ပြီ ဒယ်ဒီ"

ရစ်ချတ်လို့ခေါ်တဲ့ လေးယောက်မြောက်သားက မိသားစုအရေးကို သိပ်ဂရုစိုက်တဲ့လူပါ။ ငယ်စဉ်က အမေ့ဆွဲခြင်းကူဆွဲရင်း စျေးဝယ်လိုက်တယ်။ ငွေအထွက်အဝင် ဂရုစိုက်တယ်။ ရုပ်လည်းဖြောင့်တယ်။ စကားလည်းကျွမ်းတယ်။

"သား အဖေနဲ့ လမ်းလျှောက်လိုက်ခဲ့"

ကျွန်တော် ထမင်းစားပွဲမှထပြီး အိမ်ပြင်ထွက်ခဲ့တယ်။ ရွှေဘုံသာလမ်းက အခုမှ လူစဲသွားသည်။ တစ်နေ့လုံး ပွဲစားများ ရှုပ်ယှက်ခတ်နေ၏။ ကျွန်တော် ရွှေဘုံသာလမ်းမှာ နေလာခဲ့တာ နှစ်လေးဆယ်ပြည့်လုပြီ။ စီးပွားစရှာတာနဲ့ ရွှေဘုံသာလမ်းထဲမှာ ကျင်လည်ခဲ့တာပါဘဲ။ အသက် ၅၀ ပြည့်ခါနီးမှ နောက်ဆုံးသမီးကို ရရှိခဲ့ပြီး အိမ်ရှိတယ်။ ရွှေဆိုင်ရှိတယ်။ သားသမီးအားလုံးပြည့်စုံပြီ။ လေးယောက်မြောက်သားကို ခွင့်ပြုပါမည်၊ သူ့ကို သူစိတ်မပါသော စာသင်ကြားခြင်း နားခိုင်းပါပြီ။ ကဲ . . .ဘာလုပ်ခိုင်းမလဲ"

"ဒယ်ဒီ . .ကမ်းနားမှာ လူပြတ်တယ်။ ဘယ်သွားမှာလဲ"

"လူရှင်းပြီး လေအေးအေးတိုက်တဲ့ နေရာရှာတာ၊ ကဲ . . .ထိုင်"

သားက ကျွန်တော့်ဘေးမှာ ထိုင်ချပြီး မော့ကြည့်သည်။

"ရစ်ချတ် သူဌေးဖြစ်ချင်သလား"

"ဟုတ်ကဲ့ . . .ဒယ်ဒီ။ သားငွေရှာချင်တယ်"

"ဒယ်ဒီပြောမယ် သေချာမှတ်။ ငါ ဆယ်နှစ်အရွယ်ထဲက ဒီရွှေဘုံသာလမ်းထဲမှာ ရွှေကြိုပွဲစား ဝယ်ရောင်းလုပ်နေပြီ။ တစ်နေ့ ခြေတစ်ဖက်မှာ ခြေအဖျားဘက်ကမရှိဘဲ ဖနောင့်ပိုင်းသာရှိတဲ့ ချိုင်းထောက်နဲ့ ဟိန္ဒူတစ်ဦးက ငါ့ကို ကလေးရေ . . .မင်းမှန့်ဖိုးများများရမယ်။ ဒီမှာ စိန်ကို ဝယ်နိုင်ခဲ့ပြီ၊ ငွေကို ကင်းကင်းရှင်းရှင်း ချေနိုင်မယ့်သူကို ပို့ပေးပါတဲ့။ ငါက သူ့ကို သိပ်အထင်မကြီးမိဘူး။ ဒါပေမဲ့ စကားတွေ ပြောနေရင်းက သူ့မှာ တကယ့်ပစ္စည်းပါလာတာပြမှ ဝယ်လက်ထံကို ခေါ်သွားဖြစ်တယ်။ သူပါလာတဲ့စိန်က စိန်ရိုင်း။ အိန္ဒိယစိန်မဟုတ်ဘဲ အာဖရိကစိန်ရိုင်းဘဲ။ သူမဖြေတော့ ထပ်ခါ ထပ်ခါမေးလည်း မသိခဲ့ရဘူး။ ဘယ်လိုရခဲ့မှန်းမသိ၊ တကယ့် စိန်ကောင်းတွေ သူထုတ်ရောင်းခဲ့တယ်။ သူက ဒီငွေတွေကို မေမြို့ မြေရှင်တစ်ဦးကို လွှဲပြီးချေတယ်။ သူမြေပိုင်ရှင် ဖြစ်သွားခဲ့တယ်။ အဲဒီတစ်ခေါက် များများရောင်းတယ်။ နှစ်နှစ်ခွဲလောက်မှာ ထပ်ရောင်းတာက နွားမွေးမယ်၊ စိုက်ခင်းချမယ်ဆိုပြီးရှေ့င်း

www.burmeseclassic.com

**တယ်။** ငါးနှစ်မျှထပ်ကြာမှ မိန်းမယူမယ်။ **အိမ်**ပြင်မယ်ဆိုပြီး တစ်ခါထပ်ရောင်းတယ်။ ဒီဆယ်နှစ်အတွင်းမှာ သူ မြန်မာစကားလည်း ကျွမ်းနေပြီ။ လာမရောင်းချခဲ့ပေမဲ့ သူ့မှာ စိန်ရိုင်းတွေ ရှိနေဦးမယ်ဆိုတာ သေချာတယ်။ အဲဒါ သူ ဘယ်လိုရှာဖွေခဲ့သလဲ မင်းစုံစမ်းပြီး ရစ်ချတ် သူဌေးဖြစ်ဖို့ လမ်းဖွင့်ရှာပေတော့။ သူ့လိပ်စာ ဒယ်ဒီ စာတစ်စောင်နဲ့ ရေးပေးလိုက်မယ်"

ဆယ့်ရှစ်နှစ် မပြည့်သေးပေမဲ့ သားက သူကျင်လည်ခဲ့တဲ့ နေ့စဉ် သင်ဆရာ၊ မြင်ဆရာ ရွှေဘုံသာလမ်းမှာ ပွဲစားလုပ်တန်းစားကို သိထားပြီးပြီ။

အမှန်ပြောရရင် ကျွန်တော်တို့လူမျိုးက ပညာရေးထက် စီးပွားရေးကို ပိုဂရုစိုက်ကြတယ်။ အိန္ဒိယနိုင်ငံမှာဆို လူချမ်းသာက ဇာတ်မြင့်တယ်ဆိုပြီး နေရာတကာ ပါဝင်နိုင်တယ်။ ဆင်းရဲသားဇာတ်နိမ့်များဆို ဘယ်သူမှ ခေါ်ဖော်ကြောဖက် မပြုချင်ခဲ့ကြတဲ့အတွက် ငွေကြေးချမ်းသာမှုကို ပို၍ အလိုဆန္ဒရှိတယ်။ ပဉ္စမမြောက်သားလည်း ဆယ်တန်းရောက်နေပြီမို့ စတုတ္ထသားကို အပျံသင်၊ အပင်သန်အောင် လွှတ်လိုက်မယ်။

× × ×

စာတစ်စောင်ကိုင်ပြီး စီးပွားရှာသင်ပေးပါဆိုပြီး ကုလားချောချောတဲ့ ရန်ကုန်သားလူငယ်ကို အိန္ဒိယတိုင်းသား အသက်ရှစ်ဆယ်က ငုံ့ကြည့်ရင်း အတွေးများ စုံလှသည်။ ကြိုတင်တွက်ဆထားပြီးသားမို့ သိပ်ပြီး မဟာဒူးအဖို့ ပြဿနာမရှိ။ မိမိလည်း စားသင့်သမျှစားသုံးပြီး သေခါနီးပြီမို့ စိန်ကိုအကြောင်းပြုလာမည့်အရေး စီစဉ်အကွက်ချပြီးသား။

"မင်း နားပါ။ နက်ဖြန် နွားခြံနဲ့ နေကြာခြံကိုဆင်း"

"ကောင်းလှပါပြီ"

သမီးနဲ့ ဇနီးချောက ပျော်နေကြသည်။ သူတို့အနီးမှာ လုပ္ပချောမောလှတဲ့ လူမျိုးတူတစ်ဦး ရှိနေသဖြင့် အာသွက်၊ လက်သွက်ရှိကြသည်။ မည်မျှ လက်သွက်သနည်းဆို ချက်ပြုတ်ထားသော ထမင်းပွဲကိုကြည့် စုံလှ၏။ မဟာဒူးက သက်သတ်လွတ်စားနေသည်မှာကြာပြီ။ ပဲဟင်းကောင်းကောင်းစားပြီး နံပြားကို မလိုင်တို့နှစ် သောက်ခြင်းသာ အားထားသည်။ ဟင်းရွက်များလည်း စားဖွယ်စုံသည်။ မေမြို့က ရာသီဥတု ကောင်းသည်လေ။

တစ်နှစ်မျှကာလကို ပျော်ရွှင်စွာဖြတ်သန်းလာခဲ့သည်။

"ဘာဘာကြီး နေ့တိုင်း အာနာပါန လုပ်နေတယ်။ ရွှေတွေပြည့်နေတဲ့ ဘုရားစေတီကြီး သွားဖူးရအောင်။ ရန်ကုန်တစ်ခေါက်လိုက်ပါ"

"ဟုတ်တယ် ဘာဘာ၊ နီလာလည်း ရောက်ဖူးချင်တယ်"

"အေးလေ…သွားနိုင်တုန်း သွားကြတာပေါ့။ ငါခြံထဲ ပတ်ကြည့်ခဲ့မယ်။ တာဝန်ပေးခဲ့မယ်။ ထုပ်ပိုးယူသင့်တာ စီစဉ်ထား"

မဟာဒူးက ချိုင်းထောက်ကို ထောက်၍ ရှေ့မှထွက်၏။ ရစ်ချတ်က စာအုပ်လွယ်ကာ နောက်မှလိုက်သည်။

"မင်း ဒီအလုပ်ခွင်ကို လုပ်ကိုင်ချင်သလား"

"မလုပ်ချင်ဘူး။ တစ်နှစ်လုံးကြိုးစားတာ ဒယ်ဒီ နှစ်လစာမရှိဘူး။ တစ်ခုတော့ရှိတယ်။ လူလည်လုပ်တာ၊ ဖျံကျတာမရှိဘူး။ စိတ်နှလုံးငြိမ်းတယ်။ နွားတွေ၊ အပင်တွေက လူတွေလို မလိမ်ဘူး။ မညစ်ဘူး ဒါပဲ"

"မင်းက…ဘယ်လိုဘဝနဲ့ နေချင်သလဲ"

"ဒယ်ဒီ့ဘဝမျိုး ရွှေငွေ၊ သားသမီး၊ ဇနီးနဲ့ ပြည့်စုံခြင်း"

"ဒါဖြင့် ဒီခြံထဲမှာ ဘာလာလုပ်သလဲ။ ရွှေဘုံသာမှာ ငွေရှာပါ"

"ဘာဘာကြီးမှာရှိနေတဲ့ စိန်ရိုင်းထုပ် ကျွန်တော်လည်း ထုပ်ပိုးချင်လို့ စိန်ထွက်ရာ စိန်ကြောကို ပြောပြပါ"

"မင်း လျှို့ဝှက်ချက်ကို လျှောက်မပြောရဘူးလေ"

"မပြောပါဘူး။ ဝေစုခွဲပေးနေရမှာပေါ့။ သိချင်လှတယ်"

"သိပြီး ဘာလုပ်မလဲ။ အသက်တောင်ပေးရတတ်တဲ့ ပစ္စည်းတဲ့"

"စိန်ထွက်တဲ့နေရာသွား စိန်ရှာမှာပေါ့။ နွားမနို့ညှစ်တာထက် မြန်မြန်ငွေရတာပေါ့။ ပြီးမှ ဘာဘာကြီးလို အာနာပါန တစ်နေကုန်ထိုင်မယ်"

မဟာဒူးက ချိုင်းထောက်နဲ့ ရစ်ချတ်ရင်ဝကို လှမ်းထောက်ပြီး -

"ငါ့ကိုသတ်ပြီး ဘာလို့စိန်ထုပ်ယူမသွားလဲ"

"အာနပါနလုပ်၊ သက်သတ်လွတ်စားနေတဲ့ ဟိန္ဒူအဘိုးကြီးတစ်ဦးကို သတ်ဖြတ်ပြီးမှ ရစ်ချတ်က သူဌေးလုပ်ရမှာ စိတ်မသန့်ဘူး။ စိန်တွင်းမှာ ကိုယ့်ဘာသာ ဆင်းတူးချင်တယ်။ စိန်တွင်း ဘယ်မှာလဲ"

"ငါလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

မှန်သည်။ မဟာဒူးက ကြေးစား စစ်သားဖြစ်နေသော ဖခင်လုပ်ဆောင်မှုကြောင့် အရွယ်မရောက်မီ အင်္ဂလန်မှ ဗိုလ်မှူးတစ်ဦး၏ ဘတ္တလာခေါ် ထမင်းချက်ပြုတ်သူ ဖြစ်လာသည်။ နံပြား၊ ပေါင်မုန့်၊ ပလာတာ အစေ့ပ်တစ်ရာ ကုလားမုန့်မျိုးစုံနဲ့ ထောပတ်၊ ဒိန်ချဉ် အိန္ဒိယဟင်းခတ်မဆလာစုံ ပြုလုပ်စွမ်းနိုင်သည်။ မိမိ၏ ဗိုလ်မှူးသည် မိမိ အရွယ် သူ့သားကို အင်္ဂလန်မှာထား၍ မြန်မာပြည် -အိန္ဒိယပြည် တာဝန်နဲ့ သွားနေရသည်။

အိန္ဒိယမှ ခွဲထွက်ရန် မြန်မာပြည်က အစွမ်းကုန်အားထုတ်နေသဖြင့် တာဝန်များနှင့် ခဏခဏ ရောက်ရောက်နေရသည်။ ဗိုလ်မှူးက မြန်မာပြည်ရောက်လျှင် မေမြို့ကို သွားနေတတ်သည်။ မဟာဒူးလည်း အဖေက ဗိုလ်မှူးထံတောင်းပန်ပေးသဖြင့် ကလေးစစ်သားဘဝမှ လူ့လတ်ပိုင်းဝင်သည်ထိ နောက်လိုက်လုပ်နေ၏။ တစ်ရက် အရက်သောက်ရန် အမြည်းသွားချပေးစဉ် -

"မဟာဒူး အသက်ဘယ်လောက်ရှိပြီလဲ"

"၁၈ နှစ် ပြည့်ပါပြီ။ လုပ်သက်လေးနှစ်ရပါပြီ"

"အခု တိုင်းပြည်ကိစ္စ သိပ်ရှုပ်လာတော့မယ်။ ငါ အသက်ပြည့်တဲ့အတွက် ဒီတစ်ခေါက် တာဝန်အပြီးမှာ အငြိမ်းစားခွင့်ရမယ်။ အင်္ဂလန်ပြည်မယ်မင်းတို့သားအဖ စစ်တပ်ထဲ အမှုထမ်းကြမလား"

"ကျွန်တော်က ကြေးစားစစ်သားဘဝမှာ မနေချင်ဘူး။ ဒီခေတ်ကာလမှာ အလုပ်ချောင်တဲ့ နေရာအဖြစ် အဖေသွင်းပေးထားလို့ နေတာပါ"

"ကောင်းပြီ မင်းကို လက်မှတ်ကောင်းထုတ်ပေးပြီး စစ်တပ်မှ အနားပေးမယ်။ ငါတို့ ဒီတစ်ခေါက် အိန္ဒိယပြန်တဲ့ခရီးက အပြီးပေါ့။ ဒီနေရာ မြန်မာပြည်ကို ထပ်လာဖို့မလိုတော့ဘူး။ ငါက အင်္ဂလန်ရောက်မှ စစ်ပွဲတွင်းရောက်ခဲ့တဲ့ အာရှဒေသများအကြောင်း စာရေးမယ်"

အမှန်တကယ် အိန္ဒိယရောက်ရောက်ချင်း တပ်ထွက်လက်မှတ် ရရှိသည်။ မဟာဒူးအဖေက -

"ကဲ • • •သား၊ ဒီနေ့ညစာကို အကောင်းဆုံး နှုတ်ဆက်ပွဲအဖြစ် လက်စွမ်းပြချင်တာ။ အခု ဗိုလ်မှူးရဲ့ နုတ်ထွက်လွှာနဲ့ အင်္ဂလန်ပြန်ဖို့ လက်မှတ်ကို သွားလုပ်မယ်။ အဲဒီခွင့်ပြု ချက်ရပြီး ပြန်လာရင် မင်းရဲ့လက်ရာ နောက်ဆုံးထမင်းပွဲ စားကြမယ်။ ကြားလား"

ခါတိုင်းလည်း အဖေနဲ့ သူ့အထက်အရာရှိ ရုံးတက်နေကျမို့ ထွက်သွားသည့် ညနေစောင်းတွင် ဗုံးကျဲလေယာဉ်များ ဝင်ရောက်အလစ်တိုက်ခြင်းကို ခံရသည်။ တစ်မြို့လုံး မီးခိုးမည်းသည်းသွားသည်။

အဖေက ဒဏ်ရာများစွာနဲ့ သူ့အထက်အရာရှိကို တွဲလျက် ရောက်လာခဲ့သည်။ ညစာထမင်းစားနိုင်ခြင်း မရှိကြတော့။ ဗိုလ်မှူးကို မဟာဒူး တွဲလိုက်စဉ် အဖေက ပစ်လဲသွားပြီး အသက်ပါချုပ်ပြီး နှုတ်ဆက်ရပြီ။

"မဟာဒူး"

ဗိုလ်မှူးက ရင်ပတ်ထဲမှ အထုပ်တစ်ထုပ်ပေးရင်း စကားပြောရန် ကြိုးစားသည်။ သွေးများသာ အန်ထွက်လာသည်။ ထပ်၍အသံမထွက်နိုင်ခဲ့။ မီးပျက်ပြီး အမှောင်ထုတွင် မဟာဒူး ညလုံးပေါက် ထိုင်နေရသည်။ မိမိက ဒီနေ့မှ စစ်သားမဟုတ်တော့။ အမြဲကာကွယ်ပေးနေသော လူတွေ တစ်ခါတည်း၊ တစ်ရက်တည်းမှာ သေကြပြီ။ တစ်မြို့လုံး သေလိုက်ကြသည်မှာ• • • အလောင်းများ မြင်မကောင်းပေ။ အဖေနဲ့ ဗိုလ်မှူးလည်း အတူသေခဲ့ပြီ။

"ဟာ• • •စိန်ရိုင်းတွေ။ သူ ငါ့ကို ဘာပြောချင်ပါလိမ့်။ သူက အင်္ဂလန်အပြန် ဒီစိန်ရိုင်းကို ယူသွားမလို့လား။ ဒါ အိန္ဒိယစိန် မဟုတ်ဘူး"

ဘာလုပ်ရမှန်းမသိ၊ တစ်နေ့လုံး အကြံထုတ်ပြီးသောအခါ သူ၏ ထမင်းပွဲကို သူစားနိုင်သမျှ စားပစ်ခဲ့သည်။ သူ့လက်မှတ် တပ်ထွက်ခွင့်ကိုယူ၍ ဆေးရုံအနီးရောက်အောင် လာခဲ့သည်။ စိန်ထုပ်ကို မြေမြှုပ်ပြီးမှ မိမိကိုယ်တိုင် ဘယ်ဘက်ခြေချောင်းများအား သေနတ်ပစ်ကာ ဒဏ်ရာရစေလိုက်သည်။ သွေးအလူးလူးနဲ့ ဆေးရုံထဲ မိမိရောက်တော့ ဆေးရုံတွင် မှတ်တမ်းပင်မပြုနိုင်။ လူနာကိုသာ အသက်ကယ်နေကြသည်။ ဆေးရုံလူနာအဖြစ် နားခဲ့သည်။

မဟာဒူးက ဒဏ်ရာကုနေစဉ် ဆေးရုံမှာ အကြံထုတ်သည်။ တိုင်းပြည်အခြေအနေမှာ ဆိုးနေသည်။ သူ့ဒဏ်ရာကျက်မှ တပ်ကို တစ်ခေါက်သွားကြည့်သောအခါ တပ်မှာ ခေါက်သွားလေပြီ။ အဖေနဲ့ ဗိုလ်မှူးတို့လည်း တိုင်းပြည်မှ သင်္ဂြိုဟ်ပေးပြီးပြီ။ သူ့ဆံပင်ကို ညှပ်ပြီး စစ်ဂျာကင်အနားပတ်တွင် စိန်ကိုဝှက်သည်။ စစ်သားလေ့ကျင့်ကွင်း (အင်္ဂလန် လေ့ကျင့်သင်တန်းသား)များ ကဲ့သို့ ဘောင်းဘီဒူးနားထိကို ဝတ်သည်။ စစ်သားစွပ်ကျယ်ကို ဝတ်သည်။ မိမိပုံသည် ဘာမှမရှိသည့် တပ်ထွက်ဒဏ်ရာနဲ့ လူဖြစ်ပေပြီ။ အညံ့ဆုံးနှိုင်း

www.burmeseclassic.com

ထောက်ကို ယူ၍ ဂိတ်များဖြတ်ပြီး မြန်မာပြည်သို့ ဝင်ရောက်ခဲ့သည်။

ဘာပစ္စည်းမှ အပိုမပါ။ လူများ စစ်ဆေးသောနေရာကို တတ်နိုင်သမျှ ရှောင်သည်။ စစ်ဆေးခံရန် ဖြစ်လာခဲ့လျှင် စစ်အင်္ကျီဂျာကင်ကို အရေးမကြီးဟန်နဲ့ ခြံစည်းရိုးတောင့်တစ်နေရာသို့ အမှတ်မထင် တင်ထားခဲ့ရစ်သည်။ တပ်ထွက်လက်မှတ်ကို ပြ၍ ဒဏ်ရာမှာ နာနေသယောင် အစစ်ဆေးခံသည်။ ဘောင်းဘီကို စွပ်ကျယ်အင်္ကျီဝတ်၊ ခေါင်းတုံးဒဏ်ရာရှင်သည် အခက်အခဲများစွာ မရှိခဲ့ဘဲ မြန်မာပြည်သို့ ရောက်ရှိလာသည်။ နိုင်ငံရေးများ မအေးချမ်းပေ။

ထိုခေတ်ကာလမှာ အိန္ဒိယမှ မြန်မာပြည်သို့ လမ်းတံတားများဆောက်ရန် အလုပ်သမားများ အများအပြားလည်း လာရောက်နေခဲ့ကြသည်။ မဟာဒူးနဲ့အတူ စိန်ရိုင်းများသည် အင်္ဂလန်မရောက်ဘဲ မြန်မာပြည်ပေါက်ချလာခဲ့သည်။ မိမိတစ်ဦးတည်းမို့ စိန်ကို အလွယ်မထုတ်ခဲ့ပေ။

"ဟာ . . . ဒါဆို ဘာဘာကြီး အလကားရခဲ့တာဘဲ"

"ဟုတ်တယ်။ ခိုးယူခဲ့တာ မဟုတ်ဘူး။ ငါ့အထက်အရာရှိလက်မှ ငါ့ကိုပေးပြီး ဘာမှမပြောဘဲ သေသွားခဲ့တယ်လေ။ ငါသာ အိန္ဒိယမှာ ဆက်နေရင် တစ်ခုခုသောအကြောင်းနဲ့ သေမှာ။ စိန်ထုပ်ကိစ္စ ဇာတ်မြှုပ်မှရမယ်။ စိန်လုပြီး ငါသတ်ပစ်ခဲ့တာ မဟုတ်ကြောင်း သက်သေမရှိဘူး။ ဒီစိန်ထုပ်က ဘယ်လိုဇာတ်လမ်းရှိခဲ့လဲ မသိဘူး။ အင်္ဂလန်ပြန်မယ့်လူအတွက် အပ်ပစ္စည်းလား၊ နိုင်ငံပိုင်လားမသိဘူး။ စိန်လိုချင်လို့ ငါသတ်ပြီး မလုယူခဲ့ဘူး။ တစ်နိုင်ငံလုံး ရှုပ်ထွေးနေတာ။ စိန်ကိစ္စ သိတဲ့လူအားလုံးက ဖုံးချတဲ့နေ့မှာ သေကုန်ကြတယ်ထင်တယ်။ ငါ ဒီသတင်းကို မပြောရင် ဘယ်သူမှ သိဖို့မရှိဘူး။ ဒီလိုနဲ့ နှစ်သုံးဆယ် ငါ့ဆီမှာ စိန်ရှိနေခဲ့တယ်ကွ။ ငါ သူများကို သတ်ယူခဲ့တဲ့ဥစ္စာ မဟုတ်ခဲ့ပေမဲ့ ငါ့အသက်နဲ့ သိက္ခာအတွက် ဒီခြေဖျားဖက်ကိုရွေးပြီး ဒဏ်ရာနဲ့ သေရာပါ ဒုက္ခိတဘဝ နိုင်ငံကို စွန့်ခွာလာခဲ့ရတာပဲ"

"စစ်ပြီးတော့ ပြန်ရင် ရတာပေါ့"

"ငါ ဒီမှာ အိမ်ထောင်ကျခဲ့ပြီ။ ဒုက္ခိတစစ်ပြန် ဆင်းရဲသားထင်ပြီး မေမြို့မှာ စွမ်းသမျှ ကူညီပေးခဲ့တဲ့ နီလာတို့အမေကို ငါကာကွယ်ရမယ်။ သူတို့မိသားစုဘဝကို ဒုက္ခမကြုံရအောင် ယောက်ျားကောင်း အိမ်ထောင်ဦးစီးတစ်ယောက် တာဝန်ကျေရမယ် . . .။ နောက်ပြီး"

"ဘာလဲ ဘာဘာကြီး။ နှုတ်လုံပါ့မယ် ပြောပြပါ"

"ဇာတ်နိမ့် ဇာတ်မြင့် လူထုထဲ ကျပ်သိပ်ပြီးနေရတဲ့ ငါတို့တိုင်းပြည်ထက် စိတ်နှလုံးကောင်းများ ပေါများတဲ့ မြန်မာပြည်ကို ငါ တကယ်လည်း ချစ်မိပြီ။ ဒီပြည်မှာပဲ သေတဲ့အထိ နေမယ်လို့ ဆုံးဖြတ်ပြီးပြီလေ"

"နီလာတို့မိသားစု စိန်အကြောင်း မသိဘူးလား"

"မသိဘူး။ စစ်သားဘဝနဲ့ ဈေးဝယ်ထွက်တော့ မျက်စိနဲ့ ချစ်ကြည့်မိသွားတဲ့ မိန်းကလေးက အရပ်သားအဖြစ် ဒဏ်ရာနဲ့ ပြန်လာတွေ့တော့ သူ့ဘဝကို ငါ့ဆီမှာကုန်ဆုံးဖို့ ကတိသစ္စာပြုရှာတယ် . . .။ ဆုကြေးတွေ၊ အသက် အာမခံကြေးတွေလို့ပြောပြီး စိန်ထုပ်ရောင်းတော့ ဘာတစ်ခွန်းမှ မစပ်စု။ ရိုးသားတဲ့ မိန်းမကို ငါရထားတယ်။ သူတို့မသိလေ ငြိမ်းချမ်းလေပေါ့ကွယ်။ လောဘ ဒေါသတရားများ နည်းပါးပြီး ခြံထဲမှာ နွားတွေ၊ နေကြာခင်းထဲမှာ သူတို့စားလို့မကုန် စုဌေတောင်ရှိနေခဲ့တာ ဘာမှမသိရှာဘူးပေါ့ကွယ်"

"ဘာဘာကြီး အာနပါန တစ်နေကုန် ဘာလို့ လုပ်နေလဲ"

"အာနပါနကို သေချာပေါက်မြောက်ချင်လို့။ ဒီစိန်ထုပ်ဟာ ငါတို့ရဲ့အထက်အရာရှိမှာ ဘယ်ကရခဲ့သလဲ။ သူက ငါ့ကို ဘာလုပ်ပေးစေချင်လို့လဲ။ လက်ထဲထည့်ပေးခဲ့သလဲ အာနပါနပေါက်ရင် သိရောပေါ့ကွာ"

"စိတ်အရမ်းဝင်စားတယ်ဗျာ။ ဒီရာဇဝင်ဝတ္ထုမှာ ကျွန်တော်ပါ ပါမယ်"

× × ×

ရွှေတိဂုံဘုရား မြောက်ဘက်မုခ် တန်ဆောင်းတစ်ခုတွင် -

"ဘာဘာကြီး ရန်ကုန်ရောက်နေတုန်း ဘယ်သွားချင်လဲ။ အဖေက အားလုံးစီစဉ်ပေးမယ်တဲ့။ နီလာနဲ့ ကျွန်တော် လက်ထပ်ပွဲလည်း လုပ်ချင်တယ်တဲ့"

"ဘယ်မှမသွားချင်ဘူး။ ဒီဘုရားကို ရက်များများ လာဖူးချင်တယ်။ မင်းတို့လက်ထပ်ပွဲကို ကြည့်ပြီးလုပ်ဆောင်ကြပါ။ ငါက စိတ်နှလုံးနူးညံ့တဲ့ အနုပညာလောကထဲ ရောက်နေတဲ့ မင်းအစ်ကိုဒုတိယကို သမက်တော်ချင်တယ်။ ဒါမှ သူ နွားတွေ၊ နေကြာခြံတွေကို ဦးဆောင်နိုင်ပြီး နီလာတို့မိသားစု စိတ်အေးမှာ။ မင်းကတော့ သူဌေးဖြစ်ချင်ခဲ့တဲ့လူ မေမြို့ကလုပ်ငန်းနဲ့ အံမဝင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ နီလာ့ကိုတော့ ကျွန်တော် ချစ်ပါတယ်"

"အေး…မင်းတို့အချင်းချင်း ချစ်တာကိုသိလို့ မင်းအဖေ စီစဉ်တာလေ"

မဟာဒူးသည် ရွှေဘုံသာတွင်နေသော ဦးသိန်းအောင် အကူအညီဖြင့် နေ့စဉ် ရွှေတိဂုံဘုရားတက်၍ အာနပါန ထိုင်သည်။ သမီးနဲ့ဇနီးက မင်္ဂလာပွဲအပြီးတွင် သမက်ကိုခေါ်၍ မေမြို့ အရင်ပြန်ဖြစ်သည်။ လုပ်ငန်းများရှိနေသည်လေ။

ရစ်ချတ်အား စိန်တွင်းသွားရန် လမ်းမပြနိုင်သော်လည်း မိမိလက်ရှိ စိန်ကို သိမ်းထားသည့်နေရာအား ရှာဖွေတွေ့ရှိပါက အပိုင်ယူနိုင်သည်ဟု ပြောခဲ့သည်။ လုပ်ငန်းနဲ့ နေအိမ် အားလုံးကို မိမိဇနီးနာမည်နဲ့ ဆက်လက်ထားရှိရမည်ဟုလည်း မှာခဲ့ပြီး ရန်ကုန်တွင် ကျန်ရစ်ခဲ့သည်။ အာနပါရကို ဆရာကြီးများထံ နည်းမှန်လမ်းမှန်တပည့်ခံရန် တရားစခန်းများဝင်သည်။ ဆရာကြီး ဦးဂိုအင်ကာ၏ တရားရိပ်သာတွင် ယောဂီလုပ်၍ ယောဂကျင့်စဉ်များ ကျင့်သည်။

မေမြို့ရောက် ရစ်ချတ်က ငယ်ရွယ်သော ဇနီးနဲ့ သဘောရိုးသော ယောက္ခမကို စည်းရုံး၍ အိမ်သစ်ဆောက်သည်။ ရန်ကုန်မှ တိုက်ဒိုင်များကို သဘောကျခဲ့သူများက ဝမ်းသာစွာ တိုက်သစ်လေးသို့ ပြောင်းရွှေ့နေပေသည်။ အိမ်ဟောင်းကို ရစ်ချတ်ကိုယ်တိုင် ဖြိုသည်။ စိန်တွေဝှက်သည့်နေရာ ရှာဖွေခြင်းတည်း။

အိမ်တစ်လုံးဖြိုပြီး နေရာအနှံ့ ရှာခဲ့ပြီ။ စိန်ထုပ်မတွေ့။ သစ်သားနဲ့ပြုလုပ်သော နွားတင်းကုပ်အားလုံးကို အသစ်ပြင်သည်။ ခေတ်မီနွားခြံအဖြစ် စီစဉ်နေသည်ဟု လူအများမြင်သည်။ အမှန်က မိမိမရောက်မီ ရှိနေနှင့်သော သစ်သား အဆောက်အဦတစ်နေရာရာတွင် စိန်ရိုင်းများရှိလိမ့်နိုးဖြင့် ရှာနေခြင်းဖြစ်သည်။

ရစ်ချတ် ကံကောင်းသည်က နွားများသည် ပြုပြင်လိုက်သော နွားခြံအသစ်နဲ့ ကျန်းမာညီညွတ်သဖြင့် အစစအဆင်ပြေလာသည်။ နွားချေးများကို နေကြာခင်းတွင် ပို၍ချနိုင်သဖြင့် မွေးမြူရေးကြောင့် စိုက်ပျိုးရေးခြံသည် ပို၍ စီးပွားဖြစ်လာသည်။ မဟာဒူးက ရန်ကုန်မှမိတ်ဆွေများ အကူအညီဖြင့် အိန္ဒိယတစ်ခေါက်ထွက်သွားသည်။ ဗုဒ္ဓဂယာ ဘုရားဖူးရင်း ဦးဂိုအင်ကာ၏ အသစ်ဖွင့်မည့် တရားရိပ်သာတွင် ကူညီပေးရန်လည်း ဖြစ်သည်။

ဤသို့လျှင် ဆယ်နှစ်ခရီးကို ဖြတ်သန်းခဲ့ရပြီး ရစ်ချတ်လည်း စိတ်အနည်ထိုင်ကာ စိန်ထုပ်အား လက်လျှော့ထားရပြီ။ မိမိဦးစီးသော မွေးမြူရေးနဲ့ စိုက်ပျိုးရေးကို ပင်မထားပြီး မေမြို့တွင် ဟိုတယ်ဆောက်လုပ်ပြီး ညှိသည်ကို ကောင်းစွာ ဝန်ဆောင်မှုပေးသည်။ ထိုအတွေ့အကြုံမှ စားသောက်ဆိုင်ကောင်းကို ထပ်မံဖွင့်လှစ်ကာ ရောင်းချစီးပွားရှာသည်။ အားလုံးအဆင်ပြေနေခဲ့သည်။

နီလာကလည်း အားကျမခံ မျိုးဆက်အမှန် ယောကျ်ားလေးအမြွှာ နှစ်ယောက်နဲ့ ကိုယ်ဝန်တစ်လုံးရှိနေပြီ။ အမြွှာလေး နှစ်ယောက်မှာ မွေးစကတည်းကပင် အိန္ဒိယလူမျိုးလည်း မဆန်၊ မြန်မာလည်းမကျ အင်္ဂလန်သားများနဲ့ ပုံစံတူလှသည်။

အဘိုးဖြစ်သူ မဟာဒူးက သူစစ်ထဲမှာနေစဉ်က သိကျွမ်းခင်မင်ခဲ့သော လူလေးစားသည့် အထက်အရာရှိနာမည်ကို ပြောင်းပြန်လှန်၍ အမည်ပေးခဲ့သည်။ ဘိုဝီလျံနှင့် ဘိုရှိန်းမက်လေ ဟူသတည်း။ ခြံအလုပ်သမားများက ဘိုဝီနဲ့ ဘိုရှိန်းဆိုပြီး ခေါ်ကြသည်။ ဘိုဝီနဲ့ ဘိုရှိန်းသည် အိန္ဒိယအစားအစာများ မကြိုက်သဖြင့် နွားနို့ကိုတိုက်ကျွေးရသည်။ ဗိုလ်ဆန်၍ ရုပ်ချောကြသည်။

× × ×

တစ်နေ့ ထမင်းစားပြီး ညနေခံတွင် ရှိစဉ် -

"နီလာ ဒီတစ်ခေါက် မိန်းကလေး မွေးဖွားချင်တယ်။ ဘာဘာ ဆုတောင်းပေး"

"ဘာလို့ မိန်းကလေးလဲ။ တခြားအိမ်မှာ ချွေးမဖြစ်ပြီး ထွက်သွားမှာပဲ"

"ဒီအမြွှာနှစ်ယောက်နောက်ကို လိုက်ရတာ မောလို့ အသုံးဝင်ချင်လို့"

လူကြီးများက မအိပ်မီ မေမြို့ထုံးစံ မီးလင်းဖိုတွင် စုဝေးထိုင်ရင်း စကားလက်ဆုံပြောနေကျ။ အသီးအနှံမဟုတ်ရင် တစ်ခုခု စားနေကျပါ။ ဆော့နေသည့် အမြွှာနှစ်ဦးက ရုတ်တရက် ငြိမ်ရပ်သွားကာ အနားကပ်လာခဲ့သည်။ အင်္ဂလန်နိုင်ငံသား ရုပ်ရည်မှာ မီးရောင်အောက်တွင် ထင်ရှားနေ၏။

"ဒီကလေး နှစ်ယောက်၊ ဒီညထူးပါလား။ ဟော့…ဘိုကြီးတို့"

"အဘိုး…အမေက မိန်းကလေးထက်အသုံးဝင်လို့ အထုပ်ထမ်းပြီးလာခဲ့တာ မသိဘူး။ သားတို့ကို ကလေးပီပီဆော့နေတာ မထိန်းချင်ဘူး"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com

တစ်အိမ်သားလုံးလန့်ကာ ယောင်အော်မိကြသည်။ ရစ်ချတ်က -

"သား ဖေဖေက မေမေ့ကိုယ်စား တောင်းပန်ပါတယ်။ သားတို့က အထုပ်ထမ်းလာခဲ့တယ်ဆိုရှာ အဲဒီအထုပ်ဘယ်ကရခဲ့သလဲ"

"မတ်ဆိုပိုတေးနီးယားကအပြန် စစ်တပ်တစ်တပ်လုံး ခဏနားခွင့်ရတယ်။ နောက်တစ်ခေါက် တိုက်ပွဲထွက်ရင် အရှေ့တောင်အာရှမယ်. ကြာလိမ့်မယ်ဆိုတော့ သားတို့အဖွဲ့ အိန္ဒိယနဲ့ နီပေါ တိဘက်နယ်စပ်အထိ လျှောက်လည်ခဲ့ရတယ်။ အဲဒီမှာ လမ်းမှားပြီး နယ်ခြားစည်းကို ဖြတ်လာတဲ့ လူတချို့နဲ့ တွေ့ခဲ့ရတယ်။ လူရိုင်းရုပ်ပေါက်နေပေမဲ့ ဒုက္ခဖြစ်ပြီး အစာရေစာ ပြတ်လပ်နေတာ ရက်ကြာလို့ပါ။ ကုန်သည်ပွဲစား စိန်တွင်းတူးသမားများတဲ့။ မသတ်ဖို့ တောင်းပန်ပြီး သူတို့မှာပါတဲ့ စိန်ကိုပေးပါတယ်။ ရှိတဲ့စားစရာတွေနဲ့ အမိန့်မရဘဲ တပ်ကလက်နက်တွေ သူတို့ကိုပေးလိုက်တယ်။ မြေပုံတွေ၊ အိမ်မြှောင် လမ်းညွှန်တွေနဲ့ သူတို့အတွက် အသုံးဝင်မယ့် ရိက္ခာအားလုံး ပေးလိုက်တယ်။ သားတို့အထဲက တချို့က စိန်တစ်တုံးနှစ်တုံးယူပြီး တပ်ပြေးအဖြစ် လုပ်ပေးပါဆိုပြီး ထွက်သွားကြတယ်။ ကြေးစားတပ်ဆိုတော့ နိုင်ငံစုံတယ်။ ကျန်တဲ့လူတွေက ဗိုလ်မှူးဘဝနဲ့ တာဝန်ရှိတဲ့ သားကို စိန်တုံးအပ်ထားပြီး တရားဝင် တပ်မှထွက်ခွင့်နဲ့ ဝေစုကိုခွဲပေးဖို့ ပြောတယ်။ အားလုံး သစ္စာဆိုပြီး တပ်ရင်းပြန်လာတယ်။ မတ်ဆိုပိုတေးနီးယားပြန်တွေက သိပ်ပြီး ရဲစွမ်းသတ္တိရှိတော့ ဘယ်သူမှ သူတို့ကို မလေးမစား မမေး. မမြန်း မလုပ်ရဲဘူး။ သားက စိန်ထုပ်နဲ့ တပ်ရင်းမှူးကို အစီရင်ခံတယ်။ နိုင်ငံရေးအခြေအနေမကောင်းတော့ တပ်ရင်းမှူးက တာဝန်မှ အနားယူမယ့် သူ့ကို (သူ့ညီ) စိန်ထုပ်နဲ့တကွ ကိစ္စအားလုံး စီစဉ်ပေးလိုက်ပြောတယ်။ ကိစ္စပြောလို့ မပြီးသေးဘူး။ ဗုံးကြဲလေယာဉ် ရောက်ရှိကြောင်း သံချောင်းရိုက်သံကြားလို့ လူစုကွဲသွားတယ်။ သူများအသက်တွေ အများကြီးသတ်ခဲ့တဲ့ သားတို့က စိန်ထုပ်ကြီးနဲ့ စည်းစိမ်ခံရမဲ့ကိန်း မရှိနိုင်ဘူး။ ဗုံးစထိမှန်တယ်။ အသက် မသတ်ဘဲ အသက်ဆက်ဖို့ ထမင်းချက်တဲ့ ဘိုးဘိုးလက်ထဲ စိန်ထုပ်ထည့်ပေးခဲ့ရတာပဲပေါ့။ ဘိုးဘိုးမှာရှိတဲ့ စိန်က သားတို့စိန်ပဲ"

လူကြီးများသည် ကလေးနှစ်ဦးကိုကြောင်ငေးကြည့်နေမိသည်။ ကလေးနှစ်ဦးက အဘွားခြေရင်းမှ စစ်သားရောင် သေတ္တာပျက်ထဲမှ တစ်ခုခုကို ဆွဲယူနေသည်။ ရစ်ချတ်က အပြေးလိုက်သွားပြီး -

"သားတို့ ဒါ ဘိုးဘိုး အရင်က သုံးတဲ့ ချိုင်းထောက်လေး။ ဘွားဘွား အမှတ်တရသိမ်းထားတာ။ မဆွဲထုတ်နဲ့။ သိမ်းထားပါစေ"

"စိန်လေ စိန်"

"ဗျာ· ·စိန်တွေရှိနေတယ်လား"

"အင်း"

"ကဲဗျာ· · ·ဒါဖြင့်"

မှန်သည်။ အညံ့စားပုံပေါက်နေသော သတ္တုမဟုတ်ခဲ့သည့် သစ်သားချိုင်းထောက်ထဲမှ စိန်ရိုင်းများ ထွက်ကျလာခဲ့သည်။ မဟာဒူးက ခေါင်းတညိတ်ညိတ်နဲ့ ကလေးများကို ပွေ့ဖက်လိုက်သည်။

နီလာမှာ ကိုယ်ဝန်ကြီးနဲ့ စိန်ထကောက်သည်။ ရစ်ချတ်က သူ မထင်ထားသော ချိုင်းထောက်ပေါင်းထဲတွင် သူတစ်ချိန်လုံး ရှာဖွေခဲ့ရသည့် စိန်များကို တွေ့ရသည်။ ညှိခန်းမီးလင်းဖို့မှ မီးရောင်အောက်တွင် အင်္ဂလန်နိုင်ငံသား ရုပ်ရည်နဲ့ ကလေးနှစ်ဦး ရှာထုတ်လာသော စိန်များ ပြန့်ကျဲလျက်။

စိန်သွားရာလမ်းကို အာနပါနအားထုတ်ရင်း ဖမ်းရန် ကြိုးစားသော စစ်တပ်ထွက် မဟာဒူးသည် ၎င်းအိမ်ဖြိုမြေလှန်ကာ ရှာဖွေနေသော ရစ်ချတ်သည် ၎င်းစိန်၏ လာလမ်း၊ သွားလမ်းကို သိခဲ့ရပေပြီ။ သူတစ်ပါးအသက်အား သတ်ဖြတ်သူထံတွင် မနေလိုပါသော စိန်သည် နွားမွေး၊ ခြံစိုက်သူထံ မရောက်ရောက်အောင် သူ့ဘာသာ လျှောက်လှမ်းလာခဲ့ပါသလား။


ပစ္စည်းဥစ္စာများသည် မိမိကိုပိုင်ဆိုင်မည့် ဥစ္စာရှင်ထံမှာသာ ခို၍ရပ်နားပါသည်။ ဘုန်းကံနည်းပါး အကုသိုလ်များလျှင် လက်ထဲရှိနှင့်ပြီးသား ပစ္စည်းများ စွန့်ခွာထွက်သွားတတ်သည်။ ရွှေတုံးရွှေစများသည် မီးသွေးခဲများဖြစ်လို့ခြင်း ရန်သူငါးပါးနှောင့်ယှက်၍ ပျက်လိုပျက်ကုန်သည်။ ဘုန်းကံရှိသူ လက်ထဲမှာမူ ရတနာသည် အရောင်အဝါထွန်းလင်းကာ ကျက်သရေ နားသဖြင့် ဝတ်ဆင်လျှင် မြင်ရသူစိတ်နှလုံး ချမ်းမြေ့သည်။ ဤဇာတ်လမ်းမှ စိန်များလည်း မိမိလျှောက်လမ်း မိမိရွေးခဲ့ကြသည်။

နှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com



# ဗိသုကာပညာ ဖြေကျူးမှု နှင့် လူနေမှုဘဝ

မောင်ကောင်းမြင့်

"အစ်ကိုရေ· · ·မောနင်းပါ။ ကျွန်တော် မောင်ဌေးပါ။ ပြောစရာလေး ရှိတာမို့ပါ။ အစ်ကိုလည်း ရေးနိုင်မယ် ထင်ပါတယ်"

ယနေ့ နံနက် ၁၇-၁၁-၁၅ တွင် ဖုန်းဆက်လာသော ညီလိုခင်မင်သည့် မောင်ဌေးက အချီးစကားဖြင့် နှုတ်ဆက်လာသည်မို့ သူ့အား ထုံးစံအတိုင်းပင် ပြန်၍ "မောနင်း" လိုက်ရင်း "ပြောစရာကို ပြောပါ"ဟု ဆိုလိုက်ရသည်။

"သည်လိုပါ· · ·ကျွန်တော်သည် မနက်စောစော နိုင်ငံခြားသတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်။ သတင်းက On World Toilet Day, One billion people have nowhere to go တဲ့။ အဲဒီသတင်းမှာ ကုလသမဂ္ဂက ကမ္ဘာပေါ်မှာ သန်းထောင်ပေါင်း ၂ ဒသမ ၄ ခန့်သော လူတွေဟာ ကျန်းမာရေးနှင့်ညီသော သန့်ရှင်းရေးကိစ္စ (Sanitation) အတွက် မရကြဘူး။ အထူးသဖြင့် သန်းတစ်ထောင်ကျော်လောက်



www.burmeseclassic.com

www.burmeseclassic.com

ဟာ ကြုံရာမှာ ကိစ္စပြီးကြရပြီး ရောဂါကူးစက်မှုတွေ ခံစားနေကြရတယ်။ အထူးသဖြင့် ကလေးတွေနှင့် အမျိုးသမီးတွေ ဖြစ်ကြတယ်ပေါ့။ နောက်ပြီး အရှက်နှင့် ကာယဓိမ္မေလုံခြုံမှု အပါအဝင်လို့တောင် ဘန်ကီမွန်းက ဆိုထားပါတယ်။ ကမ္ဘာပေါ်မှာ အချို့သော [illegible]တွေအဖို့ သန့်စင်ခန်းကိစ္စဟာ "အိမ်သာ"လို့ ဆိုဖို့တောင် ခက်ခက်ခက်ပါတဲ့။

ကျွန်တော်က ကြားဖြတ်၍ -

"မောင်ဌေးရယ်・・・သတင်းက သည်လောက်ဆိုသဘောပေါက်ပြီ။ သည်လောက် ရှုယ်နေတော့၊ ဘာပြောချင်တာပါလဲ။ သတင်းထက် ပြောချင်တာကို ဆိုပါဦး"

"သည်လိုပါ・・・အစ်ကိုက အမေရိကားအကြောင်းတွေ ရေးနေတော့ ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေရဲ့ လူနေမှုစနစ်မှာ (အထူးသဖြင့်) လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်တဲ့ အိမ်သာ toilet ကိစ္စကို လေ့လာထားတာများရှိရင်လည်း ရေးပေးပါဦး။ ဟိုတစ်နေ့က ၁၅-၁၁-၁၅ သတင်းတစ်ပုဒ်ထဲမှာ စစ်တွေမြို့နယ်၊ ရပ်ကွက်ကလေးတစ်ခုက တောချုံထဲမှာ အလေးစွန့်ဖို့သွားတဲ့ ငါးနှစ်အရွယ်သမီးလေးဟာ အဓမ္မကျင့်ခံရတယ်ဆိုပြီး ရေးသားထားတဲ့သတင်း ဖတ်လိုက်ရတယ်။ သည်တော့ ကျွန်တော်က အိမ်သာယဉ်ကျေးမှုဟာ အတော်ကြီး အရေးပါတယ် ထင်ပါတယ်။ ဒါကြောင့်・・・"

"မောင်ဌေးရာ・・・တိုင်းပြည်မှာ ဒီထက်အရေးကြီးတဲ့ ပိုပြီးအလေးထားရမယ့် စိတ်ဝင်စားနေတဲ့သတင်းကြီးတွေ နိုင်ငံနှင့်ချီတဲ့ ဖြစ်ရပ်ကြီးတွေအကြားမှာ အိမ်သာကိစ္စဆိုပြီး ဆီမီးခွက်က ဝင်မတောက်ပါရစေနှင့်။ အစ်ကိုတောင် အခုတလော နိုင်ငံရေးကိစ္စတွေမှာ ပုရောဟိတ်တွေ၊ ကျွမ်းကျင်တွေ၊ သုတေသီတွေ၊ လေ့လာသူတွေရဲ့ ခွဲခြမ်းစိတ်ဖြာပြတဲ့ ဆောင်းပါးတွေ ဖတ်နေရတော့ စာရေးဖို့ထက် ဖတ်ဖို့ကို အချိန်ပိုပေးနေရတယ်။ သည်တော့ မင်းပြောသလောက်နှင့်ပဲ သဘောပေါက်တန်ကြမယ် ထင်ပါတယ်။ အဲဒီ နိုင်ငံခြားသတင်းပဲ ရှာဖတ်ကြပါစေလေ"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တော့ ဒီနေ့ သတင်းစာတွေနှင့် ဂျာနယ်တွေမှာ ဖတ်တာ ဒီသတင်းမတွေ့မိဘူး။ ဒီတော့ အင်္ဂလိပ်လိုပဲ ဖတ်နိုင်တဲ့သူတွေအတွက်ထက် အခြေခံလူတွေပါ သိစေ၊ ဆင်ခြင်စေချင်တာမို့ပါ။ စိတ်မရှိပါနှင့်။ နိုင်ငံရေး အရေးကြီးတာလည်း မှန်ပေမယ့် အိမ်သာကလည်း အရေးပါပါလိမ့်မယ်။ ဟိုတုန်းက ပြောစကားတစ်ခွန်း ကြားဖူးတယ်။ ချေးတောင် အပေါက်တဲ့အောင် မယိုတတ်တဲ့လူမျိုးက・・・ဘာဆိုလဲ အစ်ကိုရာ・・・"

"မောင်ဌေးရေ・・・မင်းလုပ်တာနဲ့ ရှင်းရခက်တော့မှာပဲ။ ကဲ・・・ကဲ အိမ်သာယဉ်ကျေးမှုပဲဆိုဆို၊ သန့်စင်ခန်းကိစ္စပဲပြောပြော ဘုရင်ကစ သူတောင်းစားအဆုံး တစ်နေ့တစ်ကြိမ်(အနည်းဆုံး) မကင်းတာက အမှန်ပါပဲ။ သည်လောက် အရေးပါပေမယ့် ဘယ်အထိ အလေးမထားသလဲဆိုရင် ပြောစကားတောင်ရှိပါတယ်။ အိမ်သာလို သဘောထားတယ်။ ကိုယ့်ကိစ္စပြီးရင် လှည့်တောင်မကြည့်တော့ဘူးဆိုတဲ့ စကားဟာ သက်သေပါပဲ။ အခုကြုံတုန်း ပြောရဦးမယ်။ ကိုယ်တို့တစ်တွေကိုလည်း အခုအရေးကိစ္စ မဲရပြီးသွားရင် အမတ်မင်းတွေ၊ ခန်းမကြီးထဲက ပုဂ္ဂိုလ်ကြီးတွေ၊ ကားကြီးထဲက လူကြီးမင်းတွေက လှည့်ကြည့်ကြပါစေလို့ ဆုတောင်းကြရဦးမယ်။ အတိတ် သင်ခန်းစာတွေကိုလည်း ယူကြစေချင်ပါတယ်။ သမိုင်းဆိုတာ ထပ်တလဲလဲ ပုံစံတစ်မျိုးစီဖြင့် ဖြစ်ပေါ်တတ်စမြဲပဲမို့ပါ။ သမိုင်းသစ်ဆိုတာ မရှိဘူး။ အဟောင်းတွေချည်းပဲ။ အမည်နှင့် သက္ကရာဇ်ပဲ ကွာခြားတာပါ။ ဖြစ်စဉ်တွေကို ပြန်လည်လေ့လာရင် အထင်အရှားပါပဲ"

"အစ်ကိုရေ နိုင်ငံခြားကိစ္စကို ကျွန်တော်တို့ထက် တတ်တဲ့လူတွေ ပြောဖို့ ထားကြစို့ရဲ့။ အခုကိစ္စကို လိုရင်း ဆက်ကြရအောင်"

"ဟုတ်ပါတယ်မောင်ရာ။ အခုဟာက ရေးကြသားကြရာမှာပါ ငါသိ၊ ငါတတ်နှင့် ငါတို့သာ ခံစားခဲ့ကြရတာလို့ ရေးနေကြတော့တာရယ်၊ စိတ်စေတနာ စေကြီးစွာနှင့် ဆိုနေကြတော့တာရယ်ကြောင့်ပါ။ လူ့ခန္ဓာကိုယ်မှာ အသုံးမကျတာ မရှိပါဘူး။ လူ့အဖွဲ့အစည်းမှာလည်း အသုံးမတည့်တာ မရှိပါဘူး။ အားလုံး အသုံးဝင်တာချည်းပါပဲ။ ကဲ・・・အိမ်သာကိစ္စ ဆိုကြဦးစို့"

"သည်ကိစ္စကို ကျွန်တော်က မေးတာမို့ အစ်ကိုကပဲ ပြောပါ။ မြင်သမျှ ကြားသမျှ・・・"

"အမေရိကားမှာ အိမ်သာကို နေရာတိုင်းလိုလိုမှာ Restroom လို့ပဲ ရေးကြတယ်။ လေယာဉ်တွေပေါ်မှာတော့

www.burmeseclassic.com

Lavatory ဆိုပြီး ရေးထားတတ်ကြသေးတယ်။ စကားပြောလျှင်တော့ bath room, wash room သို့မဟုတ် toilet လို့လည်း ဆိုကြပြောကြတယ်။ ဘာပဲပြောပြော အားလုံးဟာ ကိုယ်လက်သန့်စင်ရေးကိစ္စချည်းပါပဲ။ အဘိဓာန်တွေမှာ သည်ထက်ပိုတဲ့ စကားလုံးတွေတောင် ဖော်ပြထားသေးတယ်။ ရှာကြည့်ပေတော့။ ပြင်သစ်က toilette ဆိုတဲ့ စကားဟာ ၁၆၆၇ ခုနှစ်လောက်ထဲက သုံးနေပြီဆိုပဲ။ မြန်မာလို သန့်စင်ခန်း ရေအိမ်ဆိုတဲ့ အသုံးတွေဟာ ယဉ်ကျေးဖွယ်ရာ စကားလုံးလို့ ထင်ရပေမယ့် အိမ်သာဆိုတဲ့ စကားလုံးလောက် တိုရှင်းထိရောက်မှု မရှိပေဘူး။ တကယ်ကလည်း ဒီနေရာ (ထားပါတော့ ၄ ပေ × ၆ ပေ မှ ပေ ၂၀ × ပေ ၄၀ မက အကျယ်အဝန်းအထိ အကျယ်ရှိတဲ့)ဟာ အဆောက်အဦကြီးငယ်မဟူမှာ မပါမဖြစ်ပဲ။ အထူးသဖြင့် လူ့ယဉ်ကျေးမှုမှာ အရေးအပါဆုံးနေရာပဲ။ အသိဉာဏ်နှင့် ငွေကြေးတတ်နိုင်လာတာနှင့်အမျှ သန့်ရှင်းသပ်ရပ်ရုံမျှမက အလှအပ ဆင်လာကြတယ်။ အထူးသဖြင့် အရှေ့တိုင်းသားနှင့် အနောက်တိုင်းသားနှစ်ဦး အိမ်သာကို ယှဉ်ကြည့်ရင် သန့် ရှင်းအောင်ထားပြီး ပြင်ဆင်မွမ်းမံမှုနှင့် အလှအပဆင်တတ်မှုအပါအဝင် တကယ့် Restroom ဟူသော ပညတ်နဲ့အညီ ထားတတ်သုံးတတ်တာက အနောက်နိုင်ငံသားက ပိုပါတယ် . . .”

“အစ်ကိုရယ်၊ အရှေ့တိုင်းသားတွေကို သည်လောက် မဆိုပါနှင့်ဗျာ”

“မောင်ငွေးရေ . . သည်ထက်တောင်ပိုသေးလို့ ဆိုပါရစေ။ အစ်ကို ကိုယ်တွေ့ပါ။ အမေရိကားမှာ ရှိစဉ် မင်ဟက်တန်က လူဖြူများတဲ့ရပ်ကွက်က restroom တွေနဲ့ အရှေ့တိုင်းသားများတဲ့ chinatown က အိမ်သာတွေကို ကိုယ်တွေ့ခဲ့သမျှ အများစုကြီးက သက်သေပါ။ အလားတူပဲ ဖီလာဒဲဖီးယားကိုအသွား တရုတ်တန်းက အိမ်သာဟာ ပြောမယုံနိုင်အောင်ပါပဲ။ ဒါကြောင့် မင်ဟက်တန် (နယူးယောက်) တရုတ်တန်းက အိမ်သာ၊ ဖီလာဒဲဖီးယား၊ တရုတ်တန်းက အိမ်သာတွေကို ဓာတ်ပုံနှင့်တကွ မှတ်တမ်းတင်ထားခဲ့ပြီး ကြုံလျှင်ရေးမယ်လို့ ပြင်ဆင်မှတ်သားထားပါတယ်။ အမေရိကန်ရောက်ပေမယ့် အပါ မတတ်သေးဘူး”

“ဒါဖြင့် လူဖြူများတဲ့ဒေသက အိမ်သာကရော”

“နယူးယောက်မြို့လယ် မင်ဟက်တန်ရပ်ကွက်၊ ဘရိုင်ရင့်ဘူတာအတက်၊ ဘရိုင်ရင့်ပန်းခြံထဲက အိမ်သာကတော့ အများသုံးအိမ်သာဖြစ်ပေမယ့် ပန်းအိုးနဲ့ လက်ဆေးကြွေကန်နဲ့ လက်အခြောက်ခံစက်အပါအဝင် အသုံးအဆောင်တွေဟာ သန့်စင်ဖြူဖွေးလှပါနေတာကို တွေ့ရတယ်။ အလားတူ Rerorts World ဆိုတဲ့ ကာစီနိုတွေရှိတဲ့ အဆောက်အဦက Restroom ဟာ မီးရောင်စုံ မီးဆိုင်းတွေ၊ အလှထွန်းမီးအိမ်စလောင်းတွေနဲ့ အိမ်သာခန်းရဲ့ အရောင်အသွေး အလှအပဟာ ကပွဲရုံခန်းမတစ်ခုလောက် လှတယ်လို့ ပြောနိုင်တယ်။ သည်လောက်ဆိုလျှင် လုံလောက်ပြီ ထင်ပါတယ်။ အဓိက ပြောချင်တာက ကုလသမဂ္ဂက ပြောခဲ့တဲ့ စကားထဲမှာ . . . စီးပွားရေးနိမ့်ကျခြင်းနှင့် အခြေခံအဆောက်အအုံများဖြစ်တဲ့ လူမှုပညာ၊ ကျန်းမာရေးတွေ ချို့တဲ့နေသမျှ သန်းပေါင်းများစွာသော လူများ၊ အထူးသဖြင့် ကလေးသူငယ်နှင့် အမျိုးသမီးများဟာ မသန့်ရှင်းမှုအမျိုးမျိုးနှင့် ဆက်နွှယ်လာသည့် ကူးစက်ရောဂါများ ခံစားနေရမှာပါပဲ ဆိုတဲ့ အဆိုဟာ အမှန်ပါပဲ”

“ဒါကြောင့် ကျွန်တော်ပြောတာပေါ့။ အားလုံးဟာ အသုံးကျပါတယ်။ အရေးကြီးပါတယ်လို့။ Parallel Development တစ်ပြိုင်နက် ဖွံ့ဖြိုးမှုလိုပါတယ်။ စားဝတ်နေရေး အရေးကြီးသလို စားပြီး စွန့်ထုတ်တဲ့ကိစ္စဟာလည်း အရေးပါပါတယ်။ လူမှုနေထိုင်ပုံဟာ နိုင်ငံရဲ့အဆင့်ကို ဖော်ပြနေပါတယ်။ အာဏာနှင့် ငွေကြေးရှိရုံသာမက ပညာဆင်ခြင်တုံနှင့် စိတ်ကောင်းစေတနာရှိတဲ့ ခေါင်းဆောင်များ၊ လူချမ်းသာများဟာ တိုင်းပြည်ကို ပြုပြင်နိုင်သလို အသိဉာဏ်နှင့် ပြည့်စုံတဲ့ လူမှုနေထိုင်ပုံစနစ်ဟာ တိုင်းပြည်အတွက် အကျိုးရှိပါတယ် အစ်ကိုရ”

“ကောင်းပါပြီ၊ မောင်ငွေး နားလည်သဘောကျသလို လူများစုကြီးလည်း ခံယူကျင့်သုံးနိုင်ပါစေလို့ ဆုတောင်းရတာပါပဲ။ ကဲ . . . တော်သေးပြီ မင်္ဂလာပါ”

“မင်္ဂလာပါအစ်ကို”

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကတိုးပြောင်းနှင့် ကိုအုန်းမောင်

မကြွေးနေရာဇာ

ကိုအုန်းမောင်သည် စာစောင်တွေကို လက်မှာပွေ့ပိုက်ပြီး ပန်းဆိုးတန်းလမ်းကနေ ပုဇွန်တောင့်တစ်လှည့်၊ လသာလမ်းဘက်ကိုတစ်လှည့်ဖြင့် တစ်ရက်ခြားစီ လှည့်လည်ရောင်းချနေတဲ့ စာစောင်ရောင်းသမားတစ်ဦးဖြစ်သည်။ ကုန်ကြမ်းမရှာရ၊ ရာသီမရွေး ရောင်းချနိုင်တာကြောင့် တောကတက်လာခဲ့စကပင် စိတ်ကြိုက်ရွေးချယ်ခဲ့တဲ့အလုပ်တစ်ခုဖြစ်သည်။

ကိုအုန်းမောင် ယနေ့လည်း စာစောင်ရောင်းချပြီးတော့ ပြန်လာခဲ့သည်။ အိမ်ရှေ့ရောက်တော့ သားဖြစ်သူ အောင်အောင်က ထွက်ကြိုသည်။ သားစားဖို့ ဝယ်လာတဲ့ မုန့်ထုပ်ကို လှမ်းပေးလိုက်သည်။ ဇနီးဖြစ်သူ မယဉ်အေးကိုလည်း တစ်နေ့တာရောင်းချရတဲ့ အမြတ်ငွေသုံးထောင့်ငါးရာကျပ်ကို လှမ်းပေးလိုက်သည်။

မယဉ်အေးက -

"သည်နေ့ . . . စာစောင်ရောင်းကောင်းရဲ့လား။ အိမ်မှာ ရှင်ကြိုက်တဲ့ ငါးပြေမကြီးတွေကို နံနံပင်အုပ်ပြီးတော့ ချက်ထားတယ်တော့။ စာစောင်ရောင်းချရတာ ပင်ပန်းသလား။ လမ်းလျှောက်ရတာ မောလားဟင်"

"မယဉ်အေးရယ် အလုပ်တစ်ခုဆိုတာ လွယ်လွယ်နဲ့တော့ ဘယ်ပိုက်ဆံရပါ့မလဲကွာ။ ဈေးရောင်းတယ်ဆိုတာတော့ လျှောက်နိုင်မှ ပိုရောင်းချရတာကွ။ မောတော့မောတာပေါ့ကွာ။ ဒါပေမယ့် မမောနိုင်ဘူးပေါ့ကွာ . . ဟဲ . . ဟဲ"

မယဉ်အေးက ကိုအုန်းမောင်ပြောလိုက်တာကို သဘောကျလို့ ရယ်လိုက်သည်။

ကိုအုန်းမောင်နှင့် မယဉ်အေးတို့ မိသားစုသုံးယောက်သည် ပုသိမ်မြို့တောရွာကလေးတစ်ရွာမှ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့ပြီး ကြီးပွားရေးရပ်ကွက်မှာ တဲသာသာ အိမ်ကလေးတစ်လုံး ငှားနေထိုင်ကြတာဖြစ်သည်။ အိမ်စပေါ် ငါးသောင်း။ အိမ်လခ တစ်သောင်းခွဲဖြင့် ငှားနေထိုင်ကြတာကြောင့် ဝမ်းရေးရှာရသလို အိမ်လခပါ ရှာကြံနေရသည်။ အရင်းနည်း၊ အမြတ်များတဲ့ စာစောင်တွေကို ပုံနှိပ်တိုက်တွေက ဝယ်ယူပြီး ပြန်ရောင်းချတဲ့အလုပ်ကို ပိတ်ရက်မရှိ ရောင်းချနေတာဖြစ်သည်။

ဇနီးဖြစ်သူ မယဉ်အေးကလည်း အိမ်မှာနေရင်းနှင့် ဆီဖိုးရရ၊ ကလေးမုန့်ဖိုးရရဆိုသလို အိမ်ရှေ့က ဗာဒံပင်အောက်မှာ ခုံကလေးခင်းပြီး လက်သုပ်နှင့် မုန့်တီဟင်းခါးရောင်းချသည်။ အစားအသောက်ငြိုးခြံပြီး ဘဝရှေ့ရေးတွေ တိုးတက်လာမလားလို့ ရည်မှန်းချက်အားမာန်တွေထားကာ သားအောင်အောင် ပညာတတ်ကြီးဖြစ်လာအောင် အတွေးများနှင့် ဈေးရောင်းချနေမိသည်။

ကိုအုန်းမောင်ကလည်း နေ့စဉ်မပျက်မကွက် နံနက် ၆ နာရီထိုးရင် အိမ်ကထွက်၊ ရထားစီးပြီးတော့ ရန်ကုန်မြို့ထဲရောက်၊ သတင်းစာ၊ စာစောင်များကို ပုံနှိပ်တိုက်တွေဆီက ယူပြီးတော့ ပန်းဆိုးတန်းလမ်း အထက်လမ်းဆီကစတင်ပြီး တစ်လမ်းဝင် တစ်လမ်းထွက်နှင့် လသာလမ်းအထိ တစ်နေကုန်ရောင်းချသည်။ နောက်နေ့ ပုဇွန်တောင်ဘက်ကို တစ်လှည့်ရောင်းချသည်။ များများလျှောက်ရောင်းချမှ ပိုရောင်းရတော့ လျှောက်ရောင်းချနေရသည်။ စာစောင်ရောင်းချသူတို့ရဲ့ သဘာဝဆိုပါတော့။

ကိုအုန်းမောင်က တောသားပီ



www.burmeseclassic.com

www.burmeseclassic.com

လေ။ ဒါလောက်တော့ ကျင့်သားရနေပြီပေါ့။ ကျုပ်တို့တောရွာဆိုတာက မွေးကတည်းက ဘယ်သွားသွား လမ်းလျှောက်သွားနေရတာ။ ထမင်းစားချိန်မှာလည်း ကြုံတဲ့နေရာလေးမှာ ထိုင်စားလိုက်တာပါပဲ။ ကြုံတဲ့ အထမ်းသမားအသုပ်ဆိုင်ကလေး ထိုင်စားတဲ့နေ့လည်းရှိသည်။ ကိုအုန်းမောင် နွေ၊ မိုး၊ ဆောင်းဆိုတဲ့ ရာသီတွေကို ကျော်ဖြတ်ပြီး စာစောင်ရောင်းချလာခဲ့သည်။ ပုံနှိပ်တိုက်တွေကလည်း စာစောင်ယူရောင်းချနေကျဆိုတော့ အပိုစာစောင်ပေးကြသည်။ ရောင်းအားရှိသလို အမြတ်လေးက ပိုရပြန်သည်။ ဝမ်းသာမိပြန်၏။

စာစောင်ရောင်းချနေကျ ဆိုတော့ ကိုအုန်းမောင်ကလည်း ပြုံးပြုံးရွှင်ရွှင်မာန်မာနတွေ မထားတတ်။ တချို့စာစောင်တိုက်တွေမှာ ကားပေါ်ကို တင်စရာ၊ ချစရာရှိရင် ကိုအုန်းမောင် ဝင်ရောက်ကူညီ လုပ်ကိုင်ပေးတတ်တာကြောင့် စာစောင်များပိုပေးသလို လက်ဖက်ရည်ပင် တိုက်လိုက်ကြသေးသည်။

တစ်နေ့တော့ လသာလမ်းဘက် စာစောင်ရောင်းချရင်း ရောက်သွားခဲ့သည်။ စာစောင်ဝယ်ယူနေကျဖြစ်တဲ့ ပေါက်ဖော်လို့ ခေါ်နေကျဖြစ်သူက ကိုအုန်းမောင်ဆီက စာစောင်ဝယ်ယူရင်းနှင့် -

"ခင်ဗျား နာရီဝက်လောက်အချိန်ရရင်တော့ ကျုပ်နဲ့အတူ ဆိုင်သန့်ရှင်းရေးလုပ်ချင်လို့ လုပ်သွားမလား။ ခင်ဗျားကို လုပ်အားခပေးမယ်"

"ရတာပေါ့ ပေါက်ဖော်ရာ။ ဘာတွေလုပ်ပေးရမလဲသာ ပြောပါ"

"သည်လို ကိုအုန်းမောင်ရ၊ ကျုပ်ခေါက်ဆွဲဆိုင်ကို ရေလောင်းပြီးတော့ ဘရပ်ချ်နဲ့ တိုက်မယ်ဗျာ။ ပြီးတော့ ရေဆေးချမယ်။ နောက်တော့ အဝတ်ခြောက်နဲ့သုတ်မယ်။ ဒါပဲဗျာ၊ ပြီးပြီ"

"ရတယ်လေ ပေါက်ဖော်။ ကျုပ်ကူညီနိုင်ပါတယ် ဗျာ။ ကဲ...လုပ်ငန်းစလိုက်ကြရအောင်"

ကိုအုန်းမောင်နှင့် ဆိုင်ရှင်ပေါက်ဖော်တို့နှစ်ယောက် ဆိုင်သန့်ရှင်းရေးလုပ်လိုက်ကြတာ တစ်နာရီလောက်သာကြာတယ်။ ကိုအုန်းမောင် ဆိုင်ရှင်ကျေနပ်လောက်အောင် ဆောင်ရွက်ပေးလိုက်တာကြောင့် ဆိုင်ရှင်ပေါက်ဖော်ကြီးက ငွေငါးထောင်ကျပ် လုပ်အားခပေးလိုက်သလို ပုဆိုးအဟောင်းနှစ်ထည်၊ အင်္ကျီလက်တိုနှစ်ထည်တို့ကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ပေးလိုက်သည်။ စေတနာတရားတို့ရဲ့ ရောင်ပြန်ကို ခံစားရတာကြောင့် ကိုအုန်းမောင်တို့လို မရှိတဲ့သူတို့အဖို့တော့ အလဲအလှယ်ရသွားတော့လို့ ဆိုပါတော့။

ကိုအုန်းမောင်တစ်ယောက် သူထင်ထားတဲ့ငွေကြေးထက် ပိုရလို့ ကျေးဇူးတင်နေမိတော့သည်။ စေတနာကိုတန်ဖိုးထားတာကြောင့် ပိုကျေးဇူးတင်တယ်။

ကိုအုန်းမောင် စာစောင်ရောင်းချကောင်းသလို လုပ်အားပေး ဝိုင်းဝန်းလုပ်ကိုင်ပေးလို့ရတဲ့ ငွေနဲ့ဆိုတော့ အိမ်ပြန်လမ်းမှာတော့ ဝမ်းသာမိသည်၊ ပျော်ရွှင်မိသည်။ သားအောင်အောင်အတွက် ဆီကြော်ကိတ်မုန့်ထုပ်ကို လက်ကဆွဲပြီးတော့ ငမိုးရိပ်ရထားဘူတာမှာဆင်း၊ အိမ်ဘက်ရောက်၍ မယဉ်အေးကို နှုတ်ဆက်လိုက်သည်။

"မယဉ်အေးရေ၊ ပြန်ရောက်ပြီ"

"ကိုအုန်းမောင် စာစောင်ရောင်းကောင်းရဲ့လား၊ အဆင်ပြေရဲ့လား"

"အေးကွ မယဉ်အေး၊ လဆန်းရက်တွေဆိုတော့ ရောင်းရပါတယ်"

ကိုအုန်းမောင်က အိတ်ကပ်ထဲက ငွေလေးထောင်ကျပ်ကို ထုတ်ပေးလိုက်သည်။

"ကိုအုန်းမောင်ရေ...ရှင်က အမောမပြေသေးတော့ ပြောပြရမှာအားနာမိတယ်။ ထမင်းစားပြီးမှ ပြောပြတော့မယ်၊ နားလိုက်ပါဦး"

"အိုကွာ...မယဉ်အေးကလည်း မင်းနဲ့ငါနှစ်ယောက်ထဲရှိတာပဲကွ။ ပြောစရာရှိတာတွေ ပြောပြပါကွာ။ နားထောင်နေပါတယ်"

"သည်လို ကိုအုန်းမောင်ရေ။ နေ့လယ်က အိမ်ရှင်အဒေါ်ကြီး ဒေါ်သိန်းလာသွားတယ်။ လကုန်ရင် အိမ်စပေါ်အရင်က ငါးသောင်းတင်ထားရာက အခုနောက်ထပ် ငွေသုံးသောင်း ထပ်တင်ရမယ်တဲ့။ အိမ်လခကိုတော့ သည်အတိုင်းပဲထားမယ်တဲ့။ တကယ်လို့ ငွေနောက်ထပ်သုံးသောင်း မတင်နိုင်ရင်တော့ သည်အိမ်က ပြောင်းပေးပါတဲ့။ ကဲ...တို့ဘယ်လိုလုပ်ကြမလဲ"

ဟူး ...ကိုအုန်းမောင် ဖြုံးရချက် စိတ်မသက်သာတာကြောင့် ရင်ထဲက အမောတွေ၊ လေပူတွေ တဟူးဟူး



www.burmeseclassic.com

www.burmeseclassic.com

မှတ်ထုတ်လိုက်မိသည်။ အဖြစ်တွေကတော့ မနှစ်ကနှင့်မတူ တော့ဘူးဆိုတဲ့ စကား မှန်တယ်လို့ ထောက်ခံလိုက်ပါရစေတော့ . . .။ လောကကြီးကတော့ သောဘကြီးပဲဗျ။

မယဉ်အေးစကားတွေကို ကြားပြီးကတည်းက ကိုအုန်းမောင်တစ်ယောက် ဖျားချင်သလို လိုဖြစ်နေမိသည်။ လကုန်တော့မယ့်ရက်တွေက ဆယ်ရက်လောက်သာ လိုတော့တာကြောင့် လကုန်တော့မယ်ဆိုလေ စိတ်ထဲက မပျော်ရွှင်သလို ဖြစ်လာလေ၊ စာစောင်ရောင်းရင်း လမ်းလျှောက်ရတာတွေ သိပ်မလုမ်းချင်တော့။ တစ်နေ့တစ်နေ့ အိမ်စပေါ်ငွေ ပြေလည်အောင် ဘယ်လိုကြိုးစားရပါ့မလဲ အတွေးများကြောင့် အသိမိတ်ဆွေတွေနှင့် ဆုံတာတောင် မနည်းပြုံးပြနေရတော့သည်။

ကိုအုန်းမောင် စာစောင်ရောင်းချရတာ တစ်နေ့ သုံးထောင့်ငါးရာရအောင် အတော်ကို ကြိုးစားရောင်းချနေရသလို အိမ်လခ တစ်သောင်းခွဲကိုလည်း စုဆောင်းပေးနေရတာဖြစ်သည်။ ငွေက လုံးခနဲ ခဲခနဲ ရရှိဖို့ရာ မလွယ်ကူ။ ဆန်ဖိုး၊ ဆီဖိုး၊ ဟင်းချက်စရာဖိုးလောက် အနိုင်နိုင်ရတော့ အိမ်ကဇနီး မယဉ်အေး ထမင်းဖြစ်အောင် ဟင်းဖြစ်သာအောင် ခြိုးခြံချွေတာ ဈေးဝယ်ရတာတွေကို သနားမိသည်။ တစ်နေ့တစ်နေ့ စာစောင်ရောင်းချရအောင် လမ်းလျှောက်ရတာ ခြေလှမ်းပေါင်းက မရေတွက်နိုင်။

သည်နေ့လည်း မယဉ်အေး နံနက်စောစောထပြီး ကိုအုန်းအောင် အဆာပြေစားဖို့ရယ်၊ နေ့လယ်စာစားသောက်ဖို့အတွက် ထမင်းချိုင့်ရယ် အချိန်မီယူသွားနိုင်အောင် ဆောင်ရွက်နေရင်းမှ -

“ကိုအုန်းမောင့်ရေ . . ကျုပ်စုထားတဲ့ စုဘူးကလေး ဖောက်လိုက်ပြီတော့။ အိမ်စပေါ် ထပ်တင်ပေးဖို့က အရေးကြီးတယ်။ အိမ်စပေါ် ထပ်မတင်နိုင်ရင်တော့ ကျုပ်တို့ လမ်းဘေးအိပ်ကြရလိမ့်မယ်တော့”

“မယဉ်အေး . . . မင်းစုထားတာ ဘယ်လောက်ရသလဲကွ”

ကိုအုန်းမောင်က အားရဝမ်းသာ မေးလိုက်သည်။

“စုဘူးဖောက်တာက သုံးထောင်ရတယ်။ ကျုပ်နားကပ် ရောင်းချလိုက်တာက နှစ်သောင်းနှစ်ထောင်၊ ထမင်းအိုး၊ ဟင်းအိုး၊ ဒန်အိုးဒန်ခွက် ရောင်းချတာက တစ်ထောင့်ငါးရာကျပ်၊ ကိုအုန်းမောင်ပုဆိုးနှစ်ထည် ရောင်းချတာက ရှစ်ရာကျပ်ရတယ်။ အားလုံးပေါင်းလိုက်တော့ နှစ်သောင်းလေးထောင် သုံးရာကျပ်ရပြီဆိုတော့ သိပ်မလိုတော့ဘူးတော့။ တော်လည်း ကြိုးစားပါဦး။ မနက်ဖြန်ညနေ ၃ နာရီကို အိမ်ရှင်ဒေါ်သိန်းဆိုတဲ့ မိန်းမကြီးနဲ့ ချိန်းထားတယ်။ ကိုအုန်းမောင် . . . မနက်ဖြန်ကျရင်တော့ ၂ ချက်ထိုးလောက်သာ အရောက်ပြန်လာခဲ့ပါ။ တော်ရှာဖွေလာတာလေးနဲ့ ပေးနိုင်အောင် တော်ကြိုးစားခဲ့ပါဦး။ ကျုပ်ကတော့ နေရင်းထိုင်ရင်း မောနေတော့တယ်”

“အေးပါကွာ မယဉ်အေး။ မနက်ဖြန်အမြတ်ကလေးနဲ့ဆိုရင်တော့ ပေးနိုင်မှာပါ။ သိပ်လည်း သောကတွေ မထားပါနဲ့”

ဟု ကိုအုန်းမောင် အားပေးမိသည်။

“ဒီလိုလုပ်ခဲ့ပါလား . . . ကိုအုန်းမောင်။ အပေါင်းအသင်းတွေဆီကို ခဏလှည့်ခဲ့ပါလားတော်”

ကိုအုန်းမောင်နှင့် မယဉ်အေးတို့ လင်မယားနှစ်ယောက် ဆယ်ရက်အချိန်ပေးသွားတဲ့ အိမ်စပေါ်ထပ်တင်ပေးဖို့အတွက် မနက်ဖြန် အိမ်ရှင်က လာတောင်းတော့မှာ ဖြစ်တယ်။ ရှာဖွေစားသောက်နေထိုင်ရတဲ့ ဘဝဆိုတော့ ကိုယ့်အားကိုယ်ကိုး ကြိုးစားနေကြတာ ဖြစ်သည်။

“အဲ . . . ဒါနဲ့ ထမင်းအိုး၊ ဟင်းအိုးတွေကို ဒန်အိုးဒန်ခွက်ဈေးနဲ့ ရောင်းချလိုက်တယ်ဆိုတော့ကွာ ဒီကနေ့ ဘာအိုးတွေနဲ့ထမင်းချက်သလဲ မယဉ်အေး”

“ကိုအုန်းမောင်ကလည်း လူကြံထရံ ကဲလားဖြစ်ဆိုသလိုပဲပေါ့။ ကျုပ်ဈေးဆိုင်ခုံပေါ် သောက်ရေတင်ထားတဲ့ မြေအိုးငယ်လေးနဲ့ ချက်တယ်။ ဟင်းအိုးကတော့ အိုးတစ်လုံး အပေါ်ပိုင်းကွဲနေတာကို ဖြတ်လိုက်တော့ ဒယ်အိုးလို ဖြစ်သွားတယ်လေ။ ဒီနေ့စားတဲ့ ဘူးသီး၊ ဒန့်သလွန်သီး၊ ငါးခြောက်၊ ခရမ်းချဉ်သီး စုပေါင်းချက်ထားတာ။ အဲဒီအိုးကွဲနဲ့ပဲ။ ကိုယ့်အိမ်ကို ချက်စားတာပဲတော် ဘယ်သူမြင်တာမှတ်လို့ . . . ခစ်ခစ်ခစ်”

“ဟား ဟား ဟား”



www.burmeseclassic.com

www.burmeseclassic.com

ကိုအုန်းမောင် ငိုအားထက် ရယ်အားသန်ဆိုတာလို မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်ချလိုက်သည်။

"မယဉ်အေးရဲ့ ဖြတ်ထိုးဉာဏ်တွေကို ငါ လေးစားသွားပြီဟော့။ မပူပါနဲ့ကွာ။ ဒါ ရန်ကုန်မြို့ကွ။ ငွေရှိရင် လိုတာဝယ်လို့ရတယ်။ စကားပုံတောင် ရှိတယ်မဟုတ်လား။ ကြီးမားလှတဲ့ သင်္ဘောပျက်တာကို လေ့နဲ့ကယ်တင်ရတယ်ဆိုတာ လိုပေါ့ကွာ။ မကြာမီ မင်း မီးဖိုချောင် လိုအပ်တာတွေ ပြည့်စုံလာမှာ။ ကြိုးစားဖို့ပဲလိုတယ်ကွ"

"ကိုအုန်းမောင်...ထမင်းဟင်း ချက်တာ ဘာအိုးနဲ့ချက်ချက် မီးတောက်ဖို့က အဓိကပါတော်။ ကျုပ်အတွက်တော့ ဒါတွေမပူပါနဲ့။ အိမ်ရှေ့မှာ အသုပ်ရောင်းချနိုင်ဖို့လည်း မပူပါနဲ့။ အဆင်ပြေအောင် ကြိုးစားကြမယ်။ တော်သာ ငွေကလေးအဆင်ပြေအောင် ကြိုးစားခဲ့ပါ။ တရေးသဖြင့် ချွေးနဲ့စာနဲ့ ရှာခဲ့နော်။ ချွေးနဲ့စာမဟုတ်ရင်တော့ ဘာမှမလုပ်ပါနဲ့"

"အေးပါကွာ။ အေးပါဟ"

ကိုအုန်းမောင်တစ်ယောက် နံနက်လင်းတာနှင့် ခါတိုင်းလိုပဲ ရထားစီးပြီးတော့ ဘူတာကြီးမှာဆင်း၊ စာစောင်တိုက်တွေသွားပြီးတော့ စာစောင်တွေကိုယူ၊ ပန်းဆိုးတန်းလမ်းမကြီးမှ အထက်အောက်စတင်ပြီး တစ်လမ်းဝင်တစ်လမ်းထွက်နှင့် စာစောင်တွေပွေ့ပြီး ရောင်းချလာခဲ့ရာ အမြတ်ငွေ တွက်ကြည့်လိုက်တော့ သုံးထောင်ကျော်ကျော်ပင် ရရှိနေတာကြောင့် ဝမ်းသာပီတိတွေ ဖြစ်နေမိသည်။

လသာလမ်းအောက် လမ်းဘက်မှ စတင် စာစောင်ရောင်းချလာခဲ့သည်။ အိမ်မပြောင်းရအောင် အတော်နီးစပ်လာတာကြောင့် ဝမ်းသာနေမိသည်။ ကိုအုန်းမောင် လိုအပ်တဲ့ငွေ ရအောင်လို့ သားမယားတို့ဇောဖြင့် အပြေးကလေးပင် လျှောက်ရောင်းချလာခဲ့သည်။ နေ့လယ် ၂ ချက်ထိုးပင် ကျော်လာခဲ့ပေပြီ။ အိမ်ကိုပြန်ဖို့ တွေးတောနေမိ၏။

လသာလမ်းထဲက တစ်နေရာဖြစ်တဲ့ ယခင်လ ဆိုင်သန့်ရှင်းရေးလုပ်ခဲ့တဲ့ ဆိုင်ဝအရောက်မှာတော့ -

"ကိုအုန်းမောင်..ကိုအုန်းမောင် ခေါ်လိုက်ရတာဗျာ။ ကိုအုန်းမောင်ကို စောင့်နေတာဗျ။ ခင်ဗျားနေမကောင်းဘူးလား။ မျက်နှာလည်း မကောင်းပါလားဗျ"

"နေကောင်းပါတယ် ပေါက်ဖော်ကြီးရာ။ ဒီနေ့ ခေါက်ဆွဲဆိုင် ပိတ်ထားတာလား"

"ဟုတ်တယ်လေ။ စားပွဲတွေ၊ ကုလားထိုင်တွေ၊ အကြော်မီးဖိုခန်းတွေကို သန့်ရှင်းရေးလုပ်ဖို့ ကျုပ်က ကိုအုန်းမောင်အလာကို ထိုင်စောင့်နေတာဗျ။ သည့်ပြင်အလုပ်သမားကိုလည်း မငှားချင်ဘူးဗျ။ ကျုပ်က ကိုအုန်းမောင်ကို ခင်တယ်။ ပေးချင်တယ်ပေါ့ဗျာ။ လုပ်သွားမယ်မဟုတ်လား ခင်ဗျားအတွက် မနည်းစေရပါဘူးဗျာ"

"ပေါက်ဖော်ကြီးရဲ့ ခင်မင်တဲ့စိတ်၊ ပေးချင်တဲ့စိတ်တွေကြောင့် လုပ်သွားမယ်ဗျာ။ ပေါက်ဖော်ကြီး ခင်ဗျားကိစ္စတွေပြီးအောင် ကျုပ် ဆောင်ရွက်ပေးမယ်"

"ကဲ...ကိုအုန်းမောင်ရေ ခင်ဗျားနဲ့ကျွန်တော် ဟောဒီဆိုင်ထဲရှိတဲ့ စားပွဲကုလားထိုင်တွေကို ရေဆေးပြီးတော့ အဝတ်နဲ့ လိုက်သုတ်လိုက်ကြမယ်။ ပြီးတော့မှ အကြော်အခန်းကို သန့်ရှင်းရေးလုပ်လိုက်ကြမယ်"

ကိုအုန်းမောင်နှင့် တရုတ်ပေါက်ဖော်တို့ အတူတူ ဆိုင်သန့်ရှင်းရေး လုပ်ကိုင်ကြတော့သည်။

ညနေ ၄ နာရီခွဲလောက်မှ ဆိုင်သန့်ရှင်းရေးလုပ်ကြတာ ပြီးစီးသွားသည်။ ဆိုင်ရှင်ပေါက်ဖော်ကြီး ငွေငါးထောင်ပေးလိုက်သလို အိမ်စားဖို့ ဝက်သားကင်၊ ဝက်အူချောင်း၊ ခေါက်ဆွဲခြောက်ထုပ်များ ပေးလိုက်သေးသည်။ ဝမ်းသာမိခြင်း အဖုံဖုံနှင့် ပီတိတွေ အပြုံးရောနှောကာ အိမ်စပေါ်အတွက် ပြည့်သွားပြီ။ သည်နေ့မပေးနိုင်လည်း နောက်နေ့ပေးလည်း ရတယ်ဆိုတဲ့ အတွေးနှင့် လသာလမ်းဆီက ဘူတာကြီးကို ရထားစီးပြီး အိမ်ပြန်ဖို့အတွက် ခြေလှမ်းသွက်နေမိတော့သည်။

မယဉ်အေးကတော့ ၃ နာရီလည်း ထိုးတော့မယ် ကိုအုန်းမောင်ကလည်း ဈေးရောင်းသွားတာ ပြန်မရောက်သေးဘူး။ ထိုင်လိုက်ထလိုက် အိမ်ရှင် ဒေါ်သိန်းက ငွေလာတောင်းတော့မယ်။ ဘယ်လိုလုပ်ရပါ့မလဲ...ဟူး...။

အိမ်စပေါ်ငွေ လာတောင်းတော့မယ်။ ဒီမိန်းမကြီးကလည်း အာကျယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နဲ့ ခပ်စွာစွာကြီးဆိုတော့ စကား တွေပြောဖို့ရာ ခက်တယ်။ ဘယ်လိုလုပ် ရပါ့မလဲ။ ကိုအုန်းမောင်ကလည်း အသေအချာပြောပြီးတော့မှာလိုက်တာ ဆောင် ၃ နာရီထိုးတော့မယ်။ ခုထိ ပေါ်လာသေးဘူး။ ဒုက္ခပါပဲ။ ရင်ထဲ ကပင် ပြောလာသလိုလို၊ ဗိုက်ထဲကပဲ နာနေ သလိုလိုနှင့် သက်ပြင်းတွေ ဟင်းခနဲ ချလိုက်တာက အကြိမ်ကြိမ်။ လေပူ တွေ ဟူးခနဲပင် မှုတ်ထုတ်နေမိသည်။ တောက်တစ်ချက်ပင် ခေါက်လိုက်မိ သည်။ ကိုအုန်းမောင် ဈေးရောင်းရာက ပြန်လာမှ ငွေက ပေးလို့ပြည့်မှာဆို တော့ ကိုအုန်းမောင် အပြန်လမ်းကို လှည့်လှည့်ကြည့်နေခဲ့ရတာ ဇက်ကြော တွေတောင် တောင်းပြီးတော့ နာလာ တော့သည်။ အိမ်ရှေ့က အသုပ်ဆိုင် ရောင်းချရင်း မျှော်နေတာဖြစ်သည်။

မယဉ်အေးရဲ့နားထဲမှာတော့ အိမ် ရှင်ဒေါ်သိန်းရဲ့ ပြောဆိုသွားတာကိုပဲ အပ်ခါတလဲလဲ ကြားနေမိသည်။ ငါက နောက်တင်မယ့် အိမ်စပေါ်ငွေကို ထပ် ခါတလဲလဲနဲ့ လာတောင်းနေမှာ မဟုတ် ဘူး။ ပေးနိုင်အောင် ကြိုးစားထားကြ။ မယဉ်အေးတို့မတင်နိုင်ရင်တော့ နောက် လူကိုတူးမယ်။ အိမ်ရှင်ဒေါ်သိန်း ပြော သွားခဲ့တဲ့စကားတွေ ပြန်တွေးပြီးတော့ မယဉ်အေး ရင်ထဲက လေပူတွေကို မှုတ်ထုတ်လိုက်မိပြန်သည်။ ဟူး . . . နေ့က ချွေးစေးချွေး ပေါက်တွေက လည်း စီးကျလို့။ ဒုက္ခပါပဲ။ ပါးစပ်က လည်း တဖျစ်တောက်တောက်ပြောနေ ရင်း ရင်ထဲမောနေမိသည်။

လမ်းထိပ်ဘက်ဆီက စူးစူးဝါးဝါး အော်တဲ့အသံကတော့ -

"ဆံပင်ရှည်တွေဝယ်တယ် . . . ဆံပင်ကျွတ်တွေဝယ်တယ်"

ကုလားကပြားတစ်ယောက် . . ။ လက်မှာလည်း ဆံပင်အစုလိုက်ကိုင်ပြီး တော့ တယမ်းယမ်းနှင့် မယဉ်အေး ဆိုင်ဘက် လျှောက်လာသည်။

"ဆံပင်အကျွတ်တွေဝယ်တယ်၊ ဆံပင်အရှည်တွေဝယ်တယ်"

အော်လိုက်တာကြောင့် -

မယဉ်အေးက -

"လာပါဦး။ ဆံပင်အကျွတ် ဘယ် လိုဝယ်သလဲကွ"

"အစ်မ ဆံပင်အကျွတ်ဆိုရင် မျက်မြင်ညှိဝယ်တယ်။ ဆံပင်အရှည် ဆိုရင်တော့ တစ်ဆယ်သားကို တစ် သောင်းခွဲ ပေးပါတယ်။ ဝယ်ပါတယ်"

မယဉ်အေး တစ်ဆယ်သား တစ် သောင်းခွဲပေးဝယ်တယ်ဆိုတော့ ခေါင်း ကိုကိုင်ကြည့်လိုက်ပြီးတော့ -

"ငါ့ခေါင်းက ဆံပင်ဖြတ်ရောင်း ချင်တယ်။ တကယ်ဝယ်မှာလား။ တော် ကြာဖြတ်ပြီးမှ မဝယ်ဘူးဆိုရင်တော့ ဒုက္ခ"

ပြောပြောဆိုဆို မယဉ်အေး မတ် တတ်ရပ်ပြီးတော့ ဆံပင်ကို . ဖြတ်ချ လိုက်ရာ ဆံပင်သည် တင်ပါးကျော်ပြီး တော့ ပေါင်လယ်တောင်ရောက်ရှိနေ အောင် ဆံပင်က ရှည်နေတာကြောင့်-

ဝယ်မယ့်ကုလားက -

"အစ်မရယ် . . . နောက်တော့ မနောက်ပါနဲ့ဗျာ။ အစ်မဆံပင်က အရှည်ကြီး။ ဆံပင်အုပ်ကလည်းကောင်း တယ်"

"ဒီမှာ . . . နင် မဝယ်ဘူး ဝယ်မှာ သာပြော။ ရှည်တာ၊ တိုတာ နင်နဲ့မပြော ရာမဟုတ်ဘူး။ ငါ့ဆံပင်ငါရောင်းတာ ငါခေါင်းတုံးတုံးတော့မလို့"

မယဉ်အေး ပြောလိုက်သည်။

"ဘယ်လိုပြောလိုက်တာလည်း အစ်မရာ။ ဟောဒီမှာ ငွေလေးသောင်း အစ်မရှေ့ချထားမယ်။ မဝယ်ဘူးဆိုရင် ယူလိုက်တော့"

ကုလားက မယဉ်အေးဈေးရောင်း ခုံပေါ်ကို ငွေလေးသောင်း ပုံချထား လိုက်သည်။

"တကယ်ကိုဝယ်မယ် အစ်မ၊ ဟောဒီမှာငွေ"

မယဉ်အေးက ဆံပင်ကို ကုလား ကတ်ကြေးဖြင့် ဖြတ်ခိုင်းပြီးတော့ ခေါင်း ကိုပါ ခေါင်းတုံးပြောင်နေအောင် ကုလား ကို ရိတ်ခိုင်းလိုက်သည်။ ဖြတ်ထားတဲ့ ဆံပင်ကို ချိန်ကြည့်လိုက်တော့ နှစ် ဆယ်သားနှင့် နှစ်ကျပ်ခွဲသားရှိသည်။ ဆံပင်ရောင်းလို့ ကျသင့်ငွေကို မယဉ် အေးအား သုံးသောင်းနဲ့ သုံးရာ့ခုနှစ် ဆယ့်ငါးကျပ် ပေးချေသွားတော့သည်။

မယဉ်အေး တဘက်ကလေး ခေါင်းကိုပတ်ထားလိုက်ပြီးတော့ ဆိုင် သိမ်းဖို့ ဟန်ပြင်လိုက်စဉ်မှာ အိမ်ရှင် ဒေါ်သိန်းရောက်လာသည်။ ငွေသုံး သောင်း၊ နောက်ထပ် အိမ်စပေါ်ပေး လိုက်ပြီး အသုပ်ဆိုင်ကို သိမ်းဆည်းပြီး မနက်ကတည်းကပင် ထမင်းချက်ထား တာရှိတာကြောင့် ပူစရာမရှိတော့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတုံးကို ခဏခဏပွတ်ကြည့်ရင်း မျက်ရည်များကျကာ စောင်ကို ခေါင်းကလုံအောင် ခြုံပြီးတော့ တငိုနေမိတော့သည်။

"အိမ်စပေါ်တဲ့ ဟီး…ဟီး… ဟီး…ဟင့်…ဟင့်"

ကိုအုန်းမောင်တစ်ယောက် ရထားစီးပြန်ခဲ့ပြီးတော့ ပေါက်ဖော်ပေးလိုက်တဲ့အထုပ်တွေ လက်ကဆွဲလို့ အိမ်ဘက် ခြေလှမ်းကျဲကြီးနှင့် ယခင်က သနပ်ဖက်ဆေးလိပ်သောက်ပေမယ့် ခုတော့ စီးကရက် လက်ကျားညှပ်ပြီး အိမ်နှင့်မနီးမဝေးအရောက်မှာ သီချင်းသံကလေးနှင့် -

"အို…ငါးကြင်းတွေဆန်၊ ငါးတန်တွေ သောင်ရေစီးမှာ…လ…ကိုတံငါလေ့ယာဉ် စီး…စီး…စီး…ဟယ်၊ မယဉ်အေးလည်း အရိပ်အယောင်တောင် မတွေ့ပါလား"

အိမ်တံခါးကို ဖွင့်တွန်းကြည့်လိုက်တော့ -

အလို…မယဉ်အေး တုံးလုံးကြီးလှဲပြီးတော့ စောင်ကို ခေါင်းကပါ ခြုံထားလို့ပါလား။

"မယဉ်အေး…မယဉ်အေး"

ကိုအုန်းမောင် ခေါ်သော်လည်း မယဉ်အေးက လုံးဝကိုမထူး။ တဟင့်ဟင့်ဟင့် အသံဖြစ်နေတာကြောင့် ကိုအုန်းမောင်က စောင်ကို ခြေရင်းဘက်က အသာလှပ်ပြီး ခြေထောက်ကို စမ်းကြည့်လိုက်ရာ အလို…ကိုယ်တွေက ပူလို့ပါလား။ တန်တော့ ဒါဟာ တုပ်ကွေးဖျားဖျားတာ ဖြစ်ရမယ်ဆိုပြီးတော့ ဆရာမောင်ဆေးနီမှုန့်နှင့် ကွမ်းရွက်နုပ်ဖျော်ပြီးတော့ ဆေးဖျော်ပန်းကန်လေး အနားချထားပြီး -

"ဆေးတိုက်မယ်၊ ဆေးသောက်ရအောင်"

ကိုအုန်းမောင်က -

"မယဉ်အေး ထ…ထ…ကွာ ဆေးတစ်ခွက်သောက်လိုက်ကွာ။ နေကောင်းသွားမှာပါ"

ကိုအုန်းမောင် မယဉ်အေးဆေးသောက်ဖို့ ခဏခဏခေါ် ထိုင်ခိုင်းပေမယ့် မယဉ်အေးကတော့ တုံးလုံးလှဲရာက မထဘဲ တဟင့်ဟင့်…ဟင့် ငိုတဲ့အသံသာ ကြားနေရသည်။

"မယဉ်အေးက တယ်ဆေးကြောက်တာပဲ။ ကဲ…ကဲ ငါပဲ ပွေ့ပြီး ဆေးတိုက်ပေးပါ့မယ်ကွာ"

ကိုအုန်းမောင် ပြောပြောဆိုဆို မယဉ်အေးရဲ့ခါးကို သိုင်းဖက်ပွေ့ပြီးတော့ သူ့ရင်ခွင်ထဲမှာထားပြီးတော့ ဆေးတိုက်ဖို့ ခေါင်းမြီးခြုံထားတဲ့ မယဉ်အေးရဲ့ စောင်ကို ဆွဲလှပ်လိုက်ရာ ဟယ်… ဟယ်…

"ဟယ်…အလို ကတုံးပြောင်ကြီးနဲ့ ဖြစ်နေပါလား။ ဟာ…ရှီး…ရှီး"

ကိုအုန်းမောင်တစ်ယောက် မပြုံးဘဲနှင့် ဝါးလုံးကွဲလိုက်သလို တဟားဟား အကျယ်ကြီး ဟားတိုက်ရယ်ချလိုက်သည်။

မယဉ်အေး -

"ဟင့်…သူများအခက်အခဲတွေ သူပြန်မလာလို့ ဖြေရှင်းလိုက်ရတာကို သူများကို လှောင်တယ်"

မယဉ်အေး လက်သီးဆုပ်ကလေး နှစ်ဖက်ဖြင့် ကိုအုန်းမောင်ရဲ့ ရင်ဘတ်ကို ဖွဖွကလေး ဆက်ခါဆက်ခါ ထုလိုက်ချိန်မှာတော့ -

"တော်ပြန်မလာလို့ ဆံပင်ရောင်းပေးလိုက်ရတယ်။ ဟင့်…ဟင့် ဟင့်"

"တော်သေးတာပေါ့ မယဉ်အေးရယ်။ မင်းဖြေရှင်းမှု ဆောင်ရွက်ချက်တွေက သန့်ရှင်းကောင်းမွန်တာကြောင့် မတော်တရော်နှင့်သာ ဖြေရှင်းလိုက်ရင်တော့ကွာ ငါတော့ ကိုယ်ကျိုးနည်းပါပြီ။ ခုတော့ တို့အိမ်ပြောင်းရတဲ့အပြင် ငွေစုဆောင်းပြီးသားတောင် ဖြစ်သေးတယ်။ စကားပုံတောင်ရှိသေးတယ်ကွ။ တက်ကျိုးတော့ ထိုးဝါးတဲ့။ အဲဒါကြောင့် မယဉ်အေးကို ကျေးဇူးတင်မိတယ်ကွာ"

မယဉ်အေးက ခေါင်းတုံးကိုလက်နှင့်ပွတ်ရင်း -

"ခုတော့…တို့လင်မယားနှစ်ယောက် နာမည်ကြီးပြီကွ"

"ဘာကြောင့်လဲ ကိုအုန်းမောင်"

မယဉ်အေးက မေးလိုက်သည်။

"ကတုံးပြောင်နဲ့ ကိုအုန်းမောင်လေကွာ"

လင်မယားနှစ်ယောက်စလုံး ရယ်ချလိုက်ကြသည်။

"ဝါး…ဟား…ဟား…ဟား ဟား"

**မကွေးနေရာဇာ**



www.burmeseclassic.com

www.burmeseclassic.com




ဓမ္မစေတီမင်းကြီးဟာ အတိတ်ပါရမီ ဘုန်းကံ ညွှန့် ကံ ဉာဏ် ဝီရိယတို့ကြောင့် ဘုန်းကြီးလူထွက်ဘဝ ကနေ ရှင်ဘုရင်ဘဝသို့ ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဓမ္မစေတီ ဟာ မင်းမျိုးမင်းနွယ်ထဲကနေ ရှင်ဘုရင်ဖြစ်လာသူ မဟုတ် ပါဘူး။ သာမန်အရပ်သား(အသည်သား) အောက်ခြေလူ တန်းစားက မွေးဖွားခဲ့သူပါ။ အဖအမည် ဇောဓိကရုံ၊ အမိအမည် မထပ် ဖြစ်ပါတယ်။ တစ်ညမှာ မထပ် အိပ်မက်ထူး မြင်မက်တယ်။ ရဟန်းတစ်ပါး အရှေ့အရပ်က ကြွလာပြီး မထပ်ရဲ့ ဦးခေါင်းကို 'ဗုဒ္ဓရက်သီး' နဲ့ စွပ်သွား တယ်။ ပြီးတော့ ကြာနီတစ်ပွင့်၊ ကြာခေါင်းလောင်းတစ်ပွင့်၊ ကြာဖြူတစ်ပွင့်လည်း ပေးသွားခဲ့ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် မနက်လင်းတာနဲ့ ပညာရှိ သူတော်ကောင်းတစ်ဦး မထပ်တို့အိမ် ကြွလာတယ်။ မထပ်က အိပ်မက်အကြောင်း မေးလျှောက်ပါတယ်။ ပညာ ရှိက…

ဗုဒ္ဓရက်သီး ဦးခေါင်းကို စွပ်ပေးတဲ့ အဓိပ္ပာယ်က 'သင်ဟာ ဒီနေ့ပဲ သားယောကျ်ား ပဋိသန္ဓေကိုယ်ဝန် ရခဲ့လေပြီ။ ထိုသားယောကျ်ားသည် ဘုရားရှင်၏ သာသနာ တော်၌ ရဟန်းပြုလတ်၍ ပိဋကတ်သုံးပုံ ဆောင်လိမ့်မည်။ ကြာခေါင်းလောင်း ပေးခဲ့တဲ့ အဓိပ္ပာယ်ကတော့ ကြာခေါင်း

www.burmeseclassic.com

လောင်းကို မွန်ဘာသာနဲ့ 'တင္ဂေါ'လို့ ခေါ်တယ်။ တဂေါသည် တနင်္လာနံ၊ ပဲခူးသည်လည်း တနင်္လာနံ ဖြစ်သောကြောင့် သင်္ဂါသားသည် ရဟန်းဘဝမှ လူထွက်ပြီး ပဲခူးပြည်ကို အစိုးရလတ္တံ့'။

ကြာဖြူကို ပေးခဲ့တဲ့ အဓိပ္ပာယ်ကတော့ ကြာဖြူကို မွန်ဘာသာအားဖြင့် 'သွား' ဟူ၍ ခေါ်တယ်။ မြန်မာလို အနက်ကောက်သော် 'အလွယ်'လို့ ဆိုလိုတယ်။ ဒါကြောင့် ထိုယောက်ျားသည် အလွယ်တကူပင် မင်းဖြစ်လိမ့်မယ်။ ကြာနီကို ပေးခဲ့တဲ့ အဓိပ္ပာယ်ကတော့ ကြာနီကို 'ဥပို'လို့ ခေါ်ပါတယ်။ မြန်မာလိုအဓိပ္ပာယ်ကတော့ 'သင်းပျံ့'လို့ ဆိုလိုတယ်။ ထိုသူငယ် မင်းဖြစ်သောအခါ ကောင်းသတင်းတို့သည် တိုင်းခရိုင်နိုင်ငံအနှံ့ သင်းပျံ့ပြီး ထီးဆောင်းမင်းအပေါင်းတို့၏ ကြည်ညိုလေးစားခြင်း ခံရမည်။

ကြာဖြူ၊ ကြာနီ၊ ကြာခေါင်းလောင်း ပန်းသုံးပွင့် ပေးခဲ့ခြင်းရဲ့ အဓိပ္ပာယ်ကတော့ ထိုမင်းရဲ့ အနွယ်သည် သုံးဆက်ဖြစ်လိမ့်မည်လို့ မထပ်ရဲ့ အိပ်မက်ကို အနက်အဓိပ္ပာယ်ဖော်ထုတ် ဟောကြားခဲ့ပါတယ်။ မထပ်လည်း ပညာရှိကို တတ်အားသမျှ ပူဇော်သက္ကာယပြုပါသော်လည်း မယူပါ။

မထပ်ရဲ့ အိပ်မက်တွေက ထိုမျှဖြင့် ရပ်တန့်မသွားပါ။ ပဋိသန္ဓေ သုံးလရှိသောအခါ ရဟန်းတစ်ပါး ရောက်လာ၍ မထပ်ကို ခေါ်ပြီး ရွှေမော်ဓောဘုရားကြီး ဖူးရတယ်လို့ အိပ်မက် မက်ပြန်ပါတယ်။ ကိုယ်ဝန်ခြောက်လ ရတဲ့အခါ ရွှေမော်ဓောဘုရားကြီးရဲ့ ခေါင်းလောင်းကြီးပေါ် တက်နေရတယ်လို့ အိပ်မက် မက်ပြန်ပါတယ်။ အိပ်မက်ကောင်း အတိတ်ကောင်း နိမိတ်ကောင်းတွေချည်းပါပဲ။

ဒါပေမဲ့ ဓမ္မစေတီဟာ ရွှေလင်ဗန်းနဲ့ အချင်းဆေးခဲ့ရသူ မဟုတ်ပါ။ ဆင်းရဲသားတို့ဘာသာဘာဝ မွေးဖွားလာရပြီး ဆင်းရဲသားလိုပဲ ကြီးပြင်းခဲ့ရပါတယ်။ ဘဝက ဆင်းရဲပေမယ့် ဘုန်းကံကြီးတဲ့ နိမိတ်ဗီဇကိုတော့ ငယ်စဉ်ကတည်းက ပြခဲ့ပါတယ်။ နွားကျောင်းသား အဖော်အပေါင်းတွေနဲ့ ကစားတဲ့အခါမှာတောင် ဓမ္မစေတီလောင်းလျာလေးက ဘုရင်နေရာက သရုပ်ဆောင်ခဲ့ရသတဲ့။ သူငယ်ချင်းတွေက သူ့ကို ထမ်းပိုးပြီး ခေါ်သွားရတာတဲ့။ ဒီလိုနဲ့ ကျောင်းနေပြန်တော့လည်း ဗီဇပြလိုက်ပုံက ဆရာဘုန်းကြီးတောင် လက်မှိုင်ချရခိုပဲ။ ဆရာဘုန်းကြီးက 'နမော' က စသင်တယ်။

"နမောဆိုတာ ဘာလဲဘုရား"

ဓမ္မစေတီလောင်းလျာက မေးတယ်။ ဘုန်းကြီးရုတ်တရက် မဖြေနိုင်။ အိမ်ပြန်ရောက်တော့ 'ဘုန်းကြီးက နမောရဲ့ အဓိပ္ပာယ်တောင် မသိဘူး၊ ဒီကျောင်းမှာ စာဆက်သင်ရင် ဘာမှတတ်မှာ မဟုတ်၊ ကျောင်းပြောင်းပေးပါ'လို့ မိဘတွေကို တောင်းဆိုလေတော့တယ်။ ဒီလိုနဲ့ စန္ဒကဆိုတဲ့ ကျောင်းကို ပြောင်းပေးရတယ်။ စန္ဒကဆရာတော်ကလည်း 'နမော' က စသင်တာပါပဲ။ နာမောရဲ့ အဓိပ္ပာယ်ကိုလည်း သင်ပေးပါတယ်။

"အဟံ-တပည့်တော်သည်၊ ဗုဒ္ဓါယ-သုံးလောကထွတ်ထား မြတ်စွာဘုရားကို၊ နမော-ရှိခိုးခြင်းသည်၊ သိဒ္ဓိ-ပြီးမြောက်အောင်မြင်စေသတည်း"

ဓမ္မစေတီလောင်းလျာဟာ အလွန်သဘောကျနှပ်သွားပြီး စန္ဒကဆရာတော်ဆီမှာ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နာမက္ကာရ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့ကို ရိုသေလေးမြတ်စွာ သင်ကြားပါတော့တယ်။ ဆရာတော်ကလည်း လွန်စွာနှစ်ထောင်းအားရ ဖြစ်တော်မူတယ်။

တစ်နေ့သောအခါမှာ ဆရာတော်ခိုင်းလို့ အခြားသော ဘုန်းကြီးကျောင်းမှာ ပေထုပ်သွားယူရတယ်။ အပြန်လမ်းမှာ သစ်ပင်ကြီးတစ်ပင်အောက်ဝင်ပြီး အရိပ်ခိုနားတယ်။

သူ့ခေါင်းပေါ်ကို သစ်သီးတစ်လုံး ဒုန်းကနဲမြည်အောင် ပြုတ်ကျထိမှန်တယ်။

"ငါ့ကို ဘယ်သူ ပစ်တာလဲ"

ပစ်တဲ့သူကို ရှာပေမယ့် မတွေ့ပါ။ ဒါပေမဲ့ ရုတ်တရက်ဆိုသလို သစ်ပင်ထက်က ပေါ်ထွက်လာတဲ့ အသံကို သူ့တစ်သက် မမေ့နိုင်တော့ပါဘူး။

"အိုဘယ့်...သာမဏေ ကိုရင်လေးရဲ့၊ အသင် မင်းဖြစ်တဲ့အခါ မင်းကျင့်တရားဆယ်ပါးကို မမှားအောင် ကျင့်ပါ"တဲ့။

ဩော်...ရုက္ခစိုးနတ်က နိမိတ်ဖတ် ဟောကြား



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကိုး။

ဘုရင်ဖြစ်ဦးမယ်ဆိုပဲ။ အခုတော့ သာမဏေ ကိုရင်ဘဝနဲ့ စာပေလေ့လာသင်ကြားဆဲပဲ ရှိသေးရဲ့။ ဘဝ အကြောင်းက ဖန်လာချင်တော့ အင်းဝကို စာသွားသင်ရင်း မယ်တော်ကြီး ရှင်စောပုနဲ့ ဆုံစည်းခဲ့ရတယ်။ မယ်တော်ကြီး ဘုရင်မ ဖြစ်လာတဲ့အခါ မိမိက လူထွက်ပြီး အိမ်ရှေ့မင်း သား ဖြစ်လာတယ်။ ယခုတော့ ဟံသာဝတီပြည့်ရှင် ဘုရင် မင်းတရားကြီး ဖြစ်ခဲ့လေပြီ။ ဘယ်လိုအကြောင်းတွေပါ လိမ့်။ မယ်တော်ကြီး(ဝါ)ဘုရင်မကြီး ရှင်စောပုရဲ့ ကျေးဇူး တရားက ကြီးမားလှပေတယ်။ ရှင်စောပုနဲ့ ဓမ္မစေတီတို့ရဲ့ ရှေးအကြောင်းကို သိလိုစိတ် ပြင်းလာပါတယ်။

ဒါကြောင့် မိမိတို့ ကိုးကွယ်တဲ့ ဆရာတော်များကို မေးလျှောက်ကြည့်ပါတယ်။ ဆရာတော်များက အဓိဋ္ဌာန် ကြည့်မှ သိနိုင်မည်လို့ မိန့်ကြားပြီး ရွှေတိဂုံဘုရားကြီးမှာ ဘာဝနာပွား ပူဇော်ပြီး အဖြေပေးမယ်လို့ ဆိုပါတယ်။

ဆရာတော်များရဲ့ သီလ၊ သမာဓိ၊ ပညာကြောင့် ဓမ္မစေတီမင်းကြီး သိချင်နေတဲ့ အကြောင်းအရာတွေကို တိတိကျကျ သိမြင်ခဲ့ရပါတယ်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က ဘုရင်မကြီး ရှင်စောပုဟာ မုတ္တမမှာ နတ်သမီးဖြစ်ခဲ့ပြီး ဓမ္မစေတီကတော့ နတ်သားဖြစ်ခဲ့ပါတယ်။ တစ်နေ့သော အခါ ဗုဒ္ဓဘုရားရှင် မုတ္တမသို့ ကြွတော်မူလာစဉ် နတ်သားနဲ့ နတ်သမီးတို့က သစ်သီးများ လှူဒါန်းခဲ့ပါတယ်။ ဗုဒ္ဓဘုရား ရှင်က 'သင်တို့သည် ဟံသာဝတီ၌ မင်းဖြစ်ကုန်လတ္တံ့' လို့ ဗျာဒိတ်တော် ပေးသနားခဲ့ပါတယ်။

အဲဒီနောက် ရှစ်ဘဝမြောက်မှာ နတ်သမီးဟာ ဒုန်မှာ မုန့်သည်မ ဖြစ်လာပြီး နတ်သားကတော့ ထင်းခွေ ယောကျ်ား ဖြစ်လာခဲ့ပါတယ်။ မုန့်သည်မနဲ့ ထင်းခွေ ယောကျ်ားတို့ဟာ သွားလာလုပ်ကိုင် စားသောက်ရင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာခဲ့ကြပါတယ်။ တစ်နေ့မှာ မုန့်သည်မ မုန့်ရောင်းရင်း ဘုရားတစ်ဆူကို ထင်ဖူးပါတယ်။ ဘုရားအနီးက သိမ်ပျက်ကြီးကို တွေ့မြင်ရ တော့ စိတ်မချမ်းသာပါဘူး။ ဒါပေမဲ့ မိန်းမသားပေမို့ ပြုပြင်နိုင်စွမ်းအား မရှိပါဘူး။ အဲဒီမှာ ထင်းခွေယောကျ်ား ကို အကူအညီတောင်းပါတယ်။

"အို...မောင်ကြီးရယ်၊ ဒီနေ့တော့ ထင်းခွေ မသွားပါနဲ့၊ သိမ်ပျက်ကြီးကို မြင်ပေးပါလား၊ တစ်နေ့တာ ထင်းခွေခကို ကျွန်မ ပေးပါမည်"

ထင်းခွေယောကျ်ားလည်း မုန့်သည်မ ပြောတဲ့ အတိုင်း သိမ်ပျက်ကြီးကို တစ်နေ့လုံး ပြင်ဆင်ပေးခဲ့ပါတယ်။ ပိုက်ဆံပေးတော့ မယူဘဲ ဆုထူးပန်ဆင်လိုက်ပါတယ်။

"သိမ်ပြင်ရသော ကုသိုလ်ကြောင့် မုန့်သည်မ နှမလေးသည် နောက်နောင်ဘဝတို့၌ ငါ့အား သားအရင်း ကဲ့သို့ ချစ်ခင်ပါစေသတည်း"

"သိမ်ပြင်ရသော ကုသိုလ်ကြောင့် ပိဋကတ်သုံးပုံ ကို နှံ့စပ်သိပ်မြင် ပူဇော်နိုင်သောကိုယ် ဖြစ်ရပါလို၏"

ရှေးဘဝက ဆုတောင်းတွေ ဒီဘဝမှာ ပြည့်လာခဲ့ ခြင်း ဖြစ်ပါတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားကို နတ်သား နတ်သမီးဘဝနဲ့ သစ်သီးလှူခဲ့သော ကုသိုလ် ကြောင့် ဒီဘဝမှာ ရှင်စောပုနဲ့ ဓမ္မစေတီအဖြစ် ဟံသာဝတီ ကို အုပ်စိုးနိုင်ခဲ့ကြပါတယ်။ ထင်းခွေယောကျ်ားဘဝက ဆုတောင်းအတိုင်း ဘုရင်မကြီး ရှင်စောပုဟာ ဓမ္မစေတီကို သားအရင်းကဲ့သို့ ချစ်ခင်ခဲ့ခြင်း ဖြစ်ပါတယ်။ သိမ်ပြင်ရ သော ကုသိုလ်ကြောင့် ပိဋကတ်သုံးပုံ ကျွမ်းကျင်နှံ့စပ်သော ဓမ္မဓရ ရဟန်းဘဝကို ရခဲ့ပါတယ်။


ရွှေတိဂုံဘုရားကြီးက ရခဲ့တဲ့အဖြေကို ဆရာတော် များက မိန့်ကြားတဲ့အခါ ဓမ္မစေတီမင်းကြီး အတိုင်းထက် အလွန် ဝမ်းမြောက်တော်မူပါတယ်။ ဆရာတော်များကို လည်း ပစ္စည်းလေးပါး လှူဒါန်းပူဇော်ပြီး မိမိကိုယ်တိုင်က တော့ သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ် ဖြစ်စေရ မယ်လို့ အဓိဋ္ဌာန်ပြုလိုက်ပါတော့တယ်။

**ဆရာမကြီး ယောဂီနန္ဒမာလာ**



www.burmeseclassic.com

www.burmeseclassic.com




# သေနတ်ကိုပိုက်တဲ့ နတ်စစ်သည်

ချစ်ဆိုင်

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ရခိုင်ပြည်နယ်ဘက်တွင်ရှိသော တပ်ရင်းတစ်ရင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားသောအခါ ထိုတပ်ရင်းမှာ တပ်သစ်တည်ဆောက်ခါစ ဖြစ်နေသည်။

သို့ဖြစ်၍ တပ်ရင်းအတွက် လိုအပ်လျက်ရှိသော သစ်၊ ဝါး၊ ဓနိ၊ လမ်းခင်းကျောက်မှအစ အုတ်ဖုတ်ထင်းအဆုံး သတ်မှတ်ထားသော ကျေးရွာနယ်မြေများအတွင်းသို့ သွားရောက်ကာ ဝယ်ယူစုဆောင်းရသည်။

တစ်ခါတစ်ရံတွင်မူ မိမိတပ်ရင်းအတွက် သတ်မှတ်ထားသော နယ်မြေကို ကျော်လွန်ပြီး သွားဝယ်ရသည့်အခါလည်းရှိ၏။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် တိုင်းမှူးသို့ တင်ပြရသည်။ တိုင်းမှူးခွင့်ပြုချက်ဖြင့်သာ သွားရောက်ဝယ်ယူရသည်။

မည်သို့ဆိုစေ တစ်နေ့သောအခါ ကျွန်ုပ်တို့တပ်ရင်းက ဗိုလ်အောင်ကျော်မြင့်ဦးစီးသော အဖွဲ့တစ်ဖွဲ့ကို (···)ရွာသို့ သွားပြီး အုတ်ဖုတ်ထင်းဝယ်စေ၏။ တပ်ရင်းပိုင် မော်တော်တစ်စီးဖြင့် စေလွှတ်လိုက်ခြင်းဖြစ်သည်။ အုတ်ဖုတ်ထင်း အမြောက်အမြားရသောအခါ အခြားမော်တော်ကြီးတစ်စီး ငှားပြီး သွားရောက်တင်ယူကြရမည်ဖြစ်သည်။

ထိုကဲ့သို့ အရာရှိတစ်ယောက် ဦးစီးစေကာ အုတ်ဖုတ်ထင်းဝယ်ရန် စေလွှတ်လိုက်သောအဖွဲ့မှာ နောက်တစ်နေ့ နေ့ခင်းလောက်တွင် မကြားလိုသော သတင်းတစ်ခုကို ကြားလိုက်ရ

www.burmeseclassic.com

တော့သည်။ ထိုသတင်းမှာ ဗိုလ်အောင်ကျော်မြင့်နှင့်အတူ ပါသွားသော ဆရာကြီးတင်အောင်မိုး၏ ဘီအေ(၉၄) သေနတ်တစ်လက် ပျောက်ဆုံးသွားကြောင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့ တပ်မတော်သားများမှာ လူသေသော်လည်း လက်နက်မဆုံးစေရဆိုသော မူဝါဒကလည်း ရှိနေသည်။ အမှန်စင်စစ် လူတစ်ယောက်၏ အသက်တစ်ချောင်းနှင့် သေနတ်တစ်လက်၏တန်ဖိုးမှာ မည်သို့မျှ နှိုင်းယှဉ်၍မရပါ။ မရပင်မရသော်လည်း အဆိုပါ သေနတ် မဆုံးရှုံးအောင် အသက်ပေးပြီး အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ကြရသည်သာ ဖြစ်သည်။

ဖြစ်စဉ်အား မေးမြန်းကြည့်သောအခါ အုတ်ဖုတ်ထင်းဝယ်ရန် ထွက်သွားသော သူတို့အဖွဲ့သည် သက်မှတ်ထားသောရွာသို့ ညနေ ၅ နာရီလောက် ရောက်သွားကြ၏။ မော်တော်ကို ကမ်းကပ်ရပ်နားထားပြီး ဗိုလ်အောင်ကျော်မြင့်နှင့် အဖွဲ့တစ်ဖွဲ့မှာတော့ ကျေးရွာဥက္ကဋ္ဌများနှင့် အုတ်ထင်းရရှိရေးကိစ္စ တိုင်ပင်ပြောဆို ဆွေးနွေးဖြစ်ကြ၏။

အဆိုပါရွာမှာ ရွာဟုဆိုရသော်လည်း အိမ်ခြေအားဖြင့် ၆၀၀ ကျော်လောက် ရှိပါသည်။ မြို့ငယ်လေးတစ်မျှ စည်ကားလှပါသည်။ မော်တော်ဆိပ်ရှိသလို အဆိုပါမော်တော်ဆိပ်ကမ်း ကုန်းပေါ်တွင် စားသောက်ဆိုင်များက အစီအရီ ရှိသည်။ အခြားသော ဘေးပတ်ဝန်းကျင်များမှ လှေလမ်း၊ လှည်းလမ်းတို့ဖြင့် ဝင်ထွက်သွားလာ ရောင်းဝယ်ဖောက်ကားရာ နေရာလည်း ဖြစ်သည်။

နေညိုချိန်ရောက်ပြီဆိုလျှင် ထိုဆိပ်ကမ်းတွင် ဒေသထွက် ချက်အရက်များအပြင် မြို့ပေါ်ကလာသော စက်ရုံထုတ် အရက်မျိုးစုံတို့ကလည်း ပေါများစွာ ရောင်းချနေသဖြင့် လူတွေက စည်ကားချင်တိုင်း စည်ကားနေတတ်ပါသည်။ ကြက်ကြော်၊ ကြက်ကင်တွေကလည်း ပေါသည်။

သို့ဖြစ်၍ စက်လှေပေါ်တွင် ကျန်ရစ်ခဲ့သော စစ်သည်များအား ကုန်းပေါ်တက်၍ စျေးဝယ်မည်ဆိုပါက **သေနတ်ယူမသွားရ။** ပြီးတော့ ဆိုင်တွေမှာ အရက်သွားမသောက်ရ။ သောက်ချင်လျှင် စက်လှေပေါ်သို့ယူလာပြီး သောက်ရန် အစရှိသည်ဖြင့် အမိန့်ထုတ်ထားခဲ့ပြီး ဖြစ်သည်။ စစ်သည်များကလည်း ဝယ်စရာရှိသည်များကိုဝယ်ပြီး မိမိတို့စက်လှေပေါ်မှာသာ ချက်ပြုတ်ပြီး စားသောက်ကာ ညအိပ်ခဲ့ကြပါသည်။

နောက်တစ်နေ့ မိုးလင်းလာပြီး လူ၊ လက်နက်၊ ခဲ ယမ်းများကို စစ်ဆေးသောအခါမှသာ ဆရာကြီးတင်အောင်မိုး ကိုင်ဆောင်သောသေနတ် ပျောက်ဆုံးနေကြောင်း သိရှိရလေတော့သည်။

တာဝန်ရှိသော ဗိုလ်အောင်ကျော်မြင့်နှင့် ဆရာကြီးတင်အောင်မိုးတို့မှာ ခေါင်းမီးတောက်မတတ် စိတ်ဒုက္ခရောက်ကြရတော့သည်။ အတူပါလာသော စစ်သည်များကိုလည်း ဆူလိုက်၊ ဆဲလိုက်၊ ချော့လိုက်၊ မော့လိုက်၊ ခြိမ်းလိုက်ခြောက်လိုက်နဲ့ အမျိုးမျိုး စစ်ဆေးမေးမြန်းစုံစမ်းသော်လည်း အဆိုပါသေနတ် ပျောက်ဆုံးသွားရမှုနဲ့ ပတ်သက်ပြီး တရားခံကို ရှာမတွေ့နိုင်၊ မဖော်ထုတ်နိုင်ဘဲ ဖြစ်နေရသည်။

သို့ဖြစ်၍ မော်တော်ဆိုက်ကပ်ထားရာတစ်လျှောက် ရေအောက်ကို ဆင်းပြီး ရေငုပ်ရှာဖွေရတော့သည်။ ရှာပင်ရှာသော်လည်း မတွေ့ဘဲ ဖြစ်နေရသည်။ ထိုအခါ တပ်ရင်းကို သတင်းပို့ခဲ့ရခြင်းဖြစ်သည်။

× × ×

ကျွန်ုပ်တို့ တပ်ရင်းမှူးမှာ အဆိုပါ သေနတ် ပျောက်ဆုံးသွားရမှုကို ကြားလိုက်ရသည်နဲ့တစ်ပြိုင်နက် ရူးမတတ် ခံစားနေရတော့သည်။ အကြောင်းမှု ကျွန်ုပ်တို့တပ်ရင်းမှူးမှာ ယာယီတပ်ရင်းမှူး (ဗိုလ်မှူး)အဆင့်တွင်သာ ရှိနေသေးသည်။ နောက်တစ်ဆင့်တက်ရမည့် ဒုတိယဗိုလ်မှူးကြီးအဆင့် ဆိုသည်မှာ တိုင်းမှူးလက်ထဲတွင်သာရှိနေသည်ဟု ဆိုက မမှားပါ။ တိုင်းမှူးက ထောက်ခံပေးမှ ရမည့်ရာထူး ဖြစ်နေသည်။

တိုင်းမှူးနှင့် သူသည် အဆင်မပြေနေကြသူတွေ မဟုတ်ကြပါ။ တိုင်းမှူး၏ အမြဲတမ်း ရန်ရှာနေမှုကို ခံနေရသူဖြစ်သည်။ ဤသည်မှာလည်း ကျောင်းတော်ကရန်ငြိုးဟု ခေါ်ရမည်လား။ အတိတ်က အရိပ်ဆိုးကြောင့်ဟု ပြောရမည်လား မဆိုနိုင်ပါပေ။

သူတို့နှစ်ယောက်အကြောင်းကို အနည်းငယ်မျှ တင်ပြလိုပါသည်။ ကျွန်ုပ်တို့ တပ်ရင်းမှူးသည် တစ်ချိန်သော အခါက မြို့တစ်မြို့တွင် မဝတဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့ရသည်ဆို၏။ ထိုစဉ်အခါက ယခု ကျွန်ုပ်တို့တပ်ရင်းအား အုပ်ချုပ်နေသော တိုင်းမှူးမှာ စစ်



www.burmeseclassic.com

www.burmeseclassic.com

ဦးစီး(ပထမတန်း)တာဝန်ဖြင့် တာဝန်ထမ်းဆောင်နေရသူဖြစ်သည်။ စစ်တိုင်းကြီးတစ်ခု၏ လက်အောက်တွင် အတူတကွ တာဝန်ထမ်းဆောင်နေရသူများ မဟုတ်သလို လက်ရှိအားဖြင့် တာဝန်ထမ်းဆောင်နေရမှုမှာလည်း မတူကြပြန်ပါ။ တစ်ယောက်က စစ်ဘက်အုပ်ချုပ်ရေးဖြစ်ပြီး တစ်ယောက်က နယ်ဘက်အုပ်ချုပ်ရေး ဖြစ်နေသည်။

မည်သို့ဆိုစေ တစ်နေ့သောအခါ အဆိုပါ စစ်ဦးစီး(ပထမတန်း)က တာဝန်တစ်ခုဖြင့် ခရီးထွက်လာရာ မဝတဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသောမြို့သို့ ဖြတ်လာရသည်ဆို၏။ ထိုကဲ့သို့ ဖြတ်လာပြီး မဝတဥက္ကဋ္ဌရှိရာ မြို့သို့ ရောက်ရှိလာသောအခါ မဝတဥက္ကဋ္ဌက နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည်ဆို၏။ ဧည့်ခံရာတွင် အခြားသော စစ်ဦးစီးမှူး၏ နောက်လိုက်နောက်ပါများကို စားပွဲဝိုင်းတစ်ဝိုင်းဖြင့် ဧည့်ခံပြီး စစ်ဦးစီးမှူးအတွက်ကိုတော့မှ သီးခြား စားပွဲဝိုင်းတစ်ခုဖြင့် ဧည့်ခံခဲ့သည်ဆို၏။

ဧည့်ခံရာတွင် အရက်ဆိုသော အရာက ပါ၏။ မဝတ ဥက္ကဋ္ဌသည် စစ်ဦးစီးအရာရှိထိုင်သော စားပွဲဝိုင်းတွင် သွားထိုင်ပြီး စစ်ဦးစီးအရာရှိနှင့်အတူ သူကပါ အရက်ကိုသောက်၏။ ပြီးတော့ ထမင်းကို အတူစား၏။ စစ်ဦးစီးအရာရှိက ထိုကဲ့သို သူ၏စားပွဲဝိုင်းကိုလာပြီး အရက်အတူသောက်ရ ကောင်းလား၊ ထမင်းအတူလာပြီး စားရကောင်းလားဟု စိတ်ထဲက မကျေမနပ်ဖြစ်ခဲ့ရသည်ဆို၏။ စိတ်ထဲက မကျေမနပ် ဖြစ်ခဲ့ရသော်လည်း ပါးစပ်ကတော့မှ ထုတ်ဖော်ပြီးမပြောခဲ့။ နောင်သောအခါမှ ပြန်သိရသောကိစ္စသာ ဖြစ်တော့သည်။

ထိုကဲ့သို့ အငြိုးအတေး အထားခံခဲ့ရသော မဝတဥက္ကဋ္ဌမှာ ယခုအခါ ကျွန်ုပ်တို့၏ တပ်ရင်းမှူးလာဖြစ်နေပြီး တစ်ချိန်သောအခါက စစ်ဦးစီးအရာရှိမှာ ယခုအခါတွင် ကျွန်ုပ်တို့တပ်ရင်းမှူးကို လာပြီးအုပ်ချုပ်ရသော တိုင်းမှူးဖြစ်လာကြရတော့သည်။ ထိုအခါ ကျွန်ုပ်တို့ တပ်ရင်းမှူးအား တိုင်းမှူးက တစောင်းစောင်းနဲ့ မျက်ချေး ဖြစ်ရတော့သည်။ ဘာပဲလုပ်လုပ် အကောင်းမမြင်။ အကောင်းကို မမြင်ဟန်ပြုပြီး မကောင်းကွက်ကို ရှာကြံကာ လူရှေ့သူရှေ့တွင် နှစ်ပြားမတန်အောင် ပြောတတ်၊ ဆိုတတ် မာန်မဲတတ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် သေနတ်တစ်လက် ပျောက်ဆုံးရမှုက ရှိလာခဲ့ရသောအခါ တပ်ရင်းမှူးမှာ ဘူးလေးရာ ဖရုံဆင့်ခြင်း ခံရသကဲ့သို့ ဖြစ်နေရတော့သည်။

ထိုနေ့အဖို့ တပ်ရင်းမှူးမှာ ခရီးသွားနေသော ဗိုလ်အောင်ကျော်မြင့်တို့ အဖွဲ့အား ပျောက်ဆုံးသွားသောသေနတ်အား မရရအောင်ပြန်ရှာရန် ညွှန်ကြားရုံမှတစ်ပါး. အခြား ဘာမှ မတတ်နိုင်တော့ပါ။

ဗိုလ်အောင်ကျော်မြင့်တို့ အဖွဲ့မှာလည်း တစ်နေကုန် ရေငုပ်ပြီး ရှာကြသည်။ သို့သော် ပြန်မရနိုင်ဘဲ ရှိနေရသည်။

× × ×

နောက်တစ်နေ့တွင် တပ်ရင်းမှူးက တိုင်းမှူးအား ဖြစ်စဉ်ကို တင်ပြလိုက်ရတော့သည်။ တိုင်းမှူးက ထိုနေရာသို့ တပ်ရင်းမှူးကိုယ်တိုင် လိုက်သွားပြီး သေနတ်ပြန်ရရှိရေးကို ဆောင်ရွက်ရန် ညွှန်ကြားလာပါတော့သည်။

သို့ဖြင့် တပ်ရင်းမှူးက နောက်လိုက်နောက်ပါအချို့ကို ဖွဲ့စည်းပြီး စက်လှေတစ်စီးငှားကာ လိုက်သွားရသည်။ ထိုနေရာသို့ ညနေ ၄ နာရီလောက် ရောက်သွားသည်။ စစ်သည်များကတော့ ရေထဲငုပ်ပြီး သေနတ်ရှာနေကြဆဲ ဖြစ်သည်။ ဗိုလ်အောင်ကျော်မြင့်က တပ်ရင်းမှူးအား ဖြစ်စဉ်အခြေအနေများကို တင်ပြသည်။ တင်ပြနေဆဲမှာပင် ရေငုပ်ပြီး ကမ်းပေါ်တက်ထိုင်နေသော တပ်သားမောင်စိန်က သူ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ တင်ပျဉ်ခွေထိုင်ပြီး လက်နှစ်ဖက်မှာ ခါးကိုထောက်ထားဟန်ပြု၍ ယိမ်းနွဲ့နေ၏။ အထူးအဆန်းဖြစ်လာ၍ ဝိုင်းကြည့်ကြသော် -

“ဒီမှာဟေ့ . .မင်းတို့သေနတ်ကို ဘယ်တော့မှ ပြန်မရစေရဘူးဟေ့။ ပြန်မရအောင် ငါကပဲ လုပ်ထားတာဟဲ့”

ဟု ပြောဆိုလာပါတော့သည်။

ထိုအခါ တပ်ရင်းမှူးအပါအဝင် အခြားစစ်သည်အချို့ တို့ပါ မောင်စိန်အနား ကပ်လာကြသည်။ ဆရာကြီး တင်အောင်မိုးက -

“အခုဝင်ပူးလာတာ ဘယ်သူပါလဲခင်ဗျာ”

ဟု မေးသောအခါ -

“မင်းတို့ သေနတ်ကို ပျောက်



www.burmeseclassic.com

www.burmeseclassic.com

အောင်လုပ်ထားတဲ့သူပဲပေါ့"

"ဘာကြောင့် ပျောက်အောင်လုပ်ရတာလဲ"

ဟု ဗိုလ်အောင်ကျော်မြင့်က မေးသောအခါ -

"ပျောက်အောင် လုပ်တယ်ဆိုတာက မင်းတို့ဒုက္ခ ရောက်အောင်လို့ပဲ ဆို့။ ဘာ့ကြောင့် ဒုက္ခရောက်အောင် လုပ်ရသလဲဆိုတော့ ငါမနေ့ညက ဒီနေရာတစ်လျှောက်ကို ဆင်းလာတယ်။ အဲဒီအခါမှာ ဒီမော်တော်ပေါ်မှာ သောက်စားမူးရူးပြီး ပြောလိုက်ကြတဲ့ အယုတ္တ၊ အနတ္တပုံပြင်တွေ၊ မောင်နှင့် နမ၊ သားနှင့်အမိတွေရဲ့ရှေ့မှာ ပြောပြလို့မကောင်းတဲ့ အဲဒီ အပြောပုံပြင်တွေကို ပြောလိုက်ကြတာမှ မဆုံးနိုင်ဘူး။ တဝါးဝါး တဟားဟားနဲ့ကို ဖြစ်နေလိုက်ကြတာများ။

ဒီမှာပေါ့ မင်းတို့ကို ငါပြောပြမယ်။ ဒီနေရာတစ်လျှောက်မှာ မင်းတို့တွေချည်းပဲ ရှိနေကြတယ်မအောက်မေ့နဲ့။ သူတော်ကောင်း သူမြတ်လောင်းတွေကလည်း အခါအားလျော်စွာ သွားလာလှုပ်ရှားနေကြတယ်ဆိုတာ သိထားကြစမ်းပါ"

ဟု ဟန်ပါပါဖြင့် ပြောလေတော့သည်။ ထိုအခါ ဆရာကြီးတင်အောင်မိုးက -

"ဟုတ်ကဲ့ပါဗျာ။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ နောက်တစ်ခါ ထပ်မမှားရအောင် ကျွန်တော် တာဝန်ယူပါတယ်။ လောလောဆယ် ကျွန်တော်တို့ အမိုက်အမဲတွေကို တစ်ကြိမ်တစ်ခါလောက် ခွင့်လွှတ်ပြီး သေနတ်ကို ပြန်တွေ့အောင်လုပ်ပေးပါ"

ဟု ပြောလိုက်လျှင် ဝင်အပူးခံနေရသော တပ်သားမောင်စိန်က -

"ဘုန်းကြီးထိပ်ခေါက်ပြီးမှ . . . ကန်တော့ ကန်တော့ဆိုလို့ကတော့ မရဘူးကွာ။ အစားအသောက်ကလေးနဲ့ ဆက်သ ပေးမယ်ဆိုရင်တော့ ပြန်ရရစေမယ်ပေ့"

ထိုအခါ ဆရာကြီးတင်အောင်မိုးက အားတက်လာပြီး -

"ပြောပါ ပြောပါ။ ဘာအလိုရှိပါသလဲ။ ကျွန်တော်မျိုး မရရအောင် စီစဉ်ပေးပါ့မယ်။ မြန်မြန်သာ ပြောပါတော့"

ဟု ပြောလိုက်ရာ -

"အရက်တစ်ပိုင်းနှင့် ကြက်ကြော်တစ်ပွဲ ဆက်ပါ"

ဟု ပြောလိုက်လျှင် ဆရာကြီးက သူကိုယ်တိုင် ဆိုင်သို့ပြေးပြီး သွားဝယ်လေတော့သည်။ ထိုကဲ့သို့ သွားဝယ်နေစဉ် နတ်ဝင်ပူးနေသော တပ်သားမောင်စိန်က မော်တော်ပေါ်တက် ထိုင်ပြီး သောက်မည်ဟုဆိုကာ မော်တော်ပေါ်ကို တက်လာပြီးလျှင် အဝတ်အစားများကိုလဲကာ ဖျာတစ်ချပ်ပေါ်တက်ထိုင်ပြီး စောင့်နေ၏။

တပ်သား မောင်စိန်မှာ နတ်ကတော်လည်း မဟုတ်ပါ။ တစ်ခါမှ နတ်ဝင်ပူးခြင်းမျိုးလည်း မရှိခဲ့ပါ။ ယခင်သူနေခဲ့ဖူးသော တပ်ဟောင်းတွင်တော့ ရှိကောင်းရှိခဲ့နိုင်ပါမည်။ သို့သော် မသေချာပါ။ သူသည် အရက်ကိုကြိုက်တတ်သူဖြစ်သော်လည်း ရန်ဖြစ်ခြင်းပြုခြင်း တော့မရှိ။

မကြာခင် ဆရာကြီးတင်အောင်မိုးက အရက်ဖြူတစ်ပိုင်းနှင့် ကြက်ပေါင်ကြော်နှစ်ခုကိုယူပြီး ရောက်လာသည်။ ရောက်လာပြီး ဆက်သလိုက်သောအခါ တပ်သားမောင်စိန်က အရက်ကိုသောက်လိုက် ကြက်ပေါင်ကြော်ကို ကိုက်ဖဲ့ပြီးစားလိုက်နဲ့ လုပ်နေတော့သည်။ စားပါ စားပါ မောင်မင်းကြီးသား ကယ်တင်ရှင်ကြီးရယ်ဟု မုဒိတာပွားပေးနေရ၏။

တပ်ရင်းမှူးနဲ့ စစ်သည်အချို့ကတော့ သူ့ကိုကြည့်ပြီး ဝမ်းသာနေကြသည်။ အကြောင်းမူ သူပါလာခဲ့၍သာ သေနတ်အား နတ်ကဖွက်ထားမှန်း သိကြရ၏။ သူပါမလာလျှင်ကား နတ်ဖွက်ထားမှန်း သိနိုင်ကြမည်မဟုတ်။ ထိုအခါ သေနတ်အား ပြန်ရနိုင်စရာလမ်းစပင် ပျောက်ဆုံးသွားနိုင်၏။ ယခုသော် ကယ်တင်ရှင်တပ်သားမောင်စိန် ကျေးဇူးကြောင့် ပျောက်ဆုံးသွားသော သေနတ်မှာ မကြာခင် ပြန်ရတော့မည်ဟု ယုံကြည်ပြီး ဝမ်းသာနေကြရခြင်းဖြစ်တော့သည်။

တပ်သားမောင်စိန်မှာ သောက်ရင်းစားရင်းဖြင့် အရက်နှင့်ကြက်ကြော်များ ကုန်သွားသောအခါ ပက်လက်လှန်ပြီး အိပ်ပျော်သွားပါတော့သည်။

အချိန်ကလည်း မရှိတော့ပြီမို့ ထိုနေ့အဖို့ သေနတ်ရှာဖွေခြင်း ကိစ္စကိုလည်း အဆုံးသတ်ခဲ့ကြရတော့သည်။

တပ်ရင်းမှူးနှင့် အပေါင်းအပါတစ်စုကိုတော့ ဆိပ်ကမ်းကုန်းပေါ်က ဗိုလ်

www.burmeseclassic.com

တဲတွင် နေရာထိုင်ခင်းများ စီစဉ်ပေးလိုက်သည်။

× × ×

နောက်တစ်နေ့ မိုးလင်းလာသော အခါ တပ်ရင်းမှူးက စစ်သည်အင်အား အပြင် ရွာထဲက ရေငုပ်ကျွမ်းကျင်သူ အချို့ကိုပါ ခေါ်ပြီး ရေငုပ်ကာ ရှာဖွေ နိုင်းပါတော့သည်။ သေနတ်ကား ပြန် မရနိုင်သေး။ ဒီကြားထဲ ဆက်သွယ်ရေး စက်မှ တစ်ဆင့် အဆိုပါသေနတ်ရှာဖွေ ရမှုနဲ့ ပတ်သက်ပြီး တစ်နာရီ တစ်ကြိမ် တိုင်းစစ်ဌာနချုပ်သို့ တင်ပြနေရသည်။ မရသေးပါဘူးဟု တင်ပြလိုက်တိုင်း ပြန် လာသောစကားသံများက နားထဲသို့ သံ ရည်ပူလောင်းထည့်ခြင်း ခံရသလို ဖြစ် နေရသည်။

"မြန်မြန်လုပ် မြန်မြန်ရှာ။ အဘ (တိုင်းမှူး)က ဒေါကန်နေတယ်။ ပြန်မရ ရင်တော့ ထုံးစံအတိုင်းပဲ တာဝန်ရှိသူ အဆင့်ဆင့်ကို ထိထိရောက်ရောက် အရေးယူဖို့ လုပ်နေတယ်"

ဒါပဲ ကြားနေရသည်။ ငှက်ဆိုး ထိုးသံကမှ နားဝင်ပီယံ ဖြစ်ဦးမည်။ မကြားချင်သော်လည်း တစ်နာရီတစ် ကြိမ်ကျ စက်ဖွင့်တိုင်း ကြားနေရသည်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည့် အဖြစ်မျိုးများလေလား။ ကျောပူသည့် အပြင် နားပါပူနေရ၏။ တစ်နေကုန်ရှာ ဖွေရင်း ညနေပိုင်းသို့ ရောက်လာသော အခါ နားကြရတော့သည်။ တပ်ရင်း မှူးနှင့် အဖွဲ့ကတော့ ဗိုလ်တဲသို့ တော် တော်နဲ့ မပြန်သေး။ ချောင်းတစ်လျှောက် တွင် စုန်ချည်ဆန်ချည်ဖြင့် လိုက်ပြီး ကြည့်နေသည်။

ထိုစဉ် မော်တော်ပေါ်တက်ထိုင် နေသော တပ်သားမောင်စိန်က ကောက် ကာငင်ကာ နတ်ဝင်ပူးပြန်တော့၏။

"အဲဒီလိုလုပ်လို့ ဘယ်ရမှာလဲကွ။ ကိုယ့်ကိစ္စ ကိုယ်ရှင်းရမှာပေါ့ကွ။ မဆီ မဆိုင် အရပ်သားတွေကို လိုက်ပြီးဒုက္ခ ပေးနေပြန်ပြီ။ ဒါကြောင့် ငါသောက် မြစ်ကတ်ကတ်နဲ့ မပြတော့ဘူး။ ပြီး တော့ မနေ့ကတိုက်တဲ့ အရက်ကလည်း စေတနာမပါဘူး။ ငါသောက်ချင်တာက အာမီရမ်ကွ။ ပြီးတော့ ကြက်ဆိုလည်း အကောင်လိုက် ကြော်ထားတာကိုမှ စားချင်တာ"

ဟု တုန်တုန်ယင်ယင်ဖြင့် ပြော လေတော့သည်။ ထိုအခါ ဗိုလ်အောင် ကျော်မြင့်က -

"ရတယ် ရတယ်။ နောက်နေ့ အရပ်သားတွေကို မခေါ်တော့ဘူး။ ကိုယ့်ရဲဘော်နှင့်ကိုယ်ပဲ ရှာမယ်။ ပြီး တော့ အခုသောက်ချင်တဲ့ အရက်နဲ့ ကြက်ကြော်ကို ဆက်သပါ့မယ် . . .။ သေနတ်ကိုသာ ပြန်ရအောင်လုပ်ပေးပါ"

ဟု ပျာပျာသလဲပြောရင်း စစ် သည်တစ်ဦးအား အရက်နှင့် ကြက် ကောင်လုံးကြော်ကို သွားဝယ်စေ၏။ သွားဝယ်ပြီး ပြန်ရောက်လာသော် ဆက် သ၏။ ထိုအခါ နတ်ဝင်ပူးနေသော တပ်သားမောင်စိန်က သောက်လိုက်တဲ့ အရက်၊ စားလိုက်တဲ့ကြက်ကြော်။ မည် သည့်ခေတ် မည်သည့်အခါကနေ အရက် နှင့် ကြက်ကြော်ကို အငတ်ကြီးကျ၍ သေခဲ့သည်မသိရသော အဆိုပါနတ်ကြီး မှာ အငမ်းမရ စားပြနေ၏။ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ဟိုကြည့်ဒီကြည့် ကြည့် သေး၏။ မည်သူ့ကိုမှ လာသောက်ပါဦး။ လာစားပါဦးဟု ဖိတ်ခေါ်ခြင်းမရှိ။

ပြောတော့ အယုတ္တအနတ္တအပြော ပုံပြင်တွေ၊ ရန့်ရင်းကြမ်းတမ်းတဲ့ အသုံး အနှုန်းတွေကို မကြိုက်ဘူးတဲ့။ သူက တော့ဖြင့် သောက်လိုက်တဲ့အရက်။ ခွေး ပါးစပ်က နတ်စကားပြောရက်သူဟု ပြောရမလိုဖြစ်နေသည်။ ဤသည်ကို တပ်ရင်းမှူးကတော့ ခပ်လှမ်းလှမ်းက နေပြီး အကဲခတ်လို့ ကြည့်နေသည်။ ဘာမှတော့ ဝင်ပြီးမပြော။ သူဟာနဲ့သူ ဘာကြီးပဲ ဖြစ်နေပါစေ။ ကိုယ်နဲ့မဆိုင်။ လောလောဆယ် ကိုယ်နဲ့ဆိုင်နေတာက ပျောက်ဆုံးသွားသောသေနတ် ပြန်ရရှိမှု ပင် ဖြစ်နေသည်။ သို့ဖြစ်၍ အဆိုပါ နတ်အား မချစ်သော်လည်း ဟန်ဆောင် ပန်ဆောင်ဖြင့် အောင့်ကာနမ်းရပေတော့ မည်။ အလိုလိုက် အကြိုက်ဆောင်ရ ပေတော့မည်။

မောင်စိန်တစ်ယောက် စားသောက် ပြီး ပက်လက်လှန် လဲကျသွားသော အခါ တပ်ရင်းမှူးကလည်း သူတည်းခို နေသော ဗိုလ်တဲရှိရာဆီသို့ ပြန်သွား ပါတော့သည်။

× × ×

နောက်တစ်နေ့ မိုးလင်းလာသော အခါ ရွာသားများ၏ အကူအညီမပါဘဲ မိမိတို့၏ စစ်သည်တွေချည်းပဲ ငုပ်ကြ သည်။ ကုန်းပေါ်မှာရော ရေထဲမှာပါ ရှာ



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ တပ်ရင်းမှူးနဲ့ အဖွဲ့ကလည်း ဗိုလ်တဲတွင်ထိုင်ပြီး မနေကြ။ သေနတ်ပျောက်ရှာဖွေရာနေရာသို့ အချိန်ပြည့်သာပြီး ကြည့်နေသည်။ လိုအပ်သည်များကို ညွှန်ကြားနေသည်။

ထိုကဲ့သို့ အနီးကပ်လာရောက်ပြီး ကြီးကြပ်နေစဉ် နေ့လယ်ပိုင်းသို့ ရောက်လာသောအခါ တပ်သားမောင်စိန်က နတ်ပူးပြန်တော့သည်။

ဒီတစ်ခါ တောင်းဆိုမှုမှာ အရက်တစ်လုံး၊ ကြက်ဖို၊ ကြက်မအပြင် ငွေသား ၃၀၀၀/ကိုပါ တောင်းခံလေတော့သည်။ ထိုအခါ တပ်ရင်းမှူးက သူ၏ အဖွဲ့တော်သားများနှင့်အတူ ဗိုလ်တဲသို့ပြန်ရန် စီစဉ်ကြသည်။ မပြန်မီ တပ်သားမောင်စိန်အား ဗိုလ်တဲသို့ ခေါ်လာခဲ့ရန်ကိုပါ မှာကြားထားခဲ့၏။

တပ်ရင်းမှူး ဗိုလ်တဲသို့ရောက်သောအခါ သူ၏ လက်ဖြောင့်တပ်ကြပ်ကြီးအား ကြိုးတစ်ချောင်း၊ ဓားသွေးကျောက်တစ်ခုနဲ့ ကော်ဇလုံတစ်ခုတို့ကိုပါ ရှာခိုင်းထား၏။ ပြီးလျှင် အာမီရမ်တစ်လုံးနှင့် ကြက်ကြော်တို့ကိုပါ ဝယ်ခိုင်းပြန်၏။

တပ်သားမောင်စိန် ရောက်မလာခင် တပ်ရင်းမှူးက အရက်ကို တဖြည်းဖြည်းချင်း ဖိမ်ခံပြီးသောက်နေ၏။

တပ်သားမောင်စိန် ရောက်လာသောအခါ ကြိုးတုပ်ပြီး ထုပ်တန်းပေါ်တွင် ဇောက်ထိုးချထားခိုင်း၏။ ပြီးလျှင် သူ၏ရှေ့တွင် ဓားသွေးကျောက်တစ်ခုပေါ်သို့ ပြောင်လက်နေသော ဓားမြှောင်တစ်လက်အား သွေးပြနေ၏။ သွေးနေရင်းက -

"ဆရာလုကျော် . . .သူ့ခေါင်းအောက်မှာ ကော်ဇလုံကြီး ခံထားစမ်း။ သူ့လည်ပင်းကို ဓားနဲ့လှီးဖြတ်လိုက်တာနဲ့ သွေးတွေက ဟောခနဲ ထွက်ကျလာမှာကွ။ အဲဒါကို ခံထားရမယ်"

ဟု ပြောလိုက်သောအခါ ဆရာလုကျော်က ချက်ချင်းဆိုသလို ကော်ဇလုံကြီးတစ်ခုကိုယူပြီး မောင်စိန်၏ ဦးခေါင်းအောက်တွင် ပက်လက်အနေအထားဖြင့် ခံထားလိုက်သည်။ တပ်သားမောင်စိန်မှာတော့ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးတွေက ရွှဲနစ်လာသည်အထိ ကြောက်လန့်တကြား ဖြစ်နေရသည်။

တပ်ရင်းမှူးက ဓားကိုသွေးလိုက်၊ အရက်ကိုသောက်လိုက်၊ အမြည်းကို စားလိုက်၊ သူ့ကိုကြည့်လိုက်နဲ့ လုပ်နေသည်။ အခြားသူများကတော့ သူတို့နှစ်ယောက်အား ဝိုင်းပြီးကြည့်နေကြသည်။

တပ်သားမောင်စိန်အနေဖြင့် တပ်ရင်းမှူးအား ကြည့်ရင်း ကြည့်ရင်းနဲ့ လန့်ဖျပ်၍လာရတော့သည်။ အမှန်တကယ် သူ့အား ဓားဖြင့် မထိုးဘူးဟု မည်သူကမျှ အာမမခံနိုင်ပါ။ အရက်သမား အမူးတစ်ထောင် ဆိုသည့်အတိုင်း ယခု သူအရက်သောက်နေသည်။ စက္ကန့်ပိုင်းကလေးအတွင်းမှာပင် သူ့အား ဆုံးဖြတ်ချက်မှားပြီး ဓားဖြင့် ထိုးလာနိုင်သည်။ တပ်ရင်းမှူးမှာ တိုင်းမှူးနှင့် အဆင်မပြေရသည့်ကြားထဲ ယခု သေနတ်ပျောက်မှုကပါ ဝင်လာရသည်ဖြစ်၍ အရူးတစ်ပိုင်းလို ဖြစ်နေရမှန်းလည်း တပ်သားမောင်စိန်က သိထား၏။

တပ်ရင်းမှူးက အရက်သောက်ရင်း ဓားသွေးရင်းဖြင့် သူ့အား -

"ဒီမှာတွေ့လား။ ငါ့ဓားက မသွေးခင်ကတည်းက ထက်နေပြီးသားပါကွာ။ အခုလို ထပ်ပြီးသွေးလိုက်တော့ ပိုပြီး ထက်သွားရတာပေါ့။ မင်းလည်ချောင်းလောက်ကိုတော့ တစ်ချက်တွတ်လိုက်ရုံနဲ့တင် ကိစ္စက ပြီးပါတယ်ကွာ"

ဟု ပြောပြီး အရက်ကို ထပ်သောက်လိုက်၊ ဓားကို ထပ်သွေးလိုက်။ ပြီးတော့ သူ၏လည်ပင်းတစ်လျှောက်သို့ ဓားမြှောင်ဖြင့် ချိန်ရွယ်လိုက်၊ လည်ချောင်းကို ဖြတ်တော့မည့်ဟန်ဖြင့် လုပ်ပြလိုက်နဲ့ ပြုလုပ်နေလေရာ တပ်သားမောင်စိန်မှာတော့ အသက်ထွက်မတတ် ကြောက်လန့်သွားရကာ --

"အဘ . . .အဘ ကျွန်တော်ကြောက်ပါပြီ။ ကျွန်တော့်ကို ကြိုးဖြတ်ပေးပါ။ ကျွန်တော်အမှန်အတိုင်း ပြောပါတော့မယ်"

ဟု ငိုသံပါကြီးဖြင့် ပြောပါလေတော့သည်။

ထိုအခါ တပ်ရင်းမှူးက -

"တကယ်ပြောတာလား မောင်စိန်။ လိမ်မယ်တော့ မကြံနဲ့။ ငါ့ဓားက အခုသွေးဆာနေတာ အမှန်ပဲကွ"

ဟု ဖြဲခြောက်ပြီး ပြောလိုက်ရာ

"တကယ်ပြောတာ အဘ။ ဒီသေနတ်ကို ကျွန်တော်ကိုယ်တိုင် ဖက်ထားတာပါ။ ကြိုးကိုသာ ဖြေပေးပါ။ အခုချက်ချင်း လိုက်ပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ တပ်ရင်းမှူးက

"အေးပေါ့ကွာ။ ကြည့်ရသေးတာပေါ့။ ဒီနေ့ညနေမှ ပြန်မရရင် မင်းရဲ့ လည်ချောင်းသွေးကိုဖောက်ပြီး ချောင်းစောင့်နတ်ကို ပူဇော်ရမှာပဲကွ။ ကဲ·· ဆရာကြီး ဒီကောင်ကို ကြိုးဖြုတ်ချလိုက်တော့။ ပြီးတော့ လိုက်ပြနိုင်း။ မတွေ့ရလို့ကတော့ ဒီလိုပဲ ပြန်ပြီး ဖောက်ထိုးဆွဲရမှာပဲ။ ဖောက်ထိုးဆွဲပြီး ဒီတစ်ခါတော့ တကယ့်ကို ဖြတ်ရတော့မှာပဲ"

တပ်ရင်းမှူးဆီက အမိန့်ရသော အခါ လက်ဖြောင့်တပ်ကြပ်ကြီးမှ ကြိုးကို ဖြုတ်ချပေးလိုက်သည်။ ပြီးလျှင် သူသေနတ်ဖွက်ထားသည်ဆိုသော နေရာအား လိုက်ပြနိုင်းရာ သေနတ်မှာ ရေထဲသို့ ရောက်နေခြင်းမဟုတ်။ မော်တော်ပေါ်မှာပင် ဖြစ်သည်။ မော်တော်၏ ဦးခေါင်းပိုင်းအတွင်းထဲတွင် တော်ရုံတန်ရုံဖြင့် ရှာမတွေ့နိုင်အောင် ခက်ခက်ခဲခဲကလေး ပြုလုပ်ကာ ဖွက်ထားခြင်းသာ ဖြစ်တော့သည်။

သေနတ်ကို ပြန်ယူပြပြီး တပ်ရင်းမှူးကို ထိုင်ရှိခိုးပြီး တောင်းပန်လေတော့သည်။

"ကျွန်တော်လုံးဝမှားခဲ့ပါပြီ အဘရယ်။ ကျွန်တော့်ကို အားလုံးက ခွင့်လွှတ်ပေးကြပါ။ ကျွန်တော့်မှာ အရက်ဖိုးမရှိလို့ သူများရဲ့သေနတ်ကို ဖွက်ထားပြီး အခုလို နတ်ပူးချင်ဟန်ဆောင်လို့ အရက်သောက်ရဖို့အရေး လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ။ နောင်သောအခါ မလုပ်မိအောင်ကိုလည်း ကျွန်တော်ကတိပေးပါတယ်"

ဟု ပြောဆိုပြီး တပ်ရင်းမှူး အပါအဝင် အခြားသော ဆရာ၊ ဆရာကြီးများနှင့်တကွ ဘဝတူစစ်သည်များကိုပါ လှည့်ပတ်ပြီး ရှိခိုးတောင်းပန်နေပါတော့သည်။

မျက်ရည် စမ်းစမ်း စမ်းစမ်းဖြင့် ထိုင်ရှိခိုးနေသော တပ်သားမောင်စိန်အား ၀ပ်ရင်းမှူးက -

"ကဲ···တော်ပါတော့ တပည့်ရာ။ မမှားသောရှေ့နေ မသေသော ဆေးသမားဆိုတာလည်း မရှိစကောင်းပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ့်အမှားကို ကိုယ်သိပြီး ပြုပြင်တော့မယ်ဆိုတဲ့ အသိတရားကလည်း ကောင်းသောမင်္ဂလာတစ်ပါးပါပဲ။ အပြောနဲ့သာမဟုတ်ဘဲ လက်တွေ့အားဖြင့်လည်း သက်သေပြပေါ့ကွာ။ မင်းကို ငါတို့အားလုံး ခွင့်လွှတ်ပေးပါတယ်။ ဒါပေမယ့် မင်းရဲ့ စည်းကမ်းဖောက်ဖျက်မှုအရတော့ အရေးယူအပြစ်ပေးခြင်းခံရမယ်"

ဟု ပြောလိုက်ရာ တပ်သားမောင်စိန်က -

"အခု···ကျွန်တော်ဖြစ်ခဲ့ရတဲ့ အဓိကတရားခံ အကြောင်းရင်းကတော့ အရက်ဆိုတဲ့ အရာပါပဲ။ ဒါကြောင့် အခုချိန် ကစပြီး ဘဝတစ်လျှောက်လုံး ဒီအရက်ကို မသောက်တော့ပါဘူးဆိုတာ သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေကို သက်သေအရာထားပြီး ကျွန်တော် ကတိပေးလိုက်ပါပြီ။ နောက်တန်းရောက်ရင်လည်း အခု ကျွန်တော်ကျူးလွန်ခဲ့မိတဲ့ ပြစ်မှုအတွက် ထိုက်သင့်တဲ့ အပြစ်ပေးအရေးယူမှုကိုလည်း ကျွန်တော် ကျေနပ်စွာ ခံယူပါ့မယ် အဘ"

ဟု ဝန်ချတောင်းပန်လိုက်သောအခါ တပ်ရင်းမှူးက သာဓုသုံးကြိမ် ခေါ်လိုက်ပါတော့သည်။

× × ×

ကျွန်ုပ်တို့ တပ်မတော်သားမိသားစုများဆိုသည်မှာလည်း ဘိုင်းရင်းသားပေါင်းစုံ၊ အလွှာမျိုးစုံ၊ နယ်တကာပေါင်းစုံတို့မှ လာရောက်ပြီး စုဖွဲ့ထားခြင်းသာ ဖြစ်သည်။ ထိုအခါ လူအမျိုးမျိုး စိတ်အထွေထွေဆိုသည့်အတိုင်း တပ်သားမောင်စိန်ကဲ့သို့သော လူပုဂ္ဂိုလ်မျိုးလည်း ပါဝင်လာတတ်သည်မှာ အဆန်းတကြယ်တော့ မဟုတ်ပါ။

မည်သို့ပင် ဆိုစေကာမူ ယခု သေနတ်ပျောက်ဆုံးသွားခဲ့ရမှုနဲ့ ပတ်သက်ပြီး တပ်သားမောင်စိန်က အစ ပထမတွင် နတ်ဝှက်ထားပါသည်ဟု ပြောဆိုခဲ့လင့်ကစား နောက်ဆုံးမှာတော့ အမှန်စင်စစ် သေနတ်ကို ဖွက်ထားသူမှာ မမြင်တွေ့ရသော နတ်များမဟုတ်မူဘဲ လူအများ မြင်တွေ့နေကြရသည့် နတ်စစ်သည်(တပ်သားမောင်စိန်)ပင် ဖြစ်နေရကြောင်းပါခင်ဗျား။

စာဖတ်ခဲ့သူများအပေါ် အစဉ် လေးစားလျက်···

**ချစ်ဆိုင်**

www.burmeseclassic.com

www.burmeseclassic.com

# ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




ENVIRONMENT FRIENDLY
100% ORGANIC
NO HARM TO NATURE

**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085


ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ပျောက်ဆုံးသွားသော နှလုံးသား

ရန်ကုန်ဘုန်းလွင်



- စီးလည်စွဲညောင်း၊ ဘီလူးချောင်း၏
ဇာတ်ကြောင်းပုံပြင် ရေးရေးမြင်သော်
ဘဝနှလုံး၊ အမှောင်ဖုံးခဲ့။

- "သားတို့ရပ်ရည် သီတာမည်သား
ရေကြည်ချမ်းမြ တစ်ပေါက်ကျက
မိဘတို့ဝမ်း၊ ငြိမ်းစတမ်း" မို့ . . .။

- မိုးရက်တစ်ရက် သူရက်စက်၍
ခွဲခွာထွက်သွား၊ သားလှအဖြစ်
တစစ်စစ်နာကျင်၊ ရင်ထဲတွင် . . .။

- သြော် . . .
ပြန်မလာမှန်း၊ သိနေစွမ်းလည်း
တမ်းတနေဆဲ၊ မျက်ရည်ဝဲပေါ့
ဘယ်ပဲသွားသွား၊ ဘယ်နားနေနေ
မိုးမြေအနှံ့၊ ခြေဆန့်မဆုံး
ရှာရဦးမည် . . .
ပျောက်ဆုံးသွားသော နှလုံးသား။

(သားလေး မိုးကျော်လွင်သို့ . . .)
ရန်ကုန်ဘုန်းလွင်



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်မျိုးစုံ အသုံးဝင်သည့် ဆား

ကျော်ဇေဝတိန်း(နံ့သာ)

ဆားသည် လူသားတို့ကို အကျိုးပြုသော ဆေးဖက်ဝင်ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ အိမ်ရှင်မတစ်ယောက်အား သူ၏အိမ်ထောင်၌ နေ့စဉ်စားသောက်နေထိုင်မှုအတွက် အရေးကြီးဆုံးဖြစ်သော ပစ္စည်းများကိုရေတွက်ပြပါဟု ဆိုပါလျှင် သူမသည် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်ဖြင့် ဆိုင်းမတွ ဖြေကြားလိမ့်မည်ဟု ထင်ပါသည်။

ကျွန်ုပ်တို့ကြားဖူးသော ရှေးဟောင်းအဆိုတစ်ခုမှာ ငှက်ဥသည် မြန်မာတို့အဖို့ အရသာအရှိဆုံး အစားတစ်ခုဖြစ်သော်လည်း ဆားနှင့်စားမှသာလျှင် အရသာအပြည့်အဝခံစားရသဖြင့် ဆားမပါသောအခါ အရသာမပြည့်စုံဟု ဆိုပေသည်။ ထို့အတူများစွာသော အစားအစာများသည်လည်း ဆားမပါသောအခါ အရသာမရှိတော့ပါ။ ဟင်းချက်ပြုတ်ရာတွင်သာမက အစားအစာများကို မပုပ်မသိုးဘဲ ကြာရှည်ခံအောင်ပြုပြင် စီမံကြရာတွင်လည်း ဆားကိုအများအပြား အသုံးပြုကြရ၏။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်၊ အမဲခြောက်နှင့် အခြားအသားခြောက်များပြုလုပ်ရာတွင်လည်းကောင်း၊ အခြားအသီးအရွက်များကို ကြာရှည်ခံအောင်ပြုပြင်ရာတွင်လည်းကောင်း ဆားကို အများအပြား အသုံးပြုကြရပေသည်။

မြန်မာနိုင်ငံသားများဖြစ်သော ကျေးလက်ဒေသနေလူအများစုသည် ပါးစပ်နှင့်သွား သန့်ရှင်းစင်ကြယ်ရေးအတွက် ဆားကိုသာ နေ့စဉ်အသုံးပြုကြရ၏။

ဆားသည် လူတို့အတွက် မရှိမဖြစ်သော ပစ္စည်းတစ်ခုဖြစ်ရသည်မှာ ဆားမပါသောအစာသည် အရသာပေါ့ပျက်သော အကြောင်းတစ်ခုတည်းကြောင့်မဟုတ်ပါ။ ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းစေမှု၊ ကြီးထွားမှု၊ နေ့စဉ်လှုပ်ရှားသွားလာနေထိုင်မှုတို့အတွက် ကျွန်ုပ်တို့ခန္ဓာကိုယ်ကြီးကလည်း ဆားကိုတောင်းဆိုနေသောကြောင့် ဖြစ်ပါသည်။

လူတို့ခန္ဓာကိုယ်၏ ၀.၅ ရာခိုင်နှုန်းသည် ဆားဓာတ်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ကျန်းမာသန်စွမ်းသော လူကြီးတစ်ယောက်၏ ခန္ဓာကိုယ်တွင် ဆားငါးကျပ်သားခန့်ရှိရလေသည်။

ဤပမာဏထက် လျော့နည်းသွားပါက တစ်နည်းအားဖြင့် ဆားကို ရက်အနည်းငယ်မျှ လုံးဝမစားဘဲနေလိုက်လျှင် ဒူးဆစ်၊ လက်ဆစ်များ ချောင်လာပြီး လူလည်းအားလျော့တတ်လာ၏။ ထို့ကြောင့် ဤဆားပမာဏထက် လျော့မသွားအောင် အမြဲတမ်း ဖြည့်တင်းပေးနေရပေသည်။ ဤဆားဓာတ်သည် လူ၏ခန္ဓာကိုယ်ထဲတွင် ဟိုက်ဒရိုကလိုရစ်အက်ဆစ်ဓာတ်သို့ ပြောင်းသွားပြီး အစာအိမ်ထဲမှ အစာကို ကြေညက်စေ၏။ ခန္ဓာကိုယ်ထဲသို့ ဝင်လာသောရောဂါပိုးများကိုလည်း ချေမှုန်းပေး၏။

လူများသည် အလုပ်ပင်ပန်းစွာလုပ်ကြရသဖြင့် ချွေးထွက်သောအခါ ဆားသည် ချွေးနှင့်အတူ ခန္ဓာကိုယ်အပြင်ဘက်သို့ စိမ့်ထွက်လေသည်။ ထို့ကြောင့် အလုပ်ကြမ်းလုပ်ကြရသော လယ်သမား၊ အလုပ်သမားများသည် လျော့ပေါ့သွားသောဆားကို ဖြည့်တင်းပေးရန်အတွက် အလေးဂရုပြု၍ စားသောက်ကြရပေမည်။ သို့ဖြစ်၍ နေ့စဉ် အသက်ရှင်ရေးအတွက်သာမက သေရေးရှင်ရေးတစ်မျှသော အနာရောဂါများအတွက်လည်း များစွာအသုံးဝင်ကြောင်း တွေ့ကြရပေသည်။ လူတို့တွင် မတော်တဆထိခိုက်မှုများဖြစ်ပွား၍ ပြင်းထန်သောဒဏ်ရာများရသောအခါတွင်လည်းကောင်း၊ မီး

www.burmeseclassic.com

လောင်သောအခါတွင်လည်းကောင်း ထိတ်လန့်ခြင်းကို ဖြစ်စေ၏။ ထိုထိတ်လန့်ခြင်းသည် မူလဒဏ်ရာရခြင်းထက်ပို၍ အန္တရာယ်ဖြစ်စေနိုင်၏။ ထိတ်လန့်ခြင်းဖြစ်သောအခါ ခန္ဓာကိုယ်အတွင်းရှိ အရွယ်သေးငယ်သော သွေးအိမ်များ၊ သွေးပြွန်ချောင်းများသည် ပျော့အိသွားပြီး သွေးများသည် အသားမျှင်ထဲသို့ ရောက်သွားကြ၏။ ထို့ကြောင့် နှလုံးသွေးအရောက်နည်းသွားရာမှ နှလုံးသည် သွေးကိုစုပ်ယူရန် ပို၍ အလုပ်လုပ်ရသောကြောင့် ပို၍ခုန်လာလေသည်။ ထိုအခါမျိုးတွင် ကိုယ်အပူချိန်လျော့ကာ တစ်ကိုယ်လုံး စေးကပ်ပြီး နှုတ်ခမ်းများပြာနှမ်းလာ၏။ ဦးနှောက်သို့ သွေးမရောက်သောကြောင့် လူနာသည်သတိလစ်သွားတတ်၏။ နောက်ဆုံးတွင် နှလုံးသည် သွေးကိုစုပ်ထုတ်ရန်အတွက် လိုအပ်သောသွေးကို လုံလောက်စွာမရသောအခါ အသက်ဆုံးရှုံးရတတ်လေသည်။

ဤကဲ့သို့သော ထိတ်လန့်ခြင်းမျိုး ဖြစ်သောအခါများတွင် ဆရာဝန်များက ဆားငန်ရည်ကိုသော်လည်းကောင်း၊ သွေးရည်ကိုသော်လည်းကောင်း သွေးကြောထဲသို့ ထိုးပေးလေ့ရှိ၏။ သို့ရာတွင် ထိုဆားငန်ရည်နှင့် သွေးရည်တို့မှာ အလွယ်တကူ လက်လှမ်းမီသော ပစ္စည်းများမဟုတ်ကြပေ။ ဤအခါမျိုးတွင် ဆားရည်ကို ကိုယ်တွင်းသို့ ထိုးသွင်းလိုက်ပါက အူမကြီးက ဆားရည်ကို လျင်မြန်စွာစုပ်ယူပြီး ကုန်ဆုံးသွားသော သွေးများအစား လှည့်လည်စေသည်။ နောက်ဆုံးပြုလုပ်သော သုတေသနလုပ်ငန်းများအရ ဆားရည်ကို ပါးစပ်မှသောက်ခြင်းသည်လည်း ထိုးသွင်းခြင်းကဲ့သို့ပင် ထိရောက်၍ အချို့သော ထိတ်လန့်မှုများအတွက်မူ ဆားရည်သောက်ခြင်းကပင် ပို၍ထိရောက်ကြောင်း တွေ့ရသည်။

ထို့ကြောင့် တစ်စုံတစ်ခုသောအကြောင်းကြောင့် ထိတ်လန့်မေ့မောနေသူတစ်ယောက်ကို တွေ့ပါက ငှက်ပျောဖူးပုလင်းကြီးတစ်လုံးစာရှိရေတွင် လက်ဖက်ရည်တစ်ဇွန်း အပြည့်ရှိသော ဆားကိုဖျော်၍ တိုက်ကျွေးသင့်သည်။ ထိုဖျော်ရည်ထဲတွင် ထိတ်လန့်ခြင်းကြောင့် ဆုံးရှုံးရသော အချဉ်ဓာတ်အတွက် ဆားခေတ်ဒါလက်ဖက်ရည်ဇွန်းနှင့်တစ်ဇွန်း ထည့်ပေးရပေသည်။ ဤမျှ လွယ်ကူစွာပြုလုပ်နိုင်ပြီး ဈေးသက်သာလှသော ဆားရည်ဖြင့် လူ၏အသက်တစ်ချောင်းကို ကယ်ဆယ်နိုင်ကြောင်း တွေ့ရပေသည်။

**ရေလဲသုံးလျှင် ဝေဒနာမျိုးစုံပျောက်နိုင်သည့် ဆား**

**ဝမ်းလျှောရောဂါ**

ဆေးရုံဆေးခန်းနှင့် မနီးသော အရပ်ဒေသများတွင် ဝမ်းလျှောရောဂါဖြစ်ပါက မတ်ခွက်တွင် (ရေကျက်အေး) သို့မဟုတ် ရေနွေးကိုအအေးခံ၍ ဆားတစ်ဇွန်း၊ သကြားနှစ်ဇွန်း ဖျော်သောက်ပါက ကုန်ခန်းသွားသော ဓာတ်ဆားရည်ကို ပြန်လည်ရရှိနိုင်ပါသည်။ ဤနည်းအတိုင်း အလျင်မီအောင် သောက်ပေးပါက ခြေသလုံးတွင် ကြွက်မတက်နိုင်ပါ။ အားအင်များမကုန်ခန်းပါ။ ဒူးတွေလည်း ညောင်းညာခြင်းမဖြစ်နိုင်ပါ။ ထိရောက်လှသော သိပ္ပံနည်းကျကုသနည်း ဖြစ်ပါသည်။

**ဆီးပူရောဂါ**

ဆီးပူရောဂါဖြစ်ပါက သက်ရင်းကြီးရွက်ကို နုပ်နုပ်စင်း၊ သုံးခွက်တစ်ခွက်တင်ကျန်အောင်ကျို၊ ဆားသုံးဇွန်းထည့်၍ဖျော်။ ရေငတ်တိုင်းသောက်ပါက သက်သာပျောက်ကင်းစေပါသည်။

**အသားများ အတွင်းကြေဖြစ်ပါက**

ဆားလက်တစ်ဆုပ်၊ သက်ရင်းကြီးရွက်၊ ထမင်းပူပူ၊ နနွင်းနှင့် မြင်းချေးတို့ကို ရောစပ်စုပေါင်းပြီး ကြပ်ထုပ်လုပ်၍ ထိုးပေးလျှင် သက်သာပျောက်ကင်းစေသည်။

**ခွေးရူးကိုက်ခံရပါက**

ကျွဲနှာခေါင်းကျိုတ်ခေါ် တောကြက်မောက်အမြစ်ကို လက်တစ်ဆစ်ဖြတ်၍ ဆားဇွန်းတစ်ဝက်နှင့် သွေး၍သောက်လျှင် သက်သာပျောက်ကင်းပါသည်။

**အမျိုးသမီးများ**

ကလေးမွေးဖွားပြီး ဆားလှော်နှင့် ဆန်လွတ်နနွင်းကို ရောစပ်၍စားပေးခြင်းဖြင့် မကောင်းသောသွေးများ ကြေကျပြီး သွေးများကိုသန့်ရှင်းစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ယားနာသွေးပွက်နာ**

ယားနာသွေးပွက်နာဖြစ်ပါက ဆား၊ နနွင်းဖျော်ရည်ကို ယားနာ၊ သွေးပွက်နာနေရာတွင်လိမ်း၍ မီးကင်ပေးပါ။ သက်သာပျောက်ကင်းပါသည်။

**မျက်စိနာနှင့် မျက်စိယားယံခြင်း**

မျက်စိနာနှင့် မျက်စိယားခြင်း ဖြစ်ပါက ဖန်ခွက်တွင် ဆားတစ်ဇွန်း မီးဖိုအလယ်၌ရှိသော ပြာနှစ်ဇွန်းနှင့် ထည့်ဖျော်၍ အကြည်ခံပါ။ ၎င်းရေကြည်သန့်သန့်များကို မျက်စိထဲသို့ ခပ်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

**မျက်စိသွေးချေဥ**

မျက်စိသွေးချေဥဖြစ်ပါက ဆားကို တစ်ဇွန်း၊ သို့မဟုတ် နှစ်ဇွန်းကို ကြပ်ထုပ်လုပ်၍ ထိုးပေးလျှင် သက်သာပျောက်ကင်းစေပါသည်။

**လေနာ**

ရောဂါဖြစ်ပါက နံနက်အိပ်ရာထသည့်အခါတိုင်း ဆားကိုလက်ဖက်ရည်တစ်ဇွန်းခန့် သောက်ပေးပါက တာရှည်လေနာရောဂါသက်သာပျောက်ကင်းစေ၏။

**ဒူးကြီးရောဂါ**

ဒူးကြီးရောဂါဖြစ်ပါက ဆားကို တစ်ဇွန်းသို့မဟုတ် သင့်လျော်သလို စားသုံးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

**သွားနာသွားဖုံးနာ**

သွားနာသွားဖုံးနာဖြစ်ပါက မတ်ခွက်ထဲတွင် ရေနွေးထည့်ပြီး၍ ဆားကို တစ်ဇွန်းထည့်ဖျော်၍၎င်းကာ ပလုတ်ကျင်းပေးပါက တစ်ရက်နှစ်ရက်အတွင်း သက်သာပျောက်ကင်းစေနိုင်ပါသည်။

**လျှာတွေခါးပြီး ခံတွင်းပျက်နေပါက**

အိမ်မိုးခနိဖက်ကို ပြာချကာ ဆားတစ်ဇွန်းနှင့်ရော၍ လျှာကိုသမအောင် ပွတ်တိုက်ပြီး လက်ညှိုးနှင့် အာခေါင်ထဲသို့နှိုက်ပါ။ ထိုနောက် လျှာပေါ်ရှိ အရည်အခွဲများကို နီးဖျားဖြင့်ခြစ်၍ တစ်နေ့နှစ်ကြိမ်ပြုလုပ်ပေးလျှင် တစ်ရက်၊ နှစ်ရက်အတွင်း သက်သာပျောက်ကင်းပါသည်။

**ခြေသပွတ်နာ**

ခြေဖနောင့်တွင် အသားကြေ၍ ခြေထောက်ထောက်မရအောင် နာနေပါက အိမ်သုံးဓားကြီးကြီးကို မီးရဲရဲဖုတ်၍ ၎င်းအပေါ်တွင် ဆားများကိုပုံပါ။ ပူနွေးနွေးဖြစ်လာသောအခါ အသားကြေနေ သောနေရာကို ဖိ၍နင်းပါ။ တစ်ခါနင်းလျှင် ၁၅ မိနစ်မှ နာရီဝက်ကြာအောင် နင်းပေးလျှင် နှစ်ရက်အတွင်း သက်သာပျောက်ကင်းစေနိုင်ပါသည်။

**သွားခိုင်ဆေး**

ဆားနှင့်ကျွန်းသား မီးသွေးတို့ကို ရောစပ်၍ အမှုန့်ရအောင်ထောင်းပြီးလျှင် ပုလင်းသန့်သန့်ထဲတွင်ထည့်ပြီး နံနက်တိုင်း သွားတိုက်ပေးပါက သွားများခိုင်ကာ ပါးစပ်များလည်း သန့်ရှင်းစေပါသည်။

**ပါးစပ်နံနေပါက**

ဆားနှင့် ဆန်လွတ်နနွင်း ဆတူရောစပ်ပြီး နေ့တိုင်း သွားတိုက်ပေးပါက ပါးစပ်နံသောရောဂါ သက်သာပျောက်ကင်းစေပါသည်။

**ရေနွေးကြမ်း ခါးခါးသောက်သူများ**

ရေနွေးထဲတွင် ဆားအနည်းငယ် ထည့်၍သောက်ပါက လေအောင့်သောရောဂါနှင့် မျက်စိကြောင်၍ အိပ်မရသော ရောဂါများသက်သာပျောက်ကင်းစေပါသည်။ ဆေးဖက်မျိုးစုံ အသုံးဝင်သည့်ဆားကို ဉာဏ်ရှိသလို သုံးခြင်းအားဖြင့် လူသားတိုင်းအားလုံးကျန်းမာနိုင်ပါစေ။

**ကျော်ဇောဟိန်း(နံ့သာ)**

**ကိုးကား**

ခတ်တိုင်းငန် (ဒေါ်ခင်ကြည်ကြည်)



www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းကိုက်နာ

ဝင်းဇော်(သုံးဆယ်)

ယနေ့မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ လူအတော်များများ ဖြစ်ပွားခံစားနေရသော ခေါင်းကိုက်နာ အကြောင်းကို ရေးသားတင်ပြချင်ပါသည်။

ကျွန်တော် ငယ်စဉ်က နေပူထဲသို့ ဦးထုပ်မဆောင်းဘဲ သွားမိလျှင်ဖြစ်စေ၊ ဝမ်းထဲ၌ အစာမကြေဖြစ်လျှင်ဖြစ်စေ "ခေါင်းကိုက်နာ"ကို အလူးအလဲ ခံစားရသည်။

ခေါင်းကိုက်ခြင်းသည် လူတို့အား များစွာဒုက္ခပေး၍ အလုပ်ပျက်အကိုင်ပျက် ဖြစ်စေသည်အထိ ဒုက္ခပေးတတ်ပါသည်။ ခေါင်းကိုက်၍ နားထင်တွင် ပလာစတာကပ်ထားသူများ ခေါင်းကိုက်ပျောက်ဆေးသောက်နေရသူများကို နေရာတိုင်းတွင် တွေ့မြင်နိုင်ပါသည်။ အချို့သောသူတို့မှာ ခေါင်းကိုက်တိုင်း ခေါင်းကိုက်ပျောက်ဆေး သောက်နေရသော်လည်း လုံးဝပျောက်ကင်းချမ်းသာမှု မရနိုင်သည်ကို တွေ့နေရပါသည်။

အချို့ခေါင်းကိုက်သူများမှာ ဆေးသောက်စခဏတွင် ပျောက်ကင်းသွားသော်လည်း နောက် ပြန်ကိုက်သောဝေဒနာကို ခံစားရသဖြင့် ခေါင်းကိုက်ခြင်းနှင့် ဆေးသောက်ခြင်းမှာ ဂျာအေး သူ့အမေရိုက်သလို ဖြစ်နေသည်ဟုဆိုပါသည်။ ခေါင်းကိုက်ပျောက်ဆေးများသည် ခေါင်းကိုက်နေခြင်းများကို ခဏသာ သက်သာစေပါသည်။ ခေါင်းကိုက်ရခြင်း၏ မူလအကြောင်းအရင်းကို အမြစ်ပြတ်အောင် ဆောင်ရွက်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ထို့ကြောင့် မကြာခဏ ခေါင်းကိုက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ခေါင်းကိုက်ဝေဒနာကို ဖြစ်ရခြင်းအကြောင်းရင်းကို ရှာဖွေစီစစ်၍ ယင်းအခြေခံအကြောင်းရင်းကို ပယ်သတ်ကုသပစ်သင့်ပါသည်။ နေ့တိုင်း ခေါင်းကိုက်နေသူများကို တွေ့ရှုပါသည်။ သည်သို့သော ခေါင်းကိုက်၍ အလုပ်အကိုင်ပျက်စီး စိတ်ဝေဒနာကို ခံစားနေရလျှင် လူဖြစ်ရကျိုးနပ်ပါတော့မည်လား။

## ခေါင်းကိုက်နာအမျိုးမျိုး

ခေါင်းကိုက်နာကို တိုင်းရင်းမြန်မာ ဆေးပညာအရ ကြည့်ပါက ၁၁ မျိုးကွဲပြားနေသည်ကို တွေ့ရပါသည်။ ၎င်းတို့မှာ -

၁။ လေကြောင့်ဖြစ်သော ခေါင်းကိုက်နာ
၂။ သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာ
၃။ သလိပ်ကြောင့်ဖြစ်သော ခေါင်းကိုက်နာ
၄။ သန္နိပတ် (တြိဒေါသ)ကြောင့်ဖြစ်သော ခေါင်းကိုက်နာ
၅။ ရတ္တဇ ခေါင်းကိုက်နာ
၆။ ခယဇ ခေါင်းကိုက်နာ
၇။ ကမိဇ ခေါင်းကိုက်နာ
၈။ သူရိယဝတ္တ ခေါင်းကိုက်နာ
၉။ အနန္တဝါတ ခေါင်းကိုက်နာ
၁၀။ သံခက ခေါင်းကိုက်နာ
၁၁။ အဒ္ဓဘေဒ ခေါင်းကိုက်နာတို့ ဖြစ်ပါသည်။

## ခေါင်းကိုက်နာအမျိုးမျိုး၏ လက္ခဏာများ

### ၁။ လေကြောင့်ဖြစ်သော ခေါင်းကိုက်နာ

ဦးခေါင်း၌ အကြောင်းမဲ့ အလွန်နာကျင်၍ နေ့ဘက်၌ အနည်းငယ်ကိုက်ပြီး ညအခါတွင် အလွန်ကိုက်ခဲတတ်သည်။ ဦးခေါင်းကိုစည်းနှောင်ထားလျှင်လည်းကောင်း၊ ပရုတ်ဆီ၊ ရေနွေးတို့ဖြင့် ခေါင်းကိုအပူဓာတ်ပေးထားလျှင်သော်လည်းကောင်း ခေါင်းကိုက်နာကျင်ခြင်းမှ သက်သာစေပါသည်။ ထိုသို့သော လက္ခဏာရှိသော ခေါင်းကိုက်မှုကို လေကြောင့်ဖြစ်သော ခေါင်းကိုက်နာဟု သိစေအပ်ပါသည်။

### ၂။ သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာ

ဦးခေါင်း၌ အလွန်နာကျင်နေတတ်သည်။ မီးကဲ့သို့ ပူလောင်သည်။ မျက်နှာများလည်းပူ၍ နာကျင်ကိုက်ခဲနေတတ်သည်။ နှာခေါင်းလည်း ပူလောင်နေတတ်သည်။ အေးသော ညများ၌ ခေါင်းကိုက်နာကျင်ခြင်းသည် အနည်းငယ်သက်သာစေပါသည်။ ထိုသို့သော စရိုက်လက္ခဏာရှိသော ခေါင်းကိုက်မှုကို သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာဟု သိထားရမည်။

### ၃။ သလိပ်ကြောင့်ဖြစ်သော ခေါင်းကိုက်နာ

ဦးခေါင်းအတွင်း၌ သလိပ်များပြည့်နေသောကြောင့် ရေကဲ့သို့ ခေါင်းအေးနေတတ်သည်။ မျက်စေ့၊ နှာခေါင်း၊ မျက်နှာတို့ ရောင်အမ်းနေတတ်သည်။ ထိုသို့သော စရိုက်လက္ခဏာများရှိသော ခေါင်းကိုက်မှုကို သလိပ်ကြောင့်ဖြစ်သော ခေါင်းကိုက်နာဟု သိထားရမည်။

### ၄။ သန္နိပတ်ကြောင့်ဖြစ်သော ခေါင်းကိုက်နာ

ခေါင်းကိုက်နေသူသည် အထက်နံပါတ် သုံးပါးသော ဒေါသတို့၏ လက္ခဏာများကို ဖြစ်ပွားခံစားရတတ်သည်။ ထိုသို့သော ခေါင်းကိုက်နေမှုကို သန္နိပတ် (တြိဒေါသ)ကြောင့် ဖြစ်သော ခေါင်းကိုက်နာဟု သိထားရမည်။

### ၅။ ရတ္တဇခေါင်းကိုက်နာ

သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာ၏ အလုံးစုံသော လက္ခဏာတို့သည် ဖြစ်ပွားခံစားရ၍ လက်ဖြင့်ထိလျှင်သည်းမခံနိုင်လောက်အောင် နာကျင်နေတတ်သည်။ ထိုအနာကို ရတ္တဇခေါင်းကိုက်နာဟု သိထားရမည်။

### ၆။ ခယဇ ခေါင်းကိုက်နာ

ဦးခေါင်း၌ သွေး၊ ဆီကြည်၊ သလိပ်၊ လေတို့သည် ယုတ်လျော့ကုန်ကြသဖြင့် နာစေးလာပြီး နပ်ထွက်သည်။ ဦးခေါင်းသည် ပူနေသည်။ အလွန်နာကျင်နေတတ်သည်။ ထိုသို့ ခေါင်းကိုက်မှုကို ခယဇခေါင်းကိုက်နာဟု သိထားရမည်။

www.burmeseclassic.com

၇။ ကိမိဇခေါင်းကိုက်နာ

ဦးခေါင်းကို အပ်နှင့်ထိုးဆွနေသကဲ့သို့လည်းကောင်း၊ ပိုးကိုက်နေသကဲ့သို့လည်းကောင်း နာကျင်ကိုက်ခဲနေတတ်သည်။ ထို့ပြင် ပူသည်ဖြစ်၍ ကိုယ်ခန္ဓာသည် တင်းကျပ်ပြီး နှာခေါင်းမှသွေးနှင့်အရည် ပြည်တို့ထွက် ကျနေသည်။ ထိုခေါင်းကိုက်မှုကို ပိုးကြောင့်ဖြစ်သော ကိမိဇခေါင်းကိုက်နာဟု သိထားရမည်။

၈။ သူရိယဝတ္တ ခေါင်းကိုက်နာ

နေတက်လာသောအခါ၌သာ ဦးခေါင်းတွင် တဖြည်းဖြည်း နာကျင်ကိုက်ခဲခြင်း ဖြစ်ပွားတတ်သည်။ နေ၏အပူရှိန်တက်လာခြင်းနှင့်အတူ မျက်စိ၊ မျက်မှောင်ရိုး၊ ဦးခေါင်းသည် နာကျင်လာသည်။

မွန်းတည့်ချိန်ရောက်သောအခါ ခေါင်းကိုက်ခြင်းဝေဒနာသည် တိုး၍တိုး၍ ကိုက်ခဲလာသည်။ မွန်းတည့်ချိန်မှလွန်၍ အပူရှိန်လျော့ပါးလာသည်နှင့်အမျှ ခေါင်းကိုက်ခြင်းဝေဒနာလည်း သက်သာလျော့ပါးလာသည်။ နေရောင်လုံးဝ ကွယ်ပျောက်သွားသည့်အခါတွင် ခေါင်းလည်း မကိုက်တော့ပေ။ ထိုကဲ့သို့ ခေါင်းကိုက်မှုကို သူရိယဝတ္တခေါင်းကိုက်နာဟု သိထားရမည်။

၉။ အနန္တဝါတ ခေါင်းကိုက်နာ

လေ၊ သည်းခြေ၊ သလိပ်တို့သည် ပျက်စီးကုန်သည်ဖြစ်၍ လည်ပင်း၊ မျက်စိ၊ မျက်မှောင်၊ နားထင်တို့၌ အလွန်နာကျင်ကိုက်ခဲခြင်းကို ဖြစ်စေသည်။ မေးရိုးတောင့်တင်းနေတတ်သည်။ လည်ပင်းကို ညှစ်ထားခြင်းခံရသကဲ့သို့ ခံစားရတတ်သည်။ မျက်စိနာကိုဖြစ်စေပြီး ဦးခေါင်း၌ အလွန်နာကျင်ကိုက်ခဲနေတတ်သည်။ သို့သော စရိုက်လက္ခဏာရှိသော ခေါင်းကိုက်မှုကို အနန္တဝါတ ခေါင်းကိုက်နာဟု သိထားရမည်။

၁၀။ သံခယ ခေါင်းကိုက်နာ

လေ၊ သည်းခြေ၊ သလိပ်တို့သည် ပျက်ကုန်သည်ဖြစ်၍ နားထင်၊ နားရင်းတို့၌ ပြင်းထန်စွာ နာကျင်ကိုက်ခဲနေတတ်သည်။ ကိုယ်ပူနေတတ်သည်။ အရောင်အဆင်းနှင့်ယှဉ်၍ ရောင်ရမ်းခြင်းတို့ကို ဖြစ်စေသည်။ ဦးခေါင်းနှင့်လည်သည် အစ်နေတတ်သည်။ ထိုသို့ စရိုက်လက္ခဏာရှိသော ခေါင်းကိုက်မှုကို သံခခေါင်းကိုက်နာဟု သိထားရမည်။

၁၁။ အဒ္ဓဝဘေဒခေါင်းကိုက်နာ

အဆီအနှစ်ကင်းမဲ့သော အစားအစာကို အလွန်မှီဝဲစားသောက်ခြင်း၊ အစာစားပြီးနောက် ထပ်၍ထပ်၍ စားသောက်ခြင်း၊ မေထုန်လွန်ကြူးခြင်း၊ ကျင်ကြီးကျင်ငယ်ချုပ်ခြင်း၊ ပင်ပန်းခြင်း၊ လုံ့လဝီရိယလွန်ခြင်း၊ အရှေ့အရပ်မှလာသော လေစိမ်းအမိခံရခြင်း၊ လေသက်သက်သည်လည်းကောင်း၊ သလိပ်နှင့်တကွသော လေသည်လည်းကောင်း ပျက်သည်ဖြစ်၍ မညီမညာခြင်းသို့ ရောက်ပါးသည်။

လည်ပင်း၊ မျက်မှောင်၊ နားထင်၊ နှာခေါင်းတို့၌ ဓားလက်နက်တို့ဖြင့် အဖြတ်ခံရဘိသကဲ့သို့လည်းကောင်း၊ မီးနှင့်အပွက်ခံရဘိသကဲ့သို့လည်းကောင်း ပြင်းထန်စွာပူလောင်သော ဝေဒနာကို နာကျင်စွာခံစားရလေသည်။ ထိုကဲ့သို့သော စရိုက်လက္ခဏာရှိသော ခေါင်းကိုက်နာကို အဒ္ဓဝဘေဒခေါင်းကိုက်နာဟု သိထားရမည်။ ၎င်းရောဂါသည် အလွန်အကြူးခံစားရပါက နားကိုသော်လည်းကောင်း၊ မျက်စိကိုသော်လည်းကောင်း ပျက်စီးစေတတ်ပါသည်။ အထူးသတိထားရပါမည်။

## ကုသရန်ဆေးများကို လမ်းညွှန်ခြင်း

လေကြောင့်ဖြစ်သော ခေါင်းကိုက်နာအတွက် လေကိုပယ်နိုင်သော ဆီကိုဖြစ်စေ (တစ်နည်း) အလုံးစုံသော ဆီကိုဖြစ်စေ ခေါင်းမှ ဦးရေပြားကို လိမ်း၍ပေးရသည်။ လေကိုပယ်သော ဆေးတို့ကို စားသုံးခြင်းဖြင့် လေကြောင့်ဖြစ်သော ခေါင်းကိုက်နာကို ပျောက်ကင်းစေပါသည်။

သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာကို နံ့သာဖြူနှင့် ကြာသီးဆံကို ရေအေးနှင့်ကြိတ်၍ ဦးခေါင်းပေါ်တွင် လိမ်းအုံထားလျှင် သည်းခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာကို ပျောက်ကင်းစေပါသည်။

သလိပ်ကြောင့်ဖြစ်သော ခေါင်းကိုက်နာဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com

သလိပ်ကိုနိုင်သော ဆေးပူများကို လိမ်းခြင်းစားခြင်းဖြင့် ပျောက်ကင်းသွားစေပါသည်။

သန္နိပတ်ကြောင့် ခေါင်းကိုက်နာဖြစ်လျှင် သန္နိပတ်ကိုနိုင်သော ဆေးတို့ကို လိမ်းခြင်းစားခြင်းဖြင့် ပျောက်ကင်းသွားစေပါသည်။

ရတ္တဇကြောင့် ခေါင်းကိုက်နာဖြစ်လျှင် သွေးခြေကြောင့်ဖြစ်သော ခေါင်းကိုက်နာအတွက် ကုသသောဆေးများအတိုင်း နေ့စဉ်ပုံမှန် စားသုံးပေးရပါမည်။

ကမ္မဇခေါင်းကိုက်နာဖြစ်လျှင် တြိကဋုတ်သုံးပါး၊ ငုမြစ်၊ ခန့်သလွန်စေ့တို့ကို ဆိတ်နို့နှင့် ညက်နေအောင်ကြိတ်၍ နှာချပေးလျှင် ဦးခေါင်းထဲမှပိုးကို နိုင်စေပါသည်။ ခေါင်းကိုက်ခဲခြင်းမှ ပျောက်ကင်းသွားစေပါသည်။

သဘော်ချဉ်း ကြံသကာကို ရေနှင့်ကြိတ်ပြီး နှာရှုပေးလျှင် အလုံးစုံသော ဦးခေါင်းကိုက်နာကို ပျောက်ကင်းသွားစေပါသည်။

သူရိယဝတ္တခေါင်းကိုက်နာဖြစ်လျှင် ကြံသကာနှင့် ထောပတ်ကိုရော၍ လုပ်သောမုန့်ကို စားခိုင်းရပါမည်။ နွားနို့ထမင်းကို စားခိုင်းရပါမည်။ နှမ်းနှင့် ကြပ်ထုပ်ထိုးပေးလျှင် သူရိယဝတ္တခေါင်းကိုက်နာကို ပျောက်ကင်းသွားစေပါသည်။

ဝမ်းနုတ်ခြင်း၊ (တစ်နည်း) ကိုယ်ကိုပူနွေးစေသော အဆီ အစရှိသော စားဖွယ်တို့ကို စားစေခြင်း၊ အခြားတစ်နည်းကား သကြားဖြူခဲနှင့် နွားနို့ကိုရော၍ အုန်းသီးနုနုအရည်ကို ထည့်သောက်လျှင် သူရိယဝတ္တခေါင်းကိုက်နာကို ပျောက်ကင်းသွားစေပါသည်။

ဝမ်းနုတ်ခြင်း (တစ်နည်း) ကိုယ်ကိုပူနွေးစေသော အဆီအစရှိသော စားဖွယ်တို့ကိုစားစေခြင်း၊ အခြားတစ်နည်းကား သကြားဖြူခဲနှင့် နွားနို့ကိုရော၍ အုန်းသီးနုနုအရည်ကို ထည့်သောက်လျှင် သူရိယဝတ္တခေါင်းကိုက်နာကို ပျောက်ကင်းသွားစေပါသည်။

အနန္တဝါတ ခေါင်းကိုက်နာဖြစ်လျှင် သူရိယဝတ္တခေါင်းကိုက်နာကို ကုစားသောဆေးအတိုင်း စားသုံးလျှင် အနန္တဝါတ ခေါင်းကိုက်နာကို ပျောက်ကင်းစေပါသည်။

သံခကခေါင်းကိုက်နာဖြစ်လျှင် နနွင်းနွယ်၊ ပဲစိပ်နီ၊ ဥပသာကာ၊ ပန်းရင်းမြက်၊ နနွင်း၊ ကြာသီးဆံ ဤဆေးအားလုံးကို ညက်နေအောင်ကြိတ်၍ နားအုံတွင် လိမ်းအုံထားလျှင် သံခကခေါင်းကိုက်နာကို ပျောက်ကင်းသွားစေပါသည်။

ရေအေးနှင့်တကွ ဆေးအေးကို သောက်သုံးလျှင် ငှင်းရောဂါကို ပျောက်ကင်းစေပါသည်။

အဒ္ဓဝဘေဒ ခေါင်းကိုက်နာဖြစ်လျှင် သကြားဖြူခဲမှုန့်နှင့် ဂုံကမ္ဘာန်ကို ထောပတ်နှင့်ကြိတ်၍ နှာရှုပေးလျှင် ဦးခေါင်းတစ်ခြမ်းကိုက်သော ဘဒ္ဓဝဘေဒခေါင်းကိုက်နာ၊ နားကိုက်နာ၊ မျက်စိနာ၊ မျက်ရိုးကိုက်နာ၊ နားထင်ကိုက်နာတို့ ပျောက်ကင်းစေပါသည်။

နံ့သာဖြူ၊ ဆား၊ သဘော်ချဉ်းတို့ကို ရေနှင့်ကြိတ်၍ လိမ်းလျှင် ဦးခေါင်းတစ်ခြမ်းကိုက်သောရောဂါမှ ပျောက်ကင်းစေပါသည်။

## အားလုံးသောခေါင်းကိုက်နာတို့ကို ကုစားရန် ဆေးနည်းများ

၁။ ဆီးဖြူသီး၊ ယောက်သွားခုံပြား၊ ဇဝက်သာတို့ကို လက်ဝါးပြင်ပေါ်တွင် ချေပွက်နယ်ပြီး နှာရှုပေးလျှင် အားလုံးသော ခေါင်းကိုက်နာတို့ကို ပျောက်ကင်းသွားစေပါသည်။

၂။ တြိကဋုတ်၊ ကန့်ပလူဥ၊ နနွင်း၊ သဇင်ပန်းဥ၊ ထင်းရှူးနှင့် ဒဟာသရိတို့ကို အမှုန့်ကြိတ်၍ နေ့ည သောက်သုံးလျှင် အားလုံးသော ခေါင်းကိုက်နာတို့ကို ပျောက်ကင်းသွားစေပါသည်။

၃။ သကြားဖြူခဲနှင့် သလဲဖူးတို့ကိုကြိတ်၍ရှူလျှင် အားလုံးသော ခေါင်းကိုက်နာတို့ကို ပျောက်ကင်းသွားစေပါသည်။

ခေါင်းကိုက်နာရောဂါများအတွက် သိသင့်သိထိုက်သောဆေးများကို ရေးသားတင်ပြပြီးဖြစ်ရာ ရောဂါဖြစ်နေသူများအတွက်လည်းကောင်း၊ လေ့လာလိုက်စားနေသူများအတွက်လည်းကောင်း အထိုက်အလျောက်အကျိုးရှိမည်မှာ အမှန်ပင်ဖြစ်ပါတော့သတည်း။

**ဝင်းဇော်(သုံးဆယ်)**

၀၉၂၆၁၄၁၉၇၂

www.burmeseclassic.com

www.burmeseclassic.com




ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

## ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းထု

မှ

## လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ Y ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး၊

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင် ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

## ဆရာမနှင့်တွေ့ချိန်

✲ မြစန္ဒာဆေးတိုက် ✲ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁-၃၈၇၀၉၇

(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

✲ နေအိမ်ဆေးခန်း ✲ အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်ဖိုးလုကြီးလမ်း၊ တောင်ဥက္ကလာပမြို့။

(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-၇၉[illegible]၉၃၁၉၈,


www.burmeseclassic.com

www.burmeseclassic.com

# သူခိုးဓားပြ ကာကွယ်သည့် ယတြာ

## ဝင်းဇော် (သုံးဆယ်)

ကျွန်တော်သည် ဂမ္ဘီရမဂ္ဂဇင်းနှင့် ဂမ္ဘီရဂျာနယ်များ၌ ဂမ္ဘီရဝတ္ထုတိုများ၊ ဂမ္ဘီရဆောင်းပါးများကို ရေးသားနေသူဖြစ်ရာ ခင်မင်သူများ ဂမ္ဘီရဆရာကြီးဟုခေါ်ကြသည်။

"ဂမ္ဘီရဆိုတာ **ဘာကိုခေါ်တာလဲ** ဆရာ"

ဟု မသိသူများက **မေးကြသည်။**

"သာမန်အဖြစ်**အပျက်တွေထက်** ထူးခြားဆန်းပြားတာကို ဂမ္ဘီရလို့ **ခေါ်တာပဲ"**

"ဒါဆို ဂမ္ဘီရက **ဘယ်နှမျိုးရှိ**သလဲဆရာ"

"ဂမ္ဘီရလေး**မျိုးရှိတယ်ဗျ"**

"ဘာတွေလဲ **ဆရာ။** ပြောပြပါဦး"

"အတ္တဂမ္ဘီရအကျိုးရဲ့ နက်နဲခြင်း၊ ဓမ္မဂမ္ဘီရအကြောင်းရဲ့ နက်နဲခြင်း၊ ဒေသနာဂမ္ဘီရ တရား**တော်ရဲ့** နက်နဲခြင်း၊ ပဋိဝေဓဂမ္ဘီရ ပညာရဲ့ နက်နဲခြင်းဆိုပြီး **လေးမျိုး**ရှိတယ်"

"ဆရာက ဂမ္ဘီရဂျာနယ်တွေမှာ ယတြာဆောင်းပါးတွေလည်းရေးတယ်နော်။ အခုတလော ဂျာနယ်တွေထဲမှာ လူသတ်၊ ဓားပြတိုက်၊ လုယက်နေတဲ့သတင်းတွေကို မကြာခဏ ဖတ်နေရတယ်။ သူခိုးဓားပြတွေရဲ့ အန္တရာယ်က ကင်းဝေးအောင်ဆောင်ရွက်တဲ့ ယတြာလေးရှိရင် ပေးပါလား ဆရာ"

"သူခိုးဓားပြအန္တရာယ်ကို ကာကွယ်တဲ့ ယတြာကိုတော့ ကက်ကင်းခါတ်နဲ့ စီရင်ရပါတယ်။ ကက်ကင်း**ခါတ်**နဲ့ စီရင်နည်းကတော့ ဂမ္ဘီရလေးမျိုးထဲက ပဋိဝေဓဆိုတဲ့ ပညာရဲ့ နက်နဲခြင်းနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်"

"သူခိုးဓားပြအန္တရာယ်ကို ကာကွယ်တဲ့ **ယတြာ**လေးကို ပြောပြပါဦးဆရာ"

"ယတြာ ဆောင်ရွက်နည်းကတော့ ပိတောက်သားနဲ့ ပြုလုပ်ထားတဲ့ **လှည်းပုံတောင်း**သားကို ပိတုန်းရုပ်တုလုပ်**ရပါမယ်။ အဲဒီပိတုန်းရုပ်တုကို** မိမိရဲ့ပြတင်းပေါက်မှာ **ချိတ်ဆွဲထားရင် ဘယ်သူခိုး၊ ဓားပြမှ** အိမ်ထဲကို ဝင်လို့ **မရဘူး။**

**တကယ်တော့** ဓားပြဆိုတာ **စနေနဲ့** ကြာသပတေး **ဆိုတဲ့ ရန်ဘက်**ခါတ်ပဲ တစ်ချင်းကို **ဖယား**ကွက်နဲ့ ရှင်းပြ**မယ်"**

"အိမ်ထဲကို သူခိုးမဝင်နိုင်တဲ့ ယတြာရှိသေးလား ဆရာ"

"ရှိတာပေါ့ဗျာ။ သူခိုးမလာစေဖို့ကက်ကင်း ခါတ်ဖမ်းထားတဲ့ ယတြာနည်းကတော့ ကြက်သွန်လေးလုံးကို မိမိရဲ့ အိမ်အတွင်းထောင့်လေးထောင့်မှာ ချိတ်ဆွဲထားတဲ့နည်းပဲ။ အရှေ့တောင်ထောင့်၊ အရှေ့တောင်ထောင့်၊ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်အစပ်တွေမှာ ချိတ်ဆွဲခိုင်းထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၁ | ပိတောက် | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |
| ၂ | ပုံတောင်း | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |
| ၃ | ပိတုန်း | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |
| ၄ | ပြဒါး | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |
| ၅ | ပဒိုင်း | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |
| ၆ | ပြတင်း | ၅+၇ | ကြာသပတေး + စနေ | ရန်ဘက်ခာတ် |

သူခိုး ၆ + ၂
သောကြာ + တနင်္လာ
ကြက်သွန် ၂ + ၆
တနင်္လာ + သောကြာ

ကက်ကင်းခာတ်မိနေတယ်။ အဲသလို အိမ်မှာ ဒီလို ယတြာကို ဆောင်ရွက်ထားရင် မိမိအိမ်ကို သောကြာနံနဲ့ကို တွဲမှည့်ထားသူ ဘယ်တော့မှ မလာနိုင်သလို မိမိအိမ်သားထဲက သောကြာနံနဲ့ တနလာနံ တွဲမှည့်ထားတဲ့သူဟာ အိမ်မှာ မနေနိုင်ဘဲ တခြားကို ထွက်သွားတတ်တယ်''

''ဟာ ...ဒါဆိုရင် သောကြာနံနဲ့ တနင်္လာနံ တွဲမှည့်ထားတဲ့ အိမ်သားရှိရင် အဲဒီယတြာကို ဆောင်ရွက်ဖို့ မဖြစ်ဘူးပေါ့''

''ဂမ္ဘီရ ယတြာတွေကို ဆောင်ရွက်တဲ့အခါ ကောင်းကျိုးပေးသလို ဆိုးကျိုးပေးတတ်တာမျိုးရှိတယ် ဆိုတာကိုလည်း သတိထားရမယ်။ သောကြာနံနဲ့ တနင်္လာနံကို တွဲမှည့်ထားတဲ့ အိမ်သားရှိရင်တော့ သူခိုးမလာတဲ့ ယတြာကို မဆောင်ရွက်သင့်ဘူးလို့ အကြံပြုချင်တယ်။ သူခိုးခိုးမခံရအောင်ဘဲ သတိထားကြပါလို့ မှာချင်တယ်။ ရန်ဘက်ခာတ်ချင်း ဆောင်ရွက်ထားတဲ့ ယတြာမှာလည်း ကြာသပတေးစနေနံ တွဲမှည့်ထားတဲ့ အိမ်သားရှိရင် အဲဒီအိမ်မှာ မနေချင်အောင် ဖြစ်တတ်တာမို့ အဲဒီယတြာဆောင်ရွက်မှာလည်း သတိထားသင့်တယ်လို့ မှာချင်တယ်''

''အခုလို ရှင်းပြပေးတာ ကျေးဇူးတင်ပါတယ် ဆရာ''

**ဝင်းဇော်(သုံးဆယ်)**

၀၉–၂၆၁၄၃[illegible]



www.burmeseclassic.com

www.burmeseclassic.com

# နားလည်အဆင်ပြေစေမည်

ဂမ္ဘီရဆရာပွင့်



လင်နှင့်မယားဟူ၍ ဆိုလင့်ကစား တစ်ခါတစ်ရံမှာတော့ အခြေအနေအကြောင်းတစ်ရပ်ရပ်အပေါ် မူတည်၍ စကားအပြောအဆို အဆင်မပြေတာတွေ ရှိတတ်ကြသည်။ အဆင်မပြေ၊ အထင်တွေလွဲလျက် ခွန်းကြီးခွန်းငယ် စကားတွေ များကြသည်။ နင်ပဲငဆ အော်ကြီးဟစ်ကျယ်တွေ ဖြစ်ကုန်သည်။ ရိုက်မောင်းပုတ်မောင်းတွေ ဖြစ်လာသည်။ ဩဇာညောင်းသော လူကြီးသူမတို့မှ ဖျန်ဖြေပေးသဖြင့် ကွဲမည်၊ ကွာမည်ဖြစ်မလာသည့်တိုင် သူ့မျက်နှာကိုယ်မကြည့်ချင်တာမျိုး၊ ကိုယ့်မျက်နှာ သူမကြည့်ချင်တာမျိုးတွေ ရှိတက်ပြန်သည်။ ချစ်ခင်ကြင်နာတုန်းက တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်ကြသော်လည်း မေတ္တာတွေ ပျောက်ကွယ်ဆိတ်သုဉ်းသွားကြလေသောအခါဝယ် တစ်ဦးမျက်နှာတစ်ဦး မကြည့်ချင် မမြင်ချင်လောက်အောင် လွှဲဖယ်သွားကြကုန်သည်။ တစ်မိုးအောက်မှာ နှစ်ယောက်တည်းရှိလင့်ကစား မတည်အတူနေအဖြစ်မှာ အိမ်ထောင်ရှင်တွေအတွက် အကျိုးများစရာ ဘာမျှမရှိနိုင်ပါ။

ကိုစိန်ဝေသော်နှင့် မသန်းသန်းတို့ဆိုသည် တက္ကသိုလ်ကျောင်းတွင်နေစဉ် ကာလကတည်းက တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအပေါင်းအသင်းဖြစ်သွားကြရင်းမှ စိတ်အနေပြောင်း ချစ်သွားကြသူတွေဖြစ်ကာ၊ ဘွဲ့ရပြီးသကာလ ဘဝတစ်ခုကို ရဲရဲကြီးတည်ဆောက်လိုက်ကြသည်။ ညားသူတိုင်းချစ်၍ ချစ်သူတိုင်း ညားကြခြင်းအပေါ် အပေါင်းအသင်းမိတ်ဆွေ မိမိတို့အနေဖြင့် ဝမ်းမြောက်ကျေနပ်ကြပါသည်။

သည်လိုနှင့် မောင်တစ်ထမ်း မယ်တစ်ရွက်ဘဝကို တည်ဆောက်ကြရင်းမှ သားသမီးတွေ ပွားစီးလာကြသည်။ ၎င်းတို့၏ အိမ်ကလေးသည် မိမိတို့မိတ်ဆွေအပေါင်းအသင်းတွေအတွက် အားကျကြည်နူးဖွယ်ကောင်းလှသော သီရိဂေဟာလည်းဖြစ်လေသည်။ မကြာခဏလည်း သူတို့၏ အိမ်ဂေဟာကလေးသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ သူတို့၏ သားသမီးတို့ကို ချီပိုးထိန်းကျောင်းပေးခဲ့ကြသည်။ မိမိတို့မိတ်ဆွေအပေါင်းအသင်းများ ရောက်ရှိလာကြပြီဆိုလျှင် သူတို့လင်မယားမှာ ပျော်တပြုံးပြုံး၊ ကျွေးချင်မွေးချင်စိတ်တွေကလည်း အပြည့်။ ထိုသို့ သာယာသော ဘဝအိမ်ထောင်စုကလေးမှာ မမျှော်လင့်သောကာလတစ်ခု၌ အစိတ်စိတ် အမြွှာမြွှာပြိုကွဲတော့မည့် အနေအထားသို့ မယုံနိုင်စရာကောင်းလောက်အောင် ရောက်ရှိခဲ့လေသည်။

ကိုစိန်ဝေသော်၏ အလုပ်က အများတကာနှင့် ဆက်ဆံရသည့် ကုမ္ပဏီအလုပ်ဖြစ်သည်။ လုပ်ရည်ကိုင်ရည်ကောင်းမွန်မှု၊ စည်းကမ်းတကျနေထိုင်လှုပ်ဆောင်တတ်မှုတို့ကြောင့် ကုမ္ပဏီပိုင်ရှင်သူဌေးက ကိုစိန်ဝေသော်ကို များစွာသဘောကျကာ လက်ထောက်မန်နေဂျာ ရာထူးအဆင့်အတန်းကို ပေးထားခဲ့လေသည်။ ပြည်တွင်းပြည်ပမှာ ဧည့်သည်တို့နှင့် ပြောဆိုဆက်ဆံရာ၊ ဧည့်ခံပွဲ၊ စားသောက်ပွဲတက်ရာတို့တွင် ကိုစိန်ဝေသော် ပါလာရတော့သည်။ စကားပြောဆိုကောင်းအောင် ယမကာကို အတန်ငယ်မှီဝဲတတ်လာသည်။ သည်မှာတင် ဇာတ်လမ်းက တဖြည်းဖြည်းစလာခဲ့သည်။ ပြည်တွင်းပြည်ပ ဧည့်သည်များဆိုရာ၌ ဧည့်သည့်အမျိုးသားချည်း မဟုတ်၊ အမျိုးသမီးတွေလည်းပါသည်။ အရွယ်ကမျိုးစုံ၊ အလုပ်သဘောအရ လက်ဆွဲ

www.burmeseclassic.com

တတီး ပြောဆိုဆက်ဆံရာဝယ် ကိုစိန်သော်စိတ်ထဲ ဘာမျှ ဖောက်လွဲဖောက်ပြန်မရှိခဲ့။ သို့ရာတွင် အတို့အထောင်တွေက နောက်သလို၊ ပြောင်သလိုမျိုးနဲ့ နှုတ်ပါများ တွန်းတိုက်ပါများလေသောအခါ မသန်းသန်းခမျာ ဆံတစ်ပင်မက တင်းရတော့သည်။ ခွန်းကြီးခွန်းငယ် စကားတွေများသည်။ ကိုစိန်သော်ကလည်း သွေးရိုးသားမှုကို ထိပါးလာလေတော့ တစ်စိကလေးမှ ငုံ့မခံ။ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်လာရသည်။ သားတွေသမီးတွေ မျက်နှာကိုငဲ့လျက် ကွာရှင်းပြတ်စဲကြသည့် အဆင့်သို့ မရောက်သည့်တိုင် မတည့်အတူနေဘဝဖြင့် သွေ့ခြောက်သော အိမ်ထောင်တစ်ခု ဖြစ်လာရလေတော့သည်။ ထိုအခါဝယ် အပေါင်းအသင်းရောင်းရင်းတွေခမျာ စိတ်မကောင်းနိုင်ကြတော့။ ပြန်လည်စေ့စပ်ရေးလမ်းစဉ်ကို ဖော်ထုတ်ပြန်တော့လည်း ကိုစိန်သော်က လုံးဝလက်မခံသလို မသန်းသန်းကလည်း ကက်ကက်လန်အောင် ငြင်းပါလေတော့သည်။ ကိုင်း ... မခက်ပါလား။

ထိုအခြေအနေမျိုးမှာပင် ရင်သွေးကလေးတို့၏ ဘဝအနာဂတ် လှပတင့်တယ်စေဖို့ ကူပံ့မည့် မိတ်ဆွေကောင်းတစ်ဦးရောက်လာသည်။ ထိုမိတ်ဆွေက စာအလွန်ဖတ်သည်။ ဂမ္ဘီရပညာရပ်ကို စိတ်ဝင်စားသည်။ အင်္ဂဝိဇ္ဇာဘာသာရပ်ကို လေ့လာသူလည်း ဖြစ်သည်။

"သည်ကိစ္စဟာ အလွယ်လေးပါဗျာ။ ကိုစိန်သော်နဲ့ မသန်းသန်းတို့ရဲ့ အဖြစ်ဟာ မပြောပလောက်ပါဘူး။ သူတို့ထက် အခြေအနေဆိုးတဲ့လင်မယားတွေနဲ့လည်း ကျွန်တော်ဆုံခဲ့ဖူးပါတယ်။ အဲသည်လို တစ်ဦးနဲ့တစ်ဦး အထင်လွဲ၊ ကတောက်ကဆဖြစ်၊ စကားများ၊ မျက်နှာချင်းမဆိုင်ချင်တဲ့ လင်မယားတွေ သံသယပျောက်ပြီး အမှန်ဘဝရောက်စေချင်ရင်တော့ သူတို့မွေးနံရဲ့ အညွှန့်သစ်သား၊ ဒါမှမဟုတ် ပန်းကို ပူးတွဲပြီး ဘုရားဆင်းတုတစ်ဆူဆူမှာ လှူဒါန်းပူဇော်ပေးမယ်ဆိုရင် ဘယ်လောက်ပဲ မတည့်မတည့် နားလည်မှုတွေ ကိုယ်စီရပြီး အဆင်ပြေသွားစေရမယ်"

"ဒါဖြင့် ခုဖြစ်နေတဲ့ ကိုစိန်သော်နဲ့ မသန်းသန်းတို့ရဲ့ကိစ္စကို ဘယ်လိုလုပ်မလဲဗျာ"

"လွယ်ပါတယ်။ ကိုစိန်သော်ဟာ အင်္ဂါသား၊ သူရဲ့အညွှန့်ဟာ ဗုဒ္ဓဟူးပေါ့။ အဲ ... မသန်းသန်းဆိုရင် သောကြာ။ သောကြာရဲ့အညွှန့်ဟာ စနေ။ အဲသည်တော့ လင်ရဲ့ အညွှန့် ဗုဒ္ဓဟူးနဲ့ မယားရဲ့အညွှန့်စနေတို့ ပေါင်းစုပြီး ဓာတ်ဆင်ရမှာပေါ့။ ဆိုတော့ ရဲယိုကိုင်းတစ်ကိုင်းနဲ့ နှင်းဆီပန်းတို့ကို တွဲလျက် ဘုရားဆင်းတုတစ်ဆူဆူကို လှူဒါန်းပေးလိုက်ပါ။ သံသယပျောက်ပြီး အမှန်ဘဝရောက်ဖို့၊ သာယာစိုပြည်တဲ့ သီရိဂေဟာဖြစ်ဖို့ ဆုတောင်းပေးပါ။ မကြာခင် ပြေလည်သွားပါလိမ့်မယ်"

သည်လိုမျိုးပြောလာတော့ မိမိတို့ အပေါင်းအသင်းမိတ်ဆွေတစ်စုတို့မှာလည်း သူငယ်ချင်းလင်မယား မိသားစုအပေါ် သံယောဇဉ်ရှိကြသူများပီပီ မိတ်ဆွေ၏ **စီစဉ်မှု**အတိုင်း လုပ်ဆောင်ခဲ့ကြပါသည်။ မိမိတို့ လုပ်ဆောင်မှုကို ကိုစိန်သော်ရော၊ မသန်းသန်းပါ မသိကြ။ အဲ ... မိမိတို့ သိလိုက်ကြချိန်၌ကား ၎င်းတို့မတည့်အတူနေ လင်မယားမှာ "ကိုစိန်ရေ"၊ "မသန်းရေ"နှင့် တစ်ရေတည်းရေနေခဲ့ကြပေပြီ။ မည်သို့ဖြစ်စေ ၎င်းတို့၏ သီရိဂေဟာကလေးကို ပြန်လည်တွေ့မြင်ခွင့်ရသည့်အတွက် များစွာမှ ကြည်နူးပီတိဖြစ်ရပါသည်။ ဤတွင် အင်္ဂဝိဇ္ဇာပညာရှင်မိတ်ဆွေထံမှ ရရှိလာခဲ့သော အိမ်သားအချင်းချင်း နားလည်အဆင်ပြေစေမည့် နည်းလမ်းကလေးကို စာရှုသူတို့အကျိုးအတွက် ဝေမျှပေးလိုပါသည်။

တနင်္ဂနွေ၏ အညွှန့်မှာ တနင်္လာဖြစ်ပါသည်။
တနင်္လာ၏ အညွှန့်မှာ အင်္ဂါဖြစ်ပါသည်။
အင်္ဂါ၏ အညွှန့်မှာ ဗုဒ္ဓဟူးဖြစ်ပါသည်။
ဗုဒ္ဓဟူး၏ အညွှန့်မှာ ကြာသပတေးဖြစ်ပါသည်။
ကြာသပတေး၏ အညွှန့်မှာ သောကြာဖြစ်ပါသည်။
သောကြာ၏ အညွှန့်မှာ စနေဖြစ်ပါသည်။
စနေ၏ အညွှန့်မှာ တနင်္ဂနွေဖြစ်ပါသည်။

ပမာအားဖြင့် တနင်္ဂနွေသားနှင့် ကြာသပတေးသားတို့ မတည့်ကြပါက ၎င်းတို့၏ အညွှန့်များဖြစ်ကြသော တနင်္လာနှင့် သောကြာတို့ မူတည်လျက် ကံ့ကော်သားနှင့် သပြေပန်းတို့ကို ဘုရားဆင်းတုရှေ့၌ ကပ်လှူပူဇော် ဆုတောင်းရပါလိမ့်မည်။ အချင်းချင်းမပြေမလည်ဖြစ်နေကြသူတို့ လုပ်ဆောင်ကြည့်ကြပါစို့။

**ဂမ္ဘီရဓာရာပွင့်**



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့် ပုတီးတစ်ကုံး၊ ကြေးပလားတစ်လုံး

**အံ့မှား(စလေ)**

၁၉၇၈ ခုနှစ်၊ လွန်ခဲ့သည့် ၂၆ နှစ်ခန့်က ဖြစ်ပါသည်။ ကျွန်ုပ်သည် သရက်မြို့ ခြေလျင်တပ်ရင်းတွင် တပ်ရေး၊ တပ်ထောက်တာဝန် ထမ်းဆောင်နေချိန် ကျွန်ုပ်ကိုယ်တိုင် ပါဝင်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်ဆန်းတစ်ခုကို ပြန်လည်တင်ပြပါမည်။ ကျွန်ုပ်ဆိုသူမှာ အောင်ပွင့်ဖြစ်ပါသည်။

တပ်ရင်း၏ အိမ်ထောင်သည်လိုင်းများ တည်ဆောက်ကာလဖြစ် တပ်ရင်းတွင် ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ဆွယ်မှ အရပ်သား လက်သမားများ ပါဝင်ကြရာတွင် ကိုလှအောင်နှင့် မကြွယ်တို့ ဇနီးမောင်နှံလည်း ပါဝင်ပြီး တန်းလျားအဟောင်းတစ်လုံးတွင် နေထိုင်ကြပါသည်။ ကျွန်ုပ်နှင့် သိကျွမ်းရင်းနှီးသူများဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လှအောင်သည် အထောက်တောသို့ သစ်ဝယ်ရေးကိစ္စဖြင့် တစ်လခန့်ကြာခဲ့ပြီး နေ့တစ်နေ့၏ ညနေစောင်းနွားရိုင်းသွင်းချိန်တွင် တောတွင်းသစ်ပင်အောက်၌ အမဲသားအစိမ်းကို မီးကင်၍အရက်နှင့်မြည်းလျက် ဝိုင်းဖွဲ့သောက်စားကြစဉ် ဘာကောင်ဝင်ပူး၍ ဘာဖြစ်မှန်းမသိဘဲ "ငါ့ကို ဘာကောင်မှတ်သလဲကွ၊ အမဲသားအစိမ်း အခုပေးစမ်း၊ ငါစားမယ်၊ အခုပေးစမ်း" ဟု အော်ဟစ်ကြိမ်းမောင်းဆဲဆိုလျက် ဘယ်လိုမှ မထိန်းနိုင်သဖြင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များက ထိန်းချုပ်ခေါ်ယူလာခြင်းကြောင့် တပ်ရင်း၍ ၎င်းတို့တပ်ဆွယ်သို့ ပြန်လည်ရောက်ရှိချိန် ဖြစ်ပါသည်။

လှအောင်သည် နဂိုက ပိန်ပိန်ပါးပါး၊ ဘာဝင်ပူးမှန်းမသိတဲ့ရောဂါဖြစ်၍ ထမင်းလည်းမစားသဖြင့် အရိုးပေါ်အရေတင်သည့် ခန္ဓာကိုယ်နှင့် အိပ်ရာထဲလဲနေပါတော့သည်။

တပ်ရင်းဆေးတပ်ဖွဲ့မှ ဆေးထိုး၊ ဆေးတိုက် ကုသမှုပြုသော်လည်း အကုမခံဘဲ ပြန်လည်အော်ဟစ် ရိုက်ပုတ်ခြင်းအပြင် မည်သူတစ်ဦးတစ်ယောက်မျှ သူ့အနား အကပ်မခံဘဲ ထိုးကြိတ်ကန်ကျောက်ခြင်း လှအောင်အနားသို့ သူ့ဇနီးမကြွယ်ပင် မကပ်ရဲချေ။ လုပ်ဖော်ကိုင်ဖက်များကိုလည်း မမှတ်မိ၊ မသိ။ သူ့ဇနီးကိုပင် ဇနီးမှန်းမသိ။ မည်သူ့ကိုမျှ စကားမပြော။ ဘုရားပန်းအိုးများကိုလည်း ရိုက်ခွဲဖျက်ဆီး၏။ သူ့ဇနီးကိုလည်း ရိုက်နှက်၏။

"အမဲသားကျွေးစမ်း၊ အမဲသားစားမယ်"ဟု ဟစ်အော်သောင်းကျန်းနေသော လှအောင်အား ကျွန်ုပ်ကိုယ်တိုင် မြင်တွေ့ရသဖြင့် ကျွန်ုပ်က "လှအောင် ...မင်း ငါ့ကိုသိလား၊ ငါ ဘယ်သူလဲဆိုတာ သေသေချာချာကြည့်စမ်း"ဟု မေးလိုက်ချိန်တွင် လှအောင်သည် ကျွန်ုပ်အား စိုက်ကြည့်ပြီး အံကြိတ်လျက် "မင်းက ဘာကောင်လဲကွ၊ ဘယ်က ကောင်လဲ။ ငါက ဘာကောင်လဲ မင်းသိလား၊ ငါ့ကို အမဲသားကျွေးစမ်း။ အမဲသားအစိမ်းစားမယ်။ အခုကျွေး၊ အခုကျွေးစမ်း"ဟု မိုက်တိမိုက်ကန်းအကြည့်ဖြင့် ကျွန်ုပ်အား စိမ်းစိမ်းကြည့်ပြီး ဤသို့သောစကားများကိုသာ အော်ဟစ်၍ အဆက်မပြတ်ပြောနေပါတော့သည်။

ရုပ်ရှင်သရုပ်ဆောင် ဇာတ်ဝင်ခန်းတစ်ခန်းဆိုပါလျှင် လှအောင်သည် အကယ်ဒမီရနိုင်သည်ဟု အတွေးကဝင်မိသေးသည်။ လူတစ်ဦးက သောက၊ ဒုက္ခရောက်နေသည်ကို မကြည့်ရက် မရှုစိမ့်သော်လည်း ကိုယ်မကျွမ်းကျင်သော ကိစ္စဖြစ်သည်က တစ်ကြောင်း၊ တပ်ကိစ္စလုပ်ငန်းများဖြင့် နောက်တစ်နေ့ တိုင်းစစ်ဌာနချုပ်ရှိရာ စစ်တွေမြို့သို့ ရန်ကုန်မှတစ်ဆင့် လေယာဉ်ဖြင့်ခရီးထွက်ရပြီး တစ်ပတ်ခန့်အကြာ သရက်သို့ ပြန်ရောက်ချိန်တွင် လှအောင်၏ အခြေအနေအား တပည့်ရဲဘော်အုန်းမောင်အား မေးကြည့်ရာ လမ်းကြုံဆရာတစ်ယောက်ဖြင့် ကုနေကြောင်းသာသိရပြီး နောက်တစ်နေ့ ညနေပိုင်း လှအောင်အိမ်သို့ ကျွန်ုပ်ရောက်ရှိချိန်တွင် လှအောင်အား ဆရာဆိုသူ လူရွယ်တစ်ဦးက ကုသနေသည်ကို တွေ့ရသဖြင့် မနီးမဝေးတွင်ထိုင်ပြီး မည်သို့မည်ပုံ ကုသနေသည်ကို လေ့လာကြည့်ရာ လှအောင်သည် အော်ချင်သည့်အခါ ထအော်၏။ သူ့အော်ပုံကို နားထောင်ကြည့်ပါဦး။ -

"အမဲသားစားမယ်၊ အစိမ်းစားမယ်။ ကုက္ကိုပင်အောက်မှာချပေးစမ်း။ ငါးဆယ်သားကွ၊ ငါးဆယ်သား"ဟု အော်နေသည်ကို မြင်တွေ့ကြားသိနေရပါသည်။ ကျွန်ုပ်လှအောင်အား စတွေ့စဉ်က "အမဲသားစားမယ်"ဟုသာ ပြောပြီး ဘယ်လောက်စားမယ်၊ ဘယ်နေရာမှာစားမယ်ဟု မပြောခဲ့။ မကြားခဲ့ရပါ။ အခုကြာရတာက "ငါးဆယ်သား စားမယ်။ ကုက္ကိုပင်အောက်မှာချပေးရမယ်"ဟု ပြောနေသဖြင့် ချိန်ခွင်ဖြင့် အတိအကျချိန်ပြီး ကုက္ကိုပင်အောက်မှာ သွားကျွေးရမည့် ပုံစံမျိုးဖြစ်နေပါသည်။ တစ်ခါမှမကြုံဖူးပါ။ ကုက္ကိုပင်တွေကလည်း အများသား။ ဘယ်အပင်အောက်မှာလဲဆိုတာ သူ့ပဲပြန်မေးရမည့်သဘော ဖြစ်နေပြန်သည်။ ဘယ်လိုသော ပရလောကသားက ဝင်ရောက်ပူးကပ်နေပါလိမ့်။ အားအင်ကုန်ခန်း သွေးလေချောက်ချား၍ ပေါက်ကရတွေများ ပြောနေတာများလား။ ဒါလည်း မဖြစ်ဟု ဆိုလျှင် ဘာကောင်ဝင်ပူးနေသလဲ။ သရဲလား၊ ဖုတ်လား။ ဘာကောင်မှန်းလဲ ကျွန်ုပ်မသိ။ ပြောလည်း မပြောနိုင်။ ဘာကောင်မှလည်း မမြင်ဖူးသဖြင့် ဘာဖြစ်နေမှန်း တိကျစွာ မပြောနိုင်သော်လည်း ဆန်းတော့ဆန်းနေပါပြီ။ ထူးခြားမှုလည်း ဖြစ်နေပါပြီ။ ဘယ်လိုဆန်း၍ ဘယ်လိုထူးပြီး ဘယ်လို့ဖွက်ချက်များ ရှိနေသည်ကို ကျွန်ုပ်လုံးဝ မသိနားမလည်တာ အမှန်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လှအောင်အားကုသနေသည့် ဆရာဆိုသူထံတွင် ကုသသည့်ဆေးပစ္စည်း ဘာတစ်ခုမှမတွေ့မိပါ။ လျှို့ဝှက်ထားလျှင်ဖြင့် ကျွန်ုပ်မသိနိုင်ပါ။ လှအောင်၏ ခြေထောက်နှစ်ချောင်းကို ဆန့်ထားစေပြီး ခြေမနှင့် ခြေညှိုးကို ပူးခိုင်း၊ ခွာခိုင်းသကဲ့သို့ လက်ဝါး ဖြန့်၍ လက်ချောင်းလိုက် ပူးခိုင်း၊ ခွာခိုင်းခြင်းများကို အမိန့်ပေးစနစ်ဖြင့် ဘယ်သူ့အမိန့်၊ ငါ့အမိန့် စသဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရပြီး လှအောင်အား ယောကျ်ားတစ်ဦးမှ ထိုင်လျက်ဖက်ထားသည်ကို တွေ့ရပြီး လှအောင်၏ ခြေထောက်နှင့် လက်တို့ ပူးလိုက်၊ ခွာလိုက် တုန်တုန်ချည့်ချည့် ဖြစ်နေသည်ကိုသာ တွေ့ရပါသည်။

ထိုဆရာလေးသည် ရေတစ်ခွက်တိုက်ပြီး ပြန်သွားပါတော့သည်။ ထိုဆရာအား ကျွန်ုပ်မသိပါ။ ၎င်းကုသမှုကိုလည်း လေ့လာလိုက်စားမှုမရှိ၍ မသိတာလည်း အမှန်ဖြစ်ပါသည်။ ဆရာကုသနေစဉ် လှအောင်သည် ငြိမ်သက်၍ အော်ဟစ်ခြင်းအလျဉ်းမရှိဘဲ ဆရာလေးထပြန်သွားခါမှ ထအော်ပါတော့သည်။

"အမဲသားစားမယ်၊ အမဲသားစားမယ်"ဟု ဓာတ်ပြားဟောင်း အပ်ကြောင်းထပ်နေသည်ကြောင့် တော်တော်ပြောရခက်သည့် ပြဿနာဖြစ်ရပ်ဟုသာ မှတ်သားလိုက်ရပါသည်။

ကုသသည့်ဆရာလေး ပြန်သွားပြီးချိန်တွင် လှအောင်၏ဇနီး မကြွယ်အား "ဘယ်ကဆရာလဲ"ဟု မေးကြည့်ရာ "ခရီးကြုံလို့ သတင်းကြားပြီး ဝင်ကုကြည့်တာတဲ့ရှင်။ အောင်လံကူးပြီး ဒီနေ့ပြန်မယ်တဲ့။ ကယ်နိုင်ရင်ကယ်ပါဦး ဗိုလ်ကြီးရယ်။ ကျွန်မလည်း ဘာမှမလုပ်တတ်ဘူး"ဟု ပြောပြီး မျက်ရည်ကျနေပါတော့သည်။ ထိုအခါ ကျွန်ုပ်က "ကံအကြောင်းထရားတွေ တိုက်ဆိုင်ရင်တော့ ပျောက်မယ်ထင်ပါရဲ့။ စမ်းပြီးကုကြည့်မယ်။ ခင်ဗျားသဘောတူလား"ဟု မေးလိုက်ရာ "ဗိုလ်ကြီး ကောင်းသလိုသာလုပ်ပါ။ သဘောတူပါတယ်"ဟု ပြောသဖြင့် နောက်တစ်နေ့ရုံးပိတ်ရက် မနက် ၉ နာရီလာမည်ဟု ချိန်းဆိုပြီး ကျွန်ုပ်လည်း အိမ်သို့ပြန်ခဲ့ပါတော့သည်။

ချိန်းထားသည့်အချိန်တွင် ကျွန်ုပ်၏ တပည့်ရဲဘော်အုန်းမောင်နှင့်အတူ လှအောင်အိမ်သို့ ရောက်ပြီး ကုသရန်ပြင်ဆင်ရာတွင် ထူးခြားသော ကုသမှု အဆောင်ပစ္စည်းမရှိပါ။ ရှိသောအဆောင်ပစ္စည်းမှာ ရတနာသုံးပါးဦးထိပ်ထားပြီး သရဏဂုံတည်သောအဆောင်နှင့် ကျွန်ုပ်အဘွား အပျိုအရွယ်ကတည်းက စိပ်ခဲ့သည့် စိပ်ပုတီး အသက် ၉၅ နှစ် မကွယ်လွန်မီ အသက် ၈၅ နှစ်တွင် မြေးဖြစ်သူကျွန်ုပ်အား ပေးခဲ့သော စိပ်ပုတီးတစ်ကုံးရှိပါသည်။ ထိုပုတီးသည် ဆရာတော်ဘုရားများထံတွင် အကြိမ်ကြိမ် သိမ်ဝင်ခဲ့သော ပုတီးဖြစ်ပြီးနောက် အဆောင်တစ်ခုမှာ ရှင်တော်မြတ်စွာဘုရားအား နံနက်၊ ညတိုင်း မျက်နှာသစ်တော်ရေပေးသောက်တော်ရေဆက်ကပ်သည့် ကြေးဖလားငယ်တစ်လုံးအဆောင်ရှိပါသည်။ မည်သည့်ဒေသသို့ ခရီးထွက်ထွက်အမြဲပါသည့် ကျွန်ုပ်၏အဆောင်ပစ္စည်းများပင် ဖြစ်ပါတော့သည်။

လှအောင်၏ အိမ်သို့ ကျွန်ုပ် ရောက်ရှိချိန်တွင် လှအောင်သည် တင်ပျဉ်ခွေထိုင်နေပြီး ၎င်း၏ဇနီးမှာလည်း အနားတွင် ထိုင်လျက်ရှိပါသည်။ လှအောင်သည် ကျွန်ုပ်ကို မြင်သည်နှင့် "ဒီကောင် ဘာလာလုပ်တာလဲ၊ ဘယ်ကကောင်လဲ။ ထွက်သွားစမ်း"ဟု အော်ပါတော့သည်။ ထို့ပြင် "အမဲသား၊ အမဲသားပါဆို အမဲသားဟ။ အားလုံးသတ်မယ်သတ်မယ်"ဟု အော်ဟစ်နေပါတော့သည်။ မကြွယ်သည် လှအောင်အား သိုင်းဖက်ထားပါသည်။

ကျွန်ုပ်သည် ဘုရားစင်အား ကျောခိုင်းထိုင်နေသည့် လှအောင်၏ ရှေ့တည့်တည့် နှစ်တောင်ခန့်အကွာတွင် ထိုင်လိုက်ပြီး လှအောင်၏ မျက်စိအား ကျွန်ုပ်မျက်စိနှင့် စူးစိုက်၍ မျက်လုံးချင်းအလွတ်မပေးဘဲ မျက်တောင်မခတ် စိုက်ကြည့်ထားစဉ် လှအောင်သည် ဆက်လက်မကြည့်ဝံ့ဘဲ ခေါင်းငုံ့သွားချိန်တွင် ကျွန်ုပ်ကြေးဖလားထဲသို့ ရေထည့်၍ မြတ်စွာဘုရားအား ကပ်လှူပြီး စိပ်ပုတီးအား ညာလက်ဖြင့် ဆုပ်ကိုင်ပြီးလျှင် လှအောင်၏ ဦးခေါင်းပေါ်သို့ အုပ်ဆိုင်းဖိကပ်ထားပြီးသည်နှင့် "ကျွန်ုပ်သည် ရတနာမြတ်သုံးပါးဦးထိပ်ထားလျက် မေတ္တာဖြင့် ကုသခြင်းဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းဖြစ်၍ အမိန့်ဖြင့် မနှင်လိုသဖြင့် မေတ္တာဖြင့် နှင်ပါမည်။ မမြင်အပ်သော ပြင်ပလောကမှ ဝင်ရောက်ပူးကပ်နှောင့်ယှက်ခြင်းဖြစ်ပါက အမြန်ဆုံးထွက်ခွာပေးကြပါ။ မေတ္တာရပ်ခံပါ တယ်"ဟု ပြောပြီး ဘုရားစင်ဘက်သို့

www.burmeseclassic.com

လှအောင်ကို မျက်နှာမူနိုင်းလိုက်ရာ ကျွန်ုပ်အမိန့်အတိုင်း လိုက်နာပါသည်။ ထို့နောက် လှအောင်အား လက်အုပ်ချီနိုင်းပြီး ဘုရားကို အာရုံပြုစေလျက် ရှိခိုးခိုင်းရာ ပူးကပ်ထားသော လက်နှစ်ဖက်သည် နတ်ဝင်သူများကဲ့သို့ တဆတ်ဆတ်တုန်နေပါတော့သည်။ ကျွန်ုပ်၏တပည့် အုန်းမောင်မှာ လှအောင်အား သိုင်းဖက်ထားခြင်းမှ ကင်းလွတ်နေပြီဖြစ်ပါသည်။

ဘုရားစင်တွင် ကပ်ထားသော သောက်တော်ရေခွက် ကြေးဖလားအား ပြန်စွန့်ယူစေပြီး စိပ်ပုတီးကို ကြေးဖလားတွင်းရှိ ရေတွင်စိမ်လျက် လှအောင်၏ ညာဘက်လက်ဖဝါးပေါ်တွင်တင်၍ သောက်ခိုင်းချိန်တွင် တုန်တုန်ရင်ရင်ဖြစ်နေသော လက်ဖဝါးပေါ်ရှိ ကြေးဖလားသည် လှအောင်၏ ပါးစပ်နားသို့ ရောက်လုရောက်ခင်ဖြစ်လိုက်၊ လက်ပြန်ကျသွားလိုက် ကြန့်ကြာနေပါတော့သည်။

"လက်နှစ်ဖက်နဲ့ကိုင်ပြီး သောက်စမ်း၊ ရအောင်သောက်စမ်း"ဟု အမိန့်ပေးလိုက်ရာ ဖိတ်တစ်ဝက် စင်တစ်ဝက်ဖြင့် ဖလားအတွင်းမှ ရေများကို ကုန်အောင်သောက်လိုက်ပါတော့သည်။ ထိုသို့သောက်ပြီးနောက် လှအောင်သည် "အိပ်ချင်တယ်။ အိပ်ချင်တယ်ဗျာ"ဟု ပြောသဖြင့် ကျွန်ုပ်လည်း အိပ်ခိုင်းလိုက်ပါတော့သည်။

လာရောက်ကြည့်ရှုကြသည့် အိမ်ထောင်သည်ရဲဘော်၊ ရဲမေများသည် အချင်းချင်းခြေတို့ လက်တို့ ပြုံးစေ့စေ့မျက်နှာများဖြင့် တစ်ဦးနှင့်တစ်ဦး ကြည့်ပြီး ပြန်သွားချိန်တွင် ကျွန်ုပ်လည်း ယခင်အတွေ့အကြုံတစ်ခုအရ အိပ်ချင်တယ်ဟုပြောပြီးလျှင် အခြေအနေကောင်းသည်မှာ လက်တွေ့ဖြစ်၍ မကြွယ်အား မနက်ဖြန်မနက် သံဃာတော်အရှင်မြတ်သုံးပါး အရုဏ်ဆွမ်းကပ်ပြီး ပရိတ်တော်များ ရွတ်ပွားနာယူ၍ အမျှပေးဝေကြရန် မှာကြားခဲ့သည့်အပြင် တပ်ရင်းဆေး အရာခံဗိုလ်အားလည်း လိုအပ်သည့်ဆေးဝါးများဖြင့် ကုသပေးရန် စီစဉ်မှာကြား၍ ကျွန်ုပ်တို့အိမ်သို့ တပည့်အုန်းမောင်နှင့်အတူ ပြန်ခဲ့ပါတော့သည်။

ထိုသို့ ကျွန်ုပ်ကုသပြီး နှစ်ရက်အကြာ ကျွန်ုပ်ရှိရာမြို့ထဲအိမ်သို့ လှအောင်နှင့်ဇနီးမကြွယ်တို့ ရောက်လာပြီး ပျားရည်၊ ထန်းလျက်တို့ဖြင့် ကန်တော့ချိန်တွင် ရတနာသုံးပါး ဦးထိပ်ထားရန်နှင့် မမေ့မလျော့ရန် မှာကြားဆုများပေးပြီးနောက် -

"လှအောင်ကြီး မင်း နေကောင်းရဲ့လားကွ"ဟု မေးလိုက်ရာ

"နေကောင်းပါတယ် ဗိုလ်ကြီး"တဲ့။

"လှအောင်က ဘယ်သူလဲကွ ..ဟေ"

"ကျွန်တော်လေ ဗိုလ်ကြီး"

"မကြွယ်က မင်းနဲ့ ဘာတော်လဲကွ"

"ကျွန်တော့်ဇနီးပါ"

"မင်း ငါ့ကိုရော သိရဲ့လားကွာ"ဟု မေးလိုက်တော့ "ဟာ ... ဗိုလ်ကြီးကလည်း ကိုယ့်ဆရာသမားမိဘပဲဟာ။ ဘယ်မသိရှိပါ့မလဲ"တဲ့ဗျာ။

ဟိုရက်တွေတုန်းကတစ်မျိုး။ အခုပုံစံတစ်မျိုး။ သူမဟုတ်သလိုမျိုး။ ဘာမှမဖြစ်ခဲ့တဲ့ပုံစံနှင့်။ မျက်နှာက ပြုံးစေ့စေ့နှင့် ဝမ်းသာပျော်ရွှင်နေကြသည့် သူတို့ဇနီးမောင်နှံ နှစ်ဦး ကျွန်ုပ်အိမ်မှ ပြန်သွားချိန်တွင် ကျွန်ုပ်ရင်တွင်း၌ ကြည်နူးမှုများကဖြင့် ဘယ်လိုပြောရမှန်းမသိလောက်အောင် ပီတိဖြစ်ရပါတော့သည်။

ကျွန်ုပ်ကိုယ်တိုင် ပါဝင်ပတ်သည် ကြုံတွေ့ခဲ့ရသည့် ဤဖြစ်ရပ်သည် အမည်ရင်းများလွှဲထားသည်မှအပ ပကတိအတိုင်း တင်ပြခြင်းသာဖြစ်၍ ကျွန်ုပ်နားမလည်သော၊ လေ့လာလိုက်စားမှုမရှိသော လျှို့ဝှက်ချက်နှင့် ဆန်းကြယ်မှုများသည် ဂမ္ဘီရဆန်သည်ဟုဆိုပါလျှင်လည်း ပြန်လည်ရှင်းပြဖော်ထုတ်နိုင်စွမ်း မရှိသဖြင့် ဆရာတစ်ဦးအနေဖြင့် ကုသမှုမဟုတ်စေကာမူ ရတနာသုံးပါးဦးထိပ်ထားပြီး သရဏဂုံတည်ခြင်း၊ ဂုဏ်တော်များမွန်းထုံသော စိပ်ပုတီးဖြစ်ခြင်း၊ ဘုရားရှင်အား မျက်နှာသစ်တော်ရေနှင့် သောက်တော်ရေဆက်ကပ်သော ကြေးဖလားငယ်တစ်လုံးတို့သည်သာ ယနေ့ထိတိုင် ကျွန်ုပ်ထံတွင်ရှိနေသေးသည့် အစွမ်းသတ္တိရှိသော အဆောင်များဟုဆိုပါလျှင် ...။

**အံ့ပွား (စလေ)**

www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား နောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



▪ အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အလုပ်လုပ်ရတာ အခက်အခဲတွေ့လိမ့်မယ်။
တဲ့အလုပ်မျိုး ဖြစ်လိမ့်မယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရတတ်
မထင်မှတ်ဘဲ ခရီးသွားရတတ်တယ်။ မိသားစုအတွက်လည်း ပူပန်ရတတ်
ယခုရောက်ရှိနေတဲ့ကာလမှာ ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင်
အိမ်ထောင်ရေး စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုမျိုး ဖြစ်
တယ်။ လူမျိုးခြားလည်း ဒုက္ခပေးတတ်တယ်။ ရွှေထွက်တတ်တယ်။ ငွေတွေ
ထွက်နေလိမ့်မယ်။ မထင်မှတ်တဲ့ ဆွေမျိုးသားချင်းက အကူအညီပေးလိမ့်
တနင်္ဂနွေ၊ သောကြာသားသမီးတွေက အကူအညီကောင်းတွေ ပေးလာတတ်
စက်ပစ္စည်းတွေလည်း မကြာခဏ ဒုက္ခပေးတတ်တယ်။ ဝန်ထမ်းတွေအဖို့ စ
ခံရတက်တယ်။ ကျန်းမာရေးညံ့တဲ့ သက်ကြီးရွယ်အိုတွေ အိမ်ကိုလာဆေးကုရင် ဆုံးပါးတတ်တယ်။ ကျန်းမာရေး ဂရုစိုက်
မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ စိတ်ပင်ပန်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့
(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)ခု
လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| သောကြာ၊ တနင်္ဂနွေ |
| **ညံ့သောရက်** |
| စနေ၊ အင်္ဂါ |
| **ကံကောင်းသောနံပါတ်** |
| ၁၇၊ ၁၆၊ ၆၁၊ ၆၅ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် ဆိုင်းဘုတ်မပြင်ရပါ။ ရေစက်ချပြီး အလှူကြီး မလုပ်ရပါ။ |
| **ကံကောင်းပြီး လာဘ်ရှင်စေရန်** |
| မိမိနေအိမ်ဘုရားတွင် ကြေးပန်းအိုးထဲ၌ အုန်း(၆)ညွန့်၊ သီဟိုဠ်(၂၀)ညွန့် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးလေးတွေ ခံစားလာရမှာ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ဖို့ အကြံအစည်ကောင်း၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ အထူးသဖြင့် တပေါင်းလနှင့် ကဆုန်လတွေမှာ အကြံအစည်ကောင်းတွေ ပေါ်လာတတ်တယ်။ ဒါပေမဲ့ လုပ်သလောက်တော့ အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေ ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ မသွားချင်တဲ့ခရီး၊ သူတစ်ပါးအတွက် သွားရတဲ့ခရီးတွေ ပေါ်လာတတ်တယ်။ ယခုအချိန်တွင် စန်းပွင့်တဲ့ကာလ ဖြစ်သောကြောင့် အပျို လူပျိုတွေ ဂရုစိုက်ပါ။ ဦးခေါင်းမှာ ထိခိုက်ဒဏ်ရာရခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်ညွန့်(၁၅)ညွန့်၊ အုန်းညွန့်(၁)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၃၊ ၃၁၊ ၁၆

**အထူးသတိပြုရန်**

ယခုကာလတွင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီးဆောက်ခြင်း မပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် အုန်း(၆)ညွန့်၊ စံပယ်(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်တယ်၊ ထိုလုပ်ငန်းများသည် အကျိုးပေးသော လုပ်ငန်းများ ဖြစ်နေတတ်တယ်၊ အလှူအတန်း ပြုလုပ်ရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ရခြင်းမျိုး ကြုံရတတ်တယ်၊ ငွေရှာရလွယ်ကူသလောက် စုဆောင်း၍မရ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားပါ။ ယခုကာလတွင် စနေနံပစ္စည်းများဖြစ်သော ထီး၊ ဓား၊ ဖိနပ်များ ဝင်လာပါက ခိုက်တတ်ပါတယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်နေတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မြေနှင့်ပတ်သက်သောကိစ္စများ၊ အမွေကိစ္စများ ကြုံရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ တပေါင်းလများ ပါနေရင် ခွဲခွာရ တတ်တယ်။ အစားမှားခြင်း၊ ဆေးမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၂၊ ၄၇၊ ၂၅

### အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံပြုလုပ်ခြင်းများ မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကံ့ကော်(၁၅)ညွန့်၊ ရွက်လှ(၁၀)ညွန့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင့်သည် ယခုကာလတွင် စိတ်တိုင်းကျ ကောင်းတဲ့ကာလ ဖြစ်တယ်။ အလွန်ကံကောင်းတဲ့အချိန် ဖြစ်ပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူတွေအဖို့ အိမ်ထောင်ကျတတ်ပါတယ်။ မမျှော်လင့်ဘဲ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ မကားများ ဖြေရှင်းရခြင်းများ ကြုံမယ်။ ရင်းနှီးသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ ပြည်ပခရီးဝေးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ပါက အဆင်ပြေပါလိမ့်မယ်။ ကျန်းမာရေးတော့ နည်းနည်းညံ့တတ်တယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကိုသွားရင် ရေဘေးကြုံတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်အဖြူ(၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၃၀

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေးမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း မုန့်စိမ်းပေါင်း တစ်ပန်းကန်(အုန်းသီးမထည့်ရ)နှင့် စံပယ်ပန်း တစ်ပန်းကန် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ငွေတွေ ရုတ်တရက် ဝင်လာတတ်တယ်။ လာဘ်လာဘတွေဝင်သလို ကျော်ကြားမှုတွေလည်း တွေ့ကြုံရပါလိမ့်မယ်။ အလှူအတန်းကိစ္စများ မှုချလုပ်ရမယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ လက်ရှိအလုပ်ကို စိတ်မဝင်စားခြင်း၊ အလုပ်ပြောင်းလိုစိတ်များ ဖြစ်နေတတ်တယ်။ အထက်လူကြီး၊ မိသားစုကြီးကဲသူများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားကို ပို့ထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ ပညာရေးကိစ္စများ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ စက်ပစ္စည်း ထွက်တတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဆီးရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောနှင့် ပတ်သက်၍ ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ တနင်္လာ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၆၊ ၂၇၊ ၇၂၊ ၇၄

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင် အလှူ မင်္ဂလာဆောင်သော နိမိတ်တွေ့ပါက ကောင်းကျိုးများ ခံစားရတော့မှာ ဖြစ်ပါတယ်။

ယခုကာလတွင် ကံများကို ထိန်းသိမ်းရန် အလွန်အရေးကြီးပါတယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ပေါင်မုန့်ထောပတ်သုတ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်ငန်းတွေ အခက်အခဲ အကြပ်အတည်းနဲ့ တွေ့ရပြီး အဆင်မပြေမှုလေးတွေ ကြုံရတတ်တယ်။ အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီးများ ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုတဲ့သူတွေက သွားပုပ်လေလွင့်ပြောဆိုခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါနေရင် ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်း၊ ဇနီးကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်ရှင်များအဖို့ သားသမီးရတနာ ထွန်းကားတတ်ပါတယ်။ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရပြီး ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် အောင်မြင်မှု ရတတ်ပါတယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီး ငွေဝင်ကိန်းရှိပါတယ်။ ပညာရပ်စ်ခု၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်[illegible]ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ [illegible]ထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၅၊ ၅၁၊ ၁၄၊ ၅၂

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံခြင်းမျိုး လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် နေ့စဉ် သစ်သီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အလွန်ကံကောင်းပြီး ဘာလုပ်လုပ် အောင်မြင်နေလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းမျိုး ပြုလုပ်ရတတ်တယ်။ အိမ်ဝယ်ဖို့ ကြံရွယ်ထားရင် ဒီအချိန်တွင် ဝယ်ဖြစ်အောင် ဝယ်လိုက်ပါ။ အိမ်ကြီးအိမ်ကောင်း ရတတ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း (သို့မဟုတ်) လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လ၊ တန်ခူးလများ ပါဝင်နေရင်တော့ သတိထားပါ။ ဆွေမျိုးသားချင်း၊ တပည့်တွေကြောင့် အမှုအခင်း ဖြစ်တတ်တယ်။ အပေါင်အသင်းတွေ အထင်ကြီးနေမယ့် ကာလဖြစ်ပါတယ်။ သူခိုးခံရတတ်သောကြောင့် သတိထားပါ။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာလျှင်ကောင်းပါတယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာများ ကျောက်ပြုတ်ထွက်ခြင်း၊ ပျောက်ခြင်းမျိုး ဖြစ်တတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိန်းမနှင့်ပတ်သက်သော အမှုအခင်းများ ကြုံရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရပါလိမ့်မယ်။ အမြင့်မှ လိမ့်ကျခြင်း၊ အပူလောင်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၇၊ ၄၆၊ ၆၄၊ ၆၂

### အထူးသတိပြုရန်

အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံထားခြင်း၊ မင်္ဂလာကိစ္စများ တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်းမျိုး မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း မုန့်လုံးရေပေါ်(၁၀)လုံး၊ ရှောက်သီးသုတ်(၁)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လက်ရှိအလုပ်ကနေ ပြောင်းချင်တဲ့စိတ်တွေ ပေါ်လာတတ်တယ်။ မပြောင်းပါနှင့်။ မထင်မှတ်တဲ့ခရီးတွေ မရည်ရွယ်တဲ့ခရီးတွေ သွားရတတ်တယ်။ သူတစ်ပါးကိစ္စကြောင့် သွားရတာဖြစ်တယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေတဲ့သူတွေအဖို့ အလုပ်မှာ ပျက်စီးဆုံးရှုံးမှုတွေ များနေတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ဖြေရှင်းရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နဲ့ စိတ်တိုင်းမကျခြင်းမျိုး ဖြစ်တတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲတွေ ရက်ရွှေ့ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ပညာရပ်တစ်ခု ထူးထူးခြားခြား သင်ကြားရတတ်တယ်။ အဲဒီပညာရပ်က ကိုယ့်ကိုအကျိုးပေးတဲ့ ပညာရပ်ဖြစ်နေတတ်တယ်။ ထိထိုးရင် ကံကောင်းတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အရောင်းအဝယ် လုပ်ခြင်းမျိုး မလုပ်ပါနှင့်။ အဆင်မပြေတတ်ပါ။ အပျော်ခရီးလည်း လုံးဝမသွားပါနှင့်ဦး။ ခြေထောက်နှင့် ကျောတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သွားတစ်ချောင်းလည်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၆၊ ၅၇၊ ၅၈၊ ၅၄

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် မွေးနေ့ရက်တွင် ဆီထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ ဩဂုတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

**အမှတ်(၂၀၅/က)၊ ပီတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၉၅၆၇**

## တနင်္ဂနွေသားသမီးများအတွက်

အိမ်အသစ်ပြောင်းခြင်း သို့မဟုတ် အိမ်အသစ်ဝယ်ခြင်းများ ပြုရတတ်တယ်။ မိတ်ဆွေတစ်ယောက်က ကူညီမည်။ အလုပ်အကိုင် အဆင်ပြေပြီး ရာထူးတစ်ဆင့်တိုးမည်။ လုပ်ပိုင်ခွင့်များ ရရှိမည်။ ခရီးအကျိုးပေးသောကာလဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရမည်။ အမြင့်မှ လိမ့်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးယို တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အလုပ်ပြောင်းရတတ်သည်။ ကောင်းသောအလုပ်ဖြစ်သည်။ ပြည်ပခရီး ထွက်ရမည်။ စက်ပစ္စည်းအသစ်လဲခြင်း၊ ဝယ်ရခြင်းများ ကြုံမည်။ အလုပ်တွင်ရှိသော အတိုက်အခံ ပြိုင်ဘက်များကို အနိုင်ရရှိမည်။ သူများလာအပ်သောငွေကို လက်မခံပါနှင့်။

**ယတြာ**

မိတ်ဆွေများကို သစ်သီး ဝယ်ကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်ပြောင်းရန် ကြံစည်ထားသူများ မကြာခင် အကြံအစည် အောင်မြင်မည်။ ငွေဝင်သောကာလဖြစ်သော်လည်း ငွေလိမ်ခံရတတ်သည်။ မော်တော်ကားကိစ္စ အဆင်ပြေမည်။ မသွားချင်သော နေရာများ သွားရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးပါသောမုန့် ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မည်။ ငွေကြေးကိစ္စ အဆင်မပြေခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း စိတ်ဝမ်းကွဲတတ်သည်။ မနာလိုသူ ပေါ်မည်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်သည်။ မထင်မှတ်ဘဲ ခရီးသွားရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်ပေါင်မုန့် ဝယ်ကျွေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

ဝန်ထမ်းများ အထက်လူကြီး၏ အထင်အမြင်လွဲမှားမှု ခံရတတ်သည်။ သူတစ်ပါးအတွက် အာမခံ မလိုက်ပါနှင့်။ အလုပ်အခက်အခဲ ကြုံနေမည်။ ကားအက်ဆီးဒင့်ဖြစ်တတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ထုပ် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

မိမိအပေါ် ပြဿနာလုပ်နေသူတွေက အမြင်မှန်ရပြီး ငြိမ်းချမ်းရေးစကားပြောမည်။ မိမိအပေါ် အထင်လွဲနေသော အလုပ်ရှင်နှင့် ပြန်လည်သင့်မြတ်မည်။ အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်းကိစ္စကို အလျင်စလို မလုပ်ပါနှင့်။ နိုင်ငံခြားသားများနှင့် အဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်ကင် ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမည်။ သို့မဟုတ် လုပ်ပိုင်ခွင့်ရမည်။ အလုပ်အတွင်း အတိုက်အခံကြုံမည်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာလိမ့်မည်။ ရပ်ဝေးမှ အဆက်အသွယ်များ ရမည်။ သင်တန်းတက်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါင်မုန့်တစ်လုံး ဝယ်ကျွေးပါ။

---

## ရာဟုသားသမီးများအတွက်

ကောင်းတစ်ဝက် ဆိုးတစ်ဝက် ကာလဖြစ်သည်။ ပျော်စရာတွေနဲ့ ကြုံရမယ်။ မွေးနေ့ပွဲ၊ ညှိခံပွဲ ဖိတ်ကြားခြင်းခံရမယ်။ အလုပ်သစ်တွေရမယ်။ ငွေတွေလည်း ဝင်မယ်။ မော်တော်ကားနဲ့ပတ်သက်ပြီး ငွေရမယ်။ သင်္ဘောသားများ သင်တန်း တက်ရမယ်။

**ယတြာ**

မိန်းကလေးတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# မဟာပုညပြည်လုံးချမ်းသာစေတီတော် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ကပ်လှူပူဇော်ပွဲမင်္ဂလာနှင့် (၃၁၅)ထရန်စဖော်မာအိုး/စောင်းတန်းရေစက်ချ အလှူတော်မင်္ဂလာပွဲ









မဟာပုညပြည်လုံးချမ်းသာစေတီတော်ကြီးအား ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ကပ်လှူပူဇော်ပွဲနှင့် (၃၁၅)ထရန်စဖော်မာအိုး/စောင်းတန်းရေစက်ချ အလှူတော်မင်္ဂလာပွဲအား မတည်လှူဒါန်းခဲ့ကြသော အလှူရှင်များမှာ -

နှစ်ဖက်မိဘများဖြစ်ကြသော (ဦးသန်းမောင်+ဒေါ်ခင်သိန်းသိန်း)၊ (ဦးမောင်သန်း+ဒေါ်နှင်းညွန့်)တို့အား ရည်စူး၍ Captain ဇော်မင်း+ဒေါ်စန္ဒာနှင်း။ သားကြီး-မောင်ရဲမင်းအောင်၊ သမီး-မနှင်းသီရိဇော်၊ သားငယ်-မောင်ဟန်ထူးဇော် မိသားစုတို့က မဟာပုညပြည်လုံးချမ်းသာစေတီတော်ကို မတည်လှူဒါန်းခဲ့ကြသည်။

နှစ်ဖက်သောမိဘများ ဖြစ်ကြသော (ဦးစိန်ဝင်း)+ဒေါ်တင်တင်၊ ဦးအောင်စိုး+ဒေါ်မြင့်မြင့်ကြည် တို့အား အမှူးထား၍ ဒေါက်တာ ဆန်းလွင်+ဒေါ်တင်တင်ဝင်း။ ဦးအောင်ဇော်ဝင်း+ဒေါ်မိုးမိုးအောင်၊ ဒေါ်ချိုချိုဝင်း၊ မြေး-မောင်ရဲဝင့်အောင်၊ မောင်ကောင်းထက်အောင် မိသားစုတို့က (၃၁၅)ထရန်စဖော်မာအိုးကို မတည်လှူဒါန်းခဲ့ကြသည်။

နှစ်ဖက်မိဘများ ဖြစ်ကြသော (ဦးမောင်သန်း+ဒေါ်နှင်းညွန့်)၊ (ဦးစိန်ဝင်း)+ဒေါ်တင်တင် တို့အား ရည်စူးအမှူးထား၍ ဒေါက်တာဆန်းလွင်+ဒေါ်တင်တင်ဝင်း မိသားစုတို့က စောင်းတန်းကို မတည်လှူဒါန်းခဲ့ကြသည်။

ထိုအလှူတော်မင်္ဂလာပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပင်ရွှေညောင့်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာဝန်းတွင် တည်ရှိသော "ဆပ်သွားဖူး မိုးကုတ်ဝိပဿနာကျောင်းတိုက်" ၌ (၂၇-၄-၂၀၁၇)ကြာသပတေးနေ့တွင် စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

စိုးဝင်းထွဏ်း

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း နာယက ဆရာမောင်မောင်အုန်းမြိုင် (၇၉)နှစ်ပြည့် မွေးနေ့

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ အမှတ် (၁၀၂)ဆိပ်ကမ်းသာလမ်းရှိ အိပ်မက်စိမ်း စားသောက်ဆိုင်၌ ၂၀၁၇-ခုနှစ်၊ မေလ ၈ ရက်နေ့ နေ့လည် ၁၂ နာရီတွင် ဆရာမောင်မောင်အုန်းမြိုင်၏ (၇၉)နှစ်ပြည့် မွေးနေ့ပွဲကို စာရေးဆရာများ၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင် ဆရာ စိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် ဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)တို့လည်း တက်ရောက်ခဲ့ပါသည်။

ထိုမွေးနေ့ပွဲတွင် အပူဇော်ခံ ဆရာကြီး ရဲဘော် ကျော်ဆန်း၊ ဆရာတက္ကသိုလ်စိုးယဉ်နှင့် ရွှေဆောင်တင်ဆွေတို့က မုဒိတာစကားများ ပြောကြားပြီး ကြွရောက်လာကြသော စာရေးဆရာများအား ညှော်ခံကျွေးမွေးခဲ့ကြပါသည်။

ဒေါက်တာသက်ဆွေ

---

## သန့်လျင် ရှေးဟောင်းသမိုင်းဝင် ကျိုက်ခေါက်စေတီတော် ပဌာန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ

သန့်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ၂၀၁၇-ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက် ၇ နာရီခွဲတွင် စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌လည်းကောင်း၊ ပဋ္ဌာန်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ၂၀၁၇-ခုနှစ်၊ မေလ ၂၂ ရက်နေ့ နံနက် ၈ နာရီခွဲတွင် သံဃာတော် ၅၄ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြပါသည်။

ဒုတိယအကြိမ် နှစ်ဦးအထူးဓမ္မသဘင်ကို ၂၀၁၇-ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်တိုင်တိုင် ညစဉ် ၇ နာရီတွင် ကျိုက်ခေါက်စေတီတော် အရှေ့ဘက် ကြာကန်ဗိမာန်တော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အင်ကြင်

---

## ရှင်ဥပဂုတ္တ ရဟန္တာမထေရ် ရေမျှောပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီးအား ပထမံဆရာကြီး ဦးအောင်၊ အဘချိုနှင့် (၇)ရက်သားသမီးများ၊ စေတနာရှင်များ စုပေါင်း၍ ပူဇော်ပွဲကြီးကို ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၅-၁၀-၂၀၁၇)ကြာသပတေးနေ့မှ စတင်၍ (၈-၁၀-၂၀၁၇)တနင်္ဂနွေနေ့အထိ ၄ ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပပြီး (၈-၁၀-၂၀၁၇)နေ့ ညနေပိုင်းတွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ ရေမျှောပူဇော်ပွဲကို ကျင်းပမည် ဖြစ်ပါသည်။ ၎င်းပွဲတော်ကို ဗိုလ်တထောင်ကျိုက်ဒေးအာပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း စနေထောင့်ရှိ ၁၅ ခန်းတွဲ ဓမ္မာရုံတွင် အပူဇော်ခံယူတော်မူပါမည်။

သို့ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘုန်းရောင်ဂျာနယ်တိုက်ရှိရာ တိုက်အမှတ်(၂၇)၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၂၅၁၀၂၂၃၃၁၊ ၀၉-၄၂၀၁၄၂၂၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ပါသည်။

ပထမံဆရာကြီး ဦးအောင်

www.burmeseclassic.com

## တိုင်းရင်းမြန်မာဆေးခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲ



ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘုရားသုံးဆူရပ်ကွက်တွင် (၂၃-၄-၂၀၁၇)တနင်္ဂနွေနေ့ နံနက် ၁၀ နာရီအချိန်တွင် မင်းမဟော် တိုင်းရင်းမြန်မာဆေးခန်းနှင့် သုတရတနာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပခဲ့ရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် ဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း အမှုဆောင် ဆရာမောင်တည်ခန့်က ဆောင်ရွက်ခဲ့ပါသည်။ အစီအစဉ်အရ သဘာပတိကြီးမှ အဖွင့်အမှာစကား ပြောကြားပြီးနောက် သမားတော်ကြီး ဦးချစ်လှိုင်မှ ဆေးခန်းဖွင့်ရခြင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြပါသည်။ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း ဒု-ဥက္ကဋ္ဌ ဦးနေလင်းနှင့် အမှုဆောင်များက မုဒိတာစကားများ အသီးသီးပြောကြားကြပြီးနောက် သဘာပတိကြီးမှ နိဂုံးချုပ် မြွက်ကြားကာ အခမ်းအနားကို နံနက် ၁၁ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

---

## မင်းတုန်းမင်းကြီး ဆွေတော်မျိုးတော်များ၏ အလှူ

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ နံ့ယောကျေးရွာ၊ ဘုရားကြီးကျောင်းတိုက် ပရိယတ္တိစာသင်တိုက် အတုလမာန်အောင်စေတီ ဘုရားဝင်းကြီးအတွင်း၌ (၂၉-၄-၂၀၁၇) နှင့် (၃၀-၄-၂၀၁၇)ရက်တို့တွင် မင်းတုန်းမင်းကြီး၏ သားတော် မက္ခရာမင်းသား၏ သားတော် မက္ခရာထိပ်တင်မြင့်၏ သမီးတော်များ ဖြစ်ကြသော မက္ခရာထိပ်တင်ဦးနှင့် ထိပ်တင်စုတို့မှ မြေးများအား ရဟန်းခံ ရှင်ပြုအလှူတော် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးမှ ဆွေတော်မျိုးတော်များ၊ သုံးခွမြို့မှ ဆွေတော်မျိုးတော် မိတ်သင်္ဂဟများနှင့် မက္ခရာထိပ်တင်ဦး ညီမ ဆရာမကြီး ဒေါ်မြင့်သီတာနှင့် ဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)တို့လည်း တက်ရောက်ချီးမြှင့်ခဲ့ကြပါသည်။


၂၉-၄-၂၀၁၇ ရက်နေ့တွင် ပင့်သံဃာတော်များအား နံနက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်ပြီး ပရိသတ်များအား နံနက်စာဖြင့် ညှိခံကျွေးမွေးခဲ့ပါသည်။ ၃၀-၄-၂၀၁၇ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် သိမ်ဆင်းလောင်းလှူပြီး ၁၀ နာရီတွင် သံဃာတော်များအား ဆွမ်းကပ်၍ ကြွရောက်လာကြသော ညှိပရိသတ်များအား ထောပတ်ထမင်းဖြင့် ညှိခံကျွေးမွေးခဲ့ပါသည်။ နေ့လည် ၂ နာရီတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါသည်။

ရွှေဆောင်တင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်း



ရေများရာ မိုးရွာ၊ သာမဏေဏာ သာမနော၊ ဂေါဏေဏာ ဂေါဏော ဆိုတဲ့စကားဟာ ရေရှိရာကို ရေ
ကိုရင်လေးတွေ ရှိတဲ့နေရာ ကိုရင်လေးတွေလာ၊ နွားတွေရှိတဲ့နေရာ နွားတွေလာ မျိုးတူရာများကို စုတဲ့သဘော

ဒီတော့ ငွေရှိရာကို ငွေတွေလာဖို့ကတော့ မဆန်းလှပါဘူး။ ငွေတွေရှိဖို့ကတော့ အတိတ်က ဂ
ပစ္စုပ္ပန်က လုံ့လရယ် ပေါင်းမှ ဖြစ်နိုင်မှာပါ။ ဒီနှစ်ခုပေါင်းပြီး ဒါန၊ သီလ၊ ဘာဝနာကို ကြိုးပမ်းရင်တော့ အနာဂ
ကာလမှာ သာယာဖြောင့်ဖြူးမှာပါပဲ။

www.burmeseclassic.com